www.burmeseclassic.com


အတွဲ ၁၊ အမှတ် ဂု၊ ဇူလိုင်၊ ၂၀၁၄

BURMESE CLASSIC

ဇာဂနာ စီစဉ်သည်

# ရှိုးဝါ

စာပေ နှင့် အနုပညာ မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com



စီးလာသောရေကို လက်ဖြင့်မတားစကောင်း၊
တားလို့ ရအုံ့မထင်၊
သမိုင်းသည် ရဟတ်မဟုတ်၊
ရှေ့သို့စဉ်ဆက် တိုးလျက်၊
ကျွန်တော်တို့သည် သမိုင်းကဖန်တီးပေးလိုက်သော
ဇာတ်ကောင်များ မဖြစ်လို၊
ကျွန်တော်တို့ရေးဆွဲလိုက်သော သမိုင်းသည်
ကျွန်တော်တို့ လူ့ဘောင်ကို ပြဌာန်းစေလို၏၊
ဖူလိုင်လသည် မျက်ရည်မိုးတို့ ရွာခဲ့ဖူးသလို
ရဲရင့်ရွက်တို့ ဖြာဝေဖူးသည်၊
ဖူလိုင်သည်ပင်လျှင် မြန်မာပြည်၏သမိုင်း



www.burmeseclassic.com

# စုံနံ့သာ

ဇာဂနာ စီစဉ်သည်


| အတိုင်ပင်ခံအယ်ဒီတာ | အယ်ဒီတာ |
|---|---|
| ရွှေကူမေနှင်း၊ စမ်းစမ်းနွဲ့(သာယာဝတီ) | စုသဲမွန်၊ သူရသာဓါ |
| **အယ်ဒီတာချုပ်** | **အုပ်ချုပ်မှုတာဝန်ခံ** |
| ဘုန်းသက်ပိုင် | မြင့်သန္တာစိုး(မီးသီး) |
| **အမှုဆောင်အယ်ဒီတာ** | **စာပြင်** |
| ဇော်လူစိမ်း၊ နေဘုန်းလတ် | တေဇ |



## စုံနံ့သာစီစဉ်သူစကား

| | | |
|---|---|---|
| | | ၁ |

## စုံနံ့သာကဗျာ

| | | |
|---|---|---|
| မောင်ကြူးရင့်၊ မင်းထက်မောင်၊ မောင်စိမ်းသစ်၊ ဝေးခေါင်၊ သော်ဇင်အုန်း၊ မျိုးနေနွယ်၊ ငြိမ်းချမ်းဝေ | | ၅-၁၂ |

## စုံနံ့သာစာပေရေးရာ

| | | |
|---|---|---|
| လေးကိုတင် | ကဗျာများနှင့်စကားပြောခြင်း | ၂၃ |
| နီးဌေး | သွေးနီရောင်စာလုံး··· | ၂၆ |
| ဥက္ကာကျော် | ဒီတစ်ခေါက်တော့ ဆာရီယယ်လစ် | ၄၆ |
| ဘသက်ဆွေ | မြန်မာပြဇာတ်စာပေ၏အနာဂတ် | ၇၆ |

## စုံနံ့သာကာတွန်း

| | | |
|---|---|---|
| ဝင်းအောင်၊ မိုးထက်မိုး၊ ဗိုသံ | | ၃၇-၃၉ |

## စုံနံ့သာခရီးသွား

| | | |
|---|---|---|
| ကိုလေးမြတ် | ဗန်းမော်၊ မင်းကုန်း၊ ပင်ဟင်းခါး၊ မော်လူး | ၃၀ |

## စုံနံ့သာရုပ်ရှင်

| | | |
|---|---|---|
| ဇာဂနာ | ခေတ်ကိုကျော်ပိုးသွားသော ရုပ်ရှင်များ (၆) | ၄၁ |

## စုံနံ့သာဂီတ


| | | |
|---|---|---|
| ဇော်တင် | မြန်မာပြည်မှ Rock သူပုန်များ(၄) | ၄၇ |

## စုံနံ့သာအင်တာဗျူး

| | | |
|---|---|---|
| စုသဲမွန် | ဆရာမသန်းမြင့်အောင်နှင့်အင်တာဗျူး | ၅၄ |

## စုံနံ့သာသတင်း

| | | |
|---|---|---|
| သတင်းထဲကစာ | | ၆၂ |







www.burmeseclassic.com

www.burmeseclassic.com


## စုံနံ့သာရသစာတမ်း

ကြည်နိုင် — မှတ်မှတ်ထင်ထင် သဟာယဆရာတင် — ၁၂၂

မေဇော် — စိတ်ကင်ဆာ — ၁၂၇

ကျော်ရဲ — ငှလိုင်မိုးများအောက်မှာ လိုက်လို့ရှာ — ၁၃၀

## စုံနံ့သာအသစ်လွင်ပြင်

ချမ်းပါးလုံး — သောင်ဝင်စာ — ၁၃၄

## စုံနံ့သာဝတ္ထုတို

နေနွယ် — ၇၄ ၇၆ ၈၈ ၉၈ ၀၇ အချစ်ဝတ္ထု — ၁၄၁

ခင်လွန်း — အရှေ့ပွန်းက နေဝန်းရှိရာ — ၁၄၄

ရဲဘုန်းခေါင် — မြေခွေးလည်ပြန် — ၁၅၀

မအောင်လင်း — လောကဓံ၏သားကောင် — ၁၅၄

အမြူရောင်မှူ — မိုးကုတ်စက်ဝိုင်း၏အစွန်း — ၁၅၈

## စုံနံ့သာပေဒင်

နေခြည် (တားရော) — ၁၆၄

## စုံနံ့သာဘာသာပြန်

သစ်စိုး — နော်ဝေဘုရင်မင်းမြတ် — ၁၆၆

## စုံနံ့သာဝတ္ထုရှည်

ဝင်းဝင်းမြင့် (နန်းတော်ရှေ့)မိုးသားတိမ်တိုက်ပေါ်က ငှရိုက်သံတွေကို — ၁၇၄

## စုံနံ့သာအခန်းဆက်ဝတ္ထုရှည်

မွေ့ကျွမေနင်း — ကျန်ရစ်ခဲ့သော သတ္တုရာဇ်များ — ၁၉၀










www.burmeseclassic.com





BURMESE CLASSIC

# ဂျာဇဝင်ထဲမှာထားခဲ့မယ်

မောင်ကြူးရင့်


ခုချိန်မှာ ငါ့ခန္ဓာက မြို့ပျက်ကြီးလို ဖရိုဖရဲပြိုလဲနေပေမယ့်
ငါ့စိတ်ကတော့ ကျားသစ်လို သန်မာဖျတ်လတ်နေတုန်းပဲ
အမှောင်ခေတ်ဝံပုလွေတွေ စက်ဆုပ်ဖွယ်ဟားတိုက်ရယ်မောလို့
ငါ့ပျို့ရွယ်မှုပွင့်သစ်ချိန်အားလုံး ဒလိမ့်ခေါက်ကွေး သွေးထွက်သံယို
နားထင်ကို သေနတ်နဲ့ထောက် မြိမ်းခြောက်လုယူတာခံခဲ့ရတယ်
စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင်ပစ်တယ် မိုးပေါ်ထောင်မပစ်ဘူး
"မားကို မားချင်း လုံကို လုံချင်း" တဲ့ ပက်ပက်စက်စက်မိုက်ဂုဏ်ပြခဲ့တယ်
နေ့ဘက်အလင်းဟာ ကျွန်မအဖော်ဖြစ်သလို ညအမှောင်ဟာ ကျွန်မအဖော်ပါပဲ
သစ်ကိုင်းရဲ့အဖော်ပါ သစ်ရွက်ပါပဲ ကျွန်မအဖော်ဟာ ကျွန်မကိုယ်တိုင်ပါပဲ
လူကိုလူနဲ့အဆက်ဖြတ်တာဟာ အရက်စက်ဆုံးညှဉ်းပန်းမှုပါပဲ
ကျွန်မလား 'စာ' ဆာတယ်၊ 'လူ' ဆာတယ်၊ 'လွတ်လပ်မှု' ဆာတယ်
အသက်စွန့်ရဲသူအတွက် လောကမှာ ဘာကြောက်စရာမှ မရှိတော့ဘူး
သမိုင်းခေတ်အဆက်ဆက်မှာ 'အာဇာနည်မျိုး သေရိုးမရှိ' ဘူး
လုပ်စားတော့ လယ်သိမ်း၊ ဖောင်စီးရင်းရေငတ်၊ သူဦးသူစား ကိုယ်ဦးကိုယ်စား
ဆီကိုလည်း ရေမချိုးနိုင်၊ ဆေးရိုးလည်း မီးမလှုံကြရ၊ စပါးလည်း တောင်လို မပုံနိုင်
ကျွန်မတို့က ရိုးသားတယ်၊ သူတို့က မရိုးသားဘူး၊ သူတို့က ကောက်ကျစ်တယ်
ကျွန်မတို့က လွတ်လပ်မှုကိုလိုချင်တယ်၊ သူတို့ ဖိနှိပ်ချုပ်ချယ်မှုကိုပဲ ပေးခဲ့တယ်
ကျွန်မတို့ ငြိမ်းချမ်းရေးကိုလိုချင်တယ်၊ သူတို့က ငြိမ်းချမ်းရေးကို မလိုချင်ဘူး
ကျောက်ဆောင်ဟာ လှိုင်းရိုက်ဒဏ်ကို ရဲရဲရင့်ရင့်ရင်ဆိုင်သလို
ခေတ်ကို လောကဓံကို ကြံ့ကြံ့ခံတိုက်လှန်ရဲတဲ့ သတ္တိရှိဖို့လိုတယ်
ဒီအချိန်မှာ ကျွန်မတို့ရှေ့တစ်လှမ်းတိုး နောက်နှစ်လှမ်းမဆုတ်နိုင်တော့ဘူး
နောက်ပြန်မလှည့်နိုင်တော့ဘူး နောက်ဆုတ်ရင် 'ကြောက်ရုပ်' ဖြစ်မှာပဲ
ပန်းခင်းတွေ ပွင့်ရမှာပဲ၊ ချိုးဖြူတွေ ဝဲပျံရမှာပဲ၊ ကြယ်ပွင့်တွေ လင်းလက်ရမှာပဲ
နေရစ်တော့ ဒူးယားခေတ်၊ နေရစ်တော့ အမှောင်ခေတ်၊ နေရစ်တော့ ဖုန်ကားခေတ်

**မောင်ကြူးရင့်**



www.burmeseclassic.com

www.burmeseclassic.com




# မျိုးဆက်သစ်ယဉ်ကျေးမှု ထွန်းကားရာခေတ်ကြီးထဲ

မင်းထက်မောင်

ဟောဒီမှာ စမ်းသပ်ထုတ်လုပ်ထားတဲ့ မျိုးဆက်သစ်ဝီစကီ
အတုအစစ် ခွဲခြားစရာမလို၊ ရေခဲမလို၊ ဆော်ဒါမလို
အနံ့အရသာထူးခြားမယ်၊ အရက်ဒီဂရီပြည့်ဝမယ်
ဒါပေမဲ့ လောလောဆယ်မှာတော့
ဒါကို စျေးကွက်တင်ဖြန့်ဖြူးရောင်းချဦးမှာတော့ မဟုတ်
သုတေသနပြုလုပ်ဆဲ၊ လိုအပ်တာတွေ ပြုပြင်ဆဲ။

ဟောဒီမှာ စမ်းသပ်ချိတ်ဆက်ထားတဲ့ မျိုးဆက်သစ်ဖုန်း
ဆင်းမ်ကတ်မလို၊ ငွေဖြည့်ကဒ်မလို၊ ဘက္ထရီအားသွင်းဖို့မလို
ဘက်စုံသုံးနိုင်မယ်၊ နေရာမရွေး ယူဆောင်သွားနိုင်မယ်
ဒါပေမဲ့ လောလောဆယ်မှာတော့
ဒါကို စျေးကွက်တင်ဖြန့်ဖြူးရောင်းချဦးမှာတော့ မဟုတ်
သုတေသနပြုလုပ်ဆဲ၊ လိုအပ်တာတွေ ပြုပြင်ဆဲ။



www.burmeseclassic.com

www.burmeseclassic.com

ဟောဒီမှာ စမ်းသပ်စိုက်ပျိုးထားတဲ့ မျိုးဆက်သစ်စပါး
ဓာတ်မြေဩဇာမလို၊ ပိုးသတ်ဆေးမလို၊ ပေါင်းသတ်ဖို့မလို
ထွက်နှုန်းကောင်းပြီး ဆန်သားချောမယ်၊ တာရှည်အထားခံမယ်
ဒါပေမဲ့ လောလောဆယ်မှာတော့
ဒါကို ဈေးကွက်တင်ဖြန့်ဖြူးရောင်းချဦးမှာတော့ မဟုတ်
သုတေသနပြုလုပ်ဆဲ၊ လိုအပ်တာတွေ ပြုပြင်ဆဲ။

ဟောဒီမှာ စမ်းသပ်ဖော်စပ်ထားတဲ့ မျိုးဆက်သစ် ရေမွှေး
ဟောဒီမှာ စမ်းသပ်ချုပ်လုပ်ထားတဲ့ မျိုးဆက်သစ် ဂျင်းနှ်ဘောင်းဘီ
ဟောဒီမှာ စမ်းသပ်မွေးမြူထားတဲ့ မျိုးဆက်သစ် ငါးရှ
ဟောဒီမှာ စမ်းသပ်ကြော်လှော်ထားတဲ့ မျိုးဆက်သစ် ဝက်အူချောင်း
ဟောဒီမှာ စမ်းသပ်ထုတ်ဝေလိုက်တဲ့ မျိုးဆက်သစ် သတင်းစာ
ဟောဒီမှာ စမ်းသပ်ရိုက်ကူးလိုက်တဲ့ မျိုးဆက်သစ် ရုပ်ရှင်ဇာတ်ကား
ဟောဒီမှာ စမ်းသပ်ပြေးဆွဲလိုက်တဲ့ မျိုးဆက်သစ် မြို့ပတ်ရထား
ဟောဒီမှာ စမ်းသပ်ပစ်လွှတ်လိုက်တဲ့ မျိုးဆက်သစ် ဒုံးကျည်
ဟောဒီမှာ စမ်းသပ်ဆောက်လုပ်ထားတဲ့ မျိုးဆက်သစ် ကွန်ဒိုတိုက်
ဟောဒီမှာ စမ်းသပ်ဖွင့်လှစ်ထားတဲ့ မျိုးဆက်သစ် စာသင်ကျောင်း
ဟောဒီမှာ စမ်းသပ်မျိုးစပ်ထားတဲ့ မျိုးဆက်သစ် ပိတောက်ပြာ
ဟောဒီမှာ စမ်းသပ်တီထွင်ထားတဲ့ မျိုးဆက်သစ် စက်ရုပ်လူသား
ဒါပေမဲ့ လောလောဆယ်မှာတော့
အဲဒါတွေ အားလုံးကို
ဈေးကွက်တင်ဖြန့်ဖြူးရောင်းချကြဦးမှာတော့ မဟုတ်
သုတေသနတွေ ပြုလုပ်နေကြဆဲ
လိုအပ်တာတွေ ပြုပြင်နေကြဆဲပေါ့။

တစ်ခုတော့ ရှိပါရဲ့
သုတေသနတွေလည်း ဘာတစ်ခုမှမပြုလုပ်
လိုအပ်တာတွေလည်း ဘာတစ်ခုမှ မပြုပြင်ဘဲ
စမ်းသပ်ရေးသားထားတဲ့ မျိုးဆက်သစ်ကဗျာ ဟောဒီမှာ
ကာရန်မလို၊ ဝါဒမလို၊ ဂိုဏ်းဂဏမလို၊ ဘာမှမလို
ကဗျာလို ဖတ်ဖတ်၊ စကားပြေလို ဖတ်ဖတ်
စကားပြေကဗျာလို ဖတ်ဖတ်၊ စကားမပြေကဗျာလို ဖတ်ဖတ်
ရသလို ဖတ်ဖတ်၊ သုတလို ဖတ်ဖတ်၊ သတင်းလို ဖတ်ဖတ်
ရှေ့က ဖတ်ဖတ်၊ နောက်က ဖတ်ဖတ်၊ အလယ်က ဖတ်ဖတ်
ကြိုက်သလို ဖတ်ပြီး ကြိုက်သလို ခံစား
ကြိုက်သလို ခံစားပြီး ကြိုက်သလို နားလည်
ကြိုက်သလို အဓိပ္ပာယ်တွေလည်း ကြိုက်သလိုသာ ဖွင့်ကြပိတ်ကြ
ကိုယ့်စိတ်တိုင်းကျ ကိုယ်လိုရာ ကိုယ်သုံး တစ်ဘဝလုံး
မုန်းမယ်၊ ချစ်မယ်၊ လွမ်းမယ်၊ လန်းမယ်
(မှတ်ချက် – မသုံးတတ်ရင်တော့ ငွမ်းမယ်)
အဲဒါကိုတော့
ဈေးကွက်အတွင်း အခုချက်ချင်း
ဦးရာလူစနစ်နဲ့ အခမဲ့ဖြန့်ဝေပေးမှာ ဖြစ်ပါကြောင်း။

**မင်းထက်မောင်**



www.burmeseclassic.com

www.burmeseclassic.com



# လူနာ

မောင်စိမ်းသစ်

ညတစ်ညလသာသာတဲ့
သင်ကြားခဲ့ဖူးတဲ့စာသား။
ညဆိုမှည
လမသာတဲ့ညထဲ
သင်ခုန်ချခဲ့ဖူးပါသလား။
ကိုက်ခဲနာကျင်ခြင်းတွေက
အချိန်နဲ့အမျှတစက်စက်ယိုစိမ့်ကျလို့။
ရာနှုန်းပြည့်မပြုံးနိုင်မရယ်နိုင်တဲ့ဘဝမှာ
ဘယ်သူနဲ့မှမတွေ့ရလေတဲ့ည။
ဘဝကပြဋ္ဌာန်းပေးထားတဲ့
လူမှုဝတ္တရားအထွေးအရှုပ်တွေကိုလည်း
အရေးလုပ်ချင်လို့မှလုပ်ခွင့်မရ။
စက္ကူခေါက်သေးသေးလေးတစ်ခု
ကျောအောက်မှာခုနေလျှင်ပင်
အလွန်အင်မတန်နာကျင်နေရတဲ့ဘဝမှာ။ ။

**မောင်စိမ်းသစ်**



www.burmeseclassic.com

www.burmeseclassic.com



# "ငါ" မပါ လိုရိုက

ဝေးခေါင်

အထက်ပါခေါင်းစဉ်မှာ ငါမပါ
ငါမပါတာတွေ ငါရေးတော့မယ့်အထဲမှာ ငါမပါ
လူအုပ်ကြီးနဲ့ခုတ်မောင်းသွားတဲ့ ရေနွေးငွေ့အင်ဂျင်မှာ ငါမပါ
ဖူးပွင့်ဝေဆာလတ္တံ့ ပန်းခြံရဲ့အားလပ်ရက်ပျော်ပွဲစားမှာ ငါမပါ
ဘဏ်စာရင်းဖွင့်ဖို့ တန်းစီနေတဲ့သူညများရဲ့တန်ဖိုးမှာ ငါမပါ
လကုန်ရက်ထိသည်ဖွင့်တဲ့ မျှော်လင့်ချက်သီချင်းကိုနားစွင့်တဲ့ မသိစိတ်မှာ ငါမပါ
ငါသောက်လိုက်တဲ့ လက်ဖက်ရည်ခွက်မှာထဲလည်း ငါမပါဘူး
ငါငှားထားတဲ့တက္ကစီဟာ ငါမပဲဘဲထွက်သွားတယ်
ငါကျန်ခဲ့တဲ့ကွက်လပ်ကတော့ ငါမပါတဲ့ ကွက်လပ်နဲ့
စာလုံးတစ်လုံးရဲ့ ရိုက်ဖမ်းလားရာအတိုင်းဖြာထွက်နေတဲ့နိုးမဒ်အနက်မှာ ငါမပါဘူး
ရေခပ်ချိန်ကဗျာများရဲ့ ရိုးရာခြင်းပိုင်းမှာ တော့နေတဲ့အဆော့မှာ ငါမပါဘူး
ပုံပြင်ကို ခြုံပတ်လည်ရိုက်ပြီးယုန်ထွက်အောင် တောခြောက်နေတဲ့
ခွေးအရဲ့ ထမင်းလုံးတစ္ဆေမှာ ငါမပါဘူး
ကမ္ဘာလုံးဆိုင်ရာကော်ပိုရိတ်နိုင်ငံရေးများရဲ့ လှလှပပထုပ်ပိုးမှုရောင်းကုန်အတွင်းထဲက
ဒန်အိုးဖုံးလောက်မှ စောက်မနက်တဲ့ ဗီဇပြောင်းသရေစာမှာ ငါမပါဘူး
လက်နက်ကုန်သည်ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ စားပွဲထောက်တိုင်မှာ ငါမပါ
သစ်ပင်ခုတ်တဲ့ အာရှစိမ်းလန်းစိုပြည်ရေးစီမံကိန်း ရင်ထိုးတံဆိပ်မှာ ငါမပါ
မြောက်ကျွန်းကိုသွားဖို့ တောင်ကျွန်းကို လမ်းညွှန်တဲ့ မြေပုံပို့ချချက်များရဲ့
နံ့တင်မြေနုကျွန်းစိုက်ခင်းမှာ ငါနဲ့ ငါ့ထွန်ယက်ချက်မပါ
သံအမတ်ရဲ့ တံလျှပ်စကားလို များများပြောပြီး ဘာမှမဆိုလိုသော
မီးရျှူးမီးပန်းဝါကျများ သွယ်တန်းဖောက်လုပ်ရာ အမြင်အာရုံလှည့်စားမှုကို
သစ္စာမရှိသောဘာသာပြန်သူ၏ ထောင်ချောက်တံတားခင်းမှုအပေါ်
နတ်ကရာ ကြည့်မောမည့် ဖြတ်လျှောက်သူများထဲ ငါမပါ
အလောင်းတွေအပေါ် ခေါင်းလောင်းချိတ်ပြီး လေယူရာယိမ်းနေတဲ့ ဂီတသင်္ကေတမှာ ငါမပါ
ချောကလက်စားပြီး
ခေတ်ကြီးကို အပျင်းပြေ သွားကြားညပ်တဲ့ လိုက်ခ်မျှော်စတေးတပ်ထဲ ငါမပါ
နှင်းလို သစ်ရွက်ခြောက်လို တဖျောက်ဖျောက်ကီးဘုတ်ရိုက်သံရဲ့
ညဥ့်လယ်ယံမေးရိုးအကျိုးကြီး ဝိညာဉ်ခေါ်နေတဲ့ပွဲတော်ထဲ ငါမပါ
မဆီမဆိုင် ဖြတ်ခနဲ အမှတ်ရလိုက်တဲ့ ငယ်သူငယ်ချင်း
ခါကာဗဟာဒူးရဲ့နာမည်ကို နိမိတ်ပုံပြုလုပ်လိုက်ဖို့စိတ်ကူးထဲ ငါမပါ
အခုထိ ခင်ဗျားဖတ်လာပြီးသမျှလိရိကမှာ ငါမပါ
ခရစ္စမတ် (စ်) ဘိုးဘိုးကြီးရဲ့ ကျောပိုးအိတ်မှာ ငါမပါ
''ငါ'' ဟာ တစ်ယောက်တည်း အထီးကျန်နေတယ်
ဇတိအစ မရဏအဆုံး ဒုက္ခသည်စခန်းရှိ ခပ်သိမ်းသော လူသားများအတွက်
ယနေ့အဖို့လည်း စားစရာနှင့်အိပ်စရာကို ဆောင်ကျဉ်းပေးတော်မူပါ အရှင်
အောက်ပါနိဂုံးမှာ ငါမပါ
ငါမင်။ ။

**ဝေးခေါင်**

www.burmeseclassic.com




# ငါတို့ရဲ့ ပစ္စုပ္ပန်

**သော်ဇင်အုန်း**

အိပ်ရာကနိုးလိုက်ပြီဆိုတာနဲ့
ရင်တထိတ်ထိတ်
အိပ်ရာဝင်တော့လည်း
နောက်ဆက်တွဲတွေကို စိတ်မချ
အပြင်သွားနေသူတွေကလည်း
အိမ်ကလူတွေကို စိတ်မချ
အိမ်လူတွေကလည်း
ပြန်လာတော့မှ သက်ပြင်းချရ
နယ်ကလူတွေကလည်း ဖုန်းဆက်
မြို့ကလူတွေကလည်း
တက်လာတဲ့သတင်းမှာ
ဟိုမေးဒီမေး
ဒီကြားထဲ ဖေ့စ်ဘုတ်ကလည်း နှိပ်စက်
ဆင်းရဲနေတဲ့ကြား
ကိုယ်ပိုင်လေယာဉ် မဝယ်နိုင်သေးတဲ့
အများစုဟာ
စားရေးထက် နေရေးက မတည်ငြိမ်
ဒီမိုကရေစီဆိုတာ ပုဒ်မ ၁၄၄
လို့ ယူဆရတော့မယ်

**သော်ဇင်အုန်း**



www.burmeseclassic.com

www.burmeseclassic.com



# မိသားစုဓါတ်ပုံ

မျိုးနေနွယ်

ငယ်ရုပ်တွေ ပျောက်သွားစေသော
ဖုန်မှုန့်များ
နံရံမှာ တွယ်ကပ်လို့ ...။

တရိပ်ရိပ်တက်လာသော အတိတ်ဟာ
နောက်ကြောင်းပြန်ပြဇာတ်တစ်ပုဒ်လို
အိမ်လွမ်းစိတ်တွေ ငယ်ထိပ်တက်လို့ ...။

လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ကျော်က
မိသားစုဓါတ်ပုံဟာ
ဟောင်းနွမ်းခြင်းတွေ
အောက်မေ့ခြင်းတွေနဲ့ ဆွဲ့အလို့
အရောင်တွေလည်း လွင့်ပြယ်မှေးမှိန်လို့ ...။

မှန်သားပြင်ဟာ
နှစ်ချို့သွားသော ဓါတ်ပြားဟောင်းတစ်ချပ်လို
အစင်းရာအခြစ်ရာတွေနဲ့ ပြည့်နှက်လို့ ...။

ဓါတ်ပုံဆရာ နာမည်မေ့မသွားအောင်
ရေးမှတ်ထားသလို
မိသားစုနာမည်တွေကို ချရေးချင်ပါတယ်
ဟောင်းနေတဲ့ မိသားစုဓါတ်ပုံ
အဟောင်းလေးပေါ်မှာ ...။

**မျိုးနေနွယ်**


www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင်ခြင်းဆိုတာလဲပြိုကျခြင်းဆိုရင် ငါအောင်မြင်ခဲ့တယ်


ငြိမ်းချမ်းဝေ

ဒီဇင်ဘာလကို အပြောင်းအရွှေ့လလို့ သတ်မှတ်လိုက်တယ်
နာနာကျင်ကျင်နဲ့ လွမ်းရတဲ့ ဒီဇင်ဘာတွေပေါ့
အသိုက်အမြုံတွေ ပြောင်းရွှေ့ကြရတဲ့အခါ
ဟောင်းနွမ်းကျန်ခဲ့ရသူ မြက်ခြောက်ပင်သိုက်လေးကို
ပြန်လည်သတိရဖူးလား
အိမ်တွေ ပြိုကျသွားတာမြင်ဖူးတယ်
မိသားစုတွေလဲပြိုသွားတာ ကြုံဖူးတယ်
မျှော်လင့်ချက်တွေ ပြိုလဲသွားတဲ့အခါ
အိမ်ကိုမပြန်ချင်ဘူး
မှန်တွေကို မကြည့်ချင်ဘူး
အရိပ်တွေမှာ တာဝန်မဲ့တဲ့အရောင်တွေကိုမြင်ရတယ်
မိတ်ဆွေများရေ
ငါ့မှာ ချစ်မြတ်နိုးခြင်းများစွာရှိပါတယ်
သစ်ပင်တွေကို ချစ်တာ၊ ခရီးသွားရတာ
လွင်ပြင်ကျယ်ထဲ လေနုအေးတွေရှူရှိုက်ရတာ
စာအုပ်တစ်အုပ်ကို ဖတ်နေရတာ
လူမှုဆက်ဆံရေးတွေကို လေးစားတာ၊ ပွင့်လင်းမြင်သာမှုဆိုတဲ့အရာတွေကို စောင့်ကြည့်တာ
နိုင်ထက်စီးနင်းလုပ်ချင်သူတွေကို တားမြစ်ဖို့အထိ
အရာရာကို ချစ်မြတ်နိုးခဲ့ပါတယ်
အခုတော့အရာရာဟာ လဲပြိုလို့ အပျက်အစီးအကျိုးပဲ့တွေကစဉ့်ကလျား လွင့်ထွက်နေတုန်း
မှန်တိုင်းတွေလည်း ဆက်လာဦးမယ်လို့
ငါ့ရဲ့မသိစိတ်ရေဒီယိုလေးက ကြေညာချက်ထုတ်တော့
ငါ့မှာ စိုးတထိတ်ထိတ်၊ စိုးထိတ်တတ်တဲ့စိတ်တွေဟာ
နာကျင်မှုတွေကို ပိုအရသာတွေ့နေလား၊ သာယာတတ်တယ်တဲ့လား
ကြုံကြုံဖန်ဖန် ရောင့်ရဲတတ်တယ်ဆိုရမလား
တခါတခါမှာ
အောင်မြင်ခြင်းဆိုတာလဲပြိုကျခြင်းဆိုရင် ငါအောင်မြင်ခဲ့တယ် လို့
တွေးကြည့်နေဖူးတယ်။

ငြိမ်းချမ်းဝေ

www.burmeseclassic.com

www.burmeseclassic.com



# 7 July အမှတ်တရ ဓာတ်ပုံမှတ်တမ်း





www.burmeseclassic.com

www.burmeseclassic.com




အဓိပတိလမ်းမပေါ်က
ဒေါသမထိန်းနိုင်တော့တဲ့
ကျောင်းသားများ



ဇူလိုင် ၇ ရက် ဖြစ်ရပ်အပြီး
၈ လပြည့် အောက်မေ့ပွဲ

www.burmeseclassic.com

www.burmeseclassic.com




ကျောင်းဝင်းထဲမှာ
ကျောင်းသားတွေကိုဝိုင်းထားပြီ




တက္ကသိုလ်နယ်မြေထဲ
စစ်သားများစီးနင်းဝင်ရောက်ပြီး
ကျောင်းသားများကို
အတင်းဖမ်းရှား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းထဲ ငြိမ်းချမ်းစွာ
ချီတက်ဆန္ဒပြနေတဲ့
ကျောင်းသားများ
(ဂျ.ဂျ.၁၉၆၂)



ကျောင်းသားများ
ကျောင်းဝင်းထဲမှာ
ဖြိုခွဲခံရပြီ

Archive photo



www.burmeseclassic.com

www.burmeseclassic.com




ဇူလိုင် ၇ ရက်ဖြစ်ရပ်အပြီး
၄ လပြည့်၊
သွေးမြေကျအမှတ်တရပွဲ




ပြန်လည်လွတ်မြောက်လာသော
ကျောင်းသားများက
သမဂ္ဂရုံးခန်းယာယီတဲကြီးအတွင်း
အမှတ်တရပွဲ
(၇.၇.၁၉၆၃)



www.burmeseclassic.com

www.burmeseclassic.com



Archive pho

ကျောင်းသားများအပေါ်
တင်းကျပ်လိုက်မှုအတွက်
ငြိမ်းချမ်းစွာဆန္ဒပြ
ချီတက်နေသော
တက္ကသိုလ်ကျောင်းသားများ




သမဂ္ဂအဆောက်အဦကိုလည်း
ဖောက်ခွဲဖြိုချခံရ၊ ကျောင်းသား
၁၀၀ ကျော်လည်း ကျဆုံးခဲ့ရ
(ဂျ.၁၉၆၂)



www.burmeseclassic.com

www.burmeseclassic.com




# ဇူလိုင် ၇ ရက် ၊ ၇ ရက် ဇူလိုင် မမေ့နိုင်တဲ့ကျောင်းသားသမိုင်း

◆ဝင်းတင့်ထွန်း

"ဇူလိုင် ၇ ရက် . . ၇ ရက် ဇူလိုင် မမေ့နိုင်တဲ့ ကျောင်းသားသမိုင်း ထာဝစဉ် နီ . . ." ဆိုတဲ့ စာသားဟာ ၇ ရက် ဇူလိုင်အရေးတော်ပုံကို ဂုဏ်ပြုစပ်ဆိုထားတဲ့ သီချင်းတစ်ပုဒ်ထဲက စာသားတစ်ကြောင်းပါ။ ဟုတ်ပါတယ်။ 'ဆဲဗင်းဂျူလိုင်' ခေါ် '၇ ရက် ဇူလိုင် အရေးတော်ပုံကြီး' ဟာ ဗမာပြည်ရဲ့ ကျောင်းသားလှုပ်ရှားမှုသမိုင်းမှာ၊ ကျောင်းသားသမိုင်းမှာ ဘယ်တော့မှ မေ့ပျောက်လို့မရနိုင်တဲ့၊ မေ့ဖျောက်ချန်လှပ် ကျော်လွှားသွားလို့ မရနိုင်တဲ့၊ အမြဲထာဝရ နီနေမယ့် အရေးတော်ပုံမှတ်တိုင်ကြီးတစ်ခုပါပဲ။

ဗမာပြည် လွတ်လပ်ရေးမကြေညာနိုင်ခင် ကိုလိုနီခေတ်တလျှောက်ကို ခဏထား . .၊ လွတ်လပ်ရေးကြေညာပြီးစခေတ်တလျှောက်အတွင်းမှာကို ကျောင်းသားလှုပ်ရှားမှုသမိုင်းကြောင်းတလျှောက်မှာ အရေးအခင်းနဲ့ အရေးတော်ပုံတွေ ပေါ်ပေါက်ခဲ့တာ အရေအတွက် တော်တော်များများ ဥပမာအားဖြင့် အောက်တိုဘာ ကျောင်းတစ်လပိတ်အရေးတော်ပုံ၊ ဟယ်ရီတန်အရေးအခင်း . . စသဖြင့် . . စသဖြင့် ရှိခဲ့ပါလျက် . .။

တစ်နိုင်ငံလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပါဝင်ဆင်နွှဲခဲ့ကြတဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံ (ရှစ်လေးလုံးအရေးတော်ပုံကြီး) မတိုင်ခင်အထိအတွင်း ဗိုလ်နေဝင်းစစ်အာဏာရှင် အုပ်စိုးမှုခေတ်တလျှောက်အတွင်းမှာကို တခြားသော အရေအတွက် မနည်းလှတဲ့ ကျောင်းသားလှုပ်ရှားမှုတွေ၊ ကျောင်းသားအရေးအခင်းတွေ တော်တော်များများ (ဥပမာအားဖြင့် ကျွန်းဆွယ်အရေးအခင်း၊ တက္ကသိုလ်ရွှေရတု လှုပ်ရှားမှု၊ ဦးသန့်ဈာပနအရေးအခင်း၊ ၇၅ ဖွန် ၆ ကျောင်းသားသပိတ် စသဖြင့်) ရှိခဲ့


www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပေါက်ခဲ့ပါလျက် . . .။

ဆဲဗင်းဂျူလိုင် (ခေါ်) ၇ ရက် ဇူလိုင် အရေးတော်ပုံကြီးဟာ တခြားသောကျောင်းသားအရေးအခင်း အရေးတော်ပုံတွေထက်ကို ပိုမိုစူးရှပေါ်လွင်ပြီး ပိုမိုထူးခြားတဲ့ အနက်အဓိပ္ပာယ်တွေ ရှိနေတယ်လို့ ယူဆမိပါတယ်။ ဘာကြောင့်လဲ . .။

ဘယ်လိုတွေဖြစ်ပျက်ခဲ့ကြတယ်၊ ဘယ်လိုတွေ ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ကြရတယ်၊ စစ်အစိုးရဟာ ဘယ်လိုတွေ မိုက်မိုက်ရိုင်းရိုင်း ယုတ်မာရမ်းကားခဲ့တယ် ဆိုတာတွေနဲ့ပတ်သက်ပြီး အဖြစ်အပျက်ရဲ့ ဖြစ်စဉ်တွေအကြောင်းကို မှတ်တမ်းတင်ကြ ပြောကြဆိုကြ ရေးသားခဲ့ကြတာတွေကတော့ (ပြည့်စုံလုံလောက်ပြီလို့ မဆိုနိုင်သေးတဲ့တိုင်အောင်) တော်တော်များများရှိနေပြီဖြစ်တဲ့အတွက် ကျွန်တော်ကတော့ ဒီအရေးတော်ပုံကြီးရဲ့ ထူးခြားတဲ့ဝိသေသတွေကို ဒီနေရာမှာ နိုင်ငံရေးဘက်ကနေပဲ ရှုမြင်ဖော်ပြကြည့်ချင်ပါတယ်။

၇ ရက် ဇူလိုင်အရေးတော်ပုံကြီးဟာ ဗမာပြည်စစ်အာဏာရှင်စနစ်ကို ဖွဲ့ဆော်ဦး စတင်တိုက်ပွဲဆင်ခဲ့တဲ့ အရေးတော်ပုံဖြစ်တယ်။

ပါလီမန်ဒီမိုကရေစီစနစ်ကို မြေမြှုပ်သင်္ဂြိုဟ်ပစ်ပြီး လက်နက်နဲ့ အကြမ်းဖက်အာဏာသိမ်းကာ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ စစ်အုပ်စုဟာ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗမာပြည်စစ်အာဏာရှင်စနစ်ကို စတင်ထူထောင်လာရာမှာ စစ်အစိုးရရဲ့ တရားမျှတမှုလုံးဝမရှိတဲ့ အမိန့်အာဏာတွေကို ရဲရဲရင့်ရင့် ပြန်လည်တုံ့ပြန်ဆန့်ကျင်ကန့်ကွက်ပြသကြရာက စစ်အာဏာရှင်ရူးတွေရဲ့ ကြိုတင်အစီအစဉ်ရှိရှိ ယုတ်မာရက်စက်မှုတွေကြောင့် ဒီအရေးတော်ပုံကြီး ဖြစ်ပေါ်လာခဲ့ရတာဖြစ်တယ်။ စစ်တပ်အာဏာသိမ်း တက်လာပြီး ၄ လ ကျော်ကျော်လေးအကြာမှာပဲ ဒီအရေးတော်ပုံကြီး ပေါ်ထွန်းခဲ့ရတာဖြစ်တဲ့အတွက် ဒီအရေးတော်ပုံကြီးဟာ ဗမာပြည်စစ်အာဏာရှင်စနစ်ကို ဖွဲ့ဆော်ဦး ဆန့်ကျင်အံတုပြခဲ့တဲ့ တော်လှန်တဲ့အရေးတော်ပုံကြီး ဖြစ်တယ်။ သမိုင်းဝင်အရေးတော်ပုံကြီး ဖြစ်သွားတယ်။

ဒီအရေးတော်ပုံကြီးဟာ စစ်အစိုးရရဲ့ မဆလ ဆိုရှယ်လစ်မျက်နှာဖုံးကို ပထမဆုံး ဆွဲချွတ်ပြလိုက်နိုင်တဲ့ အရေးတော်ပုံကြီး ဖြစ်တယ်။

ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ စစ်အစိုးရဟာ အာဏာသိမ်းတက်လာပြီး မကြာမီရှိနေတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းအင်အားစုတွေအပါအဝင် ပြည်သူလူထုကြီးတစ်ရပ်လုံးကို လိမ်လည်လှည့်ဖျားနိုင်ဖို့ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ဖို့ ဆိုပြီး ၁၉၆၂ ခုနှစ် ဇူလိုင် ၄ ရက်နေ့မှာပဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ ပါတီ) ကို စတင်ထူထောင်ခဲ့ရာမှာ မဆလပါတီ စတင်ထူထောင်ပေါ်ပေါက်လာပြီး ၃ ရက်အကြာမှာ '၇ ရက် ဇူလိုင် အရေးတော်ပုံကြီး' ပေါ်ပေါက်လာခဲ့ရတာ ဖြစ်ပါတယ်။ ဗိုလ်နေဝင်းစစ်အစိုးရဟာ မဆလပါတီကို ထူထောင်လိုက်ပြီး ခေတ်ဟောင်းတော်လှန်ရေးကြီးကို ဆင်နွှဲမယ်။ သာယာဝပြောသော လူ့ဘောင်သစ်ကြီးကို မရောက်ရောက်အောင်သွားမယ်။ စာနာမှု၊ ညာတာထောက်ထားမှု စသည့် ကောင်းမြတ်သောတရားနှင့် ဖြဟွစိုရ်ရိတရားများ ထွန်းကားနိုင်တဲ့ လူ့ဘောင်သစ်ကြီးဆီ ချီတက်သွားရောက်မယ် လို့ တစ်ဖက်က ကြွေးကြော်မြည်ဟည်းပြနေတုန်းမှာပဲ အပြစ်မဲ့တဲ့ နိုင်ငံ့အညွန့်အဖူး ကျောင်းသားတွေကို သွေးချောင်းစီးအောင် ရက်ရက်စက်စက်သတ်ဖြတ်ကျူးလွန်ပြလိုက်တာဖြစ်တဲ့အတွက် စစ်အစိုးရရဲ့ ကြွေးကြော်နေချက်တွေဟာ ဗလာစကားတွေသာဖြစ်တယ်။ လက်တွေ့ကတော့ လူသတ်သမားတွေသာဖြစ်တယ် ဆိုတာကို မီးမောင်းထိုးပြလိုက်သလို ဖြစ်သွားပြီး စစ်အစိုးရရဲ့ မဆလမျက်နှာဖုံးစွပ်ကို ဆွဲချွတ်ပြလိုက်ဘိသကဲ့သို့ ဘွားဘွားကြီး ပေါ်လွင်သွားစေခဲ့ပါတယ်။ ဒါကြောင့် ဒီအရေးတော်ပုံကြီးဟာ စစ်အစိုးရရဲ့ မဆလ ဆိုရှယ်လစ် အတုအယောင် မျက်နှာဖုံးအောက်က အစွယ်ပြူးပြူး သွေးစိမ်းရှင်ရှင်တက် ဘီလူးရုပ်အစစ်အမှန်ကို ဆွဲချွတ်ပြသလိုက်နိုင်တဲ့ အရေးတော်ပုံကြီး ဖြစ်ပါတယ်။

ဒီအရေးတော်ပုံကြီးဟာ သမိုင်းမှာ တော်လှန်သူလား၊ ဖောက်ပြန်သူလား စည်းခြားမှတ်တမ်းတင်ပေးနိုင်ခဲ့တဲ့ အရေးတော်ပုံဖြစ်တယ်။

စစ်အစိုးရဟာ ဒီလောက် ရက်ရက်စက်စက် သတ်ဖြတ်နှိပ်ကွပ်ပြခဲ့တာ လက်တွေ့မျက်တွေ့ မြင်နေရတာတောင် တစ်ဖက်က ဆိုရှယ်လစ်အနံ့ပေးထားမှုကြောင့် သော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအလိုရမ္မက်မျှော်လင့်ချက်တွေကြောင့်သော်လည်းကောင်း အမှန်တရားကိုမမြင်နိုင်ဘဲ ဒါမှမဟုတ် မျက်ကွယ်ပြုခဲ့ကြရင်း သဘောထားမမှန်ကြသူတွေ၊ ရပ်တည်ချက်မခိုင်မာခဲ့ကြသူတွေ၊ စံသွေခဲ့ကြသူတွေ အထင်အရှားပေါ်ပေါက်လာခဲ့ကြရာမှာ ''ဒီအရေးတော်ပုံကြီးအပေါ် ဘယ်လိုသဘောထားသလဲ/ သဘောထားမလဲ'' ဆိုတာ အရေးပါတဲ့ မှတ်ကျောက်မေးခွန်းတစ်ခု ဖြစ်လာခဲ့ရပါတယ်။ တစ်စုံတစ်ရာ တိုးတက်တယ်၊ တိုးတက်တဲ့ လက်ဝဲဝါဒကို လက်ခံကိုင်စွဲပါတယ်လို့ ဆိုခဲ့ကြတဲ့ ပမညတ အဖွဲ့ကြီးထဲက ပမညတ ခေါင်းဆောင်ကြီးတစ်ယောက်ဟာ ဒီအရေးတော်ပုံကြီးပြီးစ၊ ဒီအရေးတော်ပုံကြီးအပေါ် ဘယ်လိုသဘောထားမလဲ လို့ ပြောဆိုဆွေးနွေးနေကြတဲ့ ပမညတ အစည်းအဝေးပွဲတစ်ခုအတွင်းမှာ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ တော်လှန်ရေးကောင်စီအစိုးရဟာ ဆိုရှယ်လစ်ရေးဆီ ရှေ့ရှုပြီး ဆိုရှယ်လစ်လမ်းကြောင်းအတိုင်းသွားဖို့ လုပ်ဆောင်နေတာဖြစ်တဲ့အတွက် ဒီ ၇ ရက် ဇူလိုင် အရေးအခင်းဟာ ဆိုရှယ်လစ်သန္ဓေသားကို သားလျှောအောင်လုပ်တဲ့လုပ်ရပ်လို့ ဆိုလိုက်တော့ ဒီအရေးတော်ပုံကြီးရဲ့ဘက်ကနေ ပြတ်ပြတ်သားသားရပ်တည်ပြခဲ့တဲ့ ဦးခင်မောင်မြင့် (ပြည်သူ့တိုးတက်ရေးပါတီ) က ချက်ချင်းကန့်ကွက်ခဲ့ရင်း ''သခင် xxx ရဲ့ ဒီသဘောထားကြေညာချက်ကို မှတ်တမ်းတင်ပေးပါ၊ လုံးဝလက်မခံပါဘူး'' လို့ တုံ့ပြန်ချေပခဲ့ရပါတယ်။ ဒီအရေးတော်ပုံကြီးအပေါ် အဲ့ဒီလို မတူကွဲပြားစွာ သဘောထားခဲ့ကြသူတွေရဲ့ ဖြစ်စဉ်တွေကနေ မဆလ ၂၆ နှစ်တာ ကာလအတွင်း ဘယ်သူတွေ ဘယ်လိုဖြစ်ပေါ်သွားကြသလဲ ဆိုတာ ဇာတ်ပေါင်းကြည့်လိုက်မယ်ဆိုရင် အရေးတော်ပုံကြီးအပေါ် သဘောထားမမှန်ကန်ခဲ့သူတွေဟာ မဆလရဲ့ ခွေးကတက်ရင်းက ပုဂ္ဂိုလ်တွေ၊ မဆလရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးတွေအဖြစ် သမိုင်းမှာ မျက်နှာမလှ ဇာတ်သိမ်းသွားကြရပြီး၊ အရေးတော်ပုံကြီးဘက်က ရပ်ခံရပ်တည်ဖော်ပြသွားခဲ့ကြသူတွေကတော့ မဆလစစ်အစိုးရကို ဆက်လက်ဆန့်ကျင်အံတုသွားခဲ့ကြရင်း သူရဲကောင်းတွေ တော်လှန်သူတွေအဖြစ် ကမ္ပည်းမော်ကွန်းတင်သွားခဲ့ကြတာ တွေ့နိုင်ပါတယ်။ ဒါကြောင့် ဒီအရေးတော်ပုံကြီးဟာ သမိုင်းမှာ တော်လှန်သူလား၊ ဖောက်ပြန်သူလား စည်းခြားသတ်မှတ်ပေးလိုက်တဲ့ သမိုင်းအချိုးအကွေ့တစ်ခုရဲ့ မှတ်ကျောက်တစ်ခုသဖွယ်လည်း ဖြစ်ခဲ့ပါတယ်။

ဒီအရေးတော်ပုံကြီးဟာ [illegible]ခေါင်း

www.burmeseclassic.com

တွေရဲ့ တောင်ပံခတ်သံတဖျတ်ဖျတ်ကို တစ်ကျော့ပြန် တစ်ကျော့ပြန် အဖန်ဖန် အထပ်ထပ် အမြဲမပြတ်စေနိုင်လောက်အောင် ပဲ့တင်ဆောင်နိုင်စွမ်းအား အလွန်ကြီးမားလှတဲ့ အရေးတော်ပုံကြီးဖြစ်တယ်။

ဗမာပြည် ကျောင်းသားလှုပ်ရှားမှု သမိုင်းမှာ အမှန်တရားအတွက်၊ ပြည်သူလူထုအတွက်၊ ကျောင်းသားထုရဲ့ တရားမျှတတဲ့အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေအတွက် ဖောက်ပြန်တဲ့ အုပ်စိုးသူအဆက်ဆက်ကို ပြန်လည်တွန်းလှန်ဆန့်ကျင်အံတု တိုက်ပွဲဆင်ခဲ့ကြတဲ့ ဂုဏ်ပြောင်တဲ့ ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားတိုက်ပွဲတွေ၊ အရေးတော်ပုံနဲ့ အရေးအခင်းတွေ ခေတ်တိုင်းလိုလို ပေါ်ပေါက်ခဲ့တာ တော်တော်များများရှိခဲ့ပါတယ်။ အားလုံးဟာ သူ့ခေတ်သူ့ကာလအလျောက် သူ့အတိုင်းအတာနဲ့သူ မော်ကွန်းတင် ကမ္ပည်းထိုးထားရမယ့် အရေးပါတဲ့ တိုက်ပွဲတွေချည်း ဖြစ်ပါတယ်။ ဒီအထဲမှာမှ ၇ ရက် ဇူလိုင် အရေးတော်ပုံကြီးရဲ့ ထူးခြားချက်ကတော့ တော်လှန်တဲ့ ကျောင်းသားထုရဲ့နှလုံးသားထဲမှာ နက်နက်ရှိုင်းရှိုင်းကို စူးဝင်နေပြီး ဒီနေ့ဒီရက်ဒီအချိန်ရောက်လေတိုင်း ''ဆဲဗင်းဂျူလိုင် ဆဲဗင်းဂျူလိုင်'' ဆိုတဲ့ အသံဟာ တိုက်ပွဲခေါ်သံပမာ ပဲ့တင်ထပ်နေစေခဲ့တာ၊ ကျောင်းသားမျိုးဆက် အဆင့်ဆင့်မှသည် ကနေ့ထက်တိုင်အောင်ပါပဲ။

နှစ်စဉ်နှစ်တိုင်းလိုလိုမှာ ၇ ရက် ဇူလိုင်လှုပ်ရှားမှုတွေ အသွင်အမျိုးမျိုးနဲ့ ရှင်သန်ပေါ်ပေါက်နေလေ့ရှိပြီး ခွပ်ဒေါင်းတောင်ပံခတ်သံ တဖျတ်ဖျတ်ကို တစ်ကျော့ပြန် တစ်ကျော့ပြန် ပြန်လည်ကြားရ နားထောင်ရလေ့ရှိပါတယ်။ ဒီအရေးတော်ပုံကြီးပေါ်ပေါက်ခဲ့ရတဲ့ ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့နောက်ပိုင်းကစပြီး နှစ်စဉ်နှစ်တိုင်းလိုလို ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ နေရာအမျိုးမျိုးကနေ အထိမ်းအမှတ်ပြုကြ၊ သတိတရရှိနေစေခဲ့ကြတာ သိကြတဲ့အတိုင်းပါပဲ။ ၁၉၇၇ ခုနှစ် ဇူလိုင် ၇ ရက်နေ့တုန်းကဆိုရင် '၇–၇–၇၇' ခွန်လေးလုံး အရေးတော်ပုံအထိ ပေါ်ပေါက်အောင် ဦးတည်လှုပ်ရှားခဲ့ကြဖူး၊ သည်လှုပ်ရှားမှုအဖြစ် ၇ ရက် ဇူလိုင်နေ့မှာ အစီအစဉ်ရှိရှိ တိုက်ပွဲခေါ်သံပေးပြီး သပိတ်ပေါ်အောင် ဖောက်ခွဲလှုပ်ရှားပြခဲ့ကြရင်း မဆလစစ်အစိုးရရဲ့ ဖမ်းဆီးထောင်ချခံခဲ့ရသူတွေလည်း ပေါ်ပေါက်ခဲ့ရဖူးပါတယ်။

ဒီအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့တာ နောက်နှစ်ဆိုရင် (၅၂) နှစ် တင်းတင်းပြည့်တော့မှာဖြစ်ပါတယ်။ ၁၉၆၂၊ ၇ ရက် ဇူလိုင်တုန်းက လူမဖြစ်ခဲ့ကြသေးတဲ့ အသက် ၅၀ အောက် ကျောင်းသားတွေရှိသလို၊ အဲ့ဒီတုန်းက တိုးတက်တဲ့ စီးပွားရေးတက္ကသိုလ်ကျောင်းသားများကနေ စီးပွားရေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်းကို အနက်ရောင်အဖုံးကြီးနဲ့ပဲ ထုတ်ဝေခဲ့တာတွေလည်း ရှိပါတယ်။ ၁၉၇၈ ခုနှစ်ထဲမှာလည်း စက်မှုတက္ကသိုလ်ကျောင်းဝင်းအတွင်းကနေ ၇ ရက် ဇူလိုင် နှစ်ပတ်လည်ကျောင်းသားလူငယ်မျိုးဆက် အဆင့်ဆင့်တွေအတွင်းမှာရော၊ ကနေ့မှ ကျောင်းသားအဖြစ် ဖြတ်သန်းနေကြရသူ လက်ရှိမျိုးဆက်ကျောင်းသားလူငယ်တွေအတွင်းမှာပါ '၇ ရက် ဇူလိုင်' 'ဆဲဗင်းဂျူလိုင်' ဆိုတဲ့အသံကိုကြားရလေတိုင်း တရားမျှတမှုကိုလိုလားတဲ့၊ နိုးကြားတဲ့ ကျောင်းသားမှန်သမျှ ရင်ခုန်လှုပ်ရှားကြရတုန်း၊ ခွပ်ဒေါင်းသွေးတွေ တရိပ်ရိပ်မြင့်တက်နိုးကြွလာရတုန်းဖြစ်သလို ခွပ်ဒေါင်းတောင်ပံခတ်သံတဖျတ်ဖျတ်ကို အတိတ်တောစပ်ကနေ ပစ္စုပ္ပန်အထိ ကြားနေ မြင်နေ လှုပ်ရှားနေကြရတုန်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီအရေးတော်ပုံကြီးဟာ (ရှစ်လေးလုံးအရေးတော်ပုံကြီးကလွဲရင်) ခွပ်ဒေါင်းတောင်ပံခတ်သံ တဖျတ်ဖျတ်နဲ့ အထပ်ထပ် အဖန်ဖန် ပဲ့တင်သံလှိုင်းအား အမြင့်မားဆုံးသော အရေးတော်ပုံကြီးလို့လည်း သတ်မှတ်ဂုဏ်ပြုချင်ပါတယ်။

ဒီအရေးတော်ပုံကြီးဟာ ဖောက်ပြန်တဲ့ မဆလ စစ်အာဏာရှင်တသိုက်ကို နောက်ဆုံးထွက်သက်အထိ သွေးပျက်ချောက်ချားနေအောင် အဆက်မပြတ် စွဲချက်တင်ရင်း အစဉ်မပျက် အရိုးတွန်သံပေးနေခဲ့တဲ့ အရေးတော်ပုံကြီးဖြစ်တယ်။

ဗိုလ်နေဝင်း ခေါင်းဆောင်တဲ့ တော်လှန်ရေးကောင်စီ စစ်အာဏာရှင်အစိုးရဟာ တရားမျှတတဲ့ ကျောင်းသားထုအခွင့်အရေးတွေအတွက် ဥပဒေဘောင်အတွင်းကနေ အေးချမ်းစွာ ဆန္ဒပြတောင်းဆိုနေကြတဲ့ ရန်ကုန်တက္ကသိုလ်က ကျောင်းသားတွေအပေါ် ရက်ရက်စက်စက် သွေးချောင်းစီးအောင် သတ်ဖြတ်ဖြိုခွင်းပြလိုက်တဲ့အပြင် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အစဉ်အလာကြီးခဲ့တဲ့ ကျောင်းသားထုရဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ ဗကသ၊ တကသ၊ ရကသ တွေကိုလည်း အပြီးတိုင် ဖျက်သိမ်းချေမှုန်းပစ်နိုင်ဖို့ အစီအစဉ်ရှိရှိနဲ့ လက်တွေ့အကောင်အထည်ဖော်ပြလိုက်တာဖြစ်သလို သမိုင်းတလျှောက် ကိုလိုနီအုပ်စိုးသူတွေ လက်ထက်ကတောင် မတို့မထိဝံ့ခဲ့တဲ့ သမိုင်းအစဉ်အလာကြီးမားလှတဲ့ ကျောင်းသားသမဂ္ဂအဆောက်အဦကြီးကိုပါ မိုက်မိုက်ရိုင်းရိုင်းနဲ့ ဒိုင်းနမိုက်ကပ်ပြီး ဖြိုချဖျက်ဆီးပစ်ခဲ့ပါတယ်။ ဗမာပြည်သမိုင်းမှာ အုပ်စိုးသူအဆက်ဆက် ဘယ်သူမှ မလုပ်ဝံ့ခဲ့တာတွေကို ကောက်ကောက်ကျစ်ကျစ် ယုတ်ယုတ်မာမာနဲ့ ပေါ်ပေါ်ထင်ထင် ရမ်းကားပြခဲ့တာပဲ ဖြစ်ပါတယ်။ တက္ကသိုလ်နဲ့ မဝေးလှတဲ့ မြန်မာ့အသံ အသံလွှင့်ရုံထဲမှာကို တော်လှန်ရေးကောင်စီဝင်တွေရော ရဲချုပ်ပါ ပါဝင်တဲ့ 'အမိန့်ပေးကွပ်ကဲရေးရုံး' ဖွင့်လှစ်ထားပြီး တိုက်ရိုက်အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဇူလိုင် ၇ ရက်နေ့မှာ ကျောင်းသားတွေကို ပစ်သတ်၊ ၈ ရက်နေ့ မနက်အစောကြီးမှာပဲ သမဂ္ဂအဆောက်အဦကြီးကိုပါ အုတ်ပုံတစပြင်ဖြစ်အောင် လုပ်ပြီးပြီးချင်း အဲ့ဒီမနက်ပိုင်းမှာပဲ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်နေဝင်းရဲ့ 'ဓားဓားချင်း လှံလှံချင်း ရင်ဆိုင်ဖို့ပဲ' ဆိုတဲ့ ရိုင်းပျမောက်မာလှတဲ့ စိန်ခေါ်သံမိန့်ခွန်းကြီးကို ရေဒီယိုကနေ အသံလွှင့်ကြေညာသွားခဲ့ပါတယ်။ နောက်တစ်ရက်မှာတော့ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်နေဝင်းဟာ ဒုတိယခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်အောင်ကြီးကို တာဝန်လွှဲအပ်ပေးခဲ့ပြီး နိုင်ငံခြားကို အပန်းဖြေခရီး ထွက်သွားလိုက်ပါတော့တယ်၊ အဲ့ဒီလို ရက်ရက်စက်စက် ပြတ်ပြတ်သားသား အကောင်အထည်ဖော်ခဲ့ပြီး ကျောင်းသားသမဂ္ဂအဆောက်အဦကြီးကိုပါ တစ်စစီဖြစ်အောင် လုပ်ဆောင်ပြခဲ့ကြကာ အောင်မြင်စွာရှင်းလင်းပစ်လိုက်နိုင်ပြီးပြီအဖြစ် အဲ့ဒီတုန်းက တော်လှန်ရေးကောင်စီတစ်အုပ်စုလုံး ချိုကြွမောက်မာ ဝမ်းသာအူမြူးခဲ့ကြပေမယ့် ကာလသိပ်မကြာခင်မှာပဲ သမဂ္ဂကြီးရဲ့ အရိုးတွန်သံတွေကို အဆက်မပြတ်လိုလို ကြားလာရပြီးတဲ့နောက် ဥက္ကဋ္ဌကြီးဆိုသူ ဗိုလ်နေဝင်းကိုယ်တိုင် ချောက်ချားသွေးပျက်လာခဲ့ရပါတော့တယ်။ သမိုင်းဝင်အဆောက်အဦကြီးဖြစ်တဲ့ သမဂ္ဂကြီးကို ဖျက်ဆီးခဲ့သူ သမိုင်းတရားခံအဖြစ်ကနေ ရှန်းထွက်နိုင်ရေးအတွက် ၁၉၆၈–၆၉ ဝန်းကျင်မှာ ဗိုလ်နေဝင်းဟာ ၇ ရက် ဇူလိုင်အရေးတော်ပုံကာလက ကွပ်ကဲရေးအဖွဲ့မှာ ရှေ့တန်းကနေ ပါဝင်ခဲ့ကြသူတွေတချို့ကိုခေါ်ပြီး ''ကိုဟန် လာဦး'' ''စောမြင့် လာဦး'' ''ကျော်စိုး လာဦး'' ဆိုပြီး ခေါ်ယူကာ အဲ့ဒီနေ့က



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်မှာ မင်းတို့ပါဝင်ခဲ့သမျှ ရေးကြစမ်း . . ဆိုပြီး အဲ့ဒီပုဂ္ဂိုလ်တွေရဲ့ တစ်ဦးချင်းဆိုင်ရာ တင်ပြချက်တွေကို ရယူထားတဲ့အထိ ကိုယ်လွတ်ရုန်းနိုင်ဖို့ ပြင်ဆင်လာခဲ့ရပါတော့တယ်။ တော်လှန်ရေးကောင်စီအာဏာသိမ်းအဖွဲ့မှာ ဒုတိယခေါင်းဆောင်ဖြစ်ခဲ့တဲ့ ဗိုလ်အောင်ကြီး (ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး) ကလည်း နောက်ပိုင်းမှာ သမဂ္ဂအဆောက်အဦကြီးကို ဖြိုတဲ့ကိစ္စမှာ သူ မဟုတ်၊ ဥက္ကဋ္ဌကြီးလည်း မဟုတ်တန်ရာ၊ ဗိုလ်ကျော်စိုးလုပ်လိုက်တာဖြစ်မယ် ဆိုတဲ့သဘောမျိုး၊ ဟိုလိုလိုဒီလိုလို ဆင်ဖွေ့ရန်ရှောင်စကားတွေ ပြောဆိုလာခဲ့ပြီး သမိုင်းတရားခံအဖြစ်ကနေ ရုန်းထွက်နိုင်ရေး ကြိုးစားလာတဲ့အထိ လိပ်ပြာလန့်လာတာ တွေ့ရပါတယ်။

၇ ရက် ဇူလိုင်ရဲ့ အရိုးတွန်သံ၊ သမဂ္ဂကြီးရဲ့ အရိုးတွန်သံတွေက ဘယ်လောက်ထိအောင်များ မြည်ဟိန်းရိုက်ခတ်ပြီး စစ်အာဏာရှင်တစ်သင်းကို သွေးပျက်ချောက်ချားအောင် အဆက်မပြတ် ထိုးနှက်ထုပုတ်နေသလဲဆိုရင် . . မဆလပါတီရဲ့ ဥက္ကဋ္ဌကြီး ဗိုလ်နေဝင်းဟာ ၁၉၈၈ ခုနှစ် ဇူလိုင်လထဲမှာပဲ၊ ရာဇပလ္လင်ပေါ်က ဆင်းပေးကြောင်း ထုတ်ဖော်ကြေညာလိုက်ရတဲ့ နောက်ဆုံးနှုတ်ထွက်ပေး မိန့်ခွန်းထဲမှာအထိတောင် သမဂ္ဂကြီးကို ဗုံးနဲ့ခွဲပစ်တဲ့ကိစ္စဟာ သူအမိန့်ပေးခဲ့တာ မဟုတ်ပါဘူး လို့ အထိတ်တလန့်ရှင်းလင်းတင်ပြရင်း ကိုယ်လွတ်ရုန်းနိုင်ဖို့ ကြိုးစားသွားခဲ့တာ တစ်ပြည်လုံးကြားလိုက်ကြရပါတယ်။ အဲ့ဒီ မဆလရဲ့ နောက်ဆုံးအရေးပေါ်ညီလာခံမှာ ဗိုလ်နေဝင်းက လွန်ခဲ့တဲ့ အချိန်ကာလတစ်ခုတုန်းကတည်းက အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ကွပ်ကဲရေးအဖွဲ့မှာ ကိုယ်တိုင်ပါဝင်ခဲ့ကြတဲ့ ဗိုလ်လှဟန်၊ ဗိုလ်ကျော်စိုး၊ ဗိုလ်စောမြင့်တို့ကို သီးသန့်ခေါ်ယူပြီး "အဲ့ဒီနေ့ကအဖြစ်အပျက်မှာ မင်းတို့ပါဝင်ခဲ့ကြသမျှ သိသမျှ ရေးကြစမ်း" လို့ ခိုင်းပြီး တင်ပြချက်တွေ ရယူထားတာရှိကြောင်း ထုတ်ဖော်ပြောဆိုရင်း သမဂ္ဂကြီးကို ဗုံးနဲ့ခွဲခဲ့တဲ့ အဓိကတရားခံဟာ ဗိုလ်အောင်ကြီးပဲဖြစ်တယ်လို့ ဖော်ညွှန်းပြောဆိုသွားခဲ့ပါတယ်။ အဲ့ဒီကာလမတိုင်ခင်ကတည်းကစပြီး သမဂ္ဂရဲ့အရိုးတွန်သံလာမှာမှန်း သိနေတဲ့ ဒုတိယခေါင်းဆောင်ဖြစ်သူ ဗိုလ်အောင်ကြီးကလည်း ဗိုလ်နေဝင်းထုတ်ဖော်မပြောဆိုမီကာလကတည်းက "သမဂ္ဂကြီးကို ဗုံးနဲ့ခွဲပြီး ဖြိုဖျက်ခဲ့တဲ့ကိစ္စမှာ သူ မဟုတ်ရကြောင်း၊ ဥက္ကဋ္ဌကြီးလည်း ဟုတ်ဟန်မတူ၊ ဗိုလ်ကျော်စိုးပဲ လုပ်လိုက်တာဖြစ်မယ်" ဆိုတဲ့သဘောမျိုး ထမင်းရည်ပူလျှာလွှဲပြတဲ့ ကိုယ်လွတ်ရုန်းမှုတွေကို တိုးတိုးတစ်ဖုံ ကျယ်ကျယ်တစ်မျိုး ပြောဆိုကြိုးစားနေခဲ့ရတာ အားလုံးသိကြတဲ့အတိုင်းပါပဲ။

ဗိုလ်နေဝင်းကတော့ 'ဓားဓားချင်း လုံလုံချင်း' ဆိုတဲ့မိန့်ခွန်းကို ပြောကြားခဲ့ရတာကိုတောင် သူ့အပြောအရကတော့ သူကခေါင်းဆောင်မို့ စုပေါင်းလုပ်တာကို တာဝန်ယူတဲ့အနေနဲ့ ပြောရသလိုမျိုး ပုံဖော်ရှင်းလင်းသွားခဲ့ပါတယ်။ အမှန်ကတော့ ဗိုလ်နေဝင်းနဲ့ ဗိုလ်အောင်ကြီးဟာ သမဂ္ဂကြီးကို မိုက်မိုက်ရိုင်းရိုင်း ဗုံးနဲ့ခွဲ ဖျက်ဆီးခဲ့တဲ့ အယုတ်တမာအမှုကြီးမှာ တစ်ယောက်က နံပါတ်တစ်တရားခံ ဆိုရင် ကျန်တစ်ယောက်က နံပါတ်နှစ်တရားခံပါပဲ။ သမိုင်းတရားခံတွေအဖြစ်ကတော့ ပြေးမလွတ်ပါ။ ဒါတွေကနေ ဘာကိုဖော်ပြနေသလဲဆိုတော့ မတရားမှု၊ ယုတ်မာမှုကို ကျူးလွန်ခဲ့ကြတဲ့ စစ်တပ်လူကြီးတွေဟာ နောက်ဆုံးအချိန်ထိ ဒီအရေးတော်ပုံကြီးရဲ့ အရိုးတွန်သံတွေကို အဖန်ဖန်အထပ်ထပ် ကြားနေရရင်း အသေအလဲ ခုခံကာကွယ် ငြင်းဆန်နေရရင်း အဆက်မပြတ်သွေးပျက်ချောက်ချားနေခဲ့ရတယ် ဆိုတာကို ဖော်ပြနေတာပါပဲ။ နောက်ဆုံးထွက်သက်တွေအထိလည်း သွေးပျက်ချောက်ချားသွားကြရမှာ အသေအချာပဲဖြစ်ပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီးကာလအတွင်းတုန်းကလည်း မဆလနောက်ဆုံးသမ္မတကြီး လုပ်ခဲ့တဲ့ ဒေါက်တာမောင်မောင်က တိုက်ပွဲဝင်ကျောင်းသားထုကို လေပြည်ထိုးတဲ့အနေနဲ့ ကျောင်းသားသမဂ္ဂအဆောက်အဦကို ပြန်လည်ဆောက်လုပ်ဖို့ အတူလက်တွဲပြီး ပျော်ပျော်ပါးပါး ပန္နက်ချကြရအောင် လို့ မရဲတရဲ သွေးတိုးစမ်းကြည့်ခဲ့ဖူးပါသေးတယ်။ ကျောင်းသားတွေကို သတ်ဖြတ်ပြီး လက်မှာသွေးအထပ်ထပ်စွန်းနေသူတွေနဲ့အတူ၊ လက်ရှိလည်း အသတ်ခံနေဆဲဖြစ်တဲ့ စစ်မှန်တဲ့ကျောင်းသားတွေဟာ ကျောင်းသားသမဂ္ဂအဆောက်အဦကြီးကို ပြန်ဆောက်ဖို့ ဘယ်လိုလုပ်ပြီး ပျော်ပျော်ပါးပါး အုတ်မြစ်ချ ပန္နက်ရိုက်ပြနိုင်ပါ့မလဲ။ ဒေါက်တာမောင်မောင်ရဲ့စကားဟာ အကောင်းဆုံးပြက်လုံးတစ်ခုလိုပဲဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒါကလည်း ဘာကိုဖော်ပြနေသလဲဆိုတော့ . .

ကျောင်းသားသမဂ္ဂအဆောက်အဦကြီးကိစ္စဟာ အာဏာရှင် ဖောက်ပြန်ရေးသမားအုပ်စိုးသူတွေရဲ့ ရင်တွေထဲမှာလည်း လုံးဝဖျောက်ဖျက်ပစ်လိုက်လို့ မရတဲ့ ကိစ္စကြီးအဖြစ် ဆန့်ကျင်ဘက်ကနေ အသိအမှတ်ပြုထားရရင်း အမြဲလိုလို ချောက်ချားသွေးပျက်နေရတဲ့သဘော။ တစ်နေ့နေ့မှာ မုချကို မလွဲမသွေ ပြန်လည်ပေးဆပ်ရမယ့် သွေးကြွေး၊ သမိုင်းကြွေး ရှိနေတာကို လက်ခံအသိအမှတ်ပြုထားလိုက်ရတဲ့ သဘောလို့ ယူဆချင်ပါတယ်။

၇ ရက် ဇူလိုင်အရေးတော်ပုံကြီးဟာ နောက်နှစ်မှာဆိုရင် ၅၂ နှစ် တင်းတင်းပြည့်ပါတော့မယ်။

တော်လှန်တဲ့ ကျောင်းသားလှုပ်ရှားမှု ကျောင်းသားသမိုင်းနဲ့ ဆက်စပ်နေတဲ့ ကျောင်းသားတွေရဲ့ အရေးတော်ပုံနဲ့ သပိတ်တွေကို သင်္ကေတပြု၊ အမှတ်အသားပြုပြီး ဖော်ပြကြည့်မယ်ဆိုရင် . .

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး ခေတ်ကာလတုန်းကတော့ ၁၉၃၆ ကျောင်းသားသပိတ်ကြီးရဲ့ အမှတ်အသားဟာ ကိုနု၊ ကိုအောင်ဆန်း၊ ၁၉၃၈ အထွေထွေသပိတ်အရေးတော်ပုံကြီးရဲ့ အမှတ်အသားဟာ ကိုဗဟိန်း (သခင်ဗဟိန်း)၊ ကိုလှရွှေ (ဒေါက်တာလှရွှေ) လို့ ဆိုကြပါတယ်။

ဒီလိုဆိုရင် ဗမာပြည် လွတ်လပ်ရေးကြေညာပြီးနောက်ပိုင်း စစ်အာဏာရှင်အုပ်စိုးမှုဆန့်ကျင်ရေး တိုက်ပွဲတွေအတွင်းက ၁၉၆၂ ၇ ရက် ဇူလိုင်အရေးတော်ပုံကြီးရဲ့ အမှတ်အသားဟာ ဘယ်သူတွေဖြစ်မလဲ။ ကျွန်တော်ကတော့ ကျွန်တော်တစ်ဦးချင်းအမြင်အရ ၁၉၆၂ ၇ ရက် ဇူလိုင်အရေးတော်ပုံကြီးရဲ့ အမှတ်အသားကတော့ ကိုသက် (ဗကသ)၊ ကိုဗဆွေလေး (တကသ) လို့ပဲ ဆိုလိုက်ချင်ပါတယ်၊ သတ်မှတ်လိုက်မိပါတယ်။


နောက်ထပ် အမြဲလိုလို အမှတ်ရနေသင့်တာတစ်ခုကတော့ စစ်တပ်ရဲ့ ပစ်ခတ်မှုကြောင့် ဒဏ်ရာပြင်းပြင်းထန်ထန်ရနေတဲ့ကြားက မြောင်းမြသား တက္ကသိုလ်ကျောင်းသား ကိုကျော်ဝင်းဟာ သူ့ခန္ဓာကိုယ်ပေါ်က စီးကျလာတဲ့ သွေးတွေနဲ့ မန္တလေးဆောင်နံရံပေါ်မှာ ရေးထိုးပြသွားခဲ့တဲ့ ၇ ရက် ဇူလိုင် မမေ့ကြနဲ့ . . ဆိုတဲ့ သွေးသစ္စာကမ္ပည်းစာတန်းလို့ပဲ ဆိုလိုက်ချင်ပါတယ်။

**ဝင်းတင်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



# ကဗျာများနှင့် စကားပြောခြင်း

၁

◆ လေးကိုတင်

ယနေ့ မြန်မာကဗျာဆရာများသည် မိမိတို့ခေတ်၏ပြယုဂ် အဖြစ်ရပ် တည်နေကြပြီး မျက်စိကိုဖွင့် နားကိုစွင့်လျက် တွေ့မြင်ကြားသိနေရသောအရာမှန်သမျှကို ထင်ဟပ်တုံ့ပြန်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက် မိမိတို့လူ့အဖွဲ့အစည်း၏သမိုင်းမှတ်တမ်းများကြားဝယ် အမှန်တရား၏ ရှေ့ဆောင် ရှေ့ရွက်များပမာ တွေးတော ကြံဆရင်း စိတ်ကူးစိတ်သန်းများကို လွတ်လွတ်လပ်လပ်ခံစား တင်ပြနေပါသည်။

မဂ္ဂဇင်းစာမျက်နှာများပေါ်မှ ကဗျာအလင်္ကာများသည် ခေတ်ကို ထင်ဟပ်ရိုက်ခတ်လာသော ဤမှန်သောသစ္စာစကားကို ရဲဝံ့စွာ ပြောဆိုနေကြသည်နှင့်တူပါသည်။ ၂၀၁၄ မေလထုတ် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှ 'လှိုင်းသစ်' ၏ 'သတိပေး ကြေညာချက်' ကဗျာ၊ ၂၀၁၄ ခုနှစ် မေလထုတ် လှိုင်းသစ်မဂ္ဂဇင်းမှ 'ကွန်စစ်ကောင်း' ၏ '၁/၄ ဒီမိုကရေစီ' ကဗျာနှင့် 'ညီခ'၏ 'ခေတ်အဆက်ဆက်ဟာ ငါတို့ဟာ ကစားစရာတွေပဲ' ကဗျာ၊ နောက်ဆုံး ၂၀၁၄ ခုနှစ် ဧပြီလထုတ် စုံနံ့သာမဂ္ဂဇင်းမှ 'ကျော်ရဲ' ၏ 'အတိုက်အခိုက်တွေကြားထဲက အတိုက်အခံ' ကဗျာများသည် လက်ရှိလူမှုလက်တွေ့ဘဝများကိုတစေ့တစောင်းပြန်ပြောင်းပြောပြနေပါသည်။

'လှိုင်းသစ်'က ပြောပါသည်။ '၈၈ အရေးတော်ပုံကြီးသည် လမ်းပေါ်က စင်ပေါ်ရောက်သွားတာကအစ အမျိုးသား ရင်ကြားစေ့ရေးအလယ် တော်လှန်ရေးမှသည် တည်ဆောက်ရေးအဆုံး ဘယ်စကားသုံးသုံး'' နောက်ဆုံးဒီမိုကရေစီရသွားပြီတို့ သဘောကောင်းတဲ့ သမ္မတကြီးတို့ ဆိုတဲ့ဘယ်စကားလုံးသုံးသုံး ကျွန်တော်တို့ရှုံးနေတုန်းပဲလို့ ကဗျာတစ်ထွာတစ်ခုတို့ဖြင့် လိုရင်းတိုရှင်း တင်ပြရေးဖွဲ့ထားပါသည်။ ကဗျာအဖွင့်တွင် ဖတ်လိုက်ရသော 'ဘယ်လိုစကားလုံးသုံးသုံး ကျုပ်တို့တွေ ရှုံးနေတုန်းပဲ' ကို ကဗျာအပိတ်တွင် ထပ်မံဖတ်ရှုရပါသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရတီမဂ္ဂဇင်းမှ မောင်သစ်လှိုင်း၏ 'ခေတ်ကို ကျည်ထောက်စွပ်ကြည့်တဲ့အခါ' ကဗျာကို သတိရသည်။ ကျွန်တော်တို့နှစ်ခါရှုံးနေပြီဖြစ်ကြောင်း ခံစားတင်ပြခဲ့ပါသည်။

၂၀၁၄ ခုနှစ် မေလထုတ် လှိုင်းသစ်မဂ္ဂဇင်းမှ ကွန်စစ်ကောင်း၏ '၁/၄ ဒီမိုကရေစီ' ကဗျာတွင် ယနေ့မိန့်ခွန်းတွေထဲမှာ၊ သတင်းစာတွေထဲမှာ၊ ဂျာနယ်တွေထဲမှာ ဖတ်ရှုနေရသော စကားလုံးတွေကို ကျည်ဆံတစ်တောင့်နှင့် နှိုင်းနှိုင်းပြီး တင်ပြထားပါသည်။

'ကျည်ဆံတစ်တောင့်
နှလုံးတည့်တည့်ကို လာမှန်ရင်
ချက်ချင်း သေနိုင်တယ် . . ဒါကရှင်းတယ်။
စကားလုံးတစ်လုံး
နှလုံးတည့်တည့်ကိုလာမှန်ရင်
ချက်ချင်းမသေနိုင်ဘူး၊ ဒါက နာတာရှည်ဒဏ်ရာရစေတယ်'

'ကွန်စစ်ကောင်း' ကပြောပါသည်။ မိန့်ခွန်းတွေရိုးသားပါရဲ့လားဆိုပြီး နိဂုံးချုပ်ပြလိုက်သည်။

''စကားလုံးတွေ
မရိုးမသားစကားလုံးတွေ
အဆိပ်အတောက်လူးထားတဲ့ စကားလုံးတွေ။ ။

လှိုင်းသစ်မဂ္ဂဇင်းမှာပင် 'ညီခ' ၏ 'ခေတ်အဆက်ဆက်ငါတို့ဟာ ကစားစရာတွေပဲ' ကဗျာရှိသေးသည်။ ခေတ်စနစ်အောက်တွင် မင်းနှင့်ပြည်သူဆိုသည်မှာ အုပ်စိုးသူနှင့် အုပ်စိုးခံဘဝများဖြစ်ပါသည်။ မင်းဆိုသောရှင်ဘုရင်က ဘယ်နှစ်ပတ် ပတ်ပတ်ရသည်။ ပြည်သူများက သူလှည့်ပတ်ဖြားယောင်းသမျှ ခံနေရသည်။ ထိုသဘောကို ကဗျာဆရာက ပြည်သူတွေအား ကစားစရာအရုပ်များပမာဖြစ်နေပုံကို တင်ပြရေးဖွဲ့ထားပါသည်။

အထူးသဖြင့် ယနေ့မြန်မာအစိုးရနှင့်မြန်မာပြည်သူတို့ဘဝသရုပ်ကို ပြယုဂ်ထား၍ ရေးဖွဲ့ထားသည်။ စကားလုံးများမှာ မကွေ့မဝိုက် ဒဲ့ရေးထားပါသည်။

''ခုထိ ဝတ်စုံပြောင်းပြီး ကစားနေဆဲ
အရပ်သားအစိုးရက ကစားနေတယ်
လွှတ်တော်က ကစားနေတယ်
ခရိုနီက ကစားနေတယ် . . ။''

နောက်ဆုံး တုတ်ထိုးအိုးပေါက်စကားလုံးများဖြင့် နိဂုံးချုပ်သည်။

''သမ္မတကြီးကပဲ မကြားတာလား
အုပ်ချုပ်သူလူတန်းစားတွေကပဲ နားခါးတာလား
အစိုးရအဆက်ဆက်သာ ပြောင်းသွားတယ်
နောက်ဆုံးတော့
ငါတို့ဟာ ကစားစရာတွေပဲ။ ။''

၂


ကဗျာဆိုသည်မှာ ခေတ်အဆက်ဆက်တွင် မျက်စိကို ဖွင့်ထားသောအရာ ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်တွင်လည်း ထို့အတူ။ လက်ဝဲသုန္ဒရတို့၊ အချုပ်တန်းဆရာဖေတို့ ကဗျာများရှိသည်။ မင်းပြစ်မင်းဒဏ်သင့်သော 'မဲဇာတောင်ခြေ . . စီးထွေထွေတည့်' ကဗျာ။ ကိုလိုနီအင်္ဂလိပ်လက်အောက်ကျရောက်သွားသော အမိမြန်မာပြည်အတွက် 'သေသော်မှတည့် ဩော်ကောင်း၏' ကဗျာ။ ကိုလိုနီခေတ်တွင်လည်း ထို့အတူပင်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများ၊ တက္ကသိုလ်ကျောင်းတော်ကြီးမှ အိုးဝေမဂ္ဂဇင်းကဗျာများ။ လွတ်လပ်ရေးခေတ်တစ်လျှောက်တွင်လည်း ထို့အတူပင်ဖြစ်သည်။ ဒဂုန်တာရာ၊ ဒေါင်းနွယ်ဆွေ၊ ညွှန့်ကြူ၊ ဂုဏ်ဝင်း နေသွေးနီ၊ မောင်ယဉ်မွှန်တို့ ကဗျာများ။ (ပြည်တွင်းစစ်နှင့်ငြိမ်းချမ်းရေး၊ ဖျူရိုကရက်နှင့် လူတန်းစား ကိုလိုနီခေတ်လွတ်လပ်ရေးသူရဲကောင်းများနှင့် ဖောက်ပြန်သူများအကြောင်း ကဗျာများဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com





ပြောရလျှင် မဆလခေတ်တစ်လျှောက်လုံးတွင် မင်းနှင့်ပြည်သူကြား၌ အမုန်းတရားဘက်ရပ်ခဲ့သော ကဗျာအလင်္ကာများ ရှိခဲ့ဖူးပါသည်။ သို့သော် ကမ္ဘာ့အရေးအခင်းများကို ထောက်ရှု၍ ခံစားရေးဖွဲ့သော ကဗျာများ။ (အဏုမြူဗုံးဒဏ်သင့်သော ဟီရိုရှီးမား၊ လူဖြူလူမည်းခွဲခြားသော တောင်အာဖရိက၊ မီးလောင်ပုံး၊ ဒိန်ဘင်ဖူး တိုက်ပွဲ၊ ငုယင်ဗန်ထရိုင်းတို့၏ ဗီယက်နမ်စသဖြင့် လှမ်းမြင်ကြားသိရင်း ခံစားရေးဖွဲ့သော ကဗျာများ ဖြစ်သည်။)

နောက် ●● မိုးဝေမဂ္ဂဇင်းမှ မျိုးဆက်သစ်ကဗျာများ။ (ထိုကဗျာများသည် အမိဇာတိမြေမှ ခေတ်ပြိုင်ဘဝရုပ်ပုံကားချပ်များနှင့် နိုင်ငံတကာရုပ်ပုံကားချပ်များပါ ခံစားရေးဖွဲ့ကြပါသည်။)

မဆလခေတ်တွင် စာပေစိစစ်ရေးဆိုသော 'ဖြုတ်၊ ဖြဲ၊ ဖျက်' အမိန့်ကြော်ငြာများအောက်တွင် မျိုးဆက်သစ်ကဗျာများသည် နိမိတ်ပုံ၊ သင်္ကေတ၊ ကာရန်နဘေများဖြင့် သွယ်ဝိုက်ရေးသားခဲ့ကြရသည်။ နောက်ဆုံး ဖယောင်းပုံနှိပ် (ဂတ်စတင်နာ) ကဗျာများပင် ထွက်ပေါ်လာခဲ့သည်။ တက္ကသိုလ်၊ ကောလိပ်များတွင်လည်း တခဲနက်ထွက်လာခဲ့ကြသည်။

(စကားမစပ်) ဖယောင်းပုံနှိပ်ကဗျာများသည် ၁၉၆၂ ခုနှစ်၊ ဇူလိုင် ၇ ရက် ကျောင်းသားအရေးတော်ပုံမှစ၍ ထွက်လာခြင်းဖြစ်သည်။ 'တက္ကသိုလ်ဝန်းကျင် ကဗျာများ၊ ရင်ပြင်နီကဗျာများ' စသဖြင့်၊ နောက် ၁၉၇၂ ခုနှစ် မိုးဝေမဂ္ဂဇင်းမှ ခွဲထွက်လာသော ကဗျာများ၊ 'မတ်လအရိပ်၊ နွေဦးသစ်မှာ ပေါ်တဲ့ ပွင့်သစ်၊ စက်တင်ဘာမုန်တိုင်း၊ ဖီးကွက်ငါးကောင်၊ ပန်းနုရောင်နှစ်ကာလများ၊ သစ်ရွက်သေပေါ်မှ ရက်စက်သော ဂီတသံ' အစရှိသော ကဗျာစာအုပ်များ။

ယနေ့မဂ္ဂဇင်းစာမျက်နှာများတွင် ထိုသို့သောကဗျာအလင်္ကာများလို ခေတ်ပြိုင်ကဗျာဆရာ၊ ဆရာမများက ခံစားရေးဖွဲ့ရင်းတင်ပြနေကြပါသည်။ မဂ္ဂဇင်းစာမျက်နှာများသာမက အခြားအခြားသော နှစ်ပတ်လည်အရေးတော်ပုံများ။ (၈ လေးလုံးအမှတ်တရ၊ ငွေရတု မဂ္ဂဇင်းများ)၊ အောက်မေ့ဖွယ် လူပုဂ္ဂိုလ်များ။ (ဘုန်းမော်၊ သက်ဝင်းအောင်၊ ထွန်းအောင်ကျော်)၊ အဖြစ်အပျက်ကြီးများ။ (နာဂစ်၊ လက်ပံတောင်း၊ မြစ်ဆုံ၊ စစ်ဘေးဒုက္ခသည်များ) စသဖြင့် ရေးဖွဲ့လာကြပါသည်။

နောက်ဆုံးအနေဖြင့် ၂၀၁၄ ခုနှစ်၊ မေလထုတ် ခေတ်ရနံ့မဂ္ဂဇင်းမှ 'ကိုရွှေး'၏ 'ရေကြည်ရာ မြက်နုရာ ကျည်ဆံတွေ ရောက်လာကြ' ကဗျာတွင် လက်ပံတောင်းအရေးတော်ပုံကို ခံစားရေးပြခဲ့ပါသည်ကို ပြောချင်ပါသည်။ လယ်သိမ်း၊ မြေသိမ်း၊ တောင်ဖြို၊ လယ်တီကျောင်းဖျက်ခဲ့ကြသောအခါ လယ်သမား၊ ယာသမား၊ ရွာသူရွာသားများနှင့် ရဟန်းများက ဆန္ဒပြကြသည်။ လုံထိန်းများက ဖြိုခွဲသည်။ ကဗျာဆရာက စပြောပါသည်။ လုံထိန်းရဲတစ်ယောက်၏ဘက်မှ လှမ်းပြောခြင်းဖြစ်သည်။

ကျွန်တော်က ဝတ်စုံပြည့်နဲ့၊ ခါတ်ငွေ့ကာမျက်နှာဖုံးနဲ့
ကျွန်တော် ဘယ်တတ်နိုင်ပါ့မလဲ၊ ကျွန်တော် ဘယ်ပျော်ပါ့မလဲ
အုန်းသီးထဲ အုန်းရည်တွေ ရောက်လာသလို
ကျွန်တော့်မျက်နှာဖုံးထဲ မျက်ရည်တွေနဲ့
ကျွန်တော့်နိုင်ငံမှာ မျက်နှာဖုံးတွေနဲ့။ ။ပြ

**လေးကိုဇင်**



www.burmeseclassic.com

www.burmeseclassic.com




# The Scarlet Letter

မဟာဂန္ထဝင် (၄၂)
**သွေးနီရောင်စာလုံး**
(THESCARKET LETTER)
**ရေးသူ** – နသန်နီရယ်ဟောသရွန်း
(NATHANIEL HAWTHRONE)
**ထုတ်ဝေနှစ်** – ၁၈၅၀ (၁၈၅၀)
◆ စိုးငွေ

'၁၈၅၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် သွေးနီရောင်စာလုံး ဝတ္ထုကြီးကို ဟောသရန်းရေးသားပြီးစီးခဲ့သည်။ ထိုနေ့ညနေပိုင်းတွင် ဝတ္ထုကြီး၏ ဇာတ်သိမ်းခန်းကို ဇနီးဖြစ်သူအား ဖတ်ပြခဲ့၏။ ထုံးစံအတိုင်းပင် ဘာသာတရားကိုင်းရှိုင်းသော ဇနီးသည်က ဝတ္ထုအနုပညာဖန်တီးမှုတွင်ပါဝင်စွက် ဖက်လေ့မရှိ။ သို့သော် ထိုညနေခင်းကမူ ဇနီးဖြစ်သူက ဒီဝတ္ထုကြောင့် ကျွန်မအသည်းတွေတော့ ကွဲကြေကုန်ပါပြီဟု ညည်းတွားရင်း မူးမေ့သွားတော့၏။ သို့ဖြင့် သူမကို အိပ်ရာဆီသို့ ပွေ့ချီပို့ရင်း၊ ဝတ္ထုကတော့ အတော်အောင်မြင်သွားပြီဟု ဥဒါန်းကျူးမိကြောင်း ဟောသရန်းက ရေးပြခဲ့ဖူးပါသည်။'

ရန်းဒေါစတီးဝပ်၏ 'နသန်နီရယ် ဟောသရှန်း'

Randall Steart,
Nathaniel Hawthrone

## Nathaniel Hawthorne



www.burmeseclassic.com

www.burmeseclassic.com

ဤ'သွေးနီရောင်စာလုံး' ဝတ္ထုကြီး ဖြင့်ပင် အမေရိကန်ရသစာပေသည် ပထမဆုံးသော မဟာဂန္ထဝင်စာရင်း ဝင်နိုင်ခဲ့ကြောင်း မည်သို့မျှ ငြင်းပယ်၍မရပေ။ ဤဝတ္ထုကြီးကဲ့သို့ ကျင့်ဝတ်ဆိုင်ရာနှင့် စိတ်ဓာတ်ရေးရာနယ်ပယ်အတွင်းသို့ လှည့်



လည်စူးစမ်းရှာဖွေနိုင်စွမ်းနှင့် ထူးခြားထင်ရှားသည့် ပုံစံသစ်အနုပညာလက်စွမ်းကို ယခင်ယခင်ပေါ်ခဲ့ဖူးသမျှ မည်သည့် အမေရိကန်ရသဝတ္ထုမှန်သမျှ အမီလိုက်နိုင်စွမ်း မရှိခဲ့ကြပေ။ အလားတူမည်သည့် ဥရောပဂန္ထဝင်မျှသည်လည်း ယှဉ်တုဖက်ပြိုင်နိုင်စွမ်းမရှိခဲ့ကြပေ။ ဟောသရုန်းဝတ္ထု၏ ဦးတည်ချက်များဖြစ်ကြသည့် စိတ်ဓာတ်ကျဆင်းမှု၊ ကြိတ်၍ခံစားနေရတတ်သော လူ့သဘာဝ၊ ကြိတ်၍ ယိုယွင်းပျက်စီးနေတတ်သော ကိုယ်ကျင့်တရား၊ အာဏာပိုင်များနှင့် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ရလိုသူများ၏ ပဋိပက္ခများ၊ ပြွန်းတီးနေသော လူ့အဖွဲ့အစည်းစသည်တို့အပေါ် ဆွတ်ပျံ့လွမ်းမောဖွယ်ရာဖြစ်အောင် အနုပညာမြောက်စွာ ဖန်တီးရေးဖွဲ့ပြမှုများက အမေရိကန်စာပေလောကအပေါ် ကြီးစွာလွှမ်းမိုးဩဇာသက်ရောက်ခဲ့သည်။ ဤသို့ဖြင့် မဲလ်ဗီး (MELVILLE)၊ ဖော့ကနာ (EAULK-NER)၊ ဖစ်ဂျရယ် (FITZGERALD)၊ အယ်လီဆန် (ELLISON)၊ ပင်ချွန် (PYN-CHON) စသည့်ဂန္ထဝင်ရသဝတ္ထုဖန်တီးသူ ဆရာများ ဟောသရုန်း၏အနုပညာနောက်သို့ ကောက်ကောက်ပါအောင် လိုက်လာခဲ့ကြတော့သည်။ သူတို့သည် ဥရောပသရုပ်မှန်စာပေလမ်းကြောင်းမှ ခွဲထွက်ကာ သင်္ကေတနိမိတ်ပုံဆန်သည့် ခေတ်သစ်ဒဏ္ဍာရီပုံဟန်များဆီသို့ ဦးတည်လှည့်ပြောင်းလာခဲ့ကြ၏။

စာရေးဆရာဟောသရုန်းအနေဖြင့် မဟာဂန္ထဝင်ရသဝတ္ထုကြီးတစ်ပုဒ် ဖန်တီးနိုင်စွမ်းရှိခဲ့ခြင်းမှာ သူ၏စာပေအနုပညာ ဖန်တီးနိုင်စွမ်းရှိရန် ကြိုးပမ်းအားထုတ်မှုသက်သက်ကြောင့်ချည်း မဟုတ်။ သူ၏ မိသားစုအသိုင်းအဝိုင်းနှင့် ငွေရေးကြေးရေး အနေအထားများ၏ပံ့ပိုးမှုကြောင့်လည်း ဖြစ်နိုင်ပေသည်။ ၁၈၂၈ ခုနှစ်တွင် သူ၏ BOWDOIN COLLEGE ကျောင်းသားဘဝအတွေ့အကြုံများကို အခြေခံရေးဖွဲ့ထားသည့် ပထမဆုံးဝတ္ထု 'FANSHAWE' ကို စာရေးဆရာ အမည်နာမမပါဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ စာရေးဆရာ၏အမည်နာမမပါသည့် သူ၏ဝတ္ထုကို ပရိသတ်က လက်မခံသည့်အခါ သူကိုယ်တိုင်စာအုပ်များကို လိုက်လံပြန်လည်ဝယ်ယူပြီး မီးရှို့ဖျက်ဆီးပစ်ခဲ့၏။ ထိုစဉ်က နိုင်ငံတကာစာပေမူပိုင်ခွင့်ဥပဒေမရှိသေးသည့်အလျောက် ဗြိတိသျှနာမည်ကြီးစာရေးဆရာ ဆာဝါလ်တာ စကော့ (SIR.W.SCOTT) ချားလ်စ်ဒစ်ကင်း (CHARLES DICKEN) တို့၏ ခိုးကူးစာအုပ်များသာ ဈေးကွက်တွင် အရောင်းတွင်ကျယ်ခဲ့၏။ ဒေသခံ အမေရိကန် စာရေးဆရာများ၏စာပေများမှာ ဈေးကွက်တွင် မတွင်ကျယ်နိုင်ခဲ့ကြပေ။ သို့ဖြင့် ဟောသရုန်းသည် သူ၏ဝတ္ထုတိုများကို NEW ENELAND မဂ္ဂဇင်းနှင့် သတင်းစာတို့တွင် ထည့်သွင်းရေးသားခဲ့ရ၏။ ၁၈၃၇ ခုနှစ်ရောက်မှသာ ဘော်စတွန် စာအုပ်လက်ဆောင်ပေးရေးအဖွဲ့တစ်ဖွဲ့က ထုတ်ဝေပေးသဖြင့် သူ၏ပထမဆုံးဝတ္ထုတိုစုစည်းမှု စာအုပ်ဖြစ်သည့် 'TWICE-TOLD TACES' စာအုပ် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

၁၈၃၂ ခုနှစ်မှ ၁၈၃၇ ခုနှစ်အတွင်း တက္ကသိုလ်တက်ရောက်နေစဉ်ကာလများက ဟောသရုန်းသည် မက်ဆာချူးဆက်ပြည်နယ် SALEM အရာရှိ မိခင်ဖြစ်သူ၏နေအိမ်တွင် နေထိုင်ရင်း စာဖတ်စာရေးနေခဲ့၏။ ထိုစဉ်က ကိုယ်ကျင့်တရားပြဿနာများ၊ ဘဝဖြစ်တည်မှုဆိုင်ရာ အယူအဆများ၊ သမိုင်းပညာရပ်များကို လေ့လာရင်း သူ့ဝတ္ထုများ၏ဇာတ်ကောင်သဘာဝများနှင့် ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအခြေအနေများကို ဖန်တီးရေးဖွဲ့နိုင်ရန် ကြိုးပမ်းခဲ့၏။ ထိုစဉ်က သူဖတ်ရှုရေးဖွဲ့ခဲ့သည့် အတိတ်က PURITAN သူတော်စင်ကျင့်ဝတ်များ၊ အကုသိုလ်တရားဆိုင်ရာ စဉ်းစားဖွယ်ရာများ၊ နှလုံးသားနှင့် ဦးနှောက်ခံစားမှုနှင့် ဆင်ခြင်တုံတရားတို့၏ ပဋိပက္ခများ၊ လူ့သဘောသဘာဝဆိုင်ရာ ဇာတ်ကောင်စရိုက်များ၊ လူမှုဘဝပတ်ဝန်းကျင်အနေအထား၊ စူးစမ်းလေ့လာမှုများ စသည့်အလုံးစုံသော အကြောင်းအချင်းအရာတို့သည် နောင်သူရေးဖွဲ့မည့် 'သွေးနီရောင် စာလုံး' ဝတ္ထုကြီး၏ အခြေခံအချက်အလက်များ ဖြစ်လာခဲ့တော့သည်။

ယင်းသို့ လေ့လာလက်ခံထားသည့် အယူအဆအများနှစ်သက်စွဲလမ်းသည့် ဇာတ်ကောင်စရိုက်များ၊ ပတ်ဝန်းကျင် အခြေအနေများကို အခြေပြုသည့် ဝတ္ထုတို၊ ဒဏ္ဍာရီဇာတ်လမ်းများကို ရေးဖွဲ့ရင်းဖြင့်ပင် ရေးဟန်သစ်၊ ဝတ္ထုပုံစံသစ်၊ ဇာတ်ကွက်သစ်များ ဖန်တီးနိုင်ရန် ကြိုးပမ်းခဲ့ပြန်သည်။ ထို့ကြောင့် အင်္ဂလိပ်ရသဝတ္ထုကြီးများ၏ ကြီးကျယ်ခမ်းနားမှုသည် DRAMA ဇာတ်ကွက်၊ ဇာတ်လမ်းနှင့် Epic ဒဏ္ဍာရီပုံပြင်ကြီးများအပေါ်တွင် အခြေပြုပေါက်ဖွားလာသည်ဆိုပါလျှင်၊ ၄င်းတို့ ခေတ်ဟောင်းဝတ္ထုများနှင့် ကျွမ်းကျင်စွာပုံဖော်ရေးစပ်




www.burmeseclassic.com

ဖြစ်သော ရိုင်ဗင်း ( WASHINGTON IRVIN)၊ ပောသရုန်းနှင့် အယ်လင်ပိုး (EDEAR ALLBN POE) တို့ကိုပင် ကျော်ဖူးတင်ရမည် ထင်ပါသည်။ ထို့ကြောင့် 'သွေးနီရောင်စာလုံး' မဟာဂန္ထဝင်ဝတ္ထုကြီး၊ ဂန္ထဝင်မြောက်လာစေရန် ဟောသရုန်းရေးခဲ့သည်။ ဝတ္ထုတို၊ ဒဏ္ဍာရီဇာတ်လမ်းများစွာက ပံ့ပိုးဖြည့်ဆည်းပေးခဲ့ခြင်းပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဟောသွန်း၏ 'အနီရောင်စာလုံး' ဝတ္ထုကြီး ပေါ်ပေါက်လာရခြင်းတွင် ရှောင်တခင်အကြောင်းရင်းတချို့လည်း ရှိခဲ့သည်။ ၁၈၄၂ ခုနှစ်တွင် ဟောသွန်းသည် ဆိုဖီရာ (SOPHIA PEABODX) ဆိုသူ အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့ရာ စာရေးခြင်းအလုပ်တစ်ခုတည်းဖြင့် အိမ်ထောင်တစ်ခုကို ထိန်းသိမ်းတာဝန်ယူနိုင်စွမ်း မရှိခဲ့ပေ။ သို့ဖြင့် ၁၈၄၆ ခုမှ ၁၈၄၉ ခုအထိ SALEM အခွန်အကောက်ကုမ္ပဏီတစ်ခုတွင် ဝင်ရောက်အမှုထမ်းခဲ့၏။ ထို့ပြင် ဒီမိုကရက် အမတ်လောင်းတစ်ဦးအဖြစ် ရွေးကောက်ပွဲဝင်ရာတွင် WHIG ပါတီအမတ်လောင်းကို ရှုံးနိမ့်ခဲ့၏။ ထို့ပြင် ရွေးကောက်ပွဲယှဉ်ပြိုင်မဲဆွယ်စဉ်ကာလအတွင်း WHIG ပါတီက ဟောသွန်းကို 'လိမ်လည်မှု၊ လာဘ်စားမှု' တို့ဖြင့် လုပ်ကြံစွပ်စွဲတိုက်ခိုက်ခဲ့သဖြင့် ကုမ္ပဏီမှ အလုပ်ဖြုတ်ခြင်း ခံခဲ့ရသည်။ ထိုသို့အမည်အဖျက်ခံရပြီး အဆုံးအရှုံးမျိုးစုံနှင့် ရင်ဆိုင်နေရချိန်တွင် သူ၏ဂုဏ်သိက္ခာဆယ်တင်ရေးနှင့် အကြပ်အတည်းများ ဖြေရှင်းရေးအတွက် ဟောသွန်းသည် စာရေးခြင်းအလုပ်ထဲတွင် သူ့ကိုယ်သူ ပြန်လည် နစ်မြှုပ်ခဲ့ရသည်။ ဤမှာပင် ဟောသွန်း၏ 'သွေးနီရောင် စာလုံး' ဝတ္ထုကြီး ထွက်ပေါ်လာခဲ့ရခြင်း ဖြစ်သည်။

အဆိုပါ 'သွေးနီရောင် စာလုံး' ဝတ္ထုကြီး၏အဓိကဦးတည်ချက်ကို သူအနှစ်နှစ်အလလ စုဆောင်းလာခဲ့သည့်မှတ်တမ်းစာအုပ်လေးမှ ရယူခဲ့ခြင်းဖြစ်၏။ ၁၈၄၉ ခုနှစ်၊ စက်တင်ဘာလတွင် ဝတ္ထုဇာတ်လမ်းကို စတင်ရေးချစဉ်မှာပင် သူ၏အမျိုး




**သူတော်စင်တစ်ပါး အဖြစ် အများယုံကြည် လေးစားခံခဲ့ရသော အာသာသည် ချစ်ဆိပ်တက်နေချိန် ကျူးလွန်မိခဲ့သော အမှားကိုဝန်ခံရန် တွေဝေခဲ့သော်လည်း အက်စတာသေဒဏ်ပေး ခံရပြီးနောက် ကြိုးစင်ပေါ်သို့တက်ကာ သူချစ်သူနောက် ပါသွားခဲ့ရှာသူဖြစ်သည်။**

သမီးဇာတ်ကောင် အက်စတာ ပရင်းနီး (ခယ) အကြောင်းဖြင့် ဖွင့်လှစ်ခဲ့၏။ 'ဤသည်မှာ အမျိုးသမီးတစ်ဦး၏ဘဝဇာတ်ကြောင်းပင် ဖြစ်၏။ ထိုခေတ်ကာလ ကိုလိုနီဥပဒေအရ သူမ၏အင်္ကျီပေါ်တွင် သွေးနီရောင် A ဆိုသောစာလုံးကို ရေးထိုးထားပေသည်။ အဆိုပါ သွေးနီရောင် A စာလုံး၏ဆိုလိုရင်းမှာ ဤမိန်းမသည် အိမ်ထောင်ရေးဖောက်ပြန်ပျက်စီးနေသူ မိန်းမယုတ်တစ်ဦးဖြစ်၏ဟူသော အဓိပ္ပါယ်သက်ရောက်ပေသည်။'

ဤ 'သွေးနီရောင် စာလုံး' ဝတ္ထုကို ထုတ်ဝေသူဖြစ်လာမည့် ဂျိမ်းစ်ဖီးလ် (ခယ) သည် သွန်းဟော၏ ရေးလက်စစာမူအပိုင်းအစများကို ဖတ်ရှုကြည့်ပြီး ဆက်လက်ချဲ့ထွင်ရေးဖွဲ့ရန် အားပေးရင်း သီးသန့်စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေပေးရန် ကတိပြုခဲ့၏။ သူ၏ကတိအတိုင်း ၁၈၅၀ ခုနှစ် ဖေဖော်ဝါရီလတွင် 'သွေးနီရောင်စာလုံး' ဝတ္ထုကို ထုတ်ဝေလိုက်သည့်အခါ ချက်ချင်းပင် အကြီးအကျယ် ပေါက်ရောက်အောင်မြင်သွားတော့၏။ ပထမဆုံးထုတ်ဝေသည့်အုပ်ရေ (၂၅၀၀) မှာ (၃) ရက်အတွင်း ရောင်းကုန်သွားတော့၏။ ထိုနှစ်မကုန်မီအတွင်း နောက်ထပ် (၂) ကြိမ်ထပ်မံထုတ်ဝေခဲ့ရပြန်သည်။ သို့သော် ဟောသွန်းမကွယ်မီအတွင်း စောင်ရေ (၇၅၀၀) အထိသာ ထုတ်ဝေနိုင်ခဲ့ပြီး ဒေါ်လာ (၁၃၀၀)မျှသာ ရရှိခဲ့၏။ သို့တိုင် MOBY-DICK THE ADVENTURES စာအုပ်များကဲ့သို့ပင် အမေရိကန်စာပေလောကတွင် ယနေ့တိုင် အဆက်မပြတ် ထုတ်ဝေရောင်းချရနေဆဲ စာအုပ်ဖြစ်နေပေတော့သည်။

ဟောသွန်း၏အနုပညာဖန်တီးမှုဆိုင်ရာ မဟာဗျူဟာသည် အဓိကအားဖြင့် စိတ်ကူးယဉ်မှုနှင့် ပကတိဘဝအကြောင်းအချက်များကို ပေါင်းစပ်ပေးခြင်းဖြစ်၏။ 'သွေးနီရောင်စာလုံး' ဝတ္ထုကြီးတွင် ဟောသွန်းသည် ဂိုးသစ် (GOTHIC) ခေတ်ဝတ္ထုပုံစံများပေါ်တွင် စိတ်ကူးကွန့်မြူးထားခြင်း ဖြစ်သည်။ ထိတ်လန့်အံ့ဩဖွယ်ရာ သို့



www.burmeseclassic.com

www.burmeseclassic.com

ဝှက်သည်းဖိုဇာတ်ကွက်ဇာတ်လမ်းများဖြင့် စိတ်ခါတ်ရေးရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အမြင်များအပေါ် စူးစမ်းလေ့လာခြင်းကို သရုပ်မှန်ဘဝအကြောင်းအချက်များဖြင့် ဘောင်ခတ်ထားခြင်းမျိုးဖြစ်၏။ သူ့ဝတ္ထု၏အဓိကဦးတည်ချက်မှာ PURITAN ကျင့်ဝတ်အစဉ်အလာအားကောင်းသည့် NEW ENGLAND နယ်တွင် မကောင်းမှုအကုသိုလ်တရား၏လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းအပေါ်အကျိုးသက်ရောက်မှုကို ပုံဖော်ရန်ဖြစ်သည်။ ဤသို့ပုံဖော်ရာတွင် အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်သူ အက်စတာသည် အဓိကဇာတ်ရုပ်ဖြစ်သည်။ ဤဇာတ်လမ်း၏အဓိကနောက်ခံကားသည် ၁၉၄၀ ခုနှစ်ဝန်းကျင်မှ ဘော့စတွန်နယ်ဖြစ်၏။

'အနီရောင်စာလုံး' ဝတ္ထုတွင် အဓိကဇာတ်ကောင် (၄) ဦးပါဝင်၏။ အမျိုးသမီးဇာတ်ကောင် အက်စတာ၊ သူ၏ချစ်သူ အာသာ၊ သူ၏ခင်ပွန်း ရော်ဂျာနှင့် သမီးဖြစ်သူ ပါးလ်တို့ဖြစ်ကြ၏။ ဤဝတ္ထုတွင် အက်စတာအိမ်ထောင်ရေးဖောက်ပြန်ရခြင်း၏ အကြောင်းရင်းနှင့်စပ်လျဉ်း၍ အနည်းအကျဉ်းမျှသာ ပါဝင်၍ ယင်း၏ဆိုးဝါးလှသောအကျိုးဆက်များကို ဖောင်းပေးဖော်ပြထားပေသည်။ ဝတ္ထုအဖွင့်မှာပင် 'သွေးနီရောင် A' စာလုံးကပ်ခံထားရသော အက်စတာခမျာ ကြိုးစင်ပေါ်တွင် ရပ်နေရသည်။ PURITAN ဂိုဏ်းဝင်အာဏာပိုင်များက သူမကျူးလွန်သည့် မကောင်းမှုများကို နောင်တရပြီး ဝန်ခံရန်အတွက် ဖြောင့်ဖျနားချနေကြ၏။ ဤဝတ္ထုတွင် 'သွေးနီရောင် A ' စာလုံးသည် MOBY-DICK ဝတ္ထုထဲမှ ဝေလငါးပြာကြီးကဲ့သို့ပင် ဝတ္ထု၏အဓိကသင်္ကေတ ဗဟိုချက်မနှင့် ဆွဲအားအကြီးမားဆုံးအင်အား ဖြစ်နေတော့သည်။ ဤ 'သွေးနီရောင် A စာလုံး' သည် အက်စတာအတွက် မကောင်းမှုအကုသိုလ်အဖြစ် သိက္ခာချစီရင်မှုဖြစ်၏။ သူမ၏ခင်ပွန်းရော်ဂျာအတွက်မူ မကောင်းမှုကျူးလွန်သူအပေါ် တုံ့ပြန်လက်စားချေမှုဖြစ်၏။ သူမ၏ချစ်သူအာသာကမူ မကောင်းမှုမကျူးလွန်ကြောင်း အပြင်းအထန်ငြင်းဆန်၍ 'သွေးနီရောင် A စာလုံး' ကို လုံးဝလက်မခံ၊ အသိအမှတ်မပြုခဲ့ပေ။ ဇာတ်ရှိန်အမြင့်ဆုံးအပိုင်းသို့ရောက်မှသာ သူ၏မကောင်းမှုကို ထုတ်ဖော်ဝန်ခံခဲ့သူဖြစ်သည်။ သမီးဖြစ်သူ ပါးလ်ကမူ သူ့မိခင်ကို ကြိုးစင်တင်စီရင်သည့်နေ့တွင် သူမမိခင်၏မကောင်းမှုအလုံးစုံကို ကိုယ်စားပြုဆက်ခံသည့်အနေဖြင့် သွေးနီရောင်ဝတ်စုံကြီးကို ဝတ်ဆင်လာခဲ့၏။ သို့တိုင် လူမှုအသိုင်းအဝိုင်းကမူ သူမကို မကောင်းမှုကျူးလွန်သူအဖြစ် 'သွေးနီရောင် A စာလုံး' ထိုးပေးရန် ငြင်းဆန်ခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေ သူ့မိခင်၏ချစ်သူ အာသာက ကွယ်လွန်ခါနီးအချိန်တွင် သူသည် ပါးလ်၏ဖခင်အစစ်ဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံသွားခဲ့သည်။ ထို့နောက် သူကိုယ်တိုင်လည်း ရင်ဘတ်တွင် 'သွေးနီရောင် A စာလုံး' ချိတ်ကာ၊ ကြိုးစင်ထက်သို့တက်သွားတော့သည်။

ယင်းသို့ထူးခြားသော ဇာတ်ကောင်စရိုက်များနှင့် ဒရာမာဆန်သော ဇာတ်လမ်းဇာတ်ကွက်များကို တစ်လှည့်စီ ခင်းကျင်းပြရင်းဖြင့် စာဖတ်ပရိသတ်ကို ဝတ္ထုဆုံးခန်းတိုင်အောင် ဆွဲခေါ်သွားတော့သည်။ ယင်းသို့ ဟောသွန်း၏ရဲတင်းသော ဇာတ်လမ်းဇာတ်ကွက် အလှည့်အပြောင်းနှင့် လွမ်းမောကြေကွဲဖွယ်အရေးအဖွဲ့များကြောင့် လူတို့၏စိတ်သဘာဝနှင့် လူ့အဖွဲ့အစည်းတွင်လွှမ်းမိုးနေသည့် ကျင့်ဝတ်များ၏ပြဿနာမှာ ပီပြင်ကြွတက်လာတော့၏။ အကျိုးဆက်အားဖြင့် စာဖတ်ပရိသတ်အမြင်တွင် အချစ်အတွက် အသက်အသေခံရဲသော အက်စတာမှာ ကရုဏာသက်စရာ ဖြစ်လာခဲ့ပြီး တင်းကြပ်သော PURITAN ကျင့်ဝတ်လွှမ်းမိုးနေသည့် လူ့အဖွဲ့အစည်းသည် ခြောက်ခြားဖွယ်ရာဖြစ်လာတော့၏။ ထို့ပြင် သိပ္ပံပညာတတ်တစ်ယောက်ဖြစ်သော ရော်ဂျာသည် သဘောထားကျဉ်းမြောင်းပြီး လက်စားချေလိုသော အကုသိုလ်သတ္တဝါတစ်ကောင်ဖြစ်နေတော့၏။ သူတော်စင်တစ်ပါးအဖြစ် အများယုံကြည်လေးစားခံခဲ့ရသော အာသာသည် ချစ်ဆိပ်တက်နေချိန် ကျူးလွန်မိခဲ့သော အမှားကို ဝန်ခံရန် တွေဝေခဲ့သော်လည်း အက်စတာသေဒဏ်ပေးခံရပြီးနောက် ကြိုးစင်ပေါ်သို့တက်ကာ သူ့ချစ်သူနောက် ပါသွားခဲ့ရှာသူ ဖြစ်သည်။

ဤသို့ဖြင့် ဟောသွန်း၏ 'သွေးနီရောင်စာလုံး' ဝတ္ထုကဲ့သို့ လူသား၏စိတ်ပိုင်းဘဝအတွင်းရှိ မကောင်းမှု၊ အပြစ်ရှိမှုနှင့် လူ့အဖွဲ့အစည်းတွင် လွှမ်းမိုးနေသည့် ကျင့်ဝတ်ထုံးစံများပြဿနာကို နက်ရှိုင်းပီပြင်စွာ ထိုးဖောက်မွှေနှောက်ပြနိုင်စွမ်းရှိသော ဝတ္ထုမျိုး။ ယခင်ယခင်က အမေရိကန် စာပေသမိုင်းတွင် လုံးဝပင်မရှိခဲ့ဖူးပေ။ သို့သော်နောက်ပိုင်းတွင်မူ ပြင်သစ်စာရေးဆရာ ဖလောဘတ် (FLAUBERT) က၊ ကမ္ဘာကျော် 'MADAME BOVERY' ဝတ္ထုဖြင့် အိမ်ထောင်ရေးဖောက်ပြန်မှုနှင့် ကျင့်ဝတ် ပြဿနာကို ပုံဖော်ရေးဖွဲ့ပြခဲ့၏။ အလားတူ မဲလ်ဗီး (HERMAN MELV - ILLE) ကလည်း MOBY-DICK ဝတ္ထုကြီးဖြင့် လူသားဘဝဖြစ်တည်မှုပြဿနာဆိုင်ရာ ဒရာမာတစ်ပုဒ်ကို ရေးဖွဲ့လာခဲ့၏။ ထို့ပြင် လွမ်းမောကြေကွဲဖွယ်ရာအဖြစ်များဖြင့် လူ့အဖွဲ့အစည်းကို သရော်ခဲ့သည့် မတ်တွိန် (MARK TWAIN) ၏ 'THE AD-VENTURES OF HOCKLE BERRY FIN' ဂန္ထဝင်ဝတ္ထုကြီးသည်လည်း နသန်နီရယ်ဟောသွန်း၏ 'သွေးနီရောင်စာလုံး' လမ်းကြောင်းအတိုင်း လျှောက်လှမ်းခဲ့ခြင်း ဖြစ်သည်။

REF : GREATEST 100 - NOVELS

**စိုးဌေး**

■



www.burmeseclassic.com

www.burmeseclassic.com

ခရီးသွား




# ဗန်းမော်၊ မင်းကုန်း၊ ပင်ဟင်းခါး၊ မော်လူး

◆ကိုလေးမြတ်

၂၀၁၄ ခု ဧပြီလ (၂၂) ရက်။ ည (၉) နာရီ ကားနဲ့ မိချမ်းဝေ၊ မာန် (တောင်လုံးပြန်) နဲ့ ကျွန်တော်တို့က မန္တလေး ကိုသွားကြရမယ်။ မန္တလေးမှာ ကာတွန်း




www.burmeseclassic.com

www.burmeseclassic.com

ဝင်းအောင်နဲ့ ဗန်းမောက်မြို့က လာခေါ် မယ့်နယ်ခံလူက စောင့်နေကြမယ်။ ဧပြီလ (၂၃) ရက်နေ့ ညနေ (၅)နာရီကားနဲ့ မန္တလေးကနေ ဗန်းမောက်ကို ခရီးဆက်ကြရမယ်တဲ့။ မန္တလေးမှာ တစ်နေ့ခိုဖို့အတွက် ဟိုတယ်ခန်းလည်း ငှားထားပြီးပြီတဲ့။ ရန်ကုန်ကနေ မနက်ခင်းကားစီး၊ မန္တလေး ညနေခင်းရောက်၊ ဗန်းမောက်ကို ခရီးဆက် အဲဒီလိုမဖြစ်ဘူးလား။ ခုတော့ ကျွန်တော်တို့အတွက်လည်း တစ်ရက်အချိန် အလဟဿ ဖြစ်စေတယ်။ သူတို့အတွက်လည်း ဟိုတယ်စရိတ်၊ စားစရိတ်ပိုမို ကုန်ကျစေတာပေ့ါ။ မန္တလေးရောက်ပြီး လာရောက်ကြိုနေတဲ့ ဝေလင်းထွဋ်ကို ကျွန်တော်ရဲ့စိတ်ကူးပြောပြတော့ ဝေလင်းထွဋ်က ''ရန်ကုန်ကနေ မနက်ခင်းထွက်တဲ့ကားက ညနေဗန်းမောက်ထွက်တဲ့ကားကို အချိန်မမီဘူး၊ ဒါကြောင့် ခုလို စီစဉ်ရတာပါ'' တဲ့၊ ရှေ့ရောက်ဆရာကြီး လုပ်ချင်တဲ့ ကျွန်တော်မှတ်လိုက်ပေရော့။

တကယ်တော့ ဗန်းမောက်၊ မော်လူး စာပေဟောပြောပွဲ ခရီးစဉ်မှာ ကနဦးအနေနဲ့ မိချမ်းဝေမှလွဲပြီး ကျန်တဲ့ကျွန်တော်တို့သုံးယောက်စလုံး တစ်ယောက်မှ မပါဝင်ပါဘူး။ ပထမဦးဆုံး ရာသက်ပန် (တောင်ငူဆောင်) နဲ့ ဆက်သွယ်ပြီး စီစဉ်ကြတာပါ။ ရာသက်ပန် (တောင်ငူဆောင်) က မိချမ်းဝေ၊ တိုးကျော်လှိုင်၊ ကိုရွှေအောင်သင်းနဲ့ သူမဆိုပြီး စီစဉ်လိုက်တယ်။ အဲဒီပွဲမှာ ပွဲစီစဉ်တဲ့ရာသက်ပန် (တောင်ငူဆောင်) က ခွင့်ရက်မရရှိလို့ စတင်ပျက်ကွက်တော့တယ်။ တိုးကျော်လှိုင်ကလည်း နိုင်ငံရပ်ခြားက ဖိုရမ်တစ်ခုကို တက်ရောက်ရမှာမို့ မလိုက်နိုင်တော့ဘူးတဲ့။ ကိုရွှေအောင်သင်းကလည်း ဦးဝင်းတင်ရဲ့ရှုပနရှိနေလို့ မလိုက်ပါနိုင်တော့ဘူးတဲ့။ အဲဒီမှာ ရာသက်ပန် (တောင်ငူဆောင်) က မိချမ်းဝေကို ပွဲဖြစ်မြောက်အောင် စီစဉ်ဖို့ အထူးအာဏာကုန် လွှဲအပ်လိုက်တော့တယ်။ ဒါကြောင့် မာန် (တောင်လုံးပြန်)၊ ကာတွန်းဝင်းအောင်နဲ့ ကျွန်တော်တို့ ပါရှိလာကြတာ။ မရွယ်ဘဲ စော်ကဲမင်းဖြစ်ကြတဲ့သူတွေပေ့ါ။

ကျွန်တောက်က မိချမ်းဝေကို မိချမ်းဝေလို့ အမည်မရခင် မရီရီထွန်းဘဝကတည်းက ရင်းနှီးခင်မင်လာကြတာပါ။ ရှစ်လေးလုံးအရေးတော်ပုံကြီး မပေါ်ပေါက်ခင် မမျှော်လင့်ဘဲ ကျွန်တော် မြိတ်မြို့ကို



ရောက်ရှိသွားတယ်။ မော်လမြိုင်ဆောက်လုပ်ရေးတပ်မှာ အမှုထမ်းနေတဲ့ ညီတော်မောင် မောင်မင်းမောင် (ကျွန်တော်တို့က မောင်မင်းလို့ခေါ်တယ်၊ သူ့ကို ခေါ်လိုက်ရင် 'ဗျို့' လို့အညာသားလို ထူးတတ်လို့ ‥ သူတို့တပ်ထဲကတော့‥ 'ဗျို့မင်း' လို့ခေါ်ကြတယ်။) က မြိတ်ဆောက်လုပ်ရေးတပ်ကိုလှမ်းပြီး ကိုင်ရတယ်။ ကျွန်တော်က မြိတ်လိုက်ချင်တယ်ပြောတော့ သူက လေယာဉ်ခရှိရင် လိုက်ခဲ့တဲ့။ ရန်ကုန်မြိတ် လေယာဉ်ခက (၁၉၀ ကျပ်) ပါ။ ကျွန်တော်မှာ ငွေ (၄၀၀ ကျပ်) ရှိနေတော့ လိုက်သွားဖြစ်တယ်ဆိုပါစို့။

မြိတ်ကိုမသွားခင် ကဗျာဆရာ သင်းစည် (ဥပဒေ) နဲ့ ကျွန်တော် သိကျွမ်းဖူးတယ်၊ သူ ရန်ကုန်ရောက်ခိုက် ကျွန်တော့်ဆီလာတွေ့လို့ သိကျွမ်းသွားကြတာပါ။ သူက မြိတ်ကို ရောက်စရာအကြောင်း မရှိပါဘူးလေလို့ သတ်မှတ်ပြီး လိပ်စာကတ်ကို အလေးအနက်မထားတော့ ပျောက်သွားရော။ အခု မြိတ်ကို သွားရပြီ၊ သူ့ရဲ့အမည်ရင်း မြင့်အောင်။ ရှေ့နေလိုက်တယ်။ တရားရုံးသွားရှာရင် တွေ့နိုင်ပါတယ်လို့ ခပ်ပေ့ါပေ့ါ တွက်ဆထားလိုက်တယ်။ တကယ်လည်း မြိတ်ရောက်တော့ တရားရုံးသွားရှာလိုက်တာ သင်းစည် (ဥပဒေ) ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့ရပါတယ်။

သူကတစ်ဆင့် ကိုစိုးမြင့် (အောင်မျိုး)၊ မရီရီထွန်း (မိချမ်းဝေ) တို့ ဇနီးမောင်နှံနဲ့ တွေ့ဆုံခွင့်ရတယ်။ ကိုစိုးမြင့်က မြိတ်ကျွန်းတစ်ခွင် လှည့်လည်လိုက်ပို့လေတော့ ညီရင်းအစ်ကိုတွေလို ခင်မင်ရင်းနှီးသွားကြတယ်။ အထူးသဖြင့် ကိုစိုးမြင့်နဲ့ကျွန်တော်တို့ ဆရာဗန်းမော်တင်အောင်အပေါ် ထားရှိကြတဲ့လေးစားကြည်ညိုစိတ်က ပိုပြီး နီးစပ်သွားစေတယ်။ ဒီနောက်မှာတော့ ကိုစိုးမြင့် ရန်ကုန်ရောက်ရှိတိုင်း ကျွန်တော် နေထိုင်တဲ့ ကားဂိတ်ဟာ သူ့အတွက် တည်းခိုခန်းကောင်း ဖြစ်နေပါတော့တယ်။ ခုချိန်ထိ ကျွန်တော်က မိချမ်းဝေကို မိချမ်းဝေလို့ မခေါ်ဘဲ မရီထွန်းလို့ပဲ နှုတ်ကျိုးလက်စနဲ့ ခေါ်နေမိတော့တယ်။

နံနက် (၅) နာရီထိုးလောက်မှာ မန္တလေးကို ရောက်ရှိပါတယ်၊ မလင်းသေးဘူး



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့ရဲ့ရာသီဥတုက ခပ်ခြောက်သွေ့သွေ့ဖြစ်နေပါပြီ။ နွေမှာ ကျွန်တော်တို့ အညာနဲ့ အောက်ပိုင်း ပူတာခြင်းတူပေမယ့်လို့ ပူပုံခြင်းမတူပါဘူး။ အညာပူတာက မီးဖိုပေါ်မှာရှိတဲ့ အိုးကင်းထဲ တက်ထိုင်ရသလို ပူတာပါ။ ချွေးမထွက်ဘဲ ခြောက်သွေ့သွေ့ အပူဒဏ်ခံစားရတာယ်။ အောက်ပြည်အရပ်ပူတာက ရေနွေးအိုးပေါ်တက်ထိုင်ရသလို ပူတာပါ။ အရိပ်ထဲနေထိုင်လည်း ချွေးတပြိုက်ပြိုက်စီးကျနေပါတယ်။ စွတ်စိုအပူဒဏ်ပေါ့။ ဝေလင်းထွန်းက ကျွန်တော်တို့ကို အဲယားကွန်းတပ်ဆင်ထားတဲ့ ကားလေးနဲ့လာကြိုတယ်။ မရီထွန်းက လူထုတိုက်သွားပြီး နေခိုမယ်။ ကျွန်တော်နဲ့ မာန်က ဟိုတယ်မှာ နေခိုမယ်။

စံညိမ်းဦးဆီ ဖုန်းဆက်လိုက်တော့ ရန်ကုန် ဦးဝင်းတင်ရဲ့ဈာပနကို ရောက်နေသတဲ့။ ကိုင်း နေမပူခင် ကိုထွန်းဦးရဲ့သွားတွေ့ကြရအောင်။ မာန်က စာအုပ်ဖြန့်ချိရေးလုပ်ငန်း လုပ်ကိုင်နေတယ်ဆိုတော့ ကိုထွန်းဦးနဲ့ ရင်းနှီးခင်မင်ထားရင် ကောင်းတာပေါ့နော်။ ဘူတာကြီးအနောက်ဖက် ကပ်လျက်လမ်း (ကျုံးနဲ့နီးတယ်) ကနေ (၈၄) လမ်း ဆိုင်ကယ်ကယ်ရီ စီးသွားကြတယ်။ တစ်ထောင်တဲ့။ ဟောဗျာ ကိုထွန်းဦးကလည်း ရန်ကုန်ဈာပနကို သွားတယ်တဲ့။ အပြန်ခရီးလည်း တစ်ထောင်ပဲ။ နေ့လည် (၁၂) နာရီ နေကျွက်ကျွက်ဆူနေချိန်မှာ ဝေလင်းထွန်းက ထမင်းစားလာခေါ်တယ်။ ဘူတာကြီးရှိတဲ့လမ်းပေါ်က ပခုက္ကူ-မြန်မာထမင်းဆိုင်တဲ့။ ပန်ကာတွေက တော့ ခပ်စိပ်စိပ်ရှိပြီး မွှတ်နေအောင် လည်နေကြတာပါပဲ။ ဒါပေမဲ့ အပူရှိန်က ဟပ်နေဆဲ။

ဟင်းရံတွေနဲ့ ဖွယ်ဖွယ်ရာရာပါပဲ။ ဒါပေမဲ့ အပူဒဏ်ကြောင့် ထမင်းက စားမရဖြစ်နေတယ်။ အညာနဲ့ကင်းကွာတဲ့ နှစ်ကာလတွေ ကြာညောင်းလို့လား ဒါမှမဟုတ် အသက်အရွယ်ရလာလို့လား။ ဘာပဲဖြစ်ဖြစ် အညာအပူဒဏ်ကို ကျွန်တော် မခံစားနိုင်တော့တာ အမှန်ပါပဲ။ ဟိုတယ်ကိုပဲ မြန်မြန်ပြန်ပြီး နားနေမိတော့တယ်။

> လူတွေကလည်း
> တိုးဝှေ့ကြည့်နေကြတယ်။
> အဲဒီအချိန်က
> လူထုကြားမှာ မ.ဆ.လကို
> စုတ်ပြတ်နေအောင်
> ဝေဖန်ထားတဲ့ကက်ဆက်
> တိတ်ခွေက ဖျံ့နှံ့နေတယ်။
> ဘယ်သူ ဘယ်ဝါ ဖြစ်ပါ
> တယ်လို့ ဟောပြောသူက
> ထုတ်ဖော်မပြောပါဘူး။
> ဒါပေမဲ့ လူထုက
> အဲဒါ ဦးအောင်ဆန်းဦးလို့
> သတ်မှတ်ပြောဆို
> နေကြတယ်။

ညနေ (၄) နာရီထိုးလောက်မှာ ဝင်းအောင်ရောက်လာတယ်။ သူနဲ့ကျွန်တော် အာကာမင်း လက်ဖက်ရည်ဆိုင်ဖက် ထွက်ခဲ့ကြတယ်။ မာန်က မလိုက်တော့ဘူးဆိုလို့ ထားခဲ့တယ်။ ဝင်းအောင်က သူ့ညီအသည်းအသန်မမာလို့ မန္တလေးကိုရောက်နေတာတဲ့။ အခု ညီက ဆုံးပါးသွားပြီ။ သင်္ဂြိုဟ်လည်း ပြီးပြီ။ ဒါကြောင့် ဗန်းမော်ခရီးစဉ်ကို လိုက်ဖြစ်တာတဲ့။ ဗန်းမော်မှာ သူနဲ့အမှုတွဲ ဒေါက်တာစိုးသန်းမောင်လည်း ရှိနေသတဲ့။ အခုစာပေဟောပြောပွဲကို အဲဒီဆရာစိုးသန်းမောင်ကဦးဆောင်စီစဉ်တာတဲ့။ သူ့ကို ဖိတ်လို့ လိုက်ပါလာတာတဲ့။ "ကိုကြီးတို့ရော ဘယ်လိုဆက်စပ်မိတာလဲ" တဲ့။ (ကာတွန်းဝင်းအောင်က ကျွန်တော့်ကို ကိုကြီးလို့ခေါ်တယ်။ သူ့ထက် ကျွန်တော်က ကိုးနှစ်ကြီးတယ်။) ကျွန်တော်က စကားရှည်မနေချင်တာနဲ့ "တို့က လူစားလိုက်လာခဲ့ရတာပါကွာ" လို့ပြောလိုက်တယ်။

ညနေ (၅) နာရီလောက်ကျတော့ ဝေလင်းထွန်းက လာခေါ်ပါတယ်။ လူထုတိုက်မှာ မရီထွန်းကို ဝင်ခေါ်ရတယ်။ ညီပုလေးရဲ့အစ်မ မတင်ဝင်း၊ ညီပုလေးရဲ့ ဇနီး မတင်တင်ဝင်းတို့ကို ဆင်းပြီး နှုတ်ဆက်ရသေးတယ်။ "မောင်လေးမြတ်ရေ တို့မှာလည်း ဆရာကြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီးလိုပဲ နာမည်က ခပ်ရှားရှားရယ် သမီးက မတင်ဝင်း၊ ချွေးမက တင်တင်ဝင်းတဲ့ကွဲ့" လို့ပြောတတ်တဲ့ဒေါ်ဒေါ်ကို ဖြတ်ကနဲ သတိရလိုက်မိပါသေးရဲ့။ ခုနေများ ရှိဦးမယ်ဆိုရင် "မောင်လေးမြတ်ရေ မင်းနှမရီရီထွန်းကို ဂရုတစိုက် စောင့်ရှောက်ခေါ်သွားနော်" လို့ မှာကြားမှာ အမှန်ပါပဲ။ ဗန်းမော်ကားဂိတ်က ဝေးခြားတည်ရှိနေတာပါ။ တစ်ရက်တစ်စီးသာထွက်တာဆိုတော့ သီးခြားတည်ရှိလို့

www.burmeseclassic.com



ဖြစ်တာပေါ့။

ဒီနေ့မှ ကားက အဲယားကွန်းပြုပြင်နေလို့ (၆း၃၀) နာရီလောက်မှ မန္တလေးက ထွက်ခွာနိုင်တယ်။ ရွှေဘိုရောက်မှ ညစာ စားမှာတဲ့။ ပန်းချီဖေစိုးအောင်ကို သတိရလို့ ဖုန်းလှမ်းပြီးဆက်လိုက်မိတယ်။ သူက ရွှေဘိုမှာပဲ ရှိနေသေးတယ်။ အရက်ပြန် သောက်နေတယ်လို့ ကြားထားတော့ "ငါနဲ့တွေ့ပြီးမှ သောက်ပါကွာ" လို့ပြောထားရသေးတယ်။ကားက ရွှေဘိုမှာထမင်းစားနားတော့ ဖေစိုးအောင်တို့အိမ်နဲ့ မျက်စောင်းထိုးပန်းခြံထဲက ထမင်းဆိုင် ဖြစ်နေတယ်၊ အဲဒီဆိုင်မှာ ကိုကျော်ဝင်း၊ ကိုအောင်သိန်း (ဖေစိုးအောင်ရဲ့ဖခင်) တို့နဲ့ ကျွန်တော် ထမင်းစားဖူးတယ်။

ဖုန်းဆက်လိုက်တော့ ဖေစိုးအောင် ရောက်လာတယ်။ ကျွန်တော့်ရဲ့ပုံတူပန်းချီကားလည်း ပါလာတယ်။ လွန်ခဲ့တဲ့တစ်လလောက်က ကျွန်တော်က ဓာတ်ပုံပို့ပြီး အဆွဲခိုင်းထားတာပါ။ သူကလည်း ဆွဲပေးမယ်လို့ စကားကတိရှိတယ်လေ။ ခုတော့ အဆင်ပြေသွားပြီ။ သူက "ခုထိ မသောက်ရသေးဘဲ စောင့်နေတာ" လို့ ပြောသေးတယ်။ ဟာသစကားဆိုတာပါ။ ရွှေဘိုမှာစားရတဲ့ထမင်းက မန်ကျည်းရွက်အစိမ်းသုပ်၊ ကုလားပဲဆံဟင်းချိုဆိုတော့ မြိန်မှမြိန်။ မှတ်မှတ်ရရ ထမင်းဝိုင်းပါပဲ။

ကားက ရွှေဘို–မြစ်ကြီးနား ဗျူဟာလမ်းအတိုင်း မောင်းနှင်ပါတယ်။ ဗျူဟာလမ်းက အနည်းငယ်ကျဉ်းနေပေမယ့် လမ်းက ကောင်းမွန်ပါတယ်။ ရွှေဘိုက ထွက်တော့ မှောင်မိုက်နေပြီမို့ ဝန်းကျင်ကို ဘာမှမမြင်ရတော့တူး။ ပြသနေတဲ့ခပ်ညံ့ညံ့ ဗီဒီယိုကားကို ကြည့်ချင်ရင်ကြည့်၊ မကြည့်ချင် အိပ်ဖို့ပါပဲ။ ကာတွန်းဝင်းအောင်ကတော့ အိပ်ရေးပျက်တဲ့ညတွေ များနေပြီမို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပါပြီ။ ကသာမြို့သားကြီး အဲငြိမ်းသာက နဘားနဲ့ မန္တလေးအကြိမ်ကြိမ်အခါခါ မီးရထားနဲ့ သွားလာဖူးလေတော့ မန္တလေးနဲ့ ရွှေဘို (၃) နာရီ၊ ရွှေဘိုနဲ့ကန့်ဘလူ (၃) နာရီ၊ ကန့်ဘလူနဲ့ကောလင်း (၃) နာရီ။ ကောလင်းနဲ့နဘား (၃) နာရီကြာတတ်တဲ့ခရီးလို့ ပြောတတ်လေ့ရှိတယ်။ သူ့အပြောနဲ့ချိန်ဆပြီး ကားက ဂဏန်းနာရီလေးကြည့်ပြီး ဘယ်ခရီးလောက်တော့ ရောက်လောက်ပြီလို့ မှန်းဆရပါတယ်။ ကားကလည်း တောက်လျှောက်မရပ်မနားကို မောင်းနှင်နေတယ်။

သန်းခေါင်ကျော် (၂) ချက်တီးလောက်မှ ရပ်နားတယ်။ ထီးချိုင့်လမ်းခွဲရောက်ပြီတဲ့။ အင်းတော်ဖက်က နီးကပ်လာပါပြီ။ လွယ်လွယ်ကူကူရရှိတဲ့ အိပ်ချင်ပြေ ကော်ဖီမစ်တစ်ခွက် သောက်လိုက်တယ်။ ကားဆရာလေးကို "မောင်းလိုက်တာပါကွာ" လို့ပြောမိသေးတယ်။ "ကားထွက်ချိန်က နောက်ကျလို့ အချိန်မီရောက်အောင် အားစိုက်မောင်းလိုက်တာ ဆရာကြီးရဲ့" လို့ပြန်ပြောတယ်။ ကျွန်တော်တို့ အင်းတော်မြို့ကို မနက် (၅)နာရီလောက်မှာ ရောက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ကုန်ပစ္စည်းတွေချ၊ အပေါ့အပါးသွားဖို့ ခေတ္တရပ်နားပြီး ခရီးဆက်ပါတယ်။ အင်းတော်မြို့ကနေ ဗန်းမော်မြို့ကို ဘယ်ဘက်ချိုးကွေ့ပြီး မောင်းနှင်ရတယ်။ မိုင် (၃၀) ကျော်လောက် သွားရဦးမယ်။

ဗန်းမော်မြို့ကို မနက် (၇း၄၅) နာရီလောက်မှာ ရောက်ပါတယ်။ လာရောက်ကြိုဆိုနေကြတာ အမျိုးသားတွေထက် အမျိုးသမီးတွေက များပြားနေသလိုပဲ။ ရန်ကုန်နဲ့ မန္တလေးက မိုင် (၃၆၀) ကျော်၊ မန္တလေးနဲ့ ဗန်းမော်က မိုင် (၂၄၀)၊ စုပေါင်း မိုင် (၆၀၀) ကျော် ခရီးတော့ ရောက်ခဲ့ပြီ။ ဦးဆောင်သူထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တဲ့ ကိုဝင်းမိုလ်ရဲ့လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြတယ်။ ဖန်သားပြင်မှာ ဆရာဦးဝင်းတင်ရဲ့ရှာပနအခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်ပြသနေတယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီး မတိုင်ခင်နဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီး အတွင်း၊ အရေးတော်ပုံကြီးပြီးတဲ့နောက်ပိုင်းတွေမှာ ဆရာနဲ့ကျွန်တော် နီးနီးကပ်ကပ် နေထိုင်ဖူးလိုက်သေးတယ်။

၁၉၈၆–၈၇ ခုနှစ်လောက်က ကျွန်တော်က လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်းမှာ နေတယ်။ မြေနီကုန်းနဲ့ လှည်းတန်းမှာ နေထိုင်ကြတဲ့သူငယ်ချင်း ကဗျာဆရာ သေိုင်းချောင်းဝံသာ၊ ဖေသစ်နီနဲ့ လင်းဝေမြိုင်တို့မြို့ထဲထွက်ကြရင် ညနေခင်းအပြန်မှာ ကျွန်တော်တို့ဆီဝင် လက်ဖက်ရည်သောက်ပြီး ဘုန်းကြီးလမ်းမှတ်တိုင်က ဘတ်စ်ကားစီးပြန်တတ်ကြတယ်။ အဲဒီအကြောင်းကိုသိတော့ မြေနီကုန်းမှာနေထိုင်တဲ့ ပန်မဂ္ဂဇင်းနဲ့ စာမော်ကွန်းအယ်ဒီတာချုပ် ဆရာဦးဝင်းခက်ကလည်း ကိုဝံသာတို့နဲ့ လိုက်ပါလာတတ်တယ်။ နောက် လှည်းတန်း ဝဂ္ဂီရိပ်သာမှာ နေတဲ့ ကဗျာဆရာ မောင်စွမ်းရည်လည်း လိုက်ပါလာတယ်။ ကျွန်တော့်အနီးက ပန်းပိတောက် လက်ဖက်ရည်ဆိုင်ကလည်း လက်ဖက်ရည်ကောင်းပါတယ်။ အဲဒီမှာ ဘုန်းကြီးလမ်းဟိုဖက်လမ်းသစ်ရိပ်သာမှာ နေထိုင်တဲ့ ဆရာဦးဝင်းတင်လည်း လိုက်ပါလာပြန်တယ်။ ဒါကြောင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့နဲ့သောကြာနေ့တွေ ညနေပိုင်းမှာ ဆရာ ဦးဝင်းတင်၊ ဆရာ မောင်စွမ်းရည်၊ ဆရာ ဦးဝင်းခက်၊ သေိုင်းချောင်းဝံသာ၊ ဖေသက်နီ၊ လင်းဝေမြိုင်နဲ့ ကျွန်တော်တို့ဟာ စာပေဝိုင်းလေးလို ဖြစ်နေတတ်တယ်။

အဲဒီမှာ ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်လာတယ်။ တနင်္လာနေ့ပါ။ မှတ်မှတ်ရရ ဗုဒ္ဓဟူးနေ့မှာ လမ်း (၄၀) ထဲက လက်ဖက်ရည်ဆိုင်မှာ ဆရာ ဦးဝင်းခက်၊ ဆရာ ဦးဝင်းတင်၊ ဖေသက်နီနဲ့ ကျွန်တော်တို့ ဆုံမိကြတယ်။ "ကျွန်တော်တို့ တစ်ခုခုတော့ လုပ်ကြမှ ဖြစ်မယ်ထင်တယ်" လို့ ဆရာဦးဝင်းတင်က ပြောလာတယ်။

"ကျွန်တော်တို့ စာရေးဆရာတွေ စုပေါင်း လက်မှတ်ရေးထိုးပြီး ကျွန်တော်တို့ဟာ ပြည်သူတွေနဲ့အတူရှိကြောင်း ကြေညာရရင် မကောင်းဘူးလား" လို့ ဆရာဦးဝင်းခက်က ပြန်ပြောလိုက်တယ်။ အဲဒီမှာ ဆရာဦးဝင်းတင်က "ဟာ အဲဒါသိပ်ကောင်းတယ်၊ အဲလိုဆို ကျွန်တော်တို့





www.burmeseclassic.com

www.burmeseclassic.com

ချည်း မဖြစ်သေးဘူး။ ကိုတင်စိုး အကူအညီလိုလိမ့်မယ်'' လို့ပြောပြီး ကျွန်တော်တို့ဘားလမ်းမှာရှိတဲ့ စပယ်ဦးကိုတင်စိုး ဆီသွားရောက်ကြတယ်။ ကိုတင်စိုးကလည်း အားတက်သရော အပြည့်အဝကူညီမယ်လို့ ပြောတော့တယ်။ အဲဒီအချိန်မှာ ဦးလှဝင်း (လေသူရဲတစ်ဦး) က သူ့ပိုင် လေးဘီးကားနဲ့ ရောက်ရှိလာတယ်။ ဆရာ ဦးဝင်းတင်၊ ဦးတင်စိုးတို့က အကျိုးအကြောင်းရှင်းပြတော့ သူက သူ့ကားနဲ့အခုပဲ သွားကြမယ်လို့ ပြောပါတော့တယ်။ ဒါနဲ့ ဆရာဦးဝင်းတင်က ရှေ့ကစီးလို့၊ ဆရာဦးဝင်းခက်၊ ဖေသက်နိုင်နဲ့ ကျွန်တော်တို့က နောက်က စီးလို့။ ဆရာကြီးတွေဖြစ်ကြတဲ့ ဆရာဇော်ဂျီ၊ ဆရာ မင်းသုဝဏ်၊ ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်၊ ဆရာတက်တိုး၊ ဒေါ်နုယဉ်တို့ဆီ လက်မှတ်ထိုး ကောက်ခံကြတယ်။

အဲဒီသတင်းပျံ့နှံ့သွားတော့ နောက်ရက်မှာ စပယ်ဦးကို လာရောက်ပြီး လက်မှတ်ထိုးကြတဲ့သူတွေ၊ စာပေလုပ်သားကတ်တွေ လာရောက်အပ်နှံသူတွေနဲ့ ကြိတ်ကြိတ်တိုးနေပါတော့တယ်။ ညနေခင်းမှာတော့ ''စာပေနဲ့ အနုပညာရှင်များ'' ရဲ့ ကြေညာချက်နဲ့ရရှိသမျှ လက်မှတ်တွေကို ကြေညာဖို့အတွက် ဖေသက်နိုင်နဲ့ ကျွန်တော် ဆေးရုံကြီးရဲ့ပြင်ပလူနာဌာနဆီကို ထွက်ခဲ့ကြတယ်။ (အဲဒီတုန်းက ပြင်ပလူနာဌာနရဲ့မျက်နှာစာမှာ ရန်ကုန်မြို့နယ်တလွှားတွေမှာ ဖြစ်ပျက်နေတဲ့သတင်းတွေကို အများပြည်သူတွေသိရှိနိုင်အောင် ကပ်ထားလေ့ရှိတယ်။ ဘာလို့ ပြင်ပလူနာဌာနမျက်နှာစာမှာ ကပ်ကြသလဲဆိုတော့ ၉. ၈. ၈၈ နေ့မှာ စစ်တပ်က သတ်ဖြတ်နေတော့ ဒဏ်ရာရကြတဲ့ ထောင်၊ သောင်း လူနာတွေ၊ လိုက်ပို့ကြတဲ့သူတွေနဲ့ ရန်ကုန်မှာ အစည်ကားဆုံးနေရာ ဖြစ်နေလို့ပါပဲ။) ကျွန်တော်တို့ရဲ့ကြေညာချက် ဘယ်နေရာမှာ ကပ်မလဲ၊ လိုက်ရှာကြည့်တော့ ''ဒေါ်အောင်ဆန်းစုကြည်ရဲ့ကြေညာချက်'' ဆိုပြီး

> **သူတို့က အောက်ခြေထိ ဆင်းပြီး မကြည့်ဘဲ စားပွဲပေါ်ကပဲ စက္ကူပေါ်ကို ဒါသစ်တော ကြိုးဝိုင်းလိုဝိုင်းပြီး သတ်မှတ်ပေးလိုက်တယ်၊ သူတို့ဝိုင်းပြီးသတ်မှတ်ပေး လိုက်တဲ့အထဲမှာ ရွာ တွေရှိတယ်၊ ယာတွေရှိတယ်၊ လယ်တွေရှိတယ်၊ အဲဒီလယ် ယာနဲ့ရွာတွေက ကျူးကျော်ဝင်ရောက် သလိုဖြစ်နေတော့ ပယ်ဖျက်ပေးရမလို ဖြစ် နေတယ်၊**

အဝတ်စအဖြူလေးနဲ့ ထင်ရှားအောင် ရေးထားတဲ့နေရာတွေ့ရတယ်။ လူတွေကလည်း တိုးဝှေ့ကြည့်နေကြတယ်။ အဲဒီအချိန်က လူထုကြားမှာ မ. ဆ. လကို စုတ်ပြတ်နေအောင် ဝေဖန်ထားတဲ့ ကက်ဆက်တိတ်ခွေက ပျံ့နှံ့နေတယ်။ ဘယ်သူဘယ်ဝါ ဖြစ်ပါတယ်လို့ ဟောပြောသူကထုတ်ဖော်မပြောပါဘူး။ ဒါပေမဲ့ လူထုက အဲဒါဦးအောင်ဆန်းဦးလို့ သတ်မှတ်ပြောဆိုနေကြတယ်။ အဲဒါ ဦးအောင်ဆန်းဦး ဟောပြောတဲ့ခွေမဟုတ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ကြေညာချက်ထုတ်ပြန်ထားတာပါ။

အဲဒီကြေညာချက်အနီးကပ်လိုက်ရင် ထိုကြေညာချက်လည်း လူအများသိနိုင်တယ်ဆိုပြီး ကပ်လိုက်ပါတယ်။ ဒီနောက် ပြင်ပလူနာဌာနရဲ့ဗိုလ်ချုပ်လမ်းဘက် မြေကမူပေါ်မှာ ကျွန်တော်ကိုယ်တိုင် ကျွန်တော်တို့ရဲ့ကြေညာချက်ကို ဖတ်ကြားလိုက်ပါတယ်။ ၁၃. ၈. ၈၈ နေ့မှာတော့ စာပေနဲ့အနုပညာရှင်များဟာ ပြည်သူလူထုနဲ့အတူ အရေးတော်ပုံကြီးထဲ ပါဝင်ခဲ့ကြတယ်။ မှတ်တမ်းအရတင်ပြရရင် ရှေ့ဆုံးက စာပေနှင့်အနုပညာရှင်များဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ဝါးလုံးထိပ်မှာချည်ပြီး တစ်ဖက်တစ်ချက်ကိုင်ဆောင်ကြတဲ့နှစ်ယောက်က အဆိုတော် စိုင်းထီးဆိုင်နဲ့ အဆိုတော်တူးတူးပါ။ ဆိုင်းဘုတ်အောက် ရှေ့ဆုံးမှာ ဆရာ ဦးဝင်းတင်၊ ဆရာ ဦးဝင်းခက်၊ ဆရာ မောင်သော်က၊ မင်းသားကြီး ထွန်းဝေတို့ ရှိနေကြတယ်။

ကျွန်တော်တို့ပါဝင်လှုပ်ရှားလိုက်တော့ ကိုယ့်မကျေနပ်ချက်နဲ့ ကိုယ်ထုတ်ဖော်နေကြတဲ့ ပြည်သူတစ်ရပ်လုံးကို ''ဒီမိုကရေစီ ရရှိရေး ဒို့အရေး'' ''တစ်ပါတီအာဏာရှင်စနစ် အလိုမရှိ'' ဆိုတဲ့လမ်းကြောင်းပေါ်ကို ဆွဲတင်လိုက်နိုင်ကြတယ်။ ဘာလို့ အဲဒီလိုပြောနိုင်သလဲဆိုတော့ ကျွန်တော်တို့ဆန္ဒထုတ်ဖော်ကြမှ ကြွေးကြော်သံဆိုင်းဘုတ်တွေကို ကိုင်ဆောင်ကြတာ



www.burmeseclassic.com

www.burmeseclassic.com

ကိုး။ အဲဒီအရာတွေကို ဆရာ ဦးဝင်းတင်၊ ဦးဝင်းခက်၊ မောင်သော်က၊ မောင်မိုးသူတို့ ဦးဆောင် ဖော်ဆောင်ခဲ့ကြတာပါ။ ထား။

လက်ဖက်ရည်သောက်ပြီးတာနဲ့ ကျွန်တော်တို့နားနေဖို့ တည်းခိုခန်းကို ခေါ်သွားပါတယ်။ အဲဒီမှာ ဝေလင်းထွန်းက သူတို့အစီအစဉ်ကို ပြောပြလာတယ်။ ကနေ့ည မာန်နဲ့ကျွန်တော်က ဗန်းမောက်မြို့ကနေ မိုင် (၃၀) ကျော်လောက်ဝေးတဲ့ မင်းကုန်းရွာကို သွားဟောပြောရမယ်။ လမ်းက တောလမ်းမို့ နံနက်စာ ထမင်းစားပြီးတာနဲ့ သွားကြမယ်။ မိချမ်းဝေနဲ့ ဝင်းအောင်တို့ဟောပြောမယ့်ရွာကတော့ (၁၀) မိုင် ခရီးလောက်သာ ဝေးတာမို့ ညနေ (၄) နာရီလောက်မှ သွားကြမယ်။ ကျွန်တော်တို့နှစ်ယောက်က မင်းကုန်းရွာမှာပဲ အိပ်ကြမယ်။ နောက်မနက်မှ ပြန်မယ်။

နောက်ညမှာတော့ မာန်နဲ့ကျွန်တော်က ဗန်းမောက်မြို့ပေါ်မှာ ဟောပြောရမယ်။ မိချမ်းဝေနဲ့ ဝင်းအောင်က တခြားရွာလေးတစ်ရွာမှာ သွားဟောကြမယ်။ နောက်တစ်ရက်ညမှာတော့ မိချမ်းဝေနဲ့ ဝင်းအောင်က ဗန်းမောက်မြို့ပေါ်မှာ ဟောပြောကြမယ်။ မာန်နဲ့ကျွန်တော်က ပင်ဟင်း ခါးဆိုတဲ့ရွာလေးကို သွားဟောပြောကြရမယ်။ "ဝေလင်းထွန်းရေ ငါကတော့ မင်းကို ပုံအပ်ထားလိုက်ပြီ၊ မင်းဘာသာ ကြော်ရင်ကြော်၊ ချက်ရင်ချက်၊ ပြုတ်ရင်ပြုတ် ကြိုက်သလိုသာ လုပ်ပေတော့" လို့ပြောလိုက်ရတော့တယ်။

နေ့လည် (၁) နာရီထိုးတော့ မင်းကုန်းက လာခေါ်တဲ့လူငယ်လေးရယ်၊ ကျွန်တော်တို့နှစ်ယောက်ရယ် ကိုကျော်စိုးရဲ့ပါဂျယ်ဒိုကားနဲ့ ထွက်ခဲ့ကြတယ်။ ကိုကျော်စိုးက ဗန်းမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌပါ။ သူက စာပေဟောပြောပွဲကို ပြုလုပ်ပေးသင့်တယ်ဆိုတဲ့အမြင်နဲ့ သူတတ်နိုင်တဲ့ဘက်က ပါဝင်ကူညီပေးတဲ့သဘောပါပဲ။ လူပုံက

လူကြီးတွေနဲ့ ပတ်သက်တဲ့သူတွေက ငွေအမြောက်အများရရှိပြီး လုပ်ငန်းခွင်သိမ်း ဖြန့်ကုန်ကြပါပြီတဲ့။ အသည်းကိုင်နေကြတဲ့သူတွေက အမိုးအရင်းအလုအယက် စုတ်နေကြတာတဲ့။

အေးအေးပါ။ အပြောထက်အလုပ်ကို အာရုံပိုပြီးနှစ်ထားတဲ့သဘောပေါ့။ လမ်းတွေက တောင်ကမ်းပါးယံတွေကို ပတ်ပြီး သွားရတယ်။ အင်္ဂလိပ်လက်ထက်ကတည်းက ရှိတဲ့လမ်းတွေပါတဲ့။ လမ်းဘေးမှာ ရေစီးဖို့မြောင်းတွေ တူးတာကို တွေ့ရတယ်။ ခုတော့ ပိုစပြုနေပါပြီ။ မကြာမီ သောနှစ်တွေမှာ ပျက်စီးတော့မှာ အသေအချာပါပဲ။ ဒီလမ်းတွေကို ထိန်းသိမ်းစောင့်ရှောက်သင့်တယ်။

တောင်တစ်လုံးနဲ့ တစ်လုံးအကြား မြေပြန့်မှာတော့ သန့်စွမ်းအောင်မြင်နေတဲ့ မြေပဲခင်းတွေကို တွေ့ကြရတယ်။ ကျွန်တော်တို့ရွာမှာလည်း ကျွန်တော်တို့ကာလသားပေါက်အရွယ် (၁၆နှစ်၊ ၁၈နှစ်) လောက်ထိ မြေပဲစိုက်ပျိုးကြတယ်။ မြေပဲကို ကိုယ်တိုင်နှုတ်ပြီး ကိုယ်တိုင်စွတ်ကြရတယ်။ မြေပဲတစ်တင်းရရှိလို့ရှိရင် ဆွတ်ခ၊ နှုတ်ခအဖြစ် မြေပဲ နှစ်ပြည်ရတယ်။ ကျွန်တော်တို့သားအဖတတွေ ငါးယောက် (အဖေ၊ အမေ၊ အစ်ကို၊ ကျွန်တော်၊ နှမလေး) တစ်နှစ်၊ တစ်နှစ် မြေပဲဆွတ်ခ၊ နှုတ်ခရတဲ့မြေပဲကို ဆီကြိတ်ထားရင် တစ်နှစ်စာ ကောင်းကောင်း ဆီဖူလုံတယ်။ ခုတော့ စိုက်ပျိုးစရိတ်နဲ့ထွက်ရှိတာ အရှုံးပေါ်လို့ မြေပဲမလုပ်ကိုင်ကြတော့တာ ခုချိန်ထိ ဆိုပါတော့။

"ဒီဘက်မှာရော မြေယာသိမ်းဆည်းမှုတွေ ရှိလား"

"မရှိဘူး၊ ဒါပေမဲ့ သစ်တောကြိုးဝိုင်း သတ်မှတ်မှုတွေတော့ ရှိတယ်"

"အဲဒါက ဘယ်လိုလဲ"

"သူတို့က အောက်ခြေထိဆင်းပြီး မကြည့်ဘဲ စားပွဲပေါ်ကပဲ စက္ကူပေါ်ကို ဒါသစ်တောကြိုးဝိုင်းလိုဝိုင်းပြီး သတ်မှတ်ပေးလိုက်တယ်၊ သူတို့ဝိုင်းပြီးသတ်မှတ်ပေးလိုက်တဲ့အထဲမှာ ရွာတွေရှိတယ်၊ ယာတွေရှိတယ်၊ လယ်တွေရှိတယ်၊ အဲဒီလယ်ယာနဲ့ရွာတွေက ကျူးကျော်ဝင်ရောက်သလိုဖြစ်နေတော့ ဖယ်ရှားပေးရမှာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ဒါပေမဲ့ မြေစာရင်းက ရွာတွေ၊ လယ်ယာတွေက ဟိုစဉ်ကတည်းက တည်ရှိနေတာလို့ ရပ်ခံတင်ပြလို့၊ သစ်တောက အခိုက်အတန့်တော့ ရပ်ဆိုင်းထားတယ်''

ဒီဘက်ပိုင်းမှာ ရွာဘက်တွေကတော့ မပြတ်လှဘူး။ ဒါပေမဲ့ လမ်းအနေအထား ကြည့်ရတာ မိုးတွင်းပိုင်းဆို ခြေလျင်ခရီးပဲ အားကိုးရမှာ။ ဆိုင်ကယ်တောင် သွားမဖြစ်လောက်ဘူး။ မိုင် (၂၀) ကျော်လောက် ရောက်လာတော့ ရွှေတူးကြတဲ့နေရာတွေကို တွေ့ကြရတယ်၊ မဲဇာချောင်းရိုးအတိုင်း တူးဖော်ထားကြတာပါ။ တူးထားတာက (၁၅) ပေလောက် အနက်ရှိမှာပေါ့။ တူးထားတဲ့မြေစာတွေက စည်းမဲ့ကမ်းမဲ့ ပုံထားကြတယ်၊ ချောင်းရိုးပျောက်နေတဲ့သဘောပေါ့။ လုပ်ငန်းစာချုပ်ထဲမှာတော့ တူးထားတဲ့မြေစာတွေကို လုပ်ငန်းပြီးရင် ပြန်ဖို့၊ ပြန်ညှိပေးရမယ်လို့ ပါသတဲ့၊ ဒါပေမဲ့ ပြန်ဖို့၊ ပြန်ညှိရရင် စရိတ်က တူးတဲ့စရိတ်နီးပါး တက်လာမယ်။ ဒီတော့ တူးပြီးရင် တူးပြီးတဲ့အတိုင်း ထားလိုက်ကြတယ်။ ပြန်ဖို့၊ ပြန်ညှိမနေတော့ဘူး။ ပြောမယ့်သူလည်း မရှိဘူး။ ရှိလည်း ပြောတဲ့ပါးစပ်ကို ရွှေနဲ့ ပိတ်လိုက်မှာပေါ့။

လွန်ခဲ့တဲ့ လေး၊ ငါး၊ ဆယ်နှစ်ကတော့ ရွှေက တကယ်ကို ထွက်ရှိတာပါတဲ့၊ တစ်ရက်တစ်ရက် ရွှေအလေးချိန်ပိဿာချိန်ထိ ရရှိပါသတဲ့။ ခုတော့ တစ်ကျပ်သားရရှိလည်း ကုန်ကျစရိတ်နှုတ်လိုက်ရင် နေ့တွက်ကိုက်သေးတယ်ဆိုတဲ့အနေနဲ့ လုပ်ကိုင်နေကြတာတဲ့၊ ပြီးတော့ လူကြီးတွေနဲ့ ပတ်သက်တဲ့သူတွေက ရွှေအမြောက်အမြားရရှိပြီး လုပ်ငန်းခွင်သိမ်းပြန်ကုန်ကြပါပြီတဲ့၊ အခုလုပ်ကိုင်နေကြတဲ့သူတွေက အရိုးအရင်း အလုအယက် စုတ်နေကြတာတဲ့။

အဲဒီဖက်က လူတွေက ရုပ်ရှင်မင်းသား လွင်မိုးဆို အင်မတန်မုန်းတီးကြသတဲ့။ ဘာလို့လဲဆိုတော့ လူကြီးတွေ (လူကြီးတွေဆိုတာ သက်ဆိုင်ရာ ဝန်ကြီး၊ ဝန်ကလေးတွေ၊ ဗိုလ်ချုပ်တွေ၊ ဗိုလ်ချုပ်ကြီးတွေကို ပြောဆိုတာပါ) နဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်ဆီက လုပ်ကွက်စိမ်းလေးရပြီဆိုရင် အရင်းအနှီးလေး ရှာဖွေလုပ်ကိုင်ကြတယ်။ အခြေအနေကောင်းရင်ပတ်သက်တဲ့ပုဂ္ဂိုလ်က သူတို့ကိုဆက်ပြီးလုပ်ပိုင်ခွင့်မပေးတော့ဘူး။ တခြားသူကို ပေးလိုက်တော့တယ်။ ရရှိလိုက်တဲ့သူကလွင်မိုးပေါ့။ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်းမဟုတ်၊ ခဏခဏ ခံရဖန်များလာတော့ လွင်မိုးကို မုန်းတီးလာကြတာပေါ့လေ။ ဘာပဲလုပ်လုပ် သမ္မာအာဇီဝပဲ ကောင်းပါတယ်။

သရက်ကုန်းအရှေ့ရွာတဲ့။ ဒီရွာတွေကတော့ ရွာနေပြည်ထိုင်တွေပေါ့။ သရက်ကုန်းအရှေ့ရွာမရောက်ခင် ဈေးဆိုင်တွေနဲ့ စည်ကားနေတဲ့ အိမ်တန်းရှည်တွေကတော့ မြန်မာပြည်အနယ်နယ်အရပ်ရပ်ကနေ သူဌေးအိပ်မက်မက်ပြီးလာကြတဲ့သူတွေပေါ့။ တချို့လည်း ကံမှောက်ပြီး တစ်နေ့ချမ်းသာလာနိုးနိုး မျှော်ကိုးရင်း တချို့လည်း ကိုယ့်ဇာတိအရပ်ထက်စာရင် အလုပ်ရှိနေသေးတယ်ဆိုတဲ့သဘောနဲ့ တွယ်ကပ်နေကြတာပေါ့။ ကားလေးက ကွေ့ပတ်မောင်းနေရတယ်။ ကြည့်လေရာရာမှာလည်း မြေတွေက ပွေးတူးထားသလို မွစာကြလို့။ မြင်ကွင်းက အကျည်းတန်လှတယ်။ သဘာဝအခြေအနေပျက်စီးနေတာတွေက အင်မတန်စိတ်ပျက်ဖွယ်ရာပါပဲ၊ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်ရှိတဲ့သူတွေအနေနဲ့ ငွေတစ်ခုတည်းကိုသာ ကြည့်ပြီး ဘာမှထည့်စဉ်းစားဟန်မတူတော့ပါဘူး။ ငို့ဘသမားတွေ။

မင်းကုန်းရွာလေးကို ရောက်ပါပြီ။ ကိုမောင်လွင်က မင်းကုန်းမရောက်ခင် ဆယ်မိုင်လောက်အကွာ ရွာကနေ ကျွန်တော်တို့ကို လာကြိုနေတာ။ သူတို့အိမ်က မင်းကုန်းရွာထဲမှာ ရှိတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုင်းဘုတ်ကြီး ဝင့်ဝင့်ကြွားကြွား စိုက်ထူထားတယ်။ သူက တပ်ကုန်းမြို့သား။ ရွှေရှာဖွေဖို့ လာရောက်ရင်း မင်းကုန်းရွာသူ ရှမ်းမနဲ့ အိမ်ထောင်

www.burmeseclassic.com

ကျကာ မောင်ကြီး မပြန်နိုင်ဖြစ်နေတော့တယ်။ သားသမီးတောင် (၆) ယောက်ရှိနေပြီဆိုတော့ ဘယ်မှာပြန်နိုင်တော့ပါမလဲ။ သူက ဒီရွာမှာ အဖွဲ့ချုပ် ဥက္ကဋ္ဌ။

ကျွန်တော်တို့နားခိုရတဲ့အိမ်က ဘပိန်တဲ့။ သူကရေစကြိုနယ်၊ နန်းဦးရွာသား။ ကြဲကြဲဖန်ဖန် သူကလည်း ဒေးဒရဲမြို့နယ် သင်ပေါင်းချောင်ရွာက ဦးလေးအောင်စိန်တို့အိမ်မှာ နေခိုင်ခဲ့ဖူးပါသေးသတဲ့၊ ဦးလေးအောင်စိန်ရဲ့ဇနီး ဒေါ်ကြီးတင်ရဲ့ဘက်က ဆွေမျိုးတော်စပ်ဟန်တူပါရဲ့။ဘာပဲဖြစ်ဖြစ် ဘပိန်ကို ခုမှတွေ့ဖူးပေမယ့် မိတ်ဟောင်း ဆွေဟောင်း ပြန်လည်ကြုံတွေ့ရသလို ခံစားရတယ်။ ကိုမောင်တာတို့အိမ်မှာ ကွန်ပျူတာရှိတယ်။ သူ့သားလေးက အဲဒီဖက်မှာ ကျွမ်းကျင်ဟန်တူပါရဲ့။ မာန်က ဓါတ်ပုံရိုက်ပြီး ပုံထုတ်ရသလားတဲ့။ ရတယ်ဆိုတာနဲ့ ဓါတ်ပုံရိုက်ကြတယ်။ ကျွန်တော်တို့နှစ်ယောက်ပုံကို ထုတ်ယူလိုက်တယ်။

ကြော်ငြာထားတဲ့ဗီနိုင်းက ကိုရွှေအောင်သင်းနဲ့ ရာသက်ပန် (တောင်ငူဆောင်)။ ရောက်လာကြတာက မာန် (တောင်လုံးပြန်) နဲ့ ကိုလေးမြတ်။ သိပ်မလွဲပါဘူး တစ်ခုလုံးပဲဆိုတဲ့ဟာသလို ဖြစ်နေတယ်။ မာန်က စွမ်းရှာပါတယ်။ ကိုရွှေအောင်သင်းပုံပေါ်မှာ ကျွန်တော့်ပုံကပ်၊ ရာသက်ပန်ပုံပေါ်မှာ သူ့ပုံကပ်။ အောက်ကနေ ကိုလေးမြတ်၊ မာန် (တောင်လုံးပြန်) ဆိုတဲ့စာတွေ ကပ်လိုက်တော့ အဆင်ပြေသွားရော။ ဘပိန်ရော၊ စောတင်လှိုင်၊ ကိုမောင်လွင်၊ ကိုမောင်တာတို့ခမျာ အဆင်ပြေသွားတော့ ဝမ်းသာတာပေ့ါ။ ဟုတ်တယ်လေ သူတို့လုပ်ကိုင်ကြတာ ပထမအကြိမ်။ ပထမအကြိမ်မှာ အလွဲလွဲအချော်ချော်ဖြစ်နေရင် ဘယ်ကောင်းပါ့မလဲ။

ဟောပြောပွဲစင်က ဘပိန်ရဲ့အိမ်ရှေ့ကွက်လပ်မှာ အကျအနဆောက်လုပ်ထားတာ။ နဖူးစည်းတွေ၊ ပုဏ္ဏားကွယ်တွေ၊ နောက်ခံတွေနဲ့။ လေတဟူးဟူးတိုက်တော့ တလွင့်လွင့်၊ တဖြတ်ဖြတ်ဖြစ်လို့။ ငယ်စဉ်က ရွာမှာ အရပ်ဇာတ်ကပြကြတာကို ပြန်ပြီးသတိရလိုက်တာပါ။ အစီအစဉ်က (၇) နာရီ စမယ်။ (၆း၃၀) နာရီထိ လူတွေ ရောက်မလာသေးလို့ ဘပိန်ခမျာ ထိုင်မရ၊ ထမရ ဖြစ်နေရှာတာ။ ဖုံးမရ ဖိမရအောင်ပါပဲ။ မန်ကျည်းကုန်းရွာကဆိုလား ကျောင်းထိုင်ဘုန်းကြီးရောက်လာတယ်။ ဝါတော် (၁၀) ဝါကျော်ကျော်လောက်သာ ရှိသေးတာဆိုတော့ ငယ်ပါသေးတယ်။ ဘုန်းကြီးလေးက ပရဟိတစာသင်ကျောင်းလေး အစပြုဖို့ ကြိုးစားနေပါသတဲ့။ ကျွန်တော်တို့ကို ဘာအကြောင်းတွေ ဟောပြောမှာလဲလို့မေးပြီး ဖေ့စ်ဘုတ်တင်လိုက်ပါတယ်။ တကယ့်ကို သတင်းခေတ်ကြီးဖြစ်နေပြီ။

(၇) နာရီကျော်တော့ လူတွေ တဖွဲဖွဲ ရောက်လာလိုက်ကြတာ ကွင်းကြီးပြည့်သွားရော။ ဒီတော့မှ ဘပိန်က အစီအစဉ် စမယ် စမယ်လို့ အသံစာစာပြောနိုင်တော့တယ်။ ကိုမောင်တာက စာပေဟောပြောပွဲ









www.burmeseclassic.com

www.burmeseclassic.com

ကျင်းပရခြင်းအကြောင်းကို စတင်ပြောတယ်။ ဒီနောက် ကျောင်းဆရာတစ်ယောက်က စာပေအကျိုးကျေးဇူးတွေကို ပြောပြတယ်။ ကျွန်တော်က လွတ်လပ်ရေးရရှိချိန်ကစပြီး ကနေ့အချိန်ထိ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးလမ်းကြောင်းကို ဟောပြောပါတယ်။ ပရိသတ်နဲ့လည်း အဟပ်ညီသလိုပါပဲ။ (၁း၃၀) နာရီလောက် ဟောပြောလိုက်ပါတယ်။ မာန်က ရယ်စရာ၊ မောစရာများတဲ့ သရော်စာတွေ ဟောပြောသွားတာပါ။ သူလည်း (၁း၃၀) လောက် ဟောပြောတယ်။ ဟောပြောပွဲလေးက ကျေနပ်စရာကောင်းပါတယ်။ သူတို့လည်း ကျေနပ်အားရမှုရှိကြပါတယ်။

ည (၁၁) နာရီလောက် အခမ်းအနားရုပ်သိမ်းပေမဲ့ ည (၁) နာရီကျော်လောက်ထိ စကားဝိုင်းဖွဲ့နေမိကြတယ်။ မာန်ကတော့ အနားယူသွားပြီ။ စကားဝိုင်းမှာ ဆရာမောင်သွေးသစ်သုံးနှုန်းလေ့ရှိတဲ့ ညွယ် ဆိုတဲ့ အသုံးလေး ကြားရတယ်။ စကားဝိုင်းက ဘပိန်တို့အိမ်ထဲမှာ ချိတ်ဆွဲထားတဲ့ ဦးဝီရသူပုံနဲ့ပတ်သက်ပြီး ဘာသာရေးဖက်ကို ရောက်သွားတာကိုး။ ဂေါတမဗုဒ္ဓက မဇ္ဈိမပဋိပဒါတရားဟောထားတော်မူပါလျက် တစ်ဖက်စောင်းနင်းကြီးဖြစ်နေရင်တော့ မဟုတ်သေးဘူးပေါ့လေ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ပဋိပက္ခအသွင်ဆောင်တဲ့ ဖြတ်သန်းမှုအနေအထားမှာ နေထိုင်ရတာ တက်ကြွပျော်ရွှင်နေသလို ခံစားရတယ်။ စိတ်မပျက်မိပေါင်။

မနက်ခင်း အဆာပြေစားပြီး ပြန်ခဲ့ကြတယ်။ မာန်နဲ့ ကျွန်တော့်ကို အင်္ကျီတစ်ထည်စီနဲ့ ငွေတစ်သိန်း လက်ဆောင်ပေးပါတယ်။ သူတို့က တစ်ညတည်းပြုလုပ်ရတာကို အားမလိုအားမရ ဖြစ်နေကြတယ်။ ကိုမောင်လွင်က သူ့အိမ်ဝင်ပါဦးဆိုတာနဲ့ဝင်ပြီး မှတ်တမ်းတင်ဓါတ်ပုံတွေရိုက်ကြရသေးတယ်။ အဖွဲ့ချုပ်ဆိုင်းဘုတ်ကြီးရှေ့ဆိုတော့ တစ်ချိန်မှာ သမိုင်းမှတ်တမ်းဖြစ်မှာလား၊ အမှုတွဲဖြစ်ကြမှာလား မပြောနိုင်သေးဘူးနော်။ ကိုမောင်လွင်ကတော့ အဆိုးဆုံးအခြေအနေထိထည့်ပြီး စဉ်းစားထားပြီးသားပါတဲ့။

အပြန်ခရီးမှာတော့ ဝေသုခီတောရကျောင်းကို ဝင်ကြမယ်တဲ့၊ ဝေသုခီတောရကျောင်း ဆရာတော်ကြီးရဲ့ရုပ်ကလာပ်တော်ကလည်း မန်လည်ဆရာတော်ဘုရားကြီးရုပ်ကလာပ်လို မပုပ်မသိုး ပကတိအတိုင်း တည်ရှိပါသတဲ့။ ဆရာတော်ကြီးပျံလွန်တော်မူတာ နှစ်ပေါင်း (၄၀) ကျော်တော့ ရှိပြီတဲ့။ လမ်းရဲ့လက်ယာဖက်ကို ချိုးကွေ့ဝင်ရတယ်။ ဒီဘက်ကမှ ပေါင်လုံးလောက်ပတ်လည်ရှိတဲ့ သစ်တောတွေကို မြင်ခွင့်ရှိသေးတယ်။ ချုပ်ကြားလို ဖြစ်နေတဲ့ မြောင်းထဲမှာ ရှိနေတဲ့ အပင်တွေက မတ်တပ်ခြောက်ပြီး သေဆုံးနေတာ တွေ့ကြရတယ်။ မြေစာတွေ ပိုပြီးအောက်ခြေပုပ်ပြီး သေဆုံးသွားတာတဲ့။

**ကိုလေးမြတ်**







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com




# ခေတ်ကိုကျော်ဖြတ်သွားသော ရုပ်ရှင်များ (၄)

◆ဇာဂနာ

ကမ္ဘာပေါ်မှာ ရုပ်သံဇာတ်လမ်းတွဲတွေများလာသလို အမယ်လည်းစုံလာသည်။ မြန်မာပြည်မှာ ရုပ်မြင်သံကြားခေတ်စားစဉ်ကာလက Dynasty ဇာတ်လမ်းတွဲ၊ ချာလီ၏ နတ်မိမယ်များ ဇာတ်လမ်းတွဲ၊ စုံထောက်ကြီးကိုလံဘို၊ ကတုံးပြောင်ကို ဂျက်တို့၏ ဇာတ် လမ်းတွဲတွေ ဆွဲဆောင် ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မမေ့နိုင်။ ညစဉ် TV ရှေ့မှာ စောင့်မေ့ရတာ အမော။

ရုပ်သံဇာတ်လမ်းတွဲဆိုတာကို ksoap opera ဟုခေါ်ကြသည်။ ဆပ်ပြာရောင်းသည့်ကုမ္ပဏီတွေက ကြော်ငြာလုပ်သည့် သဘောဖြင့် ဇာတ်လမ်းတွဲတွေရိုက်တာကို အစွဲပြုပြီးခေါ်ဝေါ်ခြင်းပင်။ သည်နေ့ခေတ်မှာတော့ ဇာတ်လမ်းတွဲတွေက အနုပညာဖြစ်လာပြီ။ အတတ်ပညာဖြစ်လာပြီ။ အိမ်ဦးခန်းမှာနေရာယူလာပြီ။ တိုတိုပြောရလျှင် လူတွေစွဲကုန်ပြီ။ ကိုးရီးယားကတော့ ဇာတ်လမ်းတွဲ ကိုအသုံးချပြီး ကိုရီးယားယဉ်ကျေးမှုကို ကမ္ဘာသို့တင်ပို့လာသည်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတိုင်းလိုလိုမှာ ဇာတ်လမ်းတွဲထုတ်လုပ်ကြ၏။ဖိလစ်ပိုင်ဇာတ် လမ်းတွဲကိုပင်လျှင် မြန်မာပရိသတ်တို့နှစ်ခြိုက်နေကြပြီ။ မြန်မာဇာတ်လမ်းတွဲကတော့ ပီပီပြင်ပြင် ဖြစ်မလာသေးချေ။

ဥရောပမှာ အမေရိကားမှာ ဇာတ်လမ်းတွဲတွေ စဉ်ဆက်မပြတ်ထုတ်လုပ်နေသည်မှာကြာပြီ။ sex in the city လို Friends လို ဇာတ်လမ်းတွဲတွေ အကြီးအကျယ်ပေါက်သလို West Wing လို အမေရိကန်နိုင်ငံရေးကိုအခြေပြုသည့် ဇာတ်လမ်းတွဲကို ပရိသတ်တွေ တမ်းတမ်းစွဲခဲ့ကြပြီ။ အမေရိကန်အိမ်ဖြူတော်၏ အနောက်ဘက်တောင်ပံ တစ်ရိုးမှာ အမေရိကား၏ အနာဂတ်ရှိနေသည်။တိုင်းပြည်ကို တိုးတက်စေချင်သော ကြီး ပွားစေချင်သော ကမ္ဘာမှာ အမေရိကန်သာလျှင် နံပါတ်တစ်နေရာမှာ ရပ်တည်ချင်နေသော အမေရိကန်လူငယ်များအတွက် West Wing ဇာတ်လမ်းတွဲသည် ကျောင်းသင်ခန်းစာ ဖြစ်ခဲ့သည်။

အခုတော့ တကမ္ဘာလုံးကိုဖမ်းစားလိုက်တာက House of Cards ဖြစ်သွားပြီ။၂၀၁၃ခုနှစ်ဖေဖော်ဝါရီလမှာ စတင်မိတ်ဆက်ခဲ့သောသည် ဇာတ်လမ်းတွဲက ပရိသတ်ကို ကိုင်လှုပ်ပစ်လိုက်၏။နိုင်ငံတကာဇာတ်လမ်းတွဲတွေ၏ အခေါ်အဝေါ်အရ Season(1)ဟုဆိုသည်။ ပထမရာသီ ဆိုပါစို့။၂၀၁၃ခုနှစ် ဖေဖော်ဝါရီလကစပြခဲ့သော House of Cards (ပထမရာသီ)မှာ အပိုင်း(၁၃)ပိုင်းပါသည်။ ၂၀၁၄ ခုနှစ်ဖေဖော်ဝါရီလမှာ ဒုတိယရာသီ(Season 2)ကိုထပ်မံထုတ် လုပ်လိုက်ပြန်၏။ဒီတစ်ခါလည်း အပိုင်း(၁၃)ပိုင်းပင်။

တကယ်တော့ အမေရိကား၏နိုင်ငံရေးက တော်တော်ရှုပ်ထွေးပွေလီသည်။ သို့သော် စိတ်ဝင်စားဖို့ကောင်း၏။ ပညာရ၏။ သင်ခန်းစာရ၏။အမေရိကန်အောက်လွှတ်တော်မှာ အဓိကပါတီကြီး၂ခု ရှိသည်။ တစ်ခုက ရီပတ်ဘလစ်ကန်။ နောက်တစ်ခုက ဒီမိုကရက်ပါတီ။ လွှတ်တော်မှာ





www.burmeseclassic.com

www.burmeseclassic.com



မဲအများစု ရထားတာက ရီပတ်ဘလစ်ကန်ဖြစ်သည်။ အနည်းစုက ဒီမိုကရက်တစ်ပါတီဖြစ်၏။ သည်တော့ သက်ဆိုင်ရာ ရီပတ်ဘလစ်ကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့က သူတို့ပါတီတွေ၏ (လွှတ်တော်တွင်းခေါင်းဆောင်) နှင့် (လွှတ်တော်တွင်း စည်းကမ်းထိန်းသိမ်းရေးတို့ကို လျို့ဝှက်မဲဖြင့် ရွေးချယ်ခန့်အပ်ရသည်။ ဒါကအရေးကြီး၏။ ဆိုပါတော့ ရီပတ်ဘလစ်ကန်ခေါင်းဆောင်ဆိုလျှင် အောက်လွှတ်တော် ဥက္ကဋ္ဌနှင့် တိုက်ရိုက်ညှိနှိုင်းရသည်။ တိုင်ပင်ရသည်။ ဆုံးဖြတ်ရသည်။ အရေးကြီးသော ဥပဒေပြုရေး၊ ဘဏ္ဍာရေးကိစ္စတွေမှာ ဆုံးဖြတ်ချက်မချခင် ဦးစွာတိုင်ပင်ရလေသည်။သည်လို အချိန်မျိုးမှာ စည်းကမ်းထိန်းသိမ်းသူက လွှတ်တော်ကိုယ်စားလှယ်တွေကို စည်းရုံး ရ၏။ ထိန်းညှိရ၏။ ကွပ်ညှပ်ရ၏။ ဒါ ကြောင့်လည်း သူတို့ကို (ကြာပွတ်တွေ) ဟုခေါ်သည်။

ချုပ်ရလျှင် ပါတီတိုင်းမှာ(လွှတ်တော်တွင်းခေါင်းဆောင်)နှင့် (ကြာပွတ်တွေ) သည် အရေးပါသူများဖြစ်၏။ လက်ရှိ အမေရိကန် အောက်လွှတ်တော်တွင် ရီပတ်ဘလစ်ကန်ခေါင်းဆောင်က ကယ်ဗင်မက်ကာသီဖြစ်ပြီး ကြာပွတ်ကတော့ စတိဗ်စကယ်လီစ်ဖြစ်သည်။ဒီမိုကရက်ပါတီ၏ ခေါင်းဆောင်က နန်စီပလိုစီဖြစ်ပြီးကြာပွတ်ကတော့ စတီနိုင်းဟွိုင်ယာဖြစ်သည်။

House of Cards ဇာတ်လမ်းတွဲမှာ အော်စကာဆုရမင်းသားကြီး ကယ်ဗင်စပေစီက ဒီမိုကရက်တစ်ပါတီ၏ အောက်လွှတ်တော် ကြာပွတ်ဖြစ်သည်။ သမ္မတက သူ့ကို နိုင်ငံခြားရေးဝန်ကြီး (secretary of state) နေရာ မခန့်အပ်ဘဲ သစ္စာဖောက်လိုက်တာကိုက သည်ဇာတ်လမ်းတွဲ၏ အသက်ဖြစ်လာခဲ့သည်။

ကြာပွတ်ကြီး ဖရန့်အန်ဒါဝုဒ် (ကယ်ဗင်စပေစီ)သည် ပါးနပ်သည်။ လည်သည်။ ပရိယာယ် မာယာများ သည်။ အာဏာငတ်သည်။ သို့သော် လျို့ဝှက်၏။ ကြောင် လက်သည်။ လွှတ်တော် ထဲမှာ သူမွေးထား သော လူငယ်ကိုယ်စားလှယ်တစ်ယောက်ကိုထိန်းမရတော့သည့်အခါ သူကိုယ်သူ သတ်သေသည့်ပုံစံမျိုးဖြစ်အောင်ဖန်တီးပြီး သတ်ပစ်လိုက်သည်။

သူက သတင်းမီဒီယာတွေကို ရှောင်သည်။ မလွှဲသာမှအတွေ့ခံသည်။ သို့သော် ဇိုဘန်းဟုခေါ်သော သတင်းထောက်မလေးကိုမွေးပြီး အတွင်းသတင်းတွေကို ကြိတ်ပေးသည်။ သည်လိုနှင့် သမ္မတ အိမ်ဖြူတော် အတွင်းကသတင်းတွေ ပေါက်ကြားလာတော့၏။ ဇိုဘန်းလည်း နာမည်အလွန်ကြီးလာတော့သည်။ တစ်ဖက်မှာ ဒုတိယသမ္မတနှင့် သမ္မတအကြား







www.burmeseclassic.com

www.burmeseclassic.com



ပြဿနာလေးတွေကို သူကဖန်တီးပေးပြန်သည်။ ကြာတော့ ဒုတိယသမ္မတ မက်သယူးက သမ္မတ အနားမှာ မနေချင်တော့။ ကြာပွတ်ကြီးဖရန့်က စေတနာရေစီး ကမ်းပြိုလိုက်ချင်ယောင်ဆောင်ပြီး ဒုတိယသမ္မတ မက်သယူးကို ပင်ဆယ်လ်ဗေးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးနေရာဝင်ပြိုင်ဖို့ ကမ်းလှမ်းလိုက်သည်။ သူဆင်လိုက်သည့်ခွင်ကလှသည်။သမ္မတလည်း စိတ်ချမ်းသာ ဒုတိယသမ္မတလည်း ဝမ်းသာ။ နောက်ဆုံးမှာတော့ သမ္မတက ကြာပွတ်ကြီးဖရန့်ကို ဒုတိယသမ္မတ နေရာမှာ ခန့်အပ်လိုက်တော့၏။

သည်မှာတင် ပထမ ရာသီက အဆုံးသတ်သွားတော့သည်။ကျွန်တော်တို့က ဘာတွေဆက်ဖြစ်လာမလဲလို့ စိတ်ဝင်စားနေပြီ။အမေရိကန်နိုင်ငံရေး ၏ နိုင်ငံတကာမှာ ဝင်စွက်တာခြယ်လှယ်တာ၊ လူ့အခွင့်အရေးကို ဘန်းပြပြီး သူများနိုင်ငံများ၏ အတွင်းရေးတွေကို ဝင်နှိုက်တာတွေ အများအပြားတွေ့ခဲ့ရသည်။ အမေရိကန်စီအိုင်အေက လက်သပ်မွေးထားသော NGOနှင့် INGO တွေကနေတစ်ဆင့် သူများနိုင်ငံတွေကို ခြေရှုပ်တာတွေလည်း တွေ့ရသည်။တိုက်တိုက်ဆိုင်ဆိုင် မြန်မာ့နိုင်ငံရေးမှာ ဝင်စွက်ဖက်ဖို့ အကွက်ချတာလေးတောင်ပါလိုက်သေးသည်။

ပိုပြီးဇာတ် ရှိန်တက်လာတာကတော့ ဒုတိယ ရာသီအစမှာ သတင်းထောက်မလေး ဇိုဘန်းကို ဖရန့်က သတ်ပစ်လိုက်ခြင်းပင်။ လက်သည် မပေါ်အောင် ပိပိရိရိ သတ်လိုက်ပုံကလည်း လှနေပြန်သည်။ ရထားသံလမ်းပေါ်ခြေချော်ကျပြီး သူ့ကိုယ်သူသတ်သေသလိုလို ဖြစ်အောင် ဖန်တီးလိုက်သည်။ ဇိုဘန်းကလည်း ဖရန့်၏ခြေရာလက်ရာတွေကို တော်တော်လေး စုဆောင်းမိလာတာကိုး။

ဖရန့်ကတော့ သမ္မတ၏ ခြေလှမ်းတွေကိုပိုပြီးဂရုစိုက်လာသည်။ သမ္မတက ဖရန့်ကိုယုံတော့ တိုင်ပင်။ ဖရန့်က သမ္မတကို ကူသလိုလိုနှင့် နောက်ကွယ် ကဇာတ်လမ်းတွေနှိုက်ထုတ်လိုက်သည်။ သမ္မတနှင့် လောင်းကစားဒိုင်တွေ၏ အတွင်းကြိတ်ဆက်ဆံရေးတွေကို သူသိလိုက်ရသလိုတရုတ် ဂျပန်စီးပွားရေးသမားတွေနှင့် သမ္မတခြေပုန်းခုတ်ထားတာတွေပါ သူသိလိုက်ရပြီ။ ရလဒ်ကတော့ လွှတ်တော်ကသမ္မတကို ဥပဒေချိုးဖောက်မှုဖြင့် ဆင့်ခေါ်လိုက်ခြင်းပင်။

အမေရိကန် ဖွဲ့စည်းပုံအရ သမ္မတက နုတ်ထွက်စာ တင်သွင်းလျှင် ဒုတိယသမ္မတက အော်တိုမက်တစ်သမ္မတရာထူးကိုဆက်ခံခွင့်ရှိ၏။ House Of Cards ၏ ဒုတိယရာသီအဆုံးမှာတော့ ကြာပွတ်ကြီးဖရန့်ကနေ သမ္မတကြီးဖရန့် ဖြစ်သွားခဲ့ပါပြီ။

ကမ္ဘာ့အကောင်းဆုံးဇာတ်လမ်းတွဲဆုကို ပူပူနွေးနွေးရထားသည့် House of cards(တတိယရာသီ) ကို ကျွန်တော်တို့ မျှော်ရပေဦးမည်။ ယခု ဇွန်လ (၁၂)ရက်နေ့မှာ စတင်ရိုက်ကူးနေပါပြီ။ ၂၀၁၅ ဖေဖော်ဝါရီမှာ ကျွန်တော်တို့ကြည့်ရဖို့ သေချာသလောက်ရှိ၏။


နိုင်ငံရေးဆိုတာ ညစ်ပတ်တယ် ဆိုသောစကားကို တချို့က လက်မခံ။ တချို့ကတော့ ညစ်ပတ်မှ နိုင်ငံရေးဟုဆိုကြသည်။ ကမ္ဘာ့နံပါတ်တစ် နိုင်ငံကြီး၏ နိုင်ငံရေးကတော့ စိတ်ပျက်စရာ။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုတာပျားရည်ဆမ်းထားသော မစင်ထုပ်ဖြစ်နေလေသည်။ အမေရိကန်အစိုးရရုံး၏ အနောက်ဘက်တောင်ပံ (west wing)မှ ကမ္ဘာသို့ အဆက်မပြတ်တင်ပို့နေသော ဂလိုဘယ်အတွေးအခေါ်တွေ၊ လစ်ဘရယ်ဒီမိုကရေစီတွေကို ကျွန်တော်သံသယဝင်လာမိ၏။ သေချာတာကတော့ အမေရိကန်ကို ယုံဖို့ခက်နေပြီ။

**တာရာ**
၂၀ ဇွန် ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ဒီရေခေါက်တော့ ဆာရီယယ်လစ်

ဥက္ကာကျော်



စဉ်းစဉ်းစားစား လွင့်လွင့်ဝဲဝဲ
ရည်ရည်ရွယ်ရွယ် ရေရေ
ရာရာ
တွေးချဲ့ နယ်လွန် မျဉ်းမတ်
ထဲ ..

မိတ်ဆွေ .. ဘာရယ် မဟုတ်ပါဘူး။ ဆရာအောင်ဇင်မင်းရဲ့ 'ဒီရေခေါက်တော့ ကမ်း စပ်' ကဗျာစာအုပ်ကလေး အကြောင်း ရေးမယ်လို့စိတ်ကူးတော့ ကျွန်တော့် စိတ်ကူးကို ကျွန်တော်ပြန်ချရေးမိတဲ့ ဝါကျကလေးပါ။

ဟုတ်ပါတယ်။ ကျွန်တော် ဆရာအောင်ဇင်မင်းနဲ့ လူချင်း မရင်းနှီးပါ။ သို့သော် သူ့သား အံ့ဖွယ်ဇင်နဲ့ (အဲ .. အဲ ဘွားတေး) အံ့ဘွယ်ဇင်နဲ့တော့ အလွန်အင်မတန်ရင်းနှီးပါတယ်။ ဒီလိုရင်းနှီးတဲ့ အတွက်လည်း ဆရာ့ရဲ့ ဒီရေခေါက်တော့ ကမ်းစပ်ကဗျာစာအုပ် ကလေးကို လက်ဆောင်ရခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော် ဆရာအောင်ဇင်မင်းရဲ့ ကဗျာတွေကို အလွန်ပဲ စိတ်ဝင်စားခဲ့ပါတယ်၊ စိတ်ဝင်စားတယ်ဆိုတာ ကြိုက်လို့မဟုတ် ပါဘူး။ နားမလည်လို့ပါ။ တစ်နည်းအားဖြင့် ပြောရရင် ကျွန်တော် လက်လှမ်းမမီတဲ့ နယ်ပယ်တစ်ခုကို ရောက်သွားတဲ့အခါ နဝေတိမ် တောင်ဖြစ်သလို၊ ထမင်းလုံးတစ္ဆေ ခြောက်သလို ခံစားရတော့ အနက်ဖော်ကြည့်ချင်တယ်။ အဓိပ္ပာယ်ဖွင့်ထုတ်ချင်တယ်။ ဒီလို အားထုတ်ရင်း ကျွန်တော်ရွာလည်ခဲ့လို့ စိတ်ဝင်စားတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ကဗျာဂုရုကြီးဖြစ်တဲ့ ဆရာပိုင်စိုးဝေဟာ ဆရာအောင်ဇင်မင်းရဲ့ 'ကောက်လိုက်တော့တိမ်' ဆိုတဲ့ ကဗျာ ကိုပဲ အဓိပ္ပာယ်ဖော်ပေးစမ်းကွာလို့ နိုင်းပါတယ်။ ဆရာရယ်.. ဆရာက ဂုရုပဲ။ ဆရာမှမဖော်နိုင်ရင် ကျွန်တော်ဘယ်သိမလဲပေါ့။ ဒါပေတဲ့ သူလည်းမသိဘူးတဲ့။ အဲ့ဒီမှာ ကျွန်တော် ကြိုးစားပြော ကြည့်ပါတယ်။

ဆရာ .. ဒီကဗျာဟာ စိတ်ကိုရေးဖွဲ့တာနေမှာ။ စိတ်ရဲ့ မတည်ငြိမ်မှု၊ ပျံ့လွင့်တတ်မှု၊ အစိုးမရမှုကို တိမ်နဲ့တင်စားပြီး 'ကောက်လိုက်တော့တိမ်'လိုက်တာနေမှာလို့ ကျွန်တော် ရွီးခဲ့ပါ တယ်။ အဲ့ဒါကြောင့် ကျွန်တော် ဆရာအောင်ဇင်မင်းရဲ့ကဗျာ တွေကို စိတ်ဝင်စားမိပါတယ်။

နှစ်ရှေးရဲ့ ဇရသုစတြာ စာအုပ်ကို မိတ်ဆွေတစ်ယောက် လက် ဆောင်ပေးတော့ အဲ့ဒီအပေးခံရတဲ့ မိတ်ဆွေကပြောပါသတဲ့။ နောက် အခင်အမင်မပြတ်ချင်ရင် ဒီလိုစာအုပ်မျိုး လက်ဆောင်မပေးပါနဲ့တဲ့။ အဲ .. အံ့ဘွယ်ကိုလည်း ပြောရဦးမယ်။ နောက် ဘီယာတိုက်ချင်ရင် ဒီလိုစာအုပ်မျိုး လက်ဆောင်မပေးပါနဲ့လို့ ဟဲဟဲ ..။

ဆိုကြပါစို့၊ အဲ့ဒီ ကောက်လိုက်တော့တိမ် အကြောင်း ပြောရင်းက ကျွန်တော်တို့ ခေတ်ပြိုင်ကဗျာတွေအကြောင်း ဆွေး နွေးဖြစ်ကြပါတယ်။ ဆွေးနွေးဖြစ်တော့ ကျွန်တော် ဒီလိုအရေး အသားတွေကို ငယ်ငယ်ကဖတ်ခဲ့ဖူးကြောင်း၊ အထူးသဖြင့် ဆရာ ဒေါင်းနွယ်ဆွေဟာ ဒီလိုအရေးအသားမျိုးတွေ အများကြီးစမ်းသပ် ခဲ့ပြီး ဒီအရေးအသားကို နောက်တစ်ကြိမ်ပြန်မရေးတဲ့အတွက် မြန်မာစာပေမှာ တွင်ကျယ်လာခြင်း မရှိကြောင်း ပြောဖြစ်ကြပါ တယ်။ ကျွန်တော်မှတ်မိနေတဲ့ ဒေါင်းနွယ် ဆွေရဲ့ ဝါကျတစ်ကြောင်းကိုလည်း ရွတ်ပြမိပါတယ်။

''သစ်ရွက်ကြွေ
လေလောင်းလောင်း
လောင်းလောင်းလွင့်'' တဲ့။

(က)

ကျွန်တော် ရန်ကုန်ရောက်တိုင်း အေရှပလာဇာမှာရှိတဲ့ နီဒါန်း သစ်စာပေကိုဝင်ဖြစ်ပါတယ်။ ဝင်တဲ့အချိန်တွေ တော်တော်များများ အံ့ဘွယ်နဲ့ မတွေ့ရပါ။ အရပ်ရှည်ရှည် အရိုးအဆစ်ကြီးကြီး နဲ့ အေးတိအေးစက်ထိုင်နေတဲ့ ဆရာအောင်ဇင် မင်းကိုပဲ တွေ့ရတာများပါတယ်။ ကျွန်တော်နဲ့ စကားလက်ဆုံမကျဖြစ်ပါ။ ကျွန် တော်နဲ့သူ နဲ့ကြားမှာ ဘာသာစကားတွေ ချောင်းခြားနေ သလိုပါပဲ။ အံ့သြစရာကောင်းတာက သူတို့ တစ်အိမ်သားလုံး ကဗျာဆရာ၊ ကဗျာဆရာမ တွေချည်း ဖြစ်နေကြတာပါပဲ၊ သူ့အမျိုးသမီးက ကဗျာဆရာမ ဧသေန်း၊ သူ့သမီးက ကဗျာ ဆရာမ မိုးဒေဝါ၊ ပြီးတော့ အံ့ဘွယ်ဇင် ..။

ကဲ .. ဘယ်လောက်ထူးခြားလိုက်ပါသလဲ၊ ကျွန်တော် ဒီရေ ခေါက်တော့ ကမ်းစပ် စာအုပ်ကလေးကို လက်ဆောင်ရတာ ၂၀၁၀-၂-၂၀ ရက်နေ့ပါ။ အံ့ဘွယ်လက်ရေးနဲ့ အမှတ်တရပေး ထားတာပါ။ ဒီတော့ ကြိုးစားပြီးဖတ်ရတာပေါ့လေ။ ကဗျာကို နားလည်အောင် ကြိုးစားဖတ်နေရတယ်လို့ပြောရင် လူရယ်ကြ ပါဦးမယ်။ ဒါပေမဲ့ တကယ်ကြိုးစားဖတ်ခဲ့ပါတယ်။

အဲ့ဒီမှာ ဆာရီရယ်လစ်ဇင် (Surrealism) ဆိုတဲ့စကားလုံးကို သွားသတိရပါတယ်။ ဆရာအောင်ဇင်မင်းအရေးအသားတွေဟာ ဆာရီရယ်လစ်ဝါဒများလား။ ပြင်သစ်ပြည်က စတင်ခဲ့ပြီး ကမ္ဘာ စစ်ကြီးနှစ်ခုကြားက သရုပ်မှန်လွန်ဝါဒ ဆိုတာ ဒါမျိုးလား။ ကျွန် တော်လိုသလိုတွေးမိပါတယ်။

အရည်ပျော်ကျနေတဲ့ ဒါလီရဲ့နာရီတွေလို ဆရာအောင်ဇင် မင်းရဲ့ စကားလုံးတွေဟာ အနက်ကိုဖမ်းဆုပ်လို့ မရခဲ့ပါဘူး။ တလောက ရန်ကုန်ရောက်တော့ ၃၇ လမ်းထိပ် တာကာဖူဂျီထဲမှာ ကဗျာဆရာ Aမွန်ရယ်၊ လင်းသဏ်ညီရယ်နဲ့ ဆုံဖြစ်ပါတယ်။ အဲ့ဒီမှာ ဆရာအောင် ဇင်မင်းကဗျာတွေအကြောင်း စကားစပ်မိတော့ ကျွန်တော်က ဒီလိုအရေးအသားတွေကို အရင်က ဆရာဒေါင်းနွယ်ဆွေရေးဖူးကြောင်း စကားစပ်မိပါတယ်။ အဲ့ဒီမှာ Aမွန်က ''ဟုတ်မှာပေါ့ သူက ဒေါင်းနွယ် ဆွေရဲ့တပည့်ပဲဥစ္စာ'' လို့ အမှတ်တမဲ့ထွက်လာတယ်။ အဲ့ဒီမှာ ကျွန်တော် မန္တလေးပြန်ရောက် ရောက်ချင်း စာအုပ်ကို ပြန်စေ့စေ့စပ်စပ် ဖတ်မိတော့ ''ဩော် မောင်မင်းဇင်ကနေ အောင်ဇင်မင်းနာမည်တောင် ဒေါင်းနွယ်ဆွေ ပေးတာပါလား'' လို့ သိလိုက်ရ။

အရင်းရှင်လူ့ဘောင်ရဲ့ အကြပ်အတည်း ဖော်ထုတ်ဖွင့်ချ ဖို့ဖြစ်လာတဲ့ ဆာရီရယ်လစ်ဇင်ဟာ 'စရိုက်'ရဲ့ အဘိဓမ္မာကို အခြေခံ ထားခဲ့တာ။ တစ်ချိန်က ဆရာဒေါင်းနွယ်ဆွေဟာ ''ပင့်ကူ အိမ်တွင် ကြောင်လိမ်လျှောကား တပ်၍ထားသည် အသင်ကြိုးစား တက်ပါလော့'' ဆိုတဲ့ စကားလုံးတွေ ရေးခဲ့တာ ကျွန်တော် သတိတရဖြစ်လို့ ကျွန်တော် ပင့်ကူအိမ်ထဲကို ကြောင်လိမ်လှေ ကားနဲ့ကြိုးစားတက်ကြည့်လိုက်ပါပြီ။

(ခ)

ကျွန်တော်ဟာ မသိမှုများ၊ အနက်ဖော်မှုများကို ထားခဲ့ပြီး သိသရွေ့ကို ခံစားကြည့်မိသည်။

**ဆိုက်ကားစီးသူ**

*ကျောခိုင်းထွက်ခွာသွားခဲ့ကြသည်*
*တစ်ယောက်နဲ့တစ်ယောက်*
*ဘဝခရီးဖော်တဆစ်ခူးကြသည်*
*အမုန်းခေါ်လာပွားပုံမျိုးရဲ့*
*ဖွဲ့နွဲ့ဝင်ဗေဒမှ*
*မဟုတ်ရပေဘဲလား*



www.burmeseclassic.com

www.burmeseclassic.com

*ကောက်ကောက်ကွေ့ကွေ့*
*ဘူတာရုံသွား တရွေ့ရွေ့လမ်းလေးထက်*
*အိပ်မက်ပြတင်းများ ယှက်ဖြာကြသည်*
*(စရဏ ၂၀၀၈ဩဂုတ်)*

ကျွန်တော်ကြွေသွားတယ်။ "ငါတို့ရဲ့ အိမ်ထောင်ပြုမှုဟာ ကျောခိုင်းထွက်ခွာသွားတဲ့ ခရီးဖော်တွေပါလား"။ လင်းကနဲ လျှပ်စီး လက်လိုက်သလို မြင်လိုက်ရ။ ပြီး ‥ ကျွန်တော်ပြုံးမိ။ ဩော် ‥ တော်တော်မြင်တတ်ပါလားလို့ တစိမ့်စိမ့်တွေးဖြစ်။ ကဲ မိတ်ဆွေ ‥ စဉ်းစားကြည့်စမ်းပါ။ ဆိုက်ကားစီးသူတွေကို ခဏခဏ ကြုံရတယ်။ ကိုယ်တိုင်လည်းစီးခဲ့ဖူးတယ်။ ကျောခိုင်း ထွက်ခွာသွားတယ်လို့ စဉ်းစားဖူးရဲ့လား၊ စိတ်ကူးမိရဲ့လား။ ကျွန် တော်ဖြင့် တစ်ခါမှ …။

သေခြင်းတရားနှင့် ဘဝကိုရင်ဆိုင်ရင် ကြောက်ရွံ့မှုများ၊ အရင်းရှင်လောကကြီးကို ဆုတ်ခြေနေသော ပဋိပက္ခများ၊ တကယ့် ဘဝအစစ်အမှန်ကို ရင်ဆိုင်ရန် မဝံ့မရဲကြောက်စိတ်များနှင့်။

ဩော် … ဆာရီရယ်လစ်။

*စိတ်ဖွဲ့စိတ်နွဲ့နဲ့ ဝဲဝဲဝေ့ဝေ့ပေါ့*
*တရွေ့မြင့်မြင့်လွင့်ပ*
*ကလေးဘဝရတယ်*
*လက်ရုပ်သံဆူညံညံဝေပေါ့*
*(လေကိုသိပ္ပံနည်းကျထုပ်ပိုးလိုက်တဲ့အခါ ကဗျာမှ)*

ကျွန်တော် သိပ်မပြောချင်တော့၊ မပြောလိုတော့ပါ။ ထိုစာအုပ်ရဲ့ နောက်ဆုံးကဗျာကို ကျွန်တော်ဖတ်ရတဲ့အခါ ကျွန်တော် မျက်ရည် မခိုင်တော့ပါ။ "ယောက်ျားကြီးတန်မဲ့နဲ့ဗျာ ဘယ့်နှယ့်"။

*အမေနဲ့ သမီး*
*ခရီးအတူတူထွက်တယ်*
*လက်ကိုလက်ချင်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လာခဲ့*
*အဲ့သလိုဆုပ်ကျစ်ထားရဲ့*
*လက်တွေကိုသာပဲ*
*လော်တက်နဲ့ထိုးခွဲ ခွဲတာတောင်မရ*
*ဒီအတိုင်းပဲ သဂြိုဟ်လိုက်ကြပါလားဗျာ*
*သူတို့ရင်ခုန်သံကို*
*သူတို့သိမ်းဆည်းထားတာပါ*
*ဘဝဆိုတာ*
*ချစ်ခြင်းမေတ္တာအကြင်နာကင်းသူများရဲ့ ဆန့်ကျင်ဘက်*
*(ဘဝဆိုတာ ခဏတဖြုတ်လေး*
*ခဏတဖြုတ်လေးကိုပါပဲ – ကဗျာမှ)*

ကျွန်တော်တို့တိုင်းပြည်ရဲ့ ဆိုးရွားလှတဲ့ ကံကြမ္မာနာဂစ်ကို မည်သူမှ မေ့နိုင်ကြမည်မဟုတ်ပါ။ ထိုနာဂစ်အိပ်မက်ဆိုးကြီးထဲ မှ ဆိုးရွားလှတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ ကျွန်တော်ပြန်မတွေး ချင်။ ကြိမ်ချောင်းကြီးရွာ ‥ အရိုးပဒေသာလိုအိမ်တိုင်များ ‥ သူတို့ရင်ခုန်သံကို သူတို့သိမ်းဆည်းထားတာပါပဲလေ။

*ငါ့သားကြီး နွားရွှေနီရေ*
*ရှန်းလိုက်စမ်းဟ ရှန်းရဒီတစ်မိုးဟာ*
*မင်းအတွက် နောက်ဆုံးပ*
*မင်းလည်းပဲ ငါ့လို အိုအိုလိုက်လာ*
*နားနားနေနေ*
*တို့ရွာတို့မြေအတွက်*
*မင်းတာဝန်ကျေပြီ*
*အဲ့ဒီနွားရွှေနီကြီးလည်း သူ့သခင်လိုပဲ ရေထဲမှာမျောလို့*
*(ဘဝဆိုတာ ခဏတဖြုတ်လေး – ကဗျာမှ)*

အစဲကြီးကျေးရွာ ‥ မြစ်ကြီးကိုကြည့်ကြည့်ပြီး ဟောင်နေတဲ့ ခွေးတစ်ကောင် ‥။ စိတ္တဇဆန်လှချည့်လား။ ရေချိုးဆင်းတဲ့ ကံတားလေးပေါ်မှာ ၁၄ နှစ်အရွယ် သမီးလေးက ၅ နှစ်အရွယ် မောင်လေးကို ပွေ့ဖက်လို့ ‥။ မြစ်ထဲကိုမျှော်ကြည့်နေကြတယ်။ သူတို့ ဘယ်သူ့ကို မျှော်နေကြတာတုန်း။ ဘယ်သူ့ကိုစောင့်နေကြတာတုန်း။ ကျွန်တော် ကြိမ်ချောင်းကြီးရွာကို အကူအညီ သွားပေးတုန်းက မြင်ခဲ့ရ။ ရင်နာမိပေါ့။ သခင်တွေနဲ့ အိမ်မွေးတိရစ္ဆာန်တွေ ‥ ကံတူအကျိုးပေး တွေလား။

*နွားလံကြိုး*
*ကြိုးတွေနဲ့တုပ်နှောင်လို့*
*ရေလှိုင်းကဆုန်အပေါ်က်မှာ*
*တစ်ယောက်နဲ့တစ်ယောက်*
*လွင့်ပျောက်မသွားစေဖို့ပါ*

နာဂစ်ဇာတ်လမ်းတွေဟာ ကျွန်တော်တို့မျက်ရည်တွေကို ညှစ်ထုတ်လို့ ‥ ကျွန်တော်တို့ ကရုဏာတွေကို လက်နဲ့ဖွဖွ ဆုပ်ညှစ်လို့ …။

*ကျန်ရစ်သူတွေရင်ထဲက*
*သောကမီးလျှံတွေဟာလည်း ဟုန်းဟုန်းထလို့*
*မီးတွေထတောက်နေတဲ့*
*သူတို့ရဲ့ရင်တွေဟာလည်း*
*ရေထဲမှာမျောလို့*
*"မျက်ရည်ပူတွေနဲ့ သူတို့မျက်ဝန်းကို ဆေးကြောရာ"*
*(အဖေ အမေ အစ်ကို အစ်မ*
*မောင်လေး ညီမလေး*
*ရှာပုံတော်ဖွင့်ကလေးများ)*
*ရွေ့ရွေ့ရွေ့ရွေ့နဲ့ ကွေ့ကွေ့သွား*
*အရှေ့ဘယ်မှာလဲ*
*အနောက်ဘယ်မှာလဲ*


ဆရာအောင်ဇင်မင်းခင်ဗျာ ‥ ဆာရီရယ်လစ်ထဲမှာပဲ နေခဲ့ပါတော့။ ကျွန်တော်တို့ဆီကို ပြန်မလာခဲ့ပါနဲ့။ ကျွန်တော် စိတ် မခိုင်ဘူး။ ကျွန်တော်က မျက်ရည်လွယ်တယ်။ အဲ ‥ လက်သီး တော့လည်း နည်းနည်းပြင်းတယ်။ ကျွန်တော် ကဗျာဆရာလေး၊ဆရာ ကျန်းမာပါစေ။ ဆရာ့ရဲ့ရင်ခုန်သံများကိုလည်း သိမ်းဆည်း ထားနိုင်ပါစေ လို့ ဆုတောင်းပေးလိုက်ပါတယ်။ သို့သော် ‥ ဆရာ့ရင်ခုန်သံတွေဟာ စာလုံးဖြစ်လာတဲ့အခါ …။

*စုဝေးနေတဲ့လူတွေဟာ*
*ခုံကလေးတွေပေါ်မှာထိုင်လို့*
*အစာငတ်လို့ ပိန်ချုံးညှိုးငယ်နေတဲ့*
*သူတို့ရဲ့မျက်နှာလေးတွေကလည်း*
*မျက်ကွင်းဟောက်နေရဲ့*
*မျက်လုံးကြီးတွေ ကျွန်တော့်ကို မျှော်ကြည့်နေကြတယ်*
*(သား သင်းအုပ်ဆရာမှ မိဘများသို့ပေးစာ)*

ဆရာ့ကော့လာ့ချ်အပိုဒ်တွေကို ဖတ်ရတာ ကျွန်တော် ဒေါက်တာဇီးဗားဂိုးရုပ်ရှင်ကားကို ပြန်ကြည့်ရသလို များစွာဝမ်းနည်းမိခဲ့ပါတယ်။ ဒီရေခေါက်တော့ ကမ်းစပ် ကဗျာစာအုပ်ကိုလည်း ပိတ်သိမ်းပြီးတော့ ဆာရီရယ်လစ်ထဲ ပြန်ပို့လိုက်ပါတယ်။

**ဥက္ကာကျော်**

www.burmeseclassic.com



# မြန်မာပြည်က Rock သူပုန်များ (၄)



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ဇာသီချင်းတွေရေးနေတဲ့ကာလ ၁၉၈၃ ဝန်းကျင်မှာ Rock သူပုန်တစ်ယောက်နဲ့ စသိခဲ့ရတယ်။ ဆံပင်ကရှည်ရှည်၊ လူက ဝဝ၊ အစားအသောက်ကလည်း ကြမ်းကြမ်း၊ စိတ်သဘောထားနူးညံ့၊ ဖြစ်သလိုဝတ်စားတတ်တဲ့သူ။ အဲဒီလူကတော့ I.C အဖွဲ့ရဲ့ခေါင်းကိုင်ဖခင်ကြီး ဖြစ်လာမယ့် စောဘွဲ့မှူးပါပဲ။

သူ့နာမည်ကို ကြားဖူးနေတာ ကြာပါပြီ။ လူချင်းကတော့ မဆုံဖူးဘူး။ အလုံဘက်က ဂစ်တာတီးကြတဲ့ ကိုဇော်ဝင်း (G. T. I) နဲ့ ကိုဘဝင်းတို့ ပြောပြောနေတာနဲ့ နာမည်ကို ရင်းနှီးနေတာ ဂစ်တာတီးကောင်းတဲ့ ဇော်ဝင်းဆိုတဲ့လူပေါ့။

သူနဲ့ကျွန်တော် ကိုင်ဇာစီးရီးသွင်းတဲ့နေ့ ရွှေတောင်ကြားထဲက ရဲခေါင် (မေ) စတူဒီယိုမှာ စဆုံကြတာပေါ့။ အဲဒီအချိန်က စောဘွဲ့မှူးဟာ ဂစ်တာကို speed (အမြန်) တီးတာကို သိပ်လုပ်ချင်နေတဲ့ အချိန်ပေါ့။ အဲဒီစီးရီးထဲမှာ Hard Rock နဲ့တီးတဲ့ ကျွန်တော့်သီချင်းကို Success တီးဝိုင်းက ဗထူးချစ်က lead တီးမယ်စီစဉ်နေတုန်း စောဘွဲ့မှူးက Solo သူတီးမယ်ဆိုပြီး ဝင်တီးတယ်။ ဘွဲ့ကြီးဟာ သူဖီလင်လာရင်လာသလို လုပ်တတ်တယ်။ အဲဒီသီချင်းဟာ သူ့လက်သံနဲ့ထွက်လာတယ်။ တော်တော် သေသေသပ်သပ် တီးပေးသွားတယ်။ သူဟာ တေးရေးဆရာတစ်ယောက်အနေနဲ့ လာတာပါ။ ဒါပေမဲ့ သူတီးချင်စိတ်ပေါက်လာရင် Guitar ကိုပါ ဝင်တီးပေးတတ်တဲ့သူပါ။

အဲဒီနောက်ပိုင်း သူနဲ့သိပ်မဆုံဖြစ်တော့ဘူး။ Show ပွဲတွေမှာတော့ သူတီးနေတာ မကြာခဏတွေ့နေရတယ်။ ပင်တိုင် Band တော့မရှိဘူး။ လွှမ်းမိုးတို့ဝိုင်းမှာလည်း ဝင်တီးနေတာတွေ့ရတယ်။ သူနဲ့ဂစ်တာဟာ တသားတည်းဖြစ်နေတာပါပဲ။ ဘယ်ဝိုင်းမှာမဆို သူဝင်တီးတာပဲ။ သူ့ကိုလည်း တီးဝိုင်းတွေက လိုလိုလားလား နေရာပေးကြတယ်။

သူနဲ့ကျွန်တော်နောက်ပိုင်းမှာ တွေ့ရတာ တော်တော်စိပ်လာတယ်။ မေခလာစီးရီးသွင်းတော့လည်း သူရောက်လာတတ်တယ်။ ဝင်ဒါမီယာထဲက တိုနီရဲ့ (လင်း) စတူဒီယိုမှာပေါ့။ ကျွန်တော်တို့ တေးရေးတွေဟာ ဝင်ငွေက မမှန်ဘူး။ ရတဲ့အခါကျတော့လည်း ရ၊ မရတဲ့အခါကျတော့ တစ်ယောက်နဲ့တစ်ယောက် ကျားကန်ပေးကြရတယ်။ အဲဒီခေတ်က ပရိုဂျူဆာတွေက အနုပညာသမားတွေအပေါ်မှာ တော်တော်နှိမ်ထားကြတယ်။ Right (မူပိုင်ခွင့်) ကို သိသိကြီးနဲ့ မသိ



ချင်ယောင်ဆောင်နေကြတယ်။

ကျွန်တော်ဟာ စာပေအသိုင်းအဝိုင်းမှာလည်း သူငယ်ချင်းတွေရှိတော့ Right ကိုသိတယ်။ ကိုစိန်ဝင်း (ပုတီးကုန်း) တို့ဆို ဒုတိယအကြိမ်ထုတ်ရင် ဒုတိယအကြိမ်စာမူခရတယ်။ တတိယအကြိမ်ထုတ်ရင် တတိယစာမူခရတယ်။ တစ်နေ့တော့ ရွှေဂုံတိုင်မှာရှိတဲ့ ဉသြတေးသံသွင်းက မောင်မောင်က ကိုင်ဇာလက်ရွေးစင်တေးစီးရီးထွက်တော့ ကျွန်တော့်သီချင်း 'အိပ်မက်လှေ' ပါလာတယ်။ ကျွန်တော်သွားပြီး သီချင်းဖိုးတောင်းတယ်။ သူက ကျွန်တော် မူပိုင်ဝယ်ထားတာပဲ၊ ဘာလုပ်လုပ်ရတယ် ပြောတယ်။ ကျွန်တော်က Right ကို ရှင်းပြတယ်။ သူက လက်မခံဘူး၊ မပေးဘူး ပြောတယ်။ ကျွန်တော်တို့ကလည်း ဘဝတစ်ခုလုံးနဲ့ရင်းလာရတာ ပိုက်ဆံမပေးရင် လူကိုလုပ်မယ်ဆိုပြီး ဆိုင်ထဲဝင်တော့ ကိုကြည်သိန်း (ဆရာ စိန်မောင်မြင့်ရဲ့သား) က ရှေ့ကနေပြီး ကိုဇော်တင် လွှန်မယ်နော်၊ ဟေ့ ကိုမောင်မောင်ပေးလိုက်။ သူမှန်တယ်၊ ခင်ဗျားမပေးရင် ကျွန်တော်စိုက်ပေးမယ်ဆိုမှ မောင်မောင်က ငွေ ဖြဝဝ ထုတ်ပေးတယ်။

ကျွန်တော်လည်း လင်းစတူရီယိုကို ပြန်လာပြီး အလုပ်ဆက်လုပ်ဖြစ်တယ်။ အဲဒီမှာ စိတ်မညစ်တတ်တဲ့ ဘွဲ့ကြီးက စိတ်ညစ်နေတယ်၊ ဘာဖြစ်တာလဲဆိုတော့ အိမ်မှာ ရိက္ခာဝယ်မပေးနိုင်ခဲ့လို့တဲ့။ ဒီမှာ ဘွဲ့ကြီးကိုယ်တော့ ဉသြက ငွေ ဖြဝဝ ထုတ်လာတယ်။ ခင်ဗျားသီချင်းတွေ ပါတယ်၊ သွားထုတ်လို့ပြောတော့ သူမယုံဘူး၊ ဟုတ်ရဲ့လား ကျွန်တော့်ကို မနောက်နဲ့နော်လို့ ပြောတယ်။ ဟုတ်တယ် ဘွဲ့ကြီးရဲ့ Right အရ မူပိုင်တာက ကိုယ်တို့တေးရေးဆရာတွေက ပရိုဂျူဆာတွေကို အငှားချထားတာ တစ်ကြိမ်ထုတ်ဖို့ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့ကို ပိုက်ဆံပေးရမှာဆိုပြီး ရှင်းပြရတယ်။

သူသွားတယ်။ ပြီးတော့ ပြန်လာတယ်။ မျက်နှာကြီးက ဖိုးလမင်းကြီးလို ဝင်းလက်လို့ ကိုဇော်တင် ခင်ဗျား ဘာစားမလဲ၊ ဘာသောက်မလဲပေါ့၊ မစားပါဘူး ဘွဲ့ကြီးရာ ကိုယ်တို့က ဘဝတူတွေပဲ တစ်ယောက်ကိုတစ်ယောက် နှုတ်ဖေါ်စောင်မခြင်းနဲ့ ကူညီရတာပါ ဝမ်းတောင် သာမိသေး။

ခဏာလုပ်ပေးရတယ်။ စိတ်တိုင်းမကျမချင်း ပြန်တီးလေ့ရှိတယ်။ အိပ်တာကတော့ သူ့ရဲ့ခန္ဓာကိုယ်က တောင်းဆိုရင်တော့ ဝီရိယ အားကောင်းတယ်။ သူ့သီချင်းလေးတွေဆိုရင် ချစ်စရာကောင်းအောင် ရေးစပ်တီးခတ်တတ်တယ်။ သီချင်းရေးဆရာထဲမှာ ဂီတပါကျွမ်းကျင်တော့ Music နဲ့ Words နဲ့က တစ်ထပ်တည်းကျတယ်။ ပြီး တော့ လူတန်းစားပြဿနာမှာ အခြေခံလူတန်းစားတွေဘက်က ရပ်တည်ပြီး ရေး

နောက် သူနဲ့မဆုံဖြစ်ပြန်ဘူး။ ပြည်ရတနာတေးသံသွင်းက အက်စ်ကဲနက်ရဲ့ 'ရင်ကိုတိုးဝေ့ဆဲပါနိုင်' အောင်မြင်ပြီးနောက် တစ်ခွေသွင်းတော့ ကိုကိုအောင် (သပြေ) က ချိန်းလို့ ဆူးလေဘုရားလမ်းက မီးသတ်ကြီးဘေးသပြေတေးမဂ္ဂဇင်းအောက်က ပြည်ရတနာတေးသံသွင်းမှာ ပြန်ဆုံကျတော့ သူက တော်တော် ဝမ်းသာအားရနဲ့ နှုတ်ဆက်တယ်။ ဟော့ကိုဇော်တင် ပြန်ဆုံကြပြန်ပြီပေါ့။ သူ့



ကျွန်တော်တို့ သီချင်းသွင်းတဲ့ရက်တွေမှာ စတူဒီယိုမှာ သွားသွားထမင်းစားကြတယ်။ မနက် ၁၁း၀၀ နာရီလောက်ဆို ထုတ်လုပ်သူတွေက ဘယ်သူဘာနဲ့စားမလဲ၊ ဘယ်ဆိုင်ကလဲ။ အဲဒီတုန်းက M .3 sea food နားမှာ ရွှေဘထမင်းဆိုင်က နာမည်ကြီးပဲ။ ဘွဲ့ကြီးကျတော့ စားလိုက်ရင် ဝက်သား၊ ဘဲသား သူ့ခန္ဓာကိုယ် ဝဝကြီး၊ အဆီတွေတက်နေတဲ့ ပါးစုံကြီးတွေ မေးစေ့ကြီးတွေနဲ့ မတည့်တာတွေ သိပ်စားတယ်၊ စားပြီးလည်း တရေးတမော အိပ်တယ်။ သူ ဂစ်တာတီးရင် Multi ခဏာ

လေ့ရှိတယ်။


လွှမ်းမိုးဆိုခဲ့တဲ့ ကိုပေါဆိုတဲ့သီချင်းလေးဆိုရင် သိပ်နုံချာတဲ့ လူတစ်ယောက်ရဲ့မျှော်လင့်ခြင်းကို ဖွဲ့သီခဲ့တာပါ။ စိတ္တဇဆန်တဲ့သီချင်းဆိုရင်လည်း ကိုစိုးပိုင်ရဲ့ 'သီတာ' သီချင်းမှာ ပီပီပြင်ပြင်ရေးဖွဲ့နိုင်တယ်။ ကိုင်ဇာဆိုခဲ့တဲ့ 'ရုံးတော်' သီချင်းဆိုရင်လည်း မနိုင်မာတဲ့သံယောဇဉ်တွေနဲ့ အိမ်ထောင်ကျခဲ့တဲ့ အိမ်ထောင်သည်တစ်ယောက်အကြောင်း ဖွဲ့သီတတ်တယ်။ သူဟာ အကြောင်းအရာပေါင်းစုံကို ရေးဖွဲ့နိုင်သူတစ်ယောက်ပါပဲ။

ဘေးမှာ ငါးတန်းခြောက်တန်းလောက်ရှိတဲ့ လူငယ်လေးတစ်ယောက်ပါလာတယ်။ ဘွဲ့ကြီးက ဒီမှာလေ ကျွန်တော့်သားတဲ့။ လူငယ်လေးက ရည်ရည်မွန်မွန်နဲ့။ သူ့လိုပဲ ကရင်လေးဆိုတော့ အင်းလေ သူ့မိသားစုတွေနဲ့ကမဆုံဘူးတော့ ဟုတ်တယ်ပဲ ထင်တာပေါ့။ ကလေးကို ဂစ်တာသင်ပေးနေတယ်တဲ့။ အဲဒီအချိန်က ကျွန်တော့်မှာ အိမ်ထောင်မကျသေးတော့ ဂီတအမွေပေးဖို့ မရှိတာကို စိတ်မကောင်းဖြစ်မိတယ်။ ကဲ နက်အတွက် သီချင်းပေးပြီး ပြန်အထွက်မှာ ဘွဲ့ကြီးက ကိုဇော်တင်ရေ တယ်ထူးမွေးဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေက ကြာကြာသွားနိုင်မှာ မဟုတ်ဘူး။ တပည့်တွေက လက်ဆင့်ကမ်းသွားမှာ ကိုယ်က တစ်မတ်ဖိုးလောက်တတ်ပေမယ့် တပည့်က တစ်ကျပ်ဖိုးလောက်တော်ရင် ကိုယ်တွေအခြေအနေက ငါးမတ်လောက်တန်သွားတာပေါ့တဲ့။

နောက်တစ်ခါကျတော့ ပိုပို (စိုးလွင်လွင်) တို့ ရန်ကင်းဆယ့်နှစ်လုံးတန်းက တိုက်ခန်းမှာ ပိုပိုဆီသွားရင်း ဆုံပြန်တယ်။ ပိုပိုက စပယ်ဦး ကိုသန်းလွင်ပြင်ပေးထားတဲ့ တိုက်ခန်းလေးမှာ သူ့အတွက် သီးသန့်ခန်းလေးလုပ်ထားတယ်။ သူငယ်ချင်းတွေနဲ့ သီချင်းလုပ်ဖို့အခန်းလေးပေါ့။ မူးယစ်သောက်စားဖို့လည်း သီးသန့်ပေါ့။ သူ့အမျိုးသမီးမဖြူတို့က တစ်ဖက်ခန်းမှာ နေကြတယ်။ ကျွန်တော်က ပိုပိုဆီမှာ သီချင်းသွားလုပ်ရင်း မေခလာက သူညီမ ခင်ဥမ္မာအတွက် Own Tune လေးတစ်ပုဒ်ရေးပေးပါဆိုလို့ ပိုပိုကက်ဆက်ထဲမှာ တိတ်ခွေနဲ့ သီချင်းသွင်းထည့်တယ်။ ဒါပေမဲ့ ဥမ္မာက အဲဒီသီချင်းလေးကို မဆိုဖြစ်ဘူး။ သီချင်းက မိန်းကလေးအမျှော်ဆိုက်သီချင်းလေးပါ။ ကြာတော့လည်း မေ့နေတယ်။

နောက်တစ်နှစ်လောက်ကြာတော့ ကျွန်တော်လည်း ပေါင်းတည်က အမေ့အိမ်မှာ ပြန်လာပြီး နားခိုရတယ်။ တစ်နေ့ မနက်ဈေးထိပ်နားက လက်ဖက်ရည်ဆိုင်သွားထိုင်တော့ (လာခေါ်လှည့်)၂ လာခေါ်လှည့်ပါ ချစ်သူရေ ဆိုတဲ့စာသားကို ပိုပိုအသံနဲ့ဆိုထားတဲ့စီးရီး ထွက်လာတယ်။ မိန်းကလေးတိုင်း အဲဒီအချိန်က ကြိုက်ကြတယ်။ ဒါပေမဲ့ ပိုပိုရဲ့စန်းပဲပေါ့။ သီချင်းက ကောင်းနေတယ်။ အမှန်တော့ ဘွဲ့ကြီးက ပိုပိုကို ဆိုနိုင်းတာတဲ့။ ဆိုလိုတာက ဘွဲ့ကြီးက သီချင်းအကြောင်းကို သိနေတော့ ဒီသီချင်းက Pop Rock ကလေးမှန်း သိပြီး ဆိုနိုင်းတာ သူ့ရဲ့ကျွမ်းကျင်မှုပဲ။

ကိုင်ဇာဆိုရင် ဘွဲ့ကြီးသီချင်းတွေကို သိပ်ဆိုဖြစ်တယ်။ သူက ဘွဲ့ကြီးကို ချစ်လည်းချစ်ပါတယ်။ ပြီးတော့ ဘွဲ့ကြီးသီချင်းက ဂစ်တာတီးလို့ကောင်းတဲ့ ဖွဲ့စည်းပုံမျိုးပါ။ နိုင်မြန်မာတို့ကျတော့ ဟာ


www.burmeseclassic.com

www.burmeseclassic.com



သားရေးဖွဲ့မှုအား သိပ်ကောင်းတယ်။ တစ်ယောက်တစ်မျိုး ကောင်းကြပါတယ်။ ကျွန်တော်ဆိုရင်လည်း ဘွဲ့ကြီးသီချင်းတွေကို သိပ်ကြိုက်တယ်။ ချစ်စရာကောင်းအောင် ရေးဖွဲ့နိုင်သလို လိုအပ်ရင် သူကိုယ်တိုင် ဝင်တီးတတ်တယ်။ အဲဒီတော့ သီချင်းက ပိုပြီး ကြွလာတာပေါ့။ စာသားနဲ့ ဂီတနဲ့ တစ်ထပ်တည်းကျတယ်။ အဲဒါမှ Composer အစစ်ပါ။ ဇာလျှန်းက တေးရေးဆရာ တော်တော်များများကို စာရေးဆရာ လို့ခေါ်တတ်တယ်။ ဟုတ်တော့ဟုတ်တယ်။ တေးရေးဆရာဆိုတာက ဘွဲ့မှူးတို့လို လူမျိုးတွေမှ တေးရေးဆရာအစစ် ဖြစ်တယ်။ သူ့သီချင်းကို music ပါ arrangement လုပ်နိုင်တာ။

မေခလာရဲ့ပြိုင်ပွဲဝင်သီချင်းများကို ဂန္ဓမာတေးသံသွင်းကနေသွင်းတော့ ဘွဲ့ကြီးလည်း အပ်ထားတယ်။ ကျွန်တော်လည်း ပါတယ်။ ဆရာလိတ်လည်း ပါတယ်။ လင်းစတူဒီယိုမှာပါ။ ဒါပေမဲ့ ဘွဲ့ကြီးဆီက တစ်ပုဒ်ကျန်တယ်။ မေခလာက ပူဆာတော့ သူက လက်ဖဝါးမှာ သီချင်းရေးလာတယ်။ ကဲလိုက်ဆိုတဲ့ (ကိုကိုက နိုး နိုး နိုး၊ ငယ်ငယ်က ချစ် ချစ် ချစ်)တဲ့ ။56 i .i .i l .i --- l 23 5 .5 .5 l .5 ---။ မေခလာက လိုက်ဆိုပါတယ်။ အဲဒါ ဘွဲ့ကြီးရဲ့သဘောက ပြသွားတာပါပဲ။

အဲဒီလိုတော်တဲ့ဂီတဆရာတစ်ယောက်ဟာ အကြွေစောပါတယ်။ သူ မကြွေမီ သူ့အိပ်မက်ကို အကောင်အထည် ဖော်သွားနိုင်ခဲ့ပါတယ်။ ဘွဲ့ကြီးဂစ်တာတီးလာတာ ဂီတလုလင်ဆရာဦးကိုကိုဝိုင်းမှာကတည်းက တီးလာခဲ့တာ ကွယ်လွန်ချိန်ထိ ဂစ်တာတီးသွားခဲ့ပါတယ်။

မြန်မာပြည်မှာ Iron Cross ဆိုတဲ့ Rock Band တစ်ခု ထင်ထင်ရှားရှား အောင်မြင်လာခဲ့တယ်၊ လေးဖြူတို့ အငဲတို့ အဆိုတော်တွေနဲ့ အားကောင်းမောင်းသန် ပေါ်ထွက်လာခဲ့တယ်။ စတင်ဖွဲ့စည်းသူကတော့ ဘယ်သူဟုတ်ရိုးလဲ။ ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော်ကြီး ဂီတမှူးစောဘွဲ့မှူးပါ။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က အက်စကဲနက် သီချင်းအတွက် ပြည်ရတနာ တေးသံသွင်းမှာ ဘွဲ့ကြီးနဲ့ပါလာတဲ့ လူငယ်လေးက Lead Guitar တီးတယ်။ ချစ်စမ်းမောင် ဆိုတဲ့နာမည်နဲ့ ဂစ်တာသူရဲကောင်း တစ်ယောက်ပေါ့။ သူလည်း အိမ်က စကားနားမထောင်တဲ့ သူပုန်တစ်ယောက်ပဲ။

ဘွဲ့ကြီးမှာ ဟိုတီးဝိုင်းဝင်တီး ဒီတီးဝိုင်းဝင်တီးနဲ့ နေရာတစ်နေရာအငြိမ်မရခဲ့ဘူး။ အခု သူကွယ်လွန်သွားပြီးတဲ့အချိန်မှာတော့ သူ့ရဲ့ဝိုင်းဟာ မြန်မာပြည်ရဲ့ထိပ်တန်းတီးဝိုင်းကြီးတစ်ခုအဖြစ် ရှိနေခဲ့ပြီး ဘွဲ့ကြီးဟာ လူလည်း အငြိမ်ရသွားတယ်။

ဒါပေမဲ့ သူပြောခဲ့တဲ့စကားတစ်ခွန်းတော့ မှတ်မှတ်ရရ ရင်ထဲမှာ ကျန်ခဲ့တယ်။ တပည့်မွေးဗျ၊ ပညာပေးဗျ။ ကိုယ်က တမတ်ပဲတန်ပေမယ့် တပည့်က တစ်ကျပ်တန်ရင် ကိုယ်က ငါးမတ်တန်တယ်တဲ့။

သူ့တပည့်တွေကလည်း စောဘွဲ့မှူး အမှတ်တရပွဲမှာ ဘွဲ့ကြီးရှိတုန်းက တီးခတ်သီဆိုခဲ့တာကို ရိုက်ထားတဲ့ ဗီဒီယိုကို နောက်ခံဖွင့်ပြထားပြီး သူတို့တွေပါ ရောနှော တီးခတ်ပြသွားကြတယ်။ ဘွဲ့ကြီးဟာ သူကွယ်လွန်ပေမယ့် သူ့ရဲ့ဝိညာဉ်က သူချစ်တဲ့ပရိသတ်ကြီးကို တပည့်တွေနဲ့ အတူတကွ ဖျော်ဖြေပြနေဆဲပဲ။

လူသေသော်လည်း နာမည်မသေတဲ့ Rock သူပုန်ကြီး စောဘွဲ့မှူးပါ။

**ဇော်တင်**



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# "အများအတွက် လူဖြစ်ရခြင်းသာ နေပျော်တဲ့ဘဝ" ဆိုတဲ့

## ဆရာမ သန်းမြင့်အောင်နှင့် တွေ့ဆုံခြင်း

◆ စုသဲမွန်

၂၀၁၄ ခုနှစ်မေလမှာ ကျင်းပခဲ့တဲ့ ပြည်သူ့ဂုဏ်ရည်ဆုပေးပွဲကို တက်ရောက်ခဲ့ပြီး ဆရာမသန်းမြင့်အောင်နဲ့ စုံနှံသာ ပရိသတ်အတွက် အင်တာဗျူးလုပ်ဖို့ ရက်ချိန်းယူတဲ့အခါ ဆရာမကလည်း မအားလပ်တဲ့ကြားက ကျွန်မကို လိုလိုလားလား အင်တာဗျူး



www.burmeseclassic.com

www.burmeseclassic.com





ခွင့်ပေးခဲ့ပါတယ်။ အဲဒီအတွက် ဆရာမနဲ့ ကူညီပေးခဲ့တဲ့ Aung Fountion မှ ကိုရဲဝင်းဇော်ကိုလည်း ကျေးဇူးတင်ကြောင်း ဦးစွာပထမ ပြောလိုပါတယ်။ ဆရာမသန်းမြင့်အောင်က ၂၀၀၂ မှာ သဏ္ဍာန်မဲ့ ထုထည် ဝတ္ထုတိုပေါင်းချုပ်နဲ့ အမျိုးသားစာပေဆု ရရှိခဲ့ပြီး၊ ၂၀၁၄ ခုနှစ်မှာ အမေရိကန်နိုင်ငံ မြန်မာမိသားစုများက ပေးအပ်ချီးမြှင့်ခဲ့တဲ့ ပြည်သူ့ဂုဏ်ရည်ဆုကို ရရှိထားသူဖြစ်ပါတယ်။ ဆရာမကို နာရေးကူညီမှုအသင်းရဲ့ ဒုဥက္ကဋ္ဌအဖြစ် လူသိများကြပြီး၊ ဆရာမဟာ HIV ကူးစက်ခံမိဘမဲ့ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးအဖွဲ့ 'သုခရိပ်မြုံ' ဂေဟာ၊ ခိုကိုးရာမဲ့ နာမကျန်းဘိုးဘွားများအတွက်လည်း ဆည်းဆာရိပ်ဘိုးဘွား ရိပ်သာနဲ့ အောင်ဖောင်ဒေးရှင်း ပရဟိတ သင်တန်းကျောင်းကို တည်ထောင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာစာပေလောကအတွက် စိတ်ခွန်အားဖြစ်စေတဲ့ ဝတ္ထုတွေ၊ ဘဝသရုပ်ဖော်ဝတ္ထုတွေ၊ ကရုဏာဖွဲ့စာပေဆောင်းပါးတွေ အများကြီးရေးခဲ့ဖူးသူပါ။ ဆရာမစာပေတွေကို ပရိသတ်များလည်း ဖတ်ဖူး၊ မှတ်ဖူး၊ လေ့လာဖူးရုံတင်မက စွဲမက်ဖူးမယ်လို့ လည်း ယုံကြည်ပါတယ်။ ဆရာမက ဝတ္ထုတိုပေါင်းချုပ် (၁)အုပ်၊ လုံးချင်း (၄) အုပ်နဲ့၊ ဆောင်းပါးပေါင်းချုပ် (၁) အုပ် ထုတ်ပြီးပါပြီ။ အောင်မြင်တဲ့ စာရေးဆရာတစ်ယောက်ဖြစ်ရုံမက ပရဟိတအလုပ်တွေကိုလည်း စွမ်းစွမ်းတမံလုပ်ဆောင်နိုင်တဲ့ ဆရာမသန်းမြင့်အောင်နဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပုံကို စာဖတ်ပရိသတ်များအတွက် တင်ပြပေးလိုက်ပါတယ်။

**မင်္ဂလာပါဆရာမ။ ဆရာမက ယနေ့စာပေလောကမှာ လူသိများ ထင်ရှားတဲ့ စာရေးဆရာမတစ်ယောက် ဖြစ်နေပေမယ့်၊ စာအဆက်မပြတ်ရေးနိုင်ခဲ့တာ မဟုတ်ဘဲနဲ့၊ စာပေလောကနဲ့ ကင်းကွာခဲ့တာတွေလည်းရှိတယ်လို့ သိထားပါတယ်။ အဲ့ဒီအချိန်ကာလတုန်းက ဆရာမကို စာတွေပြန်ရေးနိုင်ဖို့ ထိုက်တွန်းအားပေးခဲ့သူများနဲ့၊ ဆရာမ စာပေ လောကထဲဝင်ရောက်ချိန်ကစပြီးတော့ ခုချိန်အထိ စာရေးဆရာမတစ်ယောက်အနေနဲ့ ရုန်းကန်ဖြတ်သန်းခဲ့ရတာတွေကို ပြောပြပေးပါရှင့်။**

ကျွန်မကို စာပြန်ရေးဖို့တိုက်တွန်းခဲ့သူတွေကတော့ အများကြီးပါပဲ၊ စာပေလောကမှာ စာပေညီအစ်မတွေ စာပေမောင်နှမတွေ ကျွန်မနဲ့ သိကျွမ်းရင်းနှီးသူတွေအားလုံးလိုလို ကျွန်မစာရေးကြတာကို မကြိုက်ကြဘူး။ ကြုံရင်ကြုံသလို ပြောကြတိုက်တွန်းကြတာပဲ မမဝင်း (ဆရာမကြီး ဒေါ်ကလျာ) လိုမနိုင်ရင်ကာ ကြောက်ရတဲ့သူမျိုးကျတော့ သူ့တိုက်မှာ တံခါးပိတ်ပြီးတော့ကိုရေးခိုင်းတာ။ ဒါလည်းနောက်ပိုင်းတော့ သူလက်လျှော့လိုက်ရတာပါပဲ ခုထိတော့ ကျွန်မမှာစာရေးတဲ့အချိန်ကို အတော်လုနေရတုံးပါ။ စာပေလောကထဲရောက်တဲ့အချိန်ကစပြီး ခုချိန်ထိ ရုန်းကန်ခဲ့ရတာတွေကတော့ သာမာန်လူတစ်ဦးသာမန်စာရေးဆရာတစ်ယောက်ဖြစ်တဲ့ ကျွန်မအနေနဲ့လည်း လူတိုင်းလိုလို တွေ့ဆုံရင်ဆိုင်ကြရတဲ့ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ အကြပ်အတည်းတွေနဲ့ ရင်ဆိုင်ရတာပါပဲ၊ စာပေကို ချစ်မြတ်နိုးလို့ စာရေးဆရာဖြစ်ချင်စိတ်အပြင် ပရဟိတအလုပ်ကိုလည်း စိတ်အားထက်သန်တော့ ပိုပြီးပင်ပန်းတာပေါ့။

**ဆရာမအနေနဲ့ စာပေလောကထဲမရောက်ခင် ကျင်လည်ခဲ့တဲ့ဘဝအကြောင်းကိုလည်း စာဖတ်ပရိသတ်တွေအတွက် အမှတ်တရပြန်ပြောပြပေးပါ။**

စာပေလောကထဲမရောက်ခင် ကျောင်းသူဘဝ၊ နောက်အိမ်ထောင်သည်ဘဝ၊ ဈေးသည်ဘဝ စာပေဝါသနာရှင်ဘဝပေါ့။ စာတိုပေစကလေး စတင်ရေးဖြစ်တော့လည်း မဂ္ဂဇင်းတိုက်တွေ ဂျာနယ်တိုက်တွေတလည်လည်နဲ့ ကိုယ့်စာမူလေးကိုင်ပြီး ခြေတိုအောင်လျှောက်ခဲ့ရပေါ့။ နောက်တော့မှ တိုင်းရင်းမေ၊ ယုဝတီ၊ သပြေ၊ စန္ဒာစတာတွေမှာ ဖော်ပြခံရတော့မှ အားတက်လာခဲ့တာ။

**သဏ္ဍာန်မဲ့ထုထည်ဝတ္ထုတိုပေါင်းချုပ်နဲ့ ဆရာမက အမျိုးသားစာပေဆုရရှိခဲ့တာနော်။**

ဟုတ်ပါတယ်။

**အဲဒီတော့ စာပေဆုတွေနဲ့ ပတ်**

www.burmeseclassic.com

**သက်ပြီး တစ်ခုလောက်မေးချင်ပါတယ်။**

ဟုတ်ကဲ့။

**တချို့ စာပေဆုများက စာဖတ်သူနဲ့ထပ်တူမကျဘဲ ဆုပေးသူအလိုကျ ပေးခဲ့တဲ့ စာအုပ်များလည်းရှိတယ်လို့ ဆိုကြပါတယ်။ အဲဒီထဲမှ ဆရာမစာအုပ်ကတော့ ဆုပေးတဲ့အဖွဲ့အစည်းကရော၊ စာဖတ်သူများရော ကျေနပ်တဲ့စာအုပ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သတ်ပြီး ဆရာမအမြင်ကို သိပါရစေ။**



အမျိုးသားစာပေဆုရလိုက်တဲ့ ကျွန်မစာအုပ်က လူ့အဖွဲ့အစည်းမှာ တကယ်ဖြစ်ပျက်ကြုံတွေ့နေကြတဲ့အကြောင်းအရာတွေကို ရေးဖွဲ့တဲ့ဘဝသရုပ်ဖော်ဝတ္ထုတိုတွေပါ။ ကျွန်မကအောက်ခြေလူတန်းစားတွေနဲ့ အထိအတွေ့များသူဆိုတော့ အချို့ဖြစ်ရပ်တွေမှာ သူတို့ရင်ဆိုင်တွေ့ကြုံနေကြတဲ့အကြောင်းအရာတွေဟာ စိတ်ကူးနဲ့ရေးဖွဲ့ရမယ့်အကြောင်းအရာတွေထက်တောင်ပိုပြီးကျွန်မကို စိတ်ဝင်စားစေပါတယ်။ အဲဒီအခါမှာ ကျွန်မဝတ္ထုတိုတွေ ရေးဖွဲ့ဖြစ်ပါတယ်။ သည်ဝတ္ထုတိုမျိုးတွေ စုစည်းပြီး ထုတ်ဝေလိုက်တဲ့အခါကျတော့ စာဖတ်သူတွေနဲ့ ဆုရွေးချယ်သူတွေက ကျွန်မရဲ့ခံစားမှုနဲ့တိုက်ဆိုင်သွားပုံရပါတယ်။

**ဆရာမဖန်တီးခဲ့တဲ့ ဝတ္ထုတွေထဲက အချက်အလက်စုဆောင်းမှုအရဖြစ်စေ၊ အဲဒီကာလစာပေစိစစ်ရေးကိုဖြတ်သန်းနိုင်အောင်ဖြစ်စေ၊ ခဲခဲယဉ်းယဉ်း ကြိုးစားရေးဖွဲ့ခဲ့ရတဲ့ ဝတ္ထုတွေထဲက ဆရာမမှတ်မိတာမျိုးရှိရင် ပြောပြပေးပါ။**

ဝတ္ထုတိုတစ်ပုဒ်ရေးဖွဲ့ရင်တော့ လိုအပ်တဲ့အချက်အလက်တွေကို စုဆောင်းရပါတယ်။ တကယ့်ဖြစ်ရပ်တွေကိုရေးတဲ့အခါ ဇာတ်ကောင်စရိုက်ပေါ်လွင်အောင် သူကျင်လည်ကျက်စားတဲ့နေရာမှာ အချိန်ယူပြီး သွားလေ့လာရတာမျိုး မေးမြန်းရတာမျိုးပေါ့။ ဥပမာအစာများဆိုတဲ့ ဝတ္ထုဆိုရင် တောင်သမန်အင်းမှာ ငါးရှာနေကြတဲ့ မိသားစုအကြောင်းရေးတာပါ။ ရေထဲမှာ ကိုယ်တစ်ပိုင်းလောက်မြုပ်နေလေ့ရှိတဲ့ သူ့ရဲ့ကလေးတွေရဲ့ပိုက်ကြိုးတန်းပြီးငါးမျှားနေကြတဲ့ ဘဝမှာ သူတို့ရဲ့ရှင်သန်ရပ်တည်မှုနဲ့ သူတို့မိဘတွေရဲ့စရိုက်သဘာဝတွေကို ရေးဖွဲ့ထားတာပါ။

**ဟုတ်ကဲ့။**

၁၉၉၅ ခုနှစ်လောက်က တောင်သမန်အင်းစောင်းက ဆရာတော်ဦးပညာရဲ့ တောင်လေးလုံးကျောင်းတိုက်မှာ နေပြီး သူတို့လေးတွေနဲ့ခင်မင်အောင်ပေါင်းသင်းပင်ပန်းနေကြတဲ့ကလေးတွေကို အင်းစောင်းမှာ အကြော်တစ်ထုပ်နဲ့ထိုင်စောင့်ကျွေးရင်း မေးမြန်းရေးသားခဲ့တာပါ။ စာပေစိစစ်ရေးကို ဖြတ်သန်းရတဲ့ကာလတွေကတော့ စာရေးဆရာတိုင်း ရင်ဆိုင်ရတဲ့ အခက်အခဲပေါ့။ စာဖတ်သူကို ပွင့်လင်းမြင်သာအောင် ရေးလို့မရတော့လှည့်ပတ်ပြီး ရေးကြရတာ။ အဲဒီလိုရေးရင်းနဲ့ အချို့အကြောင်းအရာတွေက စတိုင်ယာဝတ္ထုတွေဖြစ်လာတာပေါ့။ အဲဒါကစိစစ်ရေးက သင်ပေးလိုက်တဲ့ပညာပါ။ ချိန်သီးတစ်လုံးရဲ့ ဟန်ချက်ဆိုတဲ့ဝတ္ထုတိုက ဦးနှောက်မဖွံ့ဖြိုးတဲ့ ပုဂ္ဂိုလ်တစ်ယောက်အကြောင်းပါ။ မိသားစုတစ်စုထဲက ဩဇာအကြီးဆုံး အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့ ပြဿနာဖြေရှင်းပုံကလေးပါ။ ရေးခေတ်လက်ရာ ဖန်ပုလင်းလှလှကလေးတစ်လုံးရဲ့အဖုံးနဲ့ ကျောင်းစာအုပ်မှာ စက်ဝိုင်းပုံဆွဲတဲ့သမိုင်းယဲနဲ့ အဖုံးအပိုမရှိလို့သုံးမဖြစ်တဲ့ ဖနီးသည်ရဲ့ ပဋိပက္ခကို ပုလင်းကို ရိုက်ခွဲပေးလိုက်ခြင်းဖြင့် အဖုံးအပိုဖြစ်သွားအောင် ဖြေရှင်းပေးလိုက်နိုင်တဲ့ အဲဒီအိမ်ထောင်ဦးစီးရဲ့အရည်အချင်းကို အရပ်ထဲကလူတွေက ဘယ်လိုသဘောထားထား သူ့အိမ်သားတွေက တအားအထင်ကြီးကြပုံကို ရေးထားတာပါ။

**ဟုတ်ကဲ့။ ပရိသတ်ရဲ့စိတ်ဝင်စားမှုရအောင် ဆွဲဆောင်နိုင်တဲ့ ဝတ္ထုတွေပါ။ လူမှုဘဝပရဟိတနယ်ပယ် လူမှုရေးဆောင်းပါးများ စာအုပ်မှာလည်း ဆောင်းပါးသက်သက်မဟုတ်ဘဲ ကရုဏာ ရသဖွဲ့ဇာတ်လမ်းတွေ၊ ကြေကွဲဖွယ်ရာ ဖြစ်ရပ်မှန်တွေ ရေးဖွဲ့ထားတာဖတ်ရပါတယ်။ အဲဒီစာအုပ်လေး ရေးဖွဲ့ထုတ်ဝေဖြစ်ခဲ့ပုံကို ပြောပြပေးပါ ဆရာမ။**

အဲဒါကတော့ လူမှုရေးနယ်ပယ်က ဖြစ်ရပ်မှန်တွေပါ။ ကိုယ့်လုပ်ရှားမှုတွေရော ကိုယ်ရောက်တဲ့ ကျေးလက်ဒေသက ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေရဲ့ ပရဟိတဆောင်ရွက်ချက်တွေကို ရေးသားထားတဲ့ ဆောင်းပါးပေါင်းချုပ်စာအုပ်ပါ ပြီးတော့ အရွယ်မရွေးရောဂါအမျိုးမျိုးနဲ့ ရင်ဆိုင်နေကြရတဲ့ပြည်သူလူထုရဲ့အခက်အခဲကို လူငယ်တွေ သွေးကောင်းသွေးသန့်များ လှူဒါန်းခြင်းဖြင့်ကုသိုလ်ယူနိုင်ကြဖို့အတွက် သွေးလှူရှင်ဆောင်းပါးတို့ကျွန်မပါဝင်ဆောင်ရွက်ခဲ့တဲ့ စိတ်ကျန်းမာရေး

www.burmeseclassic.com





ဆေးရုံရဲ့ စိတ်ကုထုံးသစ်ရှာဖွေရေး၊ အနာကြီးရောဂါနဲ့ပတ်သက်တဲ့ လှူပ်ရှားမှုစတာတွေပါဘဲ။

**နာရေးကူညီမှုအသင်းရဲ့ ဥက္ကဋ္ဌအနေနဲ့ ဆရာမကို လူသိများကြပါတယ်။ အဲ့ဒီအသင်းကြီးမှာ ဆရာမ ပါဝင်လှုပ်ရှားခဲ့တဲ့ နေ့ရက်များထဲမှာ လူမသိသေးတဲ့ ကန့်လန့်ကာနောက်ကွယ်က ဖြစ်ရပ်တွေအများကြီး ရှိတယ်လို့ သိရပါတယ်။ အဲ့ဒီအသင်းကြီး ရပ်တည်ရှင်သန်ရေးနဲ့ မိမိပါဝင်ဆောင်ရွက်ခွင့်တို့အတွက် ကြံ့ကြံ့ခံ ရုန်းကန်ရပ်တည်ခဲ့ပုံများဟာ အများသိသင့်၊ ကြားသင့်၊ မှတ်တမ်းတင်ရမယ့်အချိန်ရောက်ပြီလို့ ထင်ပါတယ်။ ဆရာမ တတ်နိုင်သလောက် ပြည့်ပြည့်စုံစုံလေး ပြောပြပေးပါ။**

ပရဟိတ အသင်းအဖွဲ့တစ်ခုဖြစ်ပေါ်လာဖို့ဆိုတာ အပြောလွယ်သလောက် အလုပ်ခက်ပါတယ်။ ကျွန်မတို့နိုင်ငံမှာက လွန်ခဲ့သောကာလကြာရှည်ကတည်းက လူမှု ရေးအဖွဲ့အစည်းတွေကို တရားဝင်လွတ်လွတ်လပ်လပ်ရပ်တည်ဖို့ အခွင့်အလမ်း အလွန်နည်းပါတယ်။ နာရေးကူညီမှုအသင်းရဲ့သက်တမ်းတစ်လျှောက် အမျိုးမျိုးသောအခက်အခဲ အကြပ်အတည်း အနှောင့်အယှက် အဟန့်အတား အမှောင့်ပယောဂတွေကို ရင်ဆိုင်လာခဲ့ရတာတွေကိုသာ ပြည့်ပြည့်စုံစုံပြောပြရရင် အများကြီးပေါ့။ အဲဒီခါးသီးအကျည်းတန်မှုတွေဟာ နိမ့်ကျနေတဲ့လူ့အဖွဲ့အစည်းထဲက သောကရောက်နေသူတွေ၊ ဒုက္ခတွေ့နေသူတွေကို ကိုယ်ကူညီစောင့်ရှောက်ပေးလိုက်လို့ သူတို့တွေရဲ့ဒုက္ခဆင်းရဲတွင်းက လွတ်မြောက်သွားတာကိုမြင်လိုက်ရရင် ပျောက်သွားတာပါဘဲ။ လူသားတွေနဲ့နေထိုင်ဆက်ဆံကြရတဲ့ လူ့ပတ်ဝန်းကျင်မှာ အကောင်းအဆိုးဆိုတဲ့ လောကဓံကတော့ခံရစမြဲပေါ့။ ဘယ်သူမဆိုအရေးကြီးတာက လိပ်ပြာသန့်ဖို့က အဓိကပါပဲ။ ကိုယ်ပြုတဲ့ကုသိုလ် အကုသိုလ်ဟာ ကိုယ်နဲ့မကွာ သံသရာထိပါမယ်ဆိုတာကိုယုံကြည်ရင် လောကဓံကို ခံနိုင်ရည်ရှိရမှာပေါ့။

**ဘိုးဘွားရိပ်သာနဲ့ပတ်သတ်ပြီးတော့ မြန်မာပြည်မှာ ဒေါ်ဦးဖွန်းခေတ်ကတည်းက ဘိုးရဘွားရိပ်သာ တွေအများကြီး ဖွင့်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ လုပ်ကြတာဖြစ်ပေမယ့် လုပ်နည်း။ လုပ်ဟန်နဲ့ဖွဲ့စည်းပုံ ရပ်တည်လှုပ်ရှားပုံတွေမှာ ကွာခြားမှုရှိမယ် ထင်ပါတယ်။ ဆည်းဆာရိပ်ဘိုးဘွားရိပ်သာရဲ့ ထူးခြားတဲ့ဝိသေသတွေကို ပြောပြပေးပါရှင့်။**

ကျွန်မတို့ရဲ့ဆည်းဆာရိပ်ဘိုးဘွားရိပ်သာက ခိုကိုးရာမဲ့နေတဲ့အပြင် နာမကျန်းဘိုးဘွားတွေကို ထားတာပါ။ သာမန်ခိုကိုးရာမဲ့သူတွေက နီးစပ်ရာနေရာတွေမှာ ဝင်ရောက်ခိုလှုံနေထိုင်နိုင်ကြပေမယ့် ကိုယ့်ကိုယ်ကိုတောင်ကိုယ်မထူနိုင် မထနိုင်အောင် ရောဂါဝေဒနာစွဲကပ်နေကြရှာတဲ့ ဆေးဝါးကုသဖို့ လိုအပ်တဲ့ အညစ်အကြေးကအစသုတ်သင် သန့်ရှင်းပေးဖို့ လိုအပ်တဲ့ဂိလာန ဘိုးဘွားတွေကိုကျတော့ အနီးကပ်ပြုစုမယ့်သူမရှိရင် အလွန်ဒုက္ခကြီးပါတယ်။ ကျွန်မတို့ကပဲ ဒီလိုဘိုးဘွားတွေအတွက် ဆည်းဆာရိပ်ကို တည်ထောင်ထားတာပါ။

**ဟုတ်ကဲ့။**

ဘိုးဘွားတွေကို လက်ခံရာမှာ အသက်အားဖြင့် (၇၀)နှင့်အထက်လို့ မူလကသတ်မှတ်ထားသော်လည်း သူတို့ရဲ့ရောဂါဝေဒနာ၊ ရင်ဆိုင်နေရတဲ့ လူမှုရေးအခက်အခဲတွေပေါ်မှာမူတည်ပြီး အသက်ကိုလျှော့ပေါ့စဉ်းစားရတာမျိုးရှိသလို သွေးသားရင်းခြာ ဆွေမျိုးသားချင်း သားသမီးမရှိသူတွေလို့ စည်းမျဉ်းစည်းကမ်း ကန့်သတ်ထားသော်လည်း အတွေ့အကြုံအရ သားရင်းသမီးရင်းရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဝေးကွာနေကြရသူတွေ၊ အနေနီးသော်လည်း ဒုက္ခပိုကြီးနေကြတဲ့ သားသမီးတွေလက်ထဲ ကူရာကယ်ရာမဲ့နေကြရှာတဲ့ မိအိုဖအိုတွေကိုတွေ့ရပြန်တော့ အဲဒီအချက်ကိုလည်း အမှုဆောင်အဖွဲ့က ညှိနှိုင်းဆုံးဖြတ် ခေါ်ယူကုသပြုစုစောင့်ရှောက်ကြရပြန်ပါတယ်။

**HIV/AIDS ဝေဒနာရှင်မိဘမဲ့ကလေးတွေနဲ့ပတ်သက်ပြီးတော့ သုခရိပ်မြုံကိုတည်ထောင်ခဲ့ရာမှာ ရန်ကုန်မှာရော မန္တလေးမှာပါ အောင်မြင်တယ်လို့သိရပါတယ်။ စတင်ဆောင်ရွက်ဖြစ်ခဲ့ပုံ၊ ကြုံတွေ့ရတဲ့ အခက်အခဲများ။ ရှေ့ဆက်ရမယ့်လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောပြပေးပါ။**

သုခရိပ်မြုံဂေဟာကို ၂၀၀၅ ခုနှစ်မှာ စတင်တည်ထောင်ဖြစ်ပါတယ်။ HIV ပိုးကို မိခင်ရဲ့သန္ဓေသားဘဝထဲက ကူးစက်ခံခဲ့ရတဲ့ ကလေးသူငယ်တွေအတွက်ပါ။ သူတို့ကလေးတွေလူမှန်းသိခါစအရွယ်၊

www.burmeseclassic.com



အချို့လည်း လူမှန်းမှမသိသေးခင် မိဘများကကွယ်လွန်ကြတော့ ပြုစုစောင့်ရှောက်မှုကင်းမဲ့နေကြတဲ့အပြင် အဲဒီကာလက

HIV/AIDS ဆိုရင် လူ့အဖွဲ့အစည်းမှာ နှာခေါင်းရှုံ့၊ ခွဲခြားဆက်ဆံ၊ အကြောက်တရားလွှန်ကဲစတဲ့အသိများအမြင်များတွေနဲ့ ယှဉ်ပါးနေတဲ့ကာလဆိုတော့ ဘုမသိဘမသိ ဆုံးရှုံးနစ်နာနေကြရတဲ့ HIV ပိုးကူးစက်ခံထားကြရတဲ့ သားငယ်သမီးငယ်



လေးတွေကို သားသမီးချင်းစာနာစိတ်ကြောင့် စိတ်တူကိုယ်တူစေတနာတူ စာပေသမားတွေ ပရဟိတလုပ်ဖေါ်ကိုင်ဖက်တွေ လူမှုရေးလုပ်ငန်း စိတ်ပါဝင်စားသူတွေနဲ့ အတူစတင် တည်ထောင်ဖြစ်ခဲ့ပါတယ်။

မန္တလေးမှာလည်း သုခရိပ်မြုံ (မန္တလေး) ဆိုပြီး တစ်ခု ထပ်မံတည်ထောင် ဖွင့်လှစ်ထားတာ အောင်မြင်ပါတယ်။

မန္တလေးသုခရိပ်မြုံကိုတော့ မန္တလေးမြို့မှာရှိကြတဲ့ အလုပ်အမှုဆောင်အဖွဲ့က တာဝန်ယူစောင့်ရှောက်ပြီး လုပ်ငန်းစီမံခန့်ခွဲမှုအရပ်ရပ်ကိုလည်း အဲဒီအမှုဆောင်အဖွဲ့ကပဲ ဆောင်ရွက်ပါတယ်။ တစ်ခါတရံ ရန်ကုန်သုခရိပ်မြုံကို ဆက်သွယ်လာတဲ့ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးသူငယ်လေးတွေကို နေရာထိုင်ခင်း အဆောက်အအုံမလုံလောက်မှုကြောင့် မန္တလေးသုခရိပ်မြုံကိုပို့ပေးရတာမျိုးလည်း ရှိပါတယ်။

**ဩော် ဟုတ်ကဲ့ဆရာမ၊ တစ်လက်စတည်း Aung Fountion အကြောင်း သိချင်ပါတယ်ရှင်။ အဲဒီအသင်းတည်ထောင်ဖြစ်ခဲ့ပုံနဲ့ လုပ်ငန်းဆောင် ရွက်ဖြစ်ခဲ့ပုံကိုလည်း ပြောပြပေးပါဦးရှင့်။**

အောင်ဖောင်ဒေးရှင်းက မမျှော်လင့်ဘဲ ဖြစ်လာခဲ့ရတဲ့ သင်တန်းကျောင်းကလေးပါ ဆရာမကြီး ဒေါ်ဒေဝီသန့်စင်တို့ရဲ့ မိတ်ဆွေရင်း ဓါတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးစောကျော်အောင်က သူပိုင်ဆိုင်တဲ့မြေနဲ့အိမ်ကို ကျွန်မကို လှူဒါန်းခဲ့တာပါ။ အဲဒီကိစ္စတွေကိုလည်း မမဒေဝီကပဲဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်မနေတဲ့အိမ်က ကျောက်မြောင်းက အထပ်မြင့်တိုက်ခန်းမှာ ကျွန်မနေ့စဉ်လိုလို သွားလာလှုပ်ရှားနေရတဲ့ ပရဟိတလုပ်ငန်းတွေက ဒဂုံမြို့သစ်မှာဖြစ်တာကြောင့် သွားလာနေထိုင်ရေးအဆင်ပြေအောင် သည်အိမ်မှာ နေဖို့ပေးတာဖြစ်ကြောင်း မမဒေဝီက ပြောပြီး စာချုပ်မှာလည်း သန်းမြင့်အောင်ဖောင်ဒေးရှင်းထူထောင်ရန်လို့ ကျွန်မတစ်ကိုယ်တော်လုပ်နေတဲ့ ပရဟိတလုပ်ငန်းတွေအတွက် ရည်ရွယ်ပြီးချုပ်လာပေးပါတယ်။ အဲဒါနဲ့ကျွန်မလည်း လှူတဲ့သူလည်း လှူရကျိုးနပ်အောင် အများအတွက်လည်း အကျိုးရှိအောင် ချစ်ခင်ရင်းနှီးသူများနဲ့တိုင်ပင်ပြီး မြန်မာနိုင်ငံတွင်းက လူမှုရေးအသင်းအဖွဲ့တွေ ပရဟိတလုပ်နေကြတဲ့ လူငယ်လေးတွေကို ခေါ်ယူပြီး နယ်ပယ်အသီးသီးက ပညာရှင်များနဲ့ လူငယ်အရည်အသွေးမြှင့်သင်တန်းတွေ အခမဲ့ပို့ချပေးတဲ့လူမှုဝန်းကျင်နဲ့ ပရဟိတသင်တန်းကျောင်းလေး တည်ထောင်ဖြစ်သွားပါတယ်။နာမည်ကိုလည်း အများနဲ့သက်ဆိုင်တဲ့နာမည်ဖြစ်အောင် ဖောင်ဒေးရှင်းလို့ ကျွန်မသဘောနဲ့ကျွန်မပြောင်းပြီးမှ ခွင့်တောင်းလိုက်ပါတယ်။ အောင်ဖောင်ဒေးရှင်းရဲ့သင်တန်းတွေကတော့ ပရဟိတသမား လူငယ်လေးတွေအတွက် ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ချရေး၊ လူငယ်နဲ့ပရဟိတ၊ လူငယ်ယဉ်ကျေးလိမ္မာသင်တန်း၊ အသင်းအဖွဲ့များနဲ့ဥပဒေရေးရာ၊ လုပ်ငန်းစီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုအရည်အသွေး၊ သဘာဝသီးနှံနဲ့ ဓာတုလျော့ချလူသုံးကုန်ပစ္စည်း ထုတ်လုပ်ခြင်း၊ စားသုံးသူကာကွယ်ရေး၊ လူ့အခွင့်အရေးစတဲ့ မြန်မာနိုင်ငံတွင်းက လူမှုရေး လုပ်ဆောင်ကြသူတွေ ထားရှိရမယ့်စိတ်ဓါတ်နဲ့ သိသင့်သိထိုက်တဲ့အကြောင်းအရာတွေကို စခန်းသွင်းပြီး အခမဲ့သင်ကြားပေးတာပါ။

အဲဒီလုပ်ငန်းကိစ္စအဝဝကို အောင်ဖောင်ဒေးရှင်းရဲ့တာဝန်ခံကျွန်မမောင်လေး ကိုရဲဝင်းဇော်က စီမံဆောင်ရွက်ပေးပါတယ်။

**ဒါနဲ့ ချို့တဲ့တဲ့ မိသားစုတွေထဲက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူလေးများအတွက် ဆရာမ ဦးဆောင်စီစဉ်ပေးနေတဲ့ စာသင်ဝိုင်းရှိတယ်လို့ သိရပါတယ်။ အဲ့ဒီအကြောင်းကိုပြောပြပေးပါ။**

၂၀၀၀ခုနှစ်ကတည်းက အောင်မြေဆိုတဲ့စာသင်ဝိုင်းကလေးကို စတင်ခဲ့သူက ကိုစိုးမင်းဆိုတဲ့ ဆရာလေးတစ်ယောက်ပါ၊ သူက သင်္ကန်းကျွန်းကြီးပွားရေးရပ်ကွက်ကလေးမှာနေပြီး ချို့တဲ့တဲ့ကလေး ၈ ယောက်လောက်နဲ့ စသင်ပေးခဲ့တာ။

ကျွန်မက မွန်မြတ်တဲ့ သူ့စိတ်ဓါတ်နဲ့ သူ့စေတနာကိုအကောင်အထည်ဖော်ရာမှာ အောင်မြင်မှုကို ရေရှည်တည်တံ့အောင် ကူညီဆောင်ရွက်ပေးပါတယ်၊ သင်ကြားရေးကို ပညာဒါနဆရာ ဆရာမတွေ ကသူနဲ့အတူ တာဝန်ယူပြီး ကျွန်မက အခြားလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးပါတယ်။ ၂၀၀၈ ခုနှစ်မှာ သူကွယ်လွန်သွားပါတယ်။ အဲဒီတော့ တာဝန်ကပိုကြီးလာပြီး အရင်က သူနဲ့အတူ ကူညီသင်ကြားပေးကြတဲ့ ဆရာဆရာမတွေနဲ့ ကျွန်မဆက်ပြီး အောင်မြေကို ယနေ့ထိဆက်ပြီး သင်ကြားနေဆဲပါ။ အောင်မြေပညာဒါနစာ

www.burmeseclassic.com

သင်ဝိုင်းမှာ သင်ကြားပေးကြတဲ့ ဆရာဆရာမတွေဟာ အသင်အပြကောင်းသလောက် အလွန်လည်း မိသားစုစိတ်ရှိပါတယ်၊ စာမေးပွဲကြီးနီးလာတဲ့အချိန်မျိုးဆိုရင် ပြင်ပက ကျွန်မနဲ့ရင်းနှီးတဲ့ဆရာတွေဖြစ်တဲ့ ဆရာဦးရဲဝေ(မြန်မာစာ)၊ ဆရာကောင်းသန့်၊ အင်္ဂလိပ်စာဦးသိန်းလွင်၊ ဒေါက်တာခင်မောင်ညို၊ သင်္ချာဦးမောင်မောင်တီစတဲ့ ဆရာတွေကလည်းမေတ္တာနဲ့လာရောက်သင်ကြားပေးကြပါတယ်။

**ဆရာမကလူသိများတဲ့အဖွဲ့အစည်းများအပြင် နောက်ထပ် လူမသိတဲ့ အဖွဲ့အစည်းတချို့လည်း ရှိသေးတယ်လို့ သိရပါတယ်။ ဆရာမရဲ့ ပရဟိတနှလုံးသားနဲ့ လူမသိဘဲ ကူညီခဲ့ရတဲ့ ကိစ္စတွေလည်း အများကြီး ရှိတယ်လို့ သိရပါတယ်။ အဲ့ဒီအကြောင်းတွေထဲက ဆရာမ မှတ်မိနေတဲ့ ကိစ္စတချို့နဲ့ မှတ်မှတ်ရရ ဖြစ်နေတဲ့ ဖြစ်ရပ်တချို့ကို ပြောပြပေးပါ။**

အဖွဲ့အစည်းနဲ့လုပ်ရတဲ့အလုပ်တွေကတော့ လူသိများတာနဲ့လူသိနည်းတာပဲကွာပါတယ်၊ အလုပ်များများတွင်တွင်ကျယ်ကျယ်လုပ်ရတာမျိုးဆိုရင် လူသိများတယ်ပေါ့ အခြေအနေနဲ့အချိန်အခါပေါ်မှာမူတည်ပြီး အရေးပေါ်မှလူစုပြီး ထလုပ်ရတဲ့အလုပ်မျိုးကျတော့ လူသိနည်းပါတယ်။ လူကုန်ကူးမှုကာကွယ် တားဆီးရေးတို့လိုငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ လူပ်ရှားမှုမျိုးလိုကိစ္စတွေအတွက်တော့ အမျိုးသမီးအဖွဲ့တွေစုပြီး Aung Network ဖွဲ့ပြီး ကျွန်မတို့တိုင်ပင်ဆွေးနွေးဆောင်ရွက်ကြတာမျိုးတွေရှိပါတယ်။ တစ်ခါတလေခရီးလွန်နေလို့ လူမစုမိတဲ့အခါမျိုးမှာတော့ ကိုယ့်အဖွဲ့နဲ့တစ်ခုတည်းနဲ့ပဲ ဆောင်ရွက်ပြီးနောက်မှ သတင်းပို့ကြတာမျိုးကိုတော့ အလျင်အမြန် အချိန်နဲ့တပြေးညီလုပ်ရတဲ့အခါလည်းရှိပါတယ်။ လူမသိလည်း ကူညီခဲ့ရတဲ့ အမှတ်တရကိစ္စလေးတစ်ခုကတော့ မိဘမဲ့ကလေးသုံးယောက်ကို ကယ်တင်ခဲ့ကြရတဲ့အကြောင်းကလေးတစ်ခုပါ။ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က ဧရာဝတီတိုင်းထဲကရွာလေးတစ်ရွာမှာ သူရင်းငှားလင်မယားနှစ်ယောက်က လယ်ပိုင်ရှင်မိသားတစ်စုလုံးကိုသတ်လိုက်တဲ့လူသတ်မှုတစ်ခု ဖြစ်



**ကျွန်မတို့လုပ်တဲ့**
**လူမှုရေးတို့ ပရဟိတတို့**
**ဆိုတာ နိုင်ငံထဲမှာ**
**နေထိုင်နေကြတဲ့**
**ပြည်သူလူထုရဲ့အရေး**
**နိုင်ငံ့အရေးပဲလေ။**
**နိုင်ငံ့ရဲ့အရေးကိုပြည်သူတည်း**
**ပေးနေကြတဲ့**
**လူမှုရေးသမားတွေရဲ့**
**လှုပ်ရှားမှုကို**
**နိုင်ငံရေးလှုပ်ရှားမှုလို့**
**အမည်တပ်ရင်လည်း**
**ကျွန်မတို့က**
**အငြင်းပွားစရာမရှိပါဘူး။**

ခဲ့ဘူးတယ်။ ငွေရှင်ကြေးရှင်လယ်ပိုင်ရှင်က အနိုင်ကျင့်လွန်းတာကို မခံနိုင်လို့သတ်တာလို့ဆိုပါတယ်။ လူသတ်တရားခံတွေကိုဖမ်းတော့ သူတို့ရဲ့ကလေးငယ်လေးတွေပါ အချုပ်ထဲပါသွားတာပေါ့။ တရားလိုမိသားစုရဲ့အဆက်အနွယ်တွေက မကျေနပ်ကြလို့ အဲဒီကလေး ၃ ယောက်ကိုပြန်လက်စားချေဖို့ အားထုတ်ကြလို့ ဒီကလေး ၃ ယောက်ကိုကယ်ပေးပါဆိုပြီး ကျွန်မဆီကို ရွာကတိတ်တိတ်လေး အကူညီလာတောင်းကြလို့ ကူညီစောင့်ရှောက်ပေးခဲ့ရဖူးတယ်။အဲဒီဖြစ်ရပ်တစ်ခုလုံးဟာ ကျွန်မအတွက် မမေ့နိုင်စရာပါဘဲ။

**ပရဟိတအကြောင်းတွေ မေးတာများနေပြီ၊ စာပေအကြောင်းဘက်ပြန်ဆက်ရအောင်နော် ဆရာမ။**

ဟုတ်ကဲ့။

**ဆရာမရေးသားခဲ့တဲ့ ဝတ္ထုတိုတွေထဲက တစ်ပုဒ်ကို ဂျပန်ဘာသာပြန်ဆိုပြီး ဂျပန်နိုင်ငံမှာ ထုတ်ဝေဖြန့်ချိခဲ့တဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ထဲ ပါဝင်ခဲ့တယ်လို့ သိရပါတယ်။ အဲ့ဒီ ဝတ္ထုလေးရေးဖွဲ့ဖြစ်ခဲ့ပုံကို မျှဝေပါဦးဆရာမရှင့်။**

အထူအပါးဆိုတဲ့ ၁၉၉၅ ခုနှစ်က ရင်ခုန်ပွင့် မဂ္ဂဇင်းမှာရေးခဲ့တဲ့ဝတ္ထုတိုပါ၊ လင်းဦးတာရာစာပေက ထုတ်ဝေပေးခဲ့တဲ့ ကျွန်မရဲ့ပထမဦးဆုံး အထူအပါး ဝတ္ထုတိုပေါင်းချုပ်ထဲမှာလည်း ပါပါတယ်။ အဲဒီဝတ္ထုတိုကလေးက သုသာန်မှာ အသုဘလာချတဲ့သူတွေဆီက လွမ်းသူ့ပန်းခွေတွေကို စောင့်ယူရင်း တစ်ဆင့်ပြန်ရောင်းတဲ့ လူငယ်ကလေးတစ်ယောက်အကြောင်း ရေးဖွဲ့ထားတာပါ။ အဲဒီဝတ္ထုရေးတုန်းကလည်း အဲဒီတုန်းကရှိခဲ့တဲ့ ကြံတောသုသာန်မှာ သေသေချာချာသွားလေ့လာပြီး ရေးခဲ့ရတာပါ။ သုသာန်နဲ့အနီးပတ်ဝန်းကျင်မှာ ရှင်သန်နေရတဲ့ ကလေးတစ်ယောက်ရဲ့ သူလိုချင်တောင့်တနေတဲ့ ဂစ်တာလေးတစ်လက်အတွက် သူ့ရဲ့ကြိုးပမ်းအားထုတ်မှုနဲ့ သူမျှော်လင့်ချက်ကလေးပျက်သုဉ်းသွားရတဲ့နေ့ကလေးအကြောင်း သူကိုယ်တိုင်ပြန်ပြောပြတာကို ရေးထားတာပါ။

**ဆရာမရဲ့ ဝတ္ထုတိုတွေအများကြီးကို ကျွန်မဟိုးအရင်ကတည်းက ဖတ်ဖူး**

www.burmeseclassic.com

**ခဲ့ပါတယ်။ အခု ဆရာမနဲ့ ရသစာပေ အင်တာဗျူးအတွက် ဆရာမဝတ္ထုတို ပြန်ဖတ်တဲ့အခါ အခုထိ လက်ကမချ ချင်လောက်အောင် တရှိက်မက်မက် စွဲလမ်းနေမိဆဲဖြစ်ပါတယ်။ ဥပမာ ငှက်၊ ကွန်ချက်၊ အတုများ၊ ဟာမိုနီနဲ့ သဏ္ဌာန်မဲ့ ထုထည်စတဲ့ ဝတ္ထုတွေပါ။ ဆရာမဝတ္ထုတိုတွေကို ဘယ်လိုခံစား ချက်မျိုးတွေနဲ့ ရေးဖွဲ့ဖြစ်သလဲ။ ခေတ်ပြိုင် ဝတ္ထုတိုကောင်းတွေ ရေးဖွဲ့နိုင်ဖို့ မျိုးဆက်သစ်စာရေးသူတွေအတွက် ဆရာမရဲ့အကြံဉာဏ်နဲ့ တိုက်တွန်းချက်လေး ပြောပြပေးပါ။**

ကျွန်မက ထူးခြားတဲ့ဇာတ်ကောင်စရိုက်နဲ့ သူတို့ကျင်လည်ရှင်သန်နေကြတဲ့ လူမှုပတ်ဝန်းကျင်၊ ပြီးတော့ အများနဲ့ မတူတဲ့ သူတို့ရဲ့ဘဝရပ်တည်မှုတွေကို စိတ်ဝင်စားပါတယ်။ အဲဒါတွေကလည်း အချို့ဟာ ကျွန်မတို့ဖြတ်သန်းသွားလာနေထိုင်ကြတဲ့နေရာတွေရဲ့လက်တစ်ကမ်းအကွာမှာ ရှိတတ်ပါတယ်။ အဲဒါတွေကိုမြင်အောင်ကြည့်သိအောင်လေ့လာပြီးမှ ကိုယ့်အတွေးကို ထပ်ပေါင်းထည့်ပြီး အတိုဆုံးနဲ့ အပြည့်စုံဆုံး ဖြစ်အောင်ဖန်တီးနိုင်ရင် အကောင်းဆုံးပါပဲ။ ကျွန်မတော့ အဲသည်လိုဖြစ်အောင်ကြိုးစားပြီး ရေးကြည့်ပါတယ်၊ ဝတ္ထုတိုတိုင်းတော့ ကျွန်မ စိတ်ကြိုက်မတွေ့ပါဘူး။

**ဆရာမကို စာပေသမားအနေနဲ့ရော၊ ပရဟိတသမားအနေနဲ့ရော လူသိများကြပြီးတော့ နိုင်ငံရေးပါတီများထဲမှာတော့ ဆရာမက ပါဝင်ပတ်သတ်ခြင်းမရှိဘူးလို့ သိထားကြပါတယ်။ ဒါပေမဲ့ နိုင်ငံရေးလှုပ်ရှားမှုတချို့မှာတော့ ပါဝင်ဖြစ်ခဲ့ပုံကို ပြောပြပေးပါ။**

နိုင်ငံရေးလှုပ်ရှားမှုလို့ပြောရင်တော့ ကျွန်မတို့လုပ်တဲ့လူမှုရေးတို့ ပရဟိတတို့ဆိုတာ နိုင်ငံထဲမှာ နေထိုင်နေကြတဲ့ ပြည်သူလူထုရဲ့အရေး နိုင်ငံ့အရေးပဲလေ။ နိုင်ငံ့ရဲ့အရေးကိုဖြည့်ဆည်းပေးနေကြတဲ့ လူမှုရေးသမားတွေရဲ့ လှုပ်ရှားမှုကို နိုင်ငံရေးလှုပ်ရှားမှုလို့ အမည်တပ်ရင်လည်း ကျွန်မတို့က အငြင်းပွားစရာမရှိပါဘူး။

**ပရဟိတ နှလုံးသားမှာ စွန့်လွှတ်မှုတွေလိုအပ်တယ်လို့ သိရပါတယ်။ ဒီအဆိုအတွက် ကိုယ်ပိုင်အချိန်တွေကို စွန့်လွှတ်ရတာ၊ ကိုယ်ပိုင်ရည်မှန်းချက်အတွက် ပေးရမယ့်အချိန်တွေကို စွန့်လွှတ်ရတာအပြင် ဒီထက် တန်ဖိုးကြီးတဲ့စွန့်လွှတ်မှုမျိုးတွေ အများကြီးရှိတယ်ဆိုရင် ဆရာမလက်ခံပါသလား။ လက်ခံတယ်ဆိုရင် ဆရာမ အတွေ့အကြုံနဲ့ယှဉ်ပြီး ရှင်းပြပေးပါ။ ဥပမာ ပြောရရင် ဆရာလူမျိုးနော်ရဲ့ဝတ္ထုထဲက ဆရာဝန်လိုမျိုးပေါ့။ ဆရာမ အတွေ့အကြုံမှာ ဘယ်လို စိန်ခေါ်မှုမျိုးတွေ**



**ကြုံတွေ့ခဲ့ရတယ်ဆိုတာ ပြောပြပေးပါ။**

အများအကျိုးကိုဆောင်ရွက်သူတိုင်း ကိုယ့်ရဲ့အချိန် ၊စီးပွား၊အင်အား၊ပျော်ရွှင်မှုတွေစွန့်ရပါတယ်၊ သည့်ထက်အင်အားကြီးတဲ့စွန့်လွှတ်မှုတွေကတော့ သည်းခံခြင်းဆိုတဲ့နေရာကိုရောက်ဖို့ ကိုယ့်ရဲ့မာနတွေကို ပါစွန့်ရတယ်။

အများအတွက်ကိုယ့်ရဲ့မာနကို စွန့်ရသလိုအသင်းအဖွဲ့ထိခိုက် နစ်နာဖို့ကြုံလာတဲ့အခါမျိုးမှာလည်း တာဝန်ကျေကျေနဲ့ အမုန်းခံပြီးကာကွယ်ခြင်းကြောင့်လည်း အညိုးအတေးခံရခြင်း၊ စွပ်စွဲပုတ်ခတ်စော်ကားခံရခြင်းကို မသိကျိုးကျွံပြုရခြင်းဆိုတဲ့ မခံချင်စိတ်တွေကို စွန့်ရပါတယ်။ အဲဒီအင်အားကြီးတဲ့စွန့်လွှတ်မှုတွေက ကျွန်မတို့တွက် ပါရမီတွေဖြစ်လာမှာမို့ သံသရာအတွက် အကျိုးရှိမဲ့စွန့်ခြင်းတွေပါ။

**ဒီဘက်ခေတ်မှာ ပရဟိတအလုပ်တွေ ပွင့်ပွင့်လင်းလင်းလုပ်ခွင့်ရလာတာနဲ့အမျှ လူငယ်တွေ စိတ်ဝင်တစားလုပ်လာကြတာ ဝမ်းသာစရာကောင်းပါတယ်။**

ဟုတ်ပါတယ်။

**ဒါပေမဲ့ ပရဟိတလုပ်ငန်းတွေ များလာတာနဲ့အမျှ ပရဟိတ အမည်ခံပြီး ကိုယ်ကျိုးရှာ၊ အမြတ်ထုတ်၊ စီးပွားရှာကြတာ ကြားနေရပါတယ်။ ဒီလိုအခြေအနေမှာ ပရဟိတအတွက် အပေါင်းလက္ခဏာလို့ မြင်ပါသလား။ အနုတ်လက္ခဏာလို့ မြင်ပါသလား။ ဆရာမရဲ့ အမြင်ကို ပြောပြပေးပါ။**

လူ့အဖွဲ့အစည်းမှာ ပရဟိတ လုပ်တယ်၊ ပရဟိတလုပ်စားတယ် ဆိုတဲ့ ဝေါဟာရတွေ တွင်ကျယ်လာတာ တွေ့ရတယ်။ ပရဟိတဟာ အသက်မွေးဝမ်းကျောင်းအလုပ်မဟုတ်ဘူးလို့ သိတဲ့လူတွေကတော့ ဆင်ခြင်ကြပါတယ်။ အချို့က အဖွဲ့အစည်းတွေကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာကြပေမယ့် အချို့ကတော့ အဲဒါမျိုးတွေကို မြင်တွေ့ပါများပြီး လုပ်မှားကိုင်မှားဖြစ်သွားသူတွေလည်း ရှိပါတယ်။အရေးကြီးတာက စေတနာမမှားဖို့ပါ။ စေတနာမှန်ရင် ကိုယ်ကျင့်တရားက လိုက်မမှားနိုင်ပါဘူး။ ကိုယ်ကျိုးရှာ အမြတ်ထုတ် စီးပွားရှာကြတာကတော့ ပရဟိတလောကရဲ့အနုတ်လက္ခဏာပေါ့၊ ဒါပေမဲ့ အခုပွင့်လင်းလာတဲ့အချိန် ပရဟိတအဖွဲ့

www.burmeseclassic.com

အစည်းကလေးတွေထဲက လူငယ်အတော်များများဟာ အနစ်နာခံပြီး ဖြူဖြူစင်စင် လုပ်နေကြတာ အားရစရာကောင်းတယ်။ အဲဒီကလေးတွေကို ကျွန်မတို့က ကူညီရမယ် အားပေးရမယ် ကိုယ်ကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့အကောင်းအဆိုး အကျိုးအပြစ်တွေကို မျှဝေအသိပေးပြီး ဆင်ခြင်သင့်တာတွေကို ဆင်ခြင်နိုင်အောင်သင်ပေးရမယ်။ ကောင်းတဲ့အမှုအကျင့်တွေ အားကောင်းလာရင် မကောင်းတဲ့အမှုအကျင့်တွေ လျော့နည်းသွားမှာပါ။ ကျွန်မတို့က ပရဟိတလောကကိုအပေါင်းလက္ခဏာတွေများလာအောင်တည်ဆောက်ပေးကြရမှာပေါ့။

**ဒီနှစ်ထဲမှာနောက်ဆုံးထွက်ထားတဲ့ ဆရာမရဲ့ သူ့စာကောင်းကင်ဆိုတဲ့စာအုပ်က မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ရဲ့ မိခင်အကြောင်းရေးဖွဲ့ထားတာ ဖတ်ခွင့်ရလိုက်ပါတယ်။ ဒီစာအုပ်ရေးဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်ကို သိခွင့်ရပါရစေ။**

မိုးလေဝသဦးထွန်းလွင်ရဲ့မိခင်အကြောင်းကိုရေးဖြစ်ခဲ့တာက ပင်စင်ယူပြီးကတည်းက ကျွန်မတို့ရဲ့စာပေလောကနဲ့ ပရဟိတလောကထဲရောက်လာတဲ့ ဆရာဦးထွန်းလွင်နဲ့ ခင်မင်ရင်းနှီးခဲ့ရာက စတာပါပဲ။ ဆရာဦးထွန်းလွင်ရဲ့ပညာနဲ့စေတနာကို လေးစားနေမိရာကနေ အမေကိုချစ်လွန်းတဲ့ အမေ့ကျေးဇူးကိုသိတတ်လွန်းတဲ့ အမေ့အကြောင်းပြောတိုင်း မျက်ရည်ကျတတ်တဲ့ သားလိမ္မာကြီးတစ်ယောက်ဖြစ်နေမှန်းလည်းသိလာပြန်တော့ သူ့မိခင်ဒေါ်အေးကြီးအကြောင်းကို ကျွန်မစိတ်ဝင်စားမိတယ်။ အောင်မြင်ထင်ရှားပြီး လောကကြီးအတွက် တန်ဖိုးကြီးမားကြသူတွေရဲ့နောက်မှာ၊ သူတို့ဒီလိုဘဝမျိုးကို တက်လှမ်းနိုင်ဖို့ ငြိမ်းနဲ့တူတဲ့ အနစ်နာခံသူတွေရှိတတ်ကြစမြဲမို့ သူတို့သားအမိအကြောင်း ကျွန်မလေ့လာပါတယ်။ အဲဒီအခါမှာတော့ ဒေါ်အေးကြီးရဲ့ ကျွန်မတို့မြန်မာ့လူ့အဖွဲ့အစည်းအတွက် အဖိုးတန်တဲ့ပညာရှင်တစ်ယောက်ဖြစ်လာမယ့်မောင်ထွန်းလွင်ကလေးကို ဒုက္ခတွေပင်လယ်ဝေနေတဲ့ကြားက ပညာရအောင် သင်ပေးခဲ့တဲ့မိခင်တစ်ယောက်ရဲ့အမြော်အမြင်ကြီးမားပုံနဲ့တော်ရုံမိန်းမသားတွေမှာ မရှိနိုင်တဲ့ခံနိုင်ရည်သတ္တိနဲ့အနစ်နာခံနိုင်လွန်းတဲ့မိခင်မေတ္တာကို လေးစားအားကျဖွယ် သွားတွေ့ရတယ်။ ဒီလိုပဲမိခင်ကိုကူညီရင်း ကျောင်းစာကို မျက်နှာငယ်ခံပြီး ကျားကုပ်ကျားခဲကြိုးစားခဲ့ရတဲ့ဦးထွန်းလွင်ရဲ့ငယ်စဉ်က ကြိုးစားအားထုတ်မှုနဲ့မိဘအပေါ် ညွှတ်တာမှုကိုလည်း သွားတွေ့ရပြန်တယ်။ ဒါကိုမြန်မာ့လူ့အဖွဲ့အစည်းထဲက ကျွန်မတို့မိခင်မျိုးနွယ်စုတွေနဲ့ အခုကလေးတွေအားကျအတုယူစေချင်တဲ့စေတနာနဲ့ သူ့ငါ့ကောင်းကင်ကို Aung Publishing house က ကျွန်မမောင်ငယ်ကိုရဲဝင်းဇော်ရဲ့ကူညီ စီစဉ်ပေးမှုကြောင့် ဆရာဦးထွန်းလွင်ရဲ့မွေးနေ့မှာ ထုတ်ဝေဖြစ်ခဲ့တာပါ။

**အလုပ်တွေအများကြီးလုပ်နိုင်တဲ့ ဆရာမမှာ ချန်ထားရမယ့် မျိုးဆက်နှစ်ဆက်ရှိတယ်လို့ ထင်မြင်မိပါတယ်။ စာပေမျိုးဆက်နဲ့ ပရဟိတမျိုးဆက်ပါ။ အဲ့ဒီမျိုးဆက်နှစ်ခုအတွက် လူငယ်မျိုးဆက်သစ်တွေအတွက် ဆရာမရဲ့ သီးခြားစီမှာကြားချင်တာများကို ရုံနံ့သာက တစ်ဆင့် ပြောပြပေးပါဦး။**

စာပေမျိုးဆက်ဟာ သိပ်အရေးကြီးပါတယ်။ စာပေဟာ လူမျိုးတစ်မျိုးနိုင်ငံတစ်နိုင်ငံရဲ့အသက်သွေးကြောပါ၊အသိအမြင်ဗဟုသုတ၊ ဉာဏ်ပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံ၊ ကိုယ်ကျင့်တရား အမှားအမှန် ဓမ္မ အဓမ္မကိုယ်ချင်းစာတရားစတာတွေကို စာပေကသာ သင်ကြားထိန်းကျောင်းပေးသွားမှာပါ ပညာပြည့်ဝ နှလုံးလှစေတာလည်း စာပေပါပဲ။ နောင်မျိုးဆက်သစ်လူငယ်တွေစာဖတ်ကြမှ စာပေကိုလေ့လာလိုက်စားကြမှ ခေတ်ကတိုးတက်မှာတိုးတက်တဲ့ခေတ်ကို ရောက်ဖို့ မျိုးဆက်သစ်စာပေသမားတွေ အများကြီးလိုတယ် စဉ်ဆက်မပြတ်ကို လိုပါတယ်။

ပရဟိတမျိုးဆက်ဆိုတာကလည်း ကျွန်မတို့လို မဖွံ့ဖြိုးတဲ့နိုင်ငံတွေအတွက် အရေးကြီးတာပါပဲ။ နိုင်ငံဆင်းရဲနေသရွေ့ လူ့အဖွဲ့အစည်းရဲ့လိုအပ်ချက်တွေကို ပရဟိတသမားတွေက ကိုယ်ကျိုးမငဲ့ဘဲ မှန်မှန်ကန်ကန် ထိထိရောက်ရောက် ဖြည့်ဆည်းပေးနေရမှာပါ။ လူမှုဝန်းကျင်မှာ ဆင်းရဲခြင်းက ရုပ်နဲ့စိတ် နှစ်မျိုးရှိပါတယ်။စားဝတ်နေရေးလိုအပ်ချက်ကြောင့် ရုပ်ပိုင်းဆိုင်ရာဆင်းရဲသူတွေများသလို စိတ် ဓါတ်နိမ့်ကျသူ၊ အတ္တကြီးသူ၊ ရမ်းကားသူ၊ ရိုင်းစိုင်းသူတွေလို စိတ်ပိုင်းဆိုင်ရာချို့တဲ့ ဆင်းရဲသူတွေလည်းရှိပါတယ်။ အချို့လည်း နှစ်မျိုးစလုံး လိုအပ်ပါတယ်။ အဲဒါတွေကို ပြောင်းလဲလာအောင် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရမှာက ကိုယ်ကျင့်တရားကောင်းပြီး အရည်အသွေးပြည့်ဝတဲ့ ပရဟိတမျိုးဆက်တွေပဲ။ လူတိုင်းလူတိုင်း ပရဟိတမလုပ်ရင်တောင် လူတိုင်းလူတိုင်း သူတပါးကို အမြတ်မထုတ်ဘဲ သူတပါးကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် ကူညီချင်တဲ့ ပရဟိတစိတ်ဓါတ်မျိုးရှိကြဖို့ လိုပါတယ်။ ဒါလည်း ခဏတာထားပြရမယ့် သဘောထားမျိုးမဟုတ်ဘဲ ဘဝတစ်လျှောက်လုံး ကျင့်သုံးသွားရမယ့် ကိုယ်ကျင့်သီလပဲ ဖြစ်ပါတယ်။

**ပရဟိတအလုပ်တွေကိုတက်တက်ကြွကြွလုပ်သူတစ်ဦးအနေနဲ့ရော၊ စာရေးဆရာမတစ်ဦးအနေနဲ့ပါ ဆရာမ သန်းမြင့်အောင်ရဲ့ ခံယူချက်နဲ့ ကိုယ်ပိုင်ဒဿနကိုပြောပြပေးပါ။**

အများအတွက် လူဖြစ်ရခြင်းသာ နေပျော်တဲ့ဘဝ ဖြစ်ပါတယ်။

**ရုံနံ့သာမဂ္ဂဇင်းကနေတစ်ဆင့် ဆရာမရဲ့ ပရိသတ်တွေအတွက် ဘာများပြောကြားချင်ပါသလဲရှင့်။ အခုလို အချိန်ပေးပြီး ဖြေကြားတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။**

ကျွန်မရဲ့ပရိသတ်ဟာ ကျွန်မအတွက် အားဆေးပါ။ ပရဟိတနဲ့စာပေနှစ်ခုလုံးဟာ ကျွန်မအတွက် တစ်ခုနဲ့တစ်ခု အထောက်အကူပြုနေကြတာ အပြန်အလှန် အကျိုးသက်ရောက်နေကြတာလည်း ဖြစ်ပါတယ်၊ ကျွန်မရေးတဲ့ အချို့ပရဟိတဆောင်းပါးတွေအတွက် စာဖတ်သူနဲ့အလှူရှင်ဟာ အတူတူဖြစ်နေတာမျိုးတွေကြောင့် ကျွန်မအတွက် စာပေပရိသတ် ပရဟိတကို အားပေးကြတဲ့ ပရိသတ်တွေဟာ ကျွန်မကို ကျားကန်ပေးထားကြတဲ့ အင်အားတွေဖြစ်တဲ့အတွက် ပရိသတ်များအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်လို့ ရုံနံ့သာကနေတစ်ဆင့် ပြောကြားပါရစေ။

**သဲမွန်**



www.burmeseclassic.com

www.burmeseclassic.com

# အာဏာသိမ်းမှုကို ခုခံသည့်အနေဖြင့် ထိုင်းဆန္ဒကျင်သူများ လူမြင်ကွင်းတွင် စာအုပ်များဖတ်ကြား



မေ ၂၂ ရက် အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲဖိနှိပ်မှုများကို ခုခံဆန္ဒကျင်သည့်အနေဖြင့် လူတစ်ဒါဇင်ခန့်မှာ ဘန်ကောက်မြို့၏ ကုန်တိုက်ကြီးများနှင့် ချိတ်ဆက်ထားရာ ခုံးကျော်လူသွားစင်္ကြံနံပေါ်တွင် စုရုံးပိုင်းထိုင်ကာ စာများကို အသံထွက်ရွတ်ဖတ်ခဲ့ကြသည်။ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လူငါးယောက်နှင့်အထက် စုရုံးခွင့်ကို ပိတ်ပင်ထားသော်လည်း ယခုကဲ့သို့ အသေးစားဆန္ဒကျင်မှု (low-key protests) များမှာမူ မည်သည့်ဥပဒေမျှ ချိုးဖောက်ရာမရောက်ပေ။ သို့ရာတွင် လက်ရှိထိုင်းနိုင်ငံကို အုပ်ချုပ်နေသည့် စစ်အစိုးရမှာ အာဏာသိမ်းမှုအား ဆန္ဒကျင်မှုမှန်သမျှကို အမြစ်ပြုတ်အောင် ဖြိုခွဲနှိမ်နင်းပစ်ရန် သန္နိဋ္ဌာန်ချထားရာ ယခုကဲ့သို့ စာဖတ်ကန့်ကွက်သည့်အပြုအမူမှာလည်း အချိန်မရွေးဆန္ဒကျင်အာခံမှုသို့ အသွင်ပြောင်းသွားနိုင်သည်။ ဆန္ဒကျင်သူများက ဂျော့အော့ဝဲ၏ ၁၉၈၄၊ ကာ့ရှော့၏ လက်နက်မဲ့ပုန်ကန်မှု (Unarmed Insurrections) နှင့် သက်ချလွမ်တီ ရာရာနာ (Thak Chaloemtiarana) ၏ ထိုင်းနိုင်ငံ–အကြွင်းမဲ့ရက်စက်စွာ ဖိနှိပ်သော နိုင်ငံရေး (Thailand: The Politics of Despotic Paternalism) စသည့်စာအုပ်များကို ဖတ်ကြားခဲ့ကြသည်။

''လူတွေက ဒီအာဏာသိမ်းမှုကို ဒေါသထွက်နေကြပေမယ့် မဖော်ထုတ်နိုင်ကြဘူးဖြစ်နေတယ်၊ ဒါကြောင့် ထိပ်တိုက်ရင်ဆိုင်မှုလည်း မဟုတ်တဲ့ တခြားနည်းလမ်းကို ရှာတဲ့အခါမှာ တစ်ခုသောနည်းလမ်းက စာဖတ်ခြင်းပေါ့'' ဟု မု (Mook) ဟု မိမိကိုယ်ကို အမည်ဝှက်ပေးထားသည့် လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူတစ်ဦးက ပြောကြားသည်။

မကြာသေးမီက အာဏာသိမ်းမှုမှာ ထိုင်းနိုင်ငံ၏ ကျိုးလွယ်ကြေလွယ် ဒီမိုကရေစီကို ထပ်မံ၍ အန္တရာယ်တွင်းထဲသို့ သက်ဆင်းသွားစေခဲ့သည်။ နိုင်ငံပြန်လည်တည်ငြိမ်လာစေရန်နှင့် ယခင်အစိုးရကို အကျပ်တွေ့စေသည့် အကြမ်းဖက် ဆန္ဒကျင်မှုများ အဆုံးသတ်သွားစေရန်အတွက် စစ်တပ်၏ပါဝင်ပတ်သက်မှုမှာ မဖြစ်မနေလိုအပ်ကြောင်း အာဏာသိမ်းခေါင်းဆောင်ဗိုလ်ချုပ်ကြီး ပရာယွတ် ချန်အိုချာက အခိုင်အမာပြောကြားခဲ့သည်။ သည်းခံလိမ့်မည်မဟုတ်ကြောင်းလည်း ပြောကြားခဲ့ သည်။ စာအုပ်ဖတ်ပွဲတွင် ကိုယ်တိုင် ပါဝင်ဖတ်ကြားခဲ့သည့် ကာစမာန နာဂါ ရာက လူအယောင် ၂၀ ခန့် ပါဝင်ဖတ်ကြားခဲ့ကြောင်း အတည်ပြုပြောကြားသည်။ စာအုပ်ဖတ်ကြားသူများမှာ ယခုအချိန်ထိ သုံးကြိမ်တွေ့ဆုံ စုရုံးဖတ်ကြားခဲ့ပြီး စစ်သားများကို သတိထားရှောင်ရှားနေခဲ့ကြသည်ဟု ဆိုသည်။ စာဖတ်ဆန္ဒကျင်ရန် သတ်မှတ်ထားသည့် နေရာသို့ စစ်သားများ ရောက်ရှိလာမည့် အရိပ်အယောင်မြင်ရပါက အစီအစဉ်ကို ချက်ချင်းဖျက်သိမ်းပစ်လိုက်ကြသည် ဟုဆိုသည်။

''အခု ကျွန်တော်တို့ကို မျက်လုံးဒေါက်ထောက်ကြည့်နေတဲ့ အစ်ကိုကြီး (Big Brother) ရှိနေပြီ၊ ပွင့်ပွင့်လင်းလင်း ထုတ်ပြောဖို့က အန္တရာယ်များလှပါတယ်၊ ဒါပေမဲ့ ထိုင်းနိုင်ငံမှာ ဆိတ်ဆိတ်နေတာက အန္တရာယ်အကင်းဆုံးပါပဲ'' ဟုလည်း ကာစမာက ပြောကြားသွားခဲ့သည်။

Ref: PBS



www.burmeseclassic.com

www.burmeseclassic.com

# ဒွန်ကွီဇုတ်ဖန်တီးရှင် ဆာဗင်တီ မက် ဒရစ်မြို့လယ်ခေါင်က သီလရှင်ကျောင်း အောက်တွင် ရှိနေနိုင်

စပိန်ဆရာကြီး မစ်ဂွယ် ဒီ ဆာဗင်တီ (Miguel de Cervantes) ၏ ပျောက်ဆုံးနေသော ရုပ်ကလာပ်ကို ရှာဖွေနေသည့် သုတေသနအဖွဲ့တစ်ဖွဲ့က မကဒ်ဒရစ်မြို့ရှိ သီလရှင်ကျောင်းတစ်ကျောင်းအောက်တွင် ဖြစ်နိုင်ဖွယ်ရှိသည့် အလောင်းမြှုပ်နှံရာနေရာများကို ထောက်လှမ်းတွေ့ရှိခဲ့ကြပြီး၊ ကမ္ဘာကျော် ဒွန်ကွီဇုတ် (Don Quixote) ၏ဖန်တီးရှင်မှာ ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သည့် ဤအဆောက်အအုံဟောင်းကြီး၏အောက်တွင် လဲလျောင်းနေခြင်း ရှိမရှိ သက်သေပြနိုင်ရန် တူးဖော်လိုသည့်ဆန္ဒ ရှိနေကြသည်။

စပိန်၏ဂုဏ်ရောင်အပြောင်ဆုံး စာရေးဆရာကြီး သေဆုံးပြီး နှစ်ပေါင်း ၄၀၀ နီးပါးမျှအကြာတွင်မှ သမိုင်းပညာရှင်များနှင့် မှုခင်းဆေးပညာကျွမ်းကျင်သူများ စုဖွဲ့ထားသည့် အုပ်စုတစ်စုက ပြီးခဲ့သည့် ဧပြီလက မြို့တော်အလယ်ဗဟိုရှိ အုတ်နံရံကာထားသည့် သီလရှင်ကျောင်းအောက် မြေကြီးကို မြေအောက်ထွင်းဖောက်ရေဒါများ အသုံးပြု၍ စူးစမ်းလေ့လာခဲ့ကြသည်။

မြေအောက်တွင် သင်္ချိုင်းအင်္ဂါရပ်နှင့် ကိုက်ညီသည့်အနေအထားများကို ရေဒါဖြင့် ထောက်လှမ်းတွေ့ရှိရသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။ လက်ဝါးကပ်တိုင်ပုံ သီလရှင်ကျောင်း၏ လက်တံပိုင်းနေရာအောက်ရှိ ဂူသင်္ချိုင်းတွင် ယခင်က ထင်ထားသည်ထက် ဂူသွင်းရာ လိုဏ်ပေါက်အမြောက်အမြားရှိကြောင်းကိုလည်း သုတေသနပညာရှင်များက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

သင်္ချိုင်းထဲရှိ ဂူသွင်းမြှုပ်နှံရာအခန်းများကို မဖွင့်ဘဲ၊ ဖြစ်နိုင်ဖွယ်ရှိသည့် ဂူသွင်းမြှုပ်နှံရာနေရာကို မတူးဖော်ဘဲ ဆာဗင်တီ၏ရုပ်ကြွင်းများ ထိုနေရာတွင် ရှိနေသည်ကို မသိနိုင်ကြောင်းလည်း သုတေသနပညာရှင်များက ထပ်လောင်းပြောကြားသည်။ ''ဆာဗင်တီရဲ့ ရုပ်ကလာပ်ကို မရွှေ့ပြောင်းခဲ့ဘူးဆိုရင် ဒီကျောင်းရဲ့ အောက် တစ်နေရာရာမှာ ရှိနေရလိမ့်မယ်'' ဟု သုတေသနရလဒ်များကို စိစစ်သရုပ်ခွဲသည့် မနုဿဗေဒပညာရှင် ဖရန်စစ္စကို အက်ဗ်ဘာရီးရားက ပြောကြားသည်။

အသက် ၅၀ ကျော်အရွယ်၊ ဝဲဘက်လက်မောင်းနှင့် ဝမ်းဗိုက်တွင် ဒဏ်ရာများနှင့် ဆာဗင်တီ၏ အကြောင်းအချက်များနှင့် ကိုက်ညီသည့် အရိုးများကို ရှာဖွေရမည့်နေရာအတိအကျကို သတ်မှတ်ပေးခဲ့ကြောင်း မြေအောက်ထွင်းဖောက်ရေဒါကိရိယာဖြင့် ရှာဖွေမှုပြုလုပ်ခဲ့သည့် လူးဝစ်အဗီရယ်က ပြောကြားသည်။

၁၅၄၇ ခုနှစ်တွင် မွေးဖွားခဲ့သည့် ဆာဗင်တီ၏ ဒွန်ကွီဇုတ်ကို ကမ္ဘာ့သမိုင်း၏ အကြီးကျယ်ဆုံး စာပေလက်ရာများအနက် မှတစ်ခုအဖြစ် အသိအမှတ်ပြုထားကြပြီး ခေတ်သစ်ဝတ္ထုများ၏ ရှေ့ပြေးအဖြစ်လည်း သတ်မှတ်ကြသည်။ ဆာဗင်တီကို ၁၆၁၆ ခုနှစ်တွင် ဧပြီလ ရှိတ်စပီးယားနှင့် ရက် သတ္တတစ်ပတ်တည်းတွင် သေဆုံးပြီးနောက် မက်ဒရစ်မြို့တွင် မြှုပ်နှံခဲ့သည်။ ကျွမ်းကျင်သူများကမူ ဆာဗင်တီ၏ရုပ်ကြွင်းများမှာ သူကိုယ်တိုင်က မြှုပ်နှံပေးရန် တောင်းဆိုရာနေရာဖြစ်သည့် ယခုအချိန်အထိ သီလရှင်အနည်းငယ် နေထိုင်နေသေးရာ ၁၇ ရာစု သီလရှင်ကျောင်း၏အောက်တွင် ရှိနေနိုင်ကြောင်း ယုံကြည်နေကြသည်။

ဆာဗင်တီမှာ သုံးပါးတစ်ဆူ ဘာသာရေးအယူနှင့် နီးစပ်သူဖြစ်ပြီး၊ သူ့ကို ပင်လယ်ဓားပြများက ဖမ်းဆီးသွားပြီးနောက်တွင် ကျွန်အဖြစ်မှ ပြန်လွှတ်ပေးရန် ထိုအသင်းတော်ကပင် ရွေးကြေးပေးခဲ့ခြင်းပင်ဖြစ်သည်။ သို့ရာတွင် အဆောက်အအုံသစ် ပြန်လည်တည်ဆောက်သည့်အခါတွင် မူလသင်္ချိုင်းနေရာမှာ ပျောက်ဆုံးသွားခဲ့ပြီး ဆာဗင်တီ၏ရုပ်ကြွင်းများကိုလည်း ရွှေ့ပြောင်းခဲ့နိုင်ဖွယ် ရှိသည်ဟုဆိုသည်။



သုတေသနအဖွဲ့ဝင်များက သတင်းထောက်များကို ပြောကြားရာတွင်မူ သီလရှင်ကျောင်းအောက်ကို တူးဖော်ပြီး ဂူသင်္ချိုင်းကို ဖွင့်ခွင့်ရရှိရန်အတွက် ကက်သိုလစ်ဘုရားကျောင်း တာဝန်ရှိသူများနှင့် ညှိနှိုင်းနေသည်ဟုဆိုသည်။ ယခုကဲ့သို့ ဆာဗင်တီ၏ရုပ်ကြွင်းများကို တူးဖော်လိုသည့် အဓိကရည်ရွယ်ချက်မှာ စပိန်နိုင်ငံအတွက် ကမ္ဘာလှည့်များနှင့် စာပေခရီးသွားများကို ဆွဲဆောင်နိုင်မည့် တရားဝင် ဂူသင်္ချိုင်းနေရာကို ထုထောင်ရန်ဖြစ်သည်ဟု သုတေသနအဖွဲ့ဝင်တစ်ဦးဖြစ်သည့် သမိုင်းပညာရှင် ဖာနန်ဒို ပရာဒို ကပြောကြားသည်။

www.burmeseclassic.com

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်၏ အမှတ်ရချက်များစာအုပ်တွင် ရုရှား၊ ဆီးရီးယားနှင့် အီရတ်အရေးများအကြောင်း ဆွေးနွေးထား

သူမ၏အမှတ်ရချက်များဖြစ်သည့် ''ခက်ခဲသောရွေးချယ်မှုများ (Hard Choicies)'' စာအုပ်ထဲတွင် ဟီလာရီ ရော့ဒမ် ကလင်တန်က အမေရိကန်ပြည်ထောင်စု၏ ဒုက္ခများလှသည့် ရုရှားနှင့် ဆက်ဆံရေးပြန်လည်ခင်းကျင်းမှုအကြောင်းကို ရေးသားထားသကဲ့သို့ အီရတ်စစ်ပွဲကို တိုက်ခွင့်သဘောတူခဲ့သည့် သူမ၏မဲတစ်ပြားကိုလည်း မှားယွင်းသည်ဟု ဝန်ခံကာ



ဆီးရီးယားအရေးကိုလည်း ''စဉ်းလဲသောပြဿနာတစ်ခု'' ဟု ခေါ်ဆိုခဲ့ပြီး၊ အိုစမာဘင်လာဒင်ကို သေဆုံးစေခဲ့သည့် စီးနင်းတိုက်ခိုက်မှုအတွက် အစီအစဉ်ဇယားကိုလည်း ဖော်ပြပေးထားသည်ဟု လာမည့်ရက်သတ္တပတ် စာအုပ်ထွက်မလာမီ ကော်ပီတစ်ခုကြိုရထားသည့် CBS News ၏သတင်းအရ သိရသည်။

သို့ရာတွင် မစ္စစ်ကလင်တန်က နိုင်ငံရေးအတွေ့အကြုံများကြားတွင် ကိုယ်ရေးကိုယ်တာဇာတ်လမ်းများကိုလည်း ယက်ဖောက်သီဖွဲ့ထားရာ၊ သူမ၏ခင်ပွန်းသည်တစ်ယောက် မင်္ဂလာအခမ်းအနားတွင် သမီးဖြစ်သူ ချယ်ဆီးနှင့် ပထမဆုံးအကြိမ်ကခဲ့သည်မှစ၍ ၂၀၀၈ သမ္မတလောင်းယှဉ်ပြိုင်ရွေးပွဲအပြီးတွင် သမ္မတအိုဘားမားနှင့် မိတ်ဆွေဖွဲ့မိသည်အဆုံး ရေးသားထားသည်။ အိုဘားမားနှင့် စတင်မိတ်ဖွဲ့မိပုံကို မြီးကောင်ပေါက်နှစ်ယောက် ပထမဆုံးတွေ့ကြသလို အူကြောင်ကြောင်နှင့် ဝိုင်ဖြူကိုချည်း စုပ်နေကြတယ်'' ဟု ဟီလာရီက ပြောထားသည်။

ထို့နောက် မစ္စစ်ကလင်တန်က တာလီဘန်တွေနဲ့ ညှိနှိုင်းဖို့ တံခါးဖွင့်လိုက်တာဟာ နောက်ဆုံးမှာ တပ်ကြပ်ကြီး ဘိုဝီ ဘာဒဲကို လွတ်မြောက်လာစေတယ် ဟုလည်း အသိအမှတ်ပြုဝန်ခံထားရာ ထိုအချက်မှာ ယခုရက်သတ္တပတ်တွင် အငြင်းပွားစရာ ဖြစ်လာခဲ့သည်။ စစ်ဖြစ်လာတာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီမို့ အမေရိကန်အတော်များများအဖို့ ဒီဆွေးနွေးပွဲတွေကို လက်ခံဖို့ ခက်ခဲလိမ့်မယ်ဆိုတာ သိခဲ့ပါတယ်ဟုလည်း ဟီလာရီက ပြောကြားထားသည်။

ယမန်နှစ်ကမှ သူမစွန့်ခွာလာခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်၏အခန်းကဏ္ဍကို ဆွေးနွေးရာတွင်မူ ရုရှားနိုင်ငံ၏ သမ္မတ ဗလာဒီမာ ပူတင်ကို ''အရေပါးလွန်းသူ၊ လွှမ်းမိုးချုပ်ကိုင်လွန်းသူ၊ ဝေဖန်မှုကို ခါးသီးရှုံ့မှုန်းသူ၊ အမြင်မတူသူများနှင့် အငြင်းအခုန်များကို ဖြိုခွင်းသူ'' စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းထားသည်။

ဆက်လက်ပြီး အီရတ်နိုင်ငံတွင် အင်အားသုံးမှုကို အထက်လွှတ်တော်အမတ်တစ်ယောက်အနေဖြင့် သဘောတူခွင့်ပြုသည့်မဲပေးခဲ့ရသည့်အတွက် နောက်ဆုံးတွင် စိတ်သောက ဖိစီးခဲ့ရကြောင်းလည်း မစ္စစ်ကလင်တန်က ဖွင့်ဟပြောကြားထားသည်။ ''သားဆုံး၊ သမီးဆုံး၊ အဖေဆုံး၊ အမေဆုံးခဲ့ရတဲ့ မိသားစုတွေဆီကို စာပို့ရတဲ့အခါတိုင်းမှာ ကျွန်မအမှားဟာ ပိုပြီးနာကျင်စရာကောင်းလာပါတယ်'' ဟု ရေးသားထားသည်။

ဟီလာရီ ကလင်တန်၏ အမှတ်ရချက်များအကြောင်းစာအုပ်ကို CBS Coporation မှ ပိုင်ဆိုင်သည့် Simon & Schuster စာအုပ်တိုက်မှ ပုံနှိပ်ထုတ်ဝေပြီး အင်္ဂါနေ့တွင် တရားဝင်ထွက်ရှိလာမည်ဖြစ်သည်။

၎င်း ''ခက်ခဲသောရွေးချယ်မှုများ (Hard Choices)'' စာအုပ်ကို အင်တာဗျူးတစ်သီတစ်တန်းကြီးနှင့်အပြိုင် တိုက်ဆိုင်ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်ခင်းကျင်းထားသည်။ ယခုတစ်ပတ် ဆိုင်ပေါ်ရောက်ရှိလာမည့် Prople မဂ္ဂဇင်းတွင် ၎င်းစာအုပ်ကြောင်း မျက်နှာဖုံးဆောင်းပါးရေးထားသလို၊ ABC News မှ Diane Sawyer နှင့် အင်တာဗျူးကိုလည်း တနင်္လာနေ့ညတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး မစ္စစ်ကလင်တန်က CNN၊ Fox News၊ NBC တို့နှင့်လည်း စကားပြောမည်ဖြစ်သည်။ နိုင်ငံအနှံ့စာအုပ်မိတ်ဆက်ခရီးစဉ်ကိုလည်း နယူးယောက်မြို့တော်၊ ပြည်ထောင်စုရင်ပြင်ရှိ Barnes & Noble တိုက်ဆိုင်ကြီးမှ စတင်မည်ဖြစ်ပြီး၊ ၎င်းခရီးစဉ်မှာ ၂၀၁၆ သမ္မတမဲဆွယ်စည်းရုံးရေးအတွက် အုတ်မြစ်ချနေခြင်းဖြစ်သည်ဟူသော မှန်းဆချက်များလည်း ထွက်ပေါ်လာနေသည်။

အမေရိကန်နိုင်ငံသားများ ရင်ဆိုင်မျက်မှောက်ပြုနေရသည့် ''ခက်ခဲသောရွေး ချယ်မှုများ'' အကြောင်း မစ္စစ်ကလင်တန်၏ ဗွီဒီယိုသတင်းစကားနှင့်အတူ စာအုပ်ပါကောက်နုတ်ချက်များကို Vogue မဂ္ဂဇင်းနှင့် ၎င်းမဂ္ဂဇင်း၏ ဝက်ဆိုက်နှင့် နာမည်ကျော် လူမှုကွန်ရက် ဖေ့စ်ဘွတ် Facebook တို့တွင် လွှင့်တင်ထားသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ၂၀၁၂ ခုနှစ်က လစ်ဗျား၊ ဘင်ဂါဇီရှိ အမေရိကန်သံရုံးကို တိုက်ခိုက်ခံရမှုအကြောင်း စာအုပ်အခန်းတစ်ခန်း၏ တစ်စိတ်တစ်ဒေသကို Politico မဂ္ဂဇင်းက ပုံနှိပ်ဖော်ပြခဲ့သည်။ အောက်လွှတ်တော်မှ ရီပတ်ဘလီကင်များက အဆိုပါတိုက်ခိုက်မှုအပေါ် အိုဘားမားအစိုးရ၏တုံ့ပြန်ပုံကို စုံစမ်းစစ်ဆေးနေကြဆဲပင်ဖြစ်သည်။ မစ္စစ်ကလင်တန်၏ အနာဂတ်အစီအစဉ်နှင့်ပတ်သက်၍ အရိပ်အမြွက်သိလိုကြသည့် စာဖတ်ပရိသတ်များအတွက်မူ စာမျက်နှာ ၅၉၅ အထိ ဖတ်ရှုရန် လိုအပ်မည်ဖြစ်ပြီး၊ စာအုပ်၏နောက်ဆုံးစာမျက်နှာတွင် သူမက ၎င်းသို့ရေးထားပါသည်။ ၂၀၁၆ မှာ ကျွန်မ သမ္မတအရွေးခံမှာလားလို့မေးရင် အဖြေကတော့ အခုအထိမဆုံးဖြတ်ရသေးဘူးဆိုတာပါ''။

Ref: CBS


www.burmeseclassic.com

အနုပညာ

# Contemporary Art



(၂၀၁၄၊ ဖွန် ၁၀၊ မွန်းလွဲ ၃ နာရီခွဲတွင် ဘဝတစ်ပါးသို့ထွက်ခွာသွားပြီးဖြစ်သော ဆရာခင်မောင်ရင်အားဂါရဝဖြင့် အမှတ်တရဖော်ပြပါသည်။)




# ဆရာခင်မောင်ရင်ရဲ့ အရောင်အချို့ ပုံရိပ်အချို့



www.burmeseclassic.com


www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com


မောင်မောင်ဝင်း

ဒေါ်အောင်ဆန်းစုကြည်၏

# နှလုံးသားပုံရိပ်များ



ဒေါ်အောင်ဆန်းစုကြည်၏ ၆၉နှစ်မြောက်မွေးနေ့အမှတ်တရ


ထွက်ပြီ




www.burmeseclassic.com

www.burmeseclassic.com





# ဆရာ "နန်း" သို့ ဦးခိုက်တမ်းချင်း

◆လှမြင့်(ရန်ကုန်တက္ကသိုလ်)

စာရေးသူ တက္ကသိုလ်ကျောင်းသား ဘဝနှင့်စာပေလောကအတွင်းသို့ စမ်းတဝါးဝါး တိုးဝင်အားထုတ်နေချိန် ၁၉၇၀ ခုနှစ်ဝန်းကျင် ကျောင်းသားဘဝနှင့် စာပေ၌ ဆရာကြီး ဦးအောင်သိန်း (နန်းညွန့်ဆွေ)ကို ငွေတာရီ မဂ္ဂဇင်းအယ်ဒီတာ ဆရာကြီးဦးလေးမြိုင် (လေးမြိုင်) ၏ကူညီဆက်သွယ်ပံ့ပိုးမှုကြောင့် ဆရာကြီးဦးအောင်သိန်း (နန်းညွန့်ဆွေ) ၏ မြန်မာ့ယဉ်ကျေးမှုနှင့် စာပေရေးရာအတွေးအမြင်များကို မှတ်သားနာယူ ဆည်းပူးလေ့လာနှင့် အကျိုးကျေးဇူးများ ရရှိခံစားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က စာရေးသူသည် မိမိ၏ သုတေသနစာတမ်းတစ်စောင်ဖြစ်သော 'မြန်မာ့စာရိတ္တပညာစာတမ်း' ဆိုင်ရာ အကြောင်းအရာ၊ အချက်အလက်၊ အတွေးအမြင်များကို မြန်မာယဉ်ကျေးမှုအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသော ဆရာကြီး ဦးအောင်သိန်း (နန်းညွှန့်ဆွေ) ထံမှ အဖိုးမဖြတ်နိုင်သော မြန်မာ့စာပေယဉ်ကျေးမှုအမွေအနှစ်များကို ရရှိခဲ့ပါသည်။ ဆရာကြီးဦးအောင်သိန်း (နန်းညွှန့်ဆွေ)ကိုလည်း ရှိသေလေးစားဂါရဝပြုမှုဖြင့် ဆရာနန်းဟူ၍ မြတ်မြတ်နိုးနိုးခေါ်ဆိုခဲ့သည်။ ဆရာကြီးနန်းညွှန့်ဆွေ (ဦးအောင်သိန်း) ကလည်း ဆရာနန်းဟု တပည့်များက ရှိသေလေးစားချစ်ခင်ကျွမ်းဝင်စွာခေါ်ဆိုမှုကို နှစ်သက်မှုလည်း ရှိနေခဲ့ပါသည်။

စာရေးသူ၏မြန်မာ့စာရိတ္တစာတမ်းနှင့် ပတ်သက်သည့် အဓိကအချက်အလက်၊ အကြောင်းအရာနှင့် မြန်မာမှုအခြေခံအတွေးအမြင်များကို ဆရာနန်းသည် ၁၉၆၀ ခုနှစ်တွင် ဟံသာဝတီပုံနှိပ်တိုက်(ရန်ကုန်မြို့) မှ ထုတ်ဝေခဲ့သော 'ဟံသာဝတီဆုံးမစာပေါင်းချုပ်' (ပ) ရှေးမြန်မာပညာရှိ (၂၅) ဦးတို့ ရေးဖွဲ့စီရင်သွန်သင်ဆုံးမဩဝါဒပေးခဲ့သော 'ဆုံးမစာပေါင်း(၃၂) စောင်' ကို အကြောင်းရင်းခံပြုလျက် ဤသို့မိန့်ကြားလမ်းညွှန်ခဲ့ပါသည်။

'အလိမ္မာ–စာမှာရှိသည်' ဟူသော ဆိုရိုးစကားနှင့်အညီ လူတို့၏ကိုယ်၊ နှုတ်၊ စိတ်အမူအရာဆိုင်ရာ ယဉ်ကျေးဖွယ်ရာ၊ လိမ္မာပြေပြစ်စေရန်၊ ပုံဆောင်ကိုးကား၊ ရေးသားလမ်းညွှန် သွန်သင်ဆုံးမသော သင်ခန်းစာများသည် စာပေ၌ရှိသည်။ ထို့ကြောင့် လူတိုင်း လူတိုင်းသည် အဆုံးအမနှင့်ကင်း၍မနေအပ် ဟူ၍ ပညာရှိများဆိုခဲ့ကြသည်။ ထိုသို့ဆုံးမရာတွင် 'နင် မသုံးမ၊ နင့်တာပ၊ ဘယ်ကခံလိမ့်မည်' ဟူသော ထွန့်ခေါင်ဆရာတော်၏ သံပေါက်ကဗျာအတိုင်းပင် မိမိကိုယ်ကို မိမိကိုယ်တိုင်က ဆုံးမရန် အရေးကြီးသည်။

အလိမ္မာသည် စာ၌သာရှိနေရုံဖြင့်မပြီးပါ။ ညီတော်အာနန္ဒာသည် မြတ်စွာဘုရားဟောကြားတော်မူသော (၃၈) ဖြာမင်္ဂလာတရားတော်ကို သုတံကြားလိုက်ရ၏။ ဥပလက္ခိတံ– မှတ်လိုက်ရ၏။ ဥပစာရိတံ–ဆောင်လိုက်ရ၏–ဟုဆိုဘိသည့်အလား ဤဆုံးမစာများကိုလည်း အမျိုးကောင်းသားသမီးတို့သည် ကြားရုံနှင့်မပြီး။ မှတ်ရန်လည်းလို၏။ မှတ်ရုံနှင့်မပြီး။ ဆောင်ရန်လည်းလို၏။ ဆောင်ရုံမျှမက လိုက်နာကျင့်ကြံရန်လည်း အထူးလိုအပ်၏။ ထိုသို့လိုက်နာကျင့်သုံးခြင်းဖြင့် လိမ္မာရေးခြား သားနားချော၊ လူမှုပွန်သောအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်ဟူ၍ ဖွဲ့၊ စာရိတ္တအခြေခံသည့် ဗုဒ္ဓ၏အဆုံးအမတရားတော်များနှင့် ရဟန်း ပညာရှိ၊ လူပညာရှိအပေါင်းတို့၏ ဆုံးမစာများသည် အခြေခံအုတ်မြစ်တစ်လွှာဖြစ်ကြောင်း မိန့်ကြားလမ်းညွှန်ခဲ့သည်။

မြန်မာ့ရိုးရာစာရိတ္တ၏ အခြေခံအကြောင်းရင်းများဖြစ်သော ဆုံးမစာများကို လူငယ်၊ လူလတ်၊ လူကြီးအရွယ်သုံးပါးစလုံး ဖတ်ရှုလေ့လာမှတ်သားလိုက်နာ ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်သည်။ ဆုံးမစာများသည် လူအသက်အရွယ်ကြီးသော ပညာရှင်များက လူငယ်၊ လူလတ်များ၏ စာရိတ္တမဏ္ဍိုင်ကြံခိုင်စေရန် အလေးပေးဆုံးမလမ်းညွှန်စာဖြစ်သော်လည်း၊ ယင်းဆုံးမစာ၏အဆုံးအမနှင့် လမ်းညွှန်ချက်များကို လူငယ်လူလတ်များသာမက လူကြီးများလည်း လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဟူ၍ ဆုံးမစာသည် အရွယ်သုံးပါးစလုံး၏ စာရိတ္တမဏ္ဍိုင်စာပေဖြစ်ကြောင်း ဆရာနန်း က မိန့်ကြားခဲ့ပါသည်။

'ဆရာနန်း' (ဆရာကြီးနန်းညွှန့်ဆွေ)၏ ဆုံးမစာများသည် အရွယ်သုံးပါးစလုံး၏ စာရိတ္တမဏ္ဍိုင်ကြံခိုင်ရေး စာပေဖြစ်ကြောင်း ခေတ်ရေ့ပြေးအတွေးအမြင်အဖြစ်

"ဆုံးမစာများကို သက်ကြီးရွယ်အို၊ ဘိုးဘွားမိဘအရွယ်ရှိသော ပုဂ္ဂိုလ်များသည်လည်း ဖတ်ရှုလေ့လာသင့်ပါ၏၊ အဘယ်ကြောင့်ဆိုသော် သံဝေဂနှင့်သက်ဆိုင်သော ဆုံးမစာများပါရှိပါသည်၊ ထို့ပြင် သက်ကြီးရွယ်အိုများက ဤဆုံးမစာများကို ဖတ်ရှု၍ မိမိတို့၏တူသားမြေးမြစ်တို့အား ညွှန်ကြား ပြသသွန်သင်ပေးနိုင်မည် ဖြစ်ပါသည်"

ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူ ရွယ်ကလေးများကလည်း ဖတ်ရှုလေ့လာသင့်သည်။ အဘယ်ကြောင့်ဆိုသော် အမှားတွေ့တတ်သည့် ငယ်ရွယ်နုနယ်ကလေးအရွယ်အတွက် အဖိုးတန်သော သင်ခန်းစာများ မြောက်မြားစွာ ပါဝင်လျက်ရှိသောကြောင့် ဖြစ်ပါသည်။

ဘိုးဘွားမိဘများ ကွယ်လွန်ကုန်ကြသဖြင့်လည်းကောင်း၊ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေးစသော ဆုံးမနိုင်မည့် လူကြီးသူမများနှင့် ဝေးကွာနေရသောအားဖြင့် လည်းကောင်း၊ အဆုံးအမနှင့် ကင်းကွာနေသည့် လူငယ်၊ လူရွယ်၊ လူလတ်များသည်လည်း 'မိဘဆရာ၊ မည်ထိုက်စွာ၊ ဤစာ ဆုံးမကျမ်း' ဟူသော စကားအတိုင်း မိမိတို့၏ဘိုးဘွားမိဘများသည် မိမိတို့အား အမြဲမပြတ် အနီးကပ်၍ သွန်သင်ဆုံးမဩဝါဒပေးနေသည်ဟု အမှတ်နှလုံးသွင်းဖြင့် ဆုံးမစာများကို ဖတ်ရှုလေ့လာ၊ အလေးထားအရေးပြုသင့်ကြပေသည်။

ဃရာဝါသ၊ သမ္ဘာဇဟ၊ ဒုက္ခဖွဲ့နှောင်၊ လူတို့ဘောင်အတွင်း၊ သက်ဆင်းနေကြရသော၊ အကြင်အိမ်ထောင်ရှင်ဇနီးမောင်နှံအပေါင်းတို့သည်လည်း ဆုံးမစာများကို ဖတ်ရှု လေ့လာသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'လူအရပ်ရပ်၊ နတ်အထွေထွေ၊ စိန်ကဲ ရွှေကဲ၊ ထိုနှစ်ကဲထက်၊ လူအကဲခတ်၊ လွန်ခဲကတ်၏'' ဆိုရိုးစကားအတိုင်း လူ့လောကနှင့်ရင်ဆိုင်နေရသောကာလတွင် အနီးအဝေး၊ အစိမ်းအကျက်၊ မိတ်ကောင်းမိတ်ဆိုး အမျိုးမျိုးသောလူတို့ကို ဆက်ဆံတွေ့ကြုံနေရမည်ဖြစ်ရာ ဤသူမကောင်း၊ ဤသူကောင်းဟု၊ အကြောင်းပြသ၊ ဆိုဆုံးမသည့်စာများသည် ဆုံးမစာများတွင် ပါရှိသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် လူတိုင်းသည် အရွယ်မရွေး ဆုံးမစာများကို ဖတ်ရှုမှတ်နာရန် အထူးတိုက်တွန်းလိုသည်။ ဆုံးမစာပါ စာပိုဒ်ကလေးများကို ထုတ်နှုတ်၍ မိမိတို့အမြဲတစေ ကြည့်ရှုမြင်သာသောနေရာများတွင် ဆွဲကပ်ထားလျက် နေ့စဉ်အာရုံပြုခြင်းအမှု

www.burmeseclassic.com

ကိုလည်း ပြုသင့်သည်။ ထိုသို့ပြုခြင်းဖြင့် လောကသံသရာနှစ်ဖြာသော အကျိုးထူးတရားပွားများမည်ဖြစ်သည်ဟူ၍ မိန့်ကြားလမ်းညွှန်ခဲ့မှုများကို မှတ်သားနာယူခဲ့ရပါသည်။ ဆရာနန်း၏အဆိုအမိန့်လမ်းညွှန်ချက်များကို ထာဝရဦးထိပ်ထား၍ တတ်စွမ်းသမျှ ကျင့်သုံးလိုက်နာနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိနေပါသည်။

ဆရာနန်း (နန်းညွန့်ဆွေ) သည် ယဉ်ကျေးမှုဦးစီးဌာနတွင် မြန်မာယဉ်ကျေးမှုအရာရှိအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူပီပီ မြန်မာမှုနှင့် မြန်မာ့ယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်ခဲ့သူဖြစ်ပါသည်။ 'မြန်မာယဉ်ကျေးမှု၏အခြေခံသည် အပြောအဆိုယဉ်ကျေးမှု၊ အမူအရာယဉ်ကျေးမှု၊ အဝတ်အစားယဉ်ကျေးမှု၊ စိတ်နေသဘောထား ယဉ်ကျေးမှုများကို အခြေခံသည်ဟူ၍ အလေးအနက် မိန့်ကြားခဲ့သည်။ ယင်းအနှစ်သာရကို ဆရာနန်း (နန်းညွန့်ဆွေ) သည် 'ယဉ်ကျေးမှုပြဒါးတိုင်' ဟူသော ဆောင်းပါးဖြင့် ဖော်ထုတ်တင်ပြခဲ့သည်။ 'ယဉ်ကျေး မှုပြဒါးတိုင်' ဆောင်းပါးသည် ၁၉၇၀ ခုနှစ်ဝန်းကျင်ကာလတွင် တက္ကသိုလ်ဝင်တန်း (ဒသမတန်း) စိတ်ကြိုက်မြန်မာစာဘာသာရပ် စိတ်ကြိုက်စကားပြေလက်ရွေးစင်ပြ|ဒန်းစာအုပ်၌ ပြ|ဒန်းစာအဖြစ် သင်ကြားရန် ရွေးချယ်ခဲ့သည်။ ယဉ်ကျေးမှုပြဒါးတိုင်ဆောင်းပါးတွင်

"ယဉ်ကျေးမှုဟူသည် လူတန်းစားမရွေး ဆင်းရဲချမ်းသာမရွေး၊ လူကြီးလူငယ်မရွေး အရေးကြီးစွာ လေ့ကျက်ရမည့်တရားဖြစ်သည်၊ ချမ်းသာသောသူမှ ယဉ်ကျေးသည်၊ ဆင်းရဲသား၌ ယဉ်ကျေးမှုမရှိ၊ ခေတ်မီဝတ်စားနိုင် ကားပိုင်နှင့် ရှိုးကောင်းသူများသာ ယဉ်ကျေးသူများဖြစ်သည်၊ ပစ္စည်းမဲ့တို့၌ ယဉ်ကျေးမှုမရှိ၊ အထက်တန်း အရာရှိကြီးများမှ ယဉ်ကျေးသည်၊ အောက်လက်ငယ်သား၊ စာရေး၊ မင်းစေတို့မှာ မယဉ်ကျေး၊ မြို့ကြီးသူ၊ မြို့ကြီးသား၊ လူကုံတံများမှ ယဉ်ကျေးမှုရှိသည်၊ တောသူတောင်သား လယ်သမားများသည် မယဉ်ကျေးဟု အလွဲကောက်ယူခြင်း မပြုသင့်ပေ၊

အထက်တန်းလွှာက ဂုဏ်ကြီးရှင်အခေါ်ခံနေပြီး၊ တစ်နေ့လျှင် ယဉ်ကျေးမှုမရှိသော အပြုအမူ၊ အပြောအဆို၊ စိတ်နေစိတ်ထားများကို အဆမတန်ပြောဆိုလုပ်ကိုင်မှုများကို တွေ့မြင်နေရသော ဤခေတ်အချိန်အခါမျိုးတွင် လူတိုင်းသည် မိမိကိုယ်ကို ယဉ်ကျေးမှုပြဒါးတိုင်ဖြင့် တိုင်းထွာချိန်တွယ်ကြည့်သင့်ပေသည်၊ အမြဲတမ်းရောဂါအတက်အကျကို စမ်းသပ်သကဲ့သို့ ယဉ်ကျေးမှုကိုလည်း ပြဒါးတိုင်ရှိ၊ မည်သည့်အမှတ်တွင်ရှိမည်ကို ချိန်ဆတိုင်းထွာ၍ အထက်ပါ ယဉ်ကျေးမှုသဘောတရားများဖြင့် မိမိတို့၏ဘဝကို တစ်ဆင့်ထက်တစ်ဆင့် ရင့်မာ၊ မြင့်တက်လာအောင် ကြိုးဆောင်ကြိုးစားအားထုတ်သင့်ကြပေသတည်း" ဟူ ၍ ခေတ်ရှေ့ပြေးအတွေးအမြင်တို့ဖြင့် ဖော် ထုတ်တင်ပြခဲ့သည်။

> **ယဉ်ကျေးမှုမရှိသော အပြုအမူ၊ အပြောအဆို၊ စိတ်နေ စိတ်ထားများကို အဆမတန်ပြောဆိုလုပ် ကိုင်မှုများကိုတွေ့မြင် နေရသော ဤခေတ် အချိန်အခါမျိုးတွင် လူတိုင်းသည်မိမိကိုယ်ကို ယဉ်ကျေးမှုပြဒါးတိုင်ဖြင့် တိုင်းထွာချိန် တွယ်ကြည့်သင့်ပေသည်၊ အမြဲတမ်းရောဂါ အတက်အကျကို စမ်းသပ်သကဲ့သို့...**

ဆရာနန်း (ဆရာနန်းညွန့်ဆွေ) ၏ လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော်က မိန့်ကြားလမ်းညွှန်ဆုံးမခဲ့သော လမ်းညွှန်ဆုံးမဩဝါဒများကို ကိုယ်တိုင်ကိုယ်ကျ နာယူမှတ်သံ–ဩဝါဒခံယူခဲ့ရမှုများသည် စာရေးသူတို့အတွက် ယနေ့တိုင်အောင် လက်ခံနာယူကျင့်သုံးကာ လူတစ်လုံးသူတစ်လုံးဘဝဖြင့် ပြောဆို၊ နေထိုင်၊ ဆက်ဆံ၊ ကျင့်ကြံတတ်အောင်၊ စိတ်ထားကောင်းစေအောင် ဘဝအလင်းရောင် အသိပညာအလင်းရောင်ကို ပေးဝေဖြန့်ဖြူးခဲ့သော စာပေဥယျာဉ်မှူးကောင်း ဖြစ်နေပါသည်။ ထိုသို့သော "စာပေဥယျာဉ်မှူးကောင်း ဆရာနန်း(ဆရာ ကြီးနန်းညွန့်ဆွေ) အား ရှိသေဦးခိုက်တမ်းတ၍" ဂါရဝပြုအပ်ပါသည်။

**လှမြင့် (ရန်ကုန်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com







# သတိရခြင်း မိုးရေစက်များ

◆မောင်စိမ်းနီ

ကျွန်တော်တို့သုံးယောက် ရန်ကုန်ဆေးရုံကြီးဝင်းထဲက ထွက်လာချိန်မှာပဲ မိုးကဖွဲဖွဲလေးရွာလာတယ်။ ရန်ကုန်မိုးဟာ အစိုးမရမှန်းသိထားတဲ့အလျောက် ထီး ကိုယ်စီဆောင်ထားခဲ့ကြတယ်။ တစ်ခါတရံ လေပြင်းဝှေ့လိုက်တဲ့အခါ မိုးစက် မိုးပေါက်လေးတွေက ထီးရွက်တွေပေါ်က ခုန်ဆင်းပြေးထွက်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆေးရုံကြီးက ဗိုလ်ချုပ်အောင်ဆန်းလမ်းမ စကြံနံပလက်ဖောင်းအတိုင်း ကျွန်တော်တို့သုံးယောက် လျှောက်လှမ်းခဲ့ကြတယ်။ ကျွန်တော်ရယ်၊ မောင်လင်းရိပ်ရယ်၊ နိုင်ဦးကိုရယ် သုံးယောက် ဖြစ်ပါတယ်။ သူတို့နှစ်ယောက်လည်း အတွေး



ကိုယ်စီရှိနေကြပါလိမ့်မယ်။

ရွှေတိဂုံဘုရားလမ်းမီးပွိုင့်ကို ဖြတ်ကျော်ခဲ့ကြပြီး လဟာပြင်ဈေးသစ်ဆောက်လုပ်နေတဲ့ အကာအရံတွေဘေးက ခပ်ဖြည်းဖြည်းပဲ လျှောက်လှမ်းခဲ့ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် စကားမဆိုဖြစ်တော့ကြဘဲ တိတ်ဆိတ်ငြိမ်သက် . . .

*

တိတ်ဆိတ်ငြိမ်သက်စွာ လဲလျောင်းနေရာက သူ့မျက်ဝန်းထဲမှာ ကျွန်တော်တို့သုံးယောက်ရဲ့ပုံရိပ်လို့ ကဗျာဆရာက ဖမ်းမိသွားပါတယ်။

လျှောကျနေတဲ့သူ့မျက်မှန်အဝိုင်းလေးအောက်က သူ့မျက်ဝန်းတွေဟာ ညှိုးလျော်နေပေမယ့် တစ်ခါတရံ လက်လက်ရွှန်းရွှန်း ကဗျာဆရာရဲ့နှုတ်က အသံထွက်မလာသေးပေမယ့် အားတက်ပျော်မွေ့ပုံကို ကြည့်မြင်လို့ရပါတယ်။

ကျွန်တော်တို့သုံးယောက်ဟာ လူရှာနေတဲ့လူတွေဆိုတော့ စိတ်ဂဏှာမငြိမ်မှုဟာ ပတ်ဝန်းကျင်က လူနာတွေ၊ လူနာစောင့်တွေကို အနှောင့်ယှက်ပေးသလို ဖြစ်နေမလား။

ကျွန်တော်တို့သုံးယောက်မြင်သာအောင် ကဗျာဆရာက သူ့လက်သီးဆုပ်ကို မြှောက်ပြပါတယ်။ ဒီမှာ ငါဒီမှာဟေ့လို့ အော်ပြောလိုက်သလိုပါပဲ။ သူ့ဘေးမှာတော့ သူ့သမီးကြီးက ပလတ်စတစ်ယပ်တောင်ကို တဖျပ်ဖျပ်ခတ်လို့နေတယ်။ ကဗျာဆရာရဲ့ အံကြိတ်ထားတဲ့အပြုံးဟာ ပွင့်အန်ကျနေတယ်။ ကဗျာဆရာ လက်သီးဆုပ်နိုင်သေးကြောင်း သက်သေထူနေလေရဲ့။

သူ့ဘေးမှာ ကျွန်တော်တို့ရပ်ရင်း လေသံညင်းညင်းနဲ့ သတင်းအစအန မေးရပြန်တယ်။ သူက လက်သီးဆုပ်ထဲက သူ့လက်မကို ထောင်ပြရင်း ပြုံးနေတယ်။ ကြေကွဲဖွယ်အပြုံးလား။ ကျွန်တော် တွေးနေမိပြန်တယ်၊ နောက် သူနဲ့အတူ နေခဲ့တဲ့ သွားခဲ့တဲ့ လှုပ်ရှားခဲ့တဲ့ပုံရိပ်များ။ အထူးသဖြင့် 'လက်သီးဆုပ်' များအကြောင်း။

*

လက်သီးဆုပ်များအကြောင်း။

ကျွန်တော့်အတွေးတွေက အတိတ်ဆီကို ပြေးထွက်သွားကြပြန်တယ်။ ဒီလို . . အခုလို မိုးဦးမကျတကျ မိုးရွာစကာလတစ်ဆစ်၊ ခုနှစ်က ၁၉၈၈။

ဘားလမ်းမှာ လူစုကြတယ်။ လက်မှတ်ထိုးကြတယ်။ မကျေနပ်သူတွေ မကျေနပ်မှုအတွက် စုဝေးကြတယ်။ အထူးကတော့ စာပေအနုပညာသမားတွေပါပဲ။ မတရားတဲ့၊ ဖိနှိပ်တဲ့၊ အနိုင်ကျင့်တဲ့ စစ်ဖိနပ်အောက်က ဖောက်ထွက်၊ ဖြိုဖျက်ထွက်ကြဖို့ ခရီးအစပျိုးတဲ့အချိန်ပဲ ဖြစ်တယ်။

ကိုတင်စိုးရဲ့စံပယ်ဦးစာပေတိုက်ရှိရာ ဘားလမ်းကနေစတင်တဲ့ကိစ္စဟာ ရန်ကုန်ကို ပေါက်ကွဲစေခဲ့တယ်။ ဆိုင်းဘုတ်ထောင်လိုက်ကြတယ်။ တရားမျှတမှုအတွက်၊ အမှန်တရားအတွက်၊ လက်ချင်းဆက်လိုက်ကြတယ်။ 'စာပေအနုပညာရှင်များ' ခေါင်းစည်းရဲ့အလံတော်အောက်မှာ စည်းရုံးလှုပ်ရှားခဲ့ကြတယ်။ တကယ်ပါပဲ။ ကဗျာဆရာတွေ၊ စာရေးဆရာတွေ၊ စာပေအနုပညာရှင်တွေ၊ သရုပ်ဆောင်တွေ။

တို့အရေး

တို့အရေး . . အသံတွေဟာ အနော်ရထာလမ်းမပေါ်ကို ပြေးထွက်သွားတယ်။ ကျွန်တော်တို့ရဲ့လက်သီးဆုပ်တွေဟာ လေထဲမှာ ဝှေ့ဝဲလို့နေတယ်။ ဘားလမ်းကနေ ထွက်လာတဲ့လူစုဟာ အနော်ရထာလမ်းအတိုင်း အရှေ့မှအနောက်ကို ရွေ့နေတယ်။

ဆူး . . . .

တေးရေး-ကဗျာရေးတဲ့ ဆူးက စာပေနဲ့အနုပညာရှင်များ ဆိုင်းဘုတ်ကို တစ်ဖက်ကကိုင်ထားသလို စာရေးဆရာမင်းနွယ်စိုးက တစ်ဖက်ကကိုင်ထားတယ်။ သူတို့နောက်က ကျွန်တော်ရယ် မောင်ရန်ပိုင်ရယ်၊ မြမြင့်မိုရ်ရယ် နောက်ပြီး စစ်အစိုးရကို ဆန့်ကျင်တဲ့လူစုတွေရယ် ရန်ကုန်ဆေးရုံကြီးဘေးက အော်ရင်းဟစ်ရင်း လျှောက်လှမ်းခဲ့ကြတယ်။ ကဗျာဆရာတွေ၊ စာချစ်သူတွေ

စည်းကမ်းရှိပါ

ညီညွတ်ကြပါ

တစ်ယောက်က တိုင်လို့လာ အများက သံပြိုင်လိုက်လို့ ချွေးတွေရွှဲရွှဲနစ်လို့။ ခေတ်ကိုပြောင်းဖို့ စတင်ခဲ့ကြခြင်းဖြစ်တယ်။ ကြယ်ငါးပွင့်ပြည်ထောင်စုအလံတွေ လွှင့်ထူလိုက်ကြတယ်။ အနီခံကြယ်ဖြူဖွင့်တော်လှန်ရေးအလံတွေ လွှင့်ထူလိုက်ကြတယ်။ ဘယ်သူမှမစည်းရုံးဘဲ စိတ်တူကိုယ်တူ ရရာအလံတွေကို စုစည်းလွှင့်ထူလို့။

ခေတ်သစ်ဆီကို မျှော်ရည်လို့ ကျွန်တော်တို့ညီခဲ့ကြတယ်။ လူစုလူတန်း



www.burmeseclassic.com

www.burmeseclassic.com

စားပေါင်းစုံပါပဲ။ အခွင့်အရေးဆိုတဲ့ မျှော်လင့်ချက်ဟာ ဖိနှိပ်လွန်းတဲ့ စစ်အစိုးရရဲ့ အရိပ်မဲအောက်က လွတ်မြောက်ရေးပဲ ဖြစ်တယ်။

စားဖားတွေ၊ လောက်ကောင်တွေ၊ သစ္စာဖောက်တွေ၊ သစ္စာမဲ့သူတွေ၊ အခွင့်အရေးသမား (အတ္တကြီး) သူတွေ ပဲပြားပင်လိုကျင့်ကြံကြတဲ့ နိုင်ငံရေးလုပ်စားသူတွေအကြောင်း ပြောပြစရာလိုမယ် မထင်တော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် လူငယ်တွေရဲ့ အနာဂတ်ဟာ ပွင့်သစ်တွေနဲ့ ဝေစေဖို့ ကျွန်တော်တို့ရည်ရွယ်ခဲ့ကြတယ်။

အနော်ရထာလမ်းအတိုင်း အရှေ့က နေ အနောက်ဘက်ကို ရွေ့လာတဲ့လူထု လူတန်းစားပေါင်းစုံပြည်သူတွေဟာ ရန်ကုန်ဆေးရုံကြီးကို ကွေ့ပတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ကိုရောက်တော့ သုံးလေးထောင်လောက် ရှိသွားပြီဖြစ်တယ်။

ဒီအချိန်မှာပဲ ရန်ကုန်ထောင်ကြီးကွေ့ (ယခုပြည်လမ်းထောင့်)မှာ လက်နက်ကိုင်စစ်သားတွေရောက်လာပြီး သံဆူးလိပ်တွေ ကာရံလိုက်ကြတယ်။ လူအုပ်ကြီးကို နောက်ကနေ တားဆီးပိတ်ဆို့လိုက်တာပါပဲ။

ကျွန်တော်တို့လူစုနောက်ဖက်လှည့်ဖို့ မဖြစ်နိုင်တော့ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ရှေ့ကိုတက်ဖို့စီစဉ်ကာ အလံကိုင်တဲ့သူတွေ ဆိုင်းဘုတ်ကိုင်တဲ့သူတွေက ကြွေးကြော်သံကို အော်ဟစ်ကာ ရှေ့တိုးဖို့ ပြင်ကြတယ်။

ဒီအချိန်မှာ ညနေစောင်းလုနေကျချိန် အရှေ့ကနေ ပိတ်ဆီးကာပြီး သံဆူးကြိုးတွေချ၊ သေနတ်မောင်းတွေတင် အသင့်ပြင်ထားသူ၊ သံခမောက်ဆောင်းတွေဟာ မျက်နှာကြောတင်းတင်းနဲ့။

ရွှေတိဂုံဘုရားလမ်း လဟာပြင် (ဗိုလ်ချုပ်လမ်းဆုံ) နေရာယူထားလိုက်တယ်။ ကျွန်တော်တို့ကို ရှေ့နောက်ပိတ်ဆို့လိုက်တာ ဖြစ်တယ်။ ရှေ့တိုးမရ နောက်ဆုတ်မရနဲ့ လူထုကြီးဟာ တန့်နေတယ် ပေါက်ထွက်မလား လူစုခွဲကြမလား။

ရှေ့တိုးရင် သူတို့ကတော့ ပစ်မှာပဲ။ ကျွန်တော်တို့ဆုံးဖြတ်လိုက်တယ်။ အလံတွေကို စုစည်းပြီး သိမ်းလိုက်တယ်။ ရန်ကုန်ဆေးရုံကြီးအောက်ဆုံးအလွှာ အခန်းတစ်ခန်းထဲကို ဆေးရုံလုပ်သားတွေ အကူအညီနဲ့ ပို့ထားလိုက်တယ်။ လူစုခွဲပြီး ရန်ကုန်ဆေးရုံကြီးနောက်ပေါက်က ကျွန်တော်တို့ ပြန်ခဲ့ကြတယ်။

၃၃ လမ်းနဲ့ အနော်ရထာလမ်း ခရေပင်ရိပ်ရောက်တော့ 'ရွှေကြည်အေး' လက်ဖက်ရည်ဆိုင် နံရံမှာကပ်ထားတဲ့ပိုစတာကို ဖတ်လိုက်ရတယ်။

ပြည်သူသို့ပန်ကြားချက်

ပြည်သူလူထုကြီးခင်ဗျား၊ စာပေအနုပညာရှင်တွေကို ဗိုလ်ချုပ်လမ်းမပေါ်မှာ၊ ဆေးရုံကြီးရှေ့မှာ စစ်တပ်က ဝိုင်းထားပိတ်ဆို့ထားပါတယ်။ ကယ်တင်ကြပါရန်။ အဲဒီလိုအဓိပ္ပါယ်ပါတဲ့ နံရံကပ်ပိုစတာတွေကို ကာတွန်းပညာရှင်တွေက ချက်ချင်းရေးပြီး ချက်ချင်းကပ်ခဲ့ကြတယ်။ မမေ့နိုင်တဲ့ မြင်ကွင်းတစ်ရပ်ပဲ ဖြစ်တယ်။ အနုပညာသမားတွေရဲ့ကိုယ်ချင်းစာနာမှု၊ ကူညီရိုင်းပင်းမှုတွေဟာ အံ့မခန်းပါပဲ။

လက်သီးဆုပ်တွေဟာ မိုးပေါ်မှာ လေထဲမှာ ညီတူလက်တွဲမြဲခဲ့ကြတာတွေ တွေးမိပြီး ကျွန်တော်ပြုံးလိုက်မိတယ်။ အမှန်တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ။

*

အဖြစ်အပျက်တွေက မြန်ဆန်လွန်းတယ်။ လွန်ခဲ့တဲ့နှစ်ဆီက ကဗျာဆရာ နီအောင်ရဲ့ သမီးငယ် မင်္ဂလာဆွေ့ခံပွဲပြုလုပ်တဲ့ သန္တိသုခကျောင်းတိုက်ဝင်းထဲက ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်ပြီး ထွက်လာခဲ့ဖူးတယ်။

နီအောင်ဆိုတာ ဘာသာပြန်ကဗျာတွေရေးတဲ့ တော်လှန်ကဗျာ ၁၀ ယောက်ထဲက တစ်ယောက်ဖြစ်တယ်။

ခု ကျွန်တော် ရန်ကုန်ဆေးရုံကြီးရဲ့ တစ်ခုသော ဆေးကုသဆောင်ရောက်တော့ ဖျော့တော့တဲ့သူ့ခန္ဓာကိုယ်ကို သူမနိုင်တော့ပြီ။

'အားတင်းထားပေါ့ ညီလေး'

ကျွန်တော့်စကားက ဒီမှာပဲ အဆုံးသတ်ပါတယ်။ သူ့ကိုလာကြည့်တဲ့ အားပေးတဲ့ ကဗျာရဲဘော်တွေကလည်း ဒီအတိုင်းပဲ အားပေးခဲ့ပါလိမ့်မယ်။

မောင်သွေးသစ် ‥ အောင်ဇင်မင်း ‥

ကျွန်တော်၊ မောင်လင်းရိပ်၊ နိုင်ဦးကိုစတဲ့ကဗျာဆရာတွေ ကဗျာဆရာလို့ ကဗျာဆရာက အားပေးတာမဆန်းပေမယ့် ကဗျာတွေရဲ့နှလုံးသားဟာ ထပ်တူခံစားတတ်ကြတာတော့ ဆန်းပါတယ်။

စိတ်ချလိုက်ပါ။ ကဗျာဟာ ကမ္ဘာကြီးတည်ရှိနေသမျှ ရှိနေမှာဖြစ်သလို

ကဗျာဟာ အမှန်တရားအတွက် ထပ်တူဖြစ်မှုဒြပ်ထု။


ကဗျာဆိုတာ ခံစားချက်ရဲ့ လက်နက်ဖြစ်
ကျနော် ပြောချင်တာက ဒါပါပဲ။

နီ

**မောင်စိမ်းနီ**

www.burmeseclassic.com





စာပေဟူသောခေါင်းစဉ်အောက်တွင် အမျိုးအစားများစွာ ရှိပါသည်။ ဟာသစာပေ၊ စုံထောက်စာပေ၊ ကလေးစာပေ၊ သိပ္ပံ စာပေ၊ ကာလပေါ်ဝတ္ထုဇာတ်စသည်ဖြင့် ကဏ္ဍအလိုက် အမျိုးအစား ကွဲပြားစွာရှိနေသည်။ များပြားလှသည်။ ယင်းအမျိုးအစားထဲတွင် ပြဇာတ်စာပေလည်း အပါအဝင်ဖြစ်ချေသည်။ သို့သော် ယခုအခါ ပြဇာတ်စာပေ၏နယ်ပယ်ကား ကျဉ်းလွန်းလှ သည်။

စင်စစ်ပြဇာတ်စာပေသည် ရုပ်ရှင်နှင့်စာပေကဲ့သို့ပင် လူထု စိတ်ဓာတ်ကိုဆွဲဆောင်နိုင်စွမ်းရှိပါပေသည်။ အင်အားကြီးမားသော လူထုဆက်သွယ်ရေးအနုပညာတစ်ရပ်ဟူ၍လည်း ဆိုရပါမည်။ သို့သော် ယနေ့ပြဇာတ်စာပေ၏အခန်းကဏ္ဍမှေးမှိန်နေရခြင်းအတွက်မူ တွေးစရာများစွာရှိနေရပါပြီ။

မည်သည့်ကိစ္စ၊ မည်သည့်အလုပ်၊ မည်သည့်အနုသုခုမ ပညာမဆို ပြည်သူတို့နှင့် တစ်နည်းတစ်လမ်းအားဖြင့် ဆက်စပ်လျက်ရှိပေသည်။

# မြန်မာပြဇာတ်စာပေ၏ အနာဂတ်

◆ ဘာသက်ဆွေ

ထိုသို့ဆက်စပ်နေသည့်အလျောက် ပြည်သူ့အကျိုးပြုရန်လိုအပ်သလို၊ ပြည်သူအများက ပြန်လည်အားပေးမှု မျိုးကိုလည်း လိုအပ်လှချေသည်။ ပြည်သူတို့၏ အားပေးမှုမရှိပါက အနုသုခုမပညာသာမက၊ အခြားအခြားသော ပညာရပ်လုပ်ငန်းတို့မှာလည်း မှေးမှိန်တိမ်ကော၍ နောက်ဆုံးပပျောက်သွားမည်သာဖြစ်သည်။ ယနေ့မြန်မာစာပေလောကတွင် ပြဇာတ်စာပေ၏ အခန်းကဏ္ဍမှေးမှိန်နေရခြင်းမှာလည်း ဤသဘောမျိုးပင် ဖြစ်ပါလိမ့်မည်။

ပြဇာတ်စာပေသည် ရသစာပေအနေဖြင့် တသီးတခြားရပ်တည်ခဲ့ကြောင်းကို ကမ္ဘာ့ဂန္ထဝင်စာပေနှင့် ဆက်စပ်တွေးခေါ်ကြည့်လျှင်ရနိုင်ပါသည်။ မြန်မာ့စာပေသမိုင်းတွင်လည်း ပြဇာတ်စာပေသည် ခိုင်ခိုင်မာမာ



www.burmeseclassic.com

www.burmeseclassic.com

ရပ်တည်ခဲ့ကြောင်းကို အများအသိ ပင်ဖြစ်ပါသည်။ ယင်းကို မေ့ထား၍ရမည်မဟုတ်ပါ။ လူ့သဘော လူ့သဘာဝကို ဖော်ပြသည့်စာပေများတွင် ပြဇာတ်စာပေသည် ရသအဖြစ် ရပ်တည်ခဲ့သောကြောင့် ဖြစ်သည်။

မြန်မာပြဇာတ်စာပေခရီးကိုသာ အကျဉ်းမျှစောင်းငဲ့ကြည့်လိုက်လျှင် အောက်ပါအတိုင်းတွေ့နိုင်ပါသည်။

မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီတို့ သိမ်းပိုက်လိုက်သည့် ၁၈၈၅–ခုနှစ်အထိ (၁၈၉)အုပ်ထုတ်ဝေခဲ့သည်။ ထိုမှ ဒုတိယကမ္ဘာစစ်ကြီးစတင်သည့်၁၉၃၉–ခုနှစ်အထိ (၇၃၅) အုပ်ထုတ်ဝေ၍ ပြဇာတ်စာအုပ်လုံးဝမထွက်ခဲ့သော်လည်း စင်တင်ပြဇာတ်များပေါ်ထွန်းခဲ့သည်။ လွတ်လပ်ရေးရပြီး ၁၉၇၀ ပြည့်နှစ်အထိ ပြဇာတ်စာအုပ် (၄၇) အုပ်ထွက်ခဲ့သည်။

ယင်းသို့ ခေတ်အလိုက်တင်ပြရခြင်းမှာ ပြဇာတ်စာပေ (စာအုပ်) ထုတ်လုပ်မှုအခြေအနေကို ထင်ရှားစွာ တွေ့စေလို၍ဖြစ်သည်။ ၁၉၈၇–ခုနှစ် တစ်နှစ်ထဲတွင် (၇၂) အုပ်ထုတ်ဝေခဲ့ပြီး တစ်အုပ်မှ မထုတ်ဝေခဲ့သော နှစ်များလည်း ရှိကြသည်။ ထို့ထက်စိတ်ဝင်စားစရာကောင်းသည်မှာ ပြဇာတ်စာအုပ် ဈေးပင်ဖြစ်ပါသည်။ တစ်အုပ်လျှင် နှစ်ကျပ်၊ တစ်ကျပ်ခွဲရှိရာမှ တစ်ပဲ၊ တစ်မူးဈေးအထိ ဟိုအရင် ခေတ်တစ်ခေတ်တွင် ကျဆင်းသွားလိုက်သေးသည်။

ဤသို့ဖြင့် စစ်ပြီးခေတ်နောက်ပိုင်း ပြဇာတ်စာပေထုတ်လုပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် လျော့ပါးလာခဲ့ရာ တော်လှန်ရေးကောင်စီလက်ထက်အရောက်တွင် ပြဇာတ်စာပေပျောက်ကွယ်မသွားစေရန် ရည်ရွယ်၍ ၁၉၆၃–ခုနှစ် အမျိုးသားစာပေဆုပေးရာ၌ ပြဇာတ်ဆုကို စတင်သတ်မှတ်ထည့်သွင်းပေးခဲ့သည်။ စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင်လည်း ပြဇာတ်စာမူဆုအဖြစ် တီထွင်ပေးခဲ့သည်။ သို့သော် ယနေ့အထိ ဆုရပြဇာတ်စာအုပ်ဟူ၍ (၇) အုပ်သာရှိလေသည်။ ယင်းသို့ဖြစ်ရသည်မှာ တင်သွင်းသည့်စာမူများမှာ အရေအတွက်နည်းရသည့်အထဲ အရည်အသွေးပြည့်မီမှု မရှိကြသောကြောင့်ဖြစ်သည်။

ပြဇာတ်တို့၏ ပင်ကိုယ်သဘောမှာ စင်တင်၍ကပြနိုင်ခြင်းပင်ဖြစ်သည်။ သို့မှသာ ပြည်သူတို့နှင့် တိုက်ရိုက်ဆက်သွယ်မှုရရှိပြီး ပြည်သူ့အားပေးမှုဖြင့် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ သို့မဟုတ်ပါဘဲ လျက် ပြဇာတ်ကိုဖတ်ရန် သက်သက်လောက်ကိုသာ အဓိကထား၍ရေးလျှင်မူကား ပြဇာတ်စာပေထွန်းကားရေးမှာ မျှော်လင့်ဖွယ်မရှိတော့သည်သာမက ရပ်တည်၍ပင် ရတော့မည်မဟုတ်ချေ။

မြန်မာပြည်တွင် ထွက်ရှိခဲ့သမျှသော ပြဇာတ်စာအုပ်တို့မှာ အများအားဖြင့် နှစ်မျိုးနှစ်စားကွဲပြားနေခဲ့သည်။ တစ်မျိုးမှာ ကပြရန်သက်သက်ဖြစ်၍ တစ်မျိုးမှာ ဖတ်ရန်သက်သက်ဖြစ်နေသည်။ ဖတ်ရန်ရော၊ ကရန်အတွက်ရော ထုတ်သောပြဇာတ်စာအုပ် အရေအတွက်မှာနည်းလွန်းလှသည်။ တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ ဤသဘောမျိုးသာ ဖြစ်နေလေသည်။ မည်သို့ပင်ဖြစ်စေ မြန်မာပြဇာတ်စာပေ၏အရှိန်အဝါမှာ အခြားစာပေအမျိုးအစားနှင့်နှိုင်းယှဉ်လျှင် အလွန့်အလွန်မှေးမှိန်နေသေးသည်။

ပြဇာတ်စာပေသည် မြန်မာစာပေလောကတွင်သာမက ကမ္ဘာ့စာပေလောကတွင်ပါ တွင်ကျယ်မှုနှေးကွေးနေသည်မှာ မှန်နေ၏။ သို့သော် မြန်မာစာပေလောကလောက် မှေးမှိန်နေသည်ကတော့ ဆိုးဝါးလှသည်။ မြန်မာနှင့် ကမ္ဘာတို့၏ ပြဇာတ်အပေါ် ထားရှိသော သဘောထားမှာလည်း မတူညီကြချေ။ မြန်မာတို့မှာ စာပေပေါ်ထွက်ရေး၊ စာအုပ်ဖြစ်ရေးအတွက်ကိုသာ အာသီသထားကြဟန်တူသည်။ သို့သော် ကမ္ဘာ့စာပေလောကမှူ ပြဇာတ်တစ်ပုဒ်ကို စင်တင်ပြီးကာမှ စာအုပ်အဖြစ် ထုတ်ဝေကြသည်က များသည်။

ကမ္ဘာကျော်ကြား လူသိများကြသော ပြဇာတ်ရေးဆရာများဖြစ်ကြသည့် ရုရှားနိုင်ငံမှ ချက်ကော့၊ အင်္ဂလန်မှ ဘားနပ်ရှော့၊ ပြင်သစ်မှ ယန်းပေါ်ဆာ့ဒ်၊ အမေရိကန်မှ အာသာမီလာတို့မှာ အလွန်ကျော်ကြားကြသည်။ သူတို့၏ပြဇာတ်များမှာလည်း ကောင်းလှသည့်အလျောက် စာဖတ်ပရိသတ်အားပေးမှုကြောင့် ရောင်းကောင်းလှသည်။ ဤသို့အရောင်းတွင်ကျယ်ရသည့် အဓိကအကြောင်းရင်းမှာ စာဖတ်သူတို့အတွက် ဦးစွာရည်ရွယ်ကြသည်မဟုတ်ဘဲ စင်တင်ကပြနိုင်ရန်အတွက်သာ ရည်ရွယ်ရေးသားခဲ့ကြခြင်းကြောင့် ဖြစ်သည်။

နိုဘယ်စာပေဆုရ ဂျော့ဘားနဒ်ရှော့သည် ပထမဦးစွာ ပြဇာတ်ကိုရေးသည်။ ပြီးလျှင် ဇာတ်ရုံမန်နေဂျာနှင့် ညှိနှိုင်း၍ စင်တင်ရန်စီစဉ်သည်။ ဇာတ်တိုက်ပြီးသော် အစမ်းကပွဲသို့ သတင်းစာဆရာများ၊ ဝေဖန်ရေးဆရာများ၊ ပညာသည်များကို ဖိတ်ခေါ်ပြီး ပြသစေခဲ့သည်။ ထို့နောက် သူတို့၏အကြံပြုချက်ကို ရယူခဲ့ပြီး အာဘော်မပျက်ပြုပြင်ပြောင်းလဲနိုင်မည့် ဇာတ်ကွက်၊ ပြကွင်း၊ ပြကွက်ကို ပြုပြင်ခဲ့သည်။ ပြီးလျှင်ကား ပြည်သူအများကြည့်ရှုနိုင်ရန် စင်တင်ကပြလေတော့သည်။ ပြဇာတ်ကြည့်ပရိသတ်တစ်ခဲနက် အားပေးလာသည့်အခါ စာအုပ်ထုတ် ဝေသူက လိုလိုချင်ချင် ထုတ်ဝေခွင့်တောင်းဆိုလာသည့်အခါ ကျမှပင် စာအုပ်အဖြစ် ထုတ်ဝေတော့သည်။ နောင်တွင် ရုံပေါ်မှ ပြဇာတ်ဆင်းသွားသော်လည်း ပြဇာတ်စာအုပ်များကား ကျော်ကြားမြဲ၊ လူကြိုက်များမြဲအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဤသည်မှာ ကမ္ဘာ့ပြဇာတ်စာပေ၏ ယေဘုယျလုပ်နည်းလုပ်ဟန်ပင်ဖြစ်သည်။

မြန်မာပြည်တွင်ကား ဤသို့မဟုတ်။ အများအားဖြင့် စာအုပ်ဖြစ်ရန် ကြိုးပမ်းကြသည်။ ဤတွင် ပြဇာတ်၏အရေးအသားအသွင်အပြင်မှာ ဝတ္ထုကဲ့သို့ မချောမွေ့သည့်အလျောက် ပြည်သူတို့ အားပေးမှုမှာလည်း နည်းလာရချေသည်။ ထို့ကြောင့် စာအုပ်ထုတ်ဝေသူများမှာလည်း မထုတ်ဝံ့ ထုတ်ဝေသူမရှိသဖြင့် စာရေးဆရာများကလည်း မရေးဝံ့ဖြစ်လာကာ မြန်မာစာပေလောကတွင် ပြဇာတ်စာပေ၏ အသိုင်းအဝိုင်းနယ်ပယ်သည် ကျဉ်းမြောင်းလာသည်သာမက အရှိန်အဝါမှာလည်း မှေးမှိန်လာရချေတော့သည်။

ပြဇာတ်သည် လူ့စရိုက်၊ လူ့သဘောကို အပြောဖြင့်လည်းကောင်း၊ အပြုအမူ အလှုပ်အရှားဖြင့်လည်းကောင်း၊ ပြကွင်းပြကွက်တို့ဖြင့် ဖော်ကျူးရသော ရသစာပေအမျိုးအစားဖြစ်သည်။ ထို့ကြောင့် ပြဇာတ်နေရာသည် ဇာတ်စင်ပေါ်၌ပင် ရှိသည်။ ယင်းပြဇာတ်၏ကောင်းခြင်းပေါ်မူတည်၍ ပြည်သူအားပေးမှုကို အခြေပြုကာ စာအုပ်အဖြစ် ထုတ်ဝေသင့်ကြသည်။ သို့မှသာ အရှည်တည်တံ့နိုင်ပေမည်။

ထို့အပြင် အခြားဖြစ်သင့်သည့်အချက်မှာ ပြဇာတ်စာပေထွန်းကားလာရေးအတွက် တာဝန်ရှိသူများက တာဝန်ယူသင့်ကြခြင်းပင် ဖြစ်သည်။ ပံ့ပိုးပေးမည့်သူမရှိသဖြင့် ရေးနိုင်မည့်သူက မရေးခြင်းကြောင့်သာ ပြဇာတ်စာပေအခြေအနေမှာ မှေးမှိန်နေရခြင်းမှာ သိသာလှပါသည်။ အကယ်၍ လက်ရှိထုတ်ဝေနေကြသော မဂ္ဂဇင်းကြီးများက အရည်အသွေးပြည့်မီသော ပြဇာတ်တိုများ၊ ပြဇာတ်ရှည်များကို အခန်းဆက်အဖြစ် သတ္တိရှိရှိ တာဝန်သိသိ ဖိတ်ခေါ်ခဲ့လျှင်၊ ဖော်ပြပေးခဲ့လျှင် ရေးလာကြမည့်သူများ ရှိလာမည်မှာ အမှန်။ ယခုတော့ ပြဇာတ်စာပေတိုးတက်စေချင်သည့်ဆန္ဒလောက်နှင့်သာ နှုတ်စကားဖြင့် တာဝန်သိသယောင်ယောင် ခရီးဆက်နေဦးမည်ဆိုလျှင်ကား စာပေလောကမှ မြန်မာ့ပြဇာတ်စာပေသည် ပြတိုက်ထဲသို့ ပို့ရမည့်ရက်မှာ နီးကပ်လာနေပြီဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးသခင်ကိုယ်တော်မှိုင်း

◆ ဖိုးသံ(လူထု)

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ကျွန်တော်တို့ဗမာနိုင်ငံမှာ တစ်ခေတ် ထွန်းတစ်ယောက်ပေါ် ပုဂ္ဂိုလ်မျိုးဖြစ်ပါတယ်။ သူ့ကို ဗမာပြည်နိုင်ငံရေးလိုအပ်ချက်က ပြဋ္ဌာန်းဖော်ထုတ်လိုက်တာ ဖြစ်ပါတယ်။ သူ့လိုလူနောက်ထပ်ပေါ်မလာနိုင်တော့ပါဘူး။ ဆရာကြီးရဲ့ဂုဏ်ပုဒ်တွေကို ပြောမယ်ဆိုလို့ရှိရင် အများကြီးပါ၊



www.burmeseclassic.com

www.burmeseclassic.com

စာပေပညာရှင်ကြီးအနေနဲ့ပြောမလား။ လွတ်လပ်ရေးတိုက်ပွဲဝင် ဟီးရိုးကြီးတစ်ယောက်အနေနဲ့ ပြောမလား။ ငြိမ်းချမ်းရေးဗိသုကာကြီးအနေနဲ့ ပြောမလား ပြောစရာတွေအများကြီးပါ။

သူဟာ စာပေလောကမှာ သတင်းစာလောကမှာ မီးရှူးတန်ဆောင်သူတစ်ဦး ဖြစ်ခဲ့တာလည်း အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော့်ရှုထောင့်ကပြောရရင်တော့ ဆရာကြီးရဲ့ဂုဏ်သရေဟာ သူ့ရဲ့နိုင်ငံရေးလုပ်ရပ်တွေကြောင့် ပိုမိုကြီးလာရတယ်လို့ ပြောချင်ပါတယ်။

အင်္ဂလိပ်အစိုးရရဲ့ ရန်သူတော် နံပါတ် ၁ ကြီးဟာ ကျွန်ခေတ်နောက်ကျတော့လည်း တော်လှန်ရေး ပုန်းရတယ်။ ဖဆပလ လက်ထက်ကြတော့လည်း ဆိုရှယ်လစ်တွေနဲ့ သူတို့ရဲ့စစ်ဗိုလ်တွေက တောခိုကာလတွေရဲ့ ကိုယ်စားလှယ်လို့ အမှန်ပြောပြီး သူတရားပွဲတွေကို ပျူစောထီးတွေ သွတ်ပြီး ခြိမ်းခြောက်တာခံရတယ်။

အဲဒီလို ခေတ်အဆက်ဆက်မှာ အာဏာရလူတန်းစားနဲ့ ထိပ်တိုက်တွေ့ အငြိုအငြင်ခံပြီးတော့ ခေါင်းမာမာတိုက်ပွဲဝင်ခဲ့လို့ ဆရာကြီးရဲ့ဂုဏ်သိက္ခာဟာ ထွန်းပြောင်တာ၊ တစ်ပြည်လုံးက လေးစားရတာ ဖြစ်ပါတယ်။ ဆရာကြီးရဲ့ထူးခြားချက်တစ်ခုက သူဟာ ပြည်သူလူထုနဲ့ အမြဲတစ်သားတည်းရှိတာပါ။ သူဟာ ပြည်သူလူထုတိုက်ပွဲနဲ့ အမြဲအတူနေပါတယ်။ အမြဲတမ်း သူပါ ပါတယ်။ သူ့ခေတ်မှာ သူမပါလိုက်တဲ့ ပြည်သူလူထုရဲ့ တိုက်ပွဲရယ်လို့ မရှိပါဘူး။

'ငါ့ဘဝမှာ တိုက်ပွဲတွေနဲ့ ပြည့်လျှမ်းနေပါစေ' ဆိုတဲ့ မာက်စ်ရဲ့ကြွေးကြော်သံလိုပဲ ဆရာကြီးရဲ့ဘဝတစ်ခုလုံးဟာ တိုက်ပွဲတွေချည်းပါပဲ။ သူဟာ ပြည်သူလူထုဆိုတဲ့ အထဲမှာ အထူးသဖြင့် အဓိနှိပ်ခံဆင်းရဲသူ ဆင်းရဲသားတွေနဲ့ တစ်သားတည်းကျတာဟာ အင်မတန်ထူးခြားပါတယ်။

သူဟာ ဗမာပြည်ရဲ့ဆင်းရဲသူ ဆင်းရဲသားတွေကိုလည်း နားလည်တယ်။ စာနာတယ်။ အဲဒီလူတွေအတွက် တိုက်ပွဲဝင်တယ်။ သူရေးတဲ့စာတွေထဲမှာ အညာမင်္ဂလာဆောင်လိုဟာမျိုးကအစ လက်ဖက်ကိုစွအဆုံး သေချာကြည့်လိုက်လို့ရှိရင် ဆရာကြီးရဲ့ရပ်တည်ချက်ဟာ ဘယ်တော့မှ ပြည်သူလူထုကို သစ္စာမဖောက်ခဲ့ဘူး။ ဆင်းရဲတဲ့သူတွေနဲ့ အောက်တန်းအကျဆုံးလူတွေနဲ့ သူဟာ အမြဲတမ်း တစ်သားတည်း ရှိခဲ့တယ်။ သူ့ကို ငွေကြေးတွေ၊ ရာထူးတွေနဲ့ ဆွယ်တာတွေ သူ့ဘဝမှာ ခဏခဏကြုံ ခဲ့ရတယ်။

အဲဒါတွေ အားလုံးကို သူက ဖြတ်ဖြတ် ငြင်းပယ်နိုင်ခဲ့တယ်။ သူဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ကမ္ဘာငြိမ်းချမ်းရေးလို အရေးတော်ပုံတွေအားလုံးမှာ အရှေ့ဆုံးက ပါခဲ့တာ အမှန်ပါပဲ။

ဒါကြောင့်မို့လည်း ၄၈ ခုနှစ် ဒီဘက်ပိုင်းမှာ လူငယ်တွေဟာ ဖဆပလ အစိုးရနဲ့ ကြားဖြတ် စစ်အစိုးရတို့ရဲ့ ခြိမ်းခြောက်မှုတို့ကို ဆရာကြီးအရှိန်အဝါနဲ့ ရင်ဆိုင်ကျော်လွှားခဲ့ရတာတွေကို အများကြီးရှိခဲ့ပါတယ်။ သူ့ကိုရှေ့ဆုံးက တင့်ကားကြီးပေါ် တင်ပြီး နောက်က ချီတက်ခဲ့ရတာပါ။ ကမ္ဘာငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးမှာ ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုကြီးမှာ ဆရာကြီးရဲ့ အရှိန်အဝါမရှိရင် ဘယ်လိုဖြစ်မလဲဆိုတာ အတော်စဉ်းစားရပါလိမ့်မယ်။

ဆရာကြီးဟာ အင်္ဂလိပ်စာမတတ်ပါဘူး။ ဒါပေမဲ့ သူဟာ အသစ်ကို တီးတက်တာကို လက်ခံနိုင်စွမ်းရှိတာမှာ အံ့သြစရာ အလွန်ကောင်းပါတယ်။ သူ့အတွေးအခေါ်က သာမန်ပဒေသရာဇ်ဆန်ဆန် နယ်ချဲ့မုန်းတီးမှုကနေပြီးတော့ ဝံသာနုစိတ်၊ တို့ဗမာအစည်းအရုံး စိတ်ဓာတ်၊ နောက်ဆုံး ဆိုရှယ်လစ်ဝါဒအထိ ပြောင်းလဲလာပါတယ်။

ဒါကို သမိုင်းပါမောက္ခ ဆရာကြီး ဦးသန်းထွန်း 'တိုတိုပြောရရင် ပထမ အင်္ဂလိပ် အင်ပါယာထဲမှာပဲ ဒိုမီနီယံရရင်တော်ပြီလို့ မှန်းတယ်။ နောက်တော့ လုံးဝလွတ်လပ်ရေးက တစ်ပြားမှ မလျော့ဘူး ဖြစ်လာတယ်။ လွတ်လပ်ရေးရပြီးရင် ဘယ်လိုနိုင်ငံတည်ဆောက်မလဲဆိုတာ ချက်ချင်း မစဉ်းစားနိုင်သေးဘူးပေါ့။ ပဒေသရာဇ်နိုင်ငံပြန်ဖြစ်ရင်လည်း ဖြစ်နိုင်တယ်ဆိုတဲ့သဘောက ရှိနေသေးတယ်။ နောက်တော့ ဆိုရှယ်လစ်နိုင်ငံပိုင်စနစ်ရယ်လို့ ဗီဇသဖြစ်လာပါတယ်' လို့ သူစာတမ်းတစ်စောင်မှာရေးထားပါတယ်။

အဲဒီစာတမ်းရဲ့နောက်တစ်နေရာမှာတော့ ဆရာသန်းထွန်းက 'ဒါပေမဲ့ ဒုတိယကမ္ဘာစစ်အတွင်းမှာ နောက်ဆုံးကာလ ၁၉၄၄ ခုနှစ်က ဆရာကြီးကွယ်လွန်တဲ့ ၁၉၆၄ ခုနှစ်အထိ အနှစ် ၂၀ အတွင်းမှာ ဆရာကြီးရဲ့ဘဝက ဆိုရှယ်လစ်နိုင်ငံထူထောင်ရေးနဲ့ ငြိမ်းချမ်းရေးက ပန်းတိုင်လို့ ဖြစ်သွားပါတယ်' အဲလို ရေးထားပါတယ်။

ဆရာကြီးရဲ့ရာပနကာလမှာ ဆရာကြီးရဲ့အကြောင်းတွေ၊ စာတမ်းတွေ ဖတ်ကြတော့ ကျွန်တော့်အဖေရေးတဲ့ စာတမ်းထဲမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း (သို့မဟုတ်) မြန်မာနိုင်ငံသမိုင်းလို့ ညွှန်းသွားပါတယ်။ ဒါဟာ သိပ်ကို မှန်ပါတယ်၊ ဗမာပြည်ရဲ့သမိုင်း။ ဆိုလိုတာ ဒီဘက်ခေတ်သမိုင်းအကွေ့ထဲမှာ ဆရာကြီးက ရှေ့ဆုံးကသူပါ။ ဆရာဇန်းဇေယျာတင်အောင်ပြောတဲ့ စာနဲ့ပြောရလို့ရှိရင် သူဟာ သူ့ခေတ်က ပေးတဲ့တာဝန်ကို အကျေပြွန်ဆုံး ထမ်းဆောင်ပြသွားတဲ့ လူထုသူရဲကောင်းကြီးတစ်ယောက် ဖြစ်ပါတယ်။

ဆရာကြီးရဲ့ထူးထူးခြားခြား မှတ်သားလောက်တဲ့ အရည်အချင်းတစ်ခုကတော့ သမိုင်းအကွေ့အပြောင်းတွေမှာ နိုင်ငံရေးအချွန်အတွေးတွေ ဘယ်လိုပဲရှိရှိ မျက်စိမလည်တာပါပဲ။ သူဒီလို မျက်စိမလည်တဲ့ အဓိကအကြောင်းအရင်းကတော့ သူဟာ ပြည်သူလူထုအပေါ်မှာ သစ္စာရှိလို့ဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ပဲ တစ်သားတည်း ရပ်လို့ ဖြစ်ပါတယ်။

*

သူ့ရဲ့သက်တမ်းနဲ့အမျှ ကျင်လည်ရတဲ့ ခရီးကြမ်းကြီးတစ်လျှောက်မှာ သူနဲ့လုပ်ဖော်ကိုင်ဖက် အမြောက်အများမှာ သူ့လိုအတွေးအခေါ် မပြောင်းလဲနိုင်တဲ့အတွက် ပြတ်ကျန်ခဲ့တာတွေ၊ ခွဲထွက်သွားတာတွေ၊ အများကြီး ကြုံခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ဆရာကြီးကတော့ သမိုင်းက ပြဌာန်းလာတဲ့ အရေးတော်ပုံသစ်တွေ၊ တိုက်ပွဲသစ်တွေအတွက် အယူအဆသစ်တွေကို လက်ခံပြီး လူငယ်တွေ၊ အင်အားအသစ်တွေနဲ့ လက်တွဲပါတယ်။

ဆရာကြီးက အသစ်ကို ဘယ်လောက်အထိ လက်ခံနိုင်စွမ်းရှိသလဲဆိုလို့ရှိရင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ သူ့အရင်တုန်းက တွဲခဲ့တဲ့ ဒိုင်အာခီ စေ့စပ် တွဲခဲ့တဲ့ လူကြီးတွေနဲ့ခွဲပြီးတော့ အမျိုးသားကျောင်း ထောင်ခဲ့တာရယ်၊ အမျိုးသားကျောင်းမှာ ဝင်ပြီးလုပ်ခဲ့တာ၊ လူငယ်တွေနဲ့ တွဲခဲ့တာ၊ တို့ဗမာအစည်းအရုံးမှာလည်း ဗိုလ်ချုပ်အောင်ဆန်းတို့လို ပုဂ္ဂိုလ်တွေနဲ့ တွဲခဲ့တာ၊ နောက်ဆုံး လွတ်လပ်ရေး ဒီဘက်ခေတ်မှာကိုပဲ အဲဒီခေတ်က တိုးတက်တဲ့လူငယ်တွေဖြစ်တဲ့ ဗန်းမော်တင်အောင်တို့၊ ဒဂုန်တာရာတို့လို လူငယ်တွေနဲ့ တွဲတာ၊ နောက်ပြီး ဗိုလ်မှူးချုပ်ကျော်ဇော တို့၊ ဝတ်လုံထွန်းတင်တို့လို ပုဂ္ဂိုလ်တွေနဲ့ တွဲတာ ဒါဆရာကြီးရဲ့ အသစ်အင်အားစုကို လက်ခံနိုင်စွမ်းရှိမှု၊ အမှားအမှန်ခွဲနိုင်စွမ်းရှိမှုကို ပြသတဲ့သာဓကတွေ ဖြစ်ပါတယ်။

ဆရာကြီး တစ်သက်လုံးလက်တွဲသွားတဲ့ အင်အားစုတွေအကြောင်းပြောရင် ချန်ထားလို့မဖြစ်တဲ့ အင်အားစုတစ်ခုရှိပါတယ်။ အဲဒါကတော့ ကျောင်းသားတွေပါ။ ဗမာပြည်မှာ ကျောင်းသားတွေရဲ့ ပထမဆုံး နိုင်ငံရေးလှုပ်ရှားမှုလို့ဆိုရမယ့် ၁၉၂၀ ခုနှစ်က ယူနီဗာစီတီ သပိတ်ကြီးကစလို့ နောက်ဆုံးအချိန်အထိ ဖဆပလအစိုးရလက်ထက်၊ ကြားဖြတ် စစ်အစိုးရလက်ထက်အထိ သူဟာ ကျောင်းသားတွေနဲ့ လက်မြဲမြဲတွဲခဲ့ပါတယ်။

သူဟာ ဦးဘဖေတို့လို ဒိုင်အာခီသမားတွေနဲ့ လက်တွဲဖြုတ်ပြီး ကျောင်းသားတွေဘက်က ပြတ်ပြတ်ရပ်၊ ကလောင်ထမ်းပြီး တိုက်ပွဲဝင်ခဲ့တယ်။ မျောက်ဋီကာ၊ ဘိုင်းကောက်ဋီကာတို့ဟာ အဲဒီတုန်းက ဆရာကြီးရဲ့ရပ်တည်ချက်ကို ထင်ဟပ်နေပါတယ်။

ကျောင်းသားတွေက 'ထီမထင် ကျောင်းတော်သားတွေရဲ့ အမည်အစဉ်ခေါင်းပေါ်ဖျားမှာလ မင်းတို့ဆရာကို စာရင်းတို့ကာသာ ထားလိုက်ပေတော့' ဆိုပြီး ကတိပြုထားတဲ့ ဆရာကြီးကို သူတို့ရဲ့ ဦးထိပ်မှာ အမြဲထားပြီး ဆိုးတိုင်ပင် ကောင်းတိုင်ပင် တိုင်ပင်ခဲ့ကြပါတယ်။

ရန်ကုန်တက္ကသိုလ်သမဂ္ဂအဆောက်အဦမှာ အခါအားလျော်စွာပဲ ဆရာကြီးကို ဖိတ်ပြီး တရားနာကြတယ်။ အရေးကြီးတဲ့ အခမ်းအနားတွေမှာ ဆရာကြီးကို ဖိတ်မဏ္ဍာပ်ကြီးမှာ ပန်းခွေတွေ၊ အလံတွေ ရှိပေမယ့် အဲဒီပန်းခွေတွေ၊ အလံတွေ အရေးအတွက်ထက် ထောက်လှမ်းရေး အရေအတွက်က ပိုများနေတယ်လို့ ထင်ရပါတယ်။

အဲဒီအချိန်မှာ ဗိုလ်နေဝင်းက ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေးနွေးတယ် ဆိုတဲ့ မျက်လှည့်ပွဲကို တန်သင့်ပြီလို့ ဆုံးဖြတ်ပြီး ဖျက်သိမ်းလိုက်ပါပြီ။ ဖျက်သိမ်း



ကြားခဲ့တယ်။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက ဆရာကြီးကွယ်လွန်တဲ့ အချိန်မှာကျတော့ အဲဒီသူ့တပည့်အရင်းတွေ ဂါဝရ လာမပြုနိုင်ကြတော့ပါဘူး။

ဆရာကြီးရဲ့ဈာပနကို ကြီးကြီး ကျယ်ကျယ် ကျင်းပတာ အမှန်ပါပဲ။ တို့ဗမာအစည်းအရုံးအပါအဝင် လုပ်ဖော်ကိုင်ဖက်ဟောင်းကြီးတွေ၊ စာပေလောကကလူတွေ အမြောက်အများလည်း တက်ရောက်ကြပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျောင်းသားသမဂ္ဂတွေ တက်လို့မရတော့ဘူး။

ဆရာကြီးရဲ့ဈာပနာမှာ ပေးပို့လာတဲ့ ပန်းခွေတွေဟာ ရာဂဏန်းလောက် ရှိပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီအထဲမှာ ကျောင်းသားသမဂ္ဂတွေရဲ့ ပန်းခွေတွေ မတွေ့ရတော့ပါဘူး။ ဆရာကြီးရဲ့ဈာပနကျင်းပတဲ့ ပြီးတာနဲ့ တပြိုင်နက် တောထဲက လူတွေကို ပြန်နိုင်း၊ နောက်ကနေ ထိုးစစ်တွေ လိုက်ဆင်၊ မြို့ပေါ်မှာကျတော့ အကုန်လုံး လိုက်ဖမ်း၊ တောထဲကို မောင်းပို့၊ နောက်ကနေ ကျောင်းသားခေါင်းဆောင်တွေလည်း အဖမ်းခံရသူ ခံရ၊ ပြေးသူပြေးရ ဖြစ်ကုန်ပါတယ်။

ဦးနုတို့တတွေကလည်း ထောင်ထဲမှာပါ၊ အဲဒီလိုဗမာပြည်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်တာနဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်တာဟာ ဘာမှမကွာဘူး။ ဒီဖြစ်ရပ် ၂ ခု တိုက်တိုက်ဆိုင်ဆိုင်လာပြီးဆုံနေတာ အင်မတန်မှ အံ့ဩစရာကောင်းပါတယ်။

ဆရာ မသေခင် ငြိမ်းချမ်းရေးရတာ မြင်သွားချင်တယ်ဆိုတာ ဆရာကြီးပါးစပ်



www.burmeseclassic.com

www.burmeseclassic.com

က တဖွဖွပြောတဲ့စကားပါ။ ဒါပေမဲ့ သူ မကွယ်လွန်မီ ပြည်တွင်းငြိမ်းချမ်းရေး မတည်ဆောက်လိုက်နိုင်တာဟာ ကျွန်တော်တို့နိုင်ငံအတွက် ကြမ္မာငင်တာ ဖြစ်ပါတယ်။

*

တကယ်တော့ ဆရာကြီးကို ကွန်မြူနစ်များက ကြည်ညို၊ ဖဆပလကလည်း လေးစား၊ ဒါကြောင့် သူဟာ နှစ်ဖက်အကြားမှာ တကယ်ဝင်နိုင်သူဖြစ်ပါတယ်။ အာဏာရနေတဲ့ အစိုးရထဲမှာရော၊ တောထဲက လူတွေထဲမှာရော အားလုံးက သူ့တပည့်တွေ၊ သူ့တိုက်ဖော်တိုက်ဖက်တွေ ဖြစ်နေတယ်။

သူပြောရင် မငြင်းဝံ့တဲ့သူတွေ ဖြစ်ပါတယ်။ အဲဒီတုန်းက အခြေအနေနဲ့ အခု အခြေအနေက အများကြီးကွာပါတယ်။ အခုကာလက အဲဒီလိုမဟုတ်ဘူး၊ ကြားဝင်နိုင်တဲ့ဆရာကြီးလို ဩဇာရှိတဲ့ ပုဂ္ဂိုလ်မရှိဘူး၊ အခုကြားဝင်တယ်ဆိုတာက ရာဇာလီလို ပုဂ္ဂိုလ်ဖြစ်နေတယ်။ သူက နိုင်ငံခြားသား၊ နောက် သူ့ကိုယ်ကျိုးကလည်း တလေ့ကြီး ရှိတယ်။

သူ့ကို ဘယ်ဘက်ကမှ တကယ် ယုံကြည်တာ မဟုတ်ဘူး။ သူဟာ ဒီနေ့ဆိုရင် ပဋိပက္ခရဲ့ဆန့်ကျင်ဖက်မှာ ရှိနေသူတွေ ဘယ်သူကမှ သူနဲ့ တိုက်ဖော်တိုက်ဖက် မဟုတ်ဘူး။ ဆရာကြီးဟာ တောထဲက လူတွေနဲ့ရော ဦးနုတို့နဲ့ရော တိုက်ဖော်တိုက်ဖက်၊ လုပ်ဖော်ကိုင်ဖက်၊ ရာဇာလီဟာ ဘယ်သူနဲ့မှ သံယောဇဉ်မရှိဘူး။ သူ့ကိုယ်သူကလွဲပြီး ဘာသံယောဇဉ်မှမရှိတဲ့သူ ဖြစ်တယ်။

တကယ်လို့သာ ဆရာကြီးရှိတုန်းမှာ ငြိမ်းချမ်းရေးကိစ္စကို ဖိဖိစီးစီး စိုက်လိုက်မတ်တတ်လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော် ထင်တယ်။ ဗမာပြည်ရဲ့သမိုင်းဟာ ပြောင်းလဲသွားနိုင်ပါတယ်။ ၁၉၆၃ ခု ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ ဦးနုလက်ထက်မှာသာဆိုရင် ပြေလည်နိုင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အဲတုန်းက ပဋိပက္ခဖြစ်နေတဲ့သူတွေ အထူးသဖြင့် ခေါင်းဆောင်တွေပေါ့လေ၊ ပြန်ကြည့်ပါ။ ဦးနုဆိုတာက သူ့ကို ဆရာကြီးက ခွေးမသားလို့ မခေါ်တာကိုဘဲ ဟာ .. ဆရာကြီးက ငါ့အပေါ် စိတ်ဆိုးနေသလားလို့ စဉ်းစားခဲ့သူမျိုးပါ။ နောက်ပြီး ဆရာကြီးက တပိုးတည့်တည့်ထမ်းခဲ့ကြတဲ့ စိုးနဲ့သန်းဆိုတဲ့အထဲက သခင်သန်းထွန်းဆိုတာက တော့ ပြောစရာတောင် မလိုပါဘူး။ ၁၉၆၃ ခုနှစ် ကွန်မြူနစ်ပါတီရဲ့ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့က ဆရာကြီးအတွက် ဒေါင်းနဲ့ပျားရည်ယူလာတဲ့ နိမိတ်ပုံကိုပဲ ကြည့်ပါ။ ဒေါင်းဆိုတာက ဗမာနိုင်ငံသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေး လက္ခဏာပါ။ ဒါ အထူးရှင်းပြနေစရာ မလိုပါဘူး။

ပျားရည်ကကော ပျားရည်ဆိုတာက ဆရာမြို့မငြိမ်းရဲ့ ငြိမ်းချမ်းရေးသီချင်းထဲက ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့ရှိတယ်၊ တမာပင် သရက်ပင် ဘာပင်ပဲစွဲစွဲ ချိုမြိန်တဲ့အရသာ မစွန်သည့်သာပင်ဆိုတဲ့ အဓိပ္ပါယ်ကို ဆောင်ပါတယ်။ ငြိမ်းချမ်းရေးဟာ အမြဲတမ်းချိုမြိန်နေတယ်ဆိုတဲ့ လက္ခဏာပါ။ အဲဒီလက္ခဏာနဲ့ သခင်သန်းထွန်းက ဆရာကြီးဆီ လက်ဆောင်ပို့လိုက်တာပါ။

အဲလို လူနှစ်ဦးနှစ်ဖက်ကြားမှာ ဆရာကြီးဝင်ရင် အခြေအနေတွေဟာ ပြောလို့ဆိုလို့ရနိုင်တဲ့ဟာပါ။

ဒါပေမဲ့ ဖြစ်ချင်တော့ ၁၉၆၃ ခုနှစ် အဲဒီအချိန်မှာ အာဏာရနေတဲ့ ဆရာကြီးကို အာခံထွက်ထားတဲ့ ဂေါ်သမိန် ဗစိန်တို့ရဲ့နောက်လိုက် ဗိုလ်နေဝင်းဖြစ်နေပါတယ်။

ဒီနေ့အခါမှာ ငြိမ်းချမ်းရေးအဖွဲ့တွေ ရထားတဲ့ ငြိမ်းချမ်းရေးဟာ ဆရာကြီး သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့၊ မျှော်မှန်းခဲ့တဲ့ ငြိမ်းချမ်းရေးမျိုးမဟုတ်သေးကြောင်းဘဲ ကျွန်တော်တော့ ပြောချင်ပါတယ်။ ကျွန်တော်တို့ဆရာကြီးရဲ့ မပြီးသေးတဲ့လုပ်ငန်းစဉ်၊ ဆရာကြီးရဲ့မျှော်မှန်းချက်တွေအတွက် ဆက်ပြီး အများကြီး လုပ်ရဦးမှာ ရှိပါသေးတယ်။

အဲဒီ ၆၄ ခုနှစ်တုန်းက ဆရာကြီးရဲ့ဈာပနကို ကျွန်တော်တက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဆရာကြီးကို အသက်ရှင်လျက်ရော၊ အသက်မဲ့ ခန္ဓာကိုယ်အဖြစ်နဲ့ရော ကျွန်တော်အကြိမ်ကြိမ်ကန်တော့ဖူးပါတယ်။ အခု သူ့မွေးနေ့မှာ ကျွန်တော် အခုလိုဂါဝရပြုရတာကို အင်မတန်မှ ဝမ်းမြောက်ဝမ်းသာကြည်နူးမိပါတယ်။

တစ်ချိန်တည်းမှာ ကျွန်တော့်လိုပဲ ဆရာကြီးရဲ့ ကျေးဇူးကိုသိ၊ ဆရာကြီးကို ကြည်ညိုလေးစားသူတွေကို အထူးသတိရမိပါတယ်။ ဒီနေ့အခါမှာ ကျွန်တော်တို့နိုင်ငံမှာက ဆရာကြီးကို ကြည်ညိုလေးစားကြောင်း ဖော်ပြရတာကိုပဲ မင်းပြစ်မင်းဒဏ်သင့်တော့မလိုလိုဖြစ်နေတာ ကျွန်တော် အားလုံးသိပါပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဆရာကြီးရဲ့မွေးနေ့ ဒါမဟုတ် ဆရာကြီး ကွယ်လွန်တဲ့နေ့တွေမှာ ဆရာကြီးကို ကျွန်တော်တို့ ဂုဏ်ပြုကြရင်း တစ်ချိန်တည်းမှာ ဆရာကြီးမျှော်မှန်းတဲ့ ငြိမ်းချမ်းတဲ့ နိုင်ငံကြီး တည်ဆောက်နိုင်ရေးအတွက် ကျွန်တော်တို့ ဆက်လက်ပြီးတော့ ချီတက်ကြရမယ်လို့ ထင်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာက ၁၉၅၅ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့တုန်းက ကဗျာဆရာအသင်းချုပ်ရဲ့ သင်းလုံးကျွတ်အစည်းအဝေးမှာ ဆရာကြီးပြောခဲ့တဲ့ စကားတွေကိုပဲ ကိုးကားပြုခဲ့ပါတော့မယ်။

''တို့ဗမာပြည်ဟာ အမှန်အားဖြင့် မကောင်းတဲ့ခေတ်ပဲ၊ တို့တတွေ ကမ္ဘာပျက်ခါနီးလူလာဖြစ်ရသလိုပဲ''

**ဖိုးသံ (လူထု)**

■




www.burmeseclassic.com

www.burmeseclassic.com



# ဒေါင်း ယောင်ဆောင်သော ကျီး



မောင်ဒိဋ္ဌိ ပြဇာတ်

ဇာတ်စင်အပြင်အဆင် — မြန်မာပြည်တစ်နေရာ
အချိန် — မျက်မှောက်ခေတ်
ပါဝင်သူများ — ပြဇာတ်ရေးသူ
လူစကားပြောတတ်သော ကျီးတစ်သိုက်
လူစကားပြောတတ်သော ဒေါင်းတစ်သိုက်




www.burmeseclassic.com

www.burmeseclassic.com







အခန်း (၁)

(ကားလိပ်ဖွင့်)

ဇာတ်စင်ပေါ်တွင် ကုန်းကုန်းကွကွနှင့် ကျီးတစ်ကောင် မြေပြင်တွင်တွေ့ရသောအရာများကို ကောက်နေ ဇာတ်စင်တစ်ဘက်မှ ပြဇာတ်ရေးသူဝင်လာ

ပြဇာတ်ဆရာ– ဟိုင်း ကိုကျီး

ကျီး– ဟိုင်း ဇာတ်ဆရာ၊ ခင်ဗျားက ဘာလို့ဇာတ်စင်ပေါ်တက်လာတာလဲ၊

ပြဇာတ်ဆရာ– ဒါကမော်ဒန်ပြဇာတ်လေ၊ ဒါထက် ခင်ဗျားက မြူနီစပယ်မှာ အလုပ်ရနေပြီလား၊ ဘာလို့အမှိုက်တွေလိုက်ကောက်နေရတာလဲ။

ကျီး– အမှိုက်မဟုတ်ဘူးဗျ

ပြဇာတ်ဆရာ– ကြွပ်ကြွပ်အိတ်လား၊ နို့ဆီခွက်လား။

ကျီး– ဇာတ်ဆရာကို ကျုပ်မေးမယ်၊ မြန်မာပြည်မှာ လူကြိုက်အများဆုံးငှက်ဟာ ဘာငှက်လဲသိလား

ဇာတ်ဆရာ– သိတယ်။ မွေးမြူရေးကြက်။ သွားလေရာ ကြက်ကင်ဆိုင်၊ ကြက်ကြော်ဆိုင်တွေ တွေ့နေရတာပဲ။

ကျီး– မြန်မာပြည်မှာ လူကြိုက်အများဆုံးငှက်ဟာ ဒေါင်းဗျ။ ဒေါင်းမှ ခွပ်ဒေါင်း။ ကျောင်းသားတွေလည်း ခွပ်ဒေါင်း၊ နိုင်ငံရေးပါတီတွေလည်း ခွပ်ဒေါင်း၊ ပြည်သူတွေလည်း ခွပ်ဒေါင်း။ ကြည့်လေရာမှာ ခွပ်ဒေါင်းအလံတွေ၊ ခွပ်ဒေါင်းပုံပါတဲ့ တီရှပ်တွေ၊ ခွပ်ဒေါင်းပုံပါတဲ့ နဖူးစည်းတွေ။ အဲဒါကြောင့် ငါက ဒီမှာ ကျွတ်ကျနေတဲ့ ဒေါင်းတောင်တွေ လိုက်ကောက်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဆရာ– ဘာလုပ်ဖို့လဲ။ ရောင်းစားဖို့လား။

ကျီး– ဘယ်ဟုတ်မလဲ။ ဒီဒေါင်းတောင်တွေ ငါ့ကိုယ်မှာစိုက်ပြီးရင် ခွပ်ဒေါင်းပါတီကိုဝင်၊ ရွေးကောက်ပွဲကျရင် သူတို့ပဲ နိုင်မှာ သေချာတယ်။ ငါက လွှတ်တော်ကိုယ်စားလှယ်တစ်နေရာလောက် မှန်း ထားတာ။

ဇာတ်ဆရာ– သိပြီ၊ သိပြီ။ ခင်ဗျားက အီစွတ်ပုံပြင်ထဲက ဒေါင်းယောင်ဆောင်တဲ့ကျီးပဲ။ ဒီပုံပြင်ရဲ့ မူရင်းနာမည်က (The Vain Jackclaw) တဲ့။ စိတ်ကြီးဝင်နေတဲ့ကျီးပေါ့။ ဒီပုံပြင်ကို ကျွန်တော် ဖတ်ဖူးတယ်။ ပုံပြင်ထဲမှာ ခင်ဗျားကို သူတို့က လက်မခံဘူး။ အလိမ်ပေါ်သွားတယ်။

စိတ်ကြီးဝင်နေတဲ့ ကျီးက ဇာတ်ဆရာစကားကို နားမဝင်ဘူး။ သူ့ကိုယ်ပေါ်မှာ ရသမျှ ဒေါင်းတောင်တွေကို ထိုးစိုက်ပြီး သူ့ကိုယ်သူ ဒေါင်းဘဝပြောင်းသွားပြီလို့ ထင်နေရှာတယ်။

ကျီး– သွားမယ်ဟေ့။

ဇာတ်ဆရာ– နေပါဦး။

ကျီး– မတားနဲ့ကွ၊ ငါက လွှတ်တော်ကိုယ်စားလှယ်လောင်းနော်။ ရှိရှိသေသေဆက်ဆံ။

ကျီးက ရင်ကော့ကာ ထွက်သွား

(ကားလိပ်ချ)

အခန်း (၂)

(ကားလိပ်ဖွင့်)

ဒေါင်းတစ်အုပ်အလယ်တွင် ကျီးရောက်နေ။ ဒေါင်းတွေက မယုံသလို ဝိုင်းကြည့်နေ၏။

ဒေါင်း (၁)– ဒီမှာ ဒေါင်းသစ်တစ်ကောင် ရောက်နေတယ်ဟေ့။

ဒေါင်း (၂)– အရင်က ခင်ဗျားကို မမြင်ဖူးဘူး။

ကျီး– ဟုတ်တယ်၊ အရင်က ကျုပ် နိုင်ငံခြားမှာနေတာလေ။ ၈၈ အရေးတော်ပုံမအောင်မြင်တော့ နယ်စပ်ကနေတော်လှန်ရေးလုပ်မယ်လို့ ထွက်သွားတာ။ အခု သမ္မတကြီးဦးသန်းစိန်တို့က ပြန်လာပါ ပြန်လာပါ ပြောလို့ ပြန်လာတာ။ အခု ခင်ဗျားတို့ပါတီဝင်ဖို့ ဆုံးဖြတ်ထားတယ်။

ဒေါင်း (၃)– ကျုပ်တို့ပါတီက ဒေါင်းအစစ်မှ လက်ခံတာနော်။ ခင်ဗျားကြည့်ရတာ ဒေါင်းနဲ့လည်း သိပ်မတူဘူး။

ကျီး– သံသယမရှိပါနဲ့။ ဒေါင်းမှဒေါင်းပါ ကိုရင်ဒေါင်းတို့ရယ် ရေမရောတဲ့ ဒေါင်းပါ။

ဒေါင်း (၁)– ဒါဆိုရင် ခင်ဗျားတွန်ပြ

ကျီး– ဘယ်လိုတွန်ပြရမှာလဲ။

ဒေါင်း (၂)– အိုးဝေလို့ပေါ့၊ ဒေါင်းတွေတွန်ရင် ဒီအသံထွက်တယ်လေ။

ကျီးဟာ မတွန်ရင်မဖြစ်တော့လို့ ကြိုးစားပြီးတွန်လိုက်တယ်။ ဒါပေမဲ့ ထွက်လာတဲ့ သူ့အသံက ကျီးသံပဲ ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျီး– အ အ/ အ အ

ဒေါင်း (၃)– ဟာ ဒီကောင်က ဒေါင်းမှမဟုတ်ဘဲ။ အကျင့်ယုတ်တဲ့ကျီးပဲ။ ဒီလို အယောင်ဆောင်တဲ့ကောင်ကို မှတ်လောက်သွားအောင် အပြစ်ပေးကြရမယ်။

ဒေါင်းတစ်သိုက်က ကျီးရဲ့ကိုယ်ပေါ်က ဒေါင်းတောင်တွေကို ဝိုင်းဆွဲနှုတ်ပစ်ကြ၊ ကျီးက အော်ဟစ်ထွက်ပြေး။

(ကားလိပ်ချ)

အခန်း (၃)

(ကားလိပ်ဖွင့်)

ဇာတ်ဆရာ စင်ပေါ်လျှောက်လာ၊ တိုက်ပုံနှင့်ခေါင်းပေါင်းဝတ်ထားသော သူတစ်ဦးနှင့် ဝင်တိုက်မိ။

ဇာတ်ဆရာ– ဆောရီးဗျာ။

ကျီး– ရပါတယ် ဇာတ်ဆရာ

ဇာတ်ဆရာ (ကြည့်လျက်) ဘယ်သူများလဲလို့ ဦးရွှေကျီးကို ခေါင်းပေါင်းနဲ့တိုက်ပုံနဲ့ ဘယ်လို ဖြစ်လာတာလဲ။

ကျီး– မြင်ရုံနဲ့ မသိဘူးလား။ ဒါက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ အဆောင်အယောင်တွေလေ။ ကျုပ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေပြီ။

ဇာတ်ဆရာ– ခွပ်ဒေါင်းပါတီကလား။

ကျီး– မဟုတ်ဘူး။ ခင်ဗျားပြောသလိုပဲ ကျုပ်ကိုနှင်ထုတ်လိုက်ကြတယ်။ ဒါနဲ့ ကျုပ်လည်း ကျီးပါတီဝင်တော့မယ်ဆို ပြန်လာတော့။

ဇာတ်ဆရာ– ဒါဆို ခင်ဗျားတို့ပါတီက ရွေးကောက်ပွဲဝင်ခဲ့တာပေါ့။

ကျီး– မဟုတ်ဘူး။ သူတို့ကလည်း ကျုပ်ကို အမျိုးသားသစ္စာဖောက်ဆိုပြီး လက်မခံကြဘူး။

ဇာတ်ဆရာ– ဒါဆို ခင်ဗျားက

ကျီး– နောက်ဆုံးတော့ တစ်သီးပုဂ္ဂလဝင်ပြိုင်လိုက်တာဗျ။ ကိုယ့်မြို့နယ်က လူတွေကြိုက်အောင်၊ လမ်းလေးဘာလေးတော့ ခင်းပေးရတာပေါ့။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မှ ကျုပ်လည်း အလုပ်ရှုပ်နေတော့တာပဲဗျ။ အခုလည်း လွှတ်တော်ကို သွားပြီး ကတ္တရာပုံးတောင်းမလို့ သွားပြီဗျို့။

(ကျီးရင်ကော့ကာ ထွက်သွား)


(ကားလိပ်ချ)


**သစ္စာနီ**



www.burmeseclassic.com

www.burmeseclassic.com







◆ပန်းချီထိန်လင်း

# Phyllida Barlow ရဲ့ ပြိုကျနေတဲ့ ခေတ်တစ်ခေတ်ရဲ့ ဗိမာန်ကြီးမှတစ်ဆင့်


Phyllida Barlow ရဲ့ ပြိုကျနေတဲ့ ခေတ်တစ်ခေတ်ရဲ့ ဗိမာန်ကြီးမှတစ်ဆင့် ဖွန် ၂၀ ( သောကြာနေ့) လန်ဒန်ကိုရောက်တဲ့မနက်မှာပဲ အိမ်နဲ့သိပ်မဝေးလှတဲ့ Tate Britain Gallery ကို စက်ဘီးနဲ့ ထွက်လာခဲ့ပါတယ်။ လန်ဒန်မြို့ပေါ်မှာ Tate Modern နဲ့ Tate Britain ပြတိုက် ၂ ခု ရှိတဲ့အထဲမှာ Tate Britain က အိမ်ကနေ စက်ဘီးနဲ့ သွားရင် ငါးမိနစ်လောက်ပဲ ဝေးတဲ့အပြင် အမြဲတမ်း စိတ်ဝင်စားစရာ လေ့လာစရာတစ်ခုမဟုတ်တစ်ခု တွေ့ရတာမို့ အချိန်နည်းနည်းရရင်ရသလို ရောက်သွားတတ်တာမို့ ဒီပြတိုက်နှစ်ခုဟာ ဒုတိယအိမ်လို ဖြစ်နေပါတယ်။ Tate Britain ဟာ ဗစ်တိုးရီးယားစတိုင် ဗိသုကာလက်ရာဖြစ်ပြီး အလယ်ဝင်ပေါက်ကြီးအတိုင်း တက်သွားရင် အလယ်မှာခန်းမကြီးလို ဖြစ်နေပြီး အဲဒီခန်းမကြီးရဲ့ ဘေးဝဲယာက အခန်းတွေမှာ ပြတိုက်ကစုဆောင်းထားတဲ့ ပန်းချီပန်းပုလက်ရာတွေ ခင်းကျင်းပြသထားတတ်ပြီး အလယ်အဝင်လမ်းက ခန်းမကျယ်ကြီးကိုတော့ အနုပညာရှင်တွေကို ရွေးချယ်ဖိတ်ခေါ်ပြီး ပန်းပု၊ အင်စတော်လေးရှင်း ဗီဒီယိုအနုပညာ ပါဖော်းမင့်အနုပညာတွေကို အလှည့်ကျ



www.burmeseclassic.com

www.burmeseclassic.com







ပြသစေပါတယ်။ လောလော ဆယ်မှာတော့ ဗြိတိသျှ အမျိုးသမီး အနုပညာရှင် Phyllida Barlow ရဲ့ အင်စတော်လေးရှင်းလက်ရာတွေကို ပြထားပါတယ်။ Phyllida Barlow ဟာ ၁၉၄၄ ခုနှစ် နယူးကာဆယ်မြို့မှာ မွေးဖွားခဲ့ပြီး ဗြိတိသျှ အနုပညာသမိုင်းတလျှောက်မှာ အင်စတော်လေးရှင်း အနုပညာလက်ရာ အကြီးကြီးတွေ ပထမဆုံးစတင်ဖန်တီးတင်ဆက်နဲ့ အနုပညာရှင်တစ်ယောက်လို့ ဆိုပါတယ်။အထူးသဖြင့် သူ့ရဲ့ပန်းပုနဲ့ အင်စတော်လေးရှင်း လက်ရာတွေမှာ အစဉ်အလာ ပန်းပုဆရာတွေ အသုံးပြုလာတဲ့ စကျင်ကျောက်၊ သစ်သား၊ သံ၊ ကြေးနီ၊ ကြေးဝါစတဲ့ ပစ္စည်းတွေ အသုံးမပြုဘဲ နေ့စဉ်တွေ့နေကျ အိမ်ဆောက်ပစ္စည်းဆိုင်တွေမှာ ရောင်းချတတ်တဲ့ သစ်သားချောင်းတွေ၊ ကတ်ထူဂျပ်ပုံးတွေ ပစ္စည်းထုပ်ပိုးရာမှာသုံးတဲ့ ရောင်စုံတိတ်စတွေ၊ ပလပ်စတာတွေ၊ အင်္ဂတေတွေ၊ ကတ္တရာတွေ၊ သုံးထပ် သားပြားတွေ ပစ္စည်းထုပ်တဲ့ ဖော့ချပ်ပြားတွေ တုပ်ကြိုးစတွေကိုသုံးပြီး ဖန်တီးပြီး အနုပညာကို သာမန်ပြည်သူ လူထုနဲ့ပို မိုနီးစပ်လာစေခဲ့သူလည်း ဖြစ်ပါတယ်။ ပန်းပုအနုပညာ ဖန်တီးတဲ့နေရာမှာ စကျင်ကျောက် ကြေးနီ ကြေးဝါတွေကို ကိုင်တွယ် ထုလုပ်ပုံ သွန်းလုပ်ပုံအတတ်ပညာကို သင်ယူတတ်မြောက်ပြီး မှသာ ဖန်တီးနိုင်တာမျိုး မဟုတ်ဘဲ နေ့စဉ်ဘဝထဲက ပေါပေါလောလော လွယ်လွယ်ကူကူနဲ့ ရနိုင်တဲ့ပစ္စည်းတွေကို သုံးပြီး တော့လည်း လွယ်လွယ်ကူကူနဲ့ အနုပညာလက်ရာ အဆင့်အတန်းမြင့်တဲ့လက်ရာတွေ ဖန်တီးနိုင်တယ်ဆိုတာကို သူ့လက်ရာတွေက တစ်ဆင့် ပြသခဲ့သလို အနုပညာ တက္ကသိုလ်မှာ အနုပညာပါမောက္ခတစ်ဦး အဖြစ်နဲ့လည်း ဒီအတွေးအခေါ်ကို နှစ်ပေါင်းများစွာ သင်ကြားပို့ချခဲ့ပြီး Tacita Deanç Rachel Whiteread နဲ့ Douglas Gordon တို့လို ခေတ်သစ်ပန်းပုဆရာတွေကိုလည်း မွေးထုတ်ပေးခဲ့သူ ဖြစ်ပါတယ်။ ၂၀၀၉ နောက်ပိုင်းမှာတော့ အသက်အရွယ်အရ သင်ကြားရေးဖက်ကို လုံးဝရပ်နားလိုက်ပြီး ကိုယ်ပိုင် လက်ရာသစ်တွေဖန်တီးမှုတွေဖက်ကိုပဲ အာရုံစိုက်ပြီး ဖန်တီးလာခဲ့ရာမှာ အခုကျွန်တော်ပြောတဲ့ Tate Britain က လက်ရာကတော့ Phyllida Barlow ကို Tate ပြတိုက်ကြီးရဲ့ အဓိကအဝင်လမ်းခန်းမကြီး



www.burmeseclassic.com

www.burmeseclassic.com

တလျှောက်လုံးက နေရာအတွက်ကို သီးသန့်လက်ရာတစ်ခု ထုတ်လုပ်ဖို့ ခေတ်ပေါ် အနုပညာလောကမှာ Sotheby လို့ ခေါ်တဲ့ကမ္ဘာမှာ နာမည်အကြီးဆုံး အနုပညာလက်ရာတွေကို လေလံတင်ရောင်းချတဲ့ ကော်ပိုရေးရှင်းကြီးက စရိတ်စက အကုန်အကျခံပြီး တင်ဆက်တဲ့ လက်ရာ ဖြစ်ပါတယ်။ Phyllida ရဲ့လက်ရာက ပြတိုက်ထဲကို ဝင်လိုက်တာနဲ့ လူတိုင်းကို ရုတ်တရက် မှင်သက်မိသွားစေပါတယ်။ အထူးသဖြင့် ဒီပြတိုက်ကို အကြိမ်ကြိမ် ရောက်ဖူးတဲ့သူတွေကိုတောင် အံ့သြ မှင်သက်မိသွားစေပါတယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းကတော့ ၁။ အင်စတော်လေးရှင်းရဲ့ ပမာဏ နဲ့ ၂။ အသုံးပြုထားတဲ့ ပစ္စည်းတွေကြောင့် ဖြစ်ပါတယ်။ ဖော်ပြထားတဲ့ပုံမှာ တွေ့ရတဲ့အတိုင်း ဒီလက်ရာက ပေ ခြောက်ဆယ်လောက်ကျယ်ပြီး မီတာ ၈၀ ကျော်ရှည်တဲ့ နေရာကြီး တစ်ခုလုံးမှာ ဖန်တီးထားတဲ့ လက်ရာဖြစ်ပါတယ်။ အထူးသဖြင့် မျက်နှာကျက် ပေ ရှစ်ဆယ်လောက် အမြင့်ရှိတဲ့ နေရာမှာ နေရာလပ်မကျန်လောက်အောင်ကို ဒီလက်ရာကြီးက နေရာယူထားတာ တွေ့ရပါတယ်။ အထူးသဖြင့် ကုန်သဘော်တွေက ကွန်တင်နာ သေတ္တာကြီးတွေလောက်ကြီးတဲ့ အမဲရောင် ဘလောက်တုံးကြီးလေးလုံးလောက်က လေထဲမှာ တွဲလောင်းကြီးတွေ နေရာယူထားပြီး ပရိသတ်အားလုံးက အဲဒါကြီးတွေ အောက်ကနေ ဖြတ်ပြီးမှ ပြတိုက်ထဲ ဝင်လို့ရပါတယ်။ ဒီသေတ္တာကြီးတွေကို အထပ်သားနဲ့ ဖေ့ါချပ်ပြားတွေနဲ့ လုပ်ပြီး ဆေးသုတ်ထားတာမို့ လူတွေက ဒီထုထည်ကြီးတွေကို ကြည့်ပြီး အောက်က ဖြတ်ဖို့ အတော်လေး အသည်းယားစေပါတယ်၊ ဒီသေတ္တာကြီးတွေကို မျက်နှာကျက်အမြင့်ကြီးကနေ တွဲလောင်းကျနေအောင် ဘယ်လိုတည်ဆောက်ထားသလဲဆိုတာကို ကြည့်ရတာကလည်း အရသာတစ်ခု ဖြစ်နေပါတယ်။ တွဲလောင်းဆွဲထားနိုင်ဖို့ သစ်သား မျှော်စင်ကြီးကို သစ်ဆိုင်တွေမှာ အလွယ်တွေ့ရတဲ့ သစ်သားပြားတွေနဲ့ သစ်ချောင်းရှည်တွေကို မှုလီချောင်းတွေနဲ့စုပ်ပြီး တည်ဆောက်ထားပါတယ်။ ဒီသစ်သားချောင်းတွေနဲ့ ခန်းမအပြည့် တည်ဆောက်ထားတဲ့ကြားမှာ ဖြတ်လျှောက်သွားရတာ ဆောက်လုပ်ရေး လုပ်ငန်းခွင်ထဲပဲ ရောက်နေသလိုလို ဖြစ်နေပါတယ်။ နောက်တစ်နေရာမှာ သစ်သားချောင်းတွေ ဆေးသုတ်ပြီး လှေကားထစ်တွေလို ဆင့်ရိုက်ထားပါတယ်။ အဲဒီစင်မြင့်ကြီးအနီးမှာ ဂျပ်စက္ကူ ပုံးခွံတွေကို လိပ်ပြီး ရောင်စုံ တိပ်ပြားတွေနဲ့ ရစ်ပတ်ကာ ဂျပ်စက္ကူ တာဝါတိုင် အမြင့်ကြီး တစ်ခုကိုလည်း ဖန်တီးပြထားပါတယ်။ အဲဒီကနေအထဲ ဆက်ဝင်သွားတဲ့အခါမှာလည်း အလားတူပဲ ဖေ့ါပြားအထူကြီးတွေကို သံလျက်ပုံ လှီးဖြတ်ပြီး အချင်းချင်းပူးကပ်ကာ အချွန်ကို ဇောက်ထိုးထုတ်ကြိုးအကြီးကြီးနဲ့ အမြင့်ကနေ ဆိုင်းပြီး တွဲလောင်းချထားသလို ထာပေါ်လင်စတွေနဲ့ ချပ်စက္ကူတွေပေါင်းစုပ်ပြီး ပိုက်လုံးရှည်အကြီးကြီးတွေကို ကြိုးကြီးတွေနဲ့ မျက်နှာကျက်က တွဲလောင်းဆွဲထားပါတယ်။ ဒီလက်ရာမှာ ဗိသုကာ အတတ်ပညာရဲ့အခန်းကဏ္ဍဟာလည်း အလွန်အရေးပါတာကို တွေ့ရပါတယ်။ ဗိသုကာ တတ်ကျွမ်းတဲ့ အင်ဂျင်နီယာတွေ လက်သမားတွေ အကူအညီမပါဘဲ ဒီလောက်ကြီးကျယ်တဲ့ အင်စတော်လေးရှင်းမျိုး တည်ဆောက်နိုင်ဖို့ မလွယ်လှပါဘူး။



www.burmeseclassic.com



အထူးသဖြင့် မိမိအသက်အရွယ် ၇၀ နဲ့ ဒီလောက်ကြီးတဲ့ လက်ရာမျိုး ဖန်တီးဖို့ စိတ်ကူးရဲတဲ့ ဒီအဘွားကြီးရဲ့ စိတ်ဓါတ်ကို တော်တော် လေးစားအားကျမိပါတယ်။ ဒီလက်ရာကို ခင်းကျင်းထားတဲ့ အဆောက်အဦကြီးက ဗစ်တိုးရီးယားစတိုင် အပြောက်အမွန်းတွေနဲ့ မျက်နှာကျက်ကြီးတွေ စကျင်ကျောက်သားနံရံနဲ့ ကျောက်သားတိုင်လုံး ရှည်ကြီးတွေနဲ့ တည်ဆောက်ထားတာမို့ ဒီနေရာမျိုးမှာ သစ်တိုသစ်စတွေ တုပ်ကြိုးတွေ ဖဲ့ပြားတွေ ပိတ်စတွေနဲ့ ကတ္တူချပ်တွေနဲ့ ပူးတွဲကပ်ချည် စုပုံ ဖြန့်ကြဲ ရှုပ်ထွေးနေတဲ့ ဒီအင်စတော်လေးရှင်းကြီးဟာ သဟဇာတ မဖြစ်လှစွာ တည်ရှိနေပုံ ကိုယ်တိုင်က အဓိပ္ပါယ်တစ်ခုကို ဖော်ကျူးသလို ဖြစ်နေစေပါတယ်။ တကယ်တော့ ဒီသစ်သားချောင်းတွေ သုံးထပ်သားပြားတွေ ဖဲ့ပြားတွေဟာ သစ်ဆိုင်တွေမှာ

သူ့အရွယ်နဲ့သူ စနစ်တကျ သပ်သပ်ရပ်ရပ် ရှိခဲ့တဲ့အရာတွေပါ။ ဒါပေမယ့် ဒီနေရာမှာ ဒီပစ္စည်းအားလုံးဟာ အခြားအရာတွေနဲ့ ရောနှောပြန့်ကြဲ ရှုပ်ထွေးသွားပြီး ကြည့်သူ ပရိသတ်ကို တစ်ခါမှမရှိခဲ့သေးဘူးတဲ့ ဝန်းကျင်တစ်ခုထဲကို ဆွဲယူသွင်းလိုက်သလို ဖြစ်စေပါတယ်။ ဒီအင်စတော်လေးရှင်း လက်ရာကို ပြုကျနေတဲ့ခေတ်ရဲ့ ဗိမာန်ကြီးလို့ အမည်ပေးထားမို့ တို့လို့တွဲလောင်း ချိတ်ဆွဲထားစုပုံထားတဲ့ အစုအပုံကြီးဟာ လူသားမျိုးနွယ်စုအသီးသီးရဲ့ ကိုယ်စီဖြတ်သန်းခဲ့ကြဖူးတဲ့ သမိုင်းဖြစ်ရပ်တွေကို သံစုံတီးဝိုင်းကြီး တီးခတ်နေသလို ပြောနေတယ်လို့ ခံစားရစေပါတယ်။ ဒီတော့ ဒီလက်ရာအကြောင်းအရာနဲ့ ဆက်စပ်ပြီးတော့ ဒီလက်ရာလိုပဲ ပတ်ဝန်းကျင်မှာ တွေ့နေကျ ပစ္စည်း အဟောင်း အမျိုးတွေကို အသုံးပြုပြီး အဓိပ္ပါယ် လေးနက်


တဲ့ လက်ရာတစ်ခု ဖန်တီးပြထားတဲ့ နောက် အနုပညာရှင်တစ်ယောက်လက်ရာကို တစ်ဆက်တည်း မိတ်ဆက်ပေးချင်ပါတယ်။ ဒီလက်ရာကလည်း လောလောဆယ် Tate Britain ပြတိုက်ကနေ ဝယ်ယူစုဆောင်းပြသထားတဲ့အထဲက လက်ရာတစ်ခုဖြစ်ပြီး ၁၉၄၉ ခု လီဗာပူးမြို့မှာ မွေးဖွားခဲ့တဲ့ ဗြိတိသျှ ပန်းပု ဆရာ Tony Cragg ရဲ့ လက်ရာတစ်ခု ဖြစ်ပါတယ်။ တကယ်တော့ ပန်းပုဆရာ Tony Cragg ဟာ ဒီလိုလက်ရာမျိုးကိုချည်း စဉ်လိုက်မတ်တတ်တင်ဆက်နေတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရှေ့မှာဖော်ပြခဲ့တဲ့ Phyllida ရဲ့လက်ရာကိုကြည့်ပြီး အတွေးက ဆက်ပွားနေရင်းတန်းလန်းနဲ့ ပြတိုက်ထဲ ဆက်လှည့်နေတုန်း ပြတိုက်က စုဆောင်းထားတဲ့ Cragg ရဲ့ လက်ရာကိုတွေတော့ ဒီလက်ရာနှစ်ခု အနည်းငယ်

www.burmeseclassic.com



ဆက်စပ်နေပုံကို တင်ပြလိုရင်းကြောင့် မိတ်ဆက်လိုက်ရတာဖြစ်ပါတယ်။ Cragg ရဲ့ Stack လို့ အမည်ပေးထားတဲ့ ဒီလက်ရာမှာ ပန်းပုဆရာက သူ့အနီးပတ်ဝန်းကျင်မှာ ပြန့်ကြဲနေတဲ့ တွေ့ရသမျှ သစ်သားပြားတွေ အုတ်ခဲတွေ သစ်တုံးတွေ သံပုံးတွေ ဂျပ်စက္ကူတွေ ပုလင်းတွေ ဖေါ့တုံးတွေ ပလပ်စတစ်ခွက်တွေ ပုံးတွေ စောင်စုတ် ကော်ဇော အစုတ်တွေ ကြိုးတွေကို အစအစဉ်တကျ လေးထောင့်စပ်စပ် ဘလောက်တုံးကြီး တစ်ခုပုံပြန်ပြီး စီထပ်ပြထားတာဖြစ်ပါတယ်။ ပြန်စီထပ်ထားတဲ့ ဒီလက်ရာကို အနီးကပ်ကြည့်တဲ့အခါ အထဲမှာ ထည့်စီထားတဲ့ အရာဝတ္ထုတွေ တစ်ခုချင်းစီ ပေါင်းစပ်ပါဝင်နေပုံဟာ အင်မတန် စိတ်ဝင်စားစရာကောင်းတာမို့ အနီးဝန်းကျင်မှာ စနစ်တကျရှိနေတဲ့ အရာတွေကို ပြန့်ကြဲပြီး ခင်းကျင်းပြထားတဲ့ Phyllida ရဲ့လက်ရာနဲ့ ဆန့်ကျင်ဘက် Tony Cragg ရဲ့ဝန်းကျင်မှာ ပြန့်ကြဲနေသမျှ အရာဝတ္ထုတွေကို စနစ်တကျ ပြန်စီထပ်ပြီး နောက်ထပ် အဓိပ္ပါယ်တစ်ခုထွက်အောင် ဖန်တီးလိုက်တဲ့ပြတိုက်တစ်ခုထဲမှာ အတူယှဉ်တွဲပြီး တစ်ချိန်တည်းပြထားတဲ့ လက်ရာနှစ်ခုကို ရွေးထုတ်ပြီး မိတ်ဆက်တင်ပြလိုက်ရပါတယ်။

**ပန်းချီထိန်လင်း**






www.burmeseclassic.com

www.burmeseclassic.com





# စပိန်ရဲ့ အတောက်ပဆုံး ကြယ်တစ်ပွင့်



◆ မော်မင်းသန်း

၁

ကဖေး
သလင်းကျောက် မီးအိမ်တွေရယ်
အစိမ်းရောင် ကြေးမုံတွေရယ်



www.burmeseclassic.com

www.burmeseclassic.com

အနက်ရောင်ဖာတ်ခုံပေါ်
ပါရာလာက သေခြင်းတရားနဲ့
စကားပြောနေတယ်
သူမကို လှမ်းခေါ်တယ်
သူမ မလာဘူး
သူမကို ထပ်ခေါ်တယ်

လူတွေက သူတို့ရဲ့ရှိုက်ကြီးတငင်
ငိုကြွေးမှုကို
မျိုချနေတယ်

အစိမ်းရောင်ကြေးမုံတွေထဲမှာ
ရှည်လျားတဲ့ ပိုးသားအမြီးတွေ
လှုပ်ရှားသက်ဝင်လို့

ဂါဆီယာလော်ရကာ၏Singing Cafe ကဗျာ
(ဖလာမင်ကိုသံခိပ်များ–မှ)

၂၀ ရာစု စပိန်ကဗျာဆရာများထဲတွင် အထင်ရှားဆုံး၊ အတောက်ပဆုံး ကဗျာကြယ်ပွင့်တစ်ပွင့်ကိုပြပါဆိုလျှင် ဂါဆီယာလော်ရကာ (Garcia Lorca) ကို ပြရပေလိမ့်မည်။ သူသည် ကဗျာပေါင်းများစွာကိုရေးသားခဲ့သည်။ သူ၏ကဗျာများသည် စပိန်နိုင်ငံတောင်ပိုင်း အန်ဒါလူဆီးယားနယ်၏ အငွေ့အသက်များနှင့် ထုံမွှမ်းနေသည်။

သူ၏ကဗျာများထဲတွင် ဂျစ်ပဆီတို့၏ဘဝ၊ ဂျစ်ပဆီဂီတ၊ နွားရိုင်းသတ်သမား၊ စပိန်ဂစ်တာ၊ စပိန်ကျေးလက်ရှုခင်းများ၊ လူများ၊ ဘဝများ၊ ခေါင်းလောင်းသံများ ပါဝင်သည်။ ထူးခြားချက်မှာ သူကဗျာတစ်ချို့တွင် သေခြင်းတရား၏ရနံ့ကို တွေ့ရှိရသည်။

စပိန်ကွန်ပိုဆာ အယ်လ်ဘန်းနစ် (Al beniz) ကဲ့သို့ပင် လော်ရကာသည် ဂရင်နာဒါ၊ ဆီဗီးလ်၊ ကော်ဒိုးဗား၊ မာလဂါ စသည့်မြို့ဘွဲ့ကဗျာညများ ရေးသားခဲ့သည်။ အယ်လ်ဘန်းနစ်၏ ဂီတများကဲ့သို့ပင် လော်ရကာ၏ကဗျာများသည် စပိန်အမျိုးသားရနံ့များဖြင့် လှပနေသည်။



လော်ရကာသည် သူနှင့်ခေတ်ပြိုင်ကဗျာဆရာများထက် အားသာချက်များရှိနေသည်။ သူသည် ကဗျာဆရာဖြစ်သည့်အပြင် ဂီတပညာရှင်တစ်ဦးလည်း ဖြစ်သည်။ ပြဇာတ်များစွာကို ရေးသားခဲ့သောပြဇာတ်ရေးဆရာတစ်ဦးလည်း ဖြစ်နေသည်။

ဝမ်းနည်းစရာကောင်းသည်မှာ သူ့ကဗျာများ၊ ပြဇာတ်များကြောင့် အောင်မြင်မှုအထွဋ်အထိပ်ရောက်နေချိန်တွင် သူသေဆုံးခဲ့ရသည်။ အတောက်ပဆုံး အလင်းလက်ဆုံး ကဗျာကြယ်ပွင့်သည် ရုတ်တရက် ကြွေမွသွားခဲ့ရသည်။ စပိန်ပြည်တွင်းစစ်ကြီးသည် လူ့အသက်ပေါင်းများစွာကို သေကြေပျက်စီးခဲ့သည်။ ဘဝပေါင်းများစွာ ကစဉ့်ကလျားဖြစ်စေခဲ့သည်။ ၎င်းအပြင် ဂါဆီယာလော်ရကာဟူသော ကဗျာကြယ်ပွင့်တစ်ပွင့်ကိုလည်း ရက်ရက်စက်စက် ချေမှုန်းဖြစ်ခဲ့ကြသည်။

၂

သမ္မတနိုင်ငံတော်တက်တော်သားများက တစ်ဖက် ဖက်ဆစ်ဖရန်ကိုကို အစိုးရကတစ်ဖက် အပြန်အလှန်တိုက်ခိုက်ကြသော စပိန်ပြည်တွင်းစစ်သည် ၁၉၃၉ တွင် ပြီးဆုံးသွားခဲ့သည်။ သမ္မတနိုင်ငံဘက်တော်သားများ ရှုံးနိမ့်သွားပြီး ဖက်ဆစ်ဖရန်ကို အစိုးရတက်လာသည်။ အာဏာရှင်ဖရန်ကို အုပ်စိုးစဉ်ကာလအတွင်း ဂါဆီယာလော်ရကာ၏ကဗျာများ၊ စာအုပ်များ ပိတ်ပင်တားမြစ်ခံရသည်။

၁၉၇၅ တွင် အာဏာရှင်ဖရန်ကို သေဆုံးသွားသည်။ ၎င်းနောက်မှ ဂါဆီယာလော်ရကာ၏ကဗျာများ ထုတ်ဝေခွင့်ရသည်။ လော်ရကာအကြောင်း လွတ်လွတ်လပ်လပ်ဆွေးနွေးလို့ရသည်။ ၁၉၈၆ ဩဂုတ် ၁၉ ရက်နေ့တွင် လော်ရကာကွယ်လွန်ခြင်းနှစ် ၅၀ မြောက်အခမ်းအနားကို သူ့ဇာတိမြို့လေးတွင် ကျင်းပခဲ့သည်။

ဂရင်နာဒါမြို့ ဗီဇညာအရပ်ရှိ တောင်ကုန်းလေးပေါ်တွင် ဂါဆီယာလော်ရကာအထိမ်းအမှတ်ပန်းခြံလေးတစ်ခု ဖွင့်လှစ်ခဲ့သည်။ သံလွင်ပင်တန်းများရှိရာ ထိုနေရာသည် ဂါဆီယာလော်ရကာ အသတ်ခံရသည့်နေရာဟု ယူဆခဲ့ကြသည်။ လော်ရကာ အမှတ်တရ ကျောက်တုံးတစ်တုံးလည်း ထိုနေရာတွင် ထားရှိခဲ့သည်။ လော်ရကာကွယ်လွန်သည့် နှစ်ပတ်လည်နေ့ရောက်တိုင်း သူ့ကိုချစ်သောပြည်သူများက ပန်းခွေများ၊ ပန်းစည်းများ ချထားလေ့ရှိသည်။

၁၉၉၅ တွင် ဂရင်နာဒါမြို့စွန်ရှိ ဟွေရ်တာခေါ် နွေရာသီ ရိပ်သာအိမ်လေးကို အများပြည်သူများ ကြည့်ရှုနိုင်ရန် ပြတိုက်အဖြစ် ဖွင့်လှစ် ပေးခဲ့သည်။ ကဗျာဆရာ၏အသုံးအဆောင်များ၊ ဓါတ်ပုံများ၊ အိမ်ထောင် ပရိဘောဂများကို ပြသထားသည်။ မက်ဒရစ်မြို့တော်ရှိ ပလာဇာ စန်တာ အာညာတွင် လော်ရကာ ရုပ်တုကို ထွင်းထုပြသထားသည်။

လော်ရကာကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော်လည်း သူ့ကိုချစ်သော သူများကမမေ့ကြ။ လော်ရကာနှင့်ပတ်သက်သည့် လိုင်းဂယက်များမှာ ရှိနေသေးသည်။ ၁၉၈၉ ခုနှစ်တွင် ဂရင်နာဒါတက္ကသိုလ်က သမိုင်းပညာရှင်များနှင့် ရှေးဟောင်းဗေဒအသင်းသားများက လော်ရကာမြှုပ်နှံထားသည်ဟု

www.burmeseclassic.com



ယူဆရသော ဗီဇညာနှင့် အယ်ဖာကာအရပ်ဒေသအကြားကို တူးဖော်ရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။

၂၀၁ ‌အော်ဂုတ်စ် ၁၉ ရက်နေ့ကလည်း လော်ရကာ အသတ်ခံရခြင်း ၇၅ နှစ်မြောက် အလွမ်းရတုပွဲကို ကျင်းပခဲ့ကြသည်။ လော်ရကာကဗျာများကို ရွတ်ဆိုကြသည်။ ပြဇာတ်များကို ဖတ်ကြားကြသည်။ သီချင်းနှင့်အကများလည်း ပါဝင်သည်။ ရာပေါင်းများစွာသော ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

၂

ဖက်ဒရီကိုဂါဆီယာလော်ရကာ (Federico Garcia Lorca) ကို ၁၈၉၈ ဇွန်လ ၅ ရက်နေ့တွင် စပိန်နိုင်ငံတောင်ပိုင်း အန်ဒါလူဆီးယားနယ် ဂရင်နာဒါမြို့အနီး ဖွေယန်တာ ဗာကေးရိုးအရပ်တွင် မွေးဖွားခဲ့သည်။ လော်ရကာ၏ဖခင်သည် လယ်မြေဧကပေါင်းများစွာ ပိုင်ဆိုင်သည့် လယ်ပိုင်ရှင်တစ်ဦး။

လော်ရကာ၏မိခင်သည် ကျောင်းဆရာမတစ်ဦးဖြစ်သည်။ ပီယာနိုတီးခတ်သူတစ်ဦးလည်း ဖြစ်သည်။ လော်ရကာငယ်စဉ်က ကျန်းမာရေး ချူချာသည်။ သူ့ငယ်ဘဝသည် ဇီဂါဟု လူသိများသော စိမ်းလန်းစိုပြည်သည့် ဂရင်နာဒါမြို့တစ်ဝိုက်ရှိ ကျေးလက်ဒေသတွင် အချိန်ကုန်ခဲ့သည်။

အန်ဒါလူဆီးယားနယ်သည် ကျေးလက်ရိုးရာသီချင်းများ၊ ပုံပြင်များအားကောင်းသော အရပ်ဒေသဖြစ်သည်။ လော်ရကာသည် ရှေးလူကြီးများ၊ အစေခံများ သီဆိုပြသော သီချင်းများ၊ လက်များနားထောင်ပြီး ကြီးပြင်းခဲ့သည်။ မော်ဆန်သော အန်ဒါလူဆီးယားကျေးလက်ရိုးရာအနုပညာများသည် ကလေးဘဝကတည်းက သူ့အသွေးအသားထဲတွင် စိမ့်ဝင်နေခဲ့သည်။

၁၉၀၉။ ဂါဆီယာလော်ရကာအသက် (၁၁) နှစ်သားအရွယ်တွင် သူတို့မိသားစုသည် ဂရင်နာဒါမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုအချိန်မှစပြီး သူကွယ်လွန်ချိန်အထိ ဂရင်နာဒါမြို့သည် သူ၏ထာဝရအိမ်ဖြစ်ခဲ့သည်။

ဂရင်နာဒါ အဓိပ္ပါယ်မှာ တလဲသီး (သလဲသီး) ဖြစ်သည်။ ဂရင်နာဒါမြို့သည် ကော်ဒိုးဗား၊ ဆီဗီးလ်၊ မာလဂါ၊ ကေးဒစ်စသောမြို့များကဲ့သို့ပင် ရာဇဝင်ရှိသောမြို့၊ သမိုင်းရှိသောမြို့။ အာရပ်အနွယ်မူးလူမျိုးတို့သည် စပိန်နိုင်ငံကို ၁၈ ရာစုကတည်းက သိမ်းပိုက်ထားခဲ့သည်။ ၁၄၉၂ စပိန်ဘုရင် ဖာဒီနန်နှင့် အဇ္ဇဘယ်လာတို့က မူးလူမျိုးတို့ကို တိုက်ထုတ်ခဲ့ရာ ဂရင်နာဒါမြို့သည် မူးလူမျိုးတို့ နောက်ဆုံးစိုးစံရာ မြို့တစ်မြို့ ဖြစ်ခဲ့သည်။

၄

ကော်ဒိုးဗားရဲ့ မနက်ခင်းခေါင်းလောင်းသံများ
ဂရင်နာဒါရဲ့ အာရုံဦး ခေါင်းလောင်းသံများ
ဝမ်းနည်းဆွေးမြည့်ဖွယ်သီချင်းရဲ့
နူးညံ့ညင်သာမှုကို
ငိုကြွေးနေကြတဲ့ မိန်းမပျိုလေးတွေရေ
သူတို့ဟာ မင်းတို့ရဲ့အသံကို ကြားနေရတယ်။

ဂါဆီယာလော်ရကာ၏ Dawn ကဗျာမှ

**ဂရင်နာဒါမြို့သည်** မူးလူမျိုးများ၏ဗိသုကာလက်ရာ ဖွဲ့စည်းပုံ ရိုးရာအနုပညာ**များနှင့်** ခမ်းနားနေသည်။ အထင်ရှားဆုံးသမိုင်းဝင် အဆောက်**အဦးတစ်ခုမှာ** အယ်လ်ဟမ်ဘရားနန်းတော် (Alhambra) ဖြစ်**သည်။** အာရပ်တို့၏အနုစိတ်လက်ရာများကို အယ်လ်ဟမ်ဘရား**နန်းတော်တွင်** တွေ့နိုင်သည်။ နံရံပေါ်တွင် အာရပ်တို့၏ ကဗျာအလင်္ကာများ ရေးထိုးထားသည်။

ဖွေယန်တာ ဗာကေးရိုးကျေးလက်ဒေသမှ ဂရင်နာဒါမြို့ကို ရောက်ရှိလာသော လူချောလူလှလေး လော်ရကာသည် အယ်လ်ဟမ်ဘရားနန်းတော်ကြီးကို တအံ့တသြငေးမော ကြည့်ရှုခဲ့သည်။ နံရံပေါ်မှ အာရပ်တို့၏အလင်္ကာများကို ဖတ်ရှုခဲ့သည်။ နန်းတော်ထဲရှိ ရေပန်းတို့စီးလာသော ရေစီးသံကို နားထောင်ခဲ့သည်။

ဂရင်နာဒါမြို့တွင် အခြေခံပညာရေးပြီးဆုံးခဲ့သည်။ ၎င်းနောက် လော်ရကာသည် မြင့်မြတ်သောနလုံးသားတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားသည်။ ထုံးစံအတိုင်း ကျောင်းစာကို စိတ်မဝင်စားဘဲ ပြဇာတ်နှင့် ဂီတထဲတွင် စိတ်ရောက်နေသည်။ အင်ပရက်ရှင်းနစ်ဂီတသမား ဒဗူဆီ၊ ပိုလန်ကွန်ပိုဆာ ရှိုပန်၊ ဂျာမန်ကွန်ပိုဆာ ဘေထိုဗင်တို့၏ ပီယာနိုအပွဲအစ္စများကို တီးခတ်နေသည်။

၁၉၁၆ တွင် သူ၏ပီယာနိုဆရာ ကွယ်လွန်သွားသည်။ ထိုအချိန်မှစပြီး စာပေလက်ဦးလှည့်သည်။ ပထမဆုံး စကားပြေလက်ရာများ စတင်ရေးသားသည်။ Nocturnel Ballade၊ Sonata စသည့် ဂီတဝေါဟာရများကို သူ့စာထဲ၊ ကဗျာထဲတွင် ထည့်သုံးခဲ့သည်။

၁၉၁၆ နှင့် ၁၉၁၇ ကာလများတွင် ဂါဆီယာလော်ရကာသည် စပိန်နိုင်ငံမြောက်ပိုင်း ကာစတီး၊ လီယွန်၊ ဂါလီစီယာနယ်များကို လှည့်လည်သွားရောက်ခဲ့သည်။ ဘန်တာဘရီယန်တောင်တန်းများပေါ်က လေထုကို ရှူရှိုက်ခဲ့သည်။ သူ့ဆရာ၏အားပေးမှုဖြင့် အင်ပရက်ရှင်းများနှင့် ရှုမျှော်ခင်းများ (Impression and Landscape) ကဗျာများရေးသားခဲ့သည်။ ၁၉၁၈ တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

၅

၁၉၁၉ တွင် ဂါဆီယာလော်ရကာသည် မက်ဒရစ်မြို့တော်သို့ သွားရောက်ခဲ့သည်။ မက်ဒရစ်မြို့တော်တွင် ပန်းချီဆရာ ဒါလီ၊ ကဗျာဆရာ မာချားဒိုး၊ ရာမွန်ဂျင်းမနဲ၊ ရာဖေးလ်အယ်ဘာတီ၊ လူးဝစ်ဗွီလန်စသည့်အနုပညာသမားများနှင့် ရင်းနှီးခဲ့သည်။ မက်ဒရစ်မြို့တော်တက္ကသိုလ်တွင် ဥပဒေပညာလေ့လာသည်။

လော်ရကာသည် ကျောင်းစာကို စိတ်မဝင်စားဘဲ သူငယ်ချင်းကဗျာဆရာများနှင့်အတူ ကဖေးဆိုင်ထိုင်သည်။ ပီယာနိုတီးသည်။ စပန်းနစ်ဂစ်တာလည်း တီးသည်။ ပြဇာတ်များ စတင်ရေးသားခဲ့သည်။ ရှိတ်စပီးယား၊ အိုင်ဘဆန်၊ ဖစ်တာဟူးတို့၏ ပြဇာတ်များကို ဖတ်ရှုလေ့လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၂၀ တွင် သူ၏ပထမဆုံးပြဇာတ် လိပ်ပြာ၏မကောင်းဆိုးဝါး မန္တန် (The Butterfly's Spell) ကို မက်ဒရစ်မြို့တော်တွင် တင်ဆက်နိုင်ခဲ့သည်။ ၁၉၂၁ တွင် ကဗျာစာအုပ် (Book of Poems) အမည်ရှိ ကဗျာစာအုပ်ကို ထုတ်ဝေသည်။ ၁၉၁၈ က သူပထမဆုံးရေးသားသော ကဗျာများပါဝင်သည်။

ဂါဆီယာလော်ရကာသည် စပိန်ဂီတသမား၊ ကွန်ပိုဆာ မင်ညျူရယ်ဒယ်ဖားလျား (Manuel De Falla)နှင့် ၁၉၁၉ ခုနှစ်က တည်းက ဂရင်နာဒါမြို့တွင်ရင်းနှီးသည်။ ၁၉၂၂ တွင် ကဗျာဆရာနှင့် ဂီတသမားတို့ပူးပေါင်းပြီး ဂရင်နာဒါမြို့မှာ Conte Hondo အမည်ပေးထားသော ဖလာမင်ကို (Flamenco) အနုပညာပွဲတော်ကို ကျင်းပခဲ့ကြသည်။

Cante Hondo ကို Cante Jondo ဟုလည်း ခေါ်သည်။ အန်ဒါလူဆီယားဂျစ်ပစီတို့၏နက်ရှိုင်းသောသီချင်းဟု အဓိပ္ပါယ်ရသည်။ ဖွန်လ၏ညနေခင်းဆည်းဆာတွင် ဖလာမင်ကိုအနုပညာပွဲတော်ကို ဂရင်နာဒါမြို့ အယ်လဟမ်ဘရာနန်းတော်အနီးတွင် ကျင်းပခဲ့ကြသည်။ ဂျစ်ပစီအဆိုတော်များ၊ ဖလာမင်ကို ဂစ်တာသမားများ တက်ရောက်ကြသည်။

''တစ်ညလုံး သီချင်းဆိုကြ၊ ညကလွဲရင် ဘာမှမသိဘူး၊ အပြောကျယ်တဲ့ညဟာ ကြယ်တွေဆီ တက်လှမ်းနေပြီ'' ဟု လော်ရကာက ရေးခဲ့သည်။

၆

ဂါဆီယာလော်ရကာသည် စပိန်နိုင်ငံအနုပညာတပ်ဦး (avant-garde) လှုပ်ရှားမှုတွင် တက်တက်ကြွကြွပါဝင်ခဲ့သည်။ ၁၉၂၇ တွင် ကဗျာဆရာ ရာဖေးအယ်လ်ဘာတီ၊ ဗီးဆွန့်အလက်ဇန်ဒါ၊ လူးဝစ်ဂိုလန်၊ စေနူဒါ၊ ဒါမာဆို အာလွန်ဆို၊ ပေဒရိုဆာလီနာစသည့် ကဗျာဆရာများနှင့်အတူ ၂၇ မျိုးဆက်ကဗျာဆရာများ (Generation of 27) အဖွဲ့ဖွဲ့စည်းခဲ့သည်။

ထိုအချိန်က ခေတ်စားနေသော အနာဂတ်ဝါဒ၊ ဒါဒါဝါဒ၊ အမှန်လွန်ခေါ် ဆူရီရယ်လစ်အနုပညာလှုပ်ရှားမှုများကလည်း စပိန်အနုပညာရှင်များကို လာရောက်ရိုက်ခတ်ခဲ့သည်။ ဂါဆီယာလော်ရကာ၏ကဗျာလမ်းကြောင်းကတော့ ရှင်းသည်။စပိန်ကျေးလက်ရိုးရာအနုပညာကို အခြေခံပြီး ကိုယ်ပိုင်ဖန်တီးမှုအနုပညာဖြင့် အသစ်ကိုဖန်တီးခြင်းဖြစ်သည်။ ၁၉၂၇ တွင် သီချင်းများ (Conciones) ကဗျာစာအုပ်ထုတ်ဝေခဲ့သည်။ ဂါဆီယာလော်ရကာသည် ဂျစ်ပစီများ၏ဘဝ၊ ဂျစ်ပစီများ၏ဂီတတို့ကို စိတ်ဝင်စားခဲ့သည်။ ဂျစ်ပစီကဗျာဆရာအဖြစ် ခံယူသည်။ ၁၉၂၈ တွင် ဂျစ်ပစီဘဲလက်များ (Gypsy Ballads)အမည်ပေးထားသော ကဗျာများ ထုတ်ဝေခဲ့သည်။ ဂျစ်ပစီဘဲလက်ကဗျာများသည် လော်ရကာ၏အောင်မြင်ကျော်ကြားသော ကဗျာစာအုပ်တစ်အုပ် ဖြစ်လာသည်။

တကယ်တော့ လော်ရကာသည် ဒယ်ဖားလျားနှင့်အတူ ဖလာမင်ကို အနုပညာပွဲတော်မကျင်းပမီကတည်းကပင် ဂျစ်ပစီများနှင့်ပတ်သက်သော နက်ရှိုင်းသော သီချင်းကဗျာ (Poem of the deep song) ကိုရေးသားခဲ့သည်။ ၁၉၃၁ ရောက်မှ ထုတ်ဝေနိုင်သည်။ ဂျစ်ပစီများသည် လော်ရကာကဗျာများထဲတွင် ဇာတ်ကောင်များဖြစ်လာသည်။

လော်ရကာသည် သူ့ကဗျာများနှင့်ပတ်သက်ပြီး ဤသို့ရေးသားခဲ့ဖူးသည်။ သူ၏လက်ရာများထဲတွင် ''အန်ဒါလူဆီးယားရဲ့စပျစ်ဝိုင်ဆပ်ကပ်သည့်စားပွဲနှင့်အတူ ဂျစ်ပစီတွေ၊ မြင်းတွေ၊ ကောင်းကင်တမန်တွေ၊ ဂြိုဟ်တွေ၊ ရဟူဒီနဲ့ရောမလေညင်းတွေ၊ မြစ်တွေ၊ ရာဇဝတ်မှုတွေ၊ မှောင်ခိုသမားရဲ့ကနေ့စဉ်ထိတွေ့မှုတွေ၊ ကော်ဒိုဗားက ကိုယ်လုံးတီးကလေးငယ်ရဲ့မှတ်စုတွေ ပါဝင်တယ်။ ဒီကဗျာစာအုပ်ဟာ အန်ဒါလူဆီးယားရဲ့လူသိတဲ့အပိုင်းထက် ပုန်းကွယ်နေတဲ့အပိုင်းတွေကို ဖော်ပြထားပါတယ်။''

၇

ဂါဆီယာလော်ရကာသည် ကဗျာရွတ်ဆိုခြင်းကို နှစ်သက်သူဖြစ်သည်။ ကဗျာရွတ်ဆိုသည့်အသံမှတစ်ဆင့် စကားလုံးအဓိပ္ပါယ်ကို ရှာဖွေမှသာလျှင် ပြည့်စုံမည်ဟုယူဆသည်။ သူ၏ကဗျာများတွင်လည်း ရွတ်ဆိုနိုင်ရန် အသံကို ဦးစားပေးထားသည်။

လော်ရကာသည် ကဗျာဆရာ ဘဝနှင့် ပြဇာတ်ရေးဆရာဘဝ နှစ်ခုစလုံး တစ်ပြိုက်နက်ထဲ ရရှိအောင်မြင်ခဲ့သည်။ ၁၉၂၇ တွင် ဘာစီလိုးနားမြို့၌ တင်ဆက်သော Mariana Pineda ပြဇာတ်မှာလည်း အောင်မြင်ခဲ့သည်။ သူ၏အနုပညာ ဂုဏ်သတင်းများသည် စပိန်နိုင်ငံတင်သာမက စပိန်စကားပြောနိုင်ငံများဖြစ်သော တောင်အမေရိကတိုက်ရှိနိုင်ငံများအထိ ပျံ့နှံ့သွားခဲ့သည်။

၁၉၂၉ တွင် ဂါဆီယာလော်ရကာသည် အမေရိကန်နိုင်ငံသို့ ခရီးထွက်သည်။ ကိုလံဘီယာတက္ကသိုလ်တွင် အင်္ဂလိပ်စာသင်တန်းတက်သည်။ သူ့မိဘများက ငွေပို့ပေးသည်။ အင်္ဂလိပ်စာကိုကောင်းကောင်းမသင်ဘဲ နယူးယောက်စီးတီးဟာလမ်ရပ်ကွက်ကဲ့သို့နေရာများကို သွားရောက်လည်ပတ်နေခဲ့သည်။ နယူးယောက်မြို့က ကဗျာဆရာ (A Poet in Newyork) ကဗျာများ ရေးသားခဲ့သည်။ သူကွယ်လွန်ပြီး ၁၉၄၂ မှထုတ်ဝေနိုင်သည်။

၁၉၃၀ တွင် ခေလာ်ရကာတစ်ယောက် စပိန်နိုင်ငံကို ပြန်ရောက်လာသည်။ သူပြန်လာချိန်တွင် ၁၉၃၂ ခုနှစ်တုန်းက စစ်အာဏာသိမ်းခဲ့သော ဗိုလ်ချုပ်ကြီး ပရီမိုဒီရီးဗီးယား အစိုးရ ပြုတ်ကျသွားသည်။ သမ္မတနိုင်ငံလက်သားများနှင့် ဆိုရှယ်လစ်

www.burmeseclassic.com

www.burmeseclassic.com

များက အစိုးရဖွဲ့ပြီး ၁၉၃၁ တွင် ဒုတိယသမ္မတနိုင်ငံ ထူထောင်လိုက်သည်။

ဂါဆီယာလော်ရကာကို တက္ကသိုလ်ကျောင်းသားပြဇာတ်အဖွဲ့က ဒါရိုက်တာအဖြစ် ခန့်အပ်လိုက်သည်။ သူတို့အဖွဲ့၏ နာမည်မှာ La Barraca ဖြစ်သည်။ အဓိပ္ပါယ်မှာ တဲကုပ်။ La Barraca နယ်လှည့်ပြဇာတ်အဖွဲ့ကို ဒုတိယသမ္မတနိုင်ငံ ပညာရေး ဝန်ကြီးက ရံပုံငွေချပေးသည်။

တက္ကသိုလ်ကျောင်းသားများပါဝင်သော ဂါဆီယာလော်ရကာတို့၏ နယ်လှည့်ပြဇာတ်အဖွဲ့သည် ဝေးလံသီခေါင်သော စပိန်ကျေးလက်ဒေသများအထိ ဆင်းခဲ့ကြသည်။ ကျေးလက်နေပြည်သူများနှင့်တိုက်ရိုက်ထိတွေ့ခဲ့ပြီး အခမဲ့တင်ဆက်ခဲ့သည်။ စပိန်ဂန္ထဝင်ပြဇာတ်များကို ခေတ်သစ်ဖွင့်ဆိုချက်များနှင့် ကပြတင်ဆက်ခဲ့သည်။

ထိုကာလများတွင် ဂါဆီယာလော်ရကာသည် သွေးမင်္ဂလာဆောင် (Blood Wedding)၊ ရာမ (Yerma)၊ ဘာနာဒါအယ်လ်ဘာတီ၏အိမ် (The JHouse of Bernarda) စသည့်ပြဇာတ်များကို ရေးသားနိုင်ခဲ့သည်။ သူ၏ပြဇာတ်များသည် စပိန်ဘူဇွာတို့၏ စံနှုန်းများကို ဆန့်ကျင်ထားသည်။ ပြဇာတ်နှင့် ပတ်သက်ပြီး သူ့ အယူအဆမှာ

''ကဇာတ်ရုံဆိုတာ စာအုပ်ကနေလာတဲ့ ကဗျာပါပဲ''

၈

၁၉၃၄ တွင် သွေးမင်္ဂလာဆောင်ပြဇာတ်ကို ဗေနိုအေရီးစ်မြို့တော်တွင် တင်ဆက်ရန် လော်ရကာတစ်ယောက် အာဂျင်တီးနားနိုင်ငံသို့ ရောက်ရှိသွားသည်။ ဗွေနိုအေရီးစ်မြို့တော်တွင် ချီလီကဗျာဆရာ ပါဗလိုနီရူဒါက သူ၏အမှတ်ရကိုယ်တွေ့မှတ်တမ်း (Memoirs) ထဲတွင် အောက်ပါအတိုင်းရေးထားခဲ့သည်။

''၁၉၃၃ မှာ ဗွေနိုအေရီးစ်က ချီလီသံရုံးတာဝန်ခံအဖြစ် ကျွန်တော်ခန့်အပ်ခံရပါတယ်၊ အဲဒီကို အော်ဂတ်စ်လမှာ ကျွန်တော်ရောက်တယ်။ တစ်ချိန်တည်းလိုပဲ ဖက်ဒရီကို ဂါဆီယာလော်ရကာလည်း အဲဒီမြို့ကို ရောက်လာတယ်။ သူ့ရဲ့အလွမ်းဇာတ်ပြဇာတ်တစ်ပုဒ်ဖြစ်တဲ့ သွေးမင်္ဂလာဆောင်ပြဇာတ်တင်ဆက်မှုကို Lola Membrives အဖွဲ့က ကပြတင်ဆက်တယ်။ အဲဒီပြဇာတ်ကို ညွှန်ကြားဖို့ သူရောက်လာတာပါ။ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် မသိကြပါဘူး။ ဒါပေမဲ့ ဗွေနိုအေရီးစ်မှာ သိကျွမ်းခင်မင်သွားကြတယ်၊ ကျွန်တော်တို့နှစ်ယောက်ကို သူငယ်ချင်းတွေ၊ စာရေးဆရာတွေက မကြာခဏ ဂုဏ်ပြုပွဲလေးတွေ လုပ်ပေးကြတယ်။

ဗွေနိုအေရီးစ်ကိုရောက်ရှိလာသော ဂါဆီယာလော်ရကာနှင့် နီရူဒါတို့ကို P.E.N ကလပ်က ဦးစီးပြီး ပလာဇာဟိုတယ်တွင် ဂုဏ်ပြုညစာစားပွဲများ စီစဉ်ပေးသည်။ အာဂျင်တီးနားဒေသခံ စာရေးဆရာ၊ ကဗျာဆရာများအတွက် အမှတ်တရစကားပြောကြားပေးရန် ပန်ကြားလာသောအခါ သူတို့နှစ်ဦးသည် စကားပြောရန် အစီအစဉ်ရေးဆွဲကြသည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး နီရူဒါရေးထားသည်မှာ

'ဖက်ဒရီကို သူတီထွင်ထားတဲ့ အိုင်ဒီယာတစ်ခုကို ကျွန်တော်ပြောပြတယ်။ စပိန်မှာ နွားရိုင်းသတ်သမားနှစ်ယောက်ဟာ တစ်ချိန်ထဲမှာ နွားရိုင်းသတ်တဲ့ အဝတ်စတစ်ခုကို အသုံးပြုပြီး နွားရိုင်းတစ်ကောင်ကို သတ်နိုင်တယ်၊ ဒါဟာ သိပ်အန္တရာယ်များတဲ့အလုပ်ဖြစ်တယ်။ ဒါကြောင့် အဲဒီလိုနွားရိုင်းသတ်ပွဲမျိုးကို မြင်ရခဲတယ်။နှစ်တစ်ရာအတွင်းမှာ နှစ်ကြိမ်၊ သုံးကြိမ်ထက်မပိုဘူး။ နွားရိုင်းသတ်သမားဟာ ညီအစ်ကို (သို့မဟုတ်) ဆွေမျိုးဖြစ်ရမယ်၊ အဲဒီလိုနွားရိုင်းသတ်တာကို al alimon လို့ခေါ်တယ်။ အဲဒီနည်းအတိုင်း ကျွန်တော်တို့လည်း စကားပြောကြတာပေါ့တဲ့''

ထိုဂုဏ်ပြုညစာစားပွဲတွင် လော်ရကာနှင့် နီရူဒါတို့သည် နွားရိုင်းသတ်သမားနှစ်ဦးကဲ့သို့ စကားပြောကြသည်။ စပိန်ဘာသာဖြင့် ကဗျာရေးသော နီကာရာဂွာ ကဗျာဆရာရူဘင်ဒါရီယို (Ruben Dario) အကြောင်းပြောရာဆိုဆွေးနွေးကြသည်။ နီရူဒါက P.E.N ကလပ်မှ အကြီးအကဲများကို ကျေးဇူးတင်ကြောင်းပြောဆိုခဲ့သည်။

၉

ဂါဆီယာလော်ရကာစပိန်နိုင်ငံသို့ပြန်ရောက်ပြီး မကြာမီ ဒုတိယသမ္မတနိုင်ငံအစိုးရပြုတ်သွားပြီး အစိုးရသစ်တက်လာသည်။ သူတို့နယ်လှည့်ပြဇာတ်အဖွဲ့ La Barraca ကိုထောက်ပံ့နေသော ရံပုံငွေများ ရပ်ဆိုင်းသွားသည်။ နယ်လှည့်ပြဇာတ်အဖွဲ့လည်း တစ်စခန်းရပ်သွားခဲ့သည်။

၁၉၃၄ တွင် ချီလီကဗျာဆရာ နီရူဒါတစ်ယောက် စပိန်နိုင်ငံ မက်ဒရစ်မြို့တော်သို့ သံရုံးတာဝန်ခံတစ်ယောက်အဖြစ် ရောက်ရှိလာသည်။ ၁၉၃၄ ဒီဇင်ဘာတွင် မက်ဒရစ်တက္ကသိုလ်တွင် နီရူဒါက ကဗျာရွတ်ပွဲနှင့် စကားပြောပွဲ ကျင်းပရာ လော်ရကာက မိတ်ဆက်ပေးသည်။ စပိန်စာပေအသိုင်းအဝိုင်းထဲတွင် နီရူဒါ ရောက်ရှိလာသည်။

၁၉၃၅ အောက်တိုဘာတွင် မြင်းစိမ်း (Caballo Verde) ကဗျာမဂ္ဂဇင်းကို နီရူဒါက ထုတ်ဝေသည်။ ထိုကဗျာမဂ္ဂဇင်းထဲတွင် မစ်ဂွဲ ဟာနန်ဒက်စ်၊ ဂါဆီယာလော်ရကာ၊ အယ်လ်ဘာတီ၊ စေနူဒါ၊ အလက်ဇန်းဒါး၊ လူးဝစ်ဗွီလန်တို့ ကဗျာများရေးကြသည်။

၁၉၃၆ တွင် လော်ရကာသည် သူ၏မဲမှောင်သောအချစ်သို့ ဆွန်းနက်ကဗျာများ (Sonnets to dark Love) ကဗျာများကို နောက်ဆုံးရေးသားခဲ့သည်။

ထိုအချိန်ထိုကာလသည် စပိန်နိုင်ငံရေးအခြေအနေမှာ တင်းမာနေသည်။ ပေါက်ကွဲလုနီးပါး ဖြစ်နေသည်။ ၁၉၃၆ ဇူလိုင် ၁၇ ရက်နေ့တွင် စပိန်ပြည်တွင်းစစ်မီးကြီး စတင်လောင်ကျွမ်းခဲ့သည်။

စပိန်ပြည်တွင်းစစ်မဖြစ်ပွားမီ ၃ရက်အလို ဇူလိုင် ၁၄ ရက်နေ့တွင် လော်ရကာသည် မက်ဒရစ်မြို့တော်မှ သူ့မိသားစုရှိရာ ဂရင်နာဒါမြို့သို့ ပြန်သွားခဲ့သည်။ ထင်ရှားသော ဘုရင် ဝါဒီအဖွဲ့သား၊ ပေါ်ပြူလာတပ်ဦးကို ဆန့်ကျင်သူ ဟိုဆေးဗာလဗို



www.burmeseclassic.com

www.burmeseclassic.com

ဆိုတေလိုသည့် ထိုရက်ပိုင်းတွင် အသတ်ခံလိုက်ရသောအခါ အခြေအနေမှာ ပိုရှုပ်ထွေးသွားသည်။

၁၀

နှုတ်ဆက်ခြင်း
ငါသေရင် လသာဆောင်လေး ဖွင့်ထားပေးပါ
ကလေးငယ်တစ်ယောက်
လိမ္မော်သီး စားနေတယ်
(ငါ့ရဲ့လသာဆောင်ကနေ သူ့ကိုလှမ်းမြင်နေရ)

ကောက်ရိတ်သူဟာ ဂျုံကို ရိတ်နေတယ်
(ငါ့ရဲ့လသာဆောင်ကနေ အသံကို ငါကြားရ)
ငါသေရင် ငါ့ရဲ့လသာဆောင်လေးကို ဖွင့်ထားပေးပါ။

ဂါဆီယာလော်ရကာ၏ Fare Well

စပိန်ပြည်တွင်းစစ်စပြီး ရှုပ်ထွေးနေသောအခြေအနေများကြားထဲတွင် လော်ရကာသည် သူ့အနေအထားကို သူရိပ်စားမိသည်။ သူ၏ပွင့်လင်းသောအမြင်နှင့်ပတ်သက်ပြီး ဖရန်ကို၏လက်ရာအုပ်စုက သူ့ကိုမလိုလားမှန်း သူသိနေသည်။ ဩဂုတ်လ ၁၈ ရက်နေ့တွင် သူ့ယောက်ဖ လက်ဝဲသမား ဂရင်နာဒါမြို့တော်ဝန် မင်ညူရယ် ဟာနန်ဒက်စ် မွန်တေဆီနို အသတ်ခံရသည်။

၁၉၃၆ ဩဂုတ်လ ၁၈ ရက်ညနေခင်းတွင် ဂရင်နာဒါမြို့၌ လော်ရကာအဖမ်းခံလိုက်ရသည်။ ဂါဆီယာလော်ရကာ အပါအဝင် လူသုံးဦးကို ဖရန်ကို၏အမျိုးသားရေးဝါဒီအဖွဲ့က ဂရင်နာဒါမြို့တစ်နေရာမှာ သတ်ပစ်လိုက်ကြသည်။

လော်ရကာအသတ်ခံရခြင်းနှင့်ပတ်သက်ပြီး အယူအဆအမျိုးမျိုးပေါ်လာသည်။ The Assassination of Garcia Lorca စာအုပ်ကိုရေးသားခဲ့သူ စာရေးဆရာ ဟီရန်ဂစ်ဘဆန်က သူ့အယူအဆကို ဤသို့ပြောကြားခဲ့သည်။

"လော်ရကာအသတ်ခံရခြင်းသည် မတ်စ်ဝါဒီပေါ်ပြူလာတပ်ဦးကို ထောက်ခံသူများကို အစုလိုက်အပြုံလိုက် ရှင်းလင်းပစ်လိုသောရည်ရွယ်ချက်၏တစိတ်တပိုင်းဖြစ်မည်"

ဂါဆီယာလော်ရကာသည် နိုင်ငံရေးနှင့်ကင်းရှင်းသူ၊ သမ္မတနိုင်ငံဘက်သားများရော၊ အမျိုးသားရေးဝါဒီများကပါ သူ့ကိုချစ်ခင်ကြသည်ဟုဆိုသည်။ ဂစ်ဘဆန်က ထိုအဆိုကို ငြင်းသည်။ လောယ်ရကာသည် မတ်စ်ဝါဒီပေါ်ပြူလာတပ်ဦးကို ထောက်ခံခဲ့သူတစ်ဦးဖြစ်သည်ဟု သူကပြောသည်။

ဖရန်ကိုသေဆုံးပြီးနောက် ဒီမိုကရက်တစ်စပိန်သည် ကဗျာဆရာ ဂါဆီယာလော်ရကာနှင့်ပတ်သက်ပြီး အဖတ်ဆည်ရန် ကြိုးစားခဲ့သည်။ သေချာသည်ကတော့ အတောက်ပဆုံး ကဗျာကြယ်ပွင့်ကို မြေမြှုပ်သင်္ဂြိုဟ်ဖို့ကြိုးစားခဲ့ခြင်းမှာ မအောင်မြင်ကြောင်း အချိန်က သက်သေပြခဲ့လေပြီ။

၁၉၆၇ မတ်လ ၂၀ရက်နေ့ထုတ် Life မဂ္ဂဇင်းက ဂါဆီယာလော်ရကာကို ဂုဏ်ပြုသည့်အနေဖြင့် သူ့ကဗျာ ၁၅ ပုဒ်ကို မူရင်းစပိန်ဘာသာနှင့်အတူ Philip W payne အင်္ဂလိပ်ဘာသာပြန်နှင့် ယှဉ်တွဲဖော်ပြခဲ့သည်။ ကဗျာနောက်ခံ စပိန်ရှုခင်းဓါတ်ပုံများ ပါဝင်သည်။ ၎င်းစာအုပ်ထဲမှ လော်ရကာသူငယ်ချင်းနွားရိုင်းသတ်သမား အီဂညာဇီယိုကို ရည်ညွှန်းရေးထားသော ယိုစီးနေတဲ့သွေး The Spilled Blood ကဗျာကို ဘာသာပြန်ဖော်ပြလိုက်ပါသည်။

ယိုစီးနေတဲ့သွေး

ငါအဲဒီအရာကို မမြင်ရက်တော့ပါဘူး
သဲပြင်ပေါ်က အီဂညာစီယိုရဲ့သွေးတွေ
ငါ မမြင်ချင်တော့လို့
လမင်းရေ လာခဲ့ပါတော့လို့ ပြောလိုက်ပါ

လမင်းက တဖြည်းဖြည်းသာလာတယ်
ဆိတ်ငြိမ်တိမ်တိုက်တွေရဲ့မြင်း
ဘားတန်းတွေထဲက ဝက်သစ်ချတွေနဲ့အတူ
အိပ်မက်တွေရဲ့မီးခိုးရောင် နွားရိုင်းသတ်ကွင်း

ငါ အဲဒီအရာကို မမြင်ရက်တော့ပါဘူး
ငါ့ရဲ့မှတ်ဉာဏ်ကို ပြန်တူးဆွပါရစေ
အဲဒီဖြူဆွတ်ဆွတ်မိနစ်ရဲ့ စပယ်ပန်းတွေကို
အကြောင်းကြားလိုက်ပါ

ငါ အဲဒီအရာကို မမြင်ရက်တော့ပါဘူး
သဲပြင်ပေါ်မှာ လျှံကျသွားတဲ့
သွေးရဲ့နှာခေါင်းဝကို
ရှေးဟောင်းကမ္ဘာထဲက နွားမ
သူမရဲ့ဝမ်းနည်းနေတဲ့လျှာနဲ့ လှမ်းလျက်တယ်
တစ်ခြမ်းက ကျောက်တုံး
တစ်ခြမ်းက သေမင်းဖြစ်နေတဲ့
ဂွီဆန်ဒိုနွားရိုင်းတွေက
ရာစုနှစ်နှစ်ခုစာ မြေကြီးကို နင်းထားရလို့
ငြီးငွေ့နေသလိုမျိုး
စူးစူးရှရှ အော်ဟစ်တွန်ကျူးလိုက်တယ်
မဟုတ်ဘူး
အဲဒါကို ငါမမြင်ချင်ဘူး
ငါ အဲဒါကို မမြင်ရက်တော့ပါဘူး

အီဂညာစီယိုက
သူ့ပခုံးပေါ်က သူ့ရဲ့သေမင်းအားလုံးနဲ့အတူ
အလှာအထပ်ထပ်ဆီတက်လာတယ်
သူဟာ အာရုံဦးကို ရှာဖွေတယ်
ဒါပေမဲ့ အာရုံဦးဟာ နောက်ထပ်ရောက်မလာတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com

သူဟာ သူ့ရဲ့ယုံကြည်မှုကောက်ကြောင်းကို ရှာဖွေတယ်
အိပ်မက်က သူ့ကို စိတ်ရှုပ်ထွေးစေတယ်
သူက သူ့ရဲ့လုပတဲ့ခန္ဓာကိုယ်ကို ရှာခဲ့တယ်
သူ့ရဲ့ဒလဟောပွင့်နေတဲ့သွေးတွေနဲ့
သူ ရင်ဆိုင်တိုးမိတယ်
ငါ အဲဒါကို မကြည့်ရက်တော့ပါဘူး

အချိန်တိုင်း အချိန်တိုင်းမှာ
ကုန်ခမ်းသွားတဲ့ အင်အားတွေနဲ့အတူ
အဲဒီသွေးတွေ ပန်းထွက်နေတာကို
ငါမကြားချင်တော့ပါဘူး
နွားရိုင်းသတ်ပွဲကြည့်တဲ့ထိုင်ခုံတွေဟာ
သွေးတွေ ပန်းထွက်နေတာကြောင့်
အဖြစ်မှန်ကို သိသွားကြပြီ
အတိုင်းမသိ ရေငတ်ခြင်း လယ်သာသရေနဲ့
ကတ္တီပါအပေါ် သွေးတွေ ယိုစီးနေတယ်
အဲဒီအနားကို ငါလာသင့်တယ်လို့
ဘယ်သူက ခေါ်နေတာလဲ
အဲဒါကို ကြည့်ဖို့ ငါ့ကိုလာမပြောကြပါနဲ့တော့

နွားရိုင်းဦးချိုတွေ အနားကပ်လာတဲ့အချိန်အထိ
သူ့မျက်လုံးတွေ ဖွင့်ထားဆဲပဲ
ဒါပေမဲ့ အလိုက်ကန်းဆိုးမသိတဲ့မိခင်တွေက
သူတို့ရဲ့ဦးခေါင်းတွေကို မော့ကြည့်ခဲ့ကြတယ်
နွားရိုင်းမွေးမြူရေးခြံများကို ဖြတ်သန်းခြင်း
နှင်းဆီအသံများရဲ့ လျှို့ဝှက်လေ
ကောင်းကင်ဘုံက နွားရိုင်းများကိုအော်ဟစ်ခြင်း
မှုန်ရီဖျော့တော့နေတဲ့ နှင်းမြူထဲက လူအုပ်များ
ဆီဗီးလ်မြို့မှာ
သူနဲ့နှိုင်းယှဉ်စရာ မင်းသားဆိုတာ မရှိ
သူ့ရဲ့ဓါးရှည်လိုမျိုး ဓါးရှည်မရှိ
သူ့လိုနှလုံးသားမျိုး မရှိ
ဒါဟာ သစ္စာတရား
သူ့ရဲ့အံ့မခန်းခွန်အားဟာ ခြင်္သေ့တွေရဲ့မြစ်လိုပဲ
မျှတခြင်းထဲက ဆွဲယူထားတဲ့ သူ့ရဲ့နိုင်မာတည်ကြည်မှုဟာ
စကျင်ကျောက် ရင်ဘတ်လိုပဲ
အနီဒါလူဆီးယားရောမလေဟာ
သူ့ရဲ့ဦးခေါင်းပေါ် လျှောဆင်းလာတယ်
အဲဒီနေရာမှာ သူ့အပြုံးဟာ
မွှေးပျံ့ထုံသင်းတဲ့ဟာသဉာဏ်နဲ့ ဉာဏ်ရည်ထက်မြက်မှုပဲ

နွားရိုင်းသတ်ကွင်းထဲက မဟာနွားရိုင်းကဘာလဲ
ဆီးယားယားတောင်ပေါ်ဒေသက
လူတော်လူကောင်းလယ်သမားဘာလဲ
ကောက် လှိုင်းစည်းတွေက ဘယ်လောက်နူးညံ့သလဲ
မြင်းစီးသူရဲ့ဖနောင့်သံစူးဟာ ဘယ်လောက်မာကျောလဲ
နှင်းရည်နှင်းစက်တွေက ဘယ်လောက်ကြင်နာသလဲ
ဖီယက်စတာပွဲတော်ထဲမှာ ဘယ်လောက်အလင်းရောင်စူးရှသလဲ
နောက်ဆုံးအမှောင်ထုကြီးက ဘယ်လောက်ကြီးမားသလဲ

အခုတော့ သူဟာ
အဆုံးမရှိတဲ့အိပ်စက်ခြင်းနဲ့
အိပ်စက်ရှာပြီ
အခုတော့
ရေညှိနဲ့မြက်ပင်က သူ့ရဲ့ဦးခေါင်းပန်းပွင့်ကို
သေချာတဲ့လက်ချောင်းတွေနဲ့ ဆွဲဖွင့်လိုက်ပြီ
စိမ့်မြေတွေနဲ့ မြက်ခင်းပြင်တစ်လျှောက်တေးဆိုရင်း
အေးခဲနေတဲ့ နွားရိုင်းဦးချိုတွေအပေါ် လျှောဆင်းရင်း
နှင်းမြူထဲမှာ အသက်ဝိညာဉ်ကင်းမဲ့ခြင်းဟာ တိုးတိတ်တိမ်ဝင်ရင်း
ခွါထောင်ပေါင်းများစွာအပေါ် ဒယိမ်းဒယိုင်လျှောက်ရင်း
ရှည်လျား၊ မဲမှောင်၊ ဝမ်းနည်းနေတဲ့လျှာလို
သေလုမျောပါးဝေဒနာကို ပုံသွင်းဖို့
ကြယ်စုံတဲ့ ဂွာဒယ်ကီဗာမြစ်မင်းနဲ့ နီးကပ်နေပါပြီ

အို ... စပိန်ရဲ့အဖြူရောင်နံရံ
အို ... ဝမ်းနည်းခြင်းရဲ့မဟူရာနွားရိုင်း၊
အို ... အီဂညာစီယိုရဲ့ ဆူပွက်နေတဲ့သွေး
အို ... သူ့သွေးကြောတွေရဲ့နိုင်တင်ဂေးလ်ငှက်
မဟုတ်ဘူး
ငါ အဲဒါကို မကြည့်ရက်တော့ပါဘူး

ဘယ်စပျစ်ခွက်ထဲမှာမှ အဲဒါပါဝင်နိုင်မှာမဟုတ်
ဘယ်ပျံလွှားငှက်တွေကမှ အဲဒါကို သောက်နိုင်မှာမဟုတ်
ဘယ်အလင်းရောင်နှင်းခဲကမှ အဲဒါကိုအေးစက်စေမှာမဟုတ်
ဘယ်ဖန်ခွက်ကမှ အဲဒါကို ငွေရောင်နဲ့ဖုံးအုပ်ထားမှာမဟုတ်
သီချင်းလည်းမဟုတ်၊ အဖြူရောင်လီလီပန်းတွေ စုပြုံနေတာမဟုတ်
မဟုတ်ဘူး
ငါ အဲဒီအရာကို မမြင်ရက်တော့ပါဘူး။ ။

ဂါဆီယာလော်ရကာ၏ The Spilled Blood


**မော်မင်းသန်း**

REF 1. Memoirs by Pablo Neruda
2. Life Magazine 1967, March 20
3. Internet
4. ဦးသန်းဖေ "စပိန်အာဏာရှင် ဖရန်ကို"



www.burmeseclassic.com

www.burmeseclassic.com



# လက်စွဲတော်ကြီးများနှင့် [illegible]

◆သုရဿဝါ

ဒီတစ်ခေါက်တော့ 'လက်စွဲတော်ကြီးများ' ကဏ္ဍမှာ ဘဘဦးစိန်ရိုးရဲ့ စကားတွေကို ပရိသတ်များနားထောင်စေချင်ခဲ့ပါတယ်။ ဒါနဲ့ပဲ ဘဘဦးစိန်ရိုးကို ဆက်သွယ် ခဲ့ရပါတယ်။ သည်တစ်ခေါက်ကတော့ ကျွန်တော့်အတွက်နည်းနည်းခက်ခဲခဲ့သလို တန်ဖိုးလည်းရှိခဲ့ပါတယ်။ ဘဘဦးစိန်ရိုးဆီသွားတဲ့နေ့မှာ သီးလေးသီးအဖွဲ့က



www.burmeseclassic.com

www.burmeseclassic.com

အစ်ကို ကြီးစိန်သီးက လိုက်ပို့ပေးပါတယ်။ အစ်ကိုကြီးစိန်သီးကိုလည်း ဒီစာမျက်နှာကနေပဲ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ရပါတယ်။ ဘဘဆီ သွားတဲ့နေ့မှာပဲ မိုးတွေကလည်းရွာလိုက်တာ . . ဘဘတို့အိမ်ကိုသွားတဲ့ တောင်ဥက္ကလာစာတိုက်၊ နန္ဒဝန်ဈေးတောက်လျှောက်မှာ ရေတွေအရမ်းကြီးနေတာမို့ ကားနဲ့သွားရတာတောင် အတော်ခက်ခဲပါတယ်။

ဘဘအိမ်ရောက်ပြန်တော့ ဘဘက အလုပ်ကိစ္စပေါ်လို့ ထွက်သွားတာကြောင့် မတွေ့ခဲ့ရဘဲ ဘဘဦးမိုးဒီ၊ ကိုကောင်းစံတို့နဲ့သာ စကားပြောပြီးပြန်လာခဲ့ရပါတယ်။ နောက်တစ်နေ့ ထပ်သွားတော့မှ ဘဘဦးစိန်ရှိန်နဲ့ တွေ့ပြီးတော့ စကားပြောဆွေးနွေးခွင့်ရခဲ့တာပါ။ ကျွန်တော့်အတွက် ခက်ခဲသလို ဘဘအတွက်လည်း ခက်ခဲခဲ့ပါတယ်။ ကျန်းမာရေးကြောင့် နားသိပ်မကြားရတဲ့ကြားထဲကပဲ ကျွန်တော် မေးသမျှ၊ သိချင်သမျှတွေကို ခက်ခက်ခဲခဲ နားထောင်ပြီး ဖြေပေးခဲ့ပါတယ်။ တကယ်တော့ ဘဘဦးစိန်ရှိန်းဟာ သည်ဖက်ခေတ်မှာ အတော်ကိုရှားပါးသွားပြီဖြစ်တဲ့ ဟာသပညာရှင်ကြီးတွေထဲက တစ်ဦးဖြစ်ပါတယ်။ လက်ရှိလူရွှင်တော် လောကမှာလည်း ဘဘရဲ့ပညာနဲ့ကင်းတဲ့သူဆိုတာ အတော်ရှားတဲ့အကြောင်း သိရပါတယ်။

သူ့ရဲ့ စကားသံတွေထဲကနေ သူ့ဘဝဖြတ်သန်းပုံတွေကိုသိခဲ့ရသလို သူ့ တပည့်သားမြေးတွေအပေါ် သိပ်ပြီးချစ်ခင်စေတနာကြီးတာကို အတိုင်းသားမြင်ရပါတယ်။ သူ့ရဲ့ တပည့်ရင်းတွေဖြစ်တဲ့ ဦးမိုးဒီ၊ ဦးမော့စ်တို့ အကြောင်းတွေလည်း အမှတ်တရပြန်ကြားရပါတယ်။ ပြက်လုံးအသစ်တွေ အများကြီးတီထွင်ပြီးပြက်ခဲ့တဲ့ ဘဘဦးစိန်ရှိန်းကိုယ်တိုင်ပြောပြတဲ့ ပြက်လုံးလေးတချို့လည်းနားထောင်ခွင့်ရခဲ့တယ်။ သူကျန်းမာရေးသိပ်မကောင်းလို့ ပြက်လုံးတွေအများကြီးမမှတ်မိနိုင်၊ မပြောပြနိုင်တော့တာ ခွင့်လွှတ်ပါလို့လည်း ပြောရှာပါတယ်။

ဇာတ်သဘင်၊ လူရွှင်တော်အလုပ်မှာ ဝါသနာကြီးလွန်းလို့ ခပ်ငယ်ငယ်ကတည်းက ဇာတ်တွေထဲလိုက်ပြီး အခြေခံကစ အနုပညာအလုပ်တွေလုပ်ခဲ့၊ တစ်ခေတ်တစ်ခါက နာမည်ကျော်လူကြိုက်များခဲ့တဲ့ လူရွှင်တော်ကြီးဘဘဦးစိန်ရှိန်းဟာ တကယ့်ဝမ်းစာပြည့်တဲ့ လူရွှင်တော်တစ်ဦးဖြစ်ပေမယ့် အခုထိကို ပြက်လုံးရှာတုန်း။ သူ့ကိုယ်သူတတ်တယ်လို့ကိုမထင်သေးပါဘူးဆိုတဲ့ ဘဘရဲ့ စကားသံတွေ၊ အနုပညာဘဝဖြတ်သန်းပုံတွေနဲ့ ပြက်လုံးလေးတွေကို ပရိသတ်တွေဖတ်ရှုနိုင်ကြဖို့ ကျွန်တော်ရေးသားတင်ဆက်ပေးလိုက်ပါတယ်။ ဖတ်ကြည့်ပေးကြပါဦး။

ဦးစိန်ရှိန်း

ဘဘ ဘဝကတော့ မျိုးရိုးတွေက တောင်သူလယ်သမားမျိုးရိုးပါ။ ဘိုကလေးမြို့နယ်၊ ကျိုက်ပိသားပေါ့။ ရောဝတီတိုင်းပေါ့။ အဲဒီကနေပြီးတော့ ခေတ်ပျက်တော့ ရန်ကုန်မြို့ကိုတက်ခဲ့ရတာ။ အဲ့တော့ ဘဘက ငယ်ငယ်ရှိသေးတယ်ပေါ့။ (၆)နှစ်သားလောက်ရှိသေးတယ်။ အဲဒီ (၆)နှစ်သားလောက်ကတည်းက ကိုယ်ကလည်းမြို့ပေါ်တက်ခဲ့ရတာ မြို့ပေါ်မှာ အဖေ၊ အမေနဲ့ အလုံ၊ ဆင်မင်းကွက်သစ်ကိုပြောင်းလာရော။ ဆရာကြီးဦးသာဉာဏ်ကျောင်းမှာပေါ့။ အဲဒီမှာပညာသင်တယ်။

ပညာသင်ရင်းနဲ့ ဘဘက အနုပညာအရမ်းဝါသနာပါတယ်။ အနုပညာဝါသနာပါတာ ကျောင်းကထွက်ပြေး၊ ဟိုဇာတ်ထဲလိုက်သွား၊ ဒီဆိုင်းထဲလိုက်သွား၊ မိဘတွေကလိုက်ခေါ်၊ ကြားတဲ့နေရာလိုက်ခေါ်၊ ပြန်ရောက်သွား။ ကျောင်းနှစ်ရက် သုံးရက်လောက်တက်၊ ပြန်ပြေး။ ဇာတ်ကလေး၊ ဇာတ်ကြီး၊ ဇာတ်လတ်ပေါ့၊ ဆိုင်းတွေနဲ့။ အဲဒီဟာ . . လျှောက်လိုက်တာ မသိ, သိသိ။ ကျွန်တော်ဝါသနာပါလို့ပါဆိုပြီး လျှောက်လျှောက် လိုက်တာ။ အဲဒီကစပြီး ဝါသနာကြီးတော့ ကြာတော့ မိဘတွေက လိုက်မခေါ်တော့ဘူး။ ကဲ . . ဒီလောက်ဝါသနာပါတာ၊ သူသင်ချင်တဲ့ပညာ ဘာသင်ချင်လည်း ပစ်ထားလိုက်ဆိုပြီးတော့ ဖအေနဲ့မအေက ဘဘကို ပစ်ထားလိုက်တာပေါ့။

အနုပညာလောကထဲမှာ ပညာစသင်လာတာ။ ဘဘက ဆိုင်းနောက်ထက စသင်တာပေါ့။ ဘဘတို့ဆိုင်းနောက်ထမှာတော့ ဆရာတွေက အလင်္ကာကျော်စွာ ဦးဟန်ပနဲ့လုပ်ခဲ့တဲ့ ဦးရွှေဒင်္ဂါး၊ ကိုစပယ်ရှယ်၊ ဦးပြည်ဟန်၊ ဦးငှက်ကလေး၊ အဲ . . ဦးဥသြ။ ဦးဥသြဆိုတာ အခုရှိတဲ့ဥသြမဟုတ်ဘူးနော်၊ ဟိုတုန်းက ဆိုင်းနောက်ထ စာရေးဆရာ။ စာဆိုတော်ဥသြဆိုတာ ဆိုဗီယက်ပြန် တို့စိန်ကုလားနဲ့လုပ်တာ။ အဲဒီသူတွေဆီမှာ နိဿရည်းပညာတွေယူပြီးတော့ ဆိုင်းနောက်က အသံနားလည်အောင်လို့ ဆိုင်းထဲမှာ လင်းကွင်းတီး၊ ပတ်စာထိုးကစပြီး အလုပ်လုပ်ခဲ့ရတာပေါ့။ လင်းကွင်းတီး၊ ပတ်စာထိုးကစပြီး အလုပ်လုပ်ခဲ့ပြီးတော့ . . တစ်ခါ ပတ်မတီးလက်ထောက်၊ စည်းတီးဝါးတီး။ အဲဒီဘဝကတက်လာပြီး နောက်ဆရာတွေနဲ့တွေ့၊ ဆရာတွေကသင်ပေးတာလည်း ခုနကပြောတဲ့ ဆိုင်းနောက်ထဆရာအကျော်အမော်တွေပေါ့။ အဲဒီဆရာတွေက ပညာသင်ပေးတာနဲ့ ဆိုင်းနောက်ထ စပြီးတော့ လုပ်လာတာ။ တော်တော်လေးလည်း အရာရောက်ရော ဘဘရဲ့ဆွေနီးမျိုးစပ်ပေါ့နော် . . မင်းသမီးတက္ကသိုလ်စိန် ဆိုတာ။ ယုတ်တီစီရွှေနှင်းဆီတို့၊ ကောလိပ်မြိုင်တို့၊ ဖက်ရှင်အောင်ငွေတို့၊ ရွှေလိပ်ပြာတို့၊ အဲ တက္ကသိုလ်စိန်တို့၊ ဒါတွေက အကျော်အမော် ပညာတတ်တဲ့ မင်းသမီးကြီးတွေ။ အဲ . . သူ့အငြိမ့်ထဲမှာပြန်ပြီးတော့ ခေါ်ပြီးတော့ လူရွှင်တော်ကခိုင်းတာပေါ့။ အဲ . . လူရွှင်တော်ကတော့ အငြိမ့်မှာလည်း အတော်များများလူရွှင်တော်တွေ တွဲခဲ့ရတယ်။ ဘဘထက် တတ်တဲ့သူတွေချည်းပါပဲ။

အငြိမ့်မှာတော့ ဘဘနဲ့တွဲခဲ့တာ ဦးဒေါင်းငွေ၊ ဦးမင်္ဂလာ၊ ကိုရွှေဖျိုး၊ ကိုရွှေဖျိုးဆိုတာ သေသွားတဲ့ရွှေဖျိုး။ ရွှေဖျိုးက နှစ်ဖျိုးသုံးဖျိုးရှိတယ်။ နောက် . . မြို့ချစ်သန်းမောင်။ ရွှေနှင်းဆီနဲ့လုပ်ခဲ့တဲ့ လူရွှင်တော်ဦးရွှေဖျိုးကြီးဆိုတာသေသွားပြီ။ နောက်ရွှေဖျိုးလေး မဟုတ်ဘူး။ နောက်ရွှေဖျိုးလေးကတော့ သူငယ်ချင်းပါ။

အဲဒီလိုနဲ့ အငြိမ့်တွေမှာ တွဲတွဲပြီးတော့ကတော့ လူရွှင်တော် တော်တော်များများနဲ့တွဲခဲ့ရတာပေါ့။ အငြိမ့်ကတော့တစ်ခါ . .

www.burmeseclassic.com



ရွှေလိပ်ပြာမအေးကြည်နဲ့ က၊ ဓာတ်ပြားသွင်း၊ အငြိမ့်ဓာတ်ပြားပေါ့နော်။ ကိုမင်္ဂလာရယ်၊ ရွှေလိပ်ပြာမအေးကြည်ရယ်၊ ဘဘရယ် အငြိမ့်ခွေဓာတ်ပြားပေါ့။ ဘဘတို့က ဓာတ်ပြားခေတ်ကစပြီးတော့ အလုပ်လုပ်လာတာ။

အဲဒီလို ဓာတ်ပြားတွေသွင်းပြီးတော့ ရွှေလိပ်ပြာမအေးကြည်နဲ့ နှစ်တော်တော်ကြာကြာလေးကခဲ့တာပေါ့။ အဲ .. ကပြီးတော့တစ်ခါ ဇာတ်ဆရာကြီးဦးကြင်ဆိုတာ .. တိုင်းချစ်သန်းစိန်က မင်း အငြိမ့်နဲ့ကတာကြာပါပြီကွာတဲ့၊ ငါ့ဇာတ်နဲ့ လုပ်ပေးပါတဲ့၊ ငါတိုင်းချစ်သန်းစိန် ထောင်ထားတယ်တဲ့၊ မင်းလိုတဲ့ညကြေးပြော၊ မင်းလိုတဲ့ငွေကြေးအသုံးလိုချင်တာပြော။ အဲဒါနဲ့စဉ်းစားပြီးတော့ တိုင်းချစ်သန်းစိန်နဲ့ ဇာတ်လောကကို စရောက်တာပေါ့။ ဇာတ်လောကမှာတော့ တိုင်းချစ်သန်းစိန်နဲ့လည်း ကခဲ့တယ်ပေါ့နော်။ လူရွှင်တော်ဦးလက်သန်း၊ ဘဘနဲ့အတွဲညီခဲ့တာပေါ့။ လူရွှင်တော်တွေအတော်များများပေါ့၊ ဘဘမမှတ် မိတာလည်းရှိတယ်။ သက်ကြီးလူရွှင်တော် အတော်များများနဲ့တွဲခဲ့ရတာပေါ့။

အဲ .. လူရွှင်တော်ဦးလက်သန်းရယ်၊ မင်းသား တိုင်းချစ်သန်းစိန်ရယ်နဲ့အတွဲသွားကျတော့ အဲဒီမှာလည်း ဒေဝကိန္နရီဆိုတဲ့ နောက်ပိုင်းဇာတ်ထုပ်ပေါ့ .. ဓာတ်ပြားသွင်း၊ အဲဒီမှာလည်း တိုင်းချစ်သန်းစိန်နဲ့ ဇာတ်လောကကိုရောက်လာပါတယ်။ တိုင်းချစ်သန်းစိန်နဲ့ ဘဘလုပ်ခဲ့တဲ့ အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၊ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ နောက် .. အောင်လံတော်ခင်စိန်၊ ရွှေမန်းကျော်အောင်၊ ရွှေမန်း ပန်တျာကြည်လင်၊ အဲ .. ဘဘနဲ့ အတော်လေးအတွဲညီညီ စိတ်ချမ်းချမ်းသာသာကခဲ့ရတာတော့ မင်းသားစိန်မာဒင်ပေါ့။ မိုးဝင်း၊ မိုးမင်းတို့ရဲ့အဖေစိန်မာဒင်ဆိုတာ ဘဘတော်တော်စိတ်ချမ်းချမ်းသာသာလေး ကခဲ့ရပါတယ်။ အဲ .. စိန်မာဒင်နဲ့လည်းကခဲ့တယ်။ ပန်တျာမြဝင်းနဲ့လည်းကခဲ့တယ်။ မင်းသားတော့ တော်တော်စုံခဲ့တာပေါ့။ မန္တလေးမှာလည်း ပညာရှင်တွေ တော်တော်များများရှိပါတယ်။ မန္တလေးပညာရှင်တွေကလည်း ဘဘဆိုရင် အင်မတန်ခင်မင်ပြီးတော့ လေးစားကြပါတယ်။ ဘဘကလည်း သူတို့ကိုပြန်ခင်ပေးပြီးတော့ လေးစားပါတယ်။

ဇာတ်လောက,ကနေ တစ်ဆင့်တစ်ဆင့် ခေတ်အခြေအနေက (၈၈)ခုနှစ်ခေတ်ပျက်သွားတော့ ဇာတ်တွေအကုန်လုံး ရပ်နားရတော့၊ အဲဒီမှာ ဝဇီရာရုံမှာ .. ပြဇာတ်ပေါ့နော်။ ဘိုကလေးဦးတင့်အောင်၊ ဂီတလုလင်ဦးမောင်ကို။ သူတို့ကလည်း တစ်မြို့တည်းသားလိုဖြစ်နေတော့ .. သူတို့လည်းဆရာတွေပါပဲ။ အဲဒါခေါ်ပြီးတော့ ပြဇာတ်ကခိုင်း၊ ပြဇာတ်ကရင်းနဲ့ ဒါရိုက်တာစိန်သံမဏိပေါ့၊ အဲဒါ ဘဘကိုကြိုက်လို့ဆိုပြီးတော့ ရုပ်ရှင်လောကကိုလာခေါ်တော့ ရုပ်ရှင်ရိုက်ပေါ့နော်။

အခုတော့ ဟိုတုန်းကအငြိမ့်တွေလို မဟုတ်ဘူး။ ခုတော့ .. ဘဘ လူရွှင်တော်အဖွဲ့အစည်းလုပ်ထားတယ်။ ဘဘရဲ့ မယားညီအစ်ကိုဖြစ်တဲ့ မိုးဒီ၊ အဲ .. မိုးဒီရဲ့ သား ကောင်းစံ၊ ဘဘဦးစိန်ရှိ။ ရှက်တယ်၊ ရွှေဂဲ၊ ဥသြ၊ အဲဒီလူတွေနဲ့တွဲဖက်ပြီးတော့ လူရွှင်တော်ချည်းပဲဖွဲ့စည်းထားတာ။ လိုတဲ့ဇာတ်က၊ လိုတဲ့အငြိမ့်က လာခေါ်ရင် ချိကောက်ပေါ့နော်။ အဲဒါစိတ်ချမ်းသာအောင်လို့လိုက်ကပေးလိုက်ကြတာပေါ့။

သေသွားရှာတဲ့လူရွှင်တော်မောင်မော့စ်၊ မိုးဒီ–မော့စ် သူတို့အတွဲပေါ့။ မိုးဒီက မယားညီအစ်ကို တပည့်၊ ငမော့စ်ကလည်း တပည့်။ အဲဒါတွေပညာသင်ပေးခဲ့တော့ သူတို့လည်းအကျော်အမော်ဖြစ်လာတာ။ ခုတော့ ဘဘသင်ပေးတဲ့သူတွေက အကယ်ဒမီ မိုးဒီလည်းရ၊ ရုပ်ရှင်လိုင်းမှာ။ အဲ .. ကွယ်လွန်သွားရှာတဲ့ ငမော့စ်လည်း အကယ်ဒမီရ၊ ဘဘက အဲ .. ဘာခေါ်မလဲ .. အခန်းမရသေးလို့ ဘဘ အကယ်ဒမီမရဘဲနဲ့ ကိုယ်သင်ထားတဲ့တပည့်တွေ အကယ်ဒမီရတော့ အရမ်းဝမ်းသာသွားတာပေါ့။ နောက်ထပ်လူရွှင်တော် .. မြန်မာပြည်မှာတော့ ဘဘပညာနဲ့ကင်းတဲ့ လူရွှင်တော်မရှိသလောက်ပါပဲ .. မန္တလေး ရန်ကုန်၊ အထက်မြန်မာပြည် အောက်မြန်မာပြည်။

အခု ဒိန်းဒေါင်တို့ ခင်လှိုင်တို့ သီးလေးသီးတို့ ကျန်တဲ့လူရွှင်တော်တွေ မှန်သမျှအကုန်လုံး ဘဘသင်ပေးခဲ့တာပါ။ ဘဘယဉ်ကျေးမှုဦးစီးဌာနမှာလည်း အကြံပေးအရာရှိလုပ်ခဲ့ပါတယ်။ အဲဒီက စပြီးတော့ ခင်လှိုင်နဲ့မျိုးကို ပညာစသင် ပေးခဲ့တာ။ နောက် .. သီးလေးသီး၊ ဒါ သူတို့လည်း ယဉ်ကျေးမှုထဲမှာလုပ်ခဲ့တာ။ အဲဒီကနေပြီးတော့ ပညာသင်ပေးတော့ တစတစပေါ့နော် ကလေးတွေအမြင်ကျယ်လာပါတယ်။

အခုတစ်ခါ .. ပိုပြီးတော့ဝမ်းသာတာက ဒိန်းဒေါင်နဲ့ခင်လှိုင်၊ သူတို့တွေက ဦးစီးပြီးတော့ လူရွှင်တော်အသင်းဆိုပြီးတော့ ဖွဲ့စည်းလိုက်တယ်။ သက်ကြီးလူရွှင်တော်တွေကို သူတို့ရန်ပုံငွေလေးတွေရှာကြံပြီးတော့ ကန်တော့ကြတယ်ပေါ့နော်။ အသက်ကြီးလို့ အလုပ်နဲ့နည်းနည်းကင်းကွာတဲ့ သက်ကြီးလူရွှင်တော်တွေ၊ သက်ကြီးပညာရှင်တွေ သူတို့ကရိုသေသမှုနဲ့။ သူတို့ကိုနားလည်တဲ့ကလေးတွေလို့ခေါ်ရမှာပေါ့။ ကိုယ့်ထက်အသက်ကြီးတဲ့သူတွေ၊ တို့ဘာဖြစ်ဖြစ် အသက်ကြီးတဲ့သူတွေကို တို့ကြည့်ရှုစောင့်မတဲ့အနေနဲ့ဆိုပြီးတော့ လူရွှင်တော်အသင်းဖွဲ့စည်းလိုက်တာ။ ခင်လှိုင်နဲ့ဒိန်းဒေါင်က ဥက္ကဌတွေပေါ့။ အဲဒီအထဲမှာလည်း သီးလေးသီးထဲက ပန်းသီးက ဘဏ္ဍာရေးမှူး။ ဖိုက်စတားက လူရွှင်တော်တွေကလည်း အဲဒီမှာပါ,ပါတယ်။ အောင်သော်တို့၊ မျောက်ရှုံး ကျင်ဇုက်၊ အောင်မော်၊ ကြာစိ၊ သူတို့တွေကလည်း လူရွှင်တော်အသင်းမှာပါ,ပါတယ်။

ဘာပဲ ဖြစ်ဖြစ် သက်ကြီးလူရွှင်တော်တွေကို ကြည့်ရှုစောင့်မတဲ့အနေနဲ့ ဖွဲ့စည်းထားတာပါ။ ဒါလည်း ဘဘဝမ်းသာလို့မဆုံးပါဘူး။ သူတို့ဘာသာသူတို့နေလည်းဖြစ်တာပဲ။ တို့အသက်ကြီးလာရင် တို့လည်း ဒီလိုဒုက္ခရောက်ကြမှာပဲ၊ တို့လိုပဲ ဒီလိုဖြစ်မှာပဲဆိုပြီး အခုကတည်းက သူတို့က သူတို့အသက်မကြီးခင် ရှာနိုင်ဖွေနိုင်တဲ့အရွယ်မှာ နာမည်တွေအရမ်းကျော်နေတဲ့အချိန်မှာ ရန်ပုံငွေလေးတွေရှာပြီးတော့ သက်ကြီးလူရွှင်တော်တွေကို အသိအမှတ်ပြုစုကြတာ ဘဘဝမ်းသာလို့မဆုံးပါဘူး။

ဘဘ အလုပ်တွေလည်းများတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေလည်းများတယ်။ ဘဘပြက်လုံးတွေတီထွင်ပြီးပြက်ခဲ့တာ ဘဘအများဆုံးပါပဲ။ ဒါ . . အားလုံး မြန်မာပြည်မှာရှိတဲ့လူရွှင်တော်တွေသိပါတယ်။ ဘဘက အခုအချိန်အထိကို ကိုယ့်ကိုယ်ကို ပညာတတ်တယ်မထင်ဘူး။ အခုချိန်အထိကို ပြက်လုံးရှာတုန်း။ ငါဆရာကြီးဖြစ်ပြီလို့ မတင်းတိမ်ပါဘူး။ ပြက်လုံးရှာ၊ ကိုယ်ကိုယ်တိုင်လည်းပြက်၊ ကိုယ်နဲ့ပတ်သက်တဲ့ တပည့်သားသမီးတွေလည်းပညာသင်ပေး။ ပြက်လုံးတွေ တော်တော်များများ ဘဘတီထွင်ခဲ့တာတွေများပါတယ်။ ဘယ်သူ့ဆီမှအတုမခိုးဘဲနဲ့ ဦးနှောက်ဉာဏ်နဲ့ ပြက်လုံးလေးတွေရှာပြီးတော့ အလုပ်လုပ်ပြီး ပြက်ခဲ့တာ။

ခု . . မောင်ဇာဂနာ၊ ငှက်ပျောကြော်၊ ကင်းကောင်၊ အရှိန်၊ သူတို့လည်း ဘဘကို ရှိသေကြပါတယ်။ ဇာဂနာဆိုရင် ဦးလေး . . ဦးလေးနဲ့ အတော်လေးရှိသေပါတယ်၊ ပြုလည်းပြုစုပါတယ်။ အကြောင်းရှိလည်း ကူညီပါတယ်။ ဒါ့ကြောင့် မောင်ဇာဂနာတို့ . . သူတို့တတွေလည်း ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့ဆိုတော့ တိုင်းပြည်အတွက်၊ နိုင်ငံအတွက်ကောင်းအောင်လုပ်ချင်တဲ့စေတနာနဲ့ အနုပညာကိုလည်း အလေးထားတဲ့ မောင်သူရခေါ် ဇာဂနာ ဘဘထက်အများကြီးငယ်ပါတယ်။ ဒါပေမဲ့ သူ့လုပ်ရပ်ကလေးတွေကို ချီးကျူးစရာများကြီးပါ,ပါတယ်။ နိုင်ငံ့အတွက်၊ လူမျိုးအတွက်လုပ်တယ်ဆိုတာလည်း ဂုဏ်ယူလို့မဆုံးပါဘူး။ ဘဘတို့မှ မလုပ်နိုင်ဘဲကိုး။ လုပ်နိုင်တဲ့သူတွေ လုပ်တာကို ဘဘတို့က ချီးကျူးတယ်၊ ဒီကလေးတွေ သက်တော်ရာကျော်ရှည်ပါစေ . . နိုင်ငံအတွက်။ လူရွှင်တော်အချင်းချင်းရိုင်းပင်းနိုင်ပါစေ။ အနုပညာသည်တွေ အနုပညာသည်မှန်းသိပါစေ၊ အဲဒီလို အမြတ်ဆုံးဘုရားရှိခိုးတိုင်းလည်းဆုတောင်းပါတယ်။

နိုင်ငံတော်က ဆိုကရေးတီးပြိုင်ပွဲမှာ ဟိုတုန်းက အငြိမ့်ပြိုင်ပွဲတွေ ပါလာတယ်။ ပါတော့ . . ဘဘရယ်၊ မိုးဒီရယ်၊ ငမော့စ်ရယ်၊ တိမ်ညွန့်ရယ် . . လူရွှင်တော် တိမ်ညွန့်ပေါ့၊ သူလည်းတပည့်ပါပဲ။ အဲဒါနဲ့ တွဲဖက်ပြီးတော့ ကလာတော့ တော်တော်လေးပရိသတ်က အားပေးခဲ့ပါတယ်။ အားပေးလို့ မြတီအငြိမ့်ကနေပြီးတော့ ဘဘတို့ နောက်ပိုင်းအငြိမ့်ပြိုင်ပွဲတွေမလုပ်တော့ဘူးဆိုတော့ ဒီလေးယောက်ပဲအပြင်မှာ လူရွှင်တော်အဖွဲ့တွဲပြီးတော့ ကနေတာ။ မိုးဒီ၊ ငမော့စ်၊ စိန်ရိုး၊ တိမ်ညွန့်ဆိုပြီးတော့ ကခဲ့တာ။

အဲဒီကနေ ပြီးတော့တစ်ခါ . . စင်ကာပူပြန် မြန်မာ့ဂုဏ်ရည်အငြိမ့်ဆိုပြီးတော့ သန္တာလင်းနဲ့ မြင့်မြင့်ကြည်နဲ့ ဘဘတို့အငြိမ့် တွဲဖက်ပြီးတော့ ရိုက်ခဲ့သေးတာပေါ့။ အဲဒီမှာလည်း ပြက်လုံးတွေက ဘဘကိုယ်တိုင်ရေးတာပါ။ ဘဘကိုယ်တိုင်ရေး . . ဘဘကိုယ်တိုင် တီထွင်ပြီးတော့ အငြိမ့်အခွေရိုက်လိုက်တော့ လူတွေကို ကတဲ့နေရာမှာအားပေးကြသလို ဗီဒီယိုအခွေကျတော့လည်း အငြိမ့်နဲ့ပတ်သက်လာလို့ ပရိသတ်တွေတော်တော်များများအားပေးကြပါတယ်။ ဒီအငြိမ့်ခွေတွေ အခုထက်ထိ ရှိပါသေးတယ်။

နောက်တစ်ခါ ဘဘတို့ အငြိမ့်ပြိုင်ပွဲတွေမစခင်က နိုင်ငံတော်ရုပ်ရှင် အစည်းအရုံးက ကျင်းပတဲ့ရန်ပုံငွေပွဲတစ်ခုမှာ အခုလက်ရှိ မင်းသားအဆိုတော် စိုးသူပေါ့ . . စိုးသူက မင်းသားလိုက၊ အဲဒီမှာ လူရွှင်တော်က မိုးဒီ၊ ငမော့စ်၊ ဘဘဦး စိန်ရိုး၊ နောက်ပြီးတော့ အဆိုတော် ကွယ်လွန်သွားရှာတဲ့ ကိုသန်းဖေလေး။ စိုးသူနဲ့ အများရှင်တဲ့ နှစ်ပါးခွင်ဆိုပြီးတော့ အဲဒီ ရန်ပုံငွေပွဲမှာလည်း ကခဲ့သေးတာပေါ့။ အဲဒီမှာလည်း ပြက်လုံးတွေမှန်သမျှ ဘဘရေးတာပါပဲ။ ဒါရိုက်တာက ပန်းချီဖိုးမိုး။ အဲ . . သီချင်းတွေရေးတာက ဂီတလုလင် ဦးမောင်ကိုနဲ့ ဘိုကလေးဦးတင့်အောင်။ ပြက်လုံးကို တာဝန်ယူတာက ဘဘပေါ့နော်။

အဲဒီမှာလည်း ပြက်လုံးတွေ ရိုးတာတွေရော၊ ဆန်းတာတွေရော မင်းသားနဲ့ လိုက်မယ့်ဥစ္စာလေး တည်ပြီးတော့ ပြက်ခဲ့တော့ စိုးသူနဲ့ အများရှင်တဲ့နှစ်ပါးခွင်မှာလည်း ပရိသတ်က တော်တော် အားပေးကြတာအောင်မြင်တယ်။ အခုတော့ ဘယ် ဇာတ်နဲ့မှမလုပ်တော့ဘဲနဲ့ ဘဘတို့ လူရွှင်တော် အဖွဲ့အစည်းလေးဖွဲ့ပြီးတော့ ကနေတော့ အများကြီးအားပေးကြပါတယ်။ ရုပ်ရှင်နဲ့ဗီဒီယိုလိုင်းမှာလည်း အားပေးကြပါတယ်။ အနုပညာကိုမြတ်နိုးတဲ့သူတိုင်း ဘဘတို့ကိုအားပေးတာ အခုချိန်ထိ ဘဘ လူရွှင်တော်ကလို့ရနေသေးတာ . . ဒါ ပရိသတ်က အသိအမှတ်ပြုလို့ ကလို့ရတာပေါ့။ အခုချိန်အထိလည်း ဦးစိန်ရိုးကို ကဖို့လာ,လာခေါ်ကြတယ်၊ ကဖို့လာ,လာငှား ကြတယ်။

ဘဘနဲ့ ဇာတ်အဖွဲ့တွေနဲ့လုပ်ခဲ့တာများတော့ မိုးဒီဆိုတာ ဇာတ်ထဲမှာ လူရွှင်တော်မဖြစ်ခင်က ဘဘတို့နဲ့အတူတူလုပ်ခဲ့တာပေါ့။ လျှပ်စစ်မီးမှာ တော်တော်ကျွမ်းကျင်တယ်။ အဲဒီမှာလည်း မိုးဒီနဲ့ ဘဘနဲ့က မယားညီအစ်ကိုတော်လိုက်ကြတော့ သူ့ကို 'မီးမကိုင်ပါနဲ့ . . ဇာတ်တွေလိုက်မှာ စိုးလို့၊ ပညာသင်ပေးပါမယ်' ဆိုပြီးတော့ မိုးဒီကိုပညာစသင်ပေးခဲ့တာ၊ စိန်မာဒင်ထဲမှာပဲ။ ရွှေမန်းကျော်အောင်က တည်းက စသင်တာ . . စိန်မာဒင်လည်း သင်တယ်။

ငမော့စ်က မိုးဒီထက် လူရွှင်တော်သက် (၉)နှစ်နောက်ကျတယ်။ အဲ . . သူလည်း စိန်မာဒင်နဲ့၊ ငမော့စ်က ဇာတ်ထဲမှာ စတိတ်တာဝန်ခံပေါ့။ စတိတ်တာဝန်ခံ၊ ကားဆွဲအနေနဲ့၊ သူလည်းဝါသနာပါလို့ . . ကားဆွဲလုပ်ချင်လို့တော့မဟုတ်ဘူး။ ဇာတ်ဆရာ မခေါ်,ခေါ်ချင်အောင်လို့ အဲဒီ စိန်မာဒင် ဇာတ်အဖွဲ့ထဲမှာ သူက ကားဆွဲဘဝနဲ့ လိုက်လာတာ။ သူလည်း ဝါသနာပါတယ်၊ သူကထိုင်ထိုင်ကြည့်တယ် . . နှစ်ပါးကျရင်။ အင်း . . သူလည်း ဝါသနာပါတယ်ထင်ပါရဲ့ဆိုပြီးတော့ ပညာသင်ပေးခဲ့ရတယ်ပေါ့နော်။

အဲဒီမှာ မိုးဒီ–ငမော့စ်ဆိုပြီးတော့ လူရွှင်တော်လေးတွေ တော်တော်လေး ကောင်းလာတော့၊ တတ်ကျွမ်းလာတော့ မိုးဒီ–ငမော့စ် နှစ်ယောက် သူတို့အတွဲဖြစ်သွားပါတယ်။ မိုးဒီနဲ့ငမော့စ်အတွဲ ပရိသတ်ကလည်း တော်တော်ကြိုက်တော့ တော်တော်အားပေးကြတယ်။ (၉)နှစ်သာ ကွာတယ် . . အသက်ကွာသလို လူရွှင်တော်သက်မှာလည်းကွာပါတယ်။ မိုးဒီက အရင်



www.burmeseclassic.com

www.burmeseclassic.com

လူရွှင်တော်ဖြစ်တာ။ ဒါပေမဲ့ . . ငမော့စ်ရဲ့ ကြိုးစားမှုကြောင့် မိုးဒီ–မော့စ် ဆိုပြီးတော့ ပရိသတ်ကအသိအမှတ်ပြုပြီးတော့ အတွဲအနေနဲ့ အားပေးကြတာ။ ဒါ ဘဘက ဆရာသမားတစ်ယောက်အနေနဲ့ ဂုဏ်ယူလို့မဆုံးပါဘူး။

တစ်ခါ . . တိမ်ညွှန့်လည်း နယ်နယ်ရရ လူရွှင်တော်မဟုတ်ပါဘူး။ ရွှေမန်းဦးတင်မောင်နဲ့ အလုပ်လုပ်ခဲ့တဲ့ လူရွှင်တော် တိမ်ညွှန့်ပါ။ အဲဒီတုန်းကတော့ . . သူကတော့ ကလေးလူရွှင်တော်လေးတွေပေါ့။ အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင်က စသင်ပေးတယ်၊ နောက် . . ဘဘက ဆက်သင်ပေးတယ်။ သူလည်း တပည့်ပါပဲ။ မြန်မာပြည်မှာရှိတဲ့ လူရွှင်တော်တွေက ဘဘတပည့်တွေများပါတယ်။ မိုးဒီ၊ ငမော့စ်က ဘဘကိုလည်းအရမ်းရိုသေကြပါတယ်၊ အရမ်းချစ်ကြပါတယ်။ ဘဘနဲ့ မကဖူးတဲ့လူရွှင်တော်ရယ်လို့မရှိဘူး။

ခင်လှိုင်၊ ဒိန်းဒေါင် . . ခင်လှိုင်လည်း ဒီလိုပဲ ပညာသင်ပေးခဲ့ရတာပဲ။ ဒိန်းဒေါင်က အစက ဆိုင်းနောက်ထ။ ဒိန်းဒေါင်–မျောက်ရှုံးဆိုပြီးတော့ . . ဖိုက်စတားလုပ်တဲ့ မျောက်ရှုံး၊ အဲ . . သူတို့ကလည်းအတွဲပဲ။ အဲဒီလိုဆိုင်းနောက်ထလုပ်ရင်းနဲ့ သူတို့တဝလေးတွေသူတို့နားလည်တော့ ကြိုးစားကြတော့ ခုနိုင်ငံကျော်။ မျောက်ရှုံးကလည်း ဖိုက်စတားအဖွဲ့မှာ နိုင်ငံကျော်လူရွှင်တော်တစ်ယောက်၊ ဒိန်းဒေါင်ကလည်း ခင်လှိုင်နဲ့အတွဲဖြစ်သွားတာ . . ခင်လှိုင်–ဒိန်းဒေါင် ဆိုပြီးတော့။

သူတို့တွေကလည်း ဘဘ ပညာနဲ့မကင်းတဲ့သူတွေပါ။ ဘဘသင်ပေးတဲ့သူတွေပဲ။ သူတို့တွေက အခု လူရွှင်တော်အဖွဲ့ ဖွဲ့စည်းထားတာ။ သက်ကြီး ပညာရှင်တွေကန်တော့ဖို့ဆို ရန်ပုံငွေရှာကြတာ။ သူတို့လည်း အသက်ကြီးရင် ဘဘတို့လို အကန်တော့ခံရောက်တဲ့ အရွယ်အထိ သက်တော်ရာကျော်ရှည်ကြပါစေ၊ စီးပွားလာဘ်လာဘဖွံ့ဖြိုးကြပါစေ၊ အလုပ်လည်း ကြိုးစားနိုင်ကြပါစေ။

နောက်တစ်ခါ မောင်ဇာဂနာလုပ်တဲ့ ငြိမ်းချမ်းရေးအငြိမ့်ပြိုင်ပွဲဆိုတာ အဲဒီမှာလည်း ဘဘသွားကြည့်ရင်းနဲ့ ‘ဦးလေး . . အဲဒီမှာ ဒိုင်လုပ်ပါ’ တဲ့၊ မောင်ဇာဂနာက။

**ဘဘတို့က ကိုယ့်ပြက်လုံး အများကြီးရှာတာ။ ပြက်လုံးအသစ်တွေ ဖြစ်ဖြစ်၊ ဆရာသမားတွေ သင်ခဲ့တာဖြစ်ဖြစ်၊ စဉ်းစားပြီးတော့ ပြန်ရှာတယ်၊ ပြက်လုံးအသစ်တွေ ရှာတယ်။ အခုကတဲ့ လူရွှင်တော်လေး တွေလည်း အကုန်လုံး အသစ်အတောက် ကလေးတွေနဲ့ပါ...**

အဲဒီမှာ ဒိုင်လုပ်လိုက်ပါဆိုတော့ ဒိုင်တစ်နေ့ ဝင်လုပ်လိုက်တာပေါ့နော်။ မောင်ဇာဂနာလည်းတော်တော်အကြံဉာဏ်ကြီးပါတယ်။ အနုပညာကိုတော်တော်မြတ်နိုးပါတယ်။ အဲဒီမှာ . . ဘဘတို့ ဇာဂနာနဲ့ပတ်သက်လို့ ငြိမ်းချမ်းရေးအငြိမ့်ပြိုင်ပွဲမှာ ဆုတွေပေးသလို ဘဘတို့ဒိုင်လူကြီးတွေကိုလည်း ဆုငွေချီးမြှင့်ကြပါတယ်။ Sky Net ကပေါ့နော်။ မောင်ဇာဂနာနဲ့ပတ်သက်လို့ Sky Net ရုပ်မြင်သံကြား၊ အဲဒီကနေပြီးတော့ အဖွဲ့တွေကိုလည်းဆုငွေတွေပေးတယ်၊ ဘဘတို့ဒိုင်တွေကိုလည်း ဆုတော်ငွေ ထိုက်ထိုက်တန်တန် ပညာရှင်တွေအနေနဲ့ ကန်တော့ပါတယ်။

အဲဒီ Sky Net ရုပ်သံလိုင်းလည်း တော်တော်ကောင်းပါတယ်။ ဘဘတို့ သက်ကြီးတွေကိုလည်း အမြဲတမ်း ပြုစုစောင့်ရှောက်ပါတယ်။ မောင်ဇာဂနာနဲ့ ပတ်သက်တာပါ။ မောင်ဇာဂနာလုပ်ပေးလို့ Sky Net ကလည်းအသိအမှတ်ပြုတယ်။ ဘဘတို့ကို အလကားကြည့်ဖို့ဆိုပြီးတော့ Sky Net စလောင်းတွေ ဘာတွေ တောင်လာပေးထားပါတယ်။ Sky Net ကလည်း စီးပွားရှာရုံသက်သက်မဟုတ်ပါဘူး။ ပြည်သူတွေအမြင်ကျယ်အောင်၊ မသိတာကိုသိစေချင်တဲ့စေတနာ၊ ကောင်းတာလေးတွေ ဇာတ်လုပ်ကလေးတွေရွေး၊ အဲဒီ Sky Net က တီထွင်ပြီးတော့ ပြည်သူတွေစိတ်ချမ်းသာအောင် တင်ဆက်တဲ့ Sky Net ပါ။

Sky Net ကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ နောင်လည်း အနုပညာကိုမြတ်မြတ်နိုးနိုးနဲ့ ပြည်သူတွေ စိတ်ချမ်းသာအောင် ထိုကဲ့သို့ပဲ လုပ်နိုင်ကြပါစေလို့ Sky Net မိသားစုလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ မေတ္တာပို့ပါတယ်။ အဓိက ကတော့ မောင်ဇာဂနာနဲ့ ပတ်သက်တာပေါ့။ သူတို့ကြောင့် Sky Net အသံလွှင့်ရုံနဲ့ရင်းနှီးရ တယ်ပေါ့နော်။

ဘဘ ဇာတ်လောက လုပ်ခဲ့ရင်းနဲ့ ဘဘတို့ပြက်ခဲ့တဲ့ပြက်လုံးတွေပေါ့။ မိုးဝင်း မိုးမင်းတို့အဖေ ဦးစိန်မာဒင်နဲ့ ဘဘတွဲကပ်ပြီးတော့ တော်တော်လေး နှစ်ကြာကြာလေးကခဲ့ပါတယ်။ စိန်မာဒင်နဲ့တုန်းက ကိုယ့်မင်းသားလည်းကိုယ် တင်စားရာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်အောင်လို့ ..

ရိုး – ငါ .. စိန်မာဒင်နဲ့မလုပ်ခင်က စိန်မာဒင်၊ တို့အိမ်နားမှာလာကတာ .. အဲဒီမှာပွဲကြည့်ရင်းနဲ့ စိန်မာဒင်ကိုကြိုက်ပြီးတော့ စိန်မာဒင်ဇာတ်နဲ့လုပ်တာ .. စိန်မာဒင်ကောင်းလွန်းအားကြီးလို့ တို့လင်မယား ကျွဲတောင်မှလူခိုးခံလိုက်ရတယ်

ရွှင်(၁) – ဘယ်လိုဖြစ်လို့ ..

ရိုး – ပွဲတွေကြည့်ပြီးတော့ အိပ်ရေးပျက်လို့အိပ်နေတာပေါ့ဟ၊ အိပ်နေတဲ့အချိန် သူခိုးကဝင်လာပြီးတော့ အိမ်အောက်က ကျွဲကိုဝင်ခိုးတာ၊ အောင်မယ် .. သူခိုးကလည်းလူပါးဟ'

ရွှင်(၁) – ဘယ်လိုပါးတုန်း ..

ရိုး – ကျွဲလည်ပင်းက ခလောက်ကို လင်မယားအိပ်တဲ့ အိမ်အောက်မှာ ချည်ခဲ့တော့ တစ်ညလုံးခလောက်သံကြားနေရတော့ ကျွဲရှိသေးတယ် ထင်တာပေါ့ဟ၊ သူခိုးက လူပါးလေ၊ ခလောက်ကို မြည်အောင်လို့ဆို တို့လင်မယားအိပ်တဲ့အောက်လာချည်ထားတာ

ရွှင်(၁) – အဲဒါ သူမို့ပေါ့၊ ငါလိုသူခိုးဆိုရင် ကျွဲလည်ပင်းက ခလောက်ကို မင်းအိပ်ရာအောက်မချိတ်ဘူး၊ မင်းခါးကို လာချည်ပေးတယ်

ရိုး – ချည်ကြည့်ပါလား၊ ခလောက်ကြီးတောင် ဝက်ဝက်ကွဲသွားသေးရဲ့

အဲဒီလိုပေါ့ .. အဲဒီလို မှတ်မှတ်ရရ ပြက်လုံးလေးတွေ။ ဘဘဆရာသမားတွေဆီက ပေါက်ဖွားလာတဲ့ ပြက်လုံးတွေပါ။ ဆရာသမားတွေ ငယ်ငယ်တုန်းက ပြက်ခဲ့တာလေး အခုမှတ်မိသလောက် ပြန်ပြက်တာပေါ့နော်။ နောက်တစ်ခါ .. ကြက်မျိုးကောင်းလည်းရဖူးတယ်ပေါ့။

ငါ ဇာတ်လောကမှာ ကပေမယ့် ကြက်တိုက်ကလည်း ဝါသနာပါတယ်။ စိန်မာဒင်နဲ့ငါ တစ်ရွာသွားကတုန်းကပေါ့။ ဟား .. ငါ့ကိုသူငယ်ချင်းတွေက ခင်လို့ဆိုပြီးတော့ ကြက်ဝါသနာပါမှန်းသိတော့ ကြက်မျိုးကောင်းလိုချင်လားတဲ့ ဆိုပြီးတော့ ကြက်မျိုးကောင်းကပေါက်တဲ့ ကြက်ဥနှစ်လုံး ပေးလိုက်မယ်တဲ့။ အဲဒါ ဝမ်းသာပါတယ်ဆိုပြီးတော့ ကြက်ဥနှစ်လုံး ပုဆိုးခါးပိုက်ထဲထည့်ပြီးတော့ပြန်လာတာ။

မျိုးကောင်းလား မကောင်းလားတော့ မသိဘူး .. ကြက်ဥနှစ်လုံးက ဗိုက်ထဲမှာ ဥ, ဥချင်းခွပ်နေတာ။ 'ဂလုပ် ဂလုပ်၊ ဂလုပ် ဂလုပ်' နဲ့။ ဟာ .. ဒါတော့ကြက်မျိုးကောင်းနဲ့တူတယ်ဆို အိမ်ဝမ်းသာအားရနဲ့ ပြန်သွားပြီးတော့ 'မိန်းမရေ .. ငါတော့ ကြက်မျိုးကောင်းရလာတယ် .. အဲဒါ ဒီ ကြက်ကလေးက ပေါက်ဖွားရင် ငါတို့ ကြက်တိုက်ရင်နိုင်ပြီသာတွက်တော့' ဆိုပြီးတော့ ခြေရင်းက ဆန်အိုးထဲမှာ ကြက်ဥနှစ်လုံးထည့်ပြီးတော့ လင်မယားအိပ်မလို့ စကားပြောနေတုန်း ဆန်အိုးထဲက ကြက်ဥတွေက ဥ, ဥချင်းခွပ်နေတာ .. 'ဂလုပ် ဂလုပ် .. ဂလုပ် ဂလုပ်' နဲ့။ သူခိုးမှတ်လို့ ထကြည့်လိုက်တော့ သူခိုးမဟုတ်ဘူး။

ဆန်အိုးထဲထည့်ထားတဲ့ ကြက်ဥနှစ်လုံးကခွပ်နေတာ။ ဩော် .. ဒါကြောင့်ထင်ပါရဲ့ဆို ဆန်အိုးကနှစ်အိုးရှိတာကိုး .. ဥတစ်လုံးကိုခွဲပြီးတော့ ဒီဖက်အိုးထဲထည့်ထားတာ။ အဲဒါ အိပ်မယ်လည်းကြရော အိုးကြီးတွေပါရွေ့လာပြီးတော့ အိုး, အိုးချင်းတောင် ခွပ်နေတယ် .. 'ဂလုပ် ဂလုပ် .. ဂလုပ် ဂလုပ်' နဲ့။ ဟာ .. သူခိုးမှတ်လို့ ထကြည့် ရင် သူခိုးမဟုတ်ဘူး။ ဆန်အိုးထဲထည့်ထားတဲ့ကြက်ဥတွေက တစ်လုံးစီခွဲထားတော့ သူတို့ထည့်ထားတဲ့ ဆန်အိုးတွေက ခွပ်နေတာ။

ကဲ .. ဒီလောက်တော့ တို့ လင်မယားအိပ်လို့မရတဲ့အတူတော့ .. မိန်းမမီးမွှေးစမ်းဆိုပြီးတော့ ကြက်ဥကို မိန်းမတစ်လုံး ကိုယ်တစ်လုံး .. ဟဲဟဲ .. ကြော်စားကြတာ၊ ညဆယ့်တစ်နာရီလောက်ကျတော့ တို့လင်မယားလည်း ခွပ်ချင်တဲ့စိတ်ပေါက်လာတယ် .. လည်ဆံမွှေးတွေကားပြီးတော့ 'မိန်းမ .. ဂလုပ် ဂလုပ်ရအောင်' ဆို 'ဘာ ဂလုပ် ဂလုပ်လဲ' တဲ့ မိန်းမက။ 'ဩော် .. ဥတွေလို ကြက်ခွပ်တမ်းကစားရအောင်လို့ပြောတာပါ' ဆိုတော့ 'ရှင့်ဒီအရွယ်ကြီးနဲ့ ကြက်ခွပ်တမ်းကစားရမလား' တဲ့။ အဲဒီလိုပေါ့ .. အဟဲ .. ပညာသားလေးတွေနဲ့ပေါ့နော်။ အဲဒီလိုလည်း တိုင်ပင်ပြီးပြက်လုံးတွေ တီထွင်ပြီးပြက်ခဲ့ပါတယ်။

အသက်ကြီးတော့ လေဖြတ်ခံလိုက်ရသေးတယ်။ လေဖြတ်တာလျှောက်ကုတာ ဗမာဆရာနဲ့ချည်းလျှောက်ကုတာ သက်သာသွားပါတယ်။ အခု ဘဘနဲ့ မင်းနဲ့စကားပြောနေတဲ့အချိန်အထိ အများကြီး သက်သာပါတယ်။ ဒါပေမဲ့ .. လေဖြတ်တာ အာရုံကြောထိသွားလို့လားမသိဘူး။ ဘဝမှာ နားလေးပြီးကျန်ခဲ့တာ။ ဟိုတုန်းက နည်းနည်းလေး .. လေးတာ၊ အကုန်ကြားရသေးတယ်။ အဲဒီလေဖြတ်ပြီးတော့မှ နားတော်တော်လေးသွားတယ်။ နားလေးတဲ့ရောဂါလေးကျန်ခဲ့တာပေါ့။ ဒါလည်း ဆရာကောင်းနဲ့လည်းတွေ့ရင်ပျောက်မှာပါလို့ ဘဘစိတ်ထဲမှာ ယုံကြည်ချက်ရှိပါတယ်။ ဗမာသမားတော်တွေ အများကြီးအကျော်အမော်တွေရှိပါတယ်။

အဓိက, ကတော့ ဘဘတို့လိုပဲ လုပ်ကိုင်စားသောက်ကြတဲ့ အနုပညာရှင်တွေ အားလုံးတိုးတက်ကြပါစေ၊ အောင်မြင်ကြပါစေ၊ စိတ်ချမ်းသာကြပါစေ၊ လူ့ဒါန်းနိုင်ကြပါစေ၊ သက်ကြီးရွယ်အို ပညာရှင် တွေကိုလည်း ကလေးတွေအနေနဲ့ စောင့်ရှောက်နိုင်ကြပါစေလို့ အမြဲတမ်းဆုတောင်းမေတ္တာပို့ပါ တယ်။

အခု ဘဘတို့လည်း အသက်ကြီးသွားပါပြီ။ အသက်ကြီးသွားတော့ ကလေးတွေ ဘဘတို့လိုပဲ တတ်စေချင်တယ်။ နောက်လာတဲ့ ကလေးတွေ ဘဘတို့ကြိုးစားလို့အောင်မြင်ခဲ့သလို နောက်လူရွှင်တော်လေးတွေလည်း အားလုံးအကျိုးရှိတဲ့လူရွှင်တော်လေးတွေပါ၊ တက်လမ်းရှိတဲ့လူရွှင်တော်လေးတွေပါ။ သူတို့လည်း ဘဘလိုဖြစ်စေချင်တဲ့သဘောပေါ့။


ဘဘ ဖြစ်စေချင်တာတော့ ဘဘတို့က ကိုယ့်ပြက်လုံး အများကြီးရှာတာ။ ပြက်လုံးအသစ်တွေဖြစ်ဖြစ်၊ ဆရာသမားတွေ သင်ခဲ့တာဖြစ်ဖြစ်၊ စဉ်းစားပြီးတော့ ပြန်ရှာတယ်၊ ပြက်လုံးအသစ်တွေရှာတယ်။ အခုကတဲ့ လူရွှင်တော်လေးတွေလည်း အကုန်လုံး အဆိပ်အတောက်ကလေးတွေနဲ့ပါ။ တက်သစ်စ လူရွှင်တော်လေးတွေ၊ မျိုးဆက်သစ်ကလေးတွေနော် .. အဲဒီ လူရွှင်တော်လေးတွေလည်း ဘဘတို့လိုပဲ ပြက်လုံးတွေ ရှာနိုင်ပါစေလို့၊ ဦးနှောက်ကောင်းကောင်းနဲ့ အလုပ်လုပ်နိုင်ပါစေ .. ဒါပါပဲ။

**သုရဿဝါ**



www.burmeseclassic.com

www.burmeseclassic.com



# သခိုင်းဝင်ရန်ကုန်တက္ကသိုလ် နှစ်လည် မဂ္ဂဇင်းအဖုံးများ

◆ **Credit to Myanmar Cupi**

၁၉၈၃–၈၄ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းအဖုံးပါ။ ၇ ရှုလိုင် အထိမ်းအမှတ်တွေကို ပန်းချီမှာ ဝှက်ဆွဲထားတာပါ။ ပန်းချီဆရာက "မောင်မြင့်ဒွေး"ပါ။ ဘယ်နားက မှန်ထောင်ကြည့်ရင် ပုံနဲ့ဆက်စပ်ပြီး ဘာပုံဆိုတာတွေတော့ မေ့နေပါပြီ။ အခေါင်းထမ်းနေတဲ့ပုံ၊ ဝမ်းလျားမှောက်ပြီး သေနတ်ပစ်နေပုံ၊ ချိတက်နေပုံ စတာတွေပါပါတယ်။ သေချာတာကတော့ စာအုပ်ကိုပြောင်းပြန်ထောင်ကြည့်ရင် အသုံးလုံးသင်နေတဲ့သူတွေက လက်သီး ဆုပ်ဖြစ်သွားပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com




ဒါကနောက်ဖုံးပါ။ "လှုဒိုး" လို့ လက်မှတ်ထိုးထားပါတယ်။ အဆောင်ပြတင်းပေါက်တွေက တောင်တံခါးတွေ ဖြစ်နေပါတယ်။ အောက်နားက မျှော်စင်အောက်နားမှာ သင်္ဘော်တစ်လုံး တွေ့ရပါမယ်။ တအုပ်ကိုပြောင်းပြန်ထောင်ကြည့်ရင် ပန်းတွေက ၇ ပုံစံပေါ်နေပါလိမ့်မယ်။

ဒီတစ်ပုံကတော့ ၇ ရုလိုင်တော့ မဟုတ်ပါဘူး။ ၁၉၅၃-၅၄ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းအဖုံးပါ။ ဦးသန့်အရေးအခင်းအပြီးထုတ်တာ ဖြစ်ပါတယ်။ သိပ်ရှားတဲ့စာအုပ်ပါ။ သစ်ပုတ်ပင်က လက်သီးဆုပ်ပုံဖြစ်နေပါတယ်။ ပန်းချီဆရာက နောင်တစ်ချိန်မှာ ဂရုပ်ဖစ်ဒီဇိုင်း ကျော်မင်းမောင် ဖြစ်လာမယ့် "ကျော်မင်းမောင်" ဖြစ်ပါတယ်။

ဒါ ၇ ရုလိုင်နဲ့ မဆိုင်ဘူးလို့တော့ ပြောလို့မရဘူးထင်တယ်။ ဦးသန့်အရေးအခင်းအပြီးမှာ ထုတ်ခဲ့တာဖြစ်ပေမယ့် ဖြစ်ခဲ့သမျှ အရေးအခင်းတွေအားလုံးကို မြဲမြဲ သရုပ်ဖော်ထားတယ်လို့ထင်တယ်။

ပထမဆုံးကတော့ ရန်ကုန် ဗိုလ်ရှင်နဲ့ သိပ္ပံတက္ကသိုလ်ဆိုတဲ့ တဲ ။ ကုန်းဆိုတဲ့ နေရာမှာ ၊ နဲ့ နယ်ရဲ့ ခြေထောက်ကို ထိစပ်ခမန်းလုပ်ထားတဲ့အတွက် ရန်ကုန်မဟုတ်ဘဲ ရန်ကျွန်ဆို သလိုမျိုးဖြစ်နေအောင် တမင်လုပ်ထားတယ်လို့ဆိုတယ်။ တချောင်းငင်တွေ၊ နယ်ခြေထောက်တွေကို ပုံမှန်ထက်ရှည်နေအောင် လုပ်ထားတယ်။

သစ်ပုတ်ပင်ရဲ့အကိုင်းအခက်တွေက ကာဒေါင်းကနေတဲ့ပုံ၊ အဲ့သည် သစ်ခက်တွေကြားထဲမှာလည်း သရုပ်ဖော်ထားတဲ့ပုံတွေရှိတယ်လို့ မှတ်မိနေတယ်။ အသားတဲ့သူက အရောင် အမှိန်အမျိုးတွေနဲ့

www.burmeseclassic.com




သစ်ခက်လိုင်းတွေ စပ်ဟပ်လို့ ပုံဖော်ထားလို့ သေချာစိုက်ကြည့်မှ မြင်ရမှာမို့လို့ မှုရင်းအရောင်စိုစိုစာအုပ်ကို ကြည့်မှ ရေးရေးတွေ့ရလိမ့်မယ်ထင်တယ်။ မှတ်မိသလောက်တော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်ကိုယ်တော်မှိုင်း ဦးခေါင်းပုံတွေလို့ဆိုတယ်။

သစ်ပုတ်ပင် ပင်စည်ကြီးက လက်သီးလက်မောင်းတန်းလို့ ဟစ်ကြွေးနေပုံပေါ့။ လက်မှာ သွေးတွေစီးကျနေတယ်။ ဘွဲ့နှင်းသဘင် အဆောက်အဦခေါင်မိုးပေါ်မှာ ဘုန်းကြီးတစ်ပါးရဲ့ ရုပ်ကလာပ်ကို ပြင်ထားတယ်။

ဘွဲ့နှင်းသဘင်ရှေ့က ခြသေ့်ရုပ်က ခွေးပုံဖြစ်နေသတဲ့။ နောက် အောက်ကို ဆက်ဆင်းလာရင် ပုံရဲ့ညာဘက်ထောင့်ကို ဗဟိုထားပြီး အစိမ်းရောင် အစက်အပြောက်တွေက စက်ဝန်းတစ်ခုရဲ့ လေးပုံတစ်ပုံလောက်ရှိနေလို့ သည်လိုပုံလေးခု ထောင့်ချင်းဆိုင် ဆက်လိုက်ရင် လွမ်းသူ့ပန်းခွေတစ်ခုရတယ်တဲ့။ အဲ့သည်ထဲမှာတော့ ခုံတန်းလျား အဖြူရောင်လေးတစ်ခုဟာ ခြေထောက်တစ်ဖက်ပဲ ရှိသမို့ ၇ (၇) ဆိုတဲ့ သင်္ကေတကို ထင်ထင်ရှားရှားကြီး မြင်နေရတယ်။ ပုံတစ်ခုလုံးဟာ စိတ္တဇဆန်ဆန် ရေးဆွဲထားပြီး အစက်အပြောက်တွေက အရောင် အနုအရင့်တွေ သုံးထားလို့မို့ မရေရာတဲ့ပုံရိပ်တွေ အများကြီးဖြစ်နေတော့တာ။

ဒီမဂ္ဂဇင်းနဲ့ပတ်သက်ပြီး ကျောင်းစာသင်နှစ် (academic year) ကိုပြောချင်ပါတယ်။

၁၉၇၄–၇၅ ပညာသင်နှစ်ကို ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၁ရက်နေ့မှာ စတင်ခဲ့တယ်။ ဒီဇင်ဘာလမှာ ကွယ်လွန်သူ ကုလသမဂ္ဂအတွင်းဝန်ချုပ်ဟောင်း ဦးသန့်ရှာပနကိစ္စကြောင့် တက္ကသိုလ်နှင့်ကောလိပ်များကို ရက်အကန့်အသတ်မရှိ ထပ်မံပိတ်လိုက်ပါတယ်။ ၁၉၇၅ မေလမှာ တက္ကသိုလ်နှင့်ကောလိပ်များကို ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ ထိုနှစ် ဇွန်လမှာ သမိုင်းအရေးအခင်းဖြစ်ပြီး တက္ကသိုလ်နှင့်ကောလိပ်များကို ရက်အကန့်အသတ်မရှိ ထပ်မံပိတ်လိုက်ပါတယ်။ အတန်းတင်စာမေးပွဲများကို ဇူလိုင်နှင့် သြဂုတ်လများမှာ မြို့နယ်အလိုက်ကျင်းပခဲ့ပြီး ၁၉၇၄–၇၅ ပညာသင်နှစ်ဟာ ပြီးဆုံးခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်အတွင်း တက္ကသိုလ်နှင့်ကောလိပ်များကို ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိခဲ့ပါ။ ၁၉၇၆ ခုနှစ် ဇန်နဝါရီလမှာ ၁၉၇၅–၇၆ ပညာသင်နှစ်အတွက် တက္ကသိုလ်နှင့်ကောလိပ်များကို ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ ယင်းနှစ် မတ်လမှာ သခင်ကိုယ်တော်မှိုင်း ရာပြည့်အထိမ်းအမှတ် အရေးအခင်းကြောင့် တက္ကသိုလ်နှင့်ကောလိပ်များကို ရက်အကန့်အသတ်မရှိ ထပ်မံပိတ်လိုက်ပါတယ်။ အောက်တိုဘာလမှာမှ တက္ကသိုလ်နှင့်ကောလိပ်များ၏အတန်းများအားလုံးကို ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီဇင်ဘာလမှာ ကျောင်း တစ်လပိတ်ပါတယ်။ ၁၉၇၅–၇၆ ပညာသင်နှစ်အတွက် တက္ကသိုလ်နှင့်ကောလိပ်များ၏ အတန်းတင်နောက်ဆုံးစာမေးပွဲများအားလုံးကို ၁၉၇၇ ခုနှစ် မတ်လမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အထက်ပါ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ၁၉၇၅–၇၆ ကို ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ကျောင်းပြန်အဖွင့်မှ ထုတ်ဝေခဲ့ခြင်း ဖြစ်ပါတယ်။


ဘွဲ့နှင်းသဘင်အဆောက်အဦကြီးရဲ့ အနောက်မှ အပြာရောင်ပုံများဟာ အုတ်ဂူတွေကို ရည်ညွှန်းထားတာလို့ မှတ်သားရဖူးတယ်။ ညာဖက်က ကုံကော်တောနေရာမှာ အစိမ်းရောင်တွေနဲ့ သစ်ပင်သစ်ရွက်ပုံတွေကို ရေးဆွဲထားပေမယ်လို့ အသေအချာကြည့်ရင် ကျောင်းသားများ၊ သံဃာတော်များပုံ၊ လဲကျနေတဲ့ပုံတွေကို မြင်နိုင်ပါတယ်။ သစ်ပုတ်ပင်ပေါ်မှာလည်း ကျောင်းသားများ၊ သံဃာတော်များပုံ ပါရှိသေးတယ်။

အဲဒီနှစ်လည်မဂ္ဂဇင်းကိုထုတ်ဝေချိန်မှာ လမ်းစဉ်ပါတီဗဟိုကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ချမှတ်ပေးလိုက်တဲ့ "ငြိမ်းချမ်းစွာပညာသင်ကြားရေး" မူဝါဒလမ်းစဉ်ကြောင့် မျက်နှာဖုံးကို ဆင်ဆာလွတ်ငြိမ်းခွင့် ပေးလိုက်တယ်လို့ နောင်နှစ်ပေါင်းကြာမှ ပြန်ကြားသိရပါတယ်။

**(Credit to Myanmar Cupid)**

www.burmeseclassic.com





ဘဝတစ်ကွေ့မှ မေ့မရသေးသည့် တက္ကသိုလ် (၂)

# ပျံသာယာပျံပါလွှတ်မြောက်ရာသို့

◆ နောင်ကျော်

စာသင်ခန်းထဲသို့ရောက်ပြီး သိပ်မကြာခင်မှာတဲ့ ကျွန်တော်တို့တတိယနှစ်ကို သင်မည့်ဆရာမကြီးဝင်လာသည်။ ဆရာမဒေါ်မြမြသန်းဖြစ်သည်။ ဒီတော့မှပဲ ယခုအချိန်သည် ကဗျာချိန်ဖြစ်သည်ကို သတိထားမိသည်။ စာသင်ခန်းထဲမှာတော့ ကျောင်းသားကျောင်းသူအကုန်နီးပါးရှိသည်။ မရောက်သေးတာဆိုလို့ ကျွန်တော့်မိတ်ဆွေကြီး ကိုအေးဝင်းအောင်ပဲ ဖြစ်မည်။

ဆရာမအခန်းထဲဝင်လာတော့ ပြဋ္ဌာန်းပုံနှိပ်စာအုပ်နှင့် လက်ရေးလိုက်မှတ်ဖို့ ဗလာစာအုပ်ကို ထုတ်လိုက်ကြသည်။ ကျွန်တော်လည်း ခုံရှည်စားပွဲအောက်ဆင့်တွင်တင်ထားသော လွယ်အိတ်ထဲမှ ကဗျာစာအုပ်နှင့် ဗလာစာအုပ်ကိုထုတ်ပြီး စားပွဲပေါ်သို့တင်သည်။ ဘေးနားမှာထိုင်နေသော ကိုပါက လှန်ထားသည့် သင်ခန်းစာ စာမျက်နှာကိုကြည့်ပြီး အဲဒီစာမျက်နှာသို့ လှန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မဟာသီလဝံသရေးသော သံဝရပျို့ထဲမှ ကောက်နုတ်ချက်ဖြစ်သည်။ ပျားရည်ဖျန်းထားသောမြက်ကို တောထဲမှ သမင်အားကျွေးရင်း တဖြည်းဖြည်းနှင့် မြို့စပ်ဆီသို့ မျှားခေါ်သောအကြောင်းဟု မှတ်မိသည်။ ရသတဏှာနောက်သို့ ကောက်ကောက်ပါအောင် လိုက်တတ်ကြသော သက်ရှိသတ္တဝါတို့၏သဘာဝကို ကဗျာဖြင့် ဖွဲ့ပြရင်း သံဝရမင်းသားကို သွယ်ဝိုက်ပညာပေး (ဆုံးမ) သည့်အကြောင်းဖြစ်သည်။ သမင်ကိုလည်း သူကြိုက်သောအစာဖြင့် မျှားခေါ်၍ရသည်။ လူတွေကိုလည်း သူတို့တပ်မက်ရာနှင့် မျှားခေါ်၍ရသည်ဟူသောသဘော။ တကယ့်ဘဝထဲမှာတော့ လူတွေကို ပျားရည်ဆမ်းထားသော မြက်နှင့် မျှားခေါ်၍မရ။ လူတွေမှာက အကြိုက်တွေက များတတ်သည်။ ရာထူး၊ လုပ်ပိုင်ခွင့်၊ မျက်နှာသာပေးမှု၊ ငွေကြေး၊ တံစိုးလက်ဆောင်၊ အရက်၊ မိန်းမ ...စသည်ဖြင့် များပြားသည်။ ဘယ်သူတွေက ဘာမျိုးကြိုက်တတ်သလဲ ဆိုသည်ကို မျှားခေါ်မည့်သူတွေက လေ့လာထားပြီးသား။

ကျွမ်းကျင်သည့်မနုဿမုဆိုးတွေက သူတို့၏သားကောင်တွေအကြောင်းကို ကောင်းကောင်းကြီးသိသည်။ ထို့ကြောင့်လည်း ခေတ်တိုင်း ခေတ်တိုင်းတွင် အာဏာရှိသူ၊ ငွေရှိသူတွေ၏ လက်ကိုင်တုတ်ဖြစ်ခဲ့ရသူတွေက မနည်းလှ။ ဘာနှင့်မှဝယ်၍မရသောသူတွေကျတော့လည်း အမှန်တွေ၊ အငြိုးအတေးတွေ၏ဒဏ်ကို ခံကြရပြန်သည်။ ဤသည်ကပင်လျှင် ခေတ်သဘော၊ လူ့သဘော၊ လောကသဘောဟုပင် ပြောရမည်ထင်သည်။

စာသင်ချိန်ပြည့်သွားပြီး ဆရာမ အတန်းထဲက ထွက်သွားတော့ ကျွန်တော် လိုက်ရေးထားခဲ့သော လက်ချာက စာမျက်နှာတစ်ဝက်မျှပင် မရှိ။ လက်ချာလိုက်သောစာအုပ်က စာမျက်နှာ (၁၂၀) ပါသော ဗလာစာအုပ်ဖြစ်သည်။ အတန်းတက်ချိန်က နည်းသောကြောင့် တက်ဖြစ်သည့်အချိန်တွင် နေ့စွဲတပ်၊ ဘာသာရပ်အမည်ရေးပြီး ထိုစာအုပ်တစ်အုပ်ထဲတွင်ပင် လိုက်မှတ်လေ့ရှိသည်။ ဗလာစာအုပ်မရှိ၍ မဟုတ်။ ကျောင်းဖွင့်စရက်ကတည်းက ကျောင်းဝင်ကြေးသွင်းထားသော ပြေစာဖြင့် ကုန်ဝယ်ကတ် (ထင်သည်) သွားလုပ်၍ရပြီး ထိုကတ်ဖြင့် တက္ကသိုလ်ကျောင်းသားများအတွက် စာရေးကိရိယာရောင်းပေးသောဆိုင် (အဲဒီနှစ်က လှည်းတန်းမီးပွိုင့်ထိပ်နားက လိပ်ပြာတောင်) မှာ သွားဝယ်ရသည်။ ဗလာစာအုပ် ၂ ဒါဇင် (စာမျက်နှာ ၁၂၀ က တစ်ဒါဇင်နှင့် စာမျက်နှာ ၈၀ က တစ်ဒါဇင်)၊ အင်္ဂလိပ်အဘိဓာန်တစ်အုပ်နှင့် စာရေးကိရိယာ တချို့ကို ရောင်းချပေးသည်။ ထိုနေရာသည် နောက်ပိုင်းတွင် ဆံသဆိုင်၊ ပြီးတော့ အထပ်မြင့် ပြည်မြန်မာကုန်တိုက်ဖြစ်လာသည်။

တတိယနှစ်တွင် ကျွန်တော်ကျောင်းတက်ချိန်က သိပ်မများသဖြင့် လက်ချာလိုက်ဖို့ စာမျက်နှာ (၁၂၀) ပါသော ဗလာစာအုပ်။(၂) အုပ်နှင့်ပင် ကျွန်တော့်အတွက် လုံလောက်ခဲ့သည်။ တကယ်တမ်း အတန်းမှန်မှန်တက်ပြီး လက်ချာမှန်မှန်လိုက်သူများအတွက်ကတော့ ဗလာစာအုပ်အများကြီးကုန်မှာသေချာသည်။ မေဂျာ (အဓိကဘာသာ) မှာပင် မေးခွန်းသုံးခုရှိသည်။ ဝတ္ထုနှင့် စကားပြေ၊ ကဗျာ၊ ကျောက်စာနှင့် ဘာသာဗေဒ၊ သဒ္ဒဗေဒတို့ဖြစ်သည်။ မိုင်နာ (ဘာသာတွဲ) တွင် ဒဿနိကဗေဒ (ရသပညာ)၊ ပါဠိ (အရှေ့တိုင်း)၊ အင်္ဂလိပ်စာနှင့် မသင်မနေရဖြစ်သော နိုင်ငံရေးသိပ္ပံ (မဆလသဘောတရား) တို့ဖြစ်သည်။ နိုင်ငံရေးသိပ္ပံကတော့ နောက်ဆုံးနှစ် (စတုတ္ထနှစ်) အထိမသင်မနေရ မဖြေမနေရ ဘာသာတွဲဖြစ်သည်။

ကျွန်တော်က တတိယနှစ်ကျောင်းသားဘဝရောက်တော့ တက္ကသိုလ်ကျောင်းသားတိုင်း ကျွမ်းကျင်စွာ တတ်မြောက်ကြသည့်အတန်းလစ်ခြင်းအမှုကို ထူးချွန်စွာ တတ်မြောက်နေပါပြီ။ ဒုတိယနှစ် ကျောင်းသားတုန်းက အတန်းလစ်ခြင်းကို နည်းနည်းပါးပါး တတ်သည်။ တတိယနှစ် ဆက်မတက်ဘဲ လုပ်ငန်းခွင်သင်တန်း (မြန်မာ့အလင်းသတင်းစာတိုက်မှာ) တစ်နှစ်ဆင်းတော့ စာသင်ခန်းနှင့် လုံးဝ ဝေးကွာခဲ့သည်။ သင်တန်းတစ်နှစ်ပြီး၍ အလုပ်မစောင့်တော့ဘဲ ကျောင်းပြန်တက်သောအခါ စာသင်ခန်းသည် ကိုယ်နှင့်သူစိမ်းပြင်ပြင်။ စာသင်ခန်းနှင့် ရင်းနှီးယဉ်ပါးလာအောင် မနည်း ကြိုးစားယူရသည်။ ကျောင်းသားစိတ်ကို မနည်းသွင်းယူရသည်။

ယခုလည်း စာသင်ချိန်တစ်ချိန်တက်ပြီးသောအခါ ကိုအေးဝင်းအောင် ရောက်လာသည်။ 'အတန်းထဲ ဝင်ဦးမလား' ဟု မေးတော့ ကင်တင်း(န်) သွားရအောင်ဟုပြောသည်။ ကျွန်တော်လည်း လွယ်အိတ်ကိုလွယ်၍ အခန်းထဲမှ ထွက်ခဲ့သည်။ တောင်ငူကင်တင်း(န်)ရောက်တော့ အရှည်ကြီးလက်ဖက်ရည်ဆိုင်ထဲမှ စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်သည်။ လက်ဖက်ရည်ချိုပေါ့ကျ နှစ်ခွက်မှာသည်။ သူက အိတ်ထဲမှ ဆေးပေါ့လိပ်ကို ထုတ်ယူသည်။ 'နွား' ဟုခေါ်ကြသော သနပ်ပင် မကျင်လှ ဆေးပေါ့လိပ်။ ကျွန်တော်ကလည်း လွယ်အိတ်ထဲမှာပါလာသော ကျားမသန်းဒွေး ဆေးပေါ့လိပ်နှင့် မီးခြစ်ကို ထုတ်သည်။ လက်ဖက်ရည်ရောက်လာတော့ သောက်ရင်း၊ ဆေးလိပ်ဖွာရင်း စကားထိုင်ပြောကြသည်။ စာအုပ်အကြောင်း၊ နိုင်ငံရေးနောက်ခံဝတ္ထုတွေ အကြောင်း၊၊ ပြောနေကျအကြောင်းအရာများ။

ခဏနေတော့ သမိုင်းအဓိကဖြင့် စတုတ္ထနှစ် (နောက်ဆုံးနှစ်) တက်နေသော ကိုမေဓါ ရောက်လာသည်။ သူရောက်လာတော့ နိုင်ငံရေးအခြေအနေပြောသောဘက်သို့ စကားလမ်းကြောင်းက ပြောင်းသည်။ ကျွန်တော်တို့ကဆိုင်အမိုးအောက်မှာ ထိုင်နေကြတာ ဖြစ်သည်။ ဆောင်းရာသီမို့ နေ့ခင်းနေရောင်က စူးစူးရှရှရှိသည်။ လှမ်းမြင်နေရသော တောင်ပိန္နဲပင်ကြီး၏အရိပ်အောက်မှာ စားပွဲခုံတွေ မရှိသေး။ ကျောင်းသားအရေအတွက်နှင့် ကင်တင်းန်က ကျပ်ကျပ်တည်းတည်းမဖြစ်သေးတာလည်း ပါမည်။ ရာမညဆောင်သို့ ဥပဒေနှင့် စိတ်ပညာဌာန ရောက်မလာသေး။ တောင်ငူဆောင်မှာ မြန်မာစာတစ်ဌာနတည်းရှိပြီး အင်္ဂလိပ်စာမရောက်လာသေး၍ ကျောင်းသားက နည်းနည်းလေး။ အမရဆောင်မှာ သမိုင်းဌာနရှိပြီး ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

သားအများကြီး မရှိသေး။ မန္တလေးဆောင်မှာ ဘူမိဗေဒရှိသော်လည်း သူ့မှာက ကျောင်းသားအများကြီးမဟုတ်။ တောင်ငူကင်တင်းနှ်နှင့် ဦးချစ်ဆိုင်က ဒီဝန်းကျင်တွင် ရှိနေသော စားသုံးသူအရေအတွက်နှင့် အဆင်ပြေသည်။

ကျောင်းသားကျောင်းသူများပြီး အချောအလှပေါသော သိပ္ပံဘက်နှင့် ဝိဇ္ဇာခန်းမဘက်ဆီသို့ ဂိုအော်လော်ဂျီမှ ကျောင်းသားတွေ အပါအဝင် ဒီဘက်ခြမ်းမှ ကျောင်းသားတွေက သွားရှိတ်လေ့ရှိတာကြောင့်လည်း ဖြစ်မည်။ တောင်ငူကင်



တင်းနိမှာ နောက်ပိုင်းနှစ်တွေလို ထမင်းစားချိန်တွင် ပြည့်ကျပ်နေတာမျိုးမရှိ။ ထိုအခါကျောင်းသားမဟုတ်သော လူစိမ်းတွေမျိုးဆိုလျှင် သိသာမြင်သာသည်။ ကိုယ့်စားပွဲဝိုင်းနှင့်ကိုယ် နိုင်ငံရေးစကားပြောနေသောအချိန်မျိုးတွင် ဘေးဝိုင်းမှာလာထိုင်သူက မသင်္ကာစရာဟု စိတ်ထဲတွေးမိလျှင် စကားလမ်းကြောင်း ပြောင်းပြီး ရယ်စရာတွေ၊ ဗရုတ်သုတ်ခတွေ ပြောလေ့ ရှိသည်။ မသင်္ကာစရာဟုထင်မိသူတွေက ကျောင်းသားအရွယ်မဟုတ်သူတွေ။ သူတို့က တစ်ယောက်ချင်းထိုင်နေတတ်ပြီး သတင်းစာထိုင်ဖတ် (ချင်ယောင်ဆောင်) ပြီး ပတ်ဝန်းကျင်ကို မျက်စိတွေ၊ နားတွေနှင့် ခိုးကြည့်ခိုးနားထောင်သူတွေ ဖြစ်သည်။ အဲဒီတုန်းက ကျောင်းထဲမှာ လမ်းစဉ်လူငယ်အဖွဲ့ရှိသော်လည်း ထောက်လှမ်းရေးကိစ္စကို ကျောင်းသားထဲမှာ များများစားစားမွေးထားနိုင်ပုံ မရသေးဟုထင်သည်။ နောက်ပိုင်း (၂) နှစ်လောက်အထိ တောင်ငူကင်တင်းနိဝန်းကျင်မှာ ကျောင်းသားထဲမှ မသင်္ကာစရာကောင်းသူဆိုတာကို မတွေ့ရသေး။

ကျွန်တော် ဒုတိယနှစ်တက်နေရင်း နှစ်လယ်ပိုင်းလောက်တွင် အတန်းထဲမှ လမ်းစဉ်လူငယ် (ခေါင်းဆောင်ဖြစ်ပုံရသည်) ကျောင်းသားတစ်ယောက်က လာစည်းရုံးဖူးသည်။ သူက ကျွန်တော့်ကို အစ်ကိုဟုခေါ်သည်။ ပြီးတော့ လမ်းစဉ်လူငယ်ဝင်ဖို့ပြောသည်။ ကျွန်တော်က 'မဝင်ချင်ဘူးဗျာ' ဟု ရယ်ရယ်မောမော ပြောလိုက်သည်။ ဒါကို သူကဆက်၍ စည်းရုံးလျှင် ရနိုင်ခြေရှိသည်ဟု ထင်သွားပုံရသည်။ တကယ်တော့ ကျွန်တော် ခပ်ငယ်ငယ် ရှစ်တန်းကျောင်းသားဘဝကတည်းက အလယ်တန်းကျောင်းမှာ လမ်းစဉ်လူငယ်လာဖွဲ့သည့်အခါ (ဘာမသိဘာမသိဘဲ) ဆရာတွေက ဝင်ရမည်ဆိုသဖြင့် လမ်းစဉ်လူငယ်ဖြစ်ခဲ့ပြီးသား။ သို့သော် ဘာလှုပ်ရှားမှုထဲမှာမှ မပါဝင်ခဲ့။ နိုင်ငံရေးသိ၍၊ နားလည်၍မဟုတ်ဘဲ ကိုယ့်ဘာသာနေတတ်သလို နေလာခဲ့တာ ဖြစ်သည်။ ဆယ်တန်းကျောင်းသားဖြစ်ချိန်တွင် မြို့နယ်လမ်းစဉ်လူငယ်အတွင်းရေးမှူး လုပ်သူကို မျက်စိနောက်ပြီး ကြည့်မရသဖြင့် မပတ်သက်ခဲ့တော့ပါ။ ဒေသကောလိပ်ပထမနှစ်တွင် လမ်းစဉ်လူငယ်ဖွဲ့စည်းရေးကိစ္စတွေနှင့် တွေ့ရပြန်သည်။ အတန်းထဲမှ သူငယ်ချင်းတွေခေါ်သဖြင့် ဗိုလ်တထောင်မြို့နယ် ပါတီယူနစ်ရုံးက လမ်းစဉ်လူငယ်ရုံးခန်းသို့ တစ်ခေါက်ရောက်ဖူးသည်။ ကျွန်တော်က ရန်ကုန်ဒေသ (၁)၊ ဗိုလ်တထောင်မှာ တက်ရတော့ ဗိုလ်တထောင်နှင့် အဲဒီလို ပတ်သက်ခဲ့တာ ဖြစ်သည်။ သို့သော် ခပ်ခွာခွာပြန်ပြီး နေဖြစ်ခဲ့သည်။ လူငယ်ဘဝတွင် လမ်းစဉ်လူငယ်ခေါင်းဆောင်တချို့၏ အချိုးမပြေ၊ ထောင့်မကျိုးတာကို အမြင်ကတ်တာကြောင့် ဖြစ်မည်။ ပြီးတော့ ကျွန်တော်က အလုပ်တစ်ဘက်နှင့် ကျောင်းတက်နေသူ။ ညဘက်တွင် ရပ်ကွက်ကောက်စီစာရေးလုပ်ပြီး နေ့ခင်းဘက်ကျောင်းတက်ရသူဖြစ်၍ အချိန်မပေးချင်တာကြောင့်လည်း ဖြစ်မည်။ အစိုးရကောင်းတာ၊ မကောင်းတာကို သိပ်ပြီး သိ၍မဟုတ်။

ကျောင်းသားလှုပ်ရှားမှုသမိုင်းတွင် ၁၉၇၄ ဒီဇင်ဘာလ ဦးသန့်အရေးအခင်း၊ ၁၉၇၅ ဇွန်လ အလုပ်သမားလှုပ်ရှားမှုနှစ်ပတ်လည်၊ ၁၉၇၆ မှိုင်းရာပြည့်အရေးအခင်းတွေက ဆက်တိုက်ဖြစ်ခဲ့သည်။ သေကြေခဲ့ကြသော၊ ဒဏ်ရာရခဲ့ကြသော၊ ထောင်ကျခဲ့ကြသော ကျောင်းသားလှုပ်ရှားမှုများက (၃) နှစ်ဆက်တိုက်ဖြစ်ခဲ့သည်။ ထိုအခါတွင် တက္ကသိုလ်တွေမှာ စုမိနေသော ကျောင်းသားအင်အားစုကြီးကို ဖြိုခွဲဖို့ ကြံစည်သောအခါ ပညာရေးစနစ်တွေ သစ်ပြီးရင်းသစ်ခဲ့သော မဆလခေတ်ပညာရေးထဲတွင် ဒေသကောလိပ်ကျောင်းတွေ ပေါ်လာခဲ့ခြင်း ဖြစ်သည်။ မက်လုံးများနှင့်အတူ။

၁၉၇၆ တွင် (၁၀) တန်းအောင်ပြီးစ မအူမလည်ကျောင်းသားငယ်တွေကို လမ်းစဉ်လူငယ်လှုပ်ရှားမှုတွေဖြင့် စည်းရုံးရေးလုပ်ခဲ့ပုံရသည်။ တက္ကသိုလ်နှင့် ဒေသကောလိပ်ကို သီးခြားစီခွဲထုတ်လိုက်ခြင်းဖြင့် အစိုးရဆန့်ကျင်သော ကျောင်းသားမျိုးဆက်တွေ ထပ်ထွက်မလာအောင် သားကြော ဖြတ်ချင်ခဲ့ပုံရသည်။ အဲဒီတုန်းက တက္ကသိုလ်ကျောင်းသားတွေထဲမှာလည်း ပျော်ပွဲရွှင်ပွဲတွေလုပ်ပေးရင်း အစိုးရဆန့်ကျင်သော နိုင်ငံရေးဘက်သို့ အာရုံမရောက်အောင် လမ်းလွှဲပစ်ခဲ့တာမျိုးတွေကို မဆလစစ်အစိုးရက လုပ်ခဲ့သည်ဟုပြောသံကြားဖူးသည်။ တက္ကသိုလ်ကျောင်းသားတွေအနေဖြင့် တခြားလုပ်ချင်ရာလုပ်၊ နိုင်ငံရေး

www.burmeseclassic.com

မလုပ်ရင်ပြီးရောဆိုသည့် သဘောထားနှင့် လက်တွေ့ဆောင်ရွက်မှုကို အဲဒီကာလမှာ စတင်ကျင့်သုံးခဲ့ပုံရသည်။ မဆလစစ်အစိုးရ ကျင့်သုံးခဲ့သော ထိုလမ်းစဉ်ကို နောက်ပိုင်း နဝတ၊ နအဖနှင့် လက်ရှိအစိုးရအထိ ခြေရာလက်ခံကျင့်သုံးနေဆဲ ဟုပင် ပြော၍ရသည်။



ကျွန်တော့်ကို လမ်းစဉ်လူငယ်ဝင်ဖို့ စည်းရုံးသော ထိုကျောင်းသားက နောက်တစ်ကြိမ်လာပြီး စည်းရုံးပြန်သည်။ တစ်တန်းတည်းသားချင်းဖြစ်၍ မရင်းနှီးသော်လည်း သိနေကြသူတွေ ဖြစ်သည့်အလျောက် တစ်ရက်တွင် စာသင်ခန်းရှေ့ကော်ရစ်ဒါမှ အပြင်သို့ လှမ်းကြည့်ရင်းငေးနေသော ကျွန်တော့်အနားသို့ သူရောက်လာသည်။ နှုတ်ဆက်စကားပြောရင်းမှာပင်

"အစ်ကို လမ်းစဉ်လူငယ်ထဲဝင်ပါလား" ဟုပြောလာသည်။ ကျွန်တော်က သူ့ကို ဘယ်လိုပြန်ပြောရင်ကောင်းမလဲဟု စဉ်းစားရင်း ဖျတ်ခနဲအတွေးတစ်ခုရသည်။

"ခင်ဗျားကို ကျွန်တော်ပြစရာရှိတယ်၊ ဟိုဘက်အခန်းထဲကို ခဏသွားရအောင်"

ကျွန်တော်လက်ညှိုးထိုးပြသောအခန်းသည် စာသင်ခန်းအလွတ်ဖြစ်ပြီး ကျွန်တော်တို့စာသင်ခန်းနှင့် ကပ်လျက်မှာရှိသည်။ သူကလည်း စိတ်ဝင်စားပုံရသဖြင့် လိုက်လာသည်။ အခန်းထဲက စားပွဲခုံရှည်အလွတ်တစ်ခုမှာ ဝင်ထိုင်မိကြတော့ ကျွန်တော်က ကျောင်းသားကတ်အပါအဝင် ကတ်ပြားတွေ ထည့်ထားသောလွယ်အိတ်ကလေးကို ထုတ်ယူလိုက်သည်။ သူက ကျွန်တော့်ဘေးမှာထိုင်ရင်း ကျွန်တော့်ကို ကြည့်နေသည်။ ကတ်ပြားထည့်ထားသော အယ်လ်ဘမ်လိုအိတ်ကလေးထဲမှာ ကျောင်းသားကတ်တွေ၊ ဝန်ထမ်းကတ်တွေလည်း ပါသည်။ တစ်နေရာတွင်ပြသည့်ကတ်ပြားပါသောနေရာကို ခေါက်ပြီး သူ့ရှေ့သို့ထိုးပြသည်။

"ကျွန်တော်က ဒါလုပ်နေတာဆိုတော့ လမ်းစဉ်လူငယ်ဝင်ဖို့ လိုဦးမလားဗျာ"

သူက ကျွန်တော်ပြသော အသိအမှတ်ပြုကတ်ပြားကို ကြည့်ရင်းမှာပဲ ကျွန်တော့်ကို ရယ်ပြသည်။

"အဲဒါကို ကျွန်တော်မသိလို့ပါ၊ အစ်ကိုက ဒါလုပ်နေတာဆိုတော့ လမ်းစဉ်လူငယ်ဝင်ဖို့ မလိုတော့ပါဘူး။ ကျွန်တော် မသိလို့ပါ အစ်ကို၊ ဆောရီးနော်"

သူက ပြောပြောဆိုဆိုနှုတ်ဆက်ပြီး ထွက်သွားသည်။ ကျွန်တော်က တစ်ယောက်တည်းကျိတ်ပြီး ပြုံးနေမိသည်။ နောက်ပိုင်းတွေ့ချိန်များတွင် ကျွန်တော့်ကို နှုတ်ဆက်သော်လည်း လမ်းစဉ်လူငယ်ဝင်ဖို့ မပြောတော့ပါ။ နောက်ဆုံးနှစ်တွင် ခင်မင်သူများဖြစ်လာသော်လည်း ကျောင်းပြီးသွားချိန်အထိ ဤအကြောင်းကို သူက မပြောတော့ပါ။ ဘွဲ့ရပြီးချိန်တွင် အစိုးရဌာနတစ်ခု၌ အရာရှိငယ်အဖြစ် အလုပ်ရသွားသည်ဟုကြားရသော်လည်း ပြန်မဆုံဖြစ်တော့ပါ။

အဲဒီနေ့က စာသင်ခန်းအလွတ်ထဲတွင် သူ့ကို ကျွန်တော်ထုတ်ပြခဲ့သော ကတ်ပြားမှာ တခြားမဟုတ်ပါ။ မြန်မာ့အလင်းသတင်းစာတိုက်မှ ထုတ်ပေးထားသော သတင်းထောက်ကတ်ဖြစ်သည်။ ကတ်ပြားပေါ်တွင် ရာထူးနေရာ၌ 'မြို့နယ်သတင်းထောက်' ဟု လက်နှိပ်စက်ဖြင့် ရိုက်ထားသည်။ သူက သတင်းထောက်ဆိုတာကို 'ထောက်လှမ်းရေး' ဟုထင်သွားသည်လားမသိ။ အဲဒီခေတ်က သတင်းထောက်နှင့် ထောက်လှမ်းရေးကို မကွဲသူတွေက အများကြီး။ ကျွန်တော်က သတင်းသွားယူသောရုံးတစ်ရုံးမှာ ဤသို့မကွဲပြားသူ၊ ခွဲခြားနားမလည်သူတချို့ကို တွေ့ဖူးသည်။

မဆလခေတ်က မြို့နယ်သတင်းထောက်ဆိုသည်မှာ ရတော့ရခဲအလုပ် ဖြစ်သည်။ ကော်လံစားသတင်းထောက်ဖြစ်သည်။ မဆလခေတ်ထုတ် သတင်းစာများတွင် ဖော်ပြသောသတင်းများကလည်း မြို့နယ်အာဏာပိုင်တွေ၏ လှုပ်ရှားမှုနှင့်ဆိုင်သော အစည်းအဝေး၊ လုပ်အားပေးစသည့်သတင်းမျိုးတွေက များသည်။ ထိုအခါတွင် မြို့နယ်သတင်းထောက်က ပါတီ၊ ကောင်စီတွေနှင့် ပတ်သက်ရသည်။ တပူးတတွဲတွဲလုပ်ရသည်။ ဒီတော့လည်း သတင်းထောက်ကို ထောက်လှမ်းရေးဟု ထင်မိကြသည်က မဆန်းပါ။ သတင်းထောက်တချို့ကပင်လျှင် အာဏာပိုင်တွေ၏ သတင်းပေးအလုပ်ကို လုပ်ကြသောခေတ်ဖြစ်သည် မဟုတ်လား။

ကျွန်တော့်ကိုတော့ သတင်းထောက်အလုပ်ကို ပုံမှန်မလုပ်သဖြင့် သတင်းစာတိုက်က ဝမ်နင် (သတိပေးအကြောင်းကြားစာ) (၂) ကြိမ်ပို့ပြီးနောက် မြို့နယ်သတင်းထောက်ရာထူး ပြုတ်သွားခဲ့သည်။ ၁၉၈၂ နှစ်ဆန်းပိုင်းလောက်မှာ ဖြစ်သည်။

မြန်မာစာတတိယနှစ်တက်နေတုန်းကတော့ တစ်လမှ တစ်ပုဒ်၊ နှစ်ပုဒ်လောက်ပဲ သတင်းစာတိုက်မှာ သတင်းရေးဖြစ်သည်။ သို့သော် ရေးသောသတင်းက ပါချင်မှပါသည်။ တစ်ကော်လံ သတင်းတစ်ပုဒ်ကို လေးကျပ်ရသည်ဟု မှတ်မိသည်။ မြို့နယ်သတင်းထောက်လုပ်လျှင် သက်ဆိုင်ရာသတင်းစာတိုက်မှ သတင်းစာကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com

လှယ် ချပေးတတ်သည်။ သို့သော် ကျွန်တော်လုပ်သော မြန်မာ့အလင်းသတင်းစာက စောင်ရေနည်းသည်။ အဲဒီကာလက ကြေးမုံသတင်းစာက စောင်ရေအများဆုံးဟု သိရဖူးသည်။ လူဖတ်နည်းသော သတင်းစာ၏ သတင်းစာကိုယ်စားလှယ်အဖြစ် လုပ်ချင်စိတ်မရှိ၊ အချိန်လည်း မပေးနိုင်သောကြောင့် ကျောင်းပဲ တက်နေလိုက်သည်။ ကျောင်းစရိတ်အတွက် ညဘက်မှာ ကောင်စီစာရေးအလုပ်ရှိသည်ပဲလေ။

တတိယနှစ်တုန်းက တောင်ငူကင်တင်းနံတွင် ကိုအေးဝင်းအောင်၊ ကိုမေဓါနှင့် ကျွန်တော်တို့ပုံမှန်ထိုင်တတ်သော ဝိုင်းသို့ ကြေးမုံသတင်းစာတိုက်တွင် (လုပ်ငန်းခွင်သင်တန်းဆင်းအပြီး) စာပြင်ဆရာဝင်လုပ်နေသော ကိုတင့်လွင်နှင့် ၁၉၇၉ ခုနှစ်တွင် သိကျွမ်းခဲ့သော ကိုမင်းဇင်တို့က တစ်ခါတလေ လာတတ်ကြသည်။

ထိုနှစ်မှာပဲ ဆေးတက္ကသိုလ်(၂) (မင်္ဂလာဒုံ) မှာ တက်နေသော ကိုဇော်မင်းကို ကိုအေးဝင်းအောင်ကခေါ်လာပြီး မိတ်ဆက်ပေးသည်။ သူကလည်း နိုင်ငံရေးစိတ်ဝင်စားသူဖြစ်သည်။ ကိုမင်းဇင်နှင့် ကိုဇော်မင်းက တောင်ငူကင်တင်းနံမှာ တစ်ခါတလေ ဆုံတတ်သည်။ ကျွန်တော်တို့ တတွေ ဆုံကြလျှင် နိုင်ငံရေးအကြောင်းပဲ ပြောဖြစ်တာများသည်။ တချို့ညနေခင်းများတွင် ကိုအေးဝင်းအောင်နှင့်အတူ အင်းစိန် စက်မှုတက္ကသိုလ် (အာရ်အိုင်တီ) ရှေ့ ဘီပီအိုင်လမ်းထိပ်ထောင့်တွင် ကိုအေးဝင်း၏အစ်ကို ကိုထိန်ဝင်းအောင် (ကဗျာဆရာ ဗညားလင်း) ဖွင့်ထားသော နေဝန်းနှင်းဆီ စာအုပ်အငှားဆိုင်သို့ လိုက်သွားတတ်သည်။ ထိုဆိုင်တွင် ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ ခုနှစ်များက ကျောင်းသားလှုပ်ရှားမှုဖြင့် အဖမ်းခံရပြီး ထောင်ကျခဲ့သူတချို့နှင့် ဆုံရတတ်သည်။ ကိုထိန် (ဗညားလင်း) ကိုယ်တိုင်ကလည်း ကျောင်းသားဟောင်း၊ ထောင်ထွက် ဖြစ်သည်။ 'နေဝန်းနှင်းဆီ' မှာ စာအုပ်အဟောင်းတွေ တော်တော်များများရှိသည်။ အထူးသဖြင့် နိုင်ငံရေးဆိုင်ရာ စာအုပ်ဟောင်းတွေကို စိတ်ဝင်စားသော ပရိသတ်များအတွက် သီးခြားစီစဉ်ပြီး ငှားပေးသည်။ ကျွန်တော့်အတွက်တော့ (စာကြည့်တိုက်မှလွဲလျှင်) စာအုပ်အတော်စုံသော အငှားဆိုင်တစ်ခုဟု အသိအမှတ်ပြုထားသည်။ အာရ်အိုင်တီကျောင်းသားအတော်များများလာငှားဖတ်သော ဆိုင်လည်းဖြစ်သည်။

နေဝန်းနှင်းဆီစာအုပ်ဆိုင်သို့ရောက်လျှင် ကျွန်တော်ဖတ်ချင်သော စာအုပ်ကိုရှာပြီး ငှားသည်။ ပိုက်ဆံမပေးရပါ။ ပြီးလျှင် အာရ်အိုင်တီကင်တင်းနံသို့သွားပြီး လက်ဖက်ရည်ဆိုင်ထိုင်သည်။ တစ်ခါတလေတွင် ဘီပီအိုင်လမ်း၊ စိုက်ပျိုးရေးသုတေသနဝင်းထဲမှာနေသော အရာရှိသား ကိုဇော်မင်းလည်း လိုက်လာတတ်သည်။ နယ်မှ ရန်ကုန်သို့လာလည်သော ထောင်ထွက်တချို့လည်း ကျွန်တော်တို့နှင့် လက်ဖက်ရည်ဆိုင်လိုက်ထိုင်တတ်သည်။

ရန်ကုန်တက္ကသိုလ်မှာ တတိယနှစ်တက်နေရင်း ဦးချစ်ဆိုင်ထိုင်လိုက်၊ တောင်ငူကင်တင်းနံထိုင်လိုက်၊ အာရ်အိုင်တီ ကင်တင်းနံသွားထိုင်လိုက်၊ တစ်ခါတလေ တက္ကသိုလ်စာကြည့်တိုက်မှာ စာသွားဖတ်လိုက်နှင့် စာမေးပွဲဖြေရမည့်အချိန်သို့ ရောက်လာသည်။

စက်တင်ဘာလ စာမေးပွဲဖြေခါနီး ရက်ပိုင်းတွင် ကိုအေးဝင်းနှင့် ကိုမေဓါက သူတို့တောခိုဖို့ ဆုံးဖြတ်ထားကြောင်း ပြောပြသည်။ အဲဒီကာလက တောခိုစရာပါတီက ဗမာပြည်ကွန်မြူနစ်ပါတီပဲရှိသည်။ ကျန်သောတော်လှန်ရေးအဖွဲ့တွေက တိုင်းရင်းသားအဖွဲ့တွေဖြစ်သည်။ အဆက်အသွယ်ရပြီလားဟုမေးတော့ အဆက်အသွယ်မရှိ၊ ဒီအတိုင်းသွားမည်ဟု ဖြေသည်။ ဘယ်တော့လဲဆိုတော့ စာမေးပွဲဖြေပြီးခါစရက်ပိုင်းမှာတဲ့။ ကိုအေးဝင်းကို 'ခင်ဗျားအစ်ကိုသိသလား' မေးတော့ သူ့ကို အသိမပေးဘဲ သွားမည်ဖြစ်ကြောင်း ရှင်းပြသည်။

အဲဒီအချိန်တုန်းမှာ ကျွန်တော်က နိုင်ငံရေးစိတ်ဝင်စားသော်လည်း လက်နက်ကိုင်တော်လှန်ရေးလုပ်နေသော ဇရိယာသို့သွားဖို့ ပိုင်းဖြတ်ချက်က မရှိသေး။ ကိုဇော်မင်း၊ ကိုမင်းဇင်၊ ကိုတင့်လွင်တို့လည်း ကျွန်တော့်လိုပဲ ဖြစ်ကြပုံရသည်။ တောခိုမည်ဟု ဆုံးဖြတ်ထားသူက ကျွန်တော်တို့နိုင်ငံရေးဆွေးနွေးဖက်တွေထဲမှာ သူတို့ (၂) ယောက်တည်းဖြစ်သည်။

ဤသို့ဖြင့် စာမေးပွဲဖြေသည့်ရက်များတွင် ကျွန်တော်က ကိုအေးဝင်းအောင်နေသော အရှေ့ကြို့ကုန်းရှိ အိမ်မှာ ညအိပ်ပြီး စာကြည့်သည်။ (၂) ယောက်စလုံးက အတန်းမတက်ထားသူတွေဆိုတော့ စာမေးပွဲအတွက်ကြည့်ဖို့ လက်ချာလိုက်ထားသောစာက မရှိကြ။ ဒီတော့ ပုံနှိပ်စာအုပ်ကို ရှေ့ချပြီး ပြဋ္ဌာန်းစာအကြောင်းပြောကြ၊ ရောက်တတ်ရာရာ ပြောလိုက်ကြ၊ မနက်အိပ်ရာထ၊ ရေချိုးပြီး စာမေးပွဲသွားဖြေလိုက်ကြနှင့်ပင် စာမေးပွဲရက်ကို ကျော်နိုင်ခဲ့ကြသည်။ အပြင်စာတွေဖတ်ထားသည့်အခံနှင့်ပဲ စာမေးပွဲကို အသည်းအသန်ကြိုးပမ်းပြီး ဖြေခဲ့ကြသည်။ အောင်ခြင်းနှင့်ကျခြင်းက ၅၀ ရာခိုင်နှုန်းစီရှိနိုင်သည်ဟုပင် ပြောခဲ့ကြသည်။ အောင်မှာပါဟု သေချာပေါက်မပြောရဲခဲ့သော စာမေးပွဲ။

စာမေးပွဲပြီး၍ (၂) ရက်မြောက်သောနေ့တွင် ကိုအေးဝင်းနှင့် ကိုမေဓါက သူတို့အစီအစဉ်အတိုင်း စသည်။ နယ်သို့ပြန်မည့် ဥပဒေကျောင်းသားတစ်ဦးနှင့်အတူ ရထားစီးမည်။ သူတို့အိမ်တွေကိုတော့ နယ်မြို့သို့ အလည်သွားမည့်အကြောင်းပြောထားသည်။ မန္တလေးရောက်လျှင် လားရှိုးသို့ ဆက်တက်မည်။ လားရှိုးရောက်လျှင် တည်းမည့်နေရာကိုလည်း စီစဉ်ထားသည်။ အဲဒီမှာ အခြေအနေ စုံစမ်းစောင့်ကြည့်မည်။ အောက်တိုဘာ (၁) ရက် တရုတ်ပြည်လွတ်မြောက်ရေးနေ့တွင် ဖွင့်ပေးမည့် နယ်စပ်တံတားကို ဖြတ်ကျော်ပြီး တရုတ်ပြည်ထဲသို့ဝင်ကာ ထိုမှတစ်ဆင့် ပါတီသို့သွားမည်ဖြစ်ကြောင်းဖြင့် သူတို့အစီအစဉ်ကို ပြောပြသည်။

စာမေးပွဲပြီး၍ နယ်မှလာတက်သော အဆောင်ကျောင်းသားတွေလည်း တဖွဲဖွဲဖြင့် အိမ်သို့ ပြန်ကြလေပြီ။ သူတို့ (၂) ယောက်ကတော့ လွတ်မြောက်ဇရိယာသို့ တောင်ပံဖြန့်၍ ပျံသန်းကြပေတော့မည်။


**နောင်ကျော်**



www.burmeseclassic.com

www.burmeseclassic.com

# မောင်မှန်—
# နိုင်ငံ့ရေး ကိုယ့်ရေး ခွဲခြားနိုင်ပါစေ—



မောင်မှန်တို့ ဗမာပြည်မှာ ၁၉၄၈ ခုနှစ်တုန်းက အဖြစ်အပျက်တစ်ခုရှိပါတယ်။ ရန်ကုန်ကြည့်မြင်တိုင်ဟားကရာရဲ့တရုတ် အပေါင်ဆိုင်အပေါ်ထပ်ထပ်ခိုးမှာ လက်နက်အပြည့်အစုံနဲ့ တပ်ရင်းတစ်ရင်း ခိုအောင်းနေတယ်လို့ သတင်းဖြစ်ပေါ်ခဲ့ဖူးတယ်။ သတင်းဖြစ်ပေါ်တာကလည်း ဖဆပလအစိုးရအဝန်းအဝိုင်းမှာ အဲဒီသတင်းအရဆိုပြီး မတ်လ (၂၈) ရက်နေ့ ညသန်းခေါင်ကျော်မှာ (အဲဒီတရုတ်အပေါင်ဆိုင်ဟောင်းရှိ ရာ) ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်ကို အစိုးရကဝင်ရောက် စီးနင်းဖမ်းဆီးပါတော့တယ်။ ကွန်မြူနစ်ပါတီခေါင်း ဆောင်တွေ အကုန်ထွက်ပြေးကြရပြီး လက်နက်ဝေးလို့ အပ်တိုလေးတစ်ချောင်းတောင် မတွေ့ခဲ့ကြရပါဘူး။ ဒီလိုနဲ့ ပြည်တွင်းစစ်ကြီး စတင်ဟုန်း ဟုန်းတောက်ခဲ့ရပါတော့တယ်။

၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ သခင်ဗသိန်းတင်နဲ့ ဗိုလ်ချုပ်နေဝင်းတွေ့ကြတော့ ဗိုလ်ချုပ်နေဝင်းက အဲဒီတုန်းက ဦးကျော်ငြိမ်းက ကွန်မြူနစ်ပါတီဌာန ချုပ်အပေါ်ထပ်မှာ တပ်ရင်းတစ်ရင်း လက်နက်အပြည့်အစုံနဲ့ ပုန်ကန်ဖို့အဆင်သင့်ဖြစ်နေလို့ လက်ဦးမှုရရှိ တစ်ပြည်လုံးမှာ ဖမ်းဆီးရတာဖြစ်တဲ့အကြောင်း သူ့ကို ဦးကျော်ငြိမ်းက ပြောခဲ့သတဲ့။ ဒီတော့ သူက "ကိုကျော်ငြိမ်းရာ အဲဒီအပေါင်ဆိုင်ပေါ်မှာ ဘယ်နှယ့်လုပ်ပြီး တပ်ရင်းတစ်ရင်း နေလို့ရမှာလဲ" လို့ ပြန်ပြောခဲ့ရကြောင်း ဖော်ထုတ်ဝန်ခံထားတာ သမိုင်းမှတ်တမ်းတွေ အခိုင်အမာရှိပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈ အရေးတော်ပုံကြီး ကျပြန်တော့လည်း ရှေ့တန်းရောက်နေတဲ့ တပ်တွေကို ရန်ကုန်မြို့ထဲ ဗကပတွေ ဝင်စီးနေပြီဆိုပြီး နောက်တန်းပြန်ခေါ်ခဲ့တယ်။ မြို့ထဲရောက်တော့ ဆန္ဒပြနေတဲ့ ရဟန်းရှင်လူပြည်သူတွေကို အဲဒါဗကပတွေပဲဆိုပြီး ပစ်ခတ်နှိမ်နင်းခိုင်းခဲ့တယ်။ ပြည်သူတွေ အများအပြား သေကြေပျက်စီးခဲ့ရတယ်။ ၂၀၀၇ ရွှေဝါရောင်တုန်းကလည်း ဒီနည်းကိုပဲ သုံးခဲ့ပြန်တယ်။

ခုတစ်ခါ မဟာသင်္ကြန်သုခ အရေးတော်မှာလည်း သန်းခေါင်ယံစစ်ဆင်ရေးမစတင်မီ မှာကြားအမိန့်ရှိတော်မူတဲ့စကားက "ပါလာတဲ့ကားတွေအပြင် (တိုင်းရိုး) မှာထားခဲ့ပါ၊ မှန်လုံကားနဲ့သွားမယ်၊ နိုင်ငံခြားချည် သည်သဘောမျိုးနဲ့ ဝင်မယ်၊




www.burmeseclassic.com

သတ္တိရှိရှိနဲ့ သတ္တိထားဆောင်ရွက်ပါ။ အဲဒီမှာရှိတဲ့ ကိုယ်တော်တွေက ငယ်ဖြူတွေ မဟုတ်ဘူး၊ မြဝတီ၊ ကော့သောင်းဘက်က အလင်းဝင်တဲ့ ကောင်တွေကို ဝတ်ပေးထားတယ်လို့ ကြားတယ်''တဲ့။ သာသနာရေးဦးစီးဌာနက သတင်းစာ ရှင်းလင်းပွဲလုပ်တော့လည်း ကျောင်းထဲမှာ တုတ်၊ ဓါးလက်နက်တွေ ရှိကြောင်း သတင်းရထားတဲ့အတွက် အင်အားသုံးရတာလို့ပြောတယ်။ ကျောင်းကိုစီးနင်းချိတ်ပိတ်ရာမှာ ပါဝင်ခဲ့တဲ့ အမည်မဖော်လိုတဲ့ ရဟန်းတော်တစ်ပါးနဲ့ RFA ရေဒီယိုတို့ (၁၅. ၆. ၁၄) နေ့ နံနက်အင်တာဗျူးမှာ ရဟန်းတော်က ကျောင်းကို ဝင်စီးတော့ အထဲက သံဃာတွေက အသာတကြည်ပဲ လိုက်လာကြောင်း၊ ဘာခုခံမှုမှလည်း မရှိကြောင်း၊ သူကိုယ်တိုင်လည်း ဘာမှန်းမသိဘဲ လိုက်လာခဲ့ရကြောင်း၊ ခုလိုလုပ်ရတဲ့အတွက် ရှက်မိကြောင်း၊ ဒီကိစ္စဟာ သာသနာကို ညှိုးနွမ်းအောင် လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း မိန့်တော်မူပါတယ်။

ထင်တာတွေ အကုန်လုံး လွဲလေပြီဆိုတဲ့ ဆရာမောင်သစ်ရဲ့ခေါင်းစဉ်တစ်ခုကိုတောင် သတိရမိသေးတယ်။ အပေါင်ဆိုင်အပေါ်ထပ်မှာလည်း ဘာမှမရှိ၊ ရှစ်လေးလုံးအရေးတော်ပုံက ဆန္ဒပြသူများဟာလည်း တောတွင်းဗကပများ မဟုတ်၊ ရွှေဝါရောင်ကလည်း ဘယ်လိုခုခံကြမ်းဖက်မှုမှမရှိ၊ မဟာသန္တိသုခမှာလည်း အပ်တိုတစ်ချောင်းတောင် မတွေ့ခဲ့ရပါဘူး။ တကယ်ကတော့ ထင်တာတွေ မဟုတ်ပါဘူး၊ ဆင်တာတွေပါ၊ သေချာအကွက်ဆင်ထားတာတွေပါ။ (WMD တွေရှိတယ်ဆိုပြီး အီရတ်ကို အမေရိကန်က ဝင်တိုက်တာတောင် ၁၉၄၈ ဗမာပြည်ကို အတုယူလိုက်တာလား မသိပါဘူး။)

> **ဂုဒ်ပ ၄၃၆ ပြင်ဆင်ရေး လက်မှတ်တွေ ထိုးကြတော့ တော်ဝင်နှင်းဆီမှာ အနုပညာရှင်တွေက စတင်ရေးထိုးကြပါတယ်။ အဲဒီမှာ အနုပညာရှင်တစ်ယောက်က ပြည်သူတွေ ကြောက်နေမှာစိုးလို့ သူတို့က ရှေ့က ဦးဆောင်လုပ်ပြရတာပါ ဆိုတဲ့သဘောမျိုး ပြောသွားပါတယ်။ ဟုတ်တော့ ဟုတ်နေပါပြီ။**

ဒါကြောင့်ပဲ ၁၉၄၈ ပြည်တွင်းစစ် ဖြစ်ခဲ့ရတယ်။ ၁၉၈၈ စစ်တပ်အာဏာ လွှဲပြောင်းယူခဲ့ရတယ်။ ရွှေဝါရောင်အကျော်မှာ ၂၀၀၈ ဖွဲ့စည်းပုံထွက်လာတယ်။ မဟာသန္တိသုခကိုစီးနင်းခြင်းဟာ သံဃာ့ဥသျှောင်အဖွဲ့ကြီးကို စီးနင်းလိုက်တာပဲပေါ့။ နောက်နောင်ကို တာလီဘန်တွေ လက်နက်အပြည့်အစုံနဲ့ ဘယ်နေရာမှာ ရောက်နေပြီတို့ ခရစ်ယာန်အစွန်းရောက်တွေ၊ ဗုံးတွေနဲ့ ဘယ်မှာခိုအောင်းနေတယ်တို့ဆိုတဲ့ သတင်းထွက်ပေါ်လာနိုင်ခြေ ရှိပါတယ်။ မဟာသန္တိသုခက လူတကာမေးတဲ့ နမူနာလေးထုတ်ပြရုံ သက်သက်လောက်ပဲ ရှိပါသေးတယ်ခင်ဗျ။

မောင်မှန်တို့အတိတ်ကို ဆောင်ပြီးတဲ့အခါ ပစ္စုပ္ပန်ကို ပြန်လာပါရစေဦး။ ပုဒ်မ (၄၃၆) ပြင်ဆင်ရေး လက်မှတ်ရေးထိုးပွဲကြီးတွေ ပြည်လုံးအနှံ့ ခြိမ့်ခြိမ့်သဲဆင်နွှဲနေကြတာ အားရစရာကြီးပါ။ မောင်မှန်မထိုးရဲပေမယ့် ထိုးရဲတဲ့သူတွေ ထိုးကြတာ မုဒိတာပွားပါတယ်၊ အားပေးပါတယ်၊ လေးစားအားကျပါတယ်၊ ဒီလိုမျိုးကြီး ပါဝင်ရေးထိုးကြတဲ့အထဲ စာပေသမားတွေ၊ စာပေအဖွဲ့အစည်းတွေပါ ပါဝင်လာတာ တွေ့ရတော့ ပိုလို့တောင် နှစ်ထောင်းအားရဖြစ်မိသေးတယ်။ ကဗျာဆရာတွေ လက်မှတ်ရေးထိုးနေပုံကိုလည်း Facebook မှာ (သူများပြလို့) တွေ့လိုက်တယ်။ တစ်ချိန်တစ်ခါတုန်းက ကဗျာထဲ၊ စာထဲ နိုင်ငံရေးလေး နည်းနည်း (စိစစ်ရေးလွတ်သလောက်) ထည့်ရေးမိရင်ပဲ ဆွမ်းဆန်ထဲ ကြွက်ချေးရောမိသလိုလို၊ အနုပညာသန့်သန့်လေးကိုပဲ စော်ကားမော်ကားလုပ်မိသလိုလို ပြောဆိုရေးသားခဲ့သူတွေ ၄၃၆ ပြင်ရေး လက်မှတ်ထိုးနေတာ မြင်ရတော့ မောင်မှန် ပိုပြီးဝမ်းသာရတော့တာပေါ့။ ဩဘ်ဒီလူတွေ ရဲရဲတောက်လက်မှတ်တွေ ထိုးကုန်ကြပြီ။ ရဲရဲဝံ့ဝံ့ကြီးကို လက်မှတ်ထိုးကုန်ကြပြီဆိုပြီး ဝမ်းသာတာပေါ့။ သူတို့ အတွေးအခေါ်တွေ ပြောင်းကုန်ကြပြီ။ နိုင်ငံရေးဆိုတာ သူတို့အရေးလို့ သဘောပေါက်ကုန်ကြပြီဆိုပြီး ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်မိပါတယ်။ ဆရာဇန်းမော်တင်အောင်စကားနဲ့ပြောရရင် ခေတ်ကြီးက ကိုယ့်ပခုံးပေါ်တင်ပေးလိုက်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်လိုက်ကြပြီပေါ့။

အဲ ..ကိုဇာဂနာ စကားလေးကလည်း ခေါင်းထဲဝင်လာသေးရဲ့၊ ခင်လည်း ခင်တယ်၊ အားလည်း နာတယ်၊ ဒါပေမဲ့ ဆိုရေးရှိက ဆိုအပ်လှ၏။ ဆိုတဲ့စကား ရှိတယ်မို့လား။ ခင်ပေမယ့် အားနာပေမယ့် ပြောလိုက်ရပါဦးမယ်၊ အတိတ်ကို ပြန်ဆောင်လိုက်ရပါဦးမယ်၊ ရှစ်လေးလုံးအရေးတော်ပုံမှာ လူညီးနေလှအောင်းမြင်းဖောင်းမကျန် အားလုံးပါဝင်ခဲ့ကြတယ်ဆိုတာ တကယ် သိမီသူများ ကောင်းကောင်းသိပါတယ်။ ဒီလိုပါဝင်ကြရာမှာ အနုပညာရှင်တွေက ထိပ်ဆုံးကပေါ့။ မဆလတစ်ခေတ်လုံး ဘယ်လိုပဲဖြစ်ခဲ့ကြဖြစ်ခဲ့ကြ ခေတ်အပျက်မှာကြုံရာနေရာက ဝင်ရောက် ဆွမ်းကြီး လောင်းခြပါတယ်။



www.burmeseclassic.com


www.burmeseclassic.com

၁၉၇၄ ဖွဲ့စည်းပုံစာအုပ်ကို ဖနောင့်နဲ့ပေါက်သူကပေါက်၊ အလံကို မီးရှို့သူက ရှို့၊ တရားဟောစင်မြင့်တွေမှာ ရဲပတောင်းခတ်အောင် ပြောသူကပြောနဲ့ အနုပညာဒီမိုကရက်တစ်တွေအဖြစ် ကိုယ့်ကိုကိုယ် ခံယူလိုက်ကြပါတယ်။

ဒီလိုနဲ့ အခါတော်အချိန်ကျရောက်လို့ တိုင်းပြည်ကြီး ကယ်တင်ခြင်းခံလိုက်ရတဲ့အခါ အနုပညာဒီမိုကရက်တစ် တော်တော်များများဟာ အသံတိတ်သွားပါတော့တယ်။ တိတ်ရုံတိတ်သွားတာ ပြဿနာမရှိပါဘူး။ အခြေအနေအရပ်ရပ်အရ ဘာမှမလှုပ်ရှားနိုင်သော်လည်းဘဲ စစ်အာဏာရှင် စနစ်ကို မထောက်ခံဘဲ ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ နေတယ်ဆိုတာ ကောင်းတာပါပဲ။ ဒါပေမဲ့ အချိန်သိပ်မကြာခင်မှာပဲ ရဲရဲတောက် ကဗျာဆရာအချို့၊ စာရေးဆရာအချို့လည်း စစ်ဝါဒဖြန့် (ပေါ်လစီ) ဇာတ်ကားတွေရဲ့ ဇာတ်ညွှန်းရေးဆရာတွေ ဖြစ်သွားတယ်။ သရုပ်ဆောင်တွေကလည်း သရုပ်ဆောင်တွေလိုပါပဲ။ စင်တွေပေါ်မှာ သရုပ်ဆောင်ခဲ့တာနဲ့ ပြောင်းပြန်ပေါ်လစီကားတွေမှာ ပြန်သရုပ်ဆောင်ကြတယ်။ မောင်မှန်တို့လူငယ်ဘဝက အသည်းခိုက်ခဲ့ရတဲ့ စတီရီယိုအဆိုတော်ကြီးတစ်ယောက်ဆိုလည်း ဒီအတိုင်းပဲ။ မဆလခေတ်နှောင်းပိုင်းမှာ "သင်တုန်းကတော့ သင်လိုက်ရတဲ့ ပညာတွေ၊ ကမ္ဘာမြေကို အုပ်စိုးမလား မသိပေ" ဆိုတဲ့ မောင်မှန်တို့နိုးနားထောင်ခဲ့ရတဲ့ "ခေတ်လူငယ်ခြေကျ" သီချင်းကို ခုထိမမေ့နိုင်သေးပါဘူး။ ရှစ်လေးလုံးအရေးတော်မှာလည်း သူဟာ တက်တက်ကြွကြွ ပါဝင်ခဲ့တာပါပဲ။ ဒါပေမဲ့ ကယ်တင်ခံရပြီး သိပ်မကြာဘူး။ "တို့အသွေးလည်း မဟုတ်၊ တို့အသားလည်း မဟုတ်၊ တို့အမျိုးလည်း မဟုတ်တယ်" ဖြစ်သွားရော။ မောင်မှန်တို့လည်း အီလည်လည်ကြီး ဖြစ်ရတော့တာပေါ့။ ပစ်ရမှာလည်း အဆီတဝင်းဝင်း၊ စားရမှာလည်း သဲတရှပ်ရှပ်ဆိုတဲ့စကားပုံကို အဲတော့မှ မောင်မှန်ကိုယ်တွေ့ခံစားနားလည်နိုင်ခဲ့တယ်။

နောက် ရေး၊ ဆို၊ တီး ပညာရှင်ကြီးတစ်ယောက်ရဲ့ "မြန်မာပြည်ဆိုင်ရာကျောင်းသားသမဂ္ဂသည် ရာဇဝင်တွင်လောက်ပေသည်" ဆိုတဲ့ သီချင်းကလည်း ရှစ်လေးလုံးကာလတစ်ခုလုံး သပိတ်စခန်းတိုင်း၊ ဆန္ဒပြစစ်ကြောင်းတိုင်းရဲ့ ပင်တိုင်သီချင်းပဲ၊ အကုန်လုံးနားစွဲပြီး အလွတ်ရသွားတဲ့ သီချင်း။ ကယ်တင်ခြင်းနေ့ကို လွန်မြောက်ပြီး သိပ်မကြာခင်မှာပဲ မောင်မှန်တို့ မကြိုက်သော်လည်းဘဲ သူ့သီချင်းတွေကို နားထဲစွဲခဲ့ရပြန်ပါတယ်။ ရေဒီယိုနဲ့ရုပ်မြင်သံကြားက သူ့ပေါ်လစီသီချင်းသစ်တွေကို မပြတ်ထုတ်လွှင့်ပေးခဲ့လို့ပလေ။ ဒါလည်း အီလည်လည်ကြီးဖြစ်ရတာပါပဲ၊ မောင်မှန်ဒါတွေ ရေးနေတာ သွားလေသူ သူတို့ကို ပုဂ္ဂိုလ်ရေးနစ်နာစေလိုစိတ် လုံးဝမရှိပါဘူး။ ကိုယ့်လိပ်ပြာကိုယ်သိပါတယ်။ မောင်မှန်ကိုယ်တိုင်နှစ်သက် သဘောကျခဲ့တဲ့ အနုပညာရှင်တွေပါ။ ဒါပေမဲ့ သမိုင်းဆိုတာ ရှိပါတယ်။ သူတို့သမိုင်းဟာ သူတို့ရေးခဲ့တဲ့အတိုင်း ကျန်ရစ်မှာ အသေအချာပါပဲ။ ပြန်ပြင်ချင်လို့ မရတော့ပါဘူး။ ဒါကို မောင်မှန်က သာဓကလေး ထုတ်ပြတာပါ။ ဆရာကြီးတော့ မဟုတ်ပါဘူးခင်ဗျာ။

ဒါမျိုးကိစ္စတွေ ကမ္ဘာ့သမိုင်းမှာလည်း အများကြီးရှိတယ်။ ထင်ရှားတဲ့သာဓကကတော့ ကဗျာဆရာကြီး အက်ဇရာပေါင်းပါပဲ။ ၂၀ ရာစုရဲ့ အကြီးကျယ်ဆုံးကဗျာဆရာလို့ အီလီယော့ကို ဆိုကြပါတယ်။ အီလီယော့ရဲ့ကဗျာတွေကို တည်းဖြတ်ပေးရတာ



အက်ဇရာပေါင်းပါပဲ၊ အနီးသော အက်ဇရာပေါင်းဟာ နာဇီတွေနဲ့ ပေါင်းခဲ့တဲ့အတွက် သူ့သမိုင်းအမည်းကွက်ဟာ ဖျောက်ဖျက်လို့မရတော့ပါဘူး။ ဗမာ့သမိုင်းမှာလည်း ဆရာစံဂျူနီယာပုန်ကို သရော်စော်ကားရေးခဲ့တဲ့ ဘေးရေးဆရာ၊ ယူနီယံဂျက် အလံကြီးကိုင်ပြီး ကခဲ့တဲ့ဇာတ်မင်းသား စသဖြင့်အများကြီး ရှိခဲ့ပါတယ်။ သူတို့ကို ကြီးကြီးကျယ်ကျယ် စွဲချက်တင်ရရင်တော့ သမိုင်းကို မရှက်တတ်သူတွေပေါ့ခင်ဗျာ။


တလောက ပုဒ်မ ၄၃၆ ပြင်ဆင်ရေးလက်မှတ်တွေ ထိုးကြတော့ တော်ဝင်နှင်းဆီမှာ အနုပညာရှင်တွေက စတင်ရေးထိုးကြပါတယ်။ အဲဒီမှာ အနုပညာရှင်တစ်ယောက်က ပြည်သူတွေ ကြောက်နေမှာစိုးလို့ သူတို့ကရှေ့က ဦးဆောင်လုပ်ပြရတာပါဆိုတဲ့သဘောမျိုး ပြောသွားပါတယ်။ ဟုတ်တော့ ဟုတ်နေပါပြီ။ ဝါဒဖြန့်ဇာတ်ညွှန်းရေးဆရာတွေလည်း ပေါ်လစီမှ ဒီမိုကရေစီပြန်ဖြစ်လာကြပြန်ပါပြီ။ ခုနေတော့ ရဲရင့်ကြ၊ သတ္တိရှိကြ၊ ပြည်သူတွေကို ဦးဆောင်လမ်းပြကြနဲ့ ကောင်းပါတယ်။ ဘာမှသိပ်ပြောစရာမရှိပါဘူး။ ဒါပေမဲ့ စနစ်မခိုင်လို့ ခေတ်ယိုင်ခဲ့ရင်၊ စနစ်အခက်မှာ ခေတ်ပျက်ခဲ့ရင် ခုလိုပဲ ရဲရဲတောက်နီစွေးရဲပတောင်းခတ်နိုင်ဖို့ ခုကထဲက ပြင်ဆင်ထားကြရင်ကောင်းမယ်လို့ မောင်မှန် အကြံပြုချင်ပါတယ်ခင်ဗျာ။ မကြာခင်ဖြစ်လာနိုင်စရာတွေ ရှိပါတယ်။ ကိုဇာဂနာ စကားနောက်တစ်ခွန်းကလည်း မောင်မှန်ခေါင်းထဲစွဲလို့ ...၊ သိနေတယ်လေ။ ။

**မောင်မှန်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပျူသဝိ

# မဟာမိတ်ဖွဲ့နိုင်ရေးသမားဖို-
# ကစားကွင်းသွေးပါရဲ့ ကြေ



ဒီတစ်လ ဘာရေးရကောင်းမလဲလို့ စဉ်းစားကြည့်တော့ လက်ရှိကျင်းပနေတဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုပဲ မျက်လုံးထဲပြေးမြင်တယ်ခင်ဗျ။ ရာသီစာလေးပေါ့။ အောင်မာ ‥ မင့်မတော်မရာနဲ့ ဘောပွဲနဲ့ ဘာများဆိုင်သတုန်းမေး၊ ဖြေလို့ရပါတယ်။ ဘောလုံးပွဲတွေမှာလည်း ငိုအားထက်ရယ် အားသန်စရာ၊ အမြင်မတော်စရာတွေအများကြီးပါပဲ။ လွန်ခဲ့တဲ့လေးနှစ်၊ (၂၀၁၀) ကမ္ဘာ့ဖလားတုန်းကပဲကြည့်။ ပွဲကြိုရလဒ်ခန့်မှန်းတာတွေတော်ပါတယ် ဆိုတဲ့ ဆရာ့ဆရာလူသားကြီးတွေ ပက်လက်လန်သွားလောက်တဲ့အထိ ရေဘဝဲလေး ပေါလ်ရဲ့ခန့်မှန်းချက်တွေက နောက်ဆုံးဗိုလ်လုပွဲအထိကို နာမည်ကျော် ခဲ့တယ်မဟုတ်လား။

နောက်တစ်ခုရှိသေးတယ်။ ယူရို ၂၀၀၄ ပြိုင်ပွဲတုန်းကပေါ့။ အစဉ်အလာမရှိတဲ့ ဂရိအသင်းဟာ ကျန်တဲ့ ဥရောပ နာမည်ကျော်အသင်းတွေကို အဆင့်ဆင့်ဖြတ်ကျော်ပြီး ဥရောပဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူတို့အသင်းရဲ့ တောင့် တင်းလွန်းတဲ့ခံစစ်ကစားပုံကြောင့် ဗိုလ်စွဲခဲ့တာဖြစ်ပေမယ့် မယုံကြည်နိုင်စရာ ကောင်းတဲ့ ကမောက်ကမရလဒ်တွေကို မြင်တွေ့ခဲ့ရတာမို့ ပရိသတ်တွေကတော့ ဂရိအသင်းကို အထင်အမြင်လွဲမှားခဲ့ကြသေးတာပေါ့။ ဘယ်လိုလဲဆိုတော့ ဂရိတွေဟာ ဒဿနိကဆန်တဲ့လူမျိုး၊ မှော်ဆန်တဲ့လူမျိုးဖြစ်လို့ သူတို့ အခုလို ဗိုလ်စွဲတာက ဓာတ်ရိုက်ဓာတ်ဆင်ကောင်းလို့၊ အဆောင်ကောင်းတွေ ရှိလို့ ဖြစ်မယ်လို့ မတော်တရော်စွပ်စွဲခဲ့ကြတယ်လေ။

ဒီနှစ်ကျင်းပတဲ့ ကမ္ဘာ့ဖလားမှာလည်း ပြိုင်ပွဲမစခင်ကတည်းကကို စိတ်ဝင်စားစရာကောင်းတဲ့ သတင်းတွေက အပြိုင်းအရိုင်းထွက်နေခဲ့တာ။ ဒီပြိုင်ပွဲကို လက်ခံကျင်းပမယ့် အိမ်ရှင်ဘရာဇီးနိုင်ငံဟာ ကမ္ဘာ့ဖ လားပြိုင်မယ့် ဧည့်သည်တွေရောက်လာတာကိုလက်မခံရခင် ပြည်သူတွေရဲ့ ဆန္ဒပြမှုတွေကို အရင်ဆုံးလက်ခံခဲ့ရတယ်။ ကမ္ဘာ့ဖလားပွဲ ကစားမယ့် ဘောလုံးကွင်းတွေတည်ဆောက်ရာ


www.burmeseclassic.com

www.burmeseclassic.com

မှာ ငွေကြေးတွေပုံအောသုံးစွဲပြီး ပြည်သူတွေအတွက် လျာထားတဲ့ ပညာရေး၊ ကျန်းမာရေးအသုံးစားရိတ်တွေကို လျှော့ချပစ်ခဲ့လို့ ပြည်သူလူထုက မကျေမနပ်ဖြစ်ပြီး သပိတ်မှောက်တာကို ခံခဲ့ရတာပေါ့။

ဒါမျိုးကျ မောင်ဝါဝါတို့လူမျိုးက အေးဆေးပဲခင်ဗျ။ အစကတည်းက ဘာမှမရတော့ ဘာမှမရှိဘူး။ ဘာမှမရှိတော့ ဘာမှလည်းသုံးစွဲစရာမရှိဘူးပေါ့။ ဒါ့ကြောင့် လွန်ခဲ့တဲ့နှစ်က ကိုယ့်နိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ဆီး ဂိမ်းစ ပြိုင်ပွဲမှာ ကျင်းပရေးစားရိတ် ဘယ်လောက်ကုန်တယ်ပြောပြော ပြည်သူတွေက ဖြုံကိုမဖြုံတော့တာ။ ဆန္ဒလည်းပြဖို့ စိတ်ကူးမရှိခဲ့ကြပါဘူး။ စက တည်းကကို ကိုယ်နဲ့မဆိုင်မှန်းသိနေတော့ သူ့ဟာသူ ဘယ် နေရာသုံးသုံး၊ ဘယ်လိုပဲ ကုန်ကုန်လို့ သတ်မှတ်ထားကြပြီးသားကိုး။

ခုနက ဘရာဇီးပြည်သူတွေ ဆန္ဒပြတဲ့အကြောင်း ပြန်ဆက်ရရင် အဲဒီလို ဆန္ဒပြတာတွေ၊ ပြည်သူတွေရဲ့ မကျေနပ်မှုတွေကြုံနေရတဲ့ကြားထဲအဖွင့်ပွဲမှာ ဘရာဇီးအသင်းနောက်ခံလူ မာဆယ်လိုက ကိုယ့်ဂိုးကိုယ်အရင်ဆုံး စသွင်းလိုက်ပြန်တော့ ပရိသတ်တွေရဲ့ မကျေနပ်စိတ်က အထွဋ်အထိပ်ရောက်ကုန်တော့တာပဲ။ တော်သေးတာပေါ့ .. နေမာက ဂိုးတွေပြန်သွင်းပေးပြီး နောက်ဆုံးမှာ ခရိုအေးရှားကို အနိုင်ရသွားလို့။ နို့မို့ဆိုရင်တော့ ကွင်းပြင်က ပြဿ နာတွေ ကွင်းထဲကိုရောက်ချင်ရောက်လာမှာလို့ မောင်ဝါဝါ တွေးမိသေးတယ်။ ထားလိုက်ပါ .. အဲဒီထက်ပိုကောင်းတဲ့ သတင်းက သိပ်မကြာခင်ရက်အတွင်းမှာ ပေါ်လာပါလေရော။ အဲဒါလည်း ဘရာဇီးနဲ့တော့ နည်းနည်း ပတ်သက်နေသေးတာပဲခင်ဗျ။ အဲဒါကဘာလဲဆိုတော့ ..

မက္ကဆီကိုနိုင်ငံက မော်ဒယ်တစ်ဦးဖြစ်တဲ့ ရာကွယ်ပွမ်ပလန်က ကမ္ဘာ့ဖလားမှာ သူ့အသင်းတစ်ဂိုးသွင်းတိုင်း သူ့အဝတ်အစားတစ်လွှာချွတ်ပြမယ်လို့ ကမ်းလှမ်းလိုက်တာပါပဲ။ မက္ကဆီကိုအသင်း ပွဲဦးထွက်အဖြစ် ကင်မရွန်းအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ နိုင်တဲ့ပွဲအပြီးမှာ ပွမ်ပလန်က သူ့ကတိစကားအတိုင်း တစ်လွှာချွတ်ပြီးရိုက်ထားတဲ့ဓာတ်ပုံကို အွန်လိုင်းပေါ်တင်လိုက်ပါသတဲ့။ အဲဒါကိုတွေ့တော့ ၂၀၁၀ ကမ္ဘာ့ဖလားတုန်းက သတင်းတစ်ခုကို မောင်ဝါဝါ ပြန်သတိရသွားတယ်။ အဲဒီတုန်းကလည်း ပါရာဂွေးမော်ဒယ် လာရီဆာရီကွယ်လ်မီးက ပါရာဂွေးအသင်းသာ ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲခဲ့ရင် ဝတ်လစ်စလစ်ပြေးလွှားပြီး အောင်ပွဲခံပြမယ်လို့ ပြောခဲ့သေးတယ်လေ။ ဒါပေမဲ့ .. မျှော်လင့်ကြတဲ့ ပရိသတ်တွေ ကံဆိုးပါတယ်။ ပါရာဂွေးက စပိန်ကိုရှုံးပြီး ကွာတားဖိုင်နယ်ကတင် လှည့်ပြန်ခဲ့ရတယ်။ မောင်ဝါဝါ့မှာလေ .. မချိတင်ကဲနဲ့။

အဲ .. အခုတော့ မက္ကဆီကိုမော်ဒယ်လေး ပွမ်ပလန်ကြောင့် မက္ကဆီကိုအသင်းကို စောင့်ကြည့်သူတွေ ရှိလာခဲ့ပြန်ပါပြီ။ မက္ကဆီကိုရဲ့ ဒုတိယပွဲအဖြစ် ဘရာဇီးနဲ့ကစားတဲ့ပွဲမှာတော့ အိမ်ရှင်ဘရာဇီးထက်တောင် မက္ကဆီကိုပရိသတ်တွေ ပိုများခဲ့မယ်ထင်တယ်။ အထူးသဖြင့်တော့ ကိုကိုပရိသများပေါ့လေ၊ ဒါပေမဲ့လည်း ဘရာဇီးအသင်းနဲ့ မက္ကဆီကိုတို့ ဂိုးမရှိသရေဖြစ်သွားခဲ့ပါတယ်။ မချင့်မရဲဖြစ်လိုက်ရတာလေ ..။ သရေကျမယ့်ကျ ၂-၂ တို့၊ ၃-၃ တို့နဲ့ ကျပါ့လား။ ဂိုးမရှိသရေများဖြစ်ရတယ်လို့။ ဂိုးမသွင်းနိုင်တဲ့ မက္ကဆီကိုတိုက်စစ်မှူးတွေကိုသာ မေတ္တာလိူင်လိူင်ပို့နေမိတော့တာပဲ။ တကယ်ဆို .. ဂိုးကသိပ်အများကြီးလိုတာမဟုတ်ဘူး။ နောက်ထပ် သုံးလေးဂိုးလောက်ဆို အတော်ကို အဆင်ပြေပြီ။ ဘာလို့ဆို သူတို့ဆီက မော်ဒယ်တွေဆိုတာ အစကတည်းက သိပ်ပြီးများများစားစားဝတ်ကြတာမှမဟုတ်ဘဲကိုး။

တကယ်ဆိုဒီလိုစကားမျိုး နယ်သာလန်မော်ဒယ်တစ်ယောက်ယောက်က ပြောခဲ့ရမှာ။ ဘာလို့ဆို .. နယ်သာလန်က ပွဲဦးထွက်မှာတင် နာမည်ကျော်စပိန်ကို ငါးဂိုးသွင်းပစ်လိုက်တာမဟုတ်လား။ တစ်ဂိုးတစ်လွှာနဲ့ ငါးလွှာဆို .. အင်း .. မဆိုးဘူးလို့တောင် မောင်ဝါဝါ စိတ်ပေါက်ပေါက်နဲ့ တွေးမိသေးတယ်။ အဲဒါတွေနဲ့ ဆက်စပ်ပြီး မောင်ဝါဝါ သတိရသွားတာ တို့ရွှေမြန်မာ။ ဟုတ်တယ်၊ မြန်မာခင်ဗျ။ မြန်မာကျတော့ မက္ကဆီကိုနဲ့ပြောင်းပြန်။ မြန်မာအသင်း တစ်ဂိုးအသွင်းခံရတိုင်း တစ်ယောက် တစ်လှည့်စီ၊ တစ်လွှာစီချွတ်ပြပါ့မယ်လို့ ဖေ့စ်ဘုတ်က နာမည်ကြီးမော်ဒယ်မလေးနှစ်ယောက် ဘောလုံးအဖွဲ့ချုပ်မှာ ခံဝန်လက်မှတ်ထိုးထားရတယ်ထင်ပါတယ်။

တစ်နေ့ခြားဆိုသလို သူတို့နှစ်ဦးတစ်ယောက်တစ်လှည့်စီ အားကျမခံချွတ်ကြ၊ တင်ကြနဲ့ ခုများဆို အတော်ကြီးကို ပြောင်သလင်းခါနေပြီခင်ဗျ။ မောင်ဝါဝါ့အထင်တော့ ဒါ .. ပြီးခဲ့တဲ့ ဆီးဂိမ်းစ်ပွဲတုန်းက မြန်မာအသင်းရှုံးထားတဲ့ ဂိုးကြွေးတွေပဲဖြစ်မှာ။ အခုထိကို ဆပ်လို့မကုန်သေးဘူးနဲ့တူတယ်။ အဲဒီကောင်မလေးနှစ်ယောက်ခမျာသနားပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံအရှုံးမပေးစတမ်း၊ ပဝါမကူရေမရှူစတမ်း ချွတ်ကြ၊ တင်ကြနဲ့ မအားရရှာပါဘူး။ ဒါပေမဲ့ .. အခုတော့ တော်တော်ကြီးခရီးရောက်လို့ အကြွေးတွေကျေခါနီးပြီလို့ ယူဆရတယ်။ ဘာလို့လဲဆိုတော့ သူတို့နှစ်ယောက်မှာ အပေါ်တစ်ပိုင်းလုံးကုန်လို့ နောက်ဆုံးပိုင်းအထိကို ရောက်နေပြီကိုး။ ကြိုးစားကြရှာပါတယ်။ နိုင်ငံ့အတွက် .. လူမျိုးအတွက်။

ဒါတောင်မှ တချို့ကသူတို့ကို အထင်လွဲပြီး မကောင်းမကန်းတွေပြောကြ၊ ရေးကြ၊ Comment ပေးကြလုပ်နေသေးတယ်။ ကိုယ်ဖြင့်သူတို့လို ပေးဆပ်နိုင်တာလည်းမဟုတ်ဘဲနဲ့ဗျာ .. နော့။ တကယ်ဆိုအားတောင်ပေးရဦးမှာ။ ကိုယ့်မြန်မာအသင်းလည်း သူများအသင်းတွေလို ကမ္ဘာ့ဖလားခြေစစ်ပွဲကို တစ်ချိန်မှာ အောင်မသွားဘူးလို့ ဘယ်သူပြောနိုင်မလဲ။ အခုမအောင်လည်း နောင်နှစ်ပေါင်း သုံးလေးရာလောက်ကျ အောင်ချင်အောင်မှာပေါ့လို့။ အဲဒီအခါကျ ကိုယ့်ဆီက မော်ဒယ်တွေလည်း ပြည်တွင်းတင်မက၊ ကမ္ဘာသိကြေညာပြီး ချွတ်ခွင့်ဖော်ခွင့် ရမလာဘူးလို့ ဘယ်သူပြောနိုင်မလဲ။ နောင်မဟုတ်ရင်တောင် အခုကတည်းက ဖေ့စ်ဘုတ်ပေါ်ကြိုတင်ပြင်ဆင် ပြိုင်ပွဲဝင်နေကြပြီပဲဟာကို။ မောင်ဝါဝါဆို ဘာမှဆိုးသည်ကောင်းသည် မဝေဖန်ပါဘူး။ ငြိမ်ငြိမ်လေးထိုင်ကြည့်နေလိုက်တာပါပဲ .. အဟဲ။

ကဲ .. သည်တစ်လတော့ သည်မျှပါပဲ။ နိုင်ငံအရေးတွေ၊ စီးပွားရေးတွေနဲ့ အမြဲလိုလို မွန်းကြပ်လှောင်ပိတ်ပြီး၊ အဲဒါတွေကိုပဲ 'မတော်မရာအရေး' ကဏ္ဍမှာ ထေ့ငေါ့ငေါ့ ဖတ်နေကြရတဲ့ စာဖတ်ပရိသတ်များအတွက် အဲဒီလိုကိစ္စတွေမှာတင်မဟုတ်ဘဲဘောလုံးပြိုင်ပွဲလို နေရာမျိုးတွေမှာလည်း ခုနကပြောသလို မတော်မရာရယ်စရာတွေ၊ ပေါက်ပေါက်ရှာရှာသတင်းတွေပေါ်လာတတ်တယ်ဆိုတာကို ပေါ့ပေါ့ပါးပါးနဲ့ ပြိုင်ပွဲကာလအတွင်း ရာသီစာသဘောလေးဖတ်ရအောင်လို့ ပျော်ပျော်ရွှင်ရွှင်ရေးသားလိုက်ရပါကြောင်း။

**သူရသာဝါ**



www.burmeseclassic.com

www.burmeseclassic.com




# မောင်သစ်လှိုင်း၏ ပျံကျဈေး

◆တင့်ခိုင်

(၁)

နဝတအစိုးရတက်ပြီး မျှားမကြာမီတွင် GLGO အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က မဆလပြုတ်၊ ကျွန်တော့်မိတ်ဆွေတစ်ဦးသည် (ရှေ့ကိုကြိုမြင် ၍လားမသိ) ထိုအဖွဲ့ထဲသို့ဝင်ရန် အပြင်းအထန်ကြိုးပမ်းခဲ့ပါသည်။ သို့ရာတွင် မရခဲ့ပါ။ ထိုအဖွဲ့၏ သံမဏိစည်းကမ်းဖြစ်သော နိုင်ငံရေးနှင့်မပတ်သက်ရဟူသော တားမြစ်ချက်ကြောင့်ပင် ဖြစ်သည်။ ဒီလိုနှင့်ပင်အစိုးရမဟုတ်သော အဖွဲ့အစည်းကြီးသည် အစိုးရ၏ ကျော ထောက်နောက်ခံအဖွဲ့အစည်းကြီးအဖြစ် ကြီးထွားရှင်သန်လာခဲ့သည်။

ယခုအချိန်တွင် ထိုအဖွဲ့အစည်းကြီးသည် အာဏာရနိုင်ငံရေးပါတီကြီးဖြစ်ပြီး အစိုးရဖွဲ့နိုင်ခဲ့လေသည်။ အစိုးရအဖွဲ့တွင် စစ်အာဏာရှင်လက်ထက်က အုပ်ချုပ်ရေး တွင် ပါဝင်ခဲ့သော တပ်မတော်သားများပင် ယူနီဖောင်းပြောင်းပြီး ပြန်ပါလာကြသည်။ အသွင်သဏ္ဌာန်အရ ဒီမိုကရေစီဟု မြင်နိုင် စေရန် စီမံဖန်တီးထားပြီး အတွင်းအနှစ် သာရကမူ ထင်သာမြင်သာပြောင်းလဲမှု မရှိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

အစိုးရအဖွဲ့သည် သူတို့တက်လာကတည်းက ယခုထိ ပြည်သူ့ဗဟိုပြုဟူသော စကားကိုသွင်သွင်သုံး အတိုက်အခံပါတီကြီးတစ်ခုမှ လူထုခေါင်းဆောင်ကို လွှတ်တော်ထဲသို့ခေါ်ယူပြီး နိုင်ငံတကာမျက်နှာစာတွင် လူမြင်ကောင်းအောင်ပြသည်။ ဒီလိုနှင့် နိုင်ငံခြားအကူအညီများရယူကာ မြန်မာနိုင်ငံသည် အခြေအနေ အသင့်အတင့် ကောင်းမွန်လာခဲ့သည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ခေါင်းစဉ်ဖြင့်သမဝန်ကြီးဌာနမှ ဆင်းရဲသားများကို ငွေထုတ်ချေးသည်။ လယ်သမား၊ ယာသမားများကို စက်ကိရိယာများ ရောင်းပေးသည်။ နှစ်ပေါင်းငါးဆယ် အပြော၊ အပြဖြင့် လုပ်စားလာခဲ့သော စစ်အစိုးရများ၏ ဆက်ခံသူများသည် ယခုအထိပြောနေတုန်း ပြနေတုန်းပင်ဖြစ်သည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဟူသည် ငွေလေးတစ်သိန်းလောက် ထုတ်ချေးလိုက်ရုံမျှဖြင့် ဖြစ်လာမည့် အရာမျိုးမဟုတ်ပါ။ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ အခြေခံစီးပွားရေး အဆောက်အအုံများ ထူထောင်ပေးနိုင်ရေး အပါအဝင် လူနေမှုအဆင့်မြင့်မားလာစေရန် ပြုလုပ်ရမည့်လုပ်ငန်းတွေက အများကြီး ရှိသည်။ တကယ်စေတနာထားပြီး တကယ်လုပ်ရမည့် ရေရှည်လုပ်ငန်းမျိုးဖြစ်သည်။

ထိုသို့သော နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွင် ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ရပါသည်။ အဆိုပါဝတ္ထုတိုမှာ ၂၀၁၄ခုနှစ် ဖွန်လထုတ် ကလျာမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော မောင်သစ်လှိုင်း၏ ပုံကျချေး ဖြစ်ပါသည်။

(၂)

ပုံကျချေးသည် ယနေ့မြန်မာနိုင်ငံ၌ လူဦးရေအများဆုံးဖြစ်သော အရင်းမဲ့အောက်ခြေလူတန်းစားများ၏ အခက်အခဲများကို ရေးထားသားသည့် ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။ မောင်သစ်လှိုင်းသည် ဝတ္ထုကို စိတ်ကူးဖြင့် ထုလုပ်ထားသည်မဟုတ်၊ တကယ့်လူအများကို ဓာတ်ကောင်ပြု ထုလုပ်ထားခြင်းသာ ဖြစ်ပါသည်။

အူပေါင်တောင့်မှ သီလစောင့်သည်ဟူသော သီအိုရီနှင့်စပ်ဆိုင်နေသော်လည်း ဝတ္ထုရေးသူသည် တက်လည်းမခေါက်၊ စုပ်လည်းမသတ်။ ဆင်းရဲမွဲတေမှု၊ ပညာမဲ့မှု၊ အနိုင်ကျင့်ခံရမှု သေသည့်ရှုထုခံစားမှုများထဲမှ သူကြုံတွေ့သမျှကိုသာ ဆွဲထုတ်ပြီး…

အာကာသရှက်ထည်ရုံကြီးအောက်မှ ပုံကျချေးလေးတစ်ခု။ အေးချမ်းသော ဆောင်းနံနက်ခင်း၏ အအေးဒဏ်ကို အံတုရင်း ဝမ်းတစ်ထွာအတွက် ရုန်းကန်လှုပ်ရှားနေကြရသူများ၏ဘဝကို ခင်နွဲ့ဝင်း၊ အေးမာနှင့် လှလှနွယ်တို့ဖြင့် ကိုယ်စားပြုရေးဖွဲ့ပြသည်။ အရင်းအနှီးမရှိ၍ မိသားစုလိုအပ်ချက်ကို ရှိသည့်အရင်းအနှီးဖြင့် ရှာဖွေစားသောက်နေကြရရှာသော မိန်းကလေးများ အင်္ဂတေတောအုပ်ထဲတွင် တစ်နေ့ထက်တစ်နေ့ များပြားလာချိန်တွင် ခင်နွဲ့ဝင်းတို့ကမူ မိမိလုပ်အားဖြင့် ဝမ်းရေးကို ရှာဖွေစားသောက်ရန် ကြိုးပမ်းနေကြပါ၏။

အိမ်ကထွက်လာသည့်အခါ ထန်းခေါက်တောင်း၊ အလေးချိန်ခွင်တို့သာ ပါသည်။ ငွေကြေးတစ်ပြားတစ်ချပ်မှ မပါဘဲ ဈေးအနီးမှ ကြက်သွန်ပွဲရုံ၊ ခရမ်းချဉ်သီးပွဲရုံတို့မှ ကုန်များကိုယူသည်။ ဈေးထဲတွင် လက်လီရောင်း၊ ဈေးကွဲတော့မှအရင်းကို ပြန်ပေးပြီး အမြတ်ကိုယူကြရသည်။ ခင်နွဲ့ဝင်းတို့သုံးဦးစလုံးသည် အဆိုပါနည်းလမ်းဖြင့် ဈေးရောင်းကာ ဝမ်းရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသူများ ဖြစ်ပါသည်။

(၃)

ဝတ္ထုတစ်ပုဒ်တွင်ပါရှိသည့် ပတ်ဝန်းကျင် နေရာဒေသဖြစ်တည်နေပုံကို စာရေးသူက အပီပြင်ဆုံး ရေးဖွဲ့ထားသည်။

ဟဲလို …. တက်စီ၊ ဝမ်း တူးသရီး ဖိုး

မနက်ခင်း အလင်းရောင်နည်းနည်းရင့်လာသည်နှင့် ပုံကျချေးနှင့်မနီးမဝေးရှိကိုထွန်းလှကျော်၏ Music House ကာရာအိုကေမှ မိုက်ကရိုဖုန်းစမ်းသံကို ပထမကြားရမည်။

ဟုတ်ကဲ့၊ မင်္ဂလာအပေါင်းနဲ့ညောင်းပြည့်စုံပါစေလို့ ကျွန်တော်များ Music House ကာရာအိုကေမှ မေတ္တာပို့သလိုက်ပါတယ်။ ပုံကျချေးသူချေးသားများအားလုံး ရောင်းပန်းသာလို့ ဝယ်ပန်းလှကြပါစေလို့လည်း ဆုတောင်းလိုက်ပါတယ်။ ဟုတ်ကဲ့၊ ပန်းမုန်လာသည် မအေးခင်သီစလိုပါတယ်။ ခင်ဗျားမှာကြားထားတဲ့ အေးသင်



www.burmeseclassic.com

www.burmeseclassic.com

ချိုဆွေရဲ့ တင်းတယ်၊ တင်းတယ် ဆိုတဲ့ သီချင်းခွေ ဝယ်ထားပါပြီ။ လာရောက် သီဆိုနိုင်ပြီ ဆိုတဲ့အကြောင်း ...

မောင်သစ်လွင်းသည် ဝတ္ထုတိုတစ်ပုဒ်၏ Atomsphere ကိုနိုင်နိုင်နင်းနင်း ရေးဖွဲ့နိုင်သလို ဝတ္ထု၏ ဇာတ်ကောင်များကိုလည်း ကျွမ်းကျွမ်းဝင်ဝင်ရှိလှပါသည်။ ဈေးရောင်းသူမိန်းကလေးသုံးဦးနှင့် ကုန်ပေးသူ အမေညိုတို့အကြားရှိ ဆက်ဆံရေးကို စာရေးသူကဤသို့ဖော်ပြသည်။

ပျံကျဈေးသည်အုပ်စုထဲတွင် ခရမ်းချဉ်သီးအုပ်စုဟု အမည်တွင်သော ခင်နွဲ့ဝင်း၊ အေးမာ၊ လှလှနွယ်တို့သည် နာမည်ကြီးများဖြစ်ကြသည်။ အိမ်ကထွက်လာကတည်းက ပိုက်ဆံဟူ၍ တစ်ပြား တစ်ချပ်မှမပါ။ ဈေးရောက်မှ ခရမ်းချဉ်သီးပွဲရုံမှ ခရမ်းချဉ်သီးသေတ္တာ တစ်ဦးလျှင် နှစ်သေတ္တာလောက်ယူ၍ လက်လီရောင်းသူများ ဖြစ်ကြသည်။

အရောင်းအဝယ်မကောင်း၍ အဆင်မပြေသောအခါ၌ ဈေးကွဲချိန် ခရမ်းချဉ်သီးဖိုးလာယူသော အမေညိုကို သူတို့က ရှောင်ကြသည်။ သူတို့ရှောင်သည့်နေရာက Music House ပင်ဖြစ်သည်။ သူတို့ချည်းမဟုတ် အမေညိုနှင့်မကင်းသော လက်လီပျံကျဈေးသည်တိုင်း ထိုဆိုင်သို့သွားကာ Stay ရှောင်ကြသည်။ ဆိုရသော် Music House သည် အကြွေးပုန်းရှောင်သူများ၏ မရှိမဖြစ်သော နေရာဌာနတစ်ခု ဖြစ်လာခဲ့ပါသည်။

ဤဝတ္ထုသည် ပြောပြ၊ ရေးပြ၍ရလောက်အောင် ဇာတ်လမ်းဇာတ်ကွက်ရှိသည်မဟုတ်။ ဝတ္ထုရေးဆရာသည် ပျံကျဈေးသည်များ၏ဘဝကို ပြချင်၍ရေးဖွဲ့ထားသော ဘဝသရုပ်ဖော်ဝတ္ထုတို တစ်ပုဒ်မျှသာ ဖြစ်သည်။ သို့ဖြစ်၍လည်း မောင်သစ်လွင်းသည် ခင်နွဲ့ဝင်းတို့၏ စီးပွားရေးဘဝကို ဤသို့ရုပ်လုံးဖော်သည်။

အရောင်းထိုင်းသောအခါ ကုန်ဖိုးမချေနိုင်သည့်အပြင် ဆန်ဖိုးလည်း သည်ထဲက ဆီဖိုး၊ ဟင်းချက်စရာဖိုး စသဖြင့် သည်ထဲကသုံးလိုက်ကြသည်။ သည်ကြားထဲ ထွက်ပေါက်ကလေးရလိုရငြားဟူသော စိတ်ဖြင့် နှစ်လုံးထီ ကစားလိုက်သောအခါ အရင်းပြုတ်လေ၏။ သူတို့သည် ရွှေစော်နံသူများမဟုတ်ကြသော်လည်း ဈေးဦးပေါက်သည်နှင့် ထမင်းသုတ်၊ လက်ဖက်ရည်၊ အီကြာကွေးစသည်တို့ကို အရင်စားလိုက်ကြ၏။

ဟုတ်သည်။ အရင်းမဲ့များအဖို့ ပွဲရုံ၏ အရင်းအနှီးကို မိမိ၏အရင်းအနှီးလုပ်ပြီး လုပ်အားဖြင့် ဘဝကို ရုန်းကန်ရပ်တည်နေကြရသည်။ ခင်နွဲ့ဝင်းတို့သည် အမေညိုကို အကြွေးမပေးနိုင်သောအခါ ပွဲရုံပြောင်းပြီး ကြက်သွန်ပွဲရုံမှ ကြက်သွန်ယူရောင်းကြပြန်သည်။ ကြက်သွန်ရောင်းတော့ ခရမ်းချဉ်သီးများများဝယ်သော ဖောက်သည်များ ရောက်လာပြန်သည်။ မပြောမရှိနဲ့ဟု တစ်ယောက်အော်လိုက်သည်နှင့် အမေညိုလာပြီဟု သိသဖြင့် ကြက်သွန်တောင်းများကို ဇန်းနှင့်အုပ်ပြီး သူတို့တစ်တွေ ထွက်ပြေးကြသည်။ စာရေးဆရာသည် တကယ့်ဘဝထဲတွင် အတိုးရောအရင်းပါ လည်ပင်းနစ်နေသော သူတို့ကို ကာရာအိုကေဆိုင်သို့ပို့ပြီး ကြည်ကြည်ဒွေး၏ သက်ဆိုင်သူသို့ကို ဆိုခိုင်းသည်မှာလည်း ပြုံးစရာဖြစ်သည်။

မြန်မာနိုင်ငံတွင် သန်းပေါင်းများစွာသောလူများသည် ခင်နွဲ့ဝင်းတို့ကဲ့သို့ပင် အနာဂတ် ပျောက်ဆုံးနေကြပါ၏။ ပျံကျဈေးဝတ္ထုအကြောင်းကိုပြောပါဟု ဆိုပါလျှင် ဝါကျတစ်ကြောင်းထဲဖြင့် ပြောလို့ရသည်။ ခရမ်းချဉ်သီးလက်လီရောင်းသူမိန်းကလေးသုံးဦးသည် ပွဲရုံပိုင်ရှင်အမေညိုကို ကုန်ဖိုးမပေးနိုင်သဖြင့် ရှောင်ပုန်းနေသည်ကို အမေညိုက တွေ့အောင်ရှာနိုင်ခဲ့သည်ဟု။ ဤမျှပါးလျားသောဇာတ်လမ်းကို မောင်သစ်လွင်းသည် သူ၏ဝတ္ထုအတတ်ပညာဖြင့် စာဖတ်သူစိတ်ဝင်စားလာစေရန် Climax သို့ ဆွဲတင်လိုက်သည်။

(၄)

ဒီနေ့ အမေညို မလာနိုင်ဘူးဟေ့၊ နေမကောင်းဖြစ်လို့ဆေးထိုးနေရတယ်၊

ဒီသတင်းသည် ခင်နွဲ့ဝင်းတို့အတွက် **အလွန်မင်္ဂလာရှိသောသတင်းဖြစ်သည်။ အဘယ်ကြောင့်နည်း။ ယနေ့ သူတို့ အရောင်းအဝယ်ကောင်းသည်၊ အမြတ်များများ ရထားကြသည်။ ထိုအမြတ်သည် အမှန်တော့ အမေညိုအကြွေးကို ဆပ်ရ**မည့်အမြတ်ငွေ ဖြစ်သည်။ သို့ရာတွင် သူတို့ကား အကြွေးမဆပ်။ Music House သို့ ချီတက်ကြသည်။ ဆိုင်သို့မရောက်မီအဝေးကပင် နပန်းဆံ သီချင်းကို သီဆိုနေသောအသံကို ကြားလိုက်ရသည်။ တံခါးကိုတွန်းဖွင့်ပြီးဝင်သွားသောအခါ လာ..လာ လာ. အကျအန သီချင်းဆိုနေသည်မှာ အမေညိုဖြစ်နေသည်။ အမှန်တော့ အမေညိုနေမကောင်းဖြစ်သည်မဟုတ်။ နေမကောင်းဖြစ်သည်ဟု တမင်တကာသတင်းလွှင့်ပြီး သူတို့ကို ဖမ်းရန် ဤနေရာမှ စောင့်နေခြင်းဖြစ်သည်။ ရှောင်မရ၊ ပုန်းမရသောအခါတွင်လည်း သူတို့ခေါင်းထဲတွင် မဟုတ်မမှန်သောလုပ်ဇာတ်များ အဆင်သင့်ရှိသည်။ ကလေးမရှိသောအေးမာက သူ့ကလေးနေမကောင်း၍ဟု အကြောင်းပြကာ တောင်းပန်တိုးလျှိုးသည်။ ဒီလိုနှင့်ပင် နက်ဖြန်ပေးဖြစ်သွားခဲ့သည်။ သီချင်းသုံးပုဒ်ဖိုးကိုလည်း နက်ဖြန်ပေးမည်ဟု ဆိုလာပြန်သည်။ နက်ဖြန်မရှိသော သူတို့ကပြောလာသည့် မနက်ဖြန်ကို Music House ပိုင်ရှင်ကမူ မယုံကြည်ရဲ။

(၅)

ဆိုရသော် မောင်သစ်လွင်း၏ ပျံကျဈေးသည် အရင်းမဲ့ပျံကျဈေးသည်များ၏ ဘဝကို ဖြန့်ခင်းပြသထားသည့် ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။ အူမတောင့်မှသီလစောင့်မည်ဟူသော သီအိုရီနှင့် စပ်ဆိုင်နေသော်လည်း ဝတ္ထုရေးသူသည် တက်လည်း မခေါက်၊ စုပ်လည်းမသတ်။ ဆင်းရဲမွဲတေမှု၊ ပညာမဲ့မှု၊ အနိုင်ကျင့်ခံရမှု စသည့်လူထုခံစားမှုများထဲမှ သူကြုံတွေ့သမျှကိုသာ ဆွဲထုတ်ပြီး ဝတ္ထုလုပ်ထားခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်ဆိုရသော် ပျံကျဈေးသည် ဒီမိုကရေစီဆိုင်းဘုတ်တင်ကာ ဖုန်ခါပြီး ပြန်ပြထားသော တိုင်းပြည်တစ်ပြည်၏ အရှိတရားကို စာဖတ်သူများ နားလည်သိရှိသွားစေရန် သတင်းပေးရေးဖွဲ့ထားသော ဘဝသရုပ်ဖော်ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပါသည်။

**တင့်နိုင်**

(၁)

"ဗမာ့လွတ်လပ်ရေးအတွက် ‥ တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည် မှာကွယ် ‥ တကယ်ပဲ အသက် နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံ စည်တယ် ‥ သူရဲကောင်း ‥ တဲ့၊ ဗိုလ်အောင်ဆန်းနဲ့ အာဇာ နည်တွေရယ် ‥ xxx "

ကျွန်တော် မူလတန်း ကျောင်းသားအရွယ်တွင် ကျွန် တော့်ညီလေးကား ပုခက် အတွင်း၌တွင် ရှိသေးသည်။ အမေသည် ညီလေးအား ပုခက်လွှဲသိပ်လျှင် အမြဲတမ်း ထိုသီချင်းကိုဆိုကာ သိပ်လေ့ ရှိ၏။ ကျန်အချိန်များတွင် အမေ့ သီချင်းသံကို ကြားရခဲသော်



www.burmeseclassic.com



လည်း ကလေးသိပ်ချိန်ရွှင်မှု အမေ့သီချင်းသံကို ကြားရမြဲဖြစ် … အသ သည် … ချိပြီး … အမေ … ကျွန် … ထောင့်ထရံ နားကပ်ကာ အမေ့သီချင်းသံကို နားစိုက်မြဲဖြစ်သည်။

"ငါတို့ဗမာပြည်ဝယ် .. မိဘအပေါင်းကကွယ် .. ဖိုလ်အောင်ဆန်းလိုသူရဲကောင်းများ မွေးရမယ် .. ဩော် .. ဘုရင့်နောင်နဲ့ ရာဇာဓိရာဇ်တို့လို .. မင်းရဲကျော်စွာပမာ ပုံဆောင်အလောင်းဘုရားတို့လိုကွယ် .. ဗမာတိုင်း .. ဗမာမျိုး .. အားကိုးလောက်ပေရဲ့ .. မကြောက်တမ်း .. မရွံ့တမ်း .. ဗမာတွေ အောင်ပန်းဆွတ်ရှာလေတယ် .. xxx "

အမေ ညီလေးကို ပုခက်လွှဲသိပ်တိုင်း ထိုသီချင်းကို ဆိုမြဲ။ ကျွန်တော်လည်း အိမ်တစ်ထောင့်တစ်နေရာက နားထောင်မြဲ။ သို့ဖြင့် ကြိမ်ဖန်များလာသောအခါ ထိုသီချင်းကို ကျွန်တော် အလွတ်ပင်ရနေသည်။

ကျွန်တော့်အမေသည် ကောက်စိုက်သမ စည်းခေါင်းဖြစ်၏။ အမေ့စည်းထဲတွင် ကောက်စိုက်သမ (၃၀) ရှိသည်။ ကျွန်တော်တို့ရွာ၏အရှေ့ဘက်တွင် တာဆိပ်ချောင်းရှိ၍ အနောက်ဘက်တွင်ကား လယ်ကွင်းများ ဝန်းရံနေသည်။





www.burmeseclassic.com

www.burmeseclassic.com



နံနက်ဝေလီဝေလင်းတွင်ပင် ကျွန်တော်တို့အိမ်၌ ကောက်စိုက်သမတို့၏အသံများဖြင့် ဝေစည်နေတတ်သည်။ တစ်ယောက်နှင့်တစ်ယောက် စကြ၊ နောက်ကြ၊ ရယ်ကြမောကြဖြင့် ‥ခါတရံတွင် ကောက်စိုက်သမတို့ထံမှလည်း ဗိုလ်အောင်ဆန်းသီချင်း ကြားရတတ်သည်။ ရွာကာလသားခေါင်း ကိုပေတိုးထံမှလည်း ထိုသီချင်းကို ကြားရပြန်သည်။ သူဆိုငါဆိုဖြင့် ထိုသီချင်းသည် ရေပန်းစားလှ၏။ သို့သော် ထိုသီချင်းကို မည်သူရေးလေသနည်း။ ထိုသီချင်းပေါ်ပေါက်လာပုံကို မည်သူမျှ မသိကြ။

ကျွန်တော်တို့နတ်စင်ကုန်းရွာကြီးတွင် အိမ်ခြေ (၂၅၀) ကျော်မည်ထင်သည်။ သို့သော် ရေဒီယိုကား သိပ်မရှိ။ ရွာလယ်ပိုင်း ဦးထွန်းဟံအိမ်တွင် တစ်လုံး၊ အရှေ့ပိုင်းဘကြီး မောင်ကြင်အိမ်တွင် တစ်လုံး၊ ကွက်သစ် ဦးထွန်းစိန်အိမ်တွင် တစ်လုံး၊ ပေါင်း (၃) လုံးသာရှိသည်။ ဦးထွန်းစိန်အိမ်နှင့် ကျွန်တော်တို့အိမ်ကား ခြံချင်းကပ်နေသည်။ ထိုအိမ်မှ ရေဒီယိုဖွင့်လျှင် ကျွန်တော်တို့အိမ်က ကောင်းကောင်းကြားရ၏။ ဗိုလ်ချုပ်တို့ကျဆုံးသည့် အာဇာနည်နေ့နီးလျှင် ဗိုလ်ချုပ်အောင်ဆန်းသီချင်းကို ကြားရတတ်သည်။ အာဇာနည်နေ့ဆိုလျှင် ဗိုလ်ချုပ်မိန့်ခွန်းပါ ကြားရ၏။

ကျွန်တော် စာပေနယ်ထဲရောက်သည့်အခါတွင်တော့ အဆိုတော် ချိုပြုံး၏ သဟာယဆရာတင် အမှတ်တရ သီဆိုထားသည့် သီချင်းခွေနားဆင်ရသည်။ ထိုအခါကျမှ ကျွန်တော်ငယ်ငယ်က ခေတ်စားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းသီချင်းမှာ သဟာယဆရာတင်ရေးသည့် သီချင်းဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့မြန်မာနိုင်ငံသည် ကိုလိုနီဘဝ သူတစ်ပါးလက်အောက် ကျွန်အဖြစ် ကျရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် ကြိုးပမ်းမှုများတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်တို့၏အခန်းကဏ္ဍသည် သမိုင်းမော်ကွန်း ထိုးလောက်ပေ၏။

ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ "အင်္ဂလိပ်အခက်၊ ဗမာအချက်" ဟူသော ကြွေးကြော်သံနှင့်အတူ သခင်အောင်ဆန်းတို့သည် ဗမာ့လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီရှာရန် ကြိုးစားရာမှ ဂျပန်တို့နှင့် အဆက်အသွယ်ရခဲ့သည်။ ဂျပန်တို့က စစ်လက်နက်အကူအညီဖြင့် စစ်ပညာသင်ပေးမည်ဆို၍ သခင်အောင်ဆန်းအပါအဝင် သခင်လူငယ်နှင့် ကျောင်းသားလူငယ် (၃၀) တို့သည် (၁၉၄၁) ခုနှစ်အတွင်း အခက်အခဲအမျိုးမျိုးကိုကျော်ဖြတ်ပြီး လျှို့ဝှက်၍ (၄) သုတ်ခွဲကာ ဂျပန်နိုင်ငံသို့ သွားခဲ့ကြသည်။ ဟိုင်နန်ကျွန်းနှင့် ဖော်မိုဆာကျွန်းများတွင် ခေတ်မီစစ်ပညာများ သင်ယူပြီးနောက် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ထိုင်းနိုင်ငံ၌ ဖွဲ့စည်းခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးအတွက် လက်မောင်းသွေးဖောက်ကာ သစ္စာဆိုခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးအတွက် ဂျပန်တပ်နှင့်အတူ မြန်မာ့မြေပေါ်မှ အင်္ဂလိပ်တပ်များကို တိုက်ထုတ်ခဲ့ကြသည်။

အင်္ဂလိပ်တပ်များကို တိုက်ထုတ်ပြီးနောက် ဂျပန်တပ်များက မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူပြီး ဖက်ဆစ်စနစ်ကျင့်သုံးကာ အုပ်ချုပ်တော့သည်။ ထိုအခါ ရဲဘော်သုံးကျိပ် ဦးဆောင်၍ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ရပြန်သည်။

သဟာယဆရာတင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် လူငယ်အာဇာနည်တို့အား "ဗမာသူရဲကောင်း" သီချင်းဖြင့် ဖော်ထုတ်ကာ ဂုဏ်ပြုခဲ့ပေသည်။

"ရာဇဝင် ‥အတ္ထုပ္ပတ္တိလည်း ရှိရမယ်၊ မော်ကွန်းလည်း ထိုးလောက်တယ် ‥ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ် ‥တိုင်းပြည်အကျိုးစွန့်ခဲ့တယ် ‥မျိုးဇာနည်နွယ် ‥ လွတ်လပ်ဖို့ ‥တို့များကို ကျွန်တွင်းမှကယ် ‥တို့ဗမာတွေ စိုးမိုးဖို့ ‥မျှော်ကြရာလို့ ‥ ပေါ်လာတယ် ‥ xxx "

*

(၂)

"အောင်ခြင်းရှစ်ပါး ‥ အသံကြားတဲ့အခါ ‥စီးပွားဥစ္စာ ‥အဟုတ်မကျန် အောင်မှာ ‥ကျန်းမာချမ်းသာပါလို့ ဘေးဘယာမဝိုင်း ‥ကြံတိုင်းအောင် ‥ ဆောင်တိုင်းမြောက်မှာ ခုနစ်ရက်သားသမီးများနဲ့ ‥နတ်လူဗြဟ္မာ ‥ xx"

ကျွန်တော်တို့ဘုန်းကြီးကျောင်းသားအရွယ်တွင် ကျွန်တော်တို့ရွာနှင့်ကပ်လျက် တာဆုံးရွာ အလှူမဏ္ဍပ်အသံချဲ့စက်မှ "အောင်ခြင်းရှစ်ပါး" သီချင်းသံကို စတင်ကြားဖူးခဲ့ရသည်။ အခြားကလေးများ အတန်းကျောင်းတက်နေသော်လည်း ကျွန်တော်မှာ အဘိုးအဘွားတို့၏စီမံမှုဖြင့် စာကြွေအောင်ဟုဆိုကာ ရွာဦးကျောင်းရွှေမျက်မှန်ဆရာတော်ထံ အပ်နှံ၍ စာသင်နေရသည်။ ပထမတော့ 'နှစ်စောင်တွဲ' သင်ပုန်းကြီးသင်ရ၏။ ဗျည်းအက္ခရာစာလုံးပေါင်းများ ကြေညက်သောအခါ မင်္ဂလာသုတ် ပါဠိ-နိဿရကို သင်ရသည်။ ကြေညက်မှ "ဆယ်စောင်တွဲ" ကို စသင်ရသည်။ ကျွန်တော် ခုနစ်နှစ်-ရှစ်နှစ်အရွယ်တွင် 'အတွင်းအောင်ခြင်း၊ အပြင် အောင်ခြင်း' တို့ကို သင်နေရပြီ။

"ယောမုနိန္ဒော ‥ အကြင်မြတ်စွာဘုရားသခင်သည် ဂီရိမေခလံ ‥ဂီရိမေခလာ အမည်ရှိသော ဆင်ကို၊ ဥဒိတ်-တက်စီးထသော၊ အဘိနိမ္မိတသာဝုဓန္တံ-အလွန်ဖန်ဆင်းအပ်သောလက်နက်နှင့်တကွဖြစ်သော မာရ်နတ်သားကို၊ ဒါနာဒိ-ဓမ္မဝိဓိနာ-ဒါနပါရမီအစရှိသော တရားတည်းဟူသောအစီအရင်ဖြင့် ဇိတဝါအောင်တော်မူလေပြီ ‥"

ကျွန်တော်တို့ဘုန်းကြီးကျောင်းသားဘဝ စာအံရသည်မှာ မသက်သာလှပါ။ ညအခါ ကျောင်းကြီးပေါ်တွင် ဘုရားဝတ်တက်ပြီးနောက် ဆရာဘုန်းကြီးရှေ့တွင် စာအံရသည်။ အထစ်အငေါ့ရှိလျှင် ဖြန်းကနဲ ကြိမ်ကျောပေါ်ကျလာလိမ့်မည်။ တောက်လျှောက် ဒိုးဒိုးဒေါက်ဒေါက် ကျေညက်နေမှ ရှေ့အပုဒ် တက်ပေးသည်။ အိပ်ချိန်ကျလျှင် သက်သောင့်သက်သာ မအိပ်ကြရ၊ အုန်းသီးခေါင်းအုံးကာ အိပ်ကြရသည်။ မှေးကနဲအိပ်ပိုက်လျှင် ဒုံးကနဲ ဘေးချော်ကျတော့သည်။ ထိုသို့ ကျသည်နှင့် ရောက်သည့်စာ ထအံရသည်။ စာဝါးကြရသည်။ ရသည့်စာ၊ ရောက်သည့်စာကို ကိုယ့်ဘာသာနှုတ်ပိတ်ကာ ဆိုရခြင်းဖြစ်၏။ ပီပီသသ အသံမထွက်။ ညည်းသံလို အသံသာ ထွက်တော့သည်။ စာဝါးနိုင်မှ စာကြေမည် မဟုတ်လား။

နောက်ရက်တွင် ကျွန်တော်တို့ကို စာတက်ပေးသည့် ကိုရင်ကြီးသုမနက အဓိပ္ပာယ်ပြန်ပြ၏။

"ဂီရိမေခလ" ဆင်ကို



www.burmeseclassic.com

www.burmeseclassic.com

တက်စီးပြီး ပန်းသင်းထားသော လက်နက်များနှင့်တကွ လက်ရုံးတစ်တောင်ရှိသော ကြမ်းတမ်းလှသည့် ဓါးသည်ပိုက်ပါများနှင့်အတူ ခိုတက်လာသော မာရ်နတ်သားကို ဒါနအစရှိသော အစီအရုံဖြင့် မြတ်စွာဘုရားသည် အောင်တော်မူခဲ့လေ၏ မာရ်နတ်သားကို အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း . . .''

ထိုသို့အဓိပ္ပါယ်ကိုပြောပြရုံသာမက ဥယျာဉ်ရက်တွင် ဦးဖင်ဦးပညာသာမိ၏တရားပွဲကို တန်ဆောင်းကြီးထဲတွင် နေ့လယ်နေ့ခင်း နာပြန်သည်။ တစ်ခုသောတရားပွဲတွင် 'အောင်ခြင်းရှစ်ပါး' ရှစ်လုံးဘွဲ့ကို ဦးဖင်းချပေးသဖြင့် ပရိသတ်နှင့်အတူ လိုက်ဆိုခဲ့ရ၏။

''ဘုရားကိုလျက် မာန်မျက်ကြီးနှ

ပလ္လင်ပေါ်မှ နှင်ချကြိမ်းဆူ

ဗိုလ်ပါကိုးလို့ ဖိတ်တိုးလာသူ

မာရ်နတ်သား . . ဘုရားအောင်တော်မူ . . ၊

အာဠာဝက ယက္ခဆိုသူ

ညဥ့်လုံးပေါက်လုံး ရိုက်ချွန်းပုန်းသူ

လက်နက်အားကိုး ညစ်ဆိုးရန်မူ

မေတ္တာမှာ . . ဘုရားအောင်တော်မူ''

မာန်နတ်သား အာဠာဝကဘီလူး နာဠာဂီရိဆင်ပြောင်ကြီး သူခိုးကြီး အင်္ဂုလိမာလ စိဥ္စမာန ဒိန်းမယုတ်၊ သစ္စကပရိဗိုဇ် နန္ဒောပနန္ဒနဂါးကြီး ဗကဗြဟ္မာကြီး . . စသည်ဖြင့် အောင်ခြင်းရှစ်ပါး ရှစ်လုံးဘွဲ့များကို တရားနာပရိသတ်နှင့်အတူ ညီညီညာညာလိုက်ဆိုရသည်မှာ ကြည်နူးဖွယ်ပင်ဖြစ်ပါ၏။

ကျွန်တော်တို့ဘုန်းကြီးကျောင်းစာ 'ယောမုနိန္ဒော' ရောက်နေခိုက်၊ အလှူအိမ်မှ 'အောင်ခြင်းရှစ်ပါး' သီချင်းကြားရသောအခါ 'မှာထား အလားသင့်' ဆိုသကဲ့သို့ ထိုသီချင်းကို စွဲမြဲနှစ်ခြိုက်မိတော့၏။ အမှန်ပြောရလျှင် 'အောင်ခြင်းရှစ်ပါး' ပါဠိနိဿရသင်ရအံ့ရစဉ်က အဓိပ္ပါယ်သိပ်မရှင်းလှ။ စာသာအလွတ်ရအောင် မှတ်သား အံနေရသည်။ ကိုရင်ကြီး အဓိပ္ပါယ်ပြောပြသည့်အခါမှ နားလည်သလို ရှိလာ၏။ သို့သော် စွဲမြဲမှုရှိသည်ဟုမထင်။ ဦးဖင်းတရားနာရ၍ ရှစ်လုံးဘွဲ့ဆိုရသည့်အခါတွင်မူ ကြည်နူးစိတ်တို့ တဖိတ်ဖိတ်ဖြစ်ခဲ့ရ၏။

''သက္ကရာဇ်ကောဇာ . . တစ်ရာ့သုံးခုမှာ . . လပြည့်ကဆုန်

ရွှေဘုန်းတော် ခြောက်ဖြာတောက်ကာ၊ မဟာဗောဓိညောင်ပင်အောက်မှာ

ဘုရားအဖြစ်၊ တရားအစစ်နဲ့ ရွှေပလ္လင်ထက်မှာ . . စံပယ်ချိန်အခါ

ပြောင်မာတင်မေခလာ . . ဆင်ရတနာစီးပါလို့ . . မာရ်နတ်မင်းရယ် . . အားမာန်တင်းကာ

ဝဿဝတီ နတ်ပြည်ကလာ၊ စစ်ချီကာ ရန်တွေမူလို့၊ ဘုရားကို ယှဉ်တု ပလ္လင်လုပြန်လာ . . .

သည်းခံပါ၍ အမျက်မထား . . ပါရမီဆယ်ပါးနဲ့ မာရ်နတ်ရန်နင်းနှိမ်ပေရှာ

မေတ္တာဓာတ်နဲ့ဗုဒ္ဓမြတ်စွာ . . ဆောင်နှင်းခဲ့ အောင်ခြင်းပထမပါ . .''

ထိုအောင်ခြင်းရှစ်ပါးသီချင်းကို အဆိုတော်ကြီးဒေါ်မေရှင်သီဆိုထားသည်ဟု လူကြီးအချို့ထံမှ သိရ၏။ ရေးသူအမည်ကိုကား မသိရပေ။

အောင်ခြင်းရှစ်ပါး ရှစ်လုံးဘွဲ့ဆိုကာ ကြည်နူးနေရာမှ ဒေါ်မေရှင်၏ချိုအေးငြိမ့်ငြိမ့်တေးသံကြားရသည့်အခါ သီချင်းဝါသနာပါသည့် ကာလသားခေါင်း ကိုပေတိုးထံမှ 'အောင်ခြင်းရှစ်ပါး' သီချင်းကို မရအရတောင်းကာ သူ့သီချင်းဗလာစာအုပ်ထဲမှ ကူးယူမိအောင် စွဲခဲ့၏။

''အာဠဝီပြည် အနီး ညောင်ပင်ကြီးမှာ တစ်ဦးတည်း ဘီလူးကြီး အာဠာဝကစံရာ၊ တစ်နေ့သော် မြတ်စွာဘဂဝါ သူ့စံနန်းမြန်းတော်မူလာ၊ ဘီလူးကြီး အာဠာဝက ယမ်းပုံမီးကျ တားမရ ဆည်းမနိုင်ဒေါသ . . လှိုင်ကာ၊ ဘုရားကို ပြိုင်ဆိုင်မနိုင်ငြား . . မာန်စွယ်များလည်း ကျိုးရှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ . . ဆောင်နှင်းခဲ့ . . အောင်ခြင်းဒုတိယပါ''

ဘုန်းကြီးကျောင်းသားဘဝ ဒေါ်မေရှင်၏အသံနှင့် အောင်ခြင်းရှစ်ပါးကို အမှတ်တရ ဖြစ်ခဲ့ရ၏။ ဆိုသူအမည်သာ ထင်ပေါ်သော်လည်း တေးရေးသူအမည်မှာ ထိန်ငုပ်နေရှာသည်။ ထိုသီချင်းရသူ (၁၀) ယောက်တွင် တစ်ယောက်မျှ သီချင်းရေးသူကို မသိ။ ဤသည်မှာ ကိုယ်တွေ့ဖြစ်သည်။

ကျွန်တော်တို့ စာပေလောကထဲရောက်၍ ရှာဖွေစူးစမ်းကြည့်သောအခါမှ အောင်ခြင်းရှစ်ပါးသီချင်းကို သဟာယဆရာတင်ရေးမှန်း သိရသည်။ အေဝမ်းဓါတ်ပြားခေတ်တွင် လူထုအညီးစွဲအဆိုတော်များဖြစ်ကြသည့် ပြည်လှဖေ၊ မေရှင်၊ မလှရွှေတို့၏ သီချင်းများကို သဟာယဆရာတင် ရေးသားခဲ့ကြောင်း သိရပေသည်။ အောင်ခြင်းရှစ်ပါးသီချင်းကို မင်းသမီးမေရှင်နှင့် ဓါတ်ပြား (၂) ချပ်စာ အသံသွင်းခဲ့သည်။

''မေရှင်၏ခေတ်ဆန်ဆန်ညှင်းညှင်းနွဲ့နွဲ့ကလေးနှင့် လွန်စွာ လိုက်လျောသည်၊ အသံလည်း ချိုသည်၊ အသွားလည်း ချောမွေ့သည်၊ လွယ်ကူသည်၊ နားထောင်ရသူတိုင်း ကျေနပ်သုခဖြစ်သည်၊ (ဝါ) နားဝင်ချိုသည်၊ ထို့ကြောင့်ပင် ယနေ့ထက်တိုင် မရိုးနိုင်သော စံတင်လောက်သည့် ဂန္ထဝင်မြောက်သီချင်းအဖြစ်နှင့် မှတ်တမ်းတင်ရပါသည်'' ဆိုသော ဆရာနန်းညွန့်ဆွေ၏မှတ်ချက်ကို တွေ့ရပေသည်။

*

(၃)

'ဂန္ဓမာ စန္ဒာတောင် စုံမြိုင်တန်း . . မှာ ဖူးပွင့်ကြတဲ့ ပန်းမာလာ . . သင်း . . ရနံ့ကဖြာ ငှက်ပေါင်းရယ်သာရကာ . . သံစာစာနဲ့ မြူးတူးပျော်ကြရှာ . .'

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ အိုင်အယ်လ်ဘီစီ ညှိခံပွဲညချမ်းကို ကျွန်တော်သတိရ မိသေးသည်။ လေးသိန်း (စန္ဒယားသိမ်းမောင်) က ဖိတ်ကြားသဖြင့် ကျွန်တော်တို့စာသမားများ ခန်းမထဲရောက်ရှိနေကြသည်။ ကျွန်တော်နှင့် ရဲဘော်စိုးမြင့်လတ်က ဆရာပါရဂူကို ဝင်ခေါ်ခဲ့သည်။ ဆရာဒဂုန်တာရာနှင့် မြေးမကလေးဒေဝီလည်း ရောက်နေကြပြီ။ ပန်းချီယဉ်မင်းပိုက်၊ ဆရာထက်မြက်၊ ကျွန်ုပ်တို့၏ ဆရာလေးဒေါက်တာတင်စံဦး၊ ထွန်းဝင်းငြိမ်၊ ချောအိသိမ်း၊ မအိ၊ ငြိမ်းငြိမ်း၊ သန်းစိုးနိုင်၊ ကာတွန်းအော်ပီကျယ်၊ ကာတွန်းဝင်းအောင်၊ သိမ်းတင် သားခေါ် ကိုကြွက်နီကိုလည်း ကင်မရာမင်းအဖြစ်လည်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အဝကျွန်းချစ်မောင်နှင့် တင်တင်ဦးမောင်နံ။ စန္ဒရားတင်ဝင်းလှိုင်တို့လည်း တက်ရောက်ကြသည်။ ဘူဖေးသုံးဆောင်ပြီး တပျော်တပါး စန္ဒရားဖြင့် သီချင်းဆိုကြသည်။

"မြောင်ဖီလာ သီတာစွေ
သွန်း ရေတံခွန်ဖြာ၊ မြအသွေး
ရယ် ကြည်လင်စွာ ခွေကာရစ်
လည် ‥ မြစ်နဒီ စန္ဒပါ၊ သဲငွေ
သောင်ယံဦးမှာ ‥ စန္ဒ စန္ဒီ
ကိန္နရီတို့မှာ ပန်းပေါင်းထွေ
ထွေ၊ ပြာရွှေနီဝါဆင်မြန်းကာပဲ
ကခုန်မြူးရှာ၊ နန်းမူနန်းရာ
ဆန်းလှတာ၊ ရွှေလည်တွဲလို့
ချစ်ပွဲခံကာ ပျော်ကြရှာ"

ကဗျာဆရာမ မအိ၏ ဆွေးမြေ့မြေ့အသံက စန္ဒရားတင်ဝင်းလှိုင်၏လက်သံနှင့် လိုက်ဖက်ညီစွာ တငြိမ့်ငြိမ့်စီးဆင်းနေသည်။ ဆောင်းအအေးဓာတ်ထဲသို့ စန္ဒကိန္နရီသီချင်းသံ အလွမ်းငွေ့ကလေးများ တိုးဝင်နေလေပြီဟု ခံစားရ၏။ စန္ဒကိန္နရီသီချင်းကို သဟာယဆရာတင်ရေး၍ မလှရွှေသီဆိုခဲ့သည်။ မလှရွှေမှာ မိုးဒေဝီသီချင်းဖြင့် နာမည်ကြီးခဲ့သည်။ မလှရွှေ၏အသံကို ဓါတ်ပြားထဲနားထောင်ရသည်မှာ ကရုဏာသံအပြည့်ဖြစ်သည်။ ကရုဏာရသပေါ်လွင်အောင်လည်း သဟာယဆရာတင်က မလှရွှေ၏အသံနှင့် လိုက်ဖက်အောင် ရေးစပ်ပေးခဲ့သည်။ ကောလိပ်ကျောင်းသူ မလှရွှေမှာ သီချင်းကြီးများကို မန္တလေးနေစဉ်ကပင် ဆရာနှင့် စနစ်တကျ သင်ယူခဲ့သူဖြစ်သည်။ ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်ထံတွင် သီချင်းများဆက်လက်သင်ယူခဲ့သည်။ ဒေါ်စောမြအေးကြည် ရေးသားသည့် 'မိုးဒေဝီ' ပတ်ပျိုးကို ဓါတ်ပြား (၂) ချပ်စာ အသံသွင်းခဲ့ရာ တဟုန်ထိုးနာမည်ကြီးလာသည်။ မလှရွှေ၏ ဆိုနည်းဆိုဟန်အသံနှင့် ကိုက်ညီအောင် သီချင်းကြီးဟန်ဖြင့် ဆရာတင်က 'စန္ဒကိန္နရီ' သီချင်းကို ရေးပေးခဲ့သည်။ စန္ဒကိန္နရီမှာ ငါးရှာငါးဆယ်ဇာတ်ဝင်တစ်ပုဒ်ဖြစ်သည်။ ကိန္နရာကိန္နရီတို့၏ချစ်ခြင်းကို သာဓကထားဖွဲ့ဆိုထားသည်။ တောင်တွင်းကြီးဆရာကြော့က သူ၏ 'စုံနံ့သာမြိုင်' ရာပုံတော်ကြီးတွင်

"လောင်းဆင့် သိဂီ၊
ကိန္နရီတို့၊ ဣန္ဒနီမြ၊ ဝဇီရနှင့်
သခံ မုတ္တာ

ရွှေလည်တွဲပါလို့ ပျော်ဆဲ
ခါဝယ်၊ ဗာရာစိုးမြတ်၊ စော
ဗြဟ္မဒတ်က

ဒေါ်မနသာ သနားမမြော်၊
တရားငယ်ချော်၊ ရွှေမြားတော်
သ,တုန်းက

လောင်းစန္ဒ ကိန္နရာ၊ သေ
ငယ်ဇောနှင့် မြောသည့်တာကို၊
လကျ်ာတော်နတ်

သူ့ချစ်ဆွေဟာ၊ ဖွေဗျာ
ပါနှင့် ရွှေနှာတော်နပ်စဉ်က ‥
စိမ်းဖတ်ဖတ်ရှက်လှုလှု။

ပင်ချင်းယှက်တဲ့ ကက္ကုရှု
မဥ္ဇူစန္ဒန၊ ဟိုကျွန်းညီကြ၊
ကွန်းခိုလို့ထခဲ့ ‥၊

လွမ်းစရာချောင်၊ မြူခြေ
ဆိုင်းပါလို့၊ ထောင့်တိုင်းငယ်
မှောင်

မောင်မောင်မြင်လှဲ့ ‥
ကိုယ့်သက်ထားမှာ၊ ရွှေအား
တော်ခွဲ့လှပေါ့ ‥"

ဟုဖွဲ့ဆိုခဲ့သည်။ တွင်းသင်းမင်းကြီးကလည်း စန္ဒကိန္နရီဇာတ်ကို "ဘင်္လာတိယပျို့" အဖြစ်ဖွဲ့ဆိုခဲ့သည်။ ဦးရွှေခြည်ကလည်း "စန္ဒကိန္နရီပျို့" ကိုရေးဖွဲ့၍ မြန်မာစာပေဘာဏ္ဍာတိုက်အတွင်း ထည့်သွင်းခဲ့၏။ သဟာယဆရာတင်ကမူ စန္ဒကိန္နရီဇာတ်ကို အနုပညာရျာန်ဖြင့် သီချင်းဂီတအသွင် ဖန်ဆင်းခဲ့ပေသည်။

"လှမ်းမယ်ပ မြန်းစို့
ကိန္နရီ ကိန္နရာ တူမကွာ (တွဲ
ကာ နွဲ့ကာ၊ ဝဲကာပျံကြ)ᒧ xx
(ပန်းစုံစွာ ‥ ဂနိုင်တွင်းကြိုင်
သင်းလို့ပါ)ᒧ xx ဖိုမသံခေါ်ထူး
လို့သာ၊ ငွေသောင်ယံ ရွှေ
တောင်ပံ၊ မခွဲရက်အောင် တွဲ
ယှက်ပျော်တာ ‥ xx "

စန္ဒကိန္နရီဇာတ်ကို ဇာတ်မင်းသားလေး သိန်းဖေ၊ ရွှေမန်းသားလေး ပိုင်ပိုင်တို့ကလည်း အော်ပရာအဖြစ် ကခဲ့ကြဖူးပေသည်။ ဂီတနယ်တွင်ကား သဟာယဆရာတင်၏ "စန္ဒကိန္နရီ" သီချင်းသည် စံတင်လောက်ပါပေ၏။

"ဤသီချင်းကို မည်သည့်ရှုထောင့်ကပင် ကြည့်ကြည့်၊ အဖက်ဖက်မှ ပညာသားပါ၍ အနှစ်သာရနှင့် ပြည့်ဝလေးနက်သော သီချင်းဖြစ်ပေသည်၊ ဂီတသမိုင်းတွင် ဤသီချင်းသည် ထိပ်ဆုံးတန်းမှ နေရာယူလျက်ရှိပေလိမ့်မည်။ စာပေအရေးအသား၊ အသံဖွဲ့နွဲ့ပုံ၊ တီးကွက်တီးချက် လှပပုံ၊ ကရုဏာရသနှင့် ပြည့်ဝပုံတို့မှာ ဆိုစရာတစ်စုံတစ်ရာမျှမရှိ၊ ရာနိုင်နှုန်းပြည့်လျက် ရှိလေသည်၊ သို့ကြောင့်လည်း ဤသီချင်းကလေးသည် ယနေ့ထက်တိုင် မရိုးနိုင်သော ကတိုးခိုင်သဖွယ် ဂီတလောကအလယ်တွင် ဝင့်ကြွယ်လျက် နေပေတော့သည်" ဟု ဆရာနန်းညွှန့်ဆွေက မှတ်တမ်းတင်ခဲ့ပေသည်။

ဂီတစာဆိုအဖြစ် နာမည်ကျော်ကြားလူသိများသော တင်ဆရာများမှာ နန်းတော်ရှေ့ဆရာတင်၊ သဟာယဆရာတင်၊ ဝိုင်အမ်ဘီဆရာတင်၊ ဒဂုန်ဆရာတင်၊ မြန်မာညွှန့်ဆရာတင် ‥ စသည်ဖြင့် ရှိခဲ့ကြသည်။ "တင်ဆရာများအသင်း" ဟူ၍ပင် ဖွဲ့စည်းခဲ့ဖူး၏။ သဟာယဆရာတင်ကား ရုပ်ရှင်သီချင်းပေါင်းများစွာရေးခဲ့ဖူးသည်ဟု သိရ၏။ ယူနီဗာစတီမြသန်းကြည်၊ ဘားမားဒေးဩဘာကြည်၊ တလိုင်းမ မမြကြင်၊ ချင်းမကလေး အောင်စိန်၊ တက္ကသိုလ်ပြည်သိမ်းတင်၊ နဂရာညွှန့်၊ ဥဩမယ်တင်၊ နေရှင်နယ် မလှကြည်၊ ဖေးဘရိတ် အုန်းကြည်စသော အငြိမ့်မင်းသမီးများအတွက် သီချင်းအပုဒ်ပေါင်း (၂၀၀)ကျော်ရေးပေးခဲ့သည်ဟု သိရသည်၊ ယခုအခါ အစအနရှာမရတော့ပေ။ အေဝမ်းကုမ္ပဏီ၏ထင်ရှားသော ဂီတစာဆိုများတွင် ဆရာတင်ပါဝင်ခဲ့သည်။ ခွေးတံဆိပ်ဓါတ်ပြားကုမ္ပဏီနှင့် အမြွှာညီနောင်ဓါတ်ပြားကုမ္ပဏီအတွက် သဟာယအသင်းမှ ဓါတ်ပြား (၁၁၅) ချပ် တာဝန်ယူအသံသွင်းခဲ့ရာ သဟာယအသင်းဝင်ဆရာတင်က သီချင်းအပုဒ် (၅၀) ကျော်ရေးပေးခဲ့သည်ဟု သိရ၏။ ဆရာတင်သည် အရပ်ငါးပေ သေးသေးညှက်ညှက်၊ မျက်နှာခပ်ပြားပြား၊ အသားလတ်လတ် ရုပ်ရည်သနားကမားရှိပြီး အမြဲပျော်ရွှင်စွာ နေတတ်သူဟုသိရ၏။

ကျွန်တော်တို့သည် သဟာယဆရာတင်ကို မမြင်ဖူးလိုက်သော်လည်း ဆရာတင်၏သီချင်းအချို့နှင့်ကား ရင်းနှီးကျွမ်းဝင်ခဲ့ပေ၏။ ကျွမ်းဝင်ခဲ့သမျှလည်း အမှတ်ထင်ထင်ဖြစ်ခဲ့ရပေ၏။

စာကိုး။ ။သဟာယဆရာတင် (နန်းညွှန့်ဆွေ)

**ကြည်နိုင်**




www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝကို အတော်အတန်နေပြီးတော့ အောင်အောင်မြင်မြင် ဒါမှမဟုတ် အကျအဆုံးများလာကြတဲ့အခါ လူတွေပြောတတ်ကြတဲ့စကားကဘဝဆိုတာ တိုတိုလေးရယ်၊ ပြီးတော့ ဘာမှလည်းဟုတ်တာမဟုတ်ဘူးတဲ့။ ကျွန်တော်တို့က ဘဝဆိုတာကို ဟုတ်လိမ့်မယ်ထင်လို့ နေနေကြရတာရော ဟုတ်လို့လား။ ရွေးချယ်စရာရယ်လို့လည်း သိပ်မရှိပါပဲ၊ ရွေးချယ်ရကောင်းမှန်းလည်း သိပ်မသိပါပဲ နေမိနေရာဒီလိုပဲ နေလိုက်ကြရတာရော မဖြစ်နိုင်ဘူးလား။ အာရုံတွေကိုက်ခဲညောင်းညာနေတဲ့အခါ သူ့ဖြစ်ချင်ရာတွေဖြစ်နေတာကို ကိုယ်ဖြစ်ချင်တာတွေဖြစ်နေ သလိုလိုနဲ့ အလိုက်သင့်စီးမျောနေလိုက်ကြရတာကလည်း ဘဝဖြစ်ကောင်း ဖြစ်နေနိုင် သေးတာပါပဲ။

လူ့ဘဝရဲ့ အကောင်းဆုံး အသက်ရှင်နည်းကို ပြောပါဆိုရင်တော့ "မိမိနှစ်သက်သလို အသက်ရှင်ပါ" လို့ပဲ ပြောရမယ်ထင်ပါရဲ့လေ။ ထေရဝါဒရဲ့ လမ်းစဉ်ကတော့ အစွန်းကင်းအောင်နေဖို့ဆိုပေမယ့်လည်း အဲဒါကိုလိုက်နာ ဖို့ဆိုတာမှာတကယ် တမ်းသိပ်တော့ လွယ်ဟန်မတူဘူး။ အစွန်တွေကြားမှာနေလာခဲ့ကြရတာကြာတော့လည်း တစ်ခုခုကို စွဲလန်းပြီးနေရခြင်းမှာ အသားသေနေခဲ့ကြရပြီ။ ဘာမှ ရေရေရာရာမရှိခြင်းကို ဘဝလို့ခေါ်မယ်ဆိုရင်လည်း ငြင်းဆန်မယ့်သူလည်း သိပ်ရှိလိမ့်မယ်မထင်ဘူး။ ပျော်အောင်နေပါ။ ပျော်အောင်နေပါလို့ ပြောကြပေမယ့် တကယ်တမ်းပျော်တယ်ဆိုတဲ့ ဝေါဟာရရဲ့အနက်က ဘာလဲဆိုတာကို အခုအချိန်ထိ အငြင်းပွားနေကြပြီး ပျော်တယ်ဆိုတာကို သိဖို့လည်း အမျိုးမျိုးတော့





www.burmeseclassic.com

ကြဲဆ နေကြတာပါပဲ။

လူသားဟာ တွေးတော ကြံစည်တတ်တဲ့သတ္တဝါဆိုပေမယ့် တွေးတယ်ဆိုတာမှာလည်း စာအုပ်ထဲက ဒါမှမဟုတ် လက်ဆင့်ကမ်းလာခဲ့တဲ့ အစဉ်အလာအရ ဖတ်မှတ်လေ့လာဖူးခဲ့ကြရတဲ့ အစွဲတွေကြားမှာ နစ်မြုပ်ပျော်ဝင်နေရတဲ့ သနားစရာ သတ္တဝါဆိုတာထက် အခုထိ ခရီးပိုမရောက်သေးဘူး။ ချစ်ခြင်းမေတ္တာကို အယုံအကြည်မဲ့လာတဲ့အခါ ကိုယ့်ကိုယ်ကို ယုံကြည်မှုကပါ ကျပျောက်ကုန် ကြတယ်။ အာဟာရချို့တဲ့မှုက သိပ်ကြာရှည်လွန်းခဲ့ရင် အသက် အန္တရာယ်ကို ထိခိုက်ဖျက်ဆီး စေနိုင်တယ်ဆိုပေမယ့် ချစ်ခြင်း မေတ္တာချို့တဲ့မှုက အခုအရင်ဆုံး ကျွန်တော့် အသက်ကို ရန် ရှာနေခဲ့ကြပြီ။ ဒီကမ္ဘာက မေတ္တာတောဟာ ကျွန်တော့်အတွက်တော့ သိပ်နက်လွန်းနေကြတယ်။ လမ်းပျောက်နေခဲ့တာ ကြာပြီဆိုတော့လည်း ကျွန်တော် ပြန်မသွားတတ်တော့ဘူး။

၁၇ ရာစုတန်းက အနောက်တိုင်း အတွေးအခေါ် ပညာရဲ့ဖခင်ကြီးလို့ သတ်မှတ်ကြတဲ့ ပြင်သစ်တွေးခေါ် ပညာရှင်ကြီး ဒေးကား (Rene' Descartes) က "I Think, therefore I am" လို့ ပြောခဲ့တယ်။ ဒါဆိုရင် ကျွန်တော်ရှိနေဖို့အတွက် ကျွန်တော်တွေးနေမှရမှာလား။ မတွေးတော့ရင် ကျွန်တော် ပျောက်ဆုံးသွားမှာလား။ ဒါပေမဲ့ အတွေးတွေက သိပ်ကိုက်ခဲတယ်။ ကဗျာတွေကရော အတွေးကိုဆက်စေမှာလား။ ဒါမှမဟုတ် ဖြတ်တောက်ပေးကြမှာလား။ အခုရက်ပိုင်း ကဗျာတွေဖတ်ရတာ ကျွန်တော်မောတယ်။ အသက်ဝဝရှူနည်းရှိရင်တော့လည်း သိချင်ပါတယ်။ ဟောဒီ ကမ္ဘာမြေဟာ ကျွန်တော့်လေတွေကို ခိုးဝှက်ထားကြတာဖြစ်မယ်။ အသက်ရှူနေရတာက ပိုပိုမောလို့ လာနေကြတယ်။

ချစ်တဲ့အကြောင်းတွေးရတာဟာ အေးစက်စက်နဲ့ ခွေနေတဲ့ မြွေပွေးတစ်ကောင်လို မသတီစရာသိပ်ကောင်းတာပဲ။ အတွေးတွေနား နီးကပ်သွားတဲ့အခါတိုင်း ခြေဖျားလက်ဖျားတွေ ပိုကျဉ်လာကြတယ်။ ပျောက်ဆုံးသွားရင်ဆိုတဲ့အတွေးက ပိုပြီးကြောက်စရာကောင်းလို့ ကျွန်တော့်မှာ မရပ်တန့်နိုင်ဘဲ ဆက်တွေးနေရတယ်။ "အဲ့လိုဆို မင်းဟာက ဘယ်တန်မလဲကွ" လို့ ဟိုကောင်က ပြောပေမယ့် ခင်ဗျားအကြောင်းတွေးနေရတာနဲ့တင် ဘဝက မတန်တဆ ပြည့်ကျပ်နေပြီး ကင်ဆာဆဲလ်တွေ ပွားတာထက်တောင် မွန်းကြပ်မှုက အဆတိုးနေလိုက်သေးတာ။

ကျွန်တော့်ကို ဘယ်ရောင်ခြည်ကမှ မချွေးထွေးစေကြတော့ဘူး။ အတွေးတွေက ခါးလွန်းလို့ အခု ကျွန်တော် ကော်ဖီမသောက်တော့ဘူး။

နိဗ္ဗာန်ဆိုတာ ဘာလဲ။ ဘဝအဟောင်းချုပ်ငြိမ်းပြီးတော့ ဘဝအသစ်ဖြစ်တာဟာ ဘယ်လိုလဲဆိုတဲ့ မေးခွန်းတွေကိုတော့ ဘုရားရှင်ကတွေးကြည့်နေလို့ရတဲ့အရာမဟုတ်ဘူးရယ်လို့ အပြတ်ပြောခဲ့ပြီးသားပါ။ လူသားရဲ့တွေးတော ကြံစည်သိနိုင်မှုနယ်ပယ်ကနေ လွန်မြောက်တဲ့အရာတွေ။ သိချင်ရင် လက်တွေ့လုပ်ကြည့်တဲ့နည်းပဲရှိတယ်တဲ့။ ဘဝအစဉ်ကို စိတ်ကပဲ ဆက်စေပြီး စိတ်ကပဲ ဖြတ်စေနိုင်တာ။ သိချင်ရင် စိတ်ကို စိတ်နဲ့ပဲ ဖမ်းကြည့်ရမတဲ့။ ကျွန်တော့်စိတ် ကျွန်တော် ဖမ်းမကြည့်ခဲ့ဖူးပေမဲ့ ခင်ဗျားစိတ်တွေကိုလည်း ဘယ်တုန်းကမှ ဖမ်းလို့မမိခဲ့ဘူး။ အသက်ရှူရတာက ပိုပိုခါးလာတာဟာ အမှတ်သည်းခြေတွေ ပေါက်သွားတာပဲ ဖြစ်မယ်။

> ကျွန်တော်တို့နိုင်ငံက
> နိုဗယ်ဆုရှင်တွေနဲ့
> အရာရာအောက်ကျ
> လွန်းရလေမယ့်ကင်ဆာဖြစ်
> ပွားမှုနှုန်းမှာတော့
> ကမ္ဘာ့အဆင့်ထဲ
> ဒုတိယနေရာလောက်
> အထိ မြင့်မားတယ်လို့
> ရင်ပေါင်တန်းနိုင်ခဲ့ပြီ။
> ဆင်းရဲချို့တဲ့မှုက
> ကင်ဆာတချို့နဲ့
> ဆက်စပ်နေ
> ကြောင်းကိုလည်း
> တွေ့လာခဲ့ရပြီ။

တစ်နေ့ပြီးတစ်နေ့ ကြုံနေရတဲ့အစိမ်းတွေက အရောင်သိပ်ရင့်တော့ အေးစက်လွန်းတဲ့ အဲ့ဒီရာသီထဲ အဆင်ပြေခြင်းကို အံဝင်အောင် မထည့်သိတတ်တာနဲ့ ခင်ဗျားရဲ့ စိမ်းကားအေးစက်မှုတွေက ကျွန်တော့်စိတ်ကို ကင်ဆာဖြစ်စေခဲ့တယ်။ မန်လည်ဆရာတော်ဘုရားက မဃဒေဝလင်္ကာသစ်မှာ "ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရှိကောင်းရှင့်" လို့ ဆုံးမခဲ့လည်း ကြီးသောအတိတ်ကံပါလာခဲ့ဟန်တူတဲ့ ကျွန်တော်က "အဲ့ဒီလှပသောဝဋ်" မှာ ပျော်တယ်။

ကိုနေဝင်းရဲ့ 'မောင့်လပြည့်ဝန်း' ထဲကလို ပြောရရင်တော့ "ဒီလူနဲ့တူသောအကျိုးမျိုး မင်းတစ်ယောက် ကင်းလို့ဝေးပါစေ" ပေ့ါ။ ကျွန်တော့်ပျော်ရွှင်ခြင်းတွေကတော့ ဘယ်အားဖြည့်အချိုရည်သောက်သောက် ၂၄ နာရီ မခံကြပေမဲ့ ခင်ဗျားကိုတော့ ပျော်နေစေချင်တယ်။

ကျွန်တော့်နှလုံးသားအခွံပါးလိုက်ပုံက ခရမ်းချဉ်သီး

www.burmeseclassic.com

တစ်လုံးလို ထင်ထင်ရှားရှား မြင်နေရတာပဲ။ နာကျည်းစွာ မုန်းတီးနိုင်စေရန် ဘုရားအဆူဆူ စောင့်ရှောက်ရင်လည်း ကောင်းမယ်။ သေလုမျောပါး ဒဏ်ရာတွေနဲ့ ကျွန်တော်ထပ်မံ မနာကျင်လိုတော့တဲ့အခါ ကင်ဆာနောက်ဆုံးအဆင့်မှာလို ထုံထိုင်းနေစေဖို့ မလိုအပ်ဘူးလား။

ကျွန်တော်တို့နိုင်ငံက နိမ့်ကျမှုတွေနဲ့ အရာရာအောက်ကျလွန်းရပေမယ့် ကင်ဆာဖြစ်ပွားမှုနှုန်းမှာတော့ ကမ္ဘာ့အဆင့်ထဲ ဒုတိယနေရာလောက် အထိ မြန်မာကွလို့ ရင်ပေါင်တန်းနိုင်ခဲ့ပြီ။ ဆင်းရဲချို့တဲ့မှုက ကင်ဆာတချို့နဲ့ ဆက်စပ်နေကြောင်းကိုလည်း တွေ့လာခဲ့ရပြီ။ မေတ္တာချို့တဲ့မှုကပဲ ကျွန်တော့်စိတ်ကိုလည်း ကင်ဆာဆဲလ်တွေနဲ့ ရစ်ပတ်ပစ်လိုက်တာ။ မဖြစ်မနေ ကင်ဆာနဲ့ သေဆုံးလိုက်ရတော့မယ်ဆိုရင်တောင် နာကျင်မှုတွေကို ခံနိုင်ရည်မရှိလို့ အချစ်နဲ့ တွေဝေမိန်းမောနေဖို့ ကျွန်တော်လိုအပ်တယ်။

ကင်ဆာဖြစ်တယ်ဆိုတာဟာ သေမိန့်ဗိဇာရတာပဲ။ ရှင်သန်ခြင်းဆိုတာ ကိုယ်နဲ့မသက်ဆိုင်တော့တဲ့အကြောင်း ခပ်မြန်မြန်ကလေး လက်ခံလိုက်ရပြီး အလိုတူသည်ဖြစ်စေ အလိုမတူဘဲဖြစ်စေ ဝေဝေဝါးဝါးနဲ့ပဲ ဒဏ်ရာတွေကို လက်ခံယူလိုက်ကြရတာ။ ဆရာဝန်တွေရယ် ဆေးတွေရယ်ဟာ သေဖို့အချိန်ကိုပဲ ဆွဲဆန့်ပေးနိုင်ကြတာ။ ရှင်သန်ခြင်းကို ဆွဲဆန့်မပေးထားနိုင်ဘူး။ မသေမရှင်ဘဝမျိုးမှာပဲ နိုင်သလောက် အံတုကြည့်ကြရတယ်။ ကျွန်တော်တို့ဟာ လူသားဆိုတဲ့အတ္တမာနလေးအဆုံးခံပြီး အရှုံးပေးလိုက်လို့လည်း မဖြစ်ဘူးမဟုတ်လား။

၁၈၈၆ ခုနှစ်က ရိုဒင် (Rodin) ရဲ့ နာမည်ကျော်ပန်းပုရုပ်တု 'Thought' ကိုတော့ သူက ဦးခေါင်းတစ်ခုကိုပဲထုပြခဲ့ပေမယ့် ကျွန်တော့်ရဲ့ ချစ်တဲ့စိတ်က နှလုံးသားကလာနေတာခက်တယ်။ ကင်ဆာဖြစ်ရင် သိပ်နာကျင်တယ်ပြောကြပေမယ့် ဦးလှထွန်းရဲ့ကင်ဆာရိပ်မြုံဖောင်ဒေးရှင်းဟာ ကုမရတော့တဲ့ ဝေဒနာရှင်တွေကို အနာအကျင်ပျောက်ဆေးသက်သက်ကို မေတ္တာနဲ့တွဲစပ်ပေးတာ။ ပျော်ရွှင်မှုအတန်အသင့်နဲ့ သေခြင်းတရားကို ရင်ဆိုင်သွားပုံကိုကြည့်ရတာကတော့ မေတ္တာတရားဟာ အတော်လေး ဆေးဖက်ဝင်ပုံရတယ်။ ကျွန်တော့်ရဲ့စိတ်ကင်ဆာပျောက်ဖို့ မှီဝဲရမယ့် အကြင်နာတချို့က ဘေးထွက်ဆိုးကျိုးကြီးပြီး အခန့်မသင့်ရင် ဆေးအတွက်လေးမယ့်ကိန်း ဖြစ်နေရတယ်။ ပန့်ခ် အဆိုတော် ကျားပေါက်ရဲ့ 'ကင်ဆာ' သီချင်းကို သိပ်မုန်းရက်နဲ့တောင်မှ ကျွန်တော် အမြဲဆိုညည်းနေမိရပြီဆိုမှတော့လည်း ဘေးထွက်ဆိုးကျိုး ဘယ်လောက်များများ အခုအခြေအနေအတွက် မေတ္တာတရားကို မှီဝဲဖို့လိုအပ်နေပြီ။

ရိုဒင်ရဲ့ 'The Thinker' ရုပ်တုကို ကျွန်တော်ကြည့်ဖို့ သတ္တိမရှိဘူး။ အတွေးတွေကပဲ ကျွန်တော့်စိတ်ကို ကင်ဆာဖြစ်စေခဲ့တာကိုး။ ခင်ဗျား အကြောင်း သတိမရတဲ့နေ့တွေမှာ အနာသက်သာတယ်။ မေ့ထားချင် ယောင်ဆောင်လို့ရတဲ့နေ့တွေမှာ ဒဏ်ရာလျော့ပါးတယ်။ ဆောင်းရာသီက အနာရင်းစေတယ် ပြောကြတယ်။ မချစ်ရင်လည်း ဝေးဝေးမှာနေပေးပါ။ ကင်ဆာဆိုတာဟာ ပြတ်ပြတ်သားသားနဲ့ ကုရတဲ့ရောဂါပါ။ သေမလား ရှင်မလား ရွေးချယ်နေရတဲ့ အခိုက်တွေမှာ ဆင်အိပ်ရာဆိတ်နှိုးလို့ မဖြစ်ဘူးမဟုတ်လား။ ပျော်ရွှင်ခြင်းဟာ ကျွန်တော်နဲ့လည်း ထိုက်တန်စွာ ထိုက်တန်တဲ့ အကြောင်းတော့ ယုံကြည်ခွင့်ရှိမှုဖြစ် မယ်။ ခုဆို ကျွန်တော့်ကင်ဆာက တော်တော်ရင့်နေပြီလို့ပြောကြတယ်။

My Chemical Romance ရဲ့ နာမည်ကျော်အီမိုသီချင်းတစ်ပုဒ်ဖြစ်တဲ့ 'Cancer' ကို နားထောင်ကြည့်ပါ။ ကင်ဆာဟာ ဘယ်လောက်နာကျင်စေတဲ့အကြောင်းကို ခင်ဗျားသိလိမ့်မယ်။ သေခြင်းတရားကို လက်ထဲကိုင်ထားပြီးမှ နာကျင်မှုတွေ ရင်စည်းခံနေရတာ ဓာတ်ရောင်ခြည်ကုသမှုခံယူရသလို သိပ်မှောင်နေတဲ့ ကျွန်တော့်မနက်ခင်းတွေကို နွေးထွေးမှုတချို့နဲ့ လင်းစေမှဖြစ်မယ်။ ကင်ဆာအကြိတ်တွေက သိပ်ပြီးကြီးထွားမှုမြန်တော့ နောက်ကျသွားရင် ဖယ်ထုတ်ပစ်ဖို့တောင်မှ ခက်ခဲလွန်းတော့ ကျွန်တော့်မှာ နှလုံးသားတစ်ခုလုံးက ညှစ်အားကျလာရုံတင်မကတော့ဘူး။ ဒဏ်ရာတွေနဲ့ မာခဲနေကြတယ်။ အေးစက်စက်ညတွေကို နွေးထွေးစေမယ်ဆိုရင် အိပ်မက်တချို့ကို သီးပွင့်ကြပါစေ။ ဆောင်းဦးရာသီက သာယာတယ်၊ ပန်းတွေလည်း အစုံအလင်ပွင့်ကြတယ်ဆိုပေမယ့် ရာသီဥတုက ခြောက်သွေ့လွန်းတော့ အသည်းနှလုံးတွေပါ ကွဲအက်စေကုန်တယ်။

သေဆုံးခြင်းကို ခပ်ပြုံးပြုံးရင်ဆိုင်နိုင်ဖို့ မေတ္တာ ခပ်များများလေး လိုချင်တယ်။ ဘဝက ဘာမှမရေရာဘူးလို့လည်း ပြောတတ်ကြသေးတော့ တချို့မေတ္တာတရားတွေက လမ်းမှာအပျောက်အရှသိပ်များပြီး လိုရာမရောက်တာဖြစ်ပါလိမ့်မယ်။ စိမ်းလန်းနေတဲ့ တောအုပ်ထဲမှာ မေတ္တာရှိလိုရှိငြား ဘဝအဆက်ဆက် ဒီလိုပဲ လိုက်ရှာနေမိအောင် ကျွန်တော်ကတော့ ဆက်လက်မိုက်မဲနေမယ်ထင်တယ်။

အမြဲတမ်း မှားရေနေမိတတ်တဲ့ ကျွန်တော့်သုညတွေ ရှိခဲ့ပြီးမှတော့ ဒဏ်ရာတွေကို တရိုက်မက်မက် ထပ်မံမသောက်သုံးချင်တော့ဘူး။ ကျေးဇူးပြုပြီးတော့ ပျိုးကြဲခဲ့မိတဲ့ သူများယာခင်းထဲက စိမ်းလန်းခြင်းတွေအကြောင်း ကျွန်တော့်ကို မကြာခဏ သတိလာမပေးစမ်းပါနဲ့။ ချစ်မိမှတော့ ခပ်မာမာပါပဲ။ ခြောက်သယောင်းရရင်တောင် ကိုယ့်အပူရောင်နဲ့ကိုယ် ရဲရဲရင့်ရင့် လောင်ကျွမ်းပစ်ချင်တဲ့ကောင်ပါ။

**မေဇော်**


www.burmeseclassic.com

# ဇူလိုင်မိုးများအောက်မှာလိုက်လို့ရှာ

ကျော်ရဲ

ဇူလိုင်လရဲ့ ပထမဆုံးနေ့တစ်နေ့မှာပါပဲ။ မေလှမြိုင်ရဲ့ သီချင်းသံတွေကြားမှာ၊ ခင်ညွန့်ရည်ရဲ့ သီချင်းသံတွေကြားမှာ၊ ဆွေးမြည့်ကြေကွဲမှုတွေကြားမှာ၊ မိုးစက်မိုးပေါက်တွေကြားမှာ ကျွန်တော်အတွေးစကြာ လည်ပတ်လွင့်ပြေးနေလေသည်။ အဲဒီနောက် ကျွန်တော်ရုပ်ခန္ဓာပါ ထိုအတွေးစကြာနောက်သို့ လိုက်ပါသွားတော့သည်။ ကျွန်တော်တစ်စုံတစ်ယောက်ကို အရိပ်အယောင်ဖြစ်ဖြစ်တွေ့ရလို တွေ့ရငြား မျှော်တင့်ငုံ့လိုက်ရှာနေခြင်းပါ။

ညနေလေးနာရီလောက်မှာ ရန်ကုန်မြို့လယ်ကောင်ရှိ မဟာဗန္ဓုလပန်းခြံအလယ်က လွတ်လပ်ရေးကျောက်တိုင်အောက် ကျွန်တော်ရောက်သွားသည်။ အသစ်တဖန် မွမ်းမံပြောင်းလဲမှုများနဲ့ စိမ်းမြလှပနေသော မြန်မာနိုင်ငံရဲ့ အထင်ကရ





www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဝင်ဆိပ်များ ရိုက်နှိပ်ထင်ကျန်ခဲ့ရာ ပန်းခြံကြီးထဲမှာ ကျွန်တော် ဆို့နင့်ကြေကွဲစွာ လိုက်ရှာနေမိသည်။


ပန်းခြံအရှေ့ဘက်ခြမ်းရှိ ထောင်တက်လာလိုက်၊ ထိုးကျသွားလိုက်ဖြင့် အနိမ့်အမြင့်မညီမျှဖြစ်နေတဲ့ ရေပန်းအမှုန်မွှားများကြားမှ မြို့တော်ခန်းမဆီ ငေးကြည့်မိရင်း မဝီဝိုးတဝါးဖြစ်ဖြစ်ပေါ်လာလေမလား ကျွန်တော် တမ်းတ လွမ်းရှုမိပြန်သည်။ လွန်လေပြီးခဲ့တဲ့နှစ်ပေါင်း ၆၇ နှစ်ဆီ စိတ်အတွေးများ ပြန်ပြေးသွားသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က ဟောဒီ မြို့တော်ခန်းမကြီးပေါ်ကနေ ပြည်သူလူထုကို မိန့်ခွန်းပြောနေတဲ့ အဘိုးရဲ့ ပုံရိပ်တွေ ပြန်ပေါ်လာသည်။ အသံတွေ ပြန်ကြားယောင်လာသည်။ မျက်ဝါးထင်ထင်လိုဆိုတော့ ကျွန်တော်လွတ်လပ်ရေးကျောက်တိုင် အုတ်လေ့ကားခုံ အပေါ်ဆုံးဆီ ပြေးတက်ပြီး အရူးအမူး အော်ခေါ်လိုက်မိသည်။

အဘိုး ..အဘိုး .. အဘိုး ..

ပန်းခြံထဲရှိ လူငယ်များ ချာတိတ်စုံတွဲလေးများ အထိတ်တလန့် ဖြစ်သွားကြသည်။ ကလေးငယ်များ၊ အမျိုးသမီးကြီးများက တအံ့တဩ လှည့်ကြည့်ကြသည်။ လူကြီးအချို့နှင့် လူရွယ်အချို့က ကရုဏာသက်သလို ငေးစိုက်ကြည့်နေကြသည် ထင်ပါသည်။ ကျွန်တော့်စိတ်အာရုံထဲမှာတော့ တစ်ခုတည်း။ တစ်ဦးတည်းသာ အရေးတကြီး လွမ်းမိုးနေသဲ။

ကျွန်တော့်လက်အစုံဖြင့် ဦးညွှတ်ရှိခိုး ကန်တော့ချင်စိတ်၊ ကျွန်တော့်မျက်လုံးတိုက်ရိုက်ဖြင့် ခေါင်းများခြေဆုံး မြင်တွေ့လိုစိတ်၊ ကျွန်တော့်ပါးစပ်ဖြင့် အလေးအနက်ရှုတ်ဆက်ချင်စိတ် စသဖြင့် စသဖြင့်ပေါင်းများစွာ ကျွန်တော့်နှလုံးသားမှာ ထကြွတိုးဝင်နေတာ ကျွန်တော်ပဲသိပါမည်။

ကျွန်တော် ထပ်ကာ ထပ်ကာ အော်ခေါ်နေမိသည်။ ကျွန်တော် အဖန်တလဲလဲ






www.burmeseclassic.com

www.burmeseclassic.com

ရေရွတ်နေမိသည်။ ဒီနောက် အချိန်မည်မျှ ကြာသွားမှန်းမသိ မြို့တော်ခန်းမကြီးဆီ ငေးကြည့်နေမိသည်။ မှောင်ရီသမ်းလုတော့ ပန်းခြံမှ ဝန်ထမ်းတစ်ဦးက 'ညီလေး အိမ်ပြန်တော့လေ၊ အအေးမိပြီး ဖျားနေဦးမယ်' လို့လာပြောမှ ကျွန်



တော် အတွေးတစ်ခုဝင်လာပြီး ပန်းခြံထဲမှ ပြန်ထွက်ကာ ဗိုလ်အောင်ကျော်လမ်းဘက်ဆီ သုတ်ခြေတင်တော့သည်။

အနော်ရထာလမ်းအတိုင်း လျှောက်လာရင်း မသဲတသဲမိုးစက်တွေကြားမှာ ကျွန်တော် လိုက်ရှာနေသည်။ ဗိုလ်အောင်ကျော်လမ်းထောင့်က စိန်ပန်းပင်တွေအောက်ရောက်တော့ လေအဝှေ့မှာ ကြွေဝှေ့လာတဲ့ ရွက်အနွမ်းလေးများနဲ့အတူ အဘိုးရဲ့စကားသံများ လွင့်ကျလာလေမလား။ ကျွန်တော် ခေါင်းမော့ နားစွင့်နေလိုက်ပြန်၏။

အုတ်နီရုံး (အတွင်းဝန်များရုံး၊ ဝန်ကြီးများရုံး) အိုကြီးဘေးဝင်းတစ်လျှောက် ကျွန်တော် လိုက်အော်ခေါ်နေမိပြန်သည်။ စည်းရိုးနှစ်ထပ်ကာထားတဲ့ ကန့်သတ်နယ်မြေရုံးဝင်းကြီးထဲ ဘယ်လိုမှဝင်လို့မရတော့ လေးဖက်လေးလံမှ လှည့်ပတ်ကာ ကျွန်တော်ရှာနေမိသည်။ ကျွန်တော် အော်ခေါ်နေမိသည်။

တဖြည်းဖြည်း မိုးလုံးဝစဲသွားပြီး အမှောင်ထုအပြည့်ဖုံးလာတော့ ကျွန်တော် အနည်းငယ် မောပန်းနုံးချည့်လာလေပြီ။ ဝန်ကြီးများရုံးဟောင်းကြီး အရှေ့ဘက်ရှိ ခရေပင်တစ်ပင်အောက်မှာ ထိုင်ချလိုက်သည်။ အဘိုး ရုံးဆင်းခါနီးပြီဟု ယူဆခံစားမိသည်၊ အာခေါင်နံရံတွေ ခြောက်ကပ်လာပြီး မျက်စိနှစ်လုံး စပ်ဖျဉ်းဖျဉ်းဖြစ်လာ၏။ ကိစ္စမရှိ အဘိုးကို တွေ့အောင် ဆက်စောင့်ရမည်။ နာရီပေါင်းများစွာ အော်ဟစ်လှုပ်ရှားခဲ့မှုကြောင့် အားလျော့သွား၍ ကျွန်တော် ခရေပင်အောက်မှာ နွမ်းလျစွာ အိပ်ပျော်သွားသည်။

*

ကျယ်လောင်ကြမ်းတမ်းစွာ မြည်ဟည်းလိုက်သော ကားဟွန်းသံတစ်ခုကြောင့် အိပ်ပျော်နေရာမှ လန့်နိုးသွား၏။ နာရီငုံ့ကြည့်လိုက်တော့ ည ၈ နာရီထိုးပြီ။ ကျွန်တော်အိပ်ပျော်နေတုန်း အဘိုးနဲ့လွဲသွားတာဖြစ်မည်။ မိမိကိုယ်ကို အတော်ပင် ဒေါသဖြစ်သွားသည်။ တစ်ပြိုင်တည်းမှာပဲ အတွေးတစ်ခုထပ်ရလိုက်သည်။ သခင်အစည်းအရုံး (တို့ဗမာအစည်းအရုံး) အမှတ် ၇၆၊ ရေကျော်လမ်းက ဌာနချုပ်ရုံးခန်းမှာ အဘိုးရှိနိုင်တာ သေချာသည်။ သခင်ပါတီခေါင်းဆောင်ကြီး သခင်ကိုယ်တော်မှိုင်းပေးထားတဲ့ ရုံးခန်းလေးထဲမှာ အဘိုးဟာ အဲဒီအခန်းလေးထဲမှာပဲ အလုပ်လုပ်၊ အဲဒီအခန်းလေးထဲမှာပဲ အိပ်၊ အဲဒီအခန်းလေးထဲမှာပဲ စားဆိုတော့ တစ်ထစ်ချရှိလေမည်ဟု စဉ်းစားကာ စိတ်လက်တက်ကြွစွာဖြင့် သိမ်ဖြူလမ်းမကြီးပေါ်က အပြေးတစ်ပိုင်း ထွက်လာမိပြန်သည်။

ရေကျော်လမ်းတစ်လျှောက်မှာ စားသောက်ဆိုင်များက ပလက်ဖောင်းပေါ်ခွကျော်လျက် အညှော်နံ့တလှိုင်လှိုင်ဖြင့် အလွှာစုံ အရွယ်စုံ သောက်စားပျော်ရွှင်နေကြသည်။ မီးရောင်စုံတန်းများကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မျက်လုံးတွေ ပြာဝေလာပြီး ခန္ဓာကိုယ်က ယိုင်လျလျ ဖြစ်နေသည်။ အစာလည်း မစား၊ ရေလည်း မသောက်ရသေးသဖြင့် ခြေလှမ်းတွေက မသွက်လက်တော့ပေ။

ဒါပေမဲ့ ကျွန်တော့်နှလုံးသားထဲမှာ ဆာလောင်နေသည်က တစ်ခုတည်း။ ကျွန်တော့်သွေးကြောထဲမှာ စီးဆင်းနေသည်က တစ်မျိုးတည်း။ ကျွန်တော့်ဦးနှောက်ထဲမှာ ပုံးပေါက်နေသည်က တစ်ယောက်တည်း။

ရေကျော်လမ်းအနှံ့ အမှတ် ၇၆ ကို ကျွန်တော်ခေါက်တုံ့ခေါက်ပြန် လိုက်ရှာမိသည်။ ရေကျော်လမ်းအဆုံး အဘိုးကို ကျွန်တော် အသံသဲ့သဲ့ဖြင့် အော်ခေါ်နေမိသည်။ ရေကျော်လမ်းမကြီးပေါ်မှာ ကျွန်တော်လဲကျသွားတဲ့အထိ အော်ခေါ်နေမိသည်။

*

ကြင်နာသနားစိတ်ရှိသူအချို့က ကျွန်တော့်ကို တွဲထူပေးရင်း ရေသန့်ဘူးလေးများဖြင့် ရေလာတိုက်ကြသည်။ ဒီတော့မှ ကျွန်တော်လည်း ရေသောက်ဖို့ လိုအပ်နေမှန်း အသိဝင်ကာ အနည်းငယ်သောက်လိုက်၏။ အမှတ် ၇၆ မှာ အဘိုးကို ရှာမရတော့မှန်း သိလိုက်တဲ့အခါ ကျွန်တော့်ခြေလှမ်းတွေက တာဝါလိန်းလမ်းဆီ ဦးတည်လိုက်သည်။

ရက်ပေါင်းများစွာ ထမင်းအငတ်ခံပြီး၊ အိပ်ရေးအပျက်ခံပြီး ရေမချိုး၊ ဆံပင်မညှပ်၊ မုတ်ဆိတ်ကျင်စွယ် မရိတ်ဘဲ နိုင်ငံ့အရေးကိုသာ ရင်ထဲ နှလုံးထဲထည့်ပြီး သူမတူအောင် ပေးဆပ်ကြိုးပမ်းခဲ့တဲ့ အဘိုးနဲ့ တွေ့ရဖို့ ကျွန်တော် ဘာအစားအသောက်မှ မတောင့်တချင်တော့ပါ။ ကျွန်တော် အဘိုးရုပ်သွင်ကို ခဏလောက်ဖြစ်ဖြစ် တွေ့လိုက်ချင်ပါသည်။ ကျွန်တော် အဘိုးရဲ့နှုတ်ထွက်စကားသံလေးဖြစ်ဖြစ် ကြားရချင်မိသည်။ ကျွန်တော် အဘိုးရဲ့ ခြေဖဝါးမှာ ကပ်ပေနေတဲ့ မြေမှုန်ကလေးပဲဖြစ်ဖြစ် လိုချင်နေသည်။

ဩော် .. ကြီးမြတ်လှတဲ့ နှလုံးသားအမွန်ပိုင်ရှင်ကို ကျွန်တော့်မျက်ရည်ပေါင်းများစွာဖြင့် ပူဇော်ချင်လွန်းလှပါသည်။ ရန်ကုန်မြို့ရဲ့ သန်းခေါင်ယံလမ်းတွေပေါ်မှာ ကျွန်တော် ယိမ်းနွဲ့နွဲ့ လျှောက်လှမ်းနေပေမယ့် ရင်ထဲက ဆန္ဒမီးအဟုန်ကတော့ဖြင့် ဖြောင့်မတ်မာကျောစွာ ကောင်းကင်ထက် လှမ်းတက်နေလေသည်။

တာဝါလိန်းလမ်းရှိ ရေနံချေးရောင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးပေါ်က ဝရန်တာကလေးမှာ အခုအချိန်ဆို အဘိုး စာအုပ်တစ်အုပ်ကို ရှာန်ဝင်စားစွာ ဖတ်နေရှာမည်။ အဘိုးနဲ့ ခဏတဖြုတ်လောက် စကားပြောခွင့်ရရင် ကျွန်တော် အလွန်ပျော်ရွှင်ကျေနပ်နိုင်ပြီ။ အဘိုးရဲ့ဟောင်းနွမ်းရော်ရိနေတဲ့ စစ်ယူနီဖောင်း သုံးစုံအကြောင်း ကျွန်တော်မေးကြည့်ချင်သည်။ အဝါဘက်သမ်းနေပြီဖြစ်တဲ့ လိပ်ပြာတံဆိပ်စွပ်ကျယ်ကလေး သုံးလေးထည်ပေါ်က ချွေးစွန်းကွက်ကလေးတွေထဲမှာ အဘိုးရဲ့မြိုးခြံချွေတာနိုင်မှုကို ကျွန်တော် ရှာတွေ့မိလိမ့်မည်။ ကာကီရောင် စစ်ဦးထုပ် သုံးလေးလုံးထဲမှာ သမိုင်းဝင်ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့တဲ့ အဘိုးရဲ့ ဦးနှောက်ရနံ့တွေကို ကျွန်တော် ရှူရှိုက်ချင်သည်။

*

ည အမှောင်တစ်ဝက်၊ လျှပ်စစ် အလင်းတစ်ဝက်ကြားမှာ လျှောက်လာရင်း ကျွန်တော် တာဝါလိန်းလမ်းထိပ်အနီး ကန်တော်ကြီးပတ်လမ်းပေါ်ရောက်တော့ ဘွားခနဲ အဘိုးကို တွေ့လိုက်ရသည်။ အဘိုးက 'ဟော့ နေဦး၊ ငါဒီမှာ' ဟု လှမ်းခေါ်လိုက်သံ ကြားရ၏။ ပန်းခြံတစ်ခုရှေ့က အုတ်ခုံမြင့်ထက်မှာ အဘိုးဟာ စစ်ဝတ်စုံအပြည့်ဖြင့် လက်တစ်ဖက်ဆန့်တန်းပြီး တစ်စုံတစ်ရာ ပြောနေလေသည်။

ကျွန်တော်လည်း အံ့သြဝမ်းသာစွာ အဘိုးရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

အဘိုးရယ် ရှာလိုက်ရတာ။ အဘိုးအကြောင်း ကျွန်တော် သိတတ်စအရွယ်ကတည်းက အဘိုးကို ရှာခဲ့ပါတယ်။ စာအုပ်တွေထဲမှာ၊ လေလှိုင်းတွေထဲမှာ၊ မော်ကွန်းကားတွေထဲမှာ၊ သမိုင်းရုပ်ပုံလွှာတွေထဲမှာ ကျွန်တော်အမြဲရှာခဲ့ပါတယ်။ အဘိုးလို လူသားတစ်ယောက် ဟောဒီကမ္ဘာပေါ် ပြန်ရောက်လာဖို့ ကျွန်တော်တို့ ဘယ်လောက်အထိ စောင့်ရဦးမှာလဲ။ အဘိုးလိုမြင့်မြတ်တဲ့ ခေါင်းဆောင်တစ်ယောက်နဲ့ ဆုံဆည်းရဖို့ ကျွန်တော်တို့ ဘယ်နှစ်ဘဝ ကျင်လည်ရဦးမှာလဲ။ အဘိုးလို အဆုံးစွန်ထိ ပေးဆပ်နိုင်ဖို့၊ ပြောင်မြောက်တဲ့သတ္တိ၊ ရဲရင့်တဲ့စွမ်းအားတွေ ရနိုင်ဖို့ ကျွန်တော်တို့ ဘယ်နှစ်သက်ကျင့်ကြံအားထုတ်နိုင်လေမလဲ။

ကျွန်တော် သူရူးတစ်ယောက်လို အော်ဟစ်ငိုကြွေးရင်း အဲဒီနေရာမှာ တစ်ညလုံး အဘိုးကို တိုင်တည်ပြောဆိုနေမိပါတော့တယ်။

**ကျော်ရဲ**

■


www.burmeseclassic.com

“ဟဲ့ ဆု၊ နင်ကဒီမှာ မန်ကျည်းရွက်လာရှုးနေတာကိုး၊ ရှာလိုက်ရတာ၊ ငါတို့ သန်ဘက်ခါ အဖေ့ကို သွားတွေ့ကြမယ် တဲ့”

အမောတကောနှင့်အပြေးလာပြောသော ဆုဇာ်ညီမ သဲသဲကိုကြည့်၍ ဆုအံ့သြရသည်။

“ဟုတ်လို့လားဟယ်၊ ဟိုတလောက အမေကြီးပြောတုန်းက အဖေ့ဆီကိုသွားဖို့ ပိုက်ဆံစုရဦးမယ်တဲ့၊ အခုတလော နင်မြင်တဲ့အတိုင်း ပန်းခင်းကလည်းကျနေပြီ၊ တကယ်သွားရမှာ သေချာလို့လား၊ သွားရမယ်ဆိုရင်တော့ ပျော်စရာကြီးဟယ် အဖေ့ကို မတွေ့ရတာ သုံးလတောင် ပြည့်တော့မယ်” ဟု ဆုဇာ်ညီမအား ပြန်မေးနေမိသည်။

“နင်မယုံရင် သွားမေးကြည့်၊ ငါ အမေကြီးတို့ ပန်းစည်းရင်းပြောနေတာ ကြားတာ၊ ငါ ပျော်လွန်းလို့ နင့်ကို လာပြောတာ” ဟု သဲသဲက ပြန်ပြောလေသည်။





www.burmeseclassic.com

www.burmeseclassic.com

"အေး အဲဒါဆို ငါအခုပဲ သွားမေးကြည့်လိုက်မယ်"

ဆုသည် ခူးလက်စ မန်ကျည်းရွက်ထုပ်ကိုယူ၍ အမေကြီးဆီ တစ်ချိုးထဲထပြေးမိတော့သည်။

ဆုတို့မှာ ညီမလေး ယောက် ဖြစ်ပါသည်။ အမေကြီးဆိုသည်မှာ အဖေ့၏အမေ ဆုတို့၏အဘွား ဖြစ်သည်။ ရွာတွင် အဘွားအား အမေကြီးဟု ခေါ်ကြပါသည်။ ဆုတို့ နွေကျောင်းပိတ်၍ အမေကြီးထံသို့ အလည်လာကြခြင်းဖြစ်သည်။ အမေကြီးသည် သူ၏တူမနှင့် အတူတူ ရွာတွင်နေသည်။ စိန်ခြယ်ပန်း၊ သရက်သီးပေါ်ချိန်ဆိုလျှင် ခြံထဲမှာ သရက်သီး၊ ဆီးသီး စသည်များအား ရောင်း၍ရသည့်ပိုက်ဆံလေးကို ချွေတာစားကာရသမျှကို စုဆောင်းတတ်သည်။

ပိုက်ဆံလေးအဆင်ပြေလျှင် ပြေသလို အဖေ့ဆီ ထောင်ဝင်စာ သွားတွေ့လေ့ရှိသည်။ ဆုတို့ညီအစ်မများမှာ အမေ့အမေ ဆုတို့အဘွားနှင့် အဒေါ်အပျိုကြီး သုံးယောက်ထံတွင် နေကြရသည်။

ဆု သူငယ်တန်းတက်ချိန်တွင် အဖေနိုင်ငံရေးမှုဖြင့် ထောင် ၁၃ နှစ်ကျခဲ့သည်။ ထိုအချိန်တွင် ဆုညီမအငယ်ဆုံးမှာ လသားလေးသာ ရှိပါသေးသည်။


သဲသဲကမှ ထိုအချိန်က မှုကြိုတက်နေဆဲသာ ရှိသေးသည်။ အဖေ့အား စီရင်ချက်ချသည့်နေ့တွင် ထောင် ၁၃ နှစ်ဟု ကြားကြားချင်း အမေကြီးမှာ ဆယ်ဘီးကားအောက်ပြေးဝင်ကာ ကိုယ့်ကိုယ်ကို သတ်သေရန် ကြိုးစားခဲ့ဖူးသည်။ လူများဝိုင်းဆွဲ၍သာ အသက်မသေခဲ့ခြင်းပင်။

ထို့နောက်ပိုင်းတွင်တော့ အမေကြီးအဖို့ သူ့သားကို ထောင်ဝင်စာပို့ရေးသာ ကြိုးစားရ တိုက်ပွဲဝင်ရတော့သည့် အခြေအနေသို့ ပြောင်းလဲသွားရလေတော့သည်။

*

အဖေ ထောင်ကျသွားပြီးသည့်နောက် ဆု၏အဒေါ်များနှင့် အဘွားများက ဆုတို့ကို အမြဲအားပေးလေ့ရှိသော စကားရှိပါ၏။

ထိုသည်မှာ "အေး နင်တို့အဖေထောင်ကျတာ မသမာမှု မဟုတ်ဘူး၊ ဒါကြောင့် ရှက်



www.burmeseclassic.com



စရာ အကြောင်းမရှိဘူး၊ မှန်ကန်မှုအတွက် ထောင်ကျရလို့ ဒါကို ဂုဏ်တောင် ယူလိုက်ဦး'' စသဖြင့် အမြဲအားပေးတတ်ကြသည်။

အဖေထောင်ကျသွားသည့်နောက် အစိုးရမှ ဆုတို့နေသည့်အိမ်ကို သိမ်းသွားသဖြင့် ဆုတို့မှာ နေစရာအိမ်ပါမရှိတော့ချေ။ ရွာမှ အဖေ့အမေ အမေကြီးထံတွင် နေမည်ဆိုလျှင်လည်း ကျောင်းတက်ရဝေးသည့်အတွက် အဆင်မပြေ။ ဆုတို့မှာ အိမ်ငှားရန်လည်း အလွန်ခက်ခဲခဲ့ရသည်။ နိုင်ငံရေးမိသားစုဖြစ်သည့် ဆုတို့ကို အိမ်မငှားချင်ကြပါ။

ဆု၏ဦးလေး အဖေ့မောင်မှာလည်း ကျောင်းသားခေါင်းဆောင် တစ်ယောက်ဖြစ်ကာ ၈-လေးလုံးအပြီးတွင် တောခိုသွားခဲ့သည်။ ဘယ်အရပ်ဘယ်ဒေသရောက်နေမှန်းပင် မသိ။ အစိုးရဖမ်းမိ၍ နှိပ်စက်ကာ သတ်လိုက်ပြီဟုလည်း ကြားရသည်။ ထိုသို့သော မိသားစုကို အိမ်မငှားရဲကြသည်မှာ တခြားလူတွေ၏အပြစ်ဟုလည်း မဆိုသာပါ။ လူတိုင်းသူတို့ကို အမှုပတ်မှာ ကြောက်နေကြရသည် မဟုတ်လား။

ယခုလည်း နွေကျောင်းပိတ်၍ အမေကြီးထံသို့ ဆုနှင့်သဲသဲတို့ လာလည်ကြခြင်း ဖြစ်သည်။ ဆုတို့ညီအစ်မလေးယောက်လုံးလာနေလျှင် အမေ

သံတိုင်ကြားမှ
လက်ကိုင်ဖို့မသိုထားနှင့်
လက်ချောင်းလေးများ
ထည့်ရန်ပင်
မလွယ်လှချေ။
သူငယ်ငယ်
တုန်းကတော့
သံတိုင်တွေကြားက
လက်ကိုထိုးထည့်ရင်း
အဖေ့လက်ကို
မမှီမကမ်း လှမ်းကိုင်
ရသေးသည်။

ကြီးတွင် ဝန်ပိမည်စိုး၍ ဆု၏အဒေါ်များက တစ်နှစ်ကို နှစ်ယောက်သာ လည်ခွင့် ပေးထားပါ၏။ ယခုနှစ် ဆုနှင့်သဲသဲတို့အလှည့်။

ဆုတို့ရွာသို့ရောက်လျှင် မန်ကျည်းရွက်သော်လည်းကောင်း၊ သရက်သီးကင်းသော်လည်းကောင်း ခူး၍ အမေကြီးနှင့်အတူ ဈေးတွင်လိုက်ရောင်းကြသည်။ ကျောင်းဖွင့်လျှင် စာရေးကိရိယာများ ဝယ်နိုင်ရန်အတွက်ဖြစ်သည်။ ဆုတို့ညီအစ်မလေးယောက်ကို ကျောင်းထားရသည်ဆိုသည်မှာ လွယ်သည်မဟုတ်။ သူများအိမ်အောက်ထပ် အခန်းလေးတစ်ခန်း ငှားနေရသည်မို့ အိမ်လခပေးဖို့ရန်ပင် အနိုင်နိုင်ကြိုးစားကြရသည်။

သို့ဖြစ်လေရာ ဆုတို့အတွက် စာအုပ်ဖိုးလေး ဖာမိထေးမိလည်း မနည်းဟု တွေးကာ ဆုတို့ ယခုလိုပိုက်ဆံစုကြခြင်း ဖြစ်ပါသည်။ အိမ်၏စားဝတ်နေရေး၊ ကျောင်းစရိတ်၊ ကျောင်းစရိတ်၊ အိမ်လခ၊ ထိုအရာများနှင့် လုံးလည်လိုက်နေချိန်တွင် အဖေ့ကို ထောင်ဝင်စာတွေ့ရန်မှာလည်း အလွန်ဖျစ်ဖျစ်ညှစ်ပြည်အောင် စုရ ဆောင်းရကြသည် မဟုတ်ပါလား။

*

တကယ့်တကယ်မှာတော့ ဆုတို့အားလုံး အဖေ့ဆီ အမြဲတမ်း သွားနိုင်ကြသည် မဟုတ်ပါ။ အဖေ့အတွက် အကြော်အလှော်၊ ကွမ်း၊ နောက် အဖေ့လက်ထဲတွင် ပိုက်ဆံအနည်းအကျဉ်းလည်း ထည့်ပေးထားချင်သည်။ ထောင်ထဲတွင် လိုအပ်သည့်အခါ အဖေသုံးနိုင်ရန်ဖြစ်သည်။ ထိုသို့ ပိုက်ဆံပေးရန်မှာလည်း ဆုတို့က အဖေ့ကို ငွေ ၁၀၀ ပေးချင်လျှင် ထိုငွေကို အဖေ့ဆီပေးပေးမည့် ထောင်ဝန်ထမ်းအတွက်လည်း ၁၀၀ ပေးကာ လာဘ်ထိုးရပါသေးသည်။ ထို့အပြင် ထောင်ဝင်စာ တွေ့ရန် စာရင်းပေးလျှင်လည်း မြန်မြန်တွေ့ရဖို့အရေး လာဘ်ထိုးရပါသေးသည်။

ထိုသို့သောအကြောင်းများကြောင့် အဖေ့ကိုလွမ်းသော်လည်း ဆုတို့ တစ်နှစ်မှ နှစ်ခါသုံးခါလောက်သာ တွေ့ခွင့်ရနိုင်ကြပါသည်။

ယခုသဲသဲပြော၍ ဆုတို့အဖေ့ဆီ သဘက်ခါ သွားတွေ့ခွင့်ရမည်ဆိုတော့ ဆုမှမပျော်လျှင် မည်သူပျော်မည်နည်း။

''အမေကြီး၊ အမေကြီး အမေကြီးရေ'' အမေတကော ပြေးလာသော ဆုကိုကြည့်ကာ ပန်းစည်းနေသော အမေကြီးမှာ လန့်လန့်ထိတ်ထိတ်ဖြစ်သွားပြီး

''ဟဲ့ဆု ဘာဖြစ်လာတာလဲ၊ လန့်လိုက်တာဟယ်၊ ထိပေါက်လို့လား''

''မဟုတ်ပါဘူး အမေကြီး



www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ သဲသဲပြောတာ သမီးတို့ သန်ဘက်ခါ ထောင်ဝင်စာသွားတွေ့လို့ရပြီဆို ဟုတ်လား အမေကြီး။ သမီးက အဖေ့ကို လွမ်းနေတာ အမေကြီးရဲ့၊ အမေကြီးကိုမေးရင် စိတ်မကောင်းမှာစိုးလို့ မမေးတာ'' ဟု ဆုအမေကြီးအား မောမောနှင့် မေးလိုက်မိသည်။

''အေး သွားလို့ရမယ် ထင်တယ်၊ အမေကြီးမနက်ဖြန် ပန်းရောင်းတဲ့ပိုက်ဆံလေးနဲ့ ဈေးဝယ်ခဲ့မလား စဉ်းစားနေတယ်၊ ထောင်ဝင်စာတစ်ခါပို့ရတာလည်းအေ ငါ့သားပေးရတာထက် ဒင်းတို့ကို ပေးနေရတာ၊ ငါ့သားမျက်နှာလေး ငါးမိနစ်လောက်မြင်ရဖို့အရေး ဒီမှာလုပ်လိုက်ကိုင်လိုက်ရတာ''

စိတ်ပျက်လက်ပျက်နှင့်ပြောနေသော အမေကြီးကိုကြည့်ပြီး ဆု စိတ်မကောင်းဖြစ်မိသည်။ ဘယ်သူ့ကို အပြစ်တင်ရမည်နည်း။

''အမေကြီးရယ် စိတ်မညစ်ပါနဲ့၊ အဖေထောင်ကလွတ်တော့ သမီးတို့ပျော်ရမှာပါ၊ လောလောဆယ် သမီးစုထားတဲ့ ပိုက်ဆံလေးလည်း နည်းနည်းရှိပါတယ်၊ အမေကြီးလိုရင် ယူသုံးလို့ရတာပဲ'' ဟု အမေကြီးအပေါ် ကရုဏာသက်စွာပြောတော့

''အေးပါ ဆုရယ် မလိုပါဘူး၊ လိုတော့ ပြောပါ့မယ်၊ နင်တို့ကျောင်းမှာ လိုတာလေးလည်း သုံးရတာပေါ့၊ ငါမလောက်ရင် ပန်းကန်လေး နည်းနည်းလောက် သွားပေါင်လိုက်မယ်'' ဟုအမေကြီးက ပြန်ပြောရှာသည်။

အိမ်တွင်လည်း အဖေ့ဆီသွားကာနီး ရှိသည့်ပန်းကန်လေးများကို ပေါင်လိုက်၊ နောက်စု၍ ပြန်ရွေးလိုက်နှင့် လုံးလည်လိုက်နေလေသည်။ အမေကြီးကိုလည်း သနားလှပါသည်။ ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့။ ဘယ်တတ်နိုင်ပါ့မည်နည်းဟုသာ နှလုံးသွင်းလိုက်ကြရသည်လေ။

*

''ဟဲ့ ဆု ဘယ်ရောက်နေလဲ၊ သဲသဲရော ရေစောစောချိုးကြ၊ နေမပူခင် သွားမှဖြစ်မယ်၊ စောစောသွားမှ စောစောတန်းစီလို့ရမှာ၊ ငါဒီမှာ အထုတ်တွေ စစ်ထည့်ပြီးရင် ရေလာချိုးမယ်၊ ငါမချိုးခင် နင်တို့ရေချိုးထားကြ''

အမေကြီးမှာ မီးဖိုထဲတွင် ကြော်လှော်ချက်ပြုတ်ရင်း ဆုတို့ကြားအောင် အော်ပြောကာ သားနှင့် တွေ့ရမည့်အရေး တက်ကြွသွက်လက်နေသည်။

''အမေကြီး ကြက်ကြော်က မွှေးနေတာပဲနော်၊ ငါးကြော်လည်း မိုက်တယ်၊ အဖေတော့ ဒီအပတ် သေချာစားရတော့မယ်နော်၊ တကယ်တော့ အဖေကမှ သုံးလတစ်ခါ လေးလ တစ်ခါပို့ရင် စားရပါသေးတယ်၊ သမီးတို့မှာတော့ အရွက်ကြော်လေးနဲ့ ငါးပိရည်နဲ့ အသားဆိုတာ တစ်ခါတလေဆိုမှ တစ်ခါတလေ စားရတာပါ၊ သမီးတို့ ဘယ်တော့များမှ ပိုက်ဆံရှိမလဲ မသိဘူးနော် အမေကြီး'' ထိုကဲ့သို့ရေရွတ်ရင်း ဆုမေးလိုက်မိသည်။

အဖေလည်း ထောင်မှလွတ်ပြီ။ အမေကြီးလည်း ဆုံးသွားရှာပြီ။ ယခု နိုင်ငံရေးအတွက် ထောင်ကျသည့် ကြားလျှင် အရင်ဆုံးမြေး ဖြင်မိသည်မှာ ကျန်ခဲ့သည့်မိသားစုဝင် ဖြစ်သည်။

''အေး လေရှည်မနေနဲ့ ဆု၊ ရေချိုးမယ်ဆို သွားချိုး၊ နင့်အဖေကို သွားပို့တယ်သာဆိုရတာ၊ အကုန်လည်း ရမရ ငါတို့က သိတာမဟုတ်ဘူး၊ နင်တို့အဖေ စားရော စားရရဲ့လားတောင် သိတာမဟုတ်ဘူး၊ လောလောဆယ် ရေချိုးမယ်ဆို သွားချိုးချေ၊ သဲသဲကိုပါ တစ်ခါတည်းချိုးခိုင်း၊ ပြီးရင် အဝတ် အစားတစ်ခါထဲလဲ၊ သနပ်ခါးလည်း ဖွေးဖွေးလေးလိမ်းဦး၊ နင့်အဖေမြင်တော့ စိတ်ချမ်းသာအောင်''

အမေကြီးမှာ အကြော်အလှော်များကို ဘူးများနှင့် သေချာထည့်ကာထုပ်ရင်း ပြောနေလေသည်။

''ဟုတ်ကဲ့၊ အခုပဲ သွားပါပြီ အမေကြီးရဲ့၊ အဖေ့ကို တွေ့ရမယ်ဆိုတော့ သမီးက ပျော်လွန်းလို့ပါ၊ သဲသဲရေ အမေကြီးက ရေချိုးတော့တဲ့ဟေ့'' အမေကြီးကို ပြန်ပြောရင်း သဲသဲကိုပါ တစ်ဆက်တည်း အော်ခေါ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''အေး အော်မနေနဲ့၊ ငါက အဖေနဲ့တွေ့ရမယ်ဆိုလို့ ရေစောစောချိုးထားပြီးပြီ၊ ဒီမှာ သနပ်ခါးလည်းလိမ်းနေတယ်၊ ကိုယ့်ဟာကိုပဲ ပြီးအောင်လုပ်''

သနပ်ခါးလိမ်းရင်း သဲသဲ ပြန်အော်လေသည်။

ဒါနဲ့ ဆုလည်း ရေမြန်မြန်ချိုး သနပ်ခါးလိမ်း၊ အဝတ်အစားလဲကာ အမေကြီးအတွက်ပါ သနပ်ခါးသွေးထားပေးလိုက်သည်။ ထို့နောက် ဆုတို့မြေးအဘွား သုံးယောက် မနက် ၉ နာရီတွင် အိမ်မှ စထွက်ခဲ့ကြလေသည်။

*

နေအလွန်ပူလှသော်လည်း အမေကြီးက ထီးနှင့် ဆုတို့ညီအစ်မနှစ်ယောက်က ဦးထုပ်ကိုယ်စီဆောင်း၍ ထွက်ခဲ့ကြသည်။ ဆယ်နာရီဆိုလျှင် ထောင်ဝင်စာတွေ့ဖို့ စာရင်းစကောက်ကြမည်မဟုတ်လား။

ထောင်သို့ နာရီဝက်ကျော်ကျော် လမ်းလျှောက်ရသည်။ မြေးအဘွားများ ဆိုက်ကားမစီးနိုင်ပေ။ ဆုတို့ဆိုက်ကားစီးမည့်အစား အဖေ့ကို ပိုက်ဆံလေး ပိုပေးနိုင်လျှင်လည်း မနည်းဟု တွက်ကြရသောကြောင့် မစီးကြခြင်းဖြစ်သည်။

ထောင်သို့ရောက်သောအခါ ထောင်ဝန်ထမ်းတစ်ဦးဦး ပုံစံတစ်ဆယ်စာရွက် လာယူရန် စောင့်ရပါသည်။

ဆယ်နာရီတွင် စယူသည်ဆိုသော်လည်း တစ်ခါတရံ ဆယ့်နှစ်နာရီ ထိုးသွားတတ်ပါသည်။ ဆုတို့မှာ ထောင်ထိပ်ဝတွင် အရိပ်မရှိဘာမရှိနှင့် နေပူထဲတွင် ရပ်စောင့်ရပါသည်။ ထိုထောင်ထဲမှ စာရွက်လာမယူမချင်း ဆုတို့စောင့်ကြရသည်။

ယနေ့ကံကောင်းထောက်မစွာပင် ဆယ့်တစ်နာရီကျော်တွင် ထောင်ဝန်ထမ်းထွက်လာလေသည်။

ထိုသူကို မြင်သည်နှင့် အားလုံးတိုးဝှေ့၍ သူ့ထက်ငါဦးအောင် စာရွက်တင်ကြရသည်။ တိုပုံစံတစ်ဆယ်နှင့်အတူ မှတ်ပုံတင်ပါ ပေးလိုက်ရပါသည်။ သူတို့ပေးသည့်ဖောင်တစ်ရွက်ကိုလည်း ဖြည့်ရပါသေးသည်။ ထို့အပြင် ဖောင်ဖြည့်ခပိုက်ဆံ ၁၅၀ ပေးရပါသည်။ ထိုဝန်ထမ်းကိုလည်း ကိုယ့်ကိစ္စမြန်မြန် ဆောင်ရွက်ပေးရန် ရရချင်း ပြန်လာပေးရန် လက်ဖက်ရည်ဖိုးဟု လုလုပပသုံးကာ ငွေ ၁၀၀ သော်လည်းကောင်း၊ ၁၅၀ သော်လည်းကောင်း ပေးရပါသေးသည်။

ထိုပိုက်ဆံ ၁၅၀ လောက်ရရန် အမေကြီး မည်မျှအလုပ်လုပ်ရသည်ကို သူတို့သိကြမည် မဟုတ်ပေ။

အမေကြီးရောင်းသည့်စိန်ခြယ်ပန်းတစ်စည်းမှာ ငွေ ၁၀ ကျပ်သာရပါသည်။ ထိုပန်းကို မစိုက်ခင်ပျိုးရပါသည်။ ထို့နောက် မြေပေါက်ကာ အခင်းလုပ်၍ စိုက်ရပါသည်။ နေ့တိုင်းရေလောင်းရပါသည်။ ပန်းတစ်ခါ ခူးရောင်းရရန် နှစ်လခွဲ သုံးလအထိ စောင့်ရပါသည်။ ထိုသည်များကို သူတို့မသိ။ လက်ဖက်ရည်ဖိုးဟူ၍ပေးရသည်မှာ နင့်ကနဲ။ မစားရက် မသောက်ရက်။

ထိုထောင်ဝန်ထမ်း ထွက်သွားပြီးသည်နှင့် အဖေ့အား ဆုတို့တွေ့ရသည်မဟုတ် ထပ်စောင့်ကြရသည်။ ခြေထောက်များပင်ကျင်၍ တောင့်နေတော့သည်။ ညနေသုံးနာရီခွဲခန့်တွင် ထိုဝန်ထမ်းပြန်လာသည်။ ထိုသို့ပြန်လာသော်လည်း မပြီးသေး။ ကိုယ့်နာမည်ပါမပါ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ခွင့်ရမရ ရင်တထိတ်ထိတ်နှင့် စောင့်ရပါသေးသည်။

တစ်ခါတစ်ခါ အမြဲဖြည့်နေကျ ဖောင်ကိုပင် ဟိုဟာလိုသည် ဒီဟာလိုသည်ဆိုကာ ရစ်တတ်သည်။

ထို့နောက် လေးနာရီဝန်းကျင်တွင်မှ အဖေ့အား ဆုတို့ တွေ့ခွင့်ရကြပါသည်။ ထောင်တွင်းသို့ဝင်ရန် ဆယ်မိနစ်ခန့် လမ်းလျှောက်ရသည်။ တစ်ခါ ထောင်ထဲတွင် အဖေတို့မလာမချင်း စောင့်ရပြန်သည်။ ထောင်ဝင်စာတွေ့သည်ဆိုသည်မှာ တစ်မိသားစုတည်း မဟုတ်ပေ။ မိသားစုအများကြီး ဖြစ်သည်။

ရုပ်ရှင်ထဲမှာလို သံတိုင်ကြားမှ လက်ကိုင်ဖို့မဆိုထားနှင့် လက်ချောင်းလေးများ ထည့်ရန်ပင် မလွယ်လှချေ။ဆုငယ်ငယ်တုန်းကတော့ သံတိုင်တွေကြားက လက်ကို ထိုးထည့်ရင်း အဖေ့လက်ကို မမီမကမ်း လှမ်းကိုင်ရသေးသည်။ ခုဆုတို့အ ရွယ်လေးရောက်လာတော့ အဖေ့လက်ကို ထိဖို့မဆိုထားဘိ သံတိုင်ကြားထဲ လက်ထိုးထည့်ဖို့ပင် မလွယ်တော့။ ထိုအခါ အဖေ့ကို ခပ်လှမ်းလှမ်းအမြင်နှင့်သာ မြင်ရခြင်းနှင့်ဆုတို့ အချိန်စေ့၍ပြန်ကြရသည့်အခါ အဖေ၏လည်ပြန်အကြည့်တို့နှင့်မျှသာ ကျေနပ်ကြရတော့သည်။

စင်စစ် ဆုတို့ ထောင်ဝင်စာ တွေ့သည့်မိသားစုများက ဘက်တစ်ခြမ်း၊ ထောင်သားများမှာ တခြားဘက်တစ်ခြမ်း။ ကြားထဲတွင် အလွန်ကို စိတ်သော သံဇကာနှစ်ချပ်က ခြားထားသေးသည်။ ထိုသံဇကာ တစ်ချပ်နှင့်တစ်ချပ်ကြားတွင် သုံးတောင်ခန့်ကျယ်ပါသည်။

အဖေနှင့်ဆုတို့မှာ အလွန်အလှမ်းဝေးလှသည်။ အော်မပြောလျှင် မကြားရ၍ အော်ပြောကြရသည်။ အမေကြီးမှာ စကားပင်မပြောနိုင်။ သူ့သားကြီးကိုကြည့်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျနေရှာသည်။

ဆုတို့မှာလည်း မလာခင်သာ အားခဲရသည်။ ရောက်လျှင် စကားပြောရန် ရှာမရပေ။ ခံစားချက်များပြင်းပြလာသည့်အခါ စကားလုံးများနှင့် ပြောင်းပြန်အချိုးကျသည် ဆိုသကဲ့သို့ ဆုတို့ရင်ထဲတွင် စကားလုံးများ ပြည့်နေသော်လည်း စကားရှာရ ခက်ခဲလွန်းလှသည်။ သူများ အဖေအဖေနှင့်ခေါ်နေချိန်တွင် ဆုတို့မှာ အဖေခေါ်ဖို့ နေနေသာသာ မျက်နှာလေးကြည့်ရန်ပင် ခက်ခဲလှပါသည်။

ထိုကဲ့သို့ တစ်နေ့လုံး စောင့်ဆိုင်းခဲ့သော ထောင်ဝင်စာမှာ "အဖေနေကောင်းလား၊ အဖေပိန်သွားတယ်နော်၊ သမီးတို့ အမေကြီးဆီ လာလည်တာ၊ သမီးတို့အားလုံး စာမေးပွဲအောင်တယ်၊ အဖေ့အတွက် ပစ္စည်းတွေက ဟိုမှာ ပေးခဲ့တယ်၊ ဝိုက်ဆံတစ်ရာလည်း ပေးခဲ့တယ်နော် အဖေ၊ အဖေ့သူငယ်ချင်းတွေအတွက် ဆေးလိပ်လည်း ပါတယ်နော် အဖေ" ဆိုတာလောက်မျှ။

အဖေဆေးလိပ်မသောက်သော်လည်း အဖေနှင့်အတူ ထောင်ကျနေသူများအတွက် အမေမှာပေးတတ်သည်။ တချို့မှာ ထောင်ဝင်စာလာယ်တော့မှ လာမတွေ့နိုင်သော အရပ်မှရှိသည်။ ထို့ကြောင့် အမေကြီးမှာ သူတွင် မရှိသော်လည်း သားသမီးချင်း ကိုယ်ချင်းစာကာ သူတတ်နိုင်သည်များကို ထည့်ပေးတတ်သည်။ သူများအတွက်ပါ ထည့်ပေးကြောင်း ပေးလေ့ရှိသည်။

ထိုသို့ အဖေနှင့် စကားဆယ်ကြောင်းမပြည့်ခင် ငါးမိနစ်ခန့်တွင် အချိန်စေ့သွားပါပြီဟု ကြားရချင်ဆုံးသော အသံကို ကြားလိုက်ရသည်နှင့် ဆုတို့မှာ ရုက်ချင်းဆိုသလို ပြန်ထွက်ခဲ့ကြရလေသည်။

"အမေကြီးရယ် တစ်နေ့လုံး မောကြီးပန်းကြီး နေပူထဲမှာ စောင့်လိုက်ရတာ အဖေ့ကို တွေ့ရတော့ ခဏလေးရယ် စိတ်ပျက်ဖို့ကောင်းလိုက်တာ။ အေးလေ ဘာပဲဖြစ်ဖြစ် မျက်နှာလေးတော့ မြင်လိုက်ရတာပဲလေ ..နော့" ဟုသဖြင့် ကျိတ်မနိုင်ခဲမရ ပြောနေမိသည်။

"အေးလေ နောက်တစ်ခေါက်သွားဖို့ မနက်ဖြန်ကစပြီး ပြန်စုရဦးမှာပေါ့ဆုရယ်" ဟု ပြောသော အမေကြီးအား သနားမိပါသည်။ ဒါပေမဲ့ ဆု ဘာများတတ်နိုင်မည်နည်း။ ဒါဆုတို့မိသားစုသာမဟုတ် အခြားအားလုံးသော ထောင်ဝင်စာတွေ့ကြရမည့် မိသားစုတိုင်း၏ ကြုံတွေ့အားထုတ်မှုပင် မဟုတ်ပါလား။

ယခုတော့ အဖေလည်း ထောင်မှလွတ်ပြီ။ အမေကြီးလည်း ဆုံးသွားရှာပြီ။ ယခုနိုင်ငံရေးအတွက် ထောင်ကျသည်ကြားလျှင် အရင်ဆုံးမြင်မိသည်မှာ ကျန်ခဲ့သည့် မိသားစုပင် ဖြစ်သည်။

သောကတွေ တသီကြီးနှင့်အတူ ထောင်ဝင်စာတွေ့ရန် မည်မျှခက်ခဲနေကြမည်နည်း ..ဟုသဖြင့်တွေးရင်း မျက်ရည်လည်မိသည်။ အမေကြီးကိုလည်း လွမ်းမိသည်။

**ချစ်ပါးတို့**




www.burmeseclassic.com

www.burmeseclassic.com





စာအုပ် – နံရံစိတ်ရေး အိမ်ဝေးမှတ်စုနှင့် နိုင်ငံရေးဆောင်းပါးများ
စာရေးသူ – လက်ျာဝင်း
စာအုပ်တိုက် – နှင်းဆီနီ
အကြိမ် – ပထမအကြိမ်၊ ဇွန်၊ ၂၀၁၄
တန်ဖိုး – ၂၀၀၀
စာမျက်နှာ – ၁၅၀




စာအုပ် – ဗမာနိုင်ငံတရားစီရင်ရေးစနစ်ပေါ်
ဝေဖန်သုံးသပ်ချက် (၁၉၈၈ မှ ၂၀၀၆)
စာရေးသူ – ဦးမျိုး (ဥပဒေ)
စာအုပ်တိုက် – နှင်းဆီနီ
အကြိမ် – ပထမအကြိမ်၊ ဇွန်၊ ၂၀၁၄
တန်ဖိုး – ၁၅၀၀
စာမျက်နှာ – ၁၄၀



www.burmeseclassic.com


www.burmeseclassic.com

# ၇၄ ၇၆ ၈၈ ၉၈ ၀၇ အချစ်ဝတ္ထု

ဝတ္ထုတို

(၁)

ပန်းချီနဲ့ပြောရရင် အလွင်အနွေးကလေးပါပဲ။ ပန်းဖျော့ရောင်များများ၊ အနက်မှုင်မှုင်လျားလျား လေးတစ်ခု လွင့်လာတယ်။ စွယ်တော်ရွက်တွေ၊ အပွင့်တွေ လည်း လှုပ်နေတယ်။ ဩကာသ လောကကြီး အသက်ဝင်နေပုံ ပေါ့။ စွယ်တော်ရဲ့အနံ့တစ်စုံတစ်ရာကိုတော့ အမှတ်မထင်ခဲ့။ သနပ်ခါးအနံ့နဲ့ မိတ်ကပ်အနံ့လေးရောထွေးနေတာကိုတော့ အံ့ဂုက်ထဲမှာ





www.burmeseclassic.com

www.burmeseclassic.com

ခုထိဆွဲထုတ်ကြည့်လို့ရအောင် စွဲနေသေးမယ်ထင်ရဲ့။

မြူမြူပါးပါး ပန်းနုရောင် မလေးက ဒီလိုပြောခဲ့တယ် ထင်ရ …။

"ရှင်လိုချင်တဲ့ ချက်ကော့ ဝတ္ထုတွေက စာကြည့်တိုက်ထဲမှာ ကုန်ပြီ၊ ဒါနောက်ဆုံးပဲ၊ ရော့ယူလေ"

"လဗ်ဖ်အင်န်ဒက် (Love And Death) ရုပ်ရှင်အတွက် ကျေးဇူးတင်ပါတယ်၊ နောက်ဆုံး ဇာတ်သိမ်းခန်းကို အကြိုက်ဆုံးပဲ၊ သူချစ်တဲ့ ကောင်မလေးရဲ့ ချစ်သူ၊ သူ့ကို ရန်လိုတဲ့ သူ့သူငယ်ချင်း ဆွေးနေတာကို မိုးရွာထဲမှာ ထီးမိုးပေးတဲ့ အခန်းလေ၊ ဂျပန်တွေက နည်းနည်းအလှကြိုက်လွန်းတယ်တော့ ထင်တယ်၊ တင်းနစ်ဘောလုံးအသံလေးနဲ့ အရုပ်မပါဘဲ မရှိတော့တဲ့ ကောင်မလေးကို မြင်အောင် ရိုက် တတ်တာသိပ်ထိတာပဲ"

"ဩော် အရေးကြီးတာက ဒီနေ့အတန်းအားပေမယ့် ရှင့်ကို ငြင်းရဦးမယ်၊ ဗိသုကာဌာနက ဒေါက်တာတွေနဲ့ ဆရာကြီး ဗဂျီအောင်စိုး တမေ့တမော လေပစ်တာ ဘေးက သွားနားထောင်စရာ ရှိလို့လေ"

တစ်ချိန်မှာ မှိုင်းရာပြည့် ကျောင်းသားဆိုးတွေ လို့ သမုတ်ခံရမယ့်အဖွဲ့တွေ အောင်သီပွဲဆိုင်ထဲမှာ ထိုင်နေတာကိုလည်း နှုတ်မဆက်ဖြစ်ခဲ့။ နေဝန်းနှင်းဆီကိုလည်း နှုတ်မဆက်ဖြစ်ခဲ့။ ဒီဖက်ထိပ် နွေးအေးဆိုင်မှာ ကျန်နေခဲ့တဲ့ ပန်းနုရောင် ပါးပါးလေးကိုလည်း နှုတ်မဆက်ဖြစ်ခဲ့။

စွယ်တော်ပင်၊ စွယ်တော်ပွင့်တွေကိုလည်း နှုတ်မဆက်ဖြစ်ခဲ့လို့ထင်ရဲ့၊ စွယ်တော်ရနံ့တွေကို မေ့လျော့တတ်နေပါပြီ။

> မွေးရိုးရှိတဲ့ ရနံ့လေးက
> အစဝိုင်တောက်ပဝန်းနှံ့လား၊
> ပြည်သူ့ပိုင်ဝေတ်မဝူ။
> ၂၃ ရေမွေးနံ့လား၊
> ပါရီမြို့ရဲ့
> ညနေခင်းရနံ့လား၊
> ခွဲခြားနိုင်စွမ်းမရှိတော့။
> ဗိသုကာနဲ့ပြောရရင်
> လူတွေဟာဂူတွေထဲမှာ
> မငေ့ကြတော့
> ပါဘူးလေ။

(၂)

ဘွဲ့နှင်းသဘင်ခန်းမအနားမှာ ပညာရေးဝန်ကြီး ရုပ်အလောင်းသဏ္ဌာန် စက္ကူခေါင်းတလားကြီး မီးလောင်နေတယ်။ လက်ခုပ်သံတွေ ကြွေးကြော်သံတွေကြားမှာ သံစဉ်မစေ့ခဲ့တတ်တဲ့ ချိုချိုမြမြ လွင်လွင်နွဲ့နွဲ့လေးတစ်ခု အနားကို ဝေ့လာတယ်။

"တံမြက်စည်း အရိုးပေါ်မှာ သပိတ်ကြီးမှောက်ပြီး ကိုင်ထားတာ ရှင့်သူငယ်ချင်း မဟုတ်လား"

"ရှင့်ကို ကြည့်ရတာ အအိပ်အစားကော မှန်ရဲ့လား။ ပိန်လိုက်တာ၊ အသားအရေတွေကလည်း ဖြူဖျော့နေပြီ"

"ဘွဲ့နှင်းသဘင် ခန်းမကြီးကို သိမ်းထားကြတာလား။ ဟင့်အင်း မလိုက်တော့ပါဘူး။ ဘွဲ့မယူဘဲ အဲဒီအထဲကြီးကို မဝင်ချင်သေးပါဘူး"

"ရှင့်နောင်ရေးကို ဂရုမစိုက်ရင်တောင် ကျန်းမာရေးကိုတော့ ဂရုစိုက်ပါကွယ်"

ဂီတနဲ့ပြောရင် သံစဉ်တွေ မြန်နေမြင့်နေပေမယ့် နွဲ့နေပြန်တယ်။

(၃)

သိန်းနဲ့သန်းနဲ့ ချီတဲ့လူပင်လယ်ကြီး။ မုန်တိုင်းတမျှ သေနတ်သံတွေ။ ကျောက်ဆောင် မားမားမတ်မတ်ကြီးတွေလို စိတ်ဓာတ်တချို့။ သဲမှုန့်တွေလို တစ်စစီကြေမှုန်လွင့်ပျက်သွားသော ဘဝများ။ မနက်ဖြန်ကို မသိသော ဒဿနများ။

သူ့မမျက်ရည်စများနဲ့ နှုတ်ဆက်ခဲ့ပါတယ်။

အမှတ်တရ လည်တိုင်ပေါ်က လည်ဆွဲလေး ဖြုတ်ပေးခဲ့ပါတယ်။

တံ့ပြန်စရာဆို၍ ကောက်ယူထားသော ကျည်ဆံအခွံများသာ လွယ်အိတ်ထဲမှာ ပြည့်မောက်နေခဲ့ရာ။

ပန်းပုနဲ့ပြောရင် ထွင်းချလိုက်သော အလှတရား။

(၄)

တရံရောအခါက နှစ်ဦးသဘောတူ ချုပ်ဆိုခဲ့သော အမည်နာမ၊ ပိတောက်လမ်း။ နှစ်လိုဖွယ် အရောင်အဆင်း၊ အနံ့အရသာတွေနဲ့ ပြည့်စုံခဲ့သောလမ်း တစ်လမ်းလုံး ပန်းတွေ ခင်းထားခဲ့ဖူးသောလမ်း ဆယ့် ငါးပဲရည် ရွှေရောင် ပိတောက်ပွင့်ဖတ်တွေပေါ်မှာ ဖိနပ်နဲ့နင်းရမှာ အားနာလို့တဲ့၊ ဖိနပ်လေးချွတ်ကိုင်ပြီး မိမွေးတိုင်း၊ လျှောက်နေတဲ့ ခြေထောက်လေးကို ကြည့်ခဲ့ရတာလည်း လှခဲ့တယ်။ ဖြူနေတဲ့ ဖနောင့်ကလေး ဖိနင်းလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အခါ နီမြန်းသွားခဲ့တာလည်း လှခဲ့တယ်။

''အဝေး ‥ အဝေး … အတွေးနယ်ကျယ် ‥ အဆွေး သယ်ကိုယ်တစ်ယောက်တည်းပါ ကွယ်''

ကဝေအဆိုသည်ကြီး မာမာအေးရဲ့ ''ပိတောက်လမ်း'' သီချင်းကို ပိတောက်လမ်းထဲမှာ လျှောက်နေရင်း သတိရနေဆဲမှာ ကားလေးတစ်စီး ဖြေးဖြေးလေးလေးနံဘေးမှာ လာရပ်တယ်။

တင်ထားတဲ့မှန်ကိုချတယ်။ တံခါးကိုဖွင့်တယ်။ အရင်ဆုံး ခြေထောက်တစ်ဖက်က စဆင်းတယ်။ ခုထိဖနောင့်လေး ဖြူနု နီမြန်းနေဆဲ။ ကိုယ်အလေးချိန်ကတော့ ကီလို ၇၀ ကျော်လောက်နေပြီ။ ဖြူဖြူ ပါးပါးလေး မဟုတ်တော့။ မမြင်ဖူးတဲ့မျက်မှန်အောက်က မြင်ဖူးတဲ့မျက်ဝန်းတွေကတော့ ကြည်လင်အေးမြနေဆဲပါပဲ။ အံ့သြထိခိုက်မှုနဲ့ ရင့်ကျက်တည်ငြိမ်မှု နရီမှန်မှန် စကားသံတချို့ အံကျလာပါတယ်။

''ရှင် ရှိနေသေးတယ်နော်''

''လူတစ်ယောက် ဒီလောက် နှစ်တွေအကြာကြီး အခန်းကျဉ်းလေးထဲမှာ ဆိုးဆိုးဝါးဝါး အခြေအနေကြီးနဲ့ ဘယ်လိုများ အသက်ရှင်နေနိုင်ခဲ့တာလဲဟင်''

''ချက်ကော့ရဲ့ အနှစ်နှစ်ဆယ်ထဲကလို နေခဲ့တာလား''

''ကျမ ဗမာပြည်ကို နှစ်တိုင်းလာလည်တယ်''

''အခု ဒီလမ်းထဲကို ရောက်ဖြစ်တာကလည်း သားနဲ့သမီးကို ဗမာပြည်က ဘွဲ့လေးတစ်ခုလည်း ရထားစေချင်လို့၊ အဝေးသင်ဌာနကို သွားမလို့လေ''

''ရှင် ပြောခဲ့ဖူးတာပဲလေ၊ လူဟာ ကိုယ့်ကိုယ်ကို သိဖို့ အရေးကြီးဆုံးဆို၊ အခု ရှင့်ကိုယ်ရှင်ကော ပြန်ကြည့်ဖြစ်ရဲ့လား၊ သိရဲ့လား''

''မဖြစ်ပါဘူး၊ ရှင့်ကို ဒီအတိုင်းထားလို့တော့ မဖြစ်တော့ပါဘူး''

''ကျမစကားကို ဘယ်တုန်းကမှ ရှင်မငြင်းခဲ့ဘူး၊ ဘယ်တုန်းကမှလည်း ကျမနေစေချင်ခဲ့သလို မနေခဲ့ဘူး။ ဒီတခါတော့ နားထောင်ပါကွယ်၊ တသက်မှာ တကြိမ်ပဲဖြစ်ဖြစ် နားထောင်ပေးပါ''

'ကျမအိမ်ကို လိုက်ခဲ့ပါ၊ ကျွန်မအမျိုးသားက အင်္ဂလန်ဟာလေလမ်းမှာ အထူးကုဆိုတော့ ဒီနိုင်ငံမှာလည်း သူ့မိတ်ဆွေတွေ အများကြီးရှိပါတယ်''

''နောက်ပြီး ကျွမအိမ်က ကိုယ်တိုင်ဒီဇိုင်းထုတ်ထားတာဆိုတော့ ရှင်ကြိုက်တဲ့ တစ်ဝက်အတွင်း ဟင်းလင်းခွင် ဖွဲ့စည်းမှုလည်း ပါတယ်''

''ကျမတို့ ပြန်သွားတော့လည်း အေးအေးဆေးဆေးအနားယူရင်း ရှင့်တဘဝလုံးပေးပြီး လူတွေကို ဘယ်လိုချစ်ခဲ့တဲ့အကြောင်းစာတွေ ရေးပေါ့၊ ကျမ ရှင့်စကားပြေတွေကို ကြိုက်ပါတယ်၊ ကျမကို ပေးခဲ့တဲ့ ပေးစာတွေကအစ ရှင်ရေးခဲ့သမျှ စကားပြေတွေကို ကျမစွဲလမ်းခဲ့ရတာပါ''

ကားထဲရောက်တော့ လက်နက်ချလိုက်ရပါတယ်။



ဘဝတစ်ခုလုံး မှီချလိုက်ရပါတယ်။

မွှေးရိတဲ့ ရနံ့လေးက အစ ပိတောက်ပန်းနံ့လား၊ ပြည်သူ့ပိုင်ခေတ် မဌ္ဌ ၂၃ ရေမွှေးနံ့လား၊ ပါရီမြို့ရဲ့ညနေခင်း ရနံ့လား၊ ခွဲခြားနိုင်စွမ်း မရှိတော့။

ဗိသုကာနဲ့ပြောရရင် လူတွေဟာ ဂူတွေထဲမှာ မနေကြတော့ပါဘူးလေ။

(၅)

ပိတောက်ပင်လေးနဲ့ စွယ်တော်ပင်လေးရဲ့ အရိပ်မှာ အုတ်ဂူလေးတစ်ခု။

ပင်လယ်ကမ်းစပ် လှိုင်းဒဏ် လေဒဏ်ခံ ကျောက်ဆောင်တွေလို ဒီဇိုင်းကြမ်းရှရှ။ သက်ရင့်ဂဝံကျောက် အနီရင့်ရင့်ပေါ်မှာ ဂရန်နိုက်နှမ်းဖတ်ကျောက် မဲမဲနက်နက်။

ကျောက်သားကြမ်းကြမ်းပေါ်မှာ ထွင်းထားတဲ့ စာလုံးတွေကတော့ …

၇၄၊ ၇၆၊ ၈၈၊ ၉၈၊ ၂၀၀၇။

အနုပညာနဲ့ပြောရရင် သေခြင်းတရားသည်ပင်လျှင် လှပတတ်ပါသည်။ ။

**နေနွယ်**

www.burmeseclassic.com

ဝတ္ထုတို

၁

၅ မိနစ်အလွန်။

လက်ကနာရီကို ငုံ့ကြည့် လိုက်သည်။ ၅–မိနစ်လွန်သွား ပြီ။ ၅–နာရီ၊ ၅–မိနစ်လွန်သွား ပြီ။ မသေချာ။ သေချာအောင် တစ်ခါထပ်ကြည့်သည်။ ၅–မိနစ်လွန်သွားပြီမှာ သေချာပြီ။ ဒီ ၅–မိနစ်အတွင်း ဒါမှမဟုတ် ၅–နာရီထိုးပြီးချိန်ကစပြီး နာရီ ကို ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါ ကြည့်မိမှန်းမသိ ကြည့်မိသည်။ ကြည့်စရာကလည်း လောက တစ်ခုလုံး ဟောဒီကျုပ်စေ့အ ဝန်းသာသာ နာရီမျက်နှာပြင် လေးကလွဲလို့ ဘာမှမရှိတော့ သလို။ တကယ်ဆို ကားထွက် ရမည့်အချိန်က လွန်နေပြီ။ မောင်းလိုက်ပါတော့လား။ ၅–နာရီတိတိတုန်းကတော့ ဂိတ် မှူးက အချက်ပေးခရာမှုတ် လိုက်သေးသည်။ ခရီးသည် အပြည့်တင်ထားပြီးဖြစ်သည့် အဝေးပြေးဘတ်စ်ကားကလည်း ခရီးတာတစ်ခုစတင်တော့မည် ဖြစ်ကြောင်း အတည့်အလင်း သတိပေး ကြေညာလိုက်သလို ဟွန်းသံရှည်ရှည်ပေးပြီးခဲ့ပြီ။ ခုနေဆို ကားက မဂ်လာဒုံ



# အရှေ့ယွန်းက နေဝင်းရှိရာ

## ခင်လွန်း



www.burmeseclassic.com

www.burmeseclassic.com

ခရေပင်လမ်းခွဲ လောက်ပင် ရောက်နေရှေ့မည်။ ခုတော့ ကားက မူလနေရာမှ နည်းနည်းလေးမှမလှုပ်။ အရေးထဲ ကားဆရာက နိုင်ငံကြီးသားလူကြီးလူကောင်း ဆန်နေလိုက်သေးသည်။ ဟိုက ပြန်မလာမချင်းဘဲ စောင့်တော့မည့်ပုံမျိုး။ ဒီမှာက သေချင်စော်နံနေပြီ၊ ဆံပင်တွေကြားမှ ချွေးပေါက်ချွေးသီးတွေ တရွရွထွက်လာကာ တောင့်မတ်မတ်ကြီးဖြစ်နေသည့် ကျောပြင်ရှိရာသို့ တဒီးဒီးလိမ့်ကျလာပြီး နောက်ဆုံး တင်ပါးနှလုံးကြား အဆုံးသတ်လျက် အိုင်ထွန်းနေပြီ။ ကားက မလှုပ်သေး။

ခါတိုင်းဆို ခရီးသည်တွေက သည်လိုငြိမ်နေကြသည်မဟုတ်။ ဒီလိုပူစပ်ပူလောင်နွေမျိုးဆို သာပြီးဆိုးပေမည်။ ကားဆရာရေ ထွက်ပါတော့ဗျို့ဟု ထအော်မှာမျိုး ဖြစ်သည်။ ခုတော့ ခရီးသည်တွေကလည်း ငြိမ်နေလိုက်သမှ တုတ်တုတ်ပင် မလှုပ်။ သူတို့လည်း မျက်စိရှေ့မှောက်ဖြစ်သွားသည့် စောစောကအဖြစ်ကြောင့် ပုံမှန်စိတ်အနေရွေ့သွားတာမျိုးလည်း ဖြစ်နိုင်သည်။ ခဏတာအဖြစ်အပျက်က သူတို့ကို အာစေးထည့်ခံလိုက်ရသည့်နှယ်ဖြစ်သွားပြီး ဘာစေဒကမှ တက်မလာ။ အချိန်တန်လို့ ကားမထွက်တာကိုပင် မေ့လျော့နေကြပုံပင်။ အခြေအနေက ကိုယ့်ကိုယ်တိုင် မောင်းပါတော့ဗျို့ဟု ထအော်လိုက်ရမှာမျိုးလား။ အား။ မှားပေမပေါ့။ ဒီအချိန်တွင် မိနစ်တိုင်း စက္ကန့်တိုင်း၌ ကိုယ့်အတွက် အသက်တမျှ အရေးကြီးနေသည်။ အဆုံးအဖြတ်ဖြစ်နေသည်။ လက်ပတ်နာရီဆီ အကြည့်ရောက်ပြန်သည်။ နာရီလက်တံတွေကို မမြင်ဘဲ လက်မောင်းလက်ဖျံ၊ လက်ဖမိုး လက်ဖဝါးတွေမှာ ချွေးများ ရွှဲနစ်နေသည်ကိုသာ သတိထားမိ၏။ ခေါင်းကိုပြန်မတ်လိုက်တော့ မျက်လုံးက ကားဒရိုင်ဘာအခန်း၏နောက်ကျောဘက် နံရံကပ်စင်ပေါ်ရှိ တီဗွီနှင့်ဘေးချင်းယှဉ်နေသည့် တိုင်ကပ်နာရီဆီ အကြည့်ရောက်သည်။ ၅–နာရီ ၇–မိနစ်။ ၅–နာရီ ၇–မိနစ်၊ သေချာပါသည်။ ၅–နာရီ ၇ –မိနစ်၊ နောက်ထပ် ၂–မိနစ်တိုးလာသည်။ ဒါဆို သူတို့ဆင်းသွားတာ ၇–မိနစ်ရှိပြီပေါ့။ ၇–မိနစ်သည် •• ၇–မိနစ်မှာ၊ ၇– မိနစ်၌၊ ၇–မိနစ်တွင် •• ၇–မိနစ်အတွင်း။ သဒ္ဒါအထားအသိုတွေလည်း တည့်အောင် မဆင်နိုင်တော့။အင်း ဒီ ၇–မိနစ်အတွင်း ချစ်ရဲဘော်ကို သူတို့စစ်ကြော မေးမြန်းပြီးစီးနိုင်ပါသလား။ သူ့ခြေတစ်ဖက် ကားပေါ်က မြေပြင်ချလိုက်သည်နှင့် တပြိုက်နက်အပြင်မျက်ကွယ်တွင် အသင့်စောင့်နေသည့်လူတစုက သူ့ဘေးတစ်ဖက်တစ်ချက်ဆီ ဖြတ်ခနဲရောက်လာကာ လက်နှစ်ဖက်ကို ချုပ်ဖမ်းလိုက်ပုံက အကြိမ်ပေါင်းတစ်သန်းမက ဇာတ်တိုက်လေ့ကျင့်ထားသလိုမျိုး ပိရိသပ်သေချာလှသည်။ ထိုမြင်ကွင်းက ရုပ်ရှင်စွန့်စားခန်းထဲက မဟုတ်။ ချစ်ရဲဘော်သည် လွန်းထိုးလှုပ်ရှားခြင်း အလျဉ်းမလုပ်။ သို့သော် ရင်ဘတ်ကိုကား ကော့ထား၏။ ခေါင်းကိုလည်း မော့ထား၏။ ချုပ်ကိုင်ထားခံရသည့် လက်မောင်းနှစ်ဘက်မှာလည်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်။

အဖြစ်အပျက်က မြန်သည်၊ သင်းသည်။ ကားထွက်ခါနီး အချက်ပေးခရာ မှုတ်လိုက်သည့် တစ်ချိန်တည်း ဝတ်စုံပြည့်ယူနီဖောင်းနှင့် ဒုရဲအုပ်တစ်ယောက် ကားပေါ်တက်လာခြင်းဖြစ်သည်။ ခရီးသည်တွေအားလုံး စုံပြီ။ ဝဲယာနှစ်ဘက်ခုံတန်းများသာမက အလည်ခုံတွေမှာပင် လူပြည့်ပြီ။ ကိုယ်တို့နှစ်ယောက်က





www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ကျောမှန်နှင့် ကပ်လျက်တွင် ခုံတန်းအဖြစ် ထွင်ထည့်ထားသော ၅-ယောက်တန်းမှာ နေရာရသည်။ ချစ်ရဲဘော်က ညာဘက်အစွန်ဆုံး ကားနံရံကို အမှီပြုလျက် နေရာယူသည်။ ကိုယ်က ဒုတိယအစွန်လူ။ ကားထွက်ခါနီးလေးတွင် ချစ်ရဲဘော်က ကိုယ်တို့နည်းနည်းရီဝေသွားကြရအောင်ဟုဆိုကာ ကားပေါ်က ဆင်းသွားသေးသည်။ ခဏနေ ပြန်တက်လာတော့ သံဘူးဘီယာ ၃-၄ ဘူးနှင့် လိမ္မော်သီး ၃-၄ လုံး ပါလာသည်။ ဂိတ်မှူးကလည်း ခရာတွတ်၍ အချက်ပေးပြီးပြီ။ ကားကလည်း ဟွန်းသံရှည်ရှည်ပေးပြီးပြီ။ ကားဘီးလိမ့်လိုက်ရုံပါပဲ။ ကားဘီးလိမ့်လိုက်ရုံပါပဲ။

သည်စဉ်မှာပင် စောစောကပြောသည့် ဝတ်စုံပြည့်ငနဲက ဘွားဆိုပေါ်လာခြင်းဖြစ်သည်။ ငနဲသားက ပေသီပ်ရှည်ချင်ပုံမရ။ ကားနောက်ဆုံးထောင့်စွန်းမှာ ထိုင်နေသည့် ချစ်သူရဲဘော်ကို လက်ညှိုးတန်းထိုးကာ အမည်တပ်ခေါ်လျက် ခဏလိုက်ခဲ့ပါဟု တစ်ချက်တည်း ပြောလိုက်၏။

ရုတ်တရက် ကိုယ့်စိတ် ဇလာကျင်းသွားသည်။ ဘာလဲ၊ ဘာဖြစ်တာလဲ။ ခဏတဖြုတ်ကိစ္စလား။ ချစ်ရဲဘော်က ထိုင်ရာမှထရပ်ရင်း ခန္ဓာကိုယ်ချင်းထိလျက်ထိုင်နေသည့် ကိုယ့်ကို လက်ဖြင့် ဖျစ်သွားခဲ့သေးသည်။ ဘာအဓိပ္ပါယ်လဲ။ ထိုတဒင်္ဂလေးသည် ကိုယ့်စိတ်ကို တဝုန်းဝုန်း လှုပ်ခါ ကျန်ရစ်စေခဲ့သည်။ သူကားပေါ်မှ မြေပေါ်သို့ခြေချလိုက်ရုံရှိသေး မြင်လိုက်ရသည့်မြင်ကွင်းက သမားရိုးကျမဟုတ်တော့တာ ကိုယ်သိပြီ။

"ဒီမှာ ခုနကလူ ပစ္စည်းတွေ ဘယ်မှာလဲ ဘယ်မှာလဲ" လိပ်ပြာနှုတ်ခံထားရသလို ကြောင်စီနေဆဲတွင်နောက်ထပ် ကားပေါ်တက်လာသည့် လူနှစ်ယောက်၏အမေးကို ပြန်မဖြေမိ။ တုံဏှိဘာဝေနေမိလျက်သား။ သူတို့၏ခပ်ထန်ထန် မာကြောကြော မျက်နှာတွေကိုတော့ သတိထားမိသလိုလိုရှိသည်။ ကိုယ်နဲ့ဘေးချင်းကပ်လူက ထိုင်ရာမထနေလျက်က "ဟိုဟာတွေ" ဟု လှမ်းပြလိုက်ပုံရသည်။ မသဲကွဲ။ ဝေါင်ဝေါင်ငူငူကြီး ဖြစ်နေဆဲ။

သတိတစ်ချက်ကပ်မိတော့ ချစ်ရဲဘော်နှင့်အတူပါလာသည့် အရာအားလုံး သူတို့ဆွဲချယူသွားကြပြီ။ လူလည်းရသွားပြီ။ ပစ္စည်းတွေလည်း ပါသွားပြီ။ ကျန်နေသေးသည်က ကိုယ်။ လျှပ်တစ်ပြက်အတွင်း ကိုယ်နဲ့ ချစ်ရဲဘော်တို့ တကွဲတပြားစီ ဖြစ်သွားပြီဟု ခံစားလိုက်ရသည်။ သူ့ကို ချက်ချင်းပဲ စစ်မေးနေပြီလား။ သူ့အင်္ကျီအိတ်ထဲတွင်ပါသွားသည့် ကားလက်မှတ်နှစ်စောင်က ဟိုငနဲတွေ ကိုယ့်ဆီ ဒုန်းဆိုင်းပေါက်ချလာမည့် အခိုင်မာဆုံး အချက်တစ်ချက် ဖြစ်နေသည်။ သူလည်း ဒါကို ကာကွယ်နိုင်တော့မည်မဟုတ်။ သိစိတ်တွင် ချစ်ရဲဘော်တွင် ပါလာသမျှ ပစ္စည်းတွေကို အိတ်သွန်ဖာမှောက် တစ်ခုချင်းဆီ အထပ်ထပ်ရှာကြဖွေနေကြပုံကို မြင်နေပြီး စိတ်ထဲ တင်းခနဲဖြစ်သွားသည်။

အခုနေကားပေါ်က တိုးဝှေ့ဆင်းထွက်ပြီး လက်ဦးမှုယူလျှင် ကောင်းမလား။ အဲဒါကပဲ ဟန်ချက်ပျက်ပြီး ပိုဆိုးသွားမလား။ လူစည်ကားလွန်းလှသည့် ဒီအဝေးပြေးကားဂိတ်ဝင်းထဲမှ အလွယ်တကူရော လွတ်မြောက်သွားမှာလား။

ကားဆရာကလည်း ခုမှ တာဝန်ကျေဦးကြီး လုပ်နေသည်။ ချစ်ရဲဘော်ကို ပြန်ပေါ်လာလေဦးမလားဟု တွက်နေပုံလည်း ရသည်။ ခရီးသွားတွေကရော ကိုယ့်ကို ဘယ်လိုမြင်လေမလဲ။ ကိုယ်နဲ့ချစ်ရဲဘော်တို့၏ နှစ်ကိုယ့်တစ်စိတ်ဘာဝကို ရိပ်စားမိခဲ့ကြသလား။ ကိုယ့်မှာ ဘာကိုမှသတိမထားမိအောင် ဖြစ်နေရာက ဘေးဘီကို အကဲခတ်ရသည်။ ဟော့ဒီကားထဲက လူတွေ ကားသမား တစ်ဦးဦး တစ်ယောက်ယောက်ထဲက ကိုယ့်ကို ဘယ်သူသတိထားမိသွားသလဲ။ ငနဲသားတွေ ပြန်လှည့်လာပြီး ဟိုတစ်ယောက်နဲ့အတူပါလာတဲ့သူ ဘယ်သူလဲ၊ ထွက်ခဲ့ပါဟုမေးလာလျှင် သူတို့လက်ညှိုးတွေ ကိုယ့်ဆီထိုးစိုက်ကျလာမှာလား။ ကံကောင်းထောက်မစွာ သူတို့ဆီမှ သံသယအရောင်သမ်းသည့် အကြည့်လေးတစ်ချက်တလေပင် ရောက်မလာဘဲ ဘတ်စ်ကားပေါ်ပြနေသည့် ဗီဒီယိုဇာတ်လမ်းမှာသာ အာရုံကျနေသည့်အတွက် ကိုယ်အသက်ရှူနည်းနည်း ချောင်နေသည်။ စောစောက ချစ်ရဲဘော်၏ပစ္စည်းတွေကို ညွှန်ပြခဲ့သည့် ကိုယ့်နှင့် ဘေးချင်းကပ်နေသူကိုလည်း မသိမသာ သတိထားရသေးသည်။ သူက ခပ်ငယ်ငယ် လူရွယ်လေးတစ်ယောက်။ ထူးထူးခြားခြား လက္ခဏာမရှိ။ ပုံမှန်အနေအထားအတိုင်းသာ။

"ပွမ် . . ပွမ် . . ပွမ် . . ပွမ် . . . . . . . . . . . ."

ကားဟွန်းသံရှည်ရှည်ပေါ်လာသည်။ ကိုယ်တို့ကားကမှ ဟုတ်ပါစေ။ ကားက ငြိမ့်ကနဲ တစ်ချက်လှုပ်သည်။ သေချာသည်။ ကားထွက်တော့မည်။ ချစ်ရဲဘော်ကို မစောင့်တော့။ အဝေးပြေးကားဂိတ်ထဲက ဘီးစလိမ့်တော့ ခါးမတ်မတ်အတောင့်သားကြီး ထိုင်လျက်က ယာဉ်မောင်းနောက်ကျောနံရံမှ နာရီကို လှမ်းကြည့်မိလိုက်၏။

၅-နာရီ ၁၀-မိနစ်စွန်းစ။

စိတ်ထဲမှ ချစ်ရဲဘော်ကို အလေးပြုလိုက်သည်။ ချစ်သူ့ရဲဘော် ကံကောင်းပါစေ။

၂

ထောက်ကြံ့ရာဘာတောကိုလွန်တော့ မှောင်ရီပျိုးပြီ။ စိတ်ကတော့ ခုထိဗရုတ်ဗရက်ဖြောင်းဆန်ကောင်းဆဲ။ ခန္ဓာကိုယ်က တောင့်တောင့်မတ်မတ်ကြီးဖြစ်နေသလောက် စိတ်က စက္ကန့်ငယ်များအတွင်း ကုဋေသန်းပေါင်းများစွာ လှုပ်ရှားပြေးလွှားနေခဲ့သည်။ လူသူစည်ကားလှရာ အဝေးပြေးကားဂိတ်ထဲမှာတုန်းကတော့ ကိုယ့်အဖို့ ရုန်းထွက်ဖို့ရာ မလွယ်။ ကြိုးစားလည်း အချည်းအနှီးသာ ဖြစ်မည်ဟု ကိုယ်ထင်သည်။ . . ခုရော။

သေချာတာက ချစ်ရဲဘော်တွင်ပါလာသမျှ အချက်အလက်နှင့် နောက်ဆုံးအခြေအနေကို သူတို့ရသွားလောက်ပြီ။ သူနှင့်အတူပါ လူတစ်ယောက်၏ အမည်၊ နေရပ်လိပ်စာ၊ ခရီး၏လားရာ၊ ဘာဘာညာညာတွေ ရသွားလောက်ပြီ။

ဆယ်မိနစ်နောက်ကျထွက်လာသည့်ကားက အရှိန်ပြင်း၍ မောင်းနေသည်။ ကိုယ့်ခေါင်းထဲမှာလည်း အတွေးစတွေ



www.burmeseclassic.com

www.burmeseclassic.com

ဗရပွနှင့် အရှိန်မြင့်သထက် မြင့်လာသည်။ ငါ့အတွက် ထွက်ပေါက်က ဘာလဲ။ လွတ်မြောက်ရာလမ်းက ဘာလဲ။ အဖြေက ရှင်းရှင်းလင်းလင်းမရှိ။ အားလုံး လုံးထွေးပတ်ချာလည်နေဆဲ။

ခဏနေတော့ အမှောင်က အရာအားလုံးကို ဖုံးလွှမ်းသွားခဲ့ပြီ။ အပုပ်ချိန်။ ကိုယ်က ကားတစ်စီး၏ နောက်ဆုံးထောင့်စွန်း ဝင်မလွယ် ထွက်မလွယ်နေရာမှာ ထိုင်နေသည်။ တစ်ယောက်ယောက်နှင့် နေရာချင်းလဲထိုင်လိုက်လျှင် လုံခြုံသွားမလား။ ဒါလည်း မဟုတ်သေး။ တစ်ခရီးထဲသွားများ၏ အမြင်အတွေးကို ပြောင်းပစ်တာမျိုး ခုနေမှာ မလုပ်သင့်။ ဒီအတိုင်း ဟန်မပျက်ဘဲ ကောင်းသည်။ ထိုစဉ်မှာပင် ကားကထောက်ကြံ့တိုးဂိတ်ရှိရာ ရောက်လာရာ ခါးကိုပိုမတ်လိုက်ပြီး ရှေ့ကိုကဲ၍ ကြည့်ဖြစ်သည်။

အားပါးပါး။ လူတွေ တစ်သန်းလောက်တောင် ရှိမလား။

လူတစ်သန်းလောက်ဟု ထင်ရသည်။ အမှောင်ထုကို ဖြိုခွင်းသည့် နှင်းခွဲမီးဝါဝါကြီးတွေ၊ ဝါ နီ ပြာ စိမ်း ရောဖက်စူးစူးဝါးဝါးအလင်းတန်းတွေ၊ ကားရပ်ရန် အချက်ပြသည့် လက်ကိုင်မီးတုတ်တွေ၊ ယူနီဖောင်း ဝါ ပြာ စိမ်းတွေ၊ ဖြူကြောင်ကျား အရပ်ဝတ်တွေ။ လောက်ကောင် ဖုတ်ကောင်တွေလို ရှုပ်တက်နေသည်။ အို .. တစ်သန်းလောက်တောင် ရှိမလား။ ကားက အချက်ပြနေရာမှာ ထိုးရပ်လိုက်သည်။ သွားပြီ။ ချစ်ရဲဘော်ဆီမှ လက်မှတ်ဖြတ်ပိုင်းအရ ကိုယ် ဒီကားနှင့်ပါလာမည်ကို ဖုတ်ကောင်တွေ သိပြီးရော့မည်။ ကိုယ့်မှာ ဖင်တကြွကြွ။

အဖြစ်က ခုန်ချထွက်ပြေးဖို့နေနေသာသာ ထိုင်ခုံမှ ကားတံခါးပေါက်ရှိရာ ထွက်ဖို့အရေးကပင် သီတာခုနစ်တန်တောင်စဉ်ခုနစ်ထပ်။ အလယ်ခုံတန်းထိုးစနစ်ကြောင့် ကျဉ်းထဲကျပ်ထဲ ပိတ်မိနေသည့် သားကောင်တစ်ကောင်၏အဖြစ်မျိုး ခံစားနေရသည်။ လူနှစ်ယောက် ကားပေါ်တက်လာသည်။ တစ်ယောက်က အဝါ၊ တစ်ယောက်က အပြာ။ အဝါက ရဲ၊ အပြာက မီးသတ်။

ထွီ ရှီး တဲ့မှပဲ။ ကျိတ်ဆဲမိသည်။ အစိမ်းတွေ ဖြူကြောင်ကျားတွေကလည်း ကားအောက်မှာ အနန္တ။ အဝေးပြေးဘတ်စ်ကားကြီးတွေဆိုတော့ ကားအတွင်းခန်းမီးကလည်း ထိန်ထိန်လင်းနေသည်။ မြင်ကွင်းက ရှင်းနေသည်။ သူတို့မျက်လုံးတွေက ခရီးသည်အားလုံးအပေါ် ခြုံပြီးကြည့်သည့်အကြည့်။

တစ် စက္ကန့်၊ နှစ် စက္ကန့်၊ သုံး .. လေး .. ငါး ... စက္ကန့်များ .....။

အသက်မှရှူမိရဲလားမသိ။ တစ်ကိုယ်လုံး အေးစက်တောင့်ခဲ။ မရှေးမနှောင်းတွင် ခရီးသည်တင်ဘတ်စ်ကားကြီးတစ်စီး ကိုယ်တို့ကားနောက်ကျောသို့ ထပ်မံထိုးစိုက်ဝင်လာခဲ့၏။ ကံကောင်းခြင်းပေလား။ ကားပေါ်က ဖုတ်ကောင် နှစ်ကောင် အာရုံပြောင်းသွားပုံရကာ ဆွေ့ခနဲ ပြန်ဆင်းသွားကြသည်။

ဟင်း ..။ သည်တော့မှ ကိုယ့်မှာ အောင့်သက်နှင့်ပြွမ်းသော သက်ပြင်းရှည်တစ်ချက် ချမိလေသည်။

အမှောင်ထဲတွင် ကားက တရိပ်ရိပ် ဆက်လက်မောင်းနှင်လာသည်။ မြို့စဉ်ရွာတန်းတို့ ဖျတ်ခနဲ ဖျတ်ခနဲ ကျန်ရစ်ခဲ့ကြ၏။ ကိုယ့်အတွေးလျဉ်မှာလည်း တစ်နေရာမှတစ်နေရာသို့ တစ်ခုမှတစ်ခုဆီ ဖျတ်ခနဲ ဖျတ်ခနဲ။

ချစ်ရဲဘော်သည် သူ့အင်္ကျီအိတ်ထဲမှ ကားလက်မှတ်ကို ရသလောက် အချိန်ဆွဲနေပုံရသည်။ ကိုယ့်အတွက် အခွင့်အလမ်းတစ်ရပ် ဖန်တီးပေးတာမျိုး။ နို့မဟုတ် စောစောက တိုးဂိတ်မှာပင် ကိစ္စပြတ်ပြီဆိုတော့ ခုချိန်ထိ သူနှင့်ကိုယ်၏အဆက်အစပ်ကို သူတို့ရသေးပုံမပေါ်။ ဒါကို ကိုယ်က အသုံးချတတ်ဖို့ လိုမည်။

ကိုးနာရီလောက် မရှိတတ်ရှိတတ်တွင် ခရီးသည်များ ညစာအတွက် ကားက မြို့တစ်မြို့မှာ နားသည်။ ကိုယ်က ထမင်းဆိုင်တန်းသို့ မဝင်ဘဲ အပြင်ဘက် ချောင်ကောင်းကောင်းတစ်နေရာတွင် တစ်ယောက်ထဲ ဦးနှောက်သွားစားသည်။ အတွေးကို မိုင်ကုန်မောင်းသည်။ ခေါင်းထဲမှာ ဆူပွက်ထနေသည်။ လွတ်မြောက်ရေး။ အင်ဂျင်တစ်လုံးဆို ဝုန်းခနဲတောင် ထပေါက်သွားမလား။

သည်အချိန်တွင် ချစ်ရဲဘော်၏ရုပ်သွင်က ကိုယ့်အတွေးထဲ ဝေ့ဝဲပေါ်လာသည်။

''တစ်ခုခုဖြစ်လာရင် ခင်ဗျားရွေးချယ်ရမှာက ချစ်သူတွေရှိရာကိုသာ ဦးတည်ဗျ၊ ကွင်းဆက်ပြတ် မသွားစေနဲ့၊ နို့မဟုတ်ရင် ခင်ဗျားအဓိပ္ပာယ်ပျောက်သွားလိမ့်မယ်၊ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ဖို့ အရှေ့ဘက်ရပ်ဝန်းကိုသာ ထွက်ဗျာ'' မြို့တော်၏ကဖေးတစ်ခုမှာ တူထိုင်ရင်း ပြောဖြစ်ခဲ့ကြသည့် သူ့မှာတမ်းတွေကို ကြားယောင်နေခြင်းဖြစ်သည်။ ထိုစဉ်က အခုလိုအခြေအနေမျိုး မြန်းစားကြီးဖြစ်လာမည်ဟု ကိုယ်မထင်ခဲ့။ ''စည်း'' က တစ်နေရာမှာ ပေါက်သွားပြီလား။ ဘယ်သူက၊ ဘယ်နေရာက၊ စ,ပေါက်ခဲ့လဲ။ ကိုယ်တွေးမရ။ ကိုယ်တို့ကြားမှာ ထရိုဂျင်မြင်းတစ်ကောင်ရောက်နှင့်နေပြီဖြစ်မည်ဟု ကိုယ်ထင်သည်။

''နောက်ဆုံးပြောမယ်ဗျာ၊ ရန်သူက ပန်းကုံးစွပ် သူကောင်းပြုတာကထက် ချစ်သူက ခါးသီးရက်စက်ခဲ့ရင်တောင် ပိုချို မြိန်မှာပါ ဒါသေချာတယ်''

သူက နံဘေးရှိ အခြားစားပွဲဝိုင်းရှိလူတွေ အလွယ်တကူ နားလည်ရန် ခက်စေသည့် ဘာသာစကားတွေသုံးလျက် ပြောသည်။

ကိုယ်မှတ်မိနေသည်က တစ်စုံတစ်ခုအကြောင်းဖန်လာခဲ့ရင် ချစ်သူတို့ရပ်ဝန်းရှိရာ အရှေးယွန်းယွန်းသို့ ဦးတည်ထွက်သွားဖို့။ ထိုနေရာတွင် ကိုယ်တို့က ''သိုက်နန်း'' ဟု ''ဘုံ'' သုံးသည့် သူရောကိုယ်ပါ ပါဝင်စိုက်ပျိုးခဲ့ရာ ဥယျာဉ်တစ်ခု ရှိနေပြီမဟုတ်လား။

အင်း .. လောလောဆယ်တော့ ဒီတစ်ညတာ လွန်မြောက်ဖို့ရာပါပဲ။ သွေးဆာနေသည့် ဖုတ်ကောင်တွေလက်က ကိုယ့်ဘက်က အသားစီးရမည်ဟု ကိုယ်တစ်ထစ်ချ ယုံကြည်နေသည်။

ကိုးနာရီခွဲတွင် ကားဆက်ထွက်သည်။ သည်အချိန်လောက်ဆိုလျှင် သူတို့ကား လက်မှတ် ရသွားလောက်ပြီ။ ကိုယ့်ခရီးလားရာကို သူတို့သိ



www.burmeseclassic.com

www.burmeseclassic.com

သွားပြီ။ ခရီးဆုံးထိ စီးမလား။ ဒါဆိုရင်တော့ ကိုယ့်လောက်မိုက်မဲသည့် သတ္တဝါ ဒီကမ္ဘာမြေတွင် ရှိတော့မည်မထင်။ ရှေ့ဆက်တိုးလျှင် ကျော့ကွင်းရှိရာ တိုးဝင်သလိုသာဖြစ်မည်။ ဟုတ်ပြီ။ ကားလမ်းနှင့်ရထားလမ်းဆုံရာ မြို့တစ်မြို့တွင် ကိုယ်ဆင်းမည်။ မူလအစီအစဉ်အတိုင်း ဆက်လုပ်ရန် အလျဉ်းမသင့်တော့။ ချစ်သူရပ်ဝန်းကပါ။လိုက်သည့် တာဝန်တွေကိုတော့ တတ်နိုင်သမျှ နောက်ဆုံးအချိန်အထိ ကိုယ်နှင့်မကွာ ထိန်းထားကြည့်မည်။ မရလျှင် အားလုံးဖျက်။ စိတ်က ပြတ်သွားသည်။ ကြည်သွားသည်။

ည ၁၂ နာရီလောက် သာသာတွင် ကားက မြေလတ်မြို့ကြီးတစ်မြို့မှာ ဆိုက်၏။ ကားလမ်းမှ ဘူတာရုံကို လှမ်းမြင်နေရသည့်မြို့။ မှုန်ဝါးဝါး လျှပ်မီးအလင်းအောက် အိပ်မှုန်စုံမွှား ငြိမ်ကုပ်နေသည့် ဘူတာရုံလေးနှင့်မြို့။

၃

ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးမှ တစ်ခုခုစားသောက်ရန် အကြောင်းပြကာ တည်းခိုခန်းမှ ပြန်ထွက်ခဲ့သည်။ အကဲစမ်းသည့်အနေဖြင့် တည်းခိုခန်းသို့ တမင်သွားခဲ့ခြင်း ဖြစ်၏။ မှတ်ပုံတင်ထုတ်ပေးတော့ အခန်းပိုင်ရှင်က ပုံမှန်အတိုင်း စာရင်းသွင်းသည်။ တစ်စုံတရာ ထူးခြားဟန်မပြ။ "ရန်သူကလက်တံရှည်သလောက် ကွန်ရက်ကလည်း အကျယ်ကြီးဗျ၊ အချက်အလက်ကလည်း သူ့မှာ အပြည့်ရှိတယ်၊ လူတွေကလည်း နေရာတကာမှာ မြုပ်ထားနိုင်တယ်၊ စိတ်ပိုင်းကျ

> **"အလကားကောင်တွေ၊ ညသို့ ဝတ်တရောင် လှည့်ပြီး အစရှာပြီလေ" လူညိုပြောင်ကြီးက ကိုယ့်ကိုအကဲခတ် သလိုကြည့်ရင်း ပြောသည်။ ပြီးတော့ မီးသေနေသည့် ဆေးပေါ့လိပ်တိုကို မီးညှိကာ တရှိုက်ရှိုက်ဖွာသည်။**

တော့လည်း သူ့ကျေးဇူး ကိုယ့်ကျေးဇူးရှိခဲ့ဖူးရင်တောင် ဘာမှ ထောက်မနေဘူး၊ ခင်ဗျားဘာကိုမှ ပိုမတွက်ထားနဲ့ ရန် ငါးစည်းပြတ်တာ သူတို့ဘက်က ပိုတယ်" အရှေ့ဘက်ရပ်ဝန်းဒေသမှ ချစ်သူတစ်ဦး၏အသံကို ပြန်ကြားနေသည်။

သေချာတာက ဒီမြို့ဒီနေရာအထိ ကိုယ့်အကြောင်း တစ်စုံတစ်ရာရောက်လာသေးပုံမရတာကို တည်းခိုခန်းက ပြနေသည်။ တစ်ညတာ နားခိုပေးချေကာ မှတ်ပုံတင်ပြန်တောင်းတော့ ရှောရှောရှူရှူ အထစ်အငေါ့မရှိ ပြန်ရတာပဲကြည့်။

အပြင်ထွက်လာတော့ လမ်းမီးတိုင် ကျိုးကျိုးကျဲကျဲ သာရှိသည့် မြို့လယ်လမ်းမတွင် လူရိပ်လူခြေ သိပ်မတွေ့တော့။ ခွေးလေခွေးလွင့်များပင် ကတ္တရာလမ်းမပေါ် ဟိုနားတစ်စု ဒီနားတစ်စု ခွေခွေလေး အိပ်နေကြပြီ။

ဘူတာရုံဘက် တစ်ခါတည်း ဆင်းရကောင်းမလား စိတ်ကူးသည်။ ဗိုက်လည်းဆာနေပြီ။ ဘူတာရုံမှာတော့ အနည်းဆုံးကဖေးဆိုင်လေး တစ်ဆိုင်လောက်တော့ ရှိမည်မှန်းသည်။

"ဘယ်သွားမလို့လဲ"

ထိတ်ခနဲဖြစ်သွားသည်။ လမ်းဘေးတစ်နေရာက ထွက်လာသည့်အသံ။ ဟန်ချက်မပျက်အောင်ထိန်းရင်း အသံလာရာ လှမ်းကြည့်လိုက်တော့ ကုက္ကိုပင်ကြီးတွေ အုံ့ဆိုင်းနေသည့် ညရိပ်အောက်တွင် ဆိုက်ကား တစ်စီး၊ လူတစ်ယောက်။

"စားသောက်ဆိုင် တစ်ခုခု သွားချင်လို့ဗျာ"

ထိုသူက ဆိုက်ကားကို လမ်းပေါ်တွန်းတင်ရင်း ကိုယ်ရှိရာရောက်လာသည်။ တစ်ယောက်ရှေ့တစ်ယောက်ရပ်ကာ အပြန်အလှန်အကဲခတ်သည်။ မေးရိုးထည်ထည် ညိုညို မောင်းမောင်း၊ အရောင် မပေါ်တော့သည့် ကပ်ဦးထုပ်တစ်လုံး စောင်းထားသည်။ သူက "ကားဂိတ်မှာ ညလုံးပေါက်ဆိုင်တွေ ရှိတယ်၊ သွားမလား" ဆိုတော့ ကိုယ်က အဲဒီဘက်ကို ပြန်မလှည့်ချင်။

"နီးနီးနားနား လက်ဖက်ရည်ဆိုင်လေးဘာလေး မရှိဘူးလားဗျာ" ဟုမေးတော့ "တက်" ဆိုပြီး ကိုယ်တို့ထွက်လာသည်။

"အစ်ကိုကြီးက ညလုံးပေါက် နင်းတာလား"

လေးပင်နေသည့်စိတ်ကို ဖော့သည့်အနေနှင့် စကားစမြည်စကြည့်သည်။ သူက "ဒီညတော့ တစ်ညလုံးနင်းရမှာပေါ့" ဟုပြောသည်။ ကိုယ်နားမလည်။ ဆိုတော့ နောက်နေ့တွေကရော မေးတော့ နောက်နေ့တော့လည်း နောက်အလုပ်ပေါ့ကွာဟုဆိုကာ "ဒီလိုပဲ ညီလေးရေ လည်နေတာပေါ့ကွာ၊ စက်ဝိုင်းတစ်ခုလိုပေါ့" ဟုဆက်ပြောသည်။ ခုထိလည်း သူပြောတာ ကိုယ် နားမလည်။ သူက အဘိဓမ္မာ ဆရာလား။ ပြဇာတ်မင်းသားရှုးလား။ ဒါမျိုးတွေကို ဆုံဖူးသည်။ တစ်မျိုးတော့လည်း ကောင်းသည်။ ကိုယ့်အတွက် အန္တရာယ်မဟုတ် မြွေပွေးမဟုတ်သည့်လူတစ်ယောက်နှင့် ရနိုင်သမျှ အချိန်ယူဖို့။ ဘာပဲဖြစ်ဖြစ် စိတ်ပြေလက်ပျောက် သူနှင့်စကားတွေပြောနေလိုက်မည်။ ဒါပေမဲ့ ရထားချိန်တော့ သိထားဖို့လိုမည်။ သူ့ကို မေး



www.burmeseclassic.com

www.burmeseclassic.com

တော့ ရန်ကုန်စာပို့က မနက် သုံးနာရီလောက် ဟုဆိုသည်။ လက်ဖက်ရည်ဆိုင်ရောက်တော့ သူ့ကို လူလုံးကွဲကွဲပြားပြား မြင်လာရသည်။ သူလည်း ဒီလိုပဲ ကိုယ့်ကို သဲသဲကွဲကွဲမြင်သာမည်။ အသက် ငါးဆယ်ခန့်၊ နယ်သူနယ်သားဖြစ်ပုံရသော်လည်း အူတူတူအတတတဟုတ်ပုံမရသည့် မျက်လုံးအကြည့်ရှိသည်။ သူကလည်း ကိုယ့်အကဲကိုခတ်ကာ ဘယ်ကလာလို့ ဘယ်ကိုသွားမလဲဆိုသည့် မေးရိုးမေးစဉ်တွေမေးသည်။ ဘာလုပ်လဲဆိုတာပါသည်။ သိပ်ထူးခြားလှသည်မရှိ။ ထူးခြားသည်က ဆာဆာနှင့်တွေ့ရာ လွေးနေသော ကိုယ့်ကို ဒီအတိုင်း ငုတ်တုတ်ထိုင်စောင့်နေရတာမျိုး မဖြစ်စေလို၍ ကိုယ့်နည်းတူ တစ်ခုခုစားစေလိုကြောင်းပြောလည်း ဘာတစ်ခုမှ ယူမစား။ စီးကရက်လေးတော့ သောက်ဗျာဟုဆိုလည်း သူ့အိတ်ထောင်ထဲက ဆေးပေါ့လိပ်ကိုထုတ်ကာ သောက်သည်။ အင်း ဒါမျိုးလည်း တွေ့ဖူးသည်။ ဆိုက်ကားခရှင်းချိန်ကျမှ မြိုးမြိုးမြက်မြက်လေးတောင်းတတ်ကြခြင်း ဖြစ်သည်။ ဘာတတ်နိုင်မလဲ၊ ဒီညတော့ ဒါမျိုးလူဆုံရတာပဲ ကိုယ့်အဖို့ အကောင်းဆုံးဟု ဆိုနိုင်သည်။

''ညီလေးက စာရေးဆရာဆိုတော့ ဘာအကြောင်းတွေ ရေးတာလဲကွ'' သူက ဆေးပေါ့လိပ်တိုကို ဖွာရင်း မေးသည်။ ကိုယ့်ကိုယ်ကို စာရေးဆရာတစ်ယောက်အဖြစ် သူနှင့်မိတ်ဆက်ထားခဲ့သည်။ ဒါကို ကိစ္စမရှိဟု ကိုယ်ယူဆသည်။ သူနဲ့က ခဏပဲနေကြရမှာပဲဟာ။ ပြီးတော့ ကိုယ့်အတွေ့အကြုံအရ မြို့စိမ်းနယ်စိမ်း ဒေသစိမ်းတွေရောက်တိုင်း စာရေးဆရာဟုဆိုလျှင် တစ်စုံတစ်ရာ ပိုမိုအလေးထားမခံရသည့်တိုင် ပြဿနာသိပ်မရှိ။ အေးချမ်းသည်။ အများအားဖြင့် လူတော်တော်များများက စာရေးဆရာဆိုတာ လူတွေအကြောင်း၊ လောကအကြောင်း ရေးဖွဲ့နေကြသူများဟု အနည်းအကျဉ်း သိမြင်ထားပြီးဖြစ်ရာ ကြုံတုန်းကြုံခိုက် သူတို့၏ ဘဝအမောအဖြစ်သနစ်များကို နတ်သံလေးနှောကာ ရင်ဖွင့်ပြတတ်ကြသည်။ ထိုခဏအတွင်း သူတို့ကိုယ်သူတို့ ပြန်အသနားကြီးသနားလာကာ မျက်ရည်မဆယ်နိုင် ဖြစ်လာကြသူမျိုးတွေလည်း တစ်ခါမက ကြုံဖူးသည်။

ခုလည်းလူညိုမောင်ကြီးက (ကိုယ့်စိတ်ထဲက နာမည်) ဘာက စပြောလေမည်မသိ။ ''လူ့ဘဝအတွေ့အကြုံလေးတွေ ရေးတာပေါ့ အစ်ကိုရာ၊ လွယ်လွယ်ပြောရရင် လူတွေအကြောင်းပေါ့'' ကိုယ်က သူစကားတစ်ခုခုစလာရန် အလိုက်သင့်ခင်းပေးလိုက်သော်လည်း သူ့ဆီက တော်တော်နှင့် ဘာစကားမှထွက်မလာ။ သူ့ကို ကြည့်လိုက်တော့လည်း ထူးထူးခြားခြား သိပ်ပြောချင်ပုံမရ။ ကိုယ်ငုပ်သွားသည်။ စကားစ ပြန်ရှာရသည်။

''အစ်ကိုရော စာတွေဘာတွေ ဖတ်တာ ဝါသနာမပါဘူးလား''

''အရင်ကတော့ ဖတ်ခဲ့တာပေါ့ကွာ၊ သခင်မြသန်းတို့၊ ဗန်းမော်တင်အောင်တို့ ဘာတို့''

ဟားမဆိုဘူးဟာလို့ ရင်ထဲမှာ ပြောမိသည်။ အခုရော မဖတ်ဖြစ်တော့ဘူးလားဆိုတော့ နောက်ပိုင်း အလုပ်မအားတာနဲ့ မဖတ်ဖြစ်တော့ကြောင်းပြောပြီး နောက်စာရေးဆရာတွေက သိပ်မစွံတော့ဘူး၊ အပေါ်ယံကြောတွေများတယ် ဟုဆိုသည်။ ကိုယ်ကလည်း သူ့စကားကိုထောက်ခံပြီး အရင့်အရင်ဆရာကြီးများ ရေးသားခဲ့တာမျိုးရေးသားရန် ကြိုးစားနေကြောင်းပြောတော့ ဒီခေတ်မှာ သူတို့လိုရေးလို့မရတော့ဘူး ထင်ပါတယ်ကွာဟု သူကဆိုသည်။ ကိုယ်ဖျားသွားသည်။ ကိုယ်ထင်သလို ပြဇာတ်မင်းသားရုပ်မျိုး မဟုတ်၊ ဖီလိုဆိုဖာကြောင် မဟုတ်။ အတန်အသင့် နှိုင်းနှိုင်းဆဆ ချင့်ချင့်ချိန်ချိန် ရှိသည့်လူမျိုး။ ဒီလိုနှင့် ကိုယ့်အတွက် အချိန်ကုန်မှန်းမသိကုန်စေမည့် ရောက်တတ်ရာရာတွေ ပြောကြသည်။ အချိန်ကလည်း ညတစ်နာရီခွဲသွားပြီ။

ခုလောက်ဆို ကိုယ်စီးလာသည့်ကားက ခရီးဆုံးသို့ ရောက်လောက်ပြီဟု အတွေးရောက်တော့ စိတ်တွင် ဂယောက်ဂယက် လှိုင်းပြန်ထလာသည်။ ကားပေါ်မှာ ကိုယ်ဆက်လက်လိုက်ပါလာခြင်း မရှိသည့်နောက် ဘာတွေဆက်ဖြစ်လေမလဲ။

''ကလင် .. ကလင် .. ကလင်''

လမ်းပေါ်မှ စက်ဘီးဘဲလ်သံတွေကြားသဖြင့် အတွေးစပြတ်သွားသည်။ ကိုယ်တို့နှစ်ယောက်လုံး လမ်းပေါ်သို့ အကြည့်ရောက်၏။

အားပါး၊ ဖုတ်ကောင်တွေ တစ်သိုက်။ စက်ဘီးကိုယ်စီနှင့် ကိုယ်တို့ထိုင်နေရာသို့ လှမ်းကြည့်နေတာ မြင်ရ၏။ ခေါင်းနပန်းကြီးသွားသည်။ ထိုင်နေရင်း လိပ်ပြာလွင့်သွားလားတောင် ထင်မိ၏။ ထပြေးရအောင်လည်း အချိန်မရတော့။ ဘုရားတ,ကာ နေနေရသည်။

''ညီလေး ခဏနေဦး၊ ဒီမှာပဲထိုင်နေနော်''

လူညိုမောင်ကြီးသည် ပြောပြောဆိုဆို ကိုယ့်ကိုထားခဲ့ကာ ဖုတ်ကောင်တွေဆီ ထသွား၏။ ဘာဖြစ်လာမလဲ။ ခဏကြာသွားသည်။ ကမ္ဘာတည်သလောက် ရှည်ကြာမည်ထင်ရသည့် ခဏတာမျိုး။ သူပြန်လာထိုင်တော့ ဟိုငနဲတွေ ဆက်ထွက်သွားကြသည်။ ကိုယ့်မှာ ဟန်ကိုယ့်ဖို့ပင် မလုပ်နိုင်အောင် မျက်စိမျက်နှာပျက်နေမည်ထင်သည်။

''အလကားကောင်တွေ၊ ညဆို ပတ်တရောင်လှည့်ပြီး အစာရှာပြီလေ'' လူညိုမောင်ကြီးက ကိုယ့်ကိုအကဲခတ်သလိုကြည့်ရင်း ပြောသည်။ ပြီးတော့ မီးသေနေသည့် သူ့ဆေးပေါ့လိပ်တိုကို မီးညှိကာ တရှိုက်ရှိုက်ဖွာသည်။ ''ဒီလိုပဲ ငါ့ညီရေ လူစိမ်းမြင်ရင် ရစ်ချင်တာ သူတို့အကျင့်ပဲ'' ဟု ကိုယ်စိတ်သက်သာရာရအောင် ပြောသည်။ ''ငါ့ညီလေးလို့ ပြောလိုက်တယ်ကွာ အေးရော မဟုတ်လား ဟား ဟား'' သူက သူ့စကားနဲ့သူ တဟားဟားရယ်ပြောပြောသည်။ ကိုယ့်မှာတော့ ကယောင်ချောက်ချားဖြစ်နေသည့်စိတ်ကို မနည်းပြန်တည်နေရကာ သူမသိအောင် သက်မမောတစ်ခု ခိုးပြီးချရ၏။ ''ကဲကဲ ညီလေးလည်း အဆာပြေရောပေါ့ အစ်ကိုတို့ ဘူတာဘက်ဆင်းကြရအောင်'' ပြောပြောဆိုဆိုသူကထရပ်လိုက်သည်။


**စာမျက်နှာ ၁၅၁ သို့**

www.burmeseclassic.com



www.burmeseclassic.com

ထားပစ်ခဲ့ပါတယ်။ အတိတ်က ခြေသံလေးတွေ တိုး . . တိုးသွားခဲ့။ ထို့အပြင် အတိတ်က ခြေသံလေးများ ဝေး . . ဝေးသွားခဲ့။ အပါယ်ဖြူစင် ပုံရသလောက်အတွင်းထဲမှာ ဖြူမှမဖြူစင်ခဲ့ဘဲကိုး။ တိုး . . . တိုး ပြီးတော့သာ ဝေး . . . ဝေးသွားခဲ့ရပေါ့လေ။ ထို့ကြောင့် ဝေး . . ဝေးပြီးတော့သာ တိုးသည့်ထက်တိုးလို့ ဝေးသွားခဲ့ကြရလေပေါ့။ ကဗျာတစ်ပုဒ်ကို ကဗျာတစ်ပုဒ်ရယ်လို့ ဖြစ်နေရလေအောင်လုပ်ထားတဲ့ ဓာတ် (element) တွေ၊ ကဗျာ့အဆင်တန်ဆာပစ္စည်းကိရိယာ (poetic device) တွေ ရှိနေခဲ့သလိုမျိုး အချစ်တစ်ခုကို အချစ်တစ်ခုရယ်လို့ ဖြစ်တည်နေရလေအောင် လုပ်ထားတဲ့ ဓာတ်တွေ၊ အထောက် အကူပြုအဆင်တန်ဆာပစ္စည်းကိရိယာတွေဟာလည်း မလွဲမသွေ ရှိနေတည်နေခဲ့ကြရတာပဲ မဟုတ်လား။ အချစ်ဆိုတာ ဘယ်တော့မှညှိုးနွမ်းမသွားတဲ့ ပန်းတစ်ပွင့်လို့ဆိုလာခဲ့ရင် သူကပြုံး ရယ်ပြီး ငြင်းမိမှာပါ။ အချစ်ရဲ့ဓာတ်တွေ၊ အချစ်ရဲ့အဆင်တန်ဆာ အထောက်အကူပစ္စည်းတွေ (ဥပမာ . . . တန်ဖိုးထားမှု၊ ကြင်နာမှု၊ ညှာတာထောက်ထားမှု၊ အသိသစ္စာတရား၊ စသည် . . စသည်ဖြင့် အရေအတွက်မနည်းလှတဲ့ ဒြပ်မဲ့အဖွဲ့အစည်းနာမ်များ) ညှိုးရော်ခြောက်သွေ့ အသက်မဝင်ကြတော့ဘူးဆိုတဲ့ အချိန်အခါကို ရောက်လာခဲ့ရင်တော့



www.burmeseclassic.com

အချစ်ဆိုတဲ့အရာဟာလည်း ညှိုးရော်ခြောက်သွေ့အသက်မဝင်နိုင်တော့ဘူးပဲပေ့ါ။ တဆွေးဆွေး တမြေ့မြေ့ ကျေပြုန်းသေဆုံး သွားခဲ့ရတော့မှာပဲပေ့ါ။ ဘယ့်နှယ် . . . ဘယ့်နှယ်ကွယ်။ ကြည့်ပါဦး။ ဒီလောက်ချည့်ချည့်နဲ့နဲ့ ခန္ဓာကိုယ်လေးထဲ ဒီလောက်ထုထဲလေးလံတဲ့ မြေခွေးမိစ္ဆာအကျင့်စရိုက်ဆိုးတွေကို ဘယ်လိုလုပ်ပြီးထုပ် ပိုးသယ်ဆောင်ထားနိုင်ခဲ့ရတာပါလိမ့်။ မင်း . . ဒါမျိုးတွေမလုပ်ဘဲ မနေနိုင်ဘူးလား။ မင်းကို ငါဘယ်လိုမှထိန်းလို့သိမ်းလို့ မရနိုင်တော့တာပါပဲလား။ ဘာဖြစ်လို့များ ကိုယ့်ကို ချစ်တဲ့သူတစ်ယောက် အပေါ်မှာ တန်ဖိုးမထားဘဲ မလေးမစား စော်စော်ကားကား ပြုမူရဲရတာပါလိမ့်။ စက်ဆုပ်မိ။ တမ်းတမိ။ နာကျင်မိ။ သတိရမိ။ ပင်လယ်က အဝေးကလှမ်းပြီး တိတ်တိတ်လေး မေးခွန်းထုတ်နေသလိုမျိုး ငြိမ်လို့။ အရက်ကြမ်းကြမ်းတစ်ခွက် မော့သောက် ပစ်လိုက်သလိုမျိုး လေကြမ်းကြမ်းတစ်ချက် ဝင်မွှေ့သွားခဲ့တာတောင်မှ ပင်လယ်ကလှိုင်းတစ်ချက် မထပြန်ဘူး။ လေဆိုတာ အေးမြတတ်ရိုးမှန် ပေမယ့်လည်း လေထဲမှာ ရေရဲ့အစိုဓာတ်ကလေး ပါမလာခဲ့ရင်တော့ ခြောက်သွေ့နေတော့တာပဲပေ့ါ။ ထားပစ်ခဲ့ပါတယ်။ ည . . ညတွေမှာ အပြင်သိပ်မထွက်ဖြစ်တော့ဘူး။ လိုရမည်ရဆိုပြီး ဘုရားရှစ်ခိုးပါ တယ်။ ပြတင်းပေါက်အတွင်းဖက်အနား ခိုကပ်ပြီး ပုန်းနေတဲ့ ခန်းဆီးစလို အပြင်ဖက်က အသံတွေကို နိုးနားထောင်တယ်။ မြေခွေးမလုပ်သွားခဲ့သလိုပုံစံမျိုး အလားတူလိုက်လုပ်ကြည့်ဖို့ဆိုတာကလည်း သူ့ရင်ထဲမှာ မြေခွေးမိစ္ဆာအသည်းနှလုံးမျိုး ရှိမှ ရှိမနေခဲ့ပဲကွယ်။ ကဗျာဟာ ကဗျာဆရာဆီကို လျှို့ဝှက်မှုအပြည့်နဲ့ တိတ်တိတ်ဆိတ်ဆိတ်လေး ရောက်လာတတ်သလို ခွဲခွာရခြင်းဟာ သူ့ဆီကို နာကျည်းမှုအပြည့်နဲ့ မျက်လွှာလေးချလို့ ရောက် လာခဲ့ပါတယ်။ ကဗျာဟာ ကဗျာဆရာ့ရင်ထဲကနေ ကဗျာတစ်ပုဒ်အဖြစ် စာမျက်နှာတွေပေါ် ရောက် သွားတဲ့အခါမှာ ကဗျာတစ်ပုဒ်သက်သက်ဆိုတာထက် ပိုသွားခဲ့သလို ခွဲခွာရခြင်းဟာလည်း သူ့ရင်ထဲတစ်ထောက်ခိုနားပြီးတဲ့နောက် နေ့စဉ်ဘဝလည်ပတ်နေထိုင်မှုဖြစ်စဉ်ထဲ ရောနှောတိုးဝင်ပေါင်းစပ်သွားတဲ့အခါမှာ ခွဲခွာရခြင်းသက်သက်ဆိုတာထက် ပိုသွားခဲ့ရပါတော့တယ်။ ခြောက်သွေ့လို့၊ ပူလွှေ့မှုန်ဝေလို့၊ နွမ်းလျှညှိုးရော်အသက်မဲ့လို့။ ဟိုအဝေးက လေနီကြမ်းကို ကိုယ့်ရင်ထဲလှမ်းပြီး စုပ်သွင်းယူ မြိုချထားလိုက်ရသလိုမျိုး ကမြောင်းကဆန် ရုန်းကန်မွှေနှောက် တုန်ခါလို့။ ထားပစ်ခဲ့ပါတယ်။ ထက်ခြမ်းပဲ့နေတဲ့ မပြည့်တပြည့်လဝန်းက ကောင်းကင်ယံထက် ဆောင့်ကြောင့်ထိုင်ပြီး သူတို့မြို့ကလေးရဲ့အရိပ်တွေ . . အရိပ်တွေ . . . အရိပ်တွေကို ငုံ့ကြည့်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ပူနွေးတဲ့ညရဲ့ လေပြည်က လွမ်းဆွတ်ဖွယ်ကောင်းလှတဲ့ ပင်လယ်လှိုင်းပုတ်သံလေးတွေကို အဝေးကနေ တကူး တက သယ်ဆောင်ယူငင်လာခဲ့ပြန်သေးရဲ့။ ဟော ဒီမြေကမ္ဘာပေါ်မှာ လူသားတိုင်း ... လူသားတိုင်း တန်ဖိုးထားစောင့်ထိန်းကြရတဲ့အရာတချို့ မလွဲမသွေရှိနေတတ်ခဲ့ပါတယ်။ လူ့ကျင့်ဝတ်တို့ လူ့ဂုဏ်သိက္ခာတို့ပေါ့လေ။ ဘယ်မြို့ဘယ်ရွာဘယ်တိုင်းပြည်မှာမဆို ဒီလောကပါလတရားတွေဟာ တန်ဖိုးနှုန်းစံထားအားဖြင့် အတူတူပဲ ဖြစ်နေရလိမ့်မယ်လို့ ထင်မိပါတယ်။ ပြာလဲ့လဲ့ တယောသံလေးများ ငြိမ်ကျ ပျောက်ရှသွားခဲ့ရပေါ့လေ။ အမှိုက်လို လွင့်ပါးသွားခဲ့ရတဲ့ နှစ်ချို့ချစ်ခြင်းမေတ္တာ အပိုင်းအစလေး တွေကိုပဲ သူကလိုက်ငေးကြည့်နေမိတော့တယ်။ သူ့ကိုယ်တွင်းက အသက်ဇီဝဓာတ် ရှင်သန် တောက် လောင်နေမှု အမြစ်ကလေး တဆတ်ဆတ်တခါခါတုန်ရင်နေခဲ့တာ သူခံစားမိပါတယ်။ အသက်အရွယ် တွေ အများကြီး ..အများကြီး အိုမင်းရင့်ရော်မသွားသေးခင်မှာဘဲ သူသေပစ် လိုက်ချင်ပါတယ်။ သေချာပေါက်ရှုံးနိမ့်နေခဲ့ရပြီဖြစ်တဲ့ စစ်ပွဲတစ်ခုထဲမှာ ရပ်တန့်ပစ်လိုက်လို့လည်း မရနိုင်သေးဘဲ အရှုံးခံပြီး ဆက်တိုက်နေခဲ့ရသလိုမျိုး သူခံစားနေခဲ့ရတယ်။ အသက်ငွေ့ငွေ့ကလေးက ဖယောင်းတိုင်မီးညွှန့်ငယ် လေးတစ်ခုလို တလှုပ်လှုပ်တခါခါနဲ့ သေပဲမသေနိုင်သေးသယောင်ယောင် ပြုမူထင်ရှားပြနေခဲ့လေတဲ့။ ယိုယွင်းပြိုပျက်လုဆဲဆဲ ရုပ်ခန္ဓာအစုအဝေးကြီးတစ်ခုအဖြစ် သူ့ကိုယ်သူ ပြန်မြင်နေခဲ့မိတယ်။ သဘာဝရဲ့အစစအရာရာဟာ မှုန်မှုန်ရီရီ ဝိုးတဝါးမှုသာပါပဲ။ ဘယ်သောအခါမှာမှ နှစ်ဦးသားအတူတူ မနိုးစပ်နိုင်ကြတော့ပါဘူးဆိုတဲ့အသိက နိုင်မာသေချာခဲ့ပါတယ်။ ၂၁ ရာစုထဲ ဝင်လာခဲ့ပြီးတဲ့နောက်မှာ ကမ္ဘာမြေရဲ့ဘယ်နိုင်ငံဘယ်ဒေသမှာမှ ကတိတို့ တိုင်ကြည်ရာ သစ္စာတို့ ခိုင်ခန့်ရာ နေရာကလေး တစ်နေရာသော်မှ ရှိကောင်းရှိနေနိုင်ခဲ့လိမ့်မယ်လို့ သူက မယုံကြည် တော့ပါဘူး။ အရာရာဟာ ကိုယ်တွေးထင်မျှော်လင့်ထားခဲ့သလိုမျိုး ဖြစ်မှုဖြစ်မလာတတ်ခဲ့ဘဲ။ ပြုစုပျိုးထောင်ယုယခဲ့လေသမျှ ဘာတစ်ခုမှအရာမထင်ဘဲ အချည်းနှီး အလဟဿဖြစ်သွားခဲ့ရ လေသလား။ ထားပစ်ခဲ့ပါတယ်။ အလဟဿဖြစ်သွားခဲ့ရတော့တာပဲပေါ့လို့ တွေးထင်မြင်ခံစားမိရတဲ့ အချိန်အခါများမှာတော့ အလ ဟဿဖြစ်နေခဲ့ရပြီး အချည်းနှီးအလဟဿတော့ ဖြစ်မသွားခဲ့လောက် ပါဘူးလေလို့ တွေးတွေးဆဆ ခံစားမိနေရတတ်တဲ့ အချိန်အခါများကျပြန်တော့လည်း အလဟဿ ဖြစ်မနေခဲ့ပါဘူး။ ထားပစ်ခဲ့ပါတယ်။

**ရဲဘုန်းခေါင်**


www.burmeseclassic.com

www.burmeseclassic.com

# မြဲအောင်နိုင်း

# မောကစေဝါ ... ဟာအောင်

"အမေဆိုတာ ဘယ်သား သမီးကိုမှ ပိုချစ်တယ်၊ လျော့ချစ်တယ် မရှိပါဘူး။ အားလုံး အမေ့ရင်က သွေးပဲ၊ ကိုယ်လက်လှုပ်ပြီး ဆယ်လကွာထားရတာ တစ်ယောက်က လိမ္မာလို့ချစ်ရင်၊ တစ်ယောက်ကိုဆိုးလို့ ကရုဏာပိုရစမြဲပဲ။ ဒီအထဲကမှ မိသားစုအတွက်အနစ်နာခံပြီး ပေးဆပ်တဲ့သားသမီးဆိုရင် ကြေကွဲရင်း တစိမ့်စိမ့်သနားပိုရတာပေါ့။ဒါပေမဲ့ ဘယ်အမေကမှ ကိုယ့်သားသမီးရဲ့အနာဂတ်ကို မဖျက်ဆီးကြပါဘူးလေ။






www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတို

မခွေ နားမလည်တာက ...

"ကမ္ဘာမီးလောင်ရင်သားကောင်ချနင်းကြစတမ်း" ဆိုတာ စကားလုံးလား၊ တကယ်လား ... မပြောတတ်တော့ပါဘူး ...။



အခန်း(၁)

မနက်ဆယ်နာရီမျှသာရှိပေမဲ့ နေသည်ပူလွန်းသည်ထင်ရသည်။ မခွေကတော့ ပုဆိုးပိုင်းကိုခေါင်းပေါင်းပြီး ဦးလှိုင်တို့နောက်ဖေးလမ်းကြားက ကင်းမွှံသီးရှုဦးမည်ဟု စိတ်ကူးလိုက်သည်။ မြန်မြန်သွက်သွက်ထကာ အမှာနှစ်ကောင်ကိုခေါ်ပြီး ဆန်ကာတွေယူခိုင်း လိုက်သည်။ စကားများလွန်းတဲ့အငယ်မက "အမေဘယ် သွားမှာလဲ" တဲ့ ...

"တော်တော်စကားများပါလား ဦးလှိုင်တို့နောက်ဖေးလမ်းကြားမှာ ကင်းမွှံသီးခူးမလို့ .. တဲ့"

မခွေအော်လိုက်မှ အငယ်မလေးကုတ်ပြီး လိုက်လာတော့သည်။ မခွေတို့အဖို့ မြောက် ဒဂုံတွင်နေလာခဲ့သည်မှာကြာပြီမို့ လူနေပြတ်သော တိုက်များ၏နောက်ဖက်တွင် စားပင်သီးပင်ဟူသမျှ မခွေတို့မိသားစုအတွက် ဟင်းတစ်ခွက်ဖြစ်ခဲ့ရသည်ပင်။ ဈေးဝိုးပြတ်မြိုပြတ် တတ်သော မခွေတို့အတွက် ကင်းမွှံသီး၊ ကင်းမွှံရွက်အပြင် လမ်းမပေါ်က သခေါ်ာရွက်၊ သရက်ညွန့်၊ ကသစ်ညွန့်ပါ မကျန် ခူးစား၍ရသမျှ အသီးအရွက်အားလုံးဟင်း ဖြစ်ရသည်။ ဘယ်တော့များမှ ပြေလည်လာမလဲလို့ စဉ်းစားတိုင်း၊ စဉ်းစားတိုင်း မျှော်လင့်ချက်နည်းလွန်းသော သည်မိသားစုကို မခွေ မကယ်တင်နိုင်၊ ကိုယ်တိုင်က လင်ယောကျ်ားပေးသော မလောက်မငှငွေလေးကို မျှတာတိုင်းထွာပြီး သုံးခဲ့ရသည်။

ယောကျ်ားလုပ်သူကိုထွေးတစ်ယောက် ဆိုက်ကားနင်းရသမျှမှာလည်း မိသာစုစားဝရိုဘ်ပင်မလောက်တာမို့ ခြောက်လတစ်ကြိမ် အိမ်လခပေးစနစ်နဲ့ နှစ်ချုပ်ငှားနေရသော အိမ်မှာလည်း အိမ်ရှင်က ဘယ်တော့ပြောင်းဆိုင်းမလည်း တထိတ်ထိတ်နဲ့ နေရတာမို့ ခြောက်လပြည့်တာနဲ့ အိမ်လခနောက်ထပ် ခြောက်လစာ ပေးဖို့ ငွေဟာ ဘယ်တော့မှစုဆောင်းနိုင်ခဲ့တယ် မရှိဘူး။ လမ်းထိပ်က

www.burmeseclassic.com



မသီတာဆီမှာ အတိုးနဲ့ချေးရတာအခါ ခါဆိုတော့ မသီတာဆီမှာလည်း ကြွေးပြတ်တယ်ကို မရှိပါဘူးလေ။

မဆွေက လေးခါမွေး ငါးယောက်ဆိုတော့ ဒီနှစ်အကြီးဆုံးသား ကောင်းကောင်းက ကျောင်းထွက်ပြီး ပန်းရံအဖွဲ့ထဲသွားပြီး ဘာရရနေ့စား (၃၀၀၀ိ/) နဲ့ ဝင်လုပ်နေရရှာတယ်။ ဒုတိယသမီး မြစပယ်ကတော့ ဒီနှစ် ကိုးတန်းတက်နေပြီ၊ သားသမီးတွေထဲမှာ မျက်နှာကလေးက အေးမြပြီး စပယ်လို ဖြူဖွေးသန့် စင်ချောလွန်းတာမို့ မြစပယ်လို့ ပေးထားတာ၊ ကိုထွေးအသည်းကျော်ပဲပေါ့။ တတိယက အမွှာနှစ်ကောင်၊ သူတို့ကတော့ နုနုနွဲ့စုစုလို့ အမည်ပေးထားတယ်။ အငယ်ဆုံးက ရောဂါထူပြီး အလွန်းလို့ ''ထုံထုံမ'' လို့ မဆွေတို့က အလွယ်မှည့်ခဲ့ကြတယ်။

သည်မိသားစုတွေအတွက် နေစရိတ်၊ စားစရိတ်တွေကို နှစ် ပေါင်းများစွာ ကိုထွေးတစ်ယောက်တည်း ရုန်းကန်ကာ နေ့ပူမိုးရွာ ဆိုက်ကားနင်းဖို့ အစောကြီးထခဲ့ရတယ်။ ကလေးတွေကို တစ်ခါတလေ မုန့်ပဲသရေစာကျွေးနိုင်ပေမဲ့ တစ်ခါတလေကျတော့လည်း ထမင်းတစ်အိုးအပြင် ဘာမှ မလုပ်ပေးနိုင်ဘူး။ ကောင်းကောင်းက လက်သမားအဖွဲ့၊ ပန်းရံအဖွဲ့ ဘယ်အဖွဲ့ထဲ လုပ်ရ လုပ်ရရရ အလုပ်ကို ဝင်လုပ်နေတော့ ဈေးဖိုးခုမိပေမဲ့ မဆွေရင်ထဲမှာ ကျင်နေအောင် နာရတယ်။

ကိုထွေးက စိတ်မကောင်းဖြစ်ရှာတယ်။ ယောကျာ်းလေးဆိုတာ ပညာတတ်မှဖြစ်မှာ၊ ခုတော့ ဆယ်တန်းတောင်အောင်အောင်မထားနိုင်လို့ ပညာတစ်ပိုင်းတစ်စနဲ့ အလုပ်ကြမ်း လုပ်နေရရှာတယ်။ ဒါတောင်မှ စားရရုံပဲ၊ သာရေးနာရေးဝေးလို့ ကလေးတွေအတွက် အလှအပဆိုတာ ဘာမှဆင်မပေးနိုင်ဘူး။

ကိုထွေးတို့ဆိုက်ကားဂိတ်က ထမင်းရောင်းတဲ့ဒေါ်လုံးတင်က မြို့ထဲကပေးလိုက်တဲ့ အထည်တွေ မကြာခဏဆိုသလို မဆွေတို့အတွက် ယူလာပေးတယ်။ ဂါဝန်တွေ၊ စကပ်တွေရော၊ ကိုထွေးအတွက် ပုဆိုးနှစ်ထည်သုံးထည် ရောပါလာတယ်။

မဆွေမွေးတဲ့ သားကြီး ကောင်းကောင်းက ညိုတယ်၊ ကျန်တဲ့လေးတွေက အသားဖြူကြတယ်။ မဆွေက ဖြူတယ်လေ။ ဘာပဲဖြစ်ဖြစ် ရှိရှိမရှိရှိ မိသားစုတွေ တစ်စုတည်း၊ တစ်စည်းတည်း စားကြသောက်ကြ ရယ်မောကြနဲ့ ညကျတော့ တခါခါနဲ့ အိပ်ကြတော့ ကြည်နူးစရာပါပဲလေ၊ ကလေးတွေအိပ်ပြီး ကိုထွေးက ညဆိုရင် ပုံမှန်အရက်သောက်နေကျမို့ ခေါင်းချတာနဲ့ဟောက်ပြီး အိပ်သွားပါလေရော၊ မဆွေတစ်ယောက်သာ အိပ်မပျော်နိုင်ခဲ့တာပါ။

သူတို့လေးတွေ အိပ်နေတာကိုကြည့်ပြီး ကြေကွဲတာရော၊ ကြည်နူးတာရော၊ တွေးရင်း၊ ခံစားရင်း၊ ရှေ့ရေးကို စဉ်းစားရတာ အကြိမ်ကြိမ်၊ ဒီလိုနဲ့ပဲ တစ်ညမိုးလင်းခဲ့ရတာချည်းပါပဲလေ။

'အမေ ဒေါ်လုံးတင်က လေ စပယ်ကို အလုပ်လုပ်မလား'' တဲ့

''ဘာအလုပ်တုန်း''

''မြို့ထဲက အိမ်တစ်အိမ်က ကလေးထိန်းဖို့တဲ့၊ ငွေလည်း ကြိုပေးမှာတဲ့အမေရဲ့''

''ကျောင်းတက်စမ်းပါအေ၊ ဒီအလုပ်တွေ မစဉ်းစားစမ်းပါနဲ့''

''အမေရယ် စပယ် ကျောင်း မတက်ချင်ဘူး၊ ကျောင်းတက်တော့ စာအုပ်လို၊ ဘောပင်လိုနဲ့ စပယ်ဘေးက မော်မော်စန်းဆိုရင် ကျောင်းမှာနဲ့ ဈေးတန်းသွားရင် (၅၀၀ိ/) တန်နဲ့ ကိုင်သုံးတာ၊ စပယ်တို့မှာ (၁၀ိ/) (၂၀ိ/) တောင် အနိုင်နိုင်''

''ဒါလည်း ဟုတ်ပါတယ် သမီးရယ်၊ အမေတို့ ထားနိုင်သလောက်တော့ တက်ပါဦးကွယ်''

ပြောသာပြောရသည်၊ စပယ်ပြောနေသော စကားများကို နားထောင်ရင်း စိတ်မကောင်းဖြစ်မိသည်။ မနက်က ထုံထုံမကောက်ထားသော ထင်းခြောက်များဖြင့် ထမင်းတစ်အိုး ကျက်သွားလေပြီ။ ရဲနေသောမီးခဲတွေထဲ မနက်ကခူးလာတဲ့ကင်းမုံ့သီးများ ပစ်ထည့်လိုက်သည်။ ယောက်မပေါ်တွင် ငါးပိစိမ်းသားကို ကပ်ရင်း စပယ်ပြောသည့် စကားများကို စဉ်းစားနေမိသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ အရွယ်လေး ရောက်လာတော့ ဝတ်ချင်သုံးချင်ရှာမည်။ ဘာလိုလိုနှင့် စပယ်အပျို ပေါက်လေး ဖြစ်လာလေပြီ။ သူ့ခမျာ ကျောင်းစိမ်းထဘီ အသစ်တောင် မဝတ်ရပေ။

သူများအကျေတွေသာ ဆင်ခဲ့ရသည်။ ငရုတ်ဆုံထဲကို ကင်းမုံ့သီးတွေ ပြာချပြီး ထည့်ထောင်းလိုက်ရင်း ငါးပိယောက်မကို မီးခဲပေါ်တင်လိုက်သည်။ ကင်ပြီးသားသီထားသော ငရုတ်သီးစိမ်းတွေကို ဆုံထဲကိုခွဲထည့်ပြီး အားလုံးရောထောင်းလိုက်တော့သည်။ ငရုတ်ဆုံနားတွင် ကလေးတွေ ဝိုင်းထိုင်နေကြသည်။ အချိန်က နေ့လည် (၁) နာရီကျော်နေပြီမို့ သင်း ကလေးတွေ ဆာနေရှာပြီ။

ကပ်နေတဲ့အချိုမှုန့်တွေ ခြစ်ထည့်ပြီး ဆီမပါတဲ့ ကင်းမုံ့သီးထောင်းနဲ့ အမေခူးပေးတဲ့ ထမင်းပူပူကို နှပ်ရင်း ခေါင်းမထောင်နိုင်အောင် အားရပါးရ ကန်းထုတ်နေကြတော့သည်။ အိမ်ရှေ့မှ ဘဲလ်သံကြားပြီး၊ ကိုထွေးပြန်လာလေပြီ။

''ကိုထွေး တစ်ခါတည်း စားလိုက်နော်''

''အေးပါကွာ၊ အလုပ်လုပ်ရတာ မကောင်းရတဲ့အထဲ နေ မကောင်းချင်သလိုပဲကွာ''

''အကိုက်အခဲပျောက်ဆေးလေး သောက်လိုက်လေ၊ ထမင်းကတော့ ကင်းမုံ့သီး ထောင်း ထားတယ်၊ ကုန် သွားဦးမယ်၊ တစ်ခါတည်း စားလိုက်ပါလား''

'ကလေးတွေရော စားကြပလား''

''စကားတောင် မတိုးပါဘူး၊ နောက်ဖေးသွားကြည့်ပါဦး စားနေကြတာ''

ကိုထွေးစိတ်မကောင်းဖြစ်နေမည်။ အဆင်ပြေတဲ့နေ့ကျတော့ ဟင်းချက်ကျွေးနိုင်ပေမဲ့ အဆင်မပြေတဲ့အခါမျိုးမှာ ကြုံသလို စားရရှာတဲ့ ကလေးတွေ ကြည့်ပြီး မိဘရင်ထဲမှာ ဆို့နစ်ကြေကွဲရစမြဲပါ။

သူတို့လေးတွေမှာတော့ ပူပင်မှုကင်းရှာကြပါတယ်လေ။

''ရော့ကွာ ဒီမနက်နင်းလို့ ရတဲ့ ပိုက်ဆံ၊ ယူထားလိုက်၊ ညနေကျရင် ကလေးတွေကို ဟင်းလေး ချက်ကျွေးလိုက်ပါကွာ''

ကိုထွေးပေးတဲ့ပိုက်ဆံကို မဆွေလက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေသည်။ အတွေးထဲမှာ မသီတာ နေ့သွင်းတွေပေးရန် ဈေးဝယ်ရန် ချက်ချင်းဆိုသလို တွက်ချက်နေတော့လေသည်။

အခန်း(၂)

''မဆွေရေ.. မဆွေ.. ဒီမှာ လာပါဦးဗျ''

ကျွဲကြီး၊ ငမောင်နဲ့ဂိတ်မှူး ဦးကျော်သန်းတို့ ကိုထွေးကို တွဲခေါ်လာကြသည်။ ပထမတော့ နေ့ခင်းကြီး ကိုထွေး အရက်မူးလာပြီးလားလို့ ထင်လိုက်သည်။ ဒါပေမဲ့ ကျွဲကြီးရဲ့ စကားကြောင့် မဆွေရင်ဆို့သွားရသည်။

''ကိုထွေး လေဖြတ်သွားတာ ဖြစ်နိုင်တယ်၊ မနက်က တည်းက ဂိတ်မှာ တစ်ကိုယ်လုံးအေးစက်ပြီး ဆိုက်ကားပေါ်မှာ မှိန်းနေလို့ အိမ်ပြန်ခိုင်းတာ ဈေး ဖိုးလေးရမှ ပြန်မယ်ဆိုပြီး ပေပြီးထိုင်နေတယ်ဗျာ၊ ဆိုက်ကားပေါ်က ပြုတ်ကျသွားပြီး

www.burmeseclassic.com

www.burmeseclassic.com

စကား မေးမရတော့လို့ ခေါ်လာခဲ့ကြတာ၊ ခု မြမောင်ဆရာဝန်သွား ခေါ်နေတယ်''

''ကွဲကြီးရယ် ...ပိုက်ဆံက ....''

''မဆွေကလည်း နေစမ်းပါဗျာ၊ ဘဝတူတွေပဲ၊ ပိုက်ဆံဆိုတာ ဘယ်လိုလုပ်လက်ထဲမှာ အဆင်သင့်ရှိနေမလဲ၊ ကျုပ်တို့ဂိတ်က အားလုံးစုခံကြတာပေါ့''

မဆွေဘာမှမပြောနိုင်ဘဲ မျက်ရည်ဖြိုင်ဖြိုင် ကျနေရသည်။

ကိုထွေးကတော့ သတိမရ တစ်ချက်၊ ရတစ်ချက်နဲ့ ဆရာဝန်ဆေးထိုးပေးသွားတာမို့ အိပ်ပျော်နေပုံရသည်။ မဆွေကို အားလုံးက အားပေးကြသည်။

''မစိုးရိမ်ပါနဲ့ ကောင်းသွားမှာပါ'' တဲ့၊ ဒေါ်လုံးတင်ကတော့ မဆွေကို အကြံပေးသည်။

''မဆွေရေ လေဖြတ်တယ်ဆိုတာ ချက်ချင်းကြီး မကောင်းနိုင်ဘူး၊ အင်္ဂလိပ်ဆေးထက် ဗမာဆေးက ပိုကောင်းတယ်၊ ခြောက်လလောက်နဲ့ ပျောက်နိုင်တယ်အေ့''

ခြောက်လတဲ့လား၊ ခြောက်လဆိုတာ မြန်မြန်ပျောက်တဲ့လတဲ့လား။ မဆွေရင်ထဲမှာ ရှူးမတတ် အော်ဟစ်နေမိသည်။ အတွေးတို့မှာ ယောက်ယက်ခတ်လျက် ရှေ့ဆက်ရမည့်ရက်များအတွက် သက်ပြင်းရှည်ရှည်ချရင်း အိပ်မောကျနေတဲ့ ကိုထွေးမျက်နှာကိုသာ တစိမ့်စိမ့်ကြည့်နေမိတော့သည်။

<u>အခန်း (၃)</u>

''အမေ .. ဒေါ်လုံးက မြို့ထဲက ညှော်သည်တွေ လာနေတယ်တဲ့၊ အဲဒါအလုပ်လုပ်မယ်ဆိုရင် ငွေတစ်ခါတည်း ကြိုထုတ်ပေးမယ်တဲ့အမေ၊ စပယ်သွားလုပ်မယ်နော်၊ အဆင်ပြေတော့ ကျောင်းပြန်တက်တာပေါ့ အမေရယ်''

''အလုပ်က ဘာလုပ်ရမှာတုန်းအေ့''

''ဩော် အမေကလည်း လောလောဆယ်တော့ ကလေးထိန်း အဝတ်လျှော်လုပ်ပေးရမယ်၊နောက်တော့ သူတို့ဖွင့်ထားတဲ့စတိုးဆိုင်ကို ပို့ပေးမယ်တဲ့၊ ခုလတ်တလော ကိုကြီးပိုက်ဆံနဲ့ ဘယ်လိုလောက်မှာလဲ အမေရာ အဖေ့ဆေးဖိုးတွေ ရှိသေးတယ်လေ၊ အဖေနေမကောင်းတုန်း လေးငါးခြောက်လတော့ သမီးကူပါ့မယ် အမေရာ''

'အေးပေါ့လေ၊ လုပ်ရတော့မှာပေါ့၊ ညည်းအဖေ နေကောင်းရင် ကျောင်းပြန်တက်ရမယ်နော်၊ ဒီအလုပ်က ခဏပဲနော် စပယ်ကြားလား''

''စိတ်ချပါ ပူမနေပါနဲ့ အမေရာ၊ ဟော ဟိုမှာ ဒေါ်လုံးလိုက်လာပြီ၊ ညှော်သည်တွေပါပါတယ်အမေရေ''

''မဆွေရေ ကိုထွေးဘယ်လိုနေလဲဟေ့''

ဒေါ်လုံးတင်မှာ မေးမေးတက်တက်နဲ့ အိမ်ပေါ်တက်လာခဲ့လေသည်။

''ဒီလိုပါပဲ ဒေါ်လုံးရယ်၊ ဆေးတော့မှန်မှန်တိုက်ရတယ်။ လိမ်းဆေးလည်း လိမ်းပေးတယ်၊ စကားတော့ မပြောနိုင်ပေမဲ့ အကုန်သတိရပါတယ်''

''အေးပေါ့အေ ကောင်းလာတောင် ချက်ချင်းတော့ အလုပ်မလုပ်နိုင်သေးပါဘူး၊ ငါလည်း မြို့ထဲကလူတွေလာတုန်း စပယ့်ကို အလုပ်ထည့်ပေးချင်တာ၊ မဆွေတို့လည်း ပြေလည်စေချင်လို့ပါ၊ သူတို့ကလည်း လူလိုနေတယ်လေ၊ အစစအရာရာ စိတ်ချနော်မဆွေ၊ သူတို့လိပ်စာနဲ့ ဖုန်းနံပါတ်ပါ ယူထားနော်၊ အကြောင်းရှိ ဆက်သွယ်လို့ရတယ်၊ ခြောက်လဆိုပေမဲ့ လောလောဆယ် လေးလစာ ယူထား၊ နောက်ထပ်လိုရင်လည်း သွားယူလို့ရတယ် သိလား .. ရှော့''

ဒေါ်လုံးလှမ်းပေးသောငွေကို မယူချင်ပေ။

သို့ပေမဲ့ မတတ်နိုင်ပါ။ မရောရာ မသေချာလှသောနေ့ စဉ်ဒုက္ခများကပင် ''စပယ့်'' ဘဝကို အိမ်ဖော်အဖြစ် တွန်းပို့လိုက်တော့သည်။ ငယ်ငယ်က ''သမီးကြီးရင် မင်းသမီးလုပ်မှာ အမေရ'' လို့ စပယ်ပြောနေကျ စကားများကို ကြားပါသည်။

သည်အမေ့ရင်မှာတော့ မီးဟုန်းဟုန်းတောက်နေရပြီ။ သင်းကလေးတွေ ဘယ်သိပါ့မလဲ။ ဖြစ်နိုင်ရင် သည်အမေက အားလုံးလုပ်လိုက်ချင်သည်။ ကို ထွေးသာသိရင်ဟူသောအတွေးက ဝင်လာတော့ မဆွေမျက်ရည်တွေ မျိုချလိုက်ရသည်။ စပယ့်ကို မမြင်စေလိုပါ။ ကံမွဲလို့ ဆင်းရဲပေမဲ့ အမေတစ်ယောက် ရဲ့တာဝန်တော့ ကျေပွန်ချင်သည်။ ကိုယ့်အသွေးအသားကို ဖုံ့မစားချင်ပေ။ သားသမီးများအတွက် မဆွေဖြစ်ချင်လိုသော ဆန္ဒမှာ သည်အရာများမဟုတ်ပါ။

သို့ပေမဲ့။

ကိုထွေးက ပါးစပ်ရွဲ့သွားသည်ကို ပထမဆုံးလိမ်းဆေးဖြင့် ကုသနေရသည်။ ပြန်ကောင်းလာလျှင် သင့်တင့်သော အာဟာရများ ကျွေးမွေး၍ အင်အားမွေးရပေဦးမည်။ အသက် (၅၀) ဟူသည် မကြီးရင့်သော်လည်း မိသားစုစီးပွားရေးကို ထူထောင်နိုင်ရန် ခက်လှသည်။သည်အခြေသည် အနေတွေကပင် မဆွေရည်မှန်းထားသော သားသမီးများ၏ အနာဂတ်ကို မှေးမှိန်စေခဲ့လေပြီ။

''အမေ ရော့ ဒီနေ့လုပ်ခ''

သားကောင်းကောင်းပေးသောငွေကိုယူပြီး သိမ်းလိုက်သည်။

''ရေမိုးချိုးတော့လေ သား ထမင်းစားရအောင်''

''ဟာ ...ကြက်သားချက်ထားတာပဲ၊ ထမင်းမြိန်ပြီဟေ့''

ကောင်းကောင်းစကားမဆုံးလိုက် ...ထုံထုံမ ...က ...

''အဲဒါ မမစပယ် အလုပ်ကို လိုက်သွားလို့ ပိုက်ဆံတွေရလို့ ချက်ထားတာ''

''အမေ .. ထုံထုံမ ဘာတွေပြောနေတာလဲ''

ဒီလိုအချိန်မှာ မဆွေဘာစကားမှ မပြောလိုတော့ပါ။

''စကားများလိုက်ကြတာ အဖေနိုးလာဦးမယ် စားကြစမ်း''

ထမင်းဝိုင်းတွင် အားလုံးထိုင်၍ အမေဟင်းထည့်ပေးရန် စောင့်နေကြသည်။ ကောင်းကောင်းက

''အမေရော ...လာလေ မစားသေးဘူးလား''

''သားအဖေ ဆေးတိုက်ဦးမယ်ကွယ်၊ စားနှင့်ကြ''

မဆွေရင်ထဲတွင် မျက်ရည်များဖြင့် ပြည့်နေပြီဖြစ်သည်။ ဘုရားစင်ပေါ်တွင် ဖယောင်းတိုင်များ ပူဇော်ပြီးဆုတောင်းလိုက်သည်။ တားမရအောင် စီးကျလာသော မျက်ရည်များကို ကလေးတွေမမြင်အောင် သုတ်လိုက်ရသည်။ ထမင်းဝိုင်းကို လှည့်ကြည့်လိုက်တော့ တခဏလေးမှာ ထမင်းရော ဟင်းရော ပြောင်နေအောင် စားထားကြသည်။ သင်းတို့ကို နောက်ထပ် ဘယ်နှယ်နပ်လောက်ကျွေးနိုင်မလည်း၊ ဒီလိုဟင်းကောင်းနဲ့ အမေက နေ့တိုင်းကျွေးချင်ပါရဲ့ ကွယ်၊ စပယ်အတွက်ရလိုက်သော ကြိုတင်လစာငွေကို စဉ်းစားရင်း .. ဦးနှောက်ထဲမှာ ...တော့ ..

'ကိုထွေး ဘယ်တော့ကောင်း လာမလဲ''

''စပယ် ဘယ်တော့ပြန်လာမလဲ !'' ဟူ၍သာ။

**မေအောင်လင်း၊**



www.burmeseclassic.com

www.burmeseclassic.com




ဝတ္ထုကား အဆုံးသတ်ပေတော့မည်။ တိတ်ဆိတ်ငြိမ်သက်သောအခန်းတွင်း၌ ကျွန်မ၏ ကီးဘုတ်နှိပ်သံတို့သာ ပေါ်ထွက်လျက်ရှိ၏။ အာရုံ၌ပေါ်သမျှတို့ကို ခလုတ်နှိပ်ပုံဖော်ရင်း ထောင့်နေသောဝါကျများ၊ အဓိပ္ပါယ်လွဲမှားစေသော အသုံးအနှုန်းများ တွေ့လျှင် ဖျက်သောခလုတ်ကိုနှိပ်၍ ပိုလှပသောဝါကျများကို ရှာဖွေရင်း ဝတ္ထုထဲ နစ်မြုပ်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် "အတော်ကြီးရေ ‥ အတော်ကြီး တံခါးဖွင့်ပါဦး" ဟူသောအသံနှင့် တံခါးခေါက်သံတဒိုင်းဒိုင်းကို အဖော်ပြုကာ သားငယ်လေး ရောက်လာခဲ့ပါသည်။ "အဒေါ်ကြီး" ဟူသော အာလုပ်သံကို သဘောကျကာ သူခေါ်တတ်သလို "အတော်ကြီး" ဟု နောင်ပြောင်ခေါ်တတ်သော သားငယ်ကလေးက ကွန်ပျူတာဆော့လိုလျှင် ကျွန်မ၏ရုံးခန်းကလေးသို့ လိုက်လာလေ့ရှိပါသည်။

ထိုသို့သောခေါ်သံကလေးကို ချစ်ခင်နှစ်လိုမြဲ ကျွန်မက သူကလေးကို လွမ်းစိတ်နှင့် ချက်ခြင်းပင် တံခါးထဖွင့်ကာ ပါးနှစ်ဖက်ကို နမ်းရှုံ့ရင်း

"ကိုကိုကော"

"ကိုကိုနောက်မှာ လာလိမ့်မယ်၊ ညီလေးက ဂိမ်းဆော့မလို့"

အင်မတန်သွက်လက်ဖျတ်လတ်သော သားကလေးက ကျွန်မကိုပြန်ဖြေရင်း သူဆော့နေကျ ကွန်ပျူတာဆီသို့ သွားကာ ခလုတ်နှိပ်လိုက်ပါသည်။ သို့သော်လည်း အင်ဗာတာနှင့် ဖွိုင်းမထားလေတော့ ကွန်ပျူတာက မပွင့်။ သို့နှင့်ပင် သူက ကွန်ပျူတာများကို တစ်ဆင့်ခံသုံးသည့် အင်ဗာတာနားရောက်သွားကာ

"မေမေက ကြိုးဖြုတ်ထားတာကိုး"

ပြောလည်းပြော သူ့ကွန်ပျူတာကြိုးကို ပလပ်ပေါက်တွင်းတပ်လည်းတပ် ထိုသို့ လျှပ်စီးလက်သလို သူလုပ်လိုက်သောခဏတာလေးမှာပင် တစ်ခန်းလုံးမှောင်အတိကျသွားခဲ့လေသည်။ ဟားကနဲ သံရှည်ဆွဲအော်ညည်းလိုက်သော ကျွန်မ၏အသံက သူ၏ "မေမေ ဘာဖြစ်သွားတာလဲ" ဆိုသော အသံအောက် ပျောက်ခဲ့ရပါပြီ။

"မေမေ အမြဲတမ်းပြောတယ်၊ တစ်ခုခုကို လုပ်ချင်ရင် မေမေ့ကိုပြော ဖိုးကနဲ ဖပ်ကနဲ မလုပ်ရဘူးပြောထားတာ အခု ဘယ်လိုလုပ်မလဲ မေမေ့စာတွေ ပျက်ကုန်ပြီ"

ကျွန်မ၏နှမြောတသစိတ်တို့က ဒေါသအသွင် ကူးပြောင်းကာ ခပ်စပ်စပ်ကလေး အော်လိုက်မိပါ၏။

"မီးပျက်လို့ အင်ဗာတာနဲ့သုံးနေတာ၊ ဒါကြောင့်မလိုတဲ့ကြိုးတွေ ဖြုတ်ထားတာပေါ့၊ မေမေ မင်းကို စိတ်ဆိုးတယ် သိလား။ မင်းလာတာနဲ့ မေမေ စိတ်ညစ်ရပြီ"

ပြန်လင်းလာသော မီးအလင်းရောင်အောက်တွင် သူက ကျွန်မကို တွေတွေကြီး ရပ်ကြည့်ကာ

"မေမေဘာလို့ save မလုပ်သလဲ၊ အဲဒါညီလေးကြောင့် မဟုတ်ဘူး မေမေ့ကြောင့် မေမေပဲ မမသူဇာလွင်ကို ပြောတယ်လေ၊ စာတစ်မျက်နှာပြီးတိုင်း save လုပ်၊ အပြင်သွားမယ်ဆိုရင် save လုပ်ဆို မေမေပြောတာ ညီလေး ကြားတယ်"

"ဟုတ်တယ်လေ၊ အခုမင်း ရောက်လာတော့ အပြင်မှာ တစ်ယောက်တည်း ရပ်နေရတယ်ဆိုပြီး မေမေက ချက်ခြင်းတံခါးလာဖွင့်ပေးတာ၊ တကယ်ဆို မေမေ့ကိုမေးပြီး လုပ်ရမှာ ကြည့်စမ်း။ ကိုယ့်အပြစ်ကို မတောင်းပန်တဲ့အပြင် ဝန်မခံဘဲ သူများကို ပြန်အပြစ်တင်နေသေးတယ်၊ မကြိုက်လိုက်တာ"

"မေမေသာ save လုပ်ထားရင် ဘယ်ပျက်မှာလဲ မေမေနော် မမသူဇာလွင်ကိုတော့ ပြောတတ်တယ်၊ သူများကို ပြောတယ်ဆိုတာ သူများအတွက်ပဲ မဟုတ်ဘူး။ ကိုယ်တိုင်ပါ လိုက်နာရတယ်"

တရိပ်ရိပ်ဆူဝေလာသော နှမြောစိတ်တို့နှင့် ယူကျုံးမရဖြစ်နေသည့် ကျွန်မအတွက် သားငယ်လေးပြောလိုက်သည့် စကားတစ်ခွန်းက အသိတရားရစေပါသည်။ စကားတတ်လှသည့် ကလေးငယ်လေးကို ကြည့်ကာ ဒေါသစိတ်တို့ ဘယ်ရောက်ကုန်သည်မသိ။

ပထမတစ်မျက်နှာခန့် စာရွက်ပေါ်မှာ အကြမ်းချရေးပြီး ကွန်ပျူတာနှင့် လက်ကရိုက်လိုက် စိတ်ကူးဖြင့် စာစီလိုက်

www.burmeseclassic.com

ပြန်ဖတ်လိုက် ပြန်ဖျက်လိုက် ပြီးကာနီးဆဲဆဲဝတ္ထုလေးက ၁၄ ပွိုင့်နှင့် ၄ မျက်နှာကျော် ၅ မျက်နှာနီးပါး ရှိနေခဲ့ပြီ။ သူ့ကိုပြောရင်း ကွန်ပျူတာ ဖွင့်ပြန်ရှာတော့ မရတော့။ ကွန်ပျူတာကို သုံးရုံသာသုံးတတ်ပြီး အသေးစိတ်နားမလည်သည့်ကျွန်မအတွက် ပျက်သွားသောဖိုင်ကို ပြန်မရှာတတ်။ ထမင်းစားနားစဉ်က saveထားခဲ့သည့် စာဆယ့်ငါးကြောင်းလောက်သာ ကျန်ရစ်ခဲ့ပါ၏။ ပထမတစ်မျက်နှာပဲ အကြမ်းချရေးထားသည်ဆိုတော့လည်း အားလုံးကို မမှတ်မိနိုင်တော့။ ထိုအချိန်မှာပဲ သားကြီးရောက်လာခဲ့ကာ

"မေမေ သားရှာကြည့်မယ်" ကျွန်မက စိတ်ပျက်လက်ပျက်ထိုင်ကြည့်နေဆဲ "မရဘူး မေမေ back up ဖိုင်မှာ ဘာမှမရှိဘူး၊ မေမေ အသစ်ပဲ ပြန်ရေးလိုက်တော့ပေါ့"

တည်ငြိမ်အေးဆေးသော သားကြီးနှင့် သွက်လက်ဖျတ်လတ်လွန်းလှသည့် သားငယ် စရိုက်မတူသော သားနှစ်ယောက်ကိုကြည့်ကာ ကျွန်မအတွေးတို့က သားတို့ဆီမှာပဲ နစ်မြုပ်သွားခဲ့ပြီ။ ဗီဇစိတ်၏ ပူနွေးလှုပ်ရှားမှုသည်လည်းကောင်း၊ တည်ငြိမ်အေးဆေးမှုသည်လည်းကောင်း သားတို့၏ စရိုက်သွင်ပြင်ကို ခြားနားစေခဲ့ပါသည်။

*

မနှစ်တစ်နှစ်ဆီက ခရီးအထွက်များခဲ့ပါသည်။ မိသားစုစီးပွားရေးလုပ်ငန်းက နယ်မြို့များမှာ ရှိလေသည်ဆိုတော့ ငွေစာရင်းများ စစ်ဆေးရန်၊

> **ရင်ခွင်ထဲသွဲ့သွင်းကာ သူမျှက်ရည်များကို ကျွန်မပါးပြင်နှင့် ထိကပ်ဖြောက်သွေ့စေရင်း "မေမေက သားကလေးကို ချစ်လွန်းလို့ရှိက်တာ၊ လိမ္မာစေချင်လွန်းလို့ရှိက်တာ..မငိုနဲ့ သားကလေးငိုရင် မေမေလည်း ငိုချင်လာပြီ၊ မငိုနဲ့နော်...**

လုပ်ငန်းအခြေအနေကြည့်ရန် ခဏတိုင်း ခရီးထွက်ဖြစ်ခဲ့ပါသည်။ ထိုသို့ခရီးထွက်ရလေတိုင်း သားနှစ်ယောက်က ကျွန်မအမေနှင့် ကျန်ရစ်ခဲ့မြဲ။

"မေမေတို့ ခရီးသွားတုန်း ဖုန်းမဆက်ရဘူး။ သားတို့ဖုန်းခေါ်တုန်း မေမေတို့က အလုပ်များနေလားမသိ၊ မနှောင့်ယှက်ရဘူး" ဟူသော အဘွား၏စကား "မေမေအလုပ်လုပ်နေတာ သားသားတို့အတွက်၊ သားသားတို့စာကောင်းကောင်းသင်ဖို့၊ ကောင်းကောင်းနေရဖို့နော်၊ သားသားတို့ဘွားဘွားတို့နဲ့ နေခဲ့နော် မေမေငါးရက်ပဲကြာမှာ" ဟူသော အမေ၏စကားများဖြင့် စိတ်နှလုံးကို သိဝှက်ကျန်ရစ်ရသည့် သားကလေးတို့အဖြစ်က သနားစရာ။ ထိုသို့သောစကားတွေ၏ အဓိပ္ပါယ်က "ကစားစရာလိုချင်ရင်၊ ကျောင်းကောင်းကောင်းတက်ချင်ရင်၊ ကောင်းကောင်းစားချင်ရင်၊ ကောင်းကောင်းနေချင်ရင် ... ဒီလိုနေရမယ်" ဆိုသော ခြိမ်းခြောက်အကျပ်ကိုင်မှုတစ်မျိုးသာပင်။ သားတို့ကို ခြိမ်းခြောက်အနိုင်ယူမိနေပါလားဆိုသော ညှိုးချုံးစိတ်တို့နှင့် သွားရသော ခရီးလမ်းက စိတ်တွင်း ကြမ်းရှနေခဲ့ပါသည်။ သို့သော်လည်း အလုပ်လုပ်မှရမည်ဆိုသော တာဝန်စိတ်၏လွှမ်းဆွဲမှုနှင့် ခရီးတို့ရှည် သွားဖြစ်ခဲ့သည်ပင်။

ပြီးခဲ့သည့်မိုးတွင်းက ကျွန်မတို့တောင်ကြီးကို ခရီးထွက် ဖြစ်ခဲ့ပါသည်။ အသွားအပြန်ငါးရက်ဟု အစီအစဉ်ဆွဲထားသော်လည်း လွိုင်ကော်ရှိလုပ်ငန်းက အရေးပေါ်သည်ဆိုတော့ မူလအစီအစဉ်ကို ရက်တိုးကာ လွိုင်ကော်သို့ ခရီးဆက်ဖြစ်ခဲ့သည်။ လွိုင်ကော်ရောက်၍ လုပ်ငန်းကိစ္စများ တိုင်ပင်ချိန်၊ လုပ်ငန်းတိုးတက်မှုကြည့်ရှုချိန်သည် မူလအစီအစဉ်အရ ရန်ကုန်ရောက်ရမည့်ရက် ဖြစ်နေခဲ့ပါသည်။

သားတို့ကို သတိရစိတ်နှင့် တွေးစဉ်မှာပင် ဖုန်းမြည်သံထွက်ပေါ်လာခဲ့ပါသည်။ သားငယ်ကလေးက မျှော်လင့်တက်ကြွသော လေသံကလေးနှင့် "မေမေ ခု ဘယ်ရောက်နေပြီလဲ၊ ဘယ်နှစ်နာရီ အိမ်ရောက်မှာလဲ" ဟူသောအသံနှင့် တစ်ပြိုင်နက်ပင် "မေမေ့ကို အဲလိုမမေးရဘူးလို့ ဘွားဘွားပြောထားတယ်လေ" ဆိုသော ဟန့်တားသံကို အဝေးတစ်နေရာမှ ပါးပါးလျလျ ကြားနေခဲ့ရပါသည်။ သားကလေး၏ မျှော်လင့်ချက်ကို ချိုးဖျက်ကာ ပြောရမည့်အရေး နှုတ်ဆွံ့နေသော်လည်း မပြောမဖြစ်မည့်တူတူ ...

"မေမေ မပြန်ဖြစ်သေးဘူး သားရယ်၊ အခုလွိုင်ကော်မှာ"

ကျွန်မစကားသံ မဆုံးလိုက်ပါ။ အော်ဟစ်ငိုယိုလိုက်သံနှင့်အတူ "မေမေ ညာတယ်၊ မေမေညာတယ်" အသံများ၊ "ဘွားဘွား ပြောထားတယ်လေ" အသံများ၊ "သားတို့အတွက် လုပ်နေတာမလား" ဆိုသော ဖြေသိမ့်သံများ ဖုန်းလိုင်းတစ်လျှောက် စီးဆင်းလာခဲ့ပါသည်။

မသိတတ်သေးသော အရွယ်လေးများကို အတင်းသိတတ်လာအောင် ခြိမ်းခြောက်အနိုင်ယူမိလေတော့ သားကလေးတို့က လိုက်ချင်သည်

www.burmeseclassic.com

ဟုပင် မပူဆာတတ်တော့။ အေးအေးသက်သာ လက်ပြနှုတ်ဆက်သော်လည်း ပြန်ချိန်ကိုတော့ဖြင့် မျှော်နေခဲ့ပါသည်။ ကြိုးစားဖြေသိမ့်ချော့မော့နေခဲ့သော ကျွန်မ၏စကားများအဆုံးတွင် သားငယ်ကလေးက

"မေမေနားထောင်နော် ညီလေးတို့ သီချင်းဆိုပြမယ်၊ ကိုကိုက recorder မှုတ်လိမ့်မယ်" ထို့နောက်တွင်မတော့မယုံကြည်နိုင်လောက်အောင်ပင် သီချင်းသံနှင့် တီးလုံးသံတချို့ ဖုန်းဆီမှ ထွက်ကျလာခဲ့ပါတော့သည်။

.... Mother how are you today ......

အလုပ်သဘောအရ ခရီးအမြဲထွက်ရသော်လည်း အစဉ်အမြဲကားမူးကာ ရောက်သည့်အရပ် ထိုးလှဲအိပ်တတ်သည့် ကျွန်မကို သူမေးလေ့ရှိသည့် "မေမေ နေကောင်းလား" ဆိုသည်ကို သီချင်းဖြင့် ဆိုပြနေခဲ့ပြီ။

....Mother how are you today

Here is a note from your daughter

With me everything is ok

Mother, how are you today?

Mother, don't worry, I'm fine ......

တစ်ပိုဒ်လုံးဆိုပြနေခဲ့သော်လည်း ကျွန်မရင်ကို အထိဆိုက်ဆုံးစေသားသည် Mother how are you today ဆိုသော စာသားလေးတစ်ကြောင်းသာ ဖြစ်ခဲ့ပါသည်။

ဖုန်းမှ ထွက်ပေါ်လာသော တေးသံနှင့် ဂီတကို နားခံရင်း လွမ်းဆွတ်သတိရစိတ်တို့က ကျွန်မနှလုံးကို နင်းခြေသိမ်းပိုက်ခဲ့ပြီတည်း။ တလိမ့်လိမ့် စီးကျလာသော မျက်ရည်တို့ကို ကျွန်မ မသုတ်လို ဟန်မဆောင်လိုတော့။ တာဝန်ခံများပြောသော ငွေစာရင်းများ၊ အသေးသုံး စာရင်းများကို လက်တော့ပ်နှင့်လိုက်မှတ်နေခဲ့သော ကျွန်မ၏ဘေး သူ့အဖေနှင့်အတူ အလုပ်သမား လေးငါးယောက်ရှိနေခဲ့ပါသည်။ စာရင်းတွက်ရင်း၊ ရယ်ရင်း၊ ပြောရင်း ဖုန်းသံ တစ်ချက်နှင့် ပြောင်းလဲသွားသော ကျွန်မ၏ဖြစ်အင်ကို အားနာကြသည်ထင့်။ ဆေးလိပ်သောက်မလို၊ ရေသောက်မလိုနှင့် အသီးသီးနေရာမှ ထသွားကြပါသည်။

ဆို့နင့်ကြေကွဲစိတ်တို့က လည်ချောင်းတစ်လျှောက် စို့ဆန်နှောက်ကာ စကားဆက်မပြောနိုင်လောက်အောင် ပူလောင်ခြောက်သွေ့နေခဲ့သည်။ တယ်လီဖုန်းကို သူ့အဖေဆီ ထိုးပေးရင်း ကျွန်မစိတ်တို့က ရန်ကုန်သို့ စုန်ဆင်းသွားခဲ့လေပြီ။

ထိုစဉ်က သူ့အသက် ၇ နှစ်။ သူတို့ကျောင်းမှ recorder မှုတ်နည်းသင်ပေးရာ ညီအစ်ကိုနှစ်ယောက်အိမ်မှာ အပြိုင်ကျင့်ကြရင်း ကြွားချင်ဖောနှင့် သူတို့အမေဆီ ဖုန်းခေါ်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ထိုအဖြစ်ကို သူမေ့သွားပြီလား သိချင်လှပါသည်။

**သားကလေးသည် ကျွန်မရည်မှန်းထားသည့် ဝန်းတိုင်ဆီသို့ တည့်မတ်စွာသွားမည်လား၊ ဖြေချော်လက်ချော် လွဲချော်သွားမည်လား။ ဝနှစ်ကိုလေ ကျော်လာခဲ့ပြီးသော သားကလေး၏ငယ်ဘဝ ဖြစ်စဉ်ဖြစ်ရပ်များကို တစိမ့်စိမ့်တူးဖော်ဆန်းစစ်ဝိုင်နေသည့် ကျွန်မအား**

*

ကျွန်မနှင့် ရင်းနှီးနီးစပ်သူတို့က ကျွန်မကို "ပန်းပုထုတော်လှချည့်" ဟု ရယ်မောကြပါသည်။ ထိုသို့အပြောခံရအောင်ပင် သားကြီးက သူ့အဖေနှင့် ရုပ်ရည်စိတ်ဓါတ်တစ်ထပ်တည်းကျကာ သားငယ်လေးက ကျွန်မနှင့် တူခဲ့ပါသည်။ အေးဆေးတည်ငြိမ်၍ မျိုသိပ်တတ်ခြင်းကို အမွေရသည့် သားကြီးက ကလေးတို့သဘာဝ အဆော့သန်လှသော်လည်း အေးငြိမ်းသည်က သူ၏ မွေးရာပါစရိုက်ပင်။

တစ်ခါတုန်းက သူတို့ညီအစ်ကို ဆော့ကစားသည့်နေရာနှင့် မလှမ်းမကမ်းတွင် ကျွန်မက ခလုတ်တိုက်ကာ အော်မိသည်ထင်ပါသည်။ သားကြီးက "မေမေ" ဟု အသံပြုရင်း ကစားရာမှ မျက်လုံးလှန်မော့ကြည့်ကာ ဟန်မပျက်သော ကျွန်မကိုမြင်လျှင် တပ်ဆင်လက်စအရုပ်ကို ဆက်တပ်နေခဲ့သော်လည်း သားငယ်ကလေးက ပူနွေးလှိုက်လှဲသော လေသံနှင့် "မေမေ မေမေ ဘာဖြစ်သွားလဲ၊ ဘာဖြစ်သွားလဲ" ဟု ပြေးလာခဲ့ပါသည်။ ဘာမှမဖြစ်သည်ကိုမြင်ကာမှ ပါးကို ဘယ်ပြန်ညာပြန်နမ်းကာ "သမီးလေးကို ဖေဖေကြီးက စိုးရိမ်လိုက်ရတာ" ဟု ကျွန်မ သူ့ကိုပြောသည့်လေသံ၊ လေယူလေသိမ်းအတိုင်း ပြောင်စပ်စပ်မျက်နှာပေးနှင့်ပြောလျှင် သားအမိနှစ်ယောက် တဟားဟားသဘောတကျရယ်မိကြသည်။ ထွေးဖက်လုံးထွေးမိကြသည်။ အပြန်အလှန်နမ်းရှုံ့ရင်း နပန်းလုံးကြသည်။ ခေါင်းအုံးနှင့်ပစ်ပေါက်ကြသည်။ ကျွန်မက သွေးအေးနေလျှင် "မေမေလာ နပန်းလုံးကြမယ်၊ သတ္တိရှိရင် လာလေ" ဟုစိန်ခေါ်ရင်း သူတတ်သလောက် အာရုံကလေးနှင့် ကျွန်မကို နှိုးဆွတတ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

မျက်လုံးလှန်ကြည့်ရင်း ကျေနပ်တတ်သူသားကြီးကို ကျွန်မက တကူးတက ဆွဲခေါ်သိမ်းသွင်းရသော်လည်း သူကလေးကဖြင့် အထွေအထူးအား ထည့်စရာမလို။ သူတစ်ကိုယ်လုံး ချစ်ခင်လှိုက်လှဲနွေးထွေးသည့် မေတ္တာအကြည်ဓာတ်များဖြင့် ထုံမွှမ်းနေခဲ့သည်ပင်။

*

သူကား ငယ်ပင်ငယ်သော်လည်း တစ်ခါတရံမှာတော့ ဦးဆောင်သူဖြစ်နေတတ်ခဲ့ပြန်ပါသည်။ မြေးအဘွား၊ မိသားစု ဝိုင်းထိုင်စားကြသည့် ထမင်းပွဲတွင် အဘွား၊ အဖေနှင့်အမေကို မမေ့မလျော့ဦးချပြီးမှ စားတတ်သူ သားကြီးကို

"အလကားပြောတာ ကိုကို သူတို့အရင်စားချင်လို့ လျှောက်ပြောနေတာ ဘာမှမဖြစ်ဘူး။ ဘာဆံပင်မှ မဖြူဘူး ညီလေးကတော့ ကိုယ့်ဘာသာ အရင်ထည့်စားမှာပဲ" ဟု မြှောက်ပင့်သွေးထိုးတတ်ပြန်ပါသည်။ ၇၇ နှစ်ပြည့်ပြီးသော ရှေးရိုးစွဲ အဘွား၏ ဆုံးမစကားများကို ၇ နှစ်သားကလေးက အာခံတော်လှန်ချင်ခဲ့သေးသည်။ သူ ဘယ်လိုများ တွေးမိသလဲ။ ကျွန်မကတော့ အံ့သြစိတ်နှင့်ပင် ပင့်သက်မရှုဖြစ်ခဲ့။

တစ်ခါတစ်ခါတော့လည်း ကွဲပြားခြားနားလွန်းသော သူတို့စရိုက်များကို အံ့အားသင့်မိကာ ဘယ်အရာကများ သူတို့ကို ကွဲပြားစေပါလိမ့်ဟု ဦးနှောက်ပူမတတ် စဉ်းစားမိရပါသည်။ သူကား စရိုက်ထူးလှသူကလေးပင်တည်း။ စိတ်ကူးအတွေးဆန်းများကို ဖန်တီးတတ်သူတည်း။ အတူအိပ်လျှင် ပုံပြောပြီး ချော့သိပ်တတ်သည့် ကျွန်မအား ခရီးထွက်သည့်အခါတိုင်း တယ်လီဖုန်းထဲမှ ပုံပြောပြဖို့ မမေ့မလျော့တောင်းဆိုတတ်သူသာတည်း။ ချွဲနွဲ့သောအပြုအမူတို့ကို ညီလေးကလေ ညီလေးကလေ အစချီလျက် ပြောမတတ် ဖြစ်ခဲ့ရပါပြီ။

အကြီးပေါ်၌ ပုံအပ်ပြီးဖြစ်သော ချစ်ခြင်းမေတ္တာကို သူ့အတွက် ဝေစုတစ်စုရနိုင်စေရန် သဘာဝအလျောက် သိတတ်စိတ်များ၏ကြိုးပမ်းမှုပေလော။ အကြီးကား အရိပ်မရှိ တစ်ဖြောင့်တည်းတက်ရသည့် သစ်ပင်နှယ် အေးအေးလူလူ ရှိမှ မရတော့သည့်အဆုံး ခါးပတ်ယူ၍ ခပ်စပ်စပ်ကလေး ရိုက်ထည့်လိုက်သောအခါ အံ့သြတကြီးမော့ကြည့်ရင်း ငြိမ်သက်သွားရာမှ ဖြုန်းကနဲငိုချလိုက်သည်က သည်းမည်းတကြီး။ သူ၏ငိုခန်းကား ပြောင်မြောက်ထူးခြားလွန်းခဲ့ပါသည်။ လှိုက်လှိုက်လှဲ့လှဲ့ကြီးငိုချလိုက်တတ်ခဲ့သူ။ သူ၏လှုပ်ရှားတက်ကြွမှုများအား ရှိသွားသည်မရှိ၊ တစ်ချပြီးတစ်ချ အသစ်အဆန်း ပေါ်ထွက်လာမြဲ။ ထိုသို့သော အပြုအမူအထူးအဆန်းများက မိခင်ဖြစ်သည့် ကျွန်မအတွက် ချစ်ခင်နှစ်လိုဖွယ်ဖြစ်မြဲဖြစ်နေသည့်တိုင် အခြားသူစိမ်းတို့ရင်မှာဖြင့် ကြက်ခြေခတ် တံဆိပ် ခပ်နှိပ်ချင်ပေလိမ့်မည်။ ထိုသို့ တွေးမိပြန်လျှင် မိခင်ကျွန်မ အသည်းနှလုံး ဆတ်ဆတ်ခါမြဲ။ လူတကာ၏ငြိုငြင်ပြစ်တင်မှုကို သူကလေးခံရပေတော့မည်ဟု တွေးမိလျှင်ပင် အသက်ရှုရပ်လွန်းပါ၏။ သူကလေးကဖြင့် အရိပ်ရှိရင်း အညွန့်ထောင်ခေါင်းမော့ရသည့် နွယ်ပင်ကလေးနှယ် ပူးကပ်လိမ်ယှက်လျက် တွယ်ဝင့်ရစ်နှောင်တတ်လွန်းပါ၏။

သူ ၆ နှစ်သားခန့်က အဖြစ်ကို သတိရမိပြန်သည်။ ထိုနေ့က ဘယ်လိုမှ ချော့မော့ဆူပူကြိမ်းမောင်း၍ မရနိုင်အောင် သူဆိုးသွမ်းနေခဲ့သည်။ အကြောင်းအရာကို မမှတ်မိတော့သော်လည်း ဖြစ်စဉ်က ရုပ်ရှင်ပြကွင်းတစ်ခုနှယ် အစီအရီအစဉ်တကျ ပေါ်လာခဲ့ပါသည်။ သူ့ကို ဘယ်လိုပြောလို့ပုံက ကျွန်မအသည်းနှလုံးကို ဆုပ်ကိုင်ခြေမွလိုက်သယောင် ငိုရင်းကြည့်သော သူ့မျက်လုံးများက ကျွန်မကို နောင်တအခါခါရအောင် ပြုမူလေတော့သည်။ ထိုသို့အော်ဟစ်ငိုယိုရင်း "မေမေ့ကို ရဲနဲ့တိုင်ပြောမယ်၊ ရဲနဲ့တိုင်ပြောမယ်" ဟု အဆက်မပြတ် အော်နေတော့သည်။

ဘယ်လိုမှမခံစားနိုင်တော့သည့်အဆုံး သူ့ကိုယ်လုံးသေးသေးလေးကို ရင်ခွင်ထဲဆွဲသွင်းကာ သူ့မျက်ရည်များကို ကျွန်မပါးပြင်နှင့်ထိကပ်ခြောက်သွေ့စေရင်း "မေမေက သားကလေး





www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်လှစ်ကြိုက်တာ၊ လိမ္မာယဉ်ကျေးလှန်ကြိုက်တာ . . ကိုရွှေ သားကလေးဆိုင်း မေမေလည်း ငိုချင်လာပြီ မင်္ဂလာ" ကျွန်မ၏လေးနက်လိုက်လှသော လေသံကို သူကလေးနားလည်ခဲ့ပါသည်။ သားအမိနှစ်ယောက် အပြန်အလှန်ထွေးပွေ့ကြရင်း အပြန်အလှန်နမ်းရှုံ့ကြရင်း နောင်ကို သည်လိုမလုပ်တော့ဟု ခိုင်တဲ့ပြောကြရင်း ငြိမ်းချမ်းမှုတည်ငြိမ်သောက်နေခဲ့ ရေးရှိခဲ့သူအသွားကာ . . .

"ဟင်း အဲလိုရိုက်ပြီး ဆဲလို ပြန်ချော့ ကလေးက ဘယ်တော့မှကြောက်မှာ မဟုတ်ဘူး" ဟူသည့်မှတ်ချက်ကို သူကလေးက ချက်ခြင်းပင် "သူများသားအမိ ချစ်နေတာကို ဘာသွားကာ မနာလိုဖြစ်နေတာ" ဟုပြောရင်း တစ်ဆက်တည်း ကျွန်မဘက် ပြန်ကာခဲ လှည့်ကြည့်ကာ "မေမေက ညီလေးကို ရိုက်တော့ ညီလေးက စိတ်ဆိုးတာပေါ့၊ စိတ်ဆိုးလို့ပြောတာနော်၊ မေမေကို ရန်ဖက်တိုက်ကြလား" ပြောခဲ့သော မျက်လုံးကြီးများကို မှတ်မိတ် မှတ်ထက်လုပ်တာ၊ အလေးအနက် ကတိပေးမြဲပြန်တော့ ကျွန်မမှာ ငိုအားထက်ရယ်အား သန်ရလေပြီ။

ကျွန်မက သူတို့ကို လူကြီး အရာထားပြောဆိုလျှင် ခေါင်းကလေးတစ်ဆတ်ဆတ်ညိတ်ကာ အလေးအနက်မှတ်ယူတတ်ပါ၏။ သူများလည်းသည်များကို ပြန်လည်မေးရင်း သူပြောချင်သလို ကျွန်မက ပြန်မပြောလျှင် သူလိုချင်သည့်အဖြေ မရောက်မချင်း လှည့်ပတ်ကျေခိုက်ကာ ညှတ်များတာတ်ပြန်ပါသည်။ "ယမ္ဘာကျွမ်းသင်ခန်းစာ" အောက်မှ ဆိုထုံးများကို ရင်ထဲစွဲ အသေမှတ်ကာ မမေ့တော်မှုသွား မကြောက်မရွံ့ပြောခဲ့သူကလေးကို တစ်ခါတလေ လက်မြှောက်ရပါ၏။

တစ်ရက်သော် ကျွန်မတို့ သားအမိ ဈေးသောက်ဆိုင်ကြီး တစ်ခုသို့ သွားကြပါသည်။ ညနေခင်း လူကျွန်ခြင်ဖြစ်လေတော့ အမျိုးသားကြီး ၄ ဦးထိုင်နေသော စားပွဲနှင့် တစ်ဆက်တည်း စားပွဲမှာ နေရာရပါသည်။ မှာထားသည်တို့ရောက်လာ၍ စားခါနီး ထိုအမျိုးသားကြီးများထံမှ ကျယ်လောင်အောင်မြင်လှစွာသော လေချဉ်တက်သံကြီး ထွက်ပေါ်လာရာ ကျွန်မရင်ထဲ ထိတ်ကနဲ ဖြစ်သွားပါတော့သည်။ ထင်သည့်အတိုင်းပင် ခွန်းကို သောင့်ကာဖြိုရကာ

"သူများ စားကာနီး သောက်ကာနီး ဘာလို့ဒီလို လုပ်ရတာတုန်း၊ တော်ပြီ ရွံတယ်၊ မစားတော့ဘူး"

ရုတ်တရက် ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်ကျသွားကာ ကျွန်မလည်း ရင်ခုန်ကြံ့ဖြစ်လာခဲ့ပါပြီ။ သူကလေးကတော့ဖြင့် မျက်မှောင်အတွန့်ချိုး နှုတ်ခမ်းစူလျက် ဟိုဘက်ဝိုင်းကို အခဲမကြေ ကြည့်နေခဲ့သည်။ နောက်တော့ လူကြီးရှက်တော့ရယ် ဆိုသောစကားပုံလိုပင် ဟိုဘက်ဝိုင်းဆီမှ ရယ်မောသံနှင့် အတူ

"ဟာ ဒီကောင် မလွယ်ပါလားကွ၊ အေးပါကွာ နောက်မလုပ်တော့ပါဘူး" ထူပူနေသဲ ကျွန်မက သူတို့တွေကြားထဲ တစ်ခုံတစ်ရာဝင်ပြောလိုက်ရမိ ဝင်းစားရင်း အသာပဲငြိမ်နေလိုက်ပါတော့သည်။ ကျွန်မ၏ အာရှာစိတ်နှင့်ပြောသော တစ်ခုံတစ်ရာကို သားကလေး အမိပ္ပါယ်အကောက်လွဲမှာစိုးသည်က အဓိကပင်။ သူက လေးက "မေမေပဲပြောထားတာလေ" ဟု ပြန်ပြောပေလိမ့်မည်။ လူရေးလူမှုနားမလည်သေးသည့်ကလေးလေး၏ အမှတ်မြဲသောစိတ်ကို မရှုပ်ထွေးစေလို။ အချိန်နှင့်နေရာကို ဆုံးဖြတ် ချင့်ချိန်နိုင်စွမ်းရှိသည့်အရွယ်ရောက်အောင် ကျွန်မစိတ်ရှည် သည်းခံရပေလိမ့်မည်။ ထိုညက မှန်တိုင်းလည်း မပြောရာဘူးဆိုသောဩဝါဒကို ဇာကနာ၏မှန်ကန်ရင်ကွဲတတ်တယ်ဆိုသည့်ဟာသလေးနောကာ သူကလေးတို့နားလည်အောင် တီထွင်ထားသည့် လုပ်ဇာတ်ပုံပြင် တစ်ခုနှင့် ညအိပ်ရာဝင်ဖြစ်ခဲ့ပါသည်။

*

ယခုလည်း ဝတ္ထုတစ်ပုဒ်ဆုံးရှုံးပျောက်ကွယ်၍ ဖြစ်လာရသည့်နှမြောတသစိတ်သည် သားကလေးပြန်ပြောလိုက်သော စကားတစ်ခွန်းအောက်မှာ ပျောက်ရသွားခဲ့ပြီး ဖြစ်ပါ၏။ သူကလေး၏စုပ်ယူနိုင်စွမ်းနှင့် ချက်ကျလက်ကျ အချိန်ကိုက် ပြန်လည်ဖြန့်ဝေနိုင်စွမ်းကိုဖြင့် ဦးညွှတ်ရလေပြီ။

"သူများကို ပြောတယ်ဆိုတာ သူများအတွက်ပဲ မဟုတ်ဘူး။ ကိုယ်တိုင်ပါ လိုက်နာရတယ်" သူ့မှတ်ဉာဏ်အတွင်း သိမ်းဆည်းသိုမှီးမိလေသမျှ မထောက်မညှာ၊ မကြောက်မဝံ့ပြောတတ်လေသော သားကလေးသည် ကျွန်မရည်မှန်းထားသည့် ပန်းတိုင်ဆီသို့ တည့်မတ်စွာသွားမည်လား၊ ခြေချော်လက်ချော် လွဲချော်သွားမည်လား။ ၈ နှစ်ကို ဖြလကျော်လာခဲ့ပြီးသော သားကလေး၏ယေ်ဘာဝဖြစ်စဉ်ဖြစ်ရပ်များကို တစိမ့်စိမ့်တူးဖော်ဆန်းစစ်မိနေသည့် ကျွန်မအား သားကလေးသည် လင်းလက်တောက်ပသော အနာဂတ် မီးရှူးတိုင်ကို ကိုင်ဆောင်လျက် ပြုံးပြုံးကြီးစိုက်ကြည့်လျက် ရှိချေ၏။

ထို့အတူပင် ကျွန်မတို့ ဝန်းကျင်တွင် သားကလေးကဲ့သို့သော ကလေးသူငယ်များစွာ ရှိနေခဲ့ပါသည်။ အထူးသဖြင့် မိတ်ဆွေတော်တော်များများ၏ နှုတ်ဖျားမှ "ခုခေတ်ကလေးတွေ တတ်ကိုတတ်တယ်၊ တို့ခေတ်နဲ့တခြားစီပဲ" ဟု ဖွင့်ဟဝန်ခံသံကို ကလေးအမေကျွန်မ မကြာခဏ ကြားဖူးခဲ့ချေပြီ။

သို့ဆိုလျှင် သားတို့ကဲ့သို့သောကလေးငယ်များ၏ စိတ်ရောကိုယ်ပါ တိုးတက်ဖွံ့ဖြိုးခွင့်သည် မည်သူ့ထံ၌ တည်ပါသနည်း။ အရွယ်အလျောက် ဖွံ့ဖြိုးခွင့်၊ တီထွင်ဖန်တီးခွင့်၊ ကိုယ့်ကြိုမှာ ကိုယ်စီရင်ခွင့်အစ ရှိသော လွတ်လပ်သည့်အမူအကျင့်တို့ကို ပေးအပ်မည့် ပတ်ဝန်းကျင်ကောင်းသည် သားတို့အနာဂတ်အား လက်ကမ်းကြိုပါစေသတည်းဟူသော တိတ်တခိုးဆုတောင်းဖြင့် ကျွန်မ ရင်သည် တုန်ယင်လှုပ်ရှားလျက် ရှိနေပါတော့သည်။

**အမြဲရောင် (ရွှေ)**

■

www.burmeseclassic.com

**စုံနှံ့သာချစ်သူများ (ဂ) ဆိုသော ဂဏန်းလေး၏နောက်မှာမေ့မရတဲ့အတိတ်ပုံရိပ်များစွာကို သတိတရနဲ့အမှတ်တရဖြစ်စေရန် (ဂ) လပိုင်းအတွက် နိုင်ငံရေးပါတီဝင်များ၏ကံကြမ္မာကို ကြိုတင်သိရှိနိုင်စေရန် တစ်လစာတားရော့ဟောစာတမ်းများကို နေခြည် (တားရော့) မှ ဖော်ပြပေးလိုက်ပါတယ်။**

**NLD ပါတီဝင်အမျိုးသားများအတွက်**

8 လတွင် ကံ 70 % ကောင်းနေပါမည်။ အလုပ်(စီးပွားရေး) တွေအားလုံး ပုံမှန်လေးရှိနေပါမည်။ ငွေကြေးကိစ္စ တိုင်းတပါးနှင့် ချိတ်ဆက်ဆက်နွယ်၍ လုပ်ကိုင်ရသောလုပ်ငန်းများ 8 လပိုင်းတွင် အောင်မြင်အဆင်ပြေမည်။ ပါတီဝင်အချင်းချင်း သဘောထားမှုတစ္စာ အေးအေးချမ်းချမ်းရှိနေပါမည်။ အချစ်ရေးတွင် အထီး ကျန်အဖော်မဲ့ကာ လွမ်းနေရတတ်ပါသည်။ ဦးခေါင်းနှင့်ပတ်သက်သောရောဂါ၊ ခွဲစိတ်ခံရသော ရောဂါများဖြစ်နိုင်သည် သတိပြုပါ။ ကံကောင်းစေရန် အတွက် လိမ္မော်ရည်အအေးတစ်ခွက် ဒါနပြုပါ။ ၇ ရက်သားသမီးများအား မေတ္တာပို့ပါ။

**NLD ပါတီဝင်အမျိုးသမီးများအတွက်**

8 လတွင် ကံ 50 % ရှိ၍ ကံအားနည်းနေမည်။ အလုပ်နှင့်ပတ်သက်ပြီး ထူးခြားသောအခွင့်အလမ်းကောင်းများ ရရှိနိုင်ပါသည်။ ခရီးဝေးသွားရခြင်း၊ စုပေါင်းစပ်ပေါင်းလုပ်ငန်းများအကျိုးထူးခံစားခွင့်ရရှိမည်။ ပါတီဝင်အချင်းချင်း မနာလိုသူ၊ တိုက်ခိုက် နှောင့်ယှက်သူ၊ စိတ်မာယာများသောသူများ များလွန်းနေသောကြောင့် NLD ပါတီဝင်များသည် ပေါက်ကွဲတော့မည့်မီးတောင်ကြီးနှင့် တူနေသည်မို့ အထူးသတိပြုသင့်သည့် လတစ်လပင်ဖြစ်သည်။ အချစ်ရေးတွင် ယနေ့နေသာသည်ပေါ့။ ဦးခေါင်းပိုင်းနှင့်ပတ်သက်သော ရောဂါ၊ ခြေထိခိုက်အနာတရ ဖြစ်ခြင်းများ ဖြစ်နိုင်ပါသည်။ ကံကောင်းစေရန်အတွက် ထောင်ကျနေသော သူများအား အကျီနှင့်ဖိနပ် လှူဒါန်းပေးသင့်ပါသည်။ ၇ ရက်သားသမီးများအား မေတ္တာပို့ပါ။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် အမျိုးသားများအတွက်**

8 လတွင် ကံ 50 % ရှိနေ၍ ကံအားနည်းနေမည်။ စု ပေါင်းဖက်စပ်လုပ်ငန်းများ၊ ငွေကြေးပြဿနာများ ဖြေရှင်း အောင်မြင်မည်။ ပါတီအတွင်း အချင်းချင်းသစ္စာမဲ့သူများ၊ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး လုပ်တတ်သောလူများကြောင့် ပြဿနာလေးမှ ပြဿနာကြီးကြီး လျှပ်တစ်ပြက်ကျရောက်နိုင်ပါသည်။ အချစ်ရေး တွင် အမြင်မတူချစ်သူကြောင့် စိတ်ညစ်ရမည်။ ဗိုက်နှင့်ပတ်သက်သော ရောဂါဖြစ်နိုင်ပါသည်။ ကံကောင်းစေရန် အတွက် ထီးဖြူ (သို့) ထီးလှူဒါန်းပေးပါ၊ ငှက် (သို့)



www.burmeseclassic.com

www.burmeseclassic.com

ဒါးလွှတ်ပေးပါ။

**[illegible] ပါဝါဝင်အမျိုးသမီးများ အတွက်**

8 လတွင် ကံ 60 % ရှိနေ၍ သင့်ပါသည်။ စီးပွား ရေးအလုပ်အကိုင်များ OK နေပါမည်။ အလုပ်နေရာ၊ ဌာန အပြောင်းအရွှေ့များလည်း ရှိနိုင်ပါသည်။ စိတ်ပူရန်မလိုပါ။ လုပ်ငန်းကြီးလုပ်ကိုင်သူများ မေတ္တာဘာဝနာပွားများပြီးမှသာ စာချုပ်စာတမ်းများအား လက်မှတ်ရေးထိုးသင့်ပါသည်။ အလိုက် သိတဲ့ချစ်သူကြောင့် ပျော်ရွှင်ရပါမည်။ ခြေထိခိုက် အနာတရဖြစ်ခြင်း၊ နှလုံးအားနည်းခြင်းရောဂါ ဖြစ်နိုင်ပါ သည်။ ကံကောင်းစေရန်အတွက် ဖိနပ်တစ်ရံလှူဒါန်းပေးပါ။

**[illegible] ပါဝါဝင်အမျိုးသားများအတွက်**

ကံ 50 % ရှိနေ၍ ကံအားနည်းနေမည်။ အလုပ်ထဲတွင် အထက်လူကြီး အထင်လွဲခြင်း၊ လက်အောက်ငယ်သား တိုက်ခိုက် နှောင့်ယှက်ခြင်းများ ရှိနိုင်ပါသည်။ အဝေးမှ မိတ်ဆွေများ၏ ငွေကြေးအကူအညီများလည်း ရရှိနိုင်ပါ သည်။ အချစ်ရေးတွင် မိမိမျှော်လင့်သလို အခြေအနေမျိုးမို့ ပျော်ရွှင်ရပါမည်။

ကျန်းမာရေး – ဦးခေါင်းပိုင်းနှင့်ပတ်သက်သော ရောဂါများဖြစ်နိုင်ပါသည်။

ကံကောင်းစေရန် – မိခင် (သို့) အမျိုးသမီးအား နံနက်စာဖြင့် ဒါနပြုပါ။

**[illegible] ပါဝါဝင်အမျိုးသမီးများအတွက်**

ကံ 80 % ရှိနေ၍ ကံကောင်းနေပါမည်။ အလုပ်ထဲတွင် မိမိပြောစကားဆိုစကား ပေါက်ရောက်အောင်မြင်မည်။ မည်သို့ပင် အတိုက်အခိုက်များရှိနေစေကာမူ ဩဇာ သာသည့် မိမိအတွက်သရဖူဆောင်းမည့်လဖြစ်ပါသည်။

အချစ်ရေးတွင် အနိုင်ယူချင်သော ဒေါသစိတ်ကြောင့် ရန်ဖြစ်ရမည်။

ကျန်းမာရေး – ခေါင်းကိုက်ခြင်း၊ နှလုံးအားနည်း ခြင်းရောဂါဖြစ်နိုင်ပါသည်။

ကံကောင်းစေရန် – ချစ်သောသူတစ်ဦးအား cof- fee တစ်ခွက် ဒါနပြုပါ။

**ပါဝါဝင်[illegible] အမျိုးသားများအတွက်**

ကံ 90 % ကောင်းနေပါမည်။ ကံကောင်းတဲ့လမို့ အလုပ် တွေအားလုံး OK နေမည့်လပင် ဖြစ်ပါသည်။ မိတ်ဆွေသစ် များနှင့်ချိတ်ဆက်ကာ ဆေးလုပ်ငန်း၊ အရည်နှင့်ပတ်သက်သော လုပ်ငန်းများတို့၌ အောင်မြင်နိုင်ပါ သည်။ ဒေါသဖြစ်နေသောနေ့မျိုးတွင် ငွေပေးငွေယူများ မပြုလုပ်သင့်ပါ။ အချစ်ရေးတွင် ကြားလူကြောင့် စိတ် ညစ်ရမည်။

ကျန်းမာရေး – ဝမ်းဗိုက်နှင့်ပတ်သက်သောရောဂါ ဖြစ်နိုင်ပါ သည်။

ကံကောင်းစေရန် – ခြေအိတ်တစ်စုံ လှူပေးပါ။

**ပါဝါဝင်[illegible] အမျိုးသမီးများအတွက်**

ကံ 80 % ကောင်းနေပါမည်။ အလုပ်အကိုင်အခွင့် အလမ်းများ ပိုမိုတိုးတက်ကောင်းမွန်နေပါမည်။ မိမိကြံစည် ထားသော လုပ်ငန်းများ ဝင်ငွေအဆင့်၊ လုပ်ငန်းအဆင့်များ အောင်မြင်မှုရရှိနေပါမည်။ အချစ်ရေးတွင် ချစ်သူ၏အထင် လွဲခြင်း ခံရတတ်သည်။

ကျန်းမာရေး – ခေါင်းကိုက်ခြင်း၊ ဗိုက်အောင့်ခြင်း ရောဂါ ဖြစ်နိုင်ပါသည်။

ကံကောင်းစေရန် – ဆေး လှူပေးပါ။


နေခြည် (တားရော)
Ph:73224933
250294568



www.burmeseclassic.com

www.burmeseclassic.com

ဘာသာပြန်



# နော်ဝေဘုရင်မင်းမြတ်


◆သစ်စိုး

**The King of Norwajy**
**By AMOS OZ**

ကျွန်တော်တို့ ဂုပေါင်းလေယ်ယာယက်ခွဲတ်စခန်းတွင် အသက် ၅၅ နှစ်အရွယ် အရုပ်ပုပု၊ ပျက်လုံး ပေလောက် ပေလောက်လုပ်တတ်သူ ဇဗိပရိုပိုက်ဇာအမည်ရှိ လူတစ်ယောက်ရှိခဲ့ဖူးသည်။ သူက အမဲလာသတင်းများ ဖြန့်ဝေရတာ ဝါသနာပါသူ။ ခြေတိုချောင်ချော့၊ လေယာဉ်ပျက်ကျ၊ နေထိုင်သူများပေါ် အဆောက်အဦးများပြိုလဲပြီ

www.burmeseclassic.com

www.burmeseclassic.com



ကျ၊ မီးလောင်၊ ရေလွှမ်းမိုး သည်များ။ သူက သတင်းဓာ ဖတ်ရှုသာမက မနက်စောစော ပိုင်း လွှင့်ထုတ်သမျှ ရေဒီယို သတင်းများအားလုံးကို နား ထောင်တတ်သည်။

[illegible]

အယောက် ခြောက်ရာ ရေနစ် သေဆုံးခဲ့ပုံ အနိဋ္ဌာရုံသတင်း များဖြင့် ထမင်းလက်ဆုံစား ခန်းဝ၌ ကျွန်တော်တို့တတွေ အား သူအငိုက်ဖမ်းတတ်၏။ သူကား နာရေးကြော်ငြာများကို လည်း အာရုံဆောင်အလွတ်ရ

သူ။ မည်သည့်နာမည်ကြီး ပုဂ္ဂိုလ်များ ကွယ်လွန်သွား သည်ကို သူများတွေထက် ဦး ဦးပျားပျား သိရှိပြီး စုပေါင်း လယ်ယာတစ်ခွင်လုံး သတင်း ဖြန့်တတ်သည်။ တစ်မနက် ဆေးခန်းနားက လမ်းကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ သူနှင့်ကျွန်တော် ပက်ပင်းတိုးမိ၏။

"ဝစ္စလက်ဗ်စကီးဆိုတဲ့ စာရေးဆရာကို သိလား"

"ဟုတ်ကဲ့၊ ဘာဖြစ်လို့လဲ"

"သေသွားပြီလေ"

"ကြားရတာ စိတ်မကောင်းစရာပဲ"

"စာရေးဆရာတွေလည်း သေတတ်ကြတာပဲ"

ကျွန်တော် ထမင်းစားဆောင်အလုပ်ဆိုင်းမှာ တာဝန်ကျနေစဉ် သူနှင့်နောက်တစ်ကြိမ် ဆုံဖြစ်ပြန်သည်။

"နာရေးကြော်ငြာမှာ ခင်ဗျားအဘိုးဆုံးတဲ့သတင်း တွေ့လိုက်ရတယ်"

"ဟုတ်ကဲ့"

"ပြီးတော့ လွန်ခဲ့တဲ့သုံးနှစ်တုန်းကလည်း ခင်ဗျားအဘိုး တစ်ယောက် ကွယ်လွန်သွားသေးတယ်နော်"

"ဟုတ်"

"ဒါဆိုရင် ဒီတစ်ယောက်က နောက်ဆုံးပိတ်ပေါ့"

ဇေဗ်ပရိုဂိုက်ဇာမှာ စုပေါင်းလယ်ယာစိုက်ကွင်း တာဝန်ခံဖြစ်သည်။ သူသည် မနက်ငါးနာရီ ထိုးချိန်တိုင်း ပစ္စည်းသိုလှောင်ခန်းမှာ ရေဖျန်းစက်သွားယူမည်။ ပန်းခင်းများ၌ ထွန်ယက်မည်။ စိုက်သင့်သည် စိုက်။ အကိုင်းချိုင်သင့်သည် ချိုင်။ ရေလောင်းသင့်သည် လောင်း။ အသံဆူညံညံ မြက်ရိတ်စက်ဖြင့် မြက်ခင်းများရိတ်။ ပင်ဖျက်ပိုးများ ဆေးဖျန်း။ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ ထည့်။ သူ့ခါးပတ်မှာ ချိတ်ဆွဲထားသည့် ထရန်စစ္စတာရေဒီယိုမှ ဗရုတ်သုတ်ခ သတင်းဆိုးများကို အသေအချာ နားထောင်နေပြီဖြစ်၏။

"ကြားပြီးပြီလား။ ခင်ဗျားကို လာမှာ အရင်ကုဖို့ အမြဲလိုက်အသတိခံရလို့"

သို့မဟုတ် လျှင်လည်း "သာသနာရေးဝန်ကြီး ဆုံးသွားပြီ၊ လွန်ခဲ့တဲ့ဆယ်မိနစ်လေးတင်ကမှ သတင်းထုတ်ပြန်သွားတာ"

အခြားစုပေါင်းလယ်ယာအဖွဲ့ဝင်များက သူ့ကို ပေးပေးရှောင်ကြသည်။ ထမင်းလက်ဆုံစားခန်းမှာ သူနှင့်တစ်ဝိုင်းတည်း အတူထိုင်ကြသူက ခပ်ရှားရှား။ နွေညနေခင်းများဆိုလျှင် ထမင်းစားဆောင်ရှေ့မြက်ခင်းပြင်ကြီးရှေ့ခြံရှိ ခုံတန်းရှည်စိမ်းစိမ်းပေါ်၌ ထိုင်လျက် ကလေးများမြက်ပင်တွေပေါ်မှာ ဆော့ကစားနေကြနေသည်ကို ငေးကြည့်နေတတ်၏။ လေပြည်ညင်းက သူ့ရှပ်အင်္ကျီထဲ တိုးဝှေ့ဝင်ရောက်ကာ ချွေးများကို ခြောက်သွားစေပါသည်။ ပူစပ်ပူလောင်နေ့ရာသီလမင်းသည်ကား ရှည်မော်မော်ဆိုက်ပရပ်စပင်များထက် မြင့်တက်လာရင်း တွတ်တွတ်နီရဲအောင် ရှိန်းမြလျက်။ တစ်ညနေ ဇေဗ်ပရိုဂိုက်ဇာတစ်ယောက် ကပ်လျက် ခုံတန်းလျားပေါ် တစ်ယောက်တည်းထိုင်နေသူ လူနာတာလန်အား လှမ်းနှုတ်ဆက်လိုက်ရင်း ကြေကြေကွဲကွဲ စကားစလိုက်၏။

"ခင်ဗျားကြားပြီးပြီလား။ စင်ရီမှာ မီတာမဲ့ကေဟာတစ်ခု မီးလောင်ပြီး ကလေးအယောက်ရှစ်ဆယ် မီးခိုးမွန်သေကုန်ကြပြီ"

အသက်လေးဆယ့်ငါးနှစ်အရွယ် မုဆိုးမကျောင်းဆရာမ လူနာသည် မျက်နှာပေါ်က ချွေးစေးနှများအား လက်ကိုင်ပဝါတစ်ထည်ဖြင့် တို့သုတ်လိုက်ရင်း "ကြောက်စရာပဲနော်" ဟုပြန်ပြောသည်။

"အသက်ရှင်သေးတဲ့လူ သုံးယောက်ကိုပဲ ကယ်လိုက်နိုင်တယ်၊ သူတို့တွေလည်း အခြေအနေ သိပ်မကောင်းလှပါဘူးတဲ့" ဟု ဇေဗ်က ဆက်ပြောသည်။

သူ့အလုပ်မှာ စူးစူးစိုက်စိုက်ရှိနေသည်က ကျွန်တော်တို့အားလုံးအတွက် အထင်ကြီးလေးစားစရာ။ သူ စုပေါင်းလယ်ယာမှာ နေထိုင်ခဲ့သမျှ နှစ်ဆယ့်နှစ်နှစ်တာကာလအတွင်း လုပ်ခွင်မှတ်တမ်းပေါ်၌ နာမကျန်းရက်ပျက် တစ်ရက်တလေတောင်မှ မှတ်တမ်းမဝင်ခဲ့ဖူး။ သူ့ကျေးဇူးကြောင့်ပင် ထိုစုပေါင်းလယ်ယာမှာ တိုးတက်စည်ပင်လာခဲ့၏။ ဖုန်းဆိုးမြေကွက်ရှိရှိသမျှပေါ်မှာ ရာသီအလိုက်ပန်းပင်များ စိုက်ပျိုးနှင့်ပြီးသား။ ကျောက်သားမာခေါင်ခေါင် စိုက်ပျိုးမြေကွက် ဟိုဟိုသည်သည်မှာလည်း သူက ရှားစောင်းပင်မျိုးစုံတို့အား မရမကစိုက်ထားခဲ့၏။ စပျစ်ပင်များအတွက် နွယ်တက်စရာ သစ်သားစင်များကို ဆောက်လုပ်ထားလိုက်သေးသည်။ ထမင်းလက်ဆုံစားခန်းမရှေ့၌ သူက ရွှေငါးများနှင့် ရေနေကြာပင်များ ဖြည့်စွက်ထားကာ တဖွက်ဖွက်မြည်နေသည့် ရေပန်းစင်တစ်ခုအား တပ်ဆင်ထားပြန်သည်။ သူကား ရသအခံအားကောင်းလှသူ။ လူတိုင်းက သူ့အား ထိုအခံဓာတ်ကြောင့်ပင် နှစ်လိုသဘောကျနေကြသည်။

သို့သော် သူ့ကွယ်ရာ၌ ကျွန်တော်တို့က သူ့အား သေမင်းတမန်ဟူ၍ ခေါ်ကြ၏။ သူ မိန်းမကိစ္စမှာ ဘယ်သောအခါမှ စိတ်အာရုံမကျလှသည်ကိုလည်း သွားပုပ်လေလွင့် ပြောမိကြသည်။ ဒါဆိုရင် သူ့ယောက်ျားတွေကိုပဲ စိတ်ဝင်စားနေတော့ သလို။ လူငယ်တစ်ယောက်ဖြစ်သူ ရွှန်နီရှင်ဒလင်က ဇေဗ်အမှုအရာကို အတုခိုးလျက် ပြမှုပြောဆိုပြသောအခါ ကျွန်တော်တို့ အုတ်အုတ်ကျက်ကျက် ရယ်ပွဲဖွဲ့ကြ၏။ မွန်းလွဲပိုင်းချိန်၌ စုပေါင်းလယ်ယာအဖွဲ့တော်သားများ ဆင်ဝင်ပေါက်မှာ ထွက်ထိုင်နေကြလျက် ကော်ဖီသောက်လျှင်သောက် သို့မဟုတ် မျက်နှာစာက မြက်ခင်းများပေါ်တွင် သားသမီးတို့နှင့်အတူ ဆော့ကစားနေကြစဉ် ဇေဗ်ပရိုဂိုက်ဇာတစ်ယောက်မှာမူ ကလပ်သို့ရောက်နေပေလိမ့်မည်။ သူ့လို တကိုယ်ရေတကာယ သမား ငါးယောက်၊ ခြောက်ယောက်တို့နှင့်အတူ သတင်းစာ ဖတ်ရှုနေပေလိမ့်မည်။ သူတို့က စွဲစွဲမြဲမြဲ စာဖတ်တတ်ကြသူတွေ။ အငြင်းသန်တတ်ကြသူတွေ။ အရွယ်လွန် လူပျိုဟိုင်းကြီးများ။ မုဆိုးဖိုများ သို့မဟုတ် တစ်ခုလတ် အိမ်ထောင်ကွဲများ။

ထောင့်တစ်နေရာမှာတော့ လင်းနို့လို နားရွက်ကားကား၊ ထိပ်ပြောင်ပြောင်၊ လူကောင်သေးသေး ရှုဗ်ခေးရာ့သ်ဆိုသူက လက်စားချေခြင်းနှင့် လက်တုံ့ပြန်ခြင်းတို့မှာ တူသောအကျိုးပေးကိုသာ ဖြစ်စေသောကြောင့် လက်တုံ့ပြန်စီးနင်းတိုက်ခိုက်မှုများသည် အကြမ်း



www.burmeseclassic.com

www.burmeseclassic.com

ဖက်သံသရာ၌ ပတ်ချာလည် နေမှာဟု တဖွဖွ မြည်တမ်း နေပေလိမ့်မည်။

အခြားသူတို့က သူ့အား အချိန်မဆိုင်းဘဲ ဝိုင်းနှက်ကြဦး မည်သာ။ "ခင်ဗျားက ဘာ စကားပြောလိုက်တာလဲ၊ ကျုပ် တို့က လက်ပိုက်ကြည့်မနေနိုင် ဘူး" "ခေါင်းငုံ့ခံနေတာတွေ ဟာ ဒီအာရပ်တွေ ရောင့်တက် အောင် လုပ်နေကြတာ"

ဖဗိပရိုဗိုက်ဇာက မျက်လုံး လေး ပေလကတ်ပေလကတ် ဖြင့် ပြန်ပြောပေလိမ့်မည်။ "နောက်ဆုံးမှာတော့ စစ်ပဲ ပြန် ဖြစ်ရဦးမှာ၊ ဒီတစ်ခါဆိုရင်တော့ သူလည်းသေ ကိုယ်လည်းသေ ပဲပေါ့"

စကားထစ်အ,အသမား အီမန်နျူယဲလ်ဂလိုးဇ်မန်းက ကမျောကသောဖြင့် ဝင်ပြော ပေဦးမည်။ "စ . . စ . . စစ်၊ ကောင်း . . ကောင်း . . ကောင်းတာပေါ့၊ ကျုပ်တို့ နိုင် . . နိုင် . . နိုင်ပြီး . . သူတို့ . . မြေ . . မြေ . . မြေတွေ . . သ . . သ . . သိမ်း . . ဂျ . . ဂျ . . ဂျော်ဒန်အထိ လမ့် . . လမ့် . . လမ်းပွင့်သွားတာပေါ့"

ရှူးခ်ဓေးရော့သ်က တွေး တွေးဆဆဖြင့် အော်ကျယ် အော်ကျယ် ဝင်ပြောလိုက်မည်။ "ဘင်ဂူရီယင်ဟာ အင်မတန် တော်တဲ့ စစ်တုရင်သမားဗျ၊ သူက အမြင်ငါးကွက်လောက် ကြိုမြင်နေတာ၊ သူက ဂမ္ဘီရ ထိုး လုပ်တတ်တာလေးပဲ ရှိ တတ်တာ"

ထိုအကြောင်းအရာသို့ စကားရောက်သွားသည်နှင့် တစ်ပြိုင်နက် ဖဗိပရိုဗိုက်ဇာက ကြေကြေကွဲကွဲဖြင့် နိမိတ်ဖတ် ပေရော့မည်။ "ကျွန်တော်တို့နိုး သွားရင်တော့ အာရပ်တွေက ကျွန်တော်တို့ကို မျိုးဖြုတ်ပစ် ကြမှာ၊ ကျွန်တော်တို့ နိုင်သွား ပြန်ရင်လည်း ရုရှားတွေဝင်လာ ပြီး ကျွန်တော်တို့ကို ဆော်ပ လော်တီးကြဦးမှာ"

ထိုအခါ အီမန်နျူယဲလ် ဂလိုးမန်း ဝင်တောင်းပန်ပေ တော့မည်။ "တော် . . တော် . . တော်ကြပါတော့၊ တိတ် . . တိတ် . . တိတ်ပါတော့ဗျာ၊ ကျ . . ကျ . . ကျွန်တော် . . သ . . သ . . သတင်းစာ . . အေ့ . . အေ့ . . အေးအေး . . ဆေး ဆေး . . ဖတ်ပါရစေ"

ခဏမျှငြိမ်သွားပြီးနောက် ဖဗိက ပြောလိုက်ပေဦးမည်။ "ကြားပြီးကြပြီလား၊ နော်ဝေ ဘုရင်မင်းမြတ် အသည်းကင် ဆာ ဖြစ်နေတယ်လို့ ဒီထဲမှာ ရေးထားတယ်။ ကျုပ်တို့ဒေသ ကောင်စီအကြီးအကဲလည်း ကင်ဆာဖြစ်နေတာ"

လူရွှတ်လူနောက် ရှန်နီ ရှင်ဒလင်က ဖဗိအား ဗိနပ်ချုပ် ဌာနမှာဖြစ်စေ သို့မဟုတ် အ ဝတ်အထည် သိုလှောင်ခန်းနား မှာဖြစ်စေ တွေ့လိုက်သည့်အခါ တိုင်း "ဟော၊ သေမင်းတမန် ကြီးပါလား၊ ဒီနေ့ ဘယ်လေ ယာဉ် ပျက်ကျသွားပြန်ပြီလဲ" ဟု သရော်မော်ကားလေသံဖြင့် မေးတတ်သေးသည်။

ဖဗိပရိုဗိုက်ဇာနှင့် လူနာ ဘလန့်တို့ အလုပ်တစ်ဆိုင်းထဲ မှာ တာဝန်အတူကျသောအခါ သူတို့နှစ်ယောက် ညနေစောင်း ချိန်တိုင်း စကားပြောဖြစ်ကြ သည်။ သူက မြက်ခင်းခြေရင်း က ဘယ်ဘက်ခုံတန်းလျား ညာဘက်စွန်းတွင် ထိုင်လျက်။ သူမက ညာဘက်ခုံတန်းလျား ဘယ်ဘက်စွန်း သူနှင့်ကပ်

> **သူ့အငွေ့ဖြင့် အရွယ်ရောက်ချိန် တစ်လျှောက်လုံး သူတစ်ယူး တစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်ချက်ရှိရှိ ထိပွေ့ကိုင်ပွေ့ခဲ့သူ မဟုတ်ပါ။ သူ့အား တစ်ယောက်ယောက်က တို့ထိကိုင်ဖိလေတိုင်း စိတ်ငွေ့တချို့ ကြွပ်လွန်းလှ၏။**

လျက်နေရာတွင် ထိုင်နေကြပေ မည်။ သူက သူမကို စကား ပြောလိုက်တိုင်း မျက်လုံး ပေ လကတ်ပေလကတ်ဖြင့်။ သူမက လှလှပပ လက်ပြတ် အင်္ကျီဝတ်ထားပြီး လက်ထဲမှာ လက်ကိုင်ပဝါတစ်ထည်ကို ဆုတ်ချေနေပေလိမ့်မည်။ စုပေါင်းလယ်ယာစိုက်ခင်းများနှင့် သူ့စိုက်ခင်းထွက် သစ်သီးဝလံ များအား ချီးမွမ်းပြောဆိုမည်။ သူ့ကျေးဇူးအား အမွှန်းတင် လိမ့်မည်။ ပွင့်ပွင့်လန်းလန်း ပန်းခင်းများအကြား၊ သီးသီး ဖူးဖူး သစ်သီးခြံရိပ်က စိမ်း စိမ်းမြမြ မြက်ရိုင်းတောထဲမှာ သူတို့နှစ်ယောက်တည်း ရှိနေ ကြသည်သာ။ သူမက ထူးခြား ဆန်းပြားသော စကားလုံးများ သုံးနှုန်းတတ်သည့် ဉာဉ်မျိုး ရှိ တတ်သူ။ သုံးတန်းဆရာမ ဖြစ် ခဲ့သာမက ခဲခြစ်ပန်းချီလက်ရာ ပြောင်မြောက်သူဖြစ်၍ သူမ လက်ရာပန်းချီကားများမှာ ကျွန်တော်တို့နေထိုင်ကြရာ တိုက်ခန်းနံရံများပေါ်၌ ချိတ် ဆွဲထားဖြစ်ကြ၏။ မျက်နှာ ဖောင်းဖောင်း၊ ပြုံးယောင်သန်း သန်း၊ မျက်တောင်များမှာကား ရှည်လျားကော့ပျံလျက်။ လည် ပင်းသားတို့မှာ မသိမသာ တွဲ ကျနေလျက်ရှိ၏။ ခြေတံသွယ် လျလျ။ ရင်သား ပြားချပ်ချပ်။ သူမယောက်ျားမှာ ဂါဇာနယ် စပ်၌ အရန်တပ်သားအဖြစ် တာဝန်ကျနေစဉ် စောစောပိုင်း နှစ်ကာလများကပင် တိုက်ပွဲကျ သေဆုံးနှင့်သူ။ သူတို့မှာ ကလေးတစ်ယောက်မျှ မထွန်း ကားခဲ့ကြ။ စုပေါင်းလယ်ယာ အဖွဲ့တော်သားများက သူမ အား အထင်ကြီးလေးစားရာ အမျိုးသမီးတစ်ဦးအဖြစ် မှတ်



www.burmeseclassic.com

www.burmeseclassic.com

ယူကြသည်။ ဒုက္ခသုက္ခအဝဝ တို့ကို ခံနိုင်ရည်ရှိသူ။ စာသင်ကြားပို့ချသည့်အလုပ်၌ အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိနေသူ။ ဇဗီက သူမအား နှင်းဆီမျိုးစိတ်အမျိုးမျိုးအကြောင်း ရှင်းပြနေသည်။ သူကလည်း စိတ်အားထက်သန်စွာ ခေါင်းတညိတ်ညိတ်ဖြင့် သူပြောသမျှကို သဘောတူ နှစ်မြို့က်နေသကဲ့သို့။ ထို့နောက် ဆူဒန်တစ်နိုင်ငံလုံး ကသောင်းကနင်းဖြစ်လျက်ရှိသည့် ကျိုးကောင်ကပ်ဘေး အသေးစိတ်အဖြစ်အပျက်ကို သူက သူမအား ပြောပြမိလိုက်၏။


"ရှင်က သိပ်ပြီးတော့ ခံစားလွယ်လွန်းတဲ့လူပဲ" ဟု လူနာက ပြောလိုက်သည်။

"ဆူဒန်မှာက ဒီလောက်တောင် စိမ်းစိမ်းစိုစိုမှ မရှိလှတာ" ဇဗီက မျက်လုံး ပုတ်ခတ်ပုတ်ခတ်ဖြင့် ပြန်ပြောသည်။

"ရှင်က ဘာဖြစ်လို့ တစ်ကမ္ဘာလုံးရဲ့ ပရိဒေဝတွေ မှန်သမျှ ရှင့်ပခုံးပေါ် ထမ်းထားချင်ရတာလဲ"

"ဘဝရဲ့ရက်စက် ကြမ်းကြုတ်မှုတွေကို မျက်ကွယ်ပြုနေကြတာဟာ အသိဉာဏ်သေးသိမ်မှုနဲ့ အကုသိုလ်စိတ်နှစ်မျိုးစလုံးကြောင့်လို့ ကျွန်တော် မှတ်ယူထားပါတယ်၊ အဲဒါတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့တတ်စွမ်းနိုင်တာ အတော့်ကို နည်းပါးလွန်းလှပါတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဒါမျိုးဖြစ်နေတာကို အနည်းဆုံးအနေနဲ့ လျစ်လျူရှုထားဖို့ မဖြစ်သင့်ပါဘူး"

နွေတစ်ညနေမှာ လူနာဘလန့်က ဇဗီကို သူမနေထိုင်ရာသို့ ကော်ဖီသောက်ရန် ဖိတ်သည်။ သူ အဝတ်အစားလဲ၍ ရောက်လာသည်။ ကာကီဘောင်းဘီရှည်၊ အပြာ ဖျော့ဖျော့ ရှပ်အင်္ကျီလက်တို။ သူ့ရေဒီယိုကား သူ့ခါးပတ်၌ တိုးလိုးတွဲလောင်း။ ညရှစ်နာရီထိုးသောအခါ သတင်းပလင်းနားထောင်ရန် သူ့ဆင်ခြေဖြင့် သူ။ ရိုးရိုးရှင်းရှင်းဘောင်ကျက်ထား



သော ခဲခြစ်လက်ရာ ပန်းချီကားအများအပြားကို လူနာ့အခန်းနံရံများပေါ်၌ ချိတ်ဆွဲထားလျက်။ အိပ်မက်မပြယ်သေးသူ မိန်းမပျိုလေးများ၊ ရှုမျှော်ခင်းများ၊ ကျောက်ဆောင်တောင်ကုန်းများနှင့် သံလွင်ပင်ရုပ်ပုံကားချပ်များ။ ပြတင်းပေါက်အောက်တည့်တည့်မှာ ဇာပန်းကွပ်ထားသည့် အရှေ့တိုင်းသုံး ခေါင်းအုံးများ တင်ထားသော နှစ်ယောက်အိပ်ခုတင်တစ်လုံး။ စာကြည့်စားပွဲဖြူဖြူပေါ်မှာ စာအုပ်များအား အနိမ့်အမြင့်ညီအောင် စီခင်းထား၏။ ဗန်ဂိုး၊ ဆေးဇန်းနှင့် ဂေါ်ဂင်တို့ လက်ရာပန်းချီကားစာအုပ်ကြီးများမှသည် သမ္မာကျမ်းပေါက်စန စာအုပ်အတွဲများအထိ။ ဟဲ့ဆီဖရီ ယလုံအိမ်စာအုပ်တိုက်ထုတ် ဝတ္ထုရှည်စာအုပ်အတွဲများပင် ပါလိုက်သေးသည်။ အခန်းအလယ်ခေါင်၌ ရိုးရိုးလက်တင်ကုလားထိုင်နှစ်လုံး ယှဉ်တွဲချထားသော ကော်ဖီခုံဝိုင်းတစ်လုံး။ စားပွဲခုံကို ဇာကွက်ဖော်ထားသည့် အခင်းတစ်ထည်ဖြင့် ဖုံးအုပ်ထားကာ ကော်ဖီခွက်နှင့် ပန်းကန်ပြားများသာမက ကွက်ကီးမုန့်များကိုပါ ခင်းကျင်းတင်ထားသည်။

"ခင်ဗျားအခန်းက အတော်သားနားတာပဲ" ဟု ဇဗီပရိုဗိုက်ဇာက ပြောလိုက်ပြီး၊ "သန့်လည်းသန့် သေလည်း သေသပ်တယ်" ဟု စကားဆက်သွား၏။

လူနာဘလန့်က ရှက်ရွံ့ဟန်ဖြင့် "ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်း သာပါတယ်" ဟု ပြန်ပြောသည်။

သို့သော် သူမစကားသံ၌ အားရဝမ်းသာမရှိလှ။ နိုးလိုးခုလု စိတ်တင်းကြပ်နေပုံရသည်။ ထို့နောက် သူတို့ကော်ဖီသောက်၊ ကွက်ကီးစားကြ၏။ ရောက်တတ်ရာရာ ဟိုဟိုဒီဒီ ပြောကြဆိုကြသည်။ အလှစိုက်ပန်းပင်နှင့် သစ်သီးပင်များအကြောင်း။ ယခုခေတ်ကာလ ကျောင်းတွင်းစည်းကမ်း ထိန်းသိမ်းရေး အခက်အခဲများအကြောင်း။ ငှက်များ စားကျက်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရွှေ့နေထိုင်ခြင်းအကြောင်း။

ဇဗိက မျက်လုံးပုတ်ခတ်ပုတ်ခတ်ဖြင့် ''ကျွန်တော်သတင်းစာထဲ ဖတ်လိုက်ရတယ်၊ ဟီရိုရှီးမားမှာ အဏုမြူဗုံးကြဲပြီး ဆယ်နှစ်ကြာအောင် ငှက်တွေ ပျောက်ကုန်ကြတယ်လို့'' ပြောပြ၏။

''ရှင့်မှာလည်း တစ်ကမ္ဘာလုံးရဲ့ သောကပရိဒေဝတွေမှန်သမျှ ရှင့်ပခုံးပေါ် ထမ်းထားချင်နေတာပဲ'' လူနာက သူ့အား ထပ်ပြောမိလိုက်သည်။

သို့ဖြင့် သူတို့နှစ်ယောက်ညနေစောစောပိုင်း နာရီများမှာ ပုံမှန်ဆုံတွေ့ဖြစ်ကြသည်။ စိုက်ခင်းက သိပ်သိပ်သည်းသည်းစက္ကူပန်းခြုံအရိပ်အောက်ရှိ ခုံတန်းရှည်ပေါ်မှာ။ သို့မဟုတ်လျှင် လူနာ့အခန်းမှာ ကော်ဖီအတူ သောက်ရင်းဖြင့်။ ဇဗိသည် ညနေလေးနာရီတွင် အလုပ်မှ အိမ်သို့ပြန်လာမည်။ ရေမိုးချိုး။ မုန်ရိတ်။ မှန်ရှေ့မှာ ခေါင်းဖြီး။ သံချေးရောင်ကာကီဘောင်းဘီနှင့်အပြာနုနု ရှပ်အင်္ကျီ လဲလှယ်ဝတ်ဆင်မည်။ ပြီးတော့ သူမရှေ့မှောက် အရောက်သွားပေတော့မည်။ ရံဖန်ရံခါ သူမခြံဝန်းထဲ စိုက်ပျိုးရန် တစ်နှစ်ခံပန်း ပျိုးပင်ပေါက်များ ယူလာပေလိမ့်မည်။ တစ်ခါတုန်းက ယာကွတ်ဖစ်ချ်မန်း ကဗျာစာအုပ်အား သူမကို လက်ဆောင်ပေးခဲ့၏။ သူမက သူ့ကို ဘိန်းစေ့ကွတ်ကီးမုန့်များ အိတ်ထဲသို့ထည့်ပေးဖြစ်သည်။ ဆိုက်ပရပ်စ်နှစ်ပင်နှင့် ခုံတန်းရှည်ရပ်ပုံခဲခြစ် ပန်းချီကားတစ်ချပ်။ ရှစ်နာရီ သို့မဟုတ် ရှစ်နာရီခွဲအချိန်လောက်မှာ အပြန်အလှန် နှုတ်ဆက်ကြမည်။ ဇဗိကတော့ လူပျိုသိုးနံ့များလေထဲ စူးစူးရဲရဲ အနံ့စွဲနေရာ သူ့တစ်ကိုယ်တော်တောရ အခန်းဆီ ပြန်ပေရော့မည်။

သေမင်းတမာန်ကြီးတော့ ပင့်ကူနက်မထံ ရွေ့စွန်ညိုဝဲနေပြီဟု ရွှန်နီရှင်ဒလင်တစ်ယောက် ထမင်းလက်ဆုံစားခန်းမှာ ဝါဒလိုက်ဖြန့်၏။ မွန်းလွဲချိန်ကလပ်ထဲမှာ ရှူးဗ်ခေးရှသ်က ဇဗိအား တရင်းတနှီးဖြင့် နောက်ပြောင်သည်။ ''လက်နဲ့တော်တဲ့ လက်အိတ်ကတော့ အဆင်သင့်ပဲဗျို့''။ သို့ရာတွင် ဇဗိနှင့် လူနာတို့မှာ အတင်းပလင်းနှင့် ထွေလုံးငေါ်လုံးတို့အား အရေးမစိုက်လှပါ။ သူတို့နှစ်ယောက်ကြား သံယောဇဉ်မှာ တစ်နေ့တခြား ပိုမိုခိုင်မြဲလာသကဲ့သို့။ သူကိုယ်ပိုင်အချိန်၌ ပိုလန်စာရေးဆရာ အီဝက်စ်ဇကီးဝစ်ရှ်ဝတ္ထုအား ဟီးသရှူးဘာသာသို့ ပြန်ဆိုနေသည်ဟု သူကပြောပြသည်။ ထိုဝတ္ထုမှာ နူးညံ့သိမ်မွေ့မှုနှင့် စိတ်ဒုက္ခများ ပြည့်နှက်လျက်။ လူ့ဘဝတွင် ဘဝင်ခိုက်စရာများ ရှိနေတတ်သော်လည်း ကိုးရိုးကားယားနိုင်လွန်းလှသည် ဟု အီဝက်စ်ဇကီးဝစ်ရှ်က မှတ်ယူထား၏။ လူနာက အာရုံစိုက်နားထောင်သည်။ ခေါင်းအားမသိမသာ ငုံ့စောင်းလျက်။ နှုတ်ခမ်းနှစ်လွှာ ပွင့်ဟလျက်။ သူ့ခွက်ထဲသို့ ကော်ဖီရည်ပူပူတို့ လောင်းထည့်ပေးလိုက်သည်။ ထိုကော်ဖီရည်သည် အီဝက်စ်ဇကီးဝစ်ရှ်နှင့် သူတို့နှစ်ယောက်စလုံး၏ ပရိဒေဝအား အလျော်အစား ပြန်ပေးလိုက်သကဲ့သို့။ သူတို့နှစ်ယောက် ရင်းနှီးချစ်ခင်မှုအား အဖိုးထိုက်အဖိုးတန်ဟု သူမက ယူဆ၏။ သူမနေ့ရက်များသို့ ဖြည့်ဆည်းပေးလိုက်သော သူ့ခင်မင်မှုအား အလေးအနက် ထားမိသည်။ နဂိုကလေးလေးတွဲ့တွဲ့ ငြီးငွေ့ဖွယ်နေ့ရက်များ။ တစ်ညက အိပ်မက်ထဲမှာ သူတို့နှစ်ယောက်မြင်းတစ်ကောင်တည်း အတူစီးမိကြ၏။ သူမရင်သားများ သူ့ကျောအား ဖိကပ်ထားလျက်။ သူမလက်တို့ သူ့ခါးအား သိုင်းဖက်ထားလျက်။ မြင့်မားသောတောင်ကုန်းများအကြား မြေနိမ့်လွင်ပြင်မှာ အမြုပ်တစီစီထနေသော မြစ်တစ်စင်းမှာ ရစ်ခွေဝေ့ဝိုက်လျက်။

> **နေ့စရာရှားပါးသဖြင့် အဖွဲ့ဝင်တချို့က လူနာဘာလန့်အခန်းအား မျက်စိကျလျက် ရှိနေကြသော်လည်း ထိုအခန်းမှာ သော့ခတ်ထားပြီး အပေါင်ချထားဆဲ။ အိပ်စိုက်ဝန်းပင် ငါးပင်၊ ပြောက်ပင်တို့မှာ ဆင်ဝင်ဆောင်ထဲ၌ ကျန်ရစ်ခဲ့၏။**

အခြားကိစ္စခြင်းရာများ သူ့ကို အသေးစိတ်ပြောပြမိသော်လည်း ဤအိပ်မက်အကြောင်း မပြောမိရန် ဆုံးဖြတ်ထားခဲ့၏။ ဇဗိကတော့ ပိုလန်နိုင်ငံ ယာနော့ဗ်မြို့၌ သူကလေးဘဝဖြတ်သန်းချိန်တွင် ကျောင်းပညာသင်ယူနိုင်ရေးအတွက် စိတ်ကူးယဉ်မိပုံအား သူမကို ပြောပြသည်။ သို့သော် အသစ်ဖွဲ့စည်းလိုက်သည့် လမ်းစဉ်လူငယ်ပါတီအဖွဲ့အစည်းထဲသို့ ဆွဲအသွင်းခံလိုက်ရပြီး ပညာဆည်းပူးရေး အစီအစဉ်များ ပျက်ပြယ်သွားခဲ့ရ၏။ သူကအနေဖြင့် ပညာလေ့ကျက်သင်ယူခြင်းအား မည်သို့မျှလက်လျှော့မပေးခဲ့ပါ။ စားပွဲခင်းပေါ်က မုန့်စမုန့်နတို့အား ဂရုတစိုက်သိမ်းဆည်းနေရင်း၊ လူနာကပြောလိုက်သည်။ ''ရှင်ဟာ အရင်တုန်းက အရှက်အကြောက်ကြီးတဲ့လူငယ်လေးတစ်ယောက်ဖြစ်မှာပါ၊ အခုတောင် ရှက်တတ်နေတုန်းပဲကိုး၊''

''ခင်ဗျား ကျွန်တော့်ကို နားမလည်လောက်သေးပါဘူး'' ဟု ဇဗိက ပြန်ပြောလိုက်သည်။

''ကဲပါ၊ ကျွန်မ နားထောင်



www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်''

''ဒီည ရေဒီယိုမှာ ကြေညာသွားတယ်၊ ချီလီမှာ မီးတောင်ပေါက်လို့တဲ့၊ ချော်ရည်ပူတွေကြောင့် ရွာပေါင်းလေးရွာ အကုန်ပျက်စီးသွားတယ်၊ အဲဒီရွာသားအတော်များများ မတ်တပ်ရပ်ဖို့တောင် အချိန်မမီလိုက်ဘူး''

တစ်ညနေတွင် ဆိုမာလီယာနိုင်ငံမှာ အငတ်ဘေးကပ်ဆိုက်နေပုံအကြောင်းကို သူက သူမအား စေ့စေ့ငုငု ပြောပြမိလိုက်သည်။ သူ့အတွက် သနားကရုဏာစိတ်ပြင်းပြလွန်းသည်ကြောင့် သူ့လက်အား ရုတ်တရက်ဆွဲယူလျက် ရင်ဘတ်နှင့်ကပ်ထားမိလိုက်၏။ ဇဗိတစ်ယောက် ကတုန်ကယင် ဖြစ်သွားကာ မတော်မတည့် အကျူးလွန်ခံလိုက်ရသကဲ့သို့ သူ့လက်အား ဆတ်ကနဲ ပြန်ဆွဲယူလိုက်သည်။ သူ့မျက်လုံးမှာကား ထိတ်ထိတ်ပျာပျာဖြင့် ပေလကတ် ပေလကတ်။ သူ့အနေဖြင့် အရွယ်ရောက်ချိန်တစ်လျှောက်လုံး သူတစ်ထူးတစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်ချက်ရှိရှိ ထိဖူးကိုင်ဖူးခဲ့သူ မဟုတ်ပါ။ သူ့အား တစ်ယောက်ယောက်က တို့ထိကိုင်မိလေတိုင်း စိတ်နေကျဉ်းကြပ်လွန်းလှ၏။ မြေသားမွမွနှင့် ပင်စည်နုနုထွတ်ထွတ်များ၏ ညှို့သက်ပျော့ပြောင်းမှုတို့ကိုသာ သူနှစ်ခြိုက် စွဲလမ်းရမိသည်။ ယောကျ်ား၊ မိန်းမမဟူ အခြားသူတို့အား ထိတွေ့မိသောအခါ မီးလောင်တိုက် အသွင်းခံလိုက်ရသကဲ့သို့ တစ်ကိုယ်လုံးရှုံ့ရှုံ့တွတွ ခံစားရမိသည်။ လက်ဆွဲနှုတ်ဆက်ခြင်း၊ ကျောကုန်းအပုတ်ခံရခြင်း သို့တည်းမဟုတ် ညစာစားပွဲ့ တံတောင်ဆစ်ကို မတော်တဆထိမိခြင်းတို့အား သူ့အမြဲရှောင်ဖယ်ရန် အပတ်တကုတ် ကြိုးစားနေမိတတ်သည်။ ခဏအကြာ သူမတ်တတ်ထရပ်ကာ ထွက်ခွာသွားလေတော့သည်။

နောက်နေ့တွင် သူလူနာ့ဆီ သွားမတွေ့ဖြစ်တော့ပါ။ သူတို့နှစ်ယောက် ဆက်ဆံရေးမှာ သူမဖြစ်စေချင်သည့် ဘေးဒုက္ခအတိုင်းပြည့်နေသောနေရာသို့ ဦးတည်သွားနေသည်ဟု သူစတင်ခံစားရမိ၏။ ပစ်ပစ်ခါခါ အငြင်းပယ်ခံရရာနေရာသို့။ သူမက မိန်းမပီပီ လိမ္မာပါးနပ်မှုဖြင့် သူ့အပေါ် တစ်စုံတစ်ရာ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိသွားသည်ကို ရိပ်စားမိလိုက်သည်။ ဘာအတွက်ရယ် မသိပေမယ့် တောင်းပန်စကားဆိုရန် ဆုံးဖြတ်ခဲ့ဖြစ်သည်။ သူမအနေဖြင့် မမေးအပ်သည့် မေးခွန်းတစ်ရပ်အား သူ့ကို မေးမိသည်လား။ သို့မဟုတ် သူ့ပြောစကားထဲက ဖုံးကွယ်ထားစရာ အရေးပါအရာရောက်သည့် အဓိပ္ပါယ်တစ်ရပ်ရပ်ကို သူမ အနက်ကောက်ဖို့ ပျက်ကွက်ခဲ့လေသလား။

နှစ်ရက်အကြာ သူ့အခန်းထဲမရှိချိန်တွင် တံခါးအောက်မှာ စာတိုတစ်စောင် ထိုးထည့်ထားလိုက်၏။ ''ရှင့်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိတာ စိတ်မကောင်းပါဘူး၊ ကျွန်မတို့ စကားစမြည်ပြောကြရအောင်''

ဇဗိက ထိုစာကိုတော့ အကြောင်းပြန်ပါသည်။ ''ကျွန်တော်တို့ မတွေ့ကြတာ ပိုကောင်းမှာပါ၊ ဒီထက်အခြေအနေ ပိုဆိုးမသွားစေချင်ပါဘူး'' တဲ့။

နေ့လည်စာစားပြီးချိန်မှာ သူမက သူ့အား စောင့်ခဲ့မိသေး၏။ ထမင်းလက်ဆုံစားခန်းအပေါက်ဝ မာကိုဆာ သစ်ပင်ခြေရင်းမှာ။

''ကျွန်မ ရှင့်ကို ဘာများလုပ်မိခဲ့သလဲဆိုတာ ပြောပြပါလား''

''ပြောစရာ မရှိပါဘူး''

''ဒါဖြစ်ရင် ရှင်ကျွန်မကို ဘာဖြစ်လို့ ရှောင်ဖယ်ဖယ်လုပ်နေရတာလဲ''

''ကျွန်တော့်ကို နားလည်ပေးပါလား၊ ဘာရယ်လို့တော့ မဟုတ်ပါဘူး''

သူတို့နှစ်ယောက်မှာ တမင်သက်သက် မဆုံဖြစ်တော့ပါ။ ဖြတ်သွားဖြတ်လာ သို့မဟုတ် ပစ္စည်းထုတ်ခန်းမှာ ကြုံကြိုက်မိတိုင်း အပြန်အလှန် ခေါင်းညိတ်ပြလိုက်ရုံသာ။ ချက်ချင်းကသုတ်ကယက်ဖြင့် ကိုယ်လိုရာခရီးသို့ ကိုယ်သွားလိုက်ကြရုံသာ။

နေ့လည်စာစားချိန်၌ ရွှန်နီရှင်ဒလင်က သူ့စားပွဲဝိုင်းတော်သားတို့အား သေမင်းတမန်ကြီးတစ်ယောက်တော့ စလယ်ဝင် ဖင်မမည်းသေးမီ အသည်းကွဲသွားပြီဖြစ်၍ သူတို့အားလုံး ယခုအချိန်ကစပြီး နားအန္တရာယ်ကျရောက်တော့မည်ဖြစ်ကြောင်း သတင်းပေးခဲ့၏။ အမှန်မှာမူ တူရကီနိုင်ငံက တံတားကြီးတစ်စင်း လူအသွားအလာ စည်ကားချိန်မှာမှ ပြိုကျသွားခဲ့သည့်အကြောင်းကို ဇဗိက အသင်းတိုက်ရှိ လူပျိုတော်သားတို့အား ထိုမွန်းလွဲပိုင်းချိန်ကပင် သတင်းစကားဖြန့်ပြီးသား။

နောင်နှစ်လ၊ သုံးလအကြာတွင် လူနာဘလန့်သည် ဂန္ထဝင်တေးအုပ်စုရှိရာသို့ အဆက်ပြတ်သွားရုံသာမက ကျောင်းတွင်းအစည်းအဝေးများကိုပင် မတက်ရောက်တော့ဘဲ ပျက်ကွက်နေသည်ကို ကျွန်တော်တို့ သတိပြုမိကြရသည်။ ဆံပင်အား ကြေးနီရောင်ဆိုးထားပြီး အရောင်တောက်တောက် နှုတ်ခမ်းနီကို စတင်သုံးစပြုနေ၏။ ရံဖန်ရံခါ နေ့လည်စာပင် လာမစားတော့ပါ။ ဆက်ကိုသ်ဥပုသ်နေ့ရက်များ၌ မြို့ထဲတွင် ရက်အတန်ကြာအောင် သွားနေတတ်သည်။ ကျွန်တော်တို့အနေဖြင့် အနည်းငယ်ရဲတင်းသည်ဟု ယူဆထားသော စကပ်ဘောင်းကွဲအဝတ်အစား ဝတ်ဆင်ထားလျက် ပြန်လာတတ်သည်။ အော်တမ်ရာသီဦးပိုင်းတွင် သူမသည် မြက်ခင်းပြင်ကျယ်ကြီးနံဘေးက ခုံတန်းလျားပေါ်၌ ဘတ်စကက်ဘောနည်းပြနှင့် အတူထိုင်နေသည်ကို ကျွန်တော်တို့ မကြာမကြာ မြင်မိကြ၏။ သူမထက် အသက်ဆယ်နှစ်လောက် ငယ်ရွယ်သူလူငယ်တစ်ဦး။ သူက စုပေါင်းလယ်ယာစခန်းသို့ တစ်ပတ်လျှင် နှစ်ခေါက် ရောက်လာတတ်သည်။ သူမသည် ညဘက်ဘတ်စကက်ဘောလေ့ကျင့်နေပုံရသည်ဟု ရွှန်နီရှင်ဒလင်က ပြောပါသည်။ နှစ်ပတ်၊ သုံးပတ်အကြာတွင် သူမက ဘတ်စကက်ဘောနည်းပြအား အဆက်ဖြတ်ပစ်လိုက်၏။ စုပေါင်းလယ်ယာတွင် ဖွဲ့စည်းထားသော တိုက်ပွဲဝင်ရှေ့ဆောင်လူငယ်ယူနစ်က တပ်ဖွဲ့မှူးတစ်ယောက်နှင့်တွဲနေသည်ကို မြင်ကြရပြန်၏။ အသက်နှစ်နှစ်အရွယ် လူငယ်တစ်ဦး။ ဤကိစ္စကိုတော့

www.burmeseclassic.com

မသိချင်ယောင်ဆောင်နေရန် မဖြစ်နိုင်တော့ပါ။ ဂုဏ်သိက္ခာ ပိုင်း ဆိုင်ရာဂယက်ရိုက်ခတ်မှုအား ဆွေးနွေးရန် ပညာရေးကော်မတီက အစည်းအဝေး တစ်ရပ် သိုသိုသိပ်သိပ် ခေါ်လိုက်ကြရသည်။

ညနေတိုင်းမှာ ဇဗိပရိုဗိုက်ဇာသည် တစ်ယောက်တည်း မလှုပ်မခြောက်ဖြင့် ထိုင်နေမိလိမ့်မည်။ သူကိုယ်တိုင် တပ်ဆင်ထားခဲ့သော အလှဆင်ရေပန်းစင်နှင့်ကပ်လျက် ခုံတန်းလျားပေါ်မှာ။ မြက်ခင်းပြင်ပေါ်မှာ ဆော့ကစားနေသည့် ကလေးများအား ငေးမောကြည့်နေမိပေမည်။ သူ့ကို ဖြတ်သွားဖြတ်လာ နှုတ်ဆက်သူမှန်သမျှအား ပြန်လှန်နှုတ်ခွန်းဆက်ပေလိမ့်မည်။ ပြီးလျှင် တရုတ်ပြည် အရှေ့တောင်ပိုင်းက ရေလွှမ်းမိုးမှုအကြောင်း ကြေကြေကွဲကွဲ ပြောပြပေဦးမည်။

ရွက်ကြွေရာသီနှောင်းပိုင်းတွင် လူနာဘလန့်သည် စပေါင်းလယ်ယာအတွင်းရေးမှူးရုံး၏ ခွင့်ပြုချက်မယူဘဲ သူမထံ လေယာဉ်လက်မှတ် ပို့ပေးသူ ညီမတစ်ယောက်ရှိရာ အမေရိကန်သို့ ဆိုင်းမဆင့်ဗုံမဆင့် ထွက်ခွာသွားလေတော့၏။ တစ်မနက် ဘတ်စ်ကားမှတ်တိုင်၌ မျက်စိရှက်စဖွယ် အဝတ်အစားများ ဝတ်ဆင်ထားသည်ကို မြင်လိုက်ကြရသည်။ အရောင်လွင်လွင် ခေါင်းစီးပဝါ။ နောက်မြင့်ဖိနပ် ကော့လန်ကော့လန်ဖြင့်။ ကြီးမားသော အဝတ်သေတ္တာတစ်လုံး လက်ဖြင့်ဆွဲလျက်။ "ဟောလိဝုဒ်အတွက် ဖီးလိမ်းပြင်ဆင်ထားတာ" ဟု ရွှန်နီရှင်ဒလင်က မှတ်ချက်ပေးသည်။ "ပင့်ကူနက်မကတော့ သေမင်းတမန်ကြီးလက်က လွတ်အောင် ထွက်ပြေးသွားပြီ"အတွင်းရေးမှူးရုံးက သူမ၏စုပေါင်းလယ်ယာအဖွဲ့ဝင်အဆင့်အား နောက်ထပ် စုံစမ်းစစ်ဆေးစဉ်ကာလအထိ ဆိုင်းငံ့ထားရန် ဆုံးဖြတ်ထားလိုက်၏။


နေစရာရှားပါးသဖြင့် အဖွဲ့ဝင်တချို့က လူနာဘလန့်အခန်းအား မျက်စိကျလျက်ရှိနေကြသော်လည်း ထိုအခန်းမှာ သော့ခတ်ထားပြီး အမှောင်ချထားဆဲ။ အိမ်စိုက်ပန်းပင်ငါးပင်၊ ခြောက်ပင်တို့မှာ ဆင်ဝင်ဆောင်ထဲ၌ ကျန်ရစ်ခဲ့၏။ ဇဗိပရိုဗိုက်ဇာအနေဖြင့် ရံဖန်ရံခါ ရေသွားလောင်း၍ ပြုစုစောင့်ရှောက်ထားပေလိမ့်မည်။

ထို့နောက် ဆောင်းရာသီအခါသမယသို့ ရောက်ရှိခဲ့လေပြီ။ တိမ်နိမ့်နိမ့်တို့သည် အလှဆင်သစ်ပင်များ ထိပ်ဖျားသို့ နိမ့်ဆင်းလာခဲ့၏။ စိုက်ခင်းနှင့် သစ်သီးခြံများ၌ ရွှံ့အလိမ်းလိမ်းဖြင့်။ သစ်သီးခူးသူနှင့် စိုက်ခင်းအလုပ်သမားတို့ စက်ရုံထဲမှာ လုပ်ငန်းခွင်ဝင်ကြရသည်။ ညိုမှိုင်းမှိုင်းမိုးရေတို့ အတောမသတ်အောင် ရွာချနေကြ၏။ ညဘက်တွင် ရေတံလျှောက်တို့ အသံမျိုးစုံဖြင့် ခါယမ်းနေကြသည်။ အေးစက်စက်လေတို့ ပြတင်းကာ ကွဲကြောင်းများတစ်လျှောက် စိမ့်ဝင်လာကြသည်။ ဇဗိပရိုဗိုက်ဇာသည် ညစဉ်ညတိုင်း သတင်း ထုတ်လွှင့်သံများအား ထိုင်နားထောင်နေတတ်သည်။ သတင်းရပ်နားချိန်များ၌ သူ့စားပွဲပေါ်က ငန်းလည်ပင်းမီးအိမ်အလင်းရောင်အောက် ငုံ့ကိုင်းထိုင်နေလျက် အီဝက်စ်ဇကီးဝစ်ရှီ၏ မချိုတင်ကဲ ဝေဒနာတို့ဖြင့် ပြည့်နှက်နေသည့် ဝတ္ထုမှ စာသားအချို့အား ဟီးသရူးဘာသာသို့ ပြန်ဆိုနေမိ၏။ လူနာ သူ့အား ပေးထားရစ်သည့် ဆိုက်ပရက်စ်နှစ်ပင်နှင့် ခုံတန်းရှည်ပုံခဲခြစ်ပန်းချီကားမှာ သူ့အိပ်ရာထက် ချိတ်ဆွဲထားဆဲ။ သစ်ပင်များမှာ ညိုးညိုးမှိုင်မှိုင်။ ခုံတန်းရှည်ကား အထီးကျန်ဖြစ်လျက်။ ညဆယ်နာရီခွဲချိန်မှာ သူ့ကိုယ်သူတစ်ခုခုဖြင့် ရစ်ပတ်လျက် တိမ်သားတို့နှင့် လူသူကင်းမဲ့ရာ ကွန်ကရစ် လူသွားလမ်းလေးအား ကြည့်ရှုရန် ဆင်ဝင်ပေါက်သို့ ထွက်ခဲ့၏။ လမ်းမီးရောင် ဝါမှိုင်းမှိုင်း အလင်းရောင်အောက်မှာ လူသွားလမ်းပေါ်က ရေကွက်တို့ ရွှန်းရွှန်းလက်လက်။ မိုးအရွာစဲသွားသည့် အချိန်ပိုင်းလေးတွင် လူနာဆင်ဝင်အောက်က ပန်းပင်တို့ မည်သို့ရှိနေမည်ကို ခဏမျှ နိုးကြောင်နိုးဝှက် သွားကြည့်ပေဦးမည်။ သစ်ရွက်အကြွေတို့မှာ လှေကားထစ်များပေါ်၌ ပြန့်ကြဲလျက်။ သော့ခတ်ထားရာအခန်းထဲမှ လွင့်မျောလာသော အမွှေးဆပ်ပြာသို့မဟုတ် ခေါင်းလျှော်ရည် ရနံ့ခပ်သင်းသင်းကို ရှူရှိုက်မိလိုက်ရသည်ဟု ဇဗိထင်နေသည်။ သူက လှုခြေတိတ်သည့် လမ်းကျဉ်းတစ်လျှောက် ဟိုဟိုသည်သည် သွားနေမည်။ သစ်ကိုင်းများပေါ်မှ မိုးရေစက်တို့ အဆောင်းမပါသည့် သူ့ခေါင်းထက်သို့ တစက်စက်ကျလာသဖြင့် သူ့အခန်းပြန်ကာ အမှောင်ထဲမှာ မျက်လုံးများ ဖွင့်ထားလျက်ဖြင့် တစ်နေ့တာ နောက်ဆုံးသတင်းကြေညာသံတို့ကို နားစွင့်နေပေလိမ့်မည်။ မနက်စောစော ရှိရှိသမျှတို့ စို့ရွဲမှောင်ရိပ်ညို့ညို့လွှမ်းခြုံထားခိုက် နွားနို့ညှစ်ရန် နွားခြံသို့ သွားနေသူ နို့ညှစ်အလုပ်သမားတစ်ဦးအား သူက ဖမ်းတားလိုက်၏။ "ကြားပြီးပြီလား၊ နော်ဝေဘုရင်မင်းမြတ် မနေ့ညက နတ်ရွာစံသွားပြီ၊ ကင်ဆာတဲ့ဗျာ၊ အသည်းကင်ဆာတဲ့" သူက ကြေကြေကွဲကွဲအသံဖြင့် သတင်းဖောက်သည်ချလိုက်သည်။

-Translated, from the Hebrew, by Sondra Silverston

THE NEW YORKER JANUARY 17, 2011 မှ ဂျူးစာရေးဆရာကြီး AMOS OZ ၏ THE KING OF NORWAY ဝတ္ထုကို ဘာသာပြန်သည်။

**သစ်စိုး**






www.burmeseclassic.com

www.burmeseclassic.com




ကျွန်မထက် အသက်ပေါင်းများစွာကြီးမြင့်မားတဲ့ ကျောက်[illegible]တောင်ကမ်းပါး[illegible]တွေ
ကိုင်ကြည့်ခဲ့ဖူးပါတယ်။ အလွန်အမင်း မာကျောခက်ထန်တဲ့ ကျောက်သားထုကြီးကို
နှစ်ခါ သေသေချာချာထိကစ်ထားမိပါသေးတယ်။ ထိ တွေ့ခြင်း
မတွေ့တ်ပါဘူး။ မာကျောခက်ထန်လှတဲ့ ရှိုးဆေးတွေ ကျွန်မ ရဲ့နှလုံးသား
ပြည့်အားပြည့် စီးကူးလာစေဖို့ပါ။ ဟုတ်ပါတယ်။ ကျွန်မတို့ရဲ့ရင်ထဲမှာ
ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေကို ရဲရဲရင့်ရင့်ချမှတ်နိုင်ဖို့ အမှန်တကယ်လိုအပ်နေပြီ။





www.burmeseclassic.com



ဒီအသိနဲ့ဒီအတွေးဟာ ကျွန်မတို့ အားလုံးအတွက် မနှောင်းသေးဘူးလို့ပဲ တွေး ထားလိုက်ချင်ပါတယ်။

[illegible]ကာယ်ဆိုရင် ကျွန်မ ဒီ တောင်ပေါ်ကို [illegible]ထိကို ရောက်လာခဲ့တာ [illegible] လည်[illegible] [illegible] အမှန် [illegible] [illegible] [illegible] ကိုယ်[illegible] [illegible] ပတ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံး ပျောက်ကွယ်နေတယ်ထင်ပါရဲ့။ ပျောက်နေတာလား၊ အမှေ့ကြီး မေ့နေခဲ့တာလား၊ သတိပြုရ ကောင်းမှန်း မသိလောက် အောင်ကိုပဲ အတွေးအမြင်ဗဟု သုတတွေ နုံချာတာလားလို့ ရဲရဲတောက် မတွေးဝံ့ခဲ့ပါဘူး။ ခုတော့ ကျွန်မတွေးတတ်ခဲ့ပြီ။ တောင်ပေါ်ရောက်မှ ကိုယ့်မြေ ကိုယ့်ရေကို မြတ်နိုးမြတ်နိုးချစ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေက ရင်နာနာနဲ့ပြောနေကြပြီ။ ''အုတ်ဂူဖွေးဖွေး တိုက်ဖွေးဖွေး''တဲ့။ အဲဒီစကားဟာ ကျွန်မရဲ့အိပ်ပျော်နေတဲ့ အသိစိတ်ကို ကြမ်းကြမ်းရမ်းရမ်းကြီး လှုပ်နှိုးဆွဲထူလိုက်သလိုပါပဲ။ ကျွန်မတို့တွေ မျက်စိတွေ ဖွင့်ရတော့မယ်။ နားတွေ စွင့်ရတော့မယ်။ ဒီအတွေးကို ကျွန်မရဲ့သူငယ်ချင်း သူနာပြုဆရာမ နန်းနော်ငင်းကြောင့် ရခဲ့တာ ဖြစ်ပါတယ်။

နန်းနော်ငင်းဆိုတာ ရှမ်းကုန်းမြင့်တောင်တန်းကြီးတွေကို အလှဆင်မယ့် သားကောင်းရတနာ သမီးကောင်းရတနာတွေ အများကြီးမွေးထုတ်ပေးနေတဲ့ သူနာပြုသားဖွား ဆရာမတစ်ယောက်ပါ။ သူကပြောဖူးတယ် ''ငါလေ ဟိုးအရင် ငယ်ငယ်လေးကတည်းက ဆရာဝန်အရမ်းကို ဖြစ်ချင်ခဲ့တာ၊ ဒါပေမဲ့ ဆယ်တန်းအောင်တော့ အမှတ်မမီလို့ ဆရာဝန်မဖြစ်ခဲ့ဘူး။ အဲဒီတုန်းကများ ငိုလိုက်ရတာ၊ နောက်တော့ ဆရာဝန်မဖြစ်ချင်လည်း နေပါစေ၊ သူနာပြုတော့ လုပ်ကိုလုပ်ရမယ်ဆိုပြီး လုပ်လိုက်မိပါတယ်၊ ကြည့်စမ်း ခုတော့ ငါမွေးထုတ်ပေးလိုက်တဲ့ ငါတို့နိုင်ငံအတွက် မျိုးဆက်သစ်ကလေးတွေ၊ ငါသိပ်ကို ကျေနပ်သွားပြီ၊ ငါ့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ဟာ တကယ်ကို မွန်မြတ်တယ်၊ ငါပြောရဲပြီ သိလား နှင်းနှင်းဆီ ငါဟာ နိုင်ငံ့သားကောင်းတစ်ယောက်ပဲ''တဲ့။ အဲဒီစကားကို ကြားခဲ့တုန်းက အမှန်ပြောရရင် ကျွန်မရဲ့သူငယ်ချင်း နော်ငင်းကို ကျွန်မရယ်ချင်ခဲ့သေးတာ၊ စိတ်ထဲမှာလည်း ဒီမိန်းမနှယ်နော် ပြောလိုက်ရင် သူ့စကားတွေဟာ မိုးကြီး လေကြီးချည့်ပဲ။ လူကဖြင့် သွားကြားထိုးတံ။

ဟုတ်ပါရဲ့။ ပြောမယ်ဆိုရင်လည်း ပြောချင်စရာ။ ကျွန်မတို့သူငယ်ချင်း နန်းနော်ငင်းကလေးက ဖြူဖြူသေးသေးလေးရယ်ပါ။ သူ့ရဲ့သူနာပြုဝတ်စုံကလေးသာ ဝတ်မထားရင် တကယ့်ကိုကလေးလေးပဲ၊ နာမည်ကလေးနဲ့လည်း လိုက်တယ်။ နန်းနော်ငင်းရဲ့အဓိပ္ပါယ်က စီးဆင်းနေတဲ့ ငွေရောင်မြစ်ကလေးတဲ့လေ။ ခုတော့ ကျွန်မမှာ ငွေရောင်မြစ်ကလေး နန်းနော်ငင်းကို ကျေးဇူးတင်နေရပါပြီ။ ငွေရောင်မြစ်ကလေးနဲ့ ကျွန်မက ရေစက်နီးကြသူတွေပါ။ သူနဲ့ကျွန်မ အလယ်တန်းကတည်းက တစ်ခုံတည်း အတူထိုင်ခဲ့ကြရပါတယ်။ ဆယ်တန်းအတူအောင်ပြီး တက္ကသိုလ် တက်ကြတော့မှ သူကသူနာပြု တက္ကသိုလ်ကို ရွေးချယ်ခဲ့တယ်။ ကျွန်မက ပညာရေးတက္ကသိုလ် ကို ရွေးချယ်ခဲ့ပါတယ်။ ခုတော့ မမျှော်လင့်ဘဲ ကျွန်မတို့ ပြန်ဆုံခဲ့ကြပြန်ပါပြီ။ အလုပ်တွေ ကိုယ်စီကိုယ်င လုပ်ကိုင်ရတဲ့ အရွယ်ကိုရောက်လို့ ပြန်ဆုံတော့ သူ့ဇာတိမြေဖြစ်တဲ့ ရှမ်းရိုးမတောင်တန်းကြီးရဲ့ တောင်စွယ်ကလေးတစ်ခုပေါ်မှာ။ ငယ်ငယ်ကအတူနေ အတူစား အတူစာကျက်ခဲ့ကြတယ်။ ငယ်ငယ်က အလွန်အားငယ်တတ်တဲ့ နော်ငင်းရဲ့လက်ကလေးကို ကျွန်မက မြဲမြဲဆုပ်ကိုင်ပြီး အားပေးတွဲခေါ်ခဲ့ဖူးတယ်။ ခုချိန်မှာတော့ နန်းနော်ငင်းဆိုတာ ဘယ်သူဘယ်ဝါရဲ့ အကူအထောက်မှ မလိုတော့ဘဲ သူ့အားသူ့မာန်နဲ့တောင် အများသူငါကို အကျိုးပြုနိုင်တဲ့သူ ဖြစ်နေပြီ။ သူ့အလုပ် ကိုယ့်အလုပ်မတူပေမယ့် အားတဲ့ရက်ဆို မဆုံမဖြစ် အတူဆုံကြရပြန်ပါပြီ။ သူလိုတာ ကိုယ်ဖြည့် ကိုယ်လိုတာ သူဖြည့်ပြီး အတွဲညီနေကြလို့။ ဒီတစ်ခေါက်ပြန်ဆုံစည်းရခြင်းမှာကတော့ နော်ငင်းက ကျွန်မအတွက် မရှိမဖြစ်လိုအပ်နေသူ အဖြစ်ပါ။

ပြောရရင် ခုချိန်မှာတော့ ကျွန်မက နော်ငင်းကို ဖြည့်ပေးရတယ်ဆိုတာထက် နော်ငင်းရဲ့အကူအညီတွေကို အများကြီးယူရတယ်ဆိုမှ မှန်မှာပါ။ ဘာလို့လဲဆိုတော့ ဒီနေရာမှာ ကျွန်မအတွက် အခက်အခဲက အံ့သြဖွယ်ကောင်းစွာ 'ဘာသာစကား' ဖြစ်နေလို့ပါပဲ၊ တကယ်ပါ။ ကျွန်မ မှန်ကန်သော သစ္စာဆိုပြီး ပြောရဲပါတယ်။ ဒီနေရာကို ကျွန်မ ရောက်လာတယ်ဆိုတာ မြေပြန့်မှာ စိတ်ညစ်လွန်းလို့၊ မြေပြန့်မှာ မနေချင်လွန်းလို့ ရောက်ချင်ရာရောက်ဆိုပြီး နေရာရွှေ့လာခဲ့ပါတယ်။ တောင်ပေါ်ကို ရောက်ရောက်ချင်း ပြန်ဆင်းပြေးချင်လောက်အောင် စိတ်ညစ်ရတာ အဲဒီဘာသာစကားကိစ္စပါပဲ။ စိတ်ညစ်လွန်းလို့ တွေးမိပါတယ်။ ''ကိုယ့်နိုင်ငံထဲမှာ နေ နေရတာရော ဟုတ်ပါသေးရဲ့လား'' လို့ ဝမ်းနည်းပက်လက်တွေးမိတဲ့အထိပါပဲ။ အဲဒီအခက်အခဲကို ကူညီပေးခဲ့သူက နော်ငင်းပါပဲ။ သူ့စကားကြောင့် ကျွန်မ အားရှိခဲ့ရပါတယ်။

နော်ငင်းကပြောတယ်။ ''နင် နင့်ရဲ့ဇာတိမန္တလေးကိုတော့ သိပ်ချစ်တာပဲဆို၊ လူမျိုးတစ်မျိုးရဲ့ ဘာသာစကားဆိုတာကလည်း ကိုယ့်ဇာတိကို ချစ်သလို ကိုယ့်အဖေအမေကို ချစ်သလို ချစ်နေတတ်တာမျိုးပဲလေ၊ မွေးကတည်းက ပြောလာကြတာကိုးဟဲ့၊ ကိုယ်ပြောနေကျ စကားနဲ့ပဲ ကိုယ်ပြောချင်ကြတာပေါ့၊ ရှမ်းကလည်း ရှမ်းလိုပဲပြောချင်မှာ၊ 'ဝ' ကလည်း 'ဝ' လိုပဲ ပြောချင်မှာ၊ လားဟူလည်းလားဟူ လိုပဲ ပြောခဲ့ကြတော့ တစ်သက်လုံးက ပြောခဲ့တဲ့ ကိုယ်စကား ကိုယ်ပဲ ပြောကြမှာပဲလေ၊ နင့်လုပ်ငန်းကို အောင်မြင်ချင်တယ်ဆိုရင် နင် ဒီနေရာမှာ ပထမဦးဆုံးလုပ်ရမယ့်အလုပ်က စကားသင်ဖို့ပဲ၊ ဒါကလွဲပြီး ဘာမှမရှိဘူး''တဲ့။ စခြင်းတော့ ကျွန်မ အတော်လေး စိတ်ညစ်သွားပါတယ်။

ကျွန်မလုပ်ရမယ့်အလုပ်က သူများတွေကို စာသင်ပေးရမယ့်အလုပ်ပါ။ ဘယ်နှယ့်စစဦးချင်း ကိုယ်က ဆရာမ မဖြစ်ရသေးဘူး၊ အရင်ဦးဆုံး တပည့်ဖြစ်ရဦးမယ်လို့တွေးပြီး စိတ်တွေရှုပ်ထွေးလို့ပေါ့။ ကျွန်မရောက်နေတဲ့ရွာကလေးက လားဟူတိုင်းရင်းသားတွေများတဲ့ ရွာကလေးပါ။ ရိုးသားတာကတော့ အလွန်ပါပဲ။ ရွာမှာ တွဲဖက်အလယ်တန်းကျောင်းကလေး စဖွင့်ဖို့အတွက် ကျွန်မက ကျောင်းအုပ်ဆရာမကြီးအဖြစ် ရောက်လာရတာပါ။ ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းလိုက်တဲ့ ဘာသာစကားရဲ့ဒုက္ခကိုဖြေရှင်းဖို့ နော်ငင်းကို အကြံတောင်းတဲ့အခါ သူက 'လားဟူ' စကားသင်ဖို့ အရေးတကြီး ပြောပါတယ်။ ပြောမယ့် ကြုံဖူးမှသိဆိုသလိုပါပဲ။ ဟော ဒီနေရာမှာ သူတို့စကားမပြောတတ်ရင် ထမင်းတစ်လုတ်စားဖို့

www.burmeseclassic.com

မပြောနဲ့ ရေလေးတစ်ပေါက် သောက်ရဖို့တောင် စဉ်းစားခွင့် မရှိဘူးလေ။ ဘာလို့လဲဆိုတော့ ရွာသူရွာသားတွေက သိပ်ကို ကြောက်တတ်ကြတယ်၊ သူစိမ်းကို ဖြစ်နိုင်ရင် အတွေ့ခံလေ့မရှိကြတော့ ရေတောင်း သောက်ချင်ရင် အနည်းဆုံးတော့ လားဟူလို နှုတ်ဆက်တတ်ရမယ်။

တိုတိုပြောရရင် ကျွန်မရဲ့ သူငယ်ချင်း နန်းနော်ငင်းကျေးဇူးကြောင့် ရွာခံမြန်မာစကား ပြောနိုင်သူတစ်ယောက်နဲ့ ရင်းနှီးခွင့်ရခဲ့ပါတယ်။ သူ့ကို အားလုံးက 'အော်ဗစ်ပန်' လို့ခေါ်ကြတယ်။ နာမည်ရင်းတော့ မဟုတ်ဘူးလို့ ဆိုတာပါပဲ။ ဒါပေမဲ့ ခုချိန်ထိ သူ့နာမည်ကို ကျွန်မ မသိသေးပါဘူး။ ကျွန်မလည်း သူ့ကို အများခေါ်သလို အော်ဗစ်ပန်လို့ပဲခေါ်ဖြစ်ခဲ့ပါတယ်၊ နောက်တော့မှ သိလာရတယ်လေ။ လားဟူလို အော်ဗစ်ပန်ဆိုတာ မြန်မာလို အစ်ကိုလို့ အဓိပ္ပါယ်ရတာကိုး။ တကယ်တော့ သူနဲ့ကျွန်မက အသက်သိပ်မကွာလှဘဲ ကြီးလည်း တစ်နှစ် ငယ်လည်း တစ်နှစ်လောက်ရှိမယ့် သက်တူရွယ်တူတွေပါ။ အများခေါ်သလို လိုက်ခေါ်ရင်း အော်ဗစ်ပန်လို့ပဲ လွယ်လွယ်ကူကူ ခေါ်ဖြစ်သွားတာပါ။

ကျွန်မတို့အညာခေါ်ခေါ်ရင် ကာလသားခေါင်းလို့ ခေါ်ရမလားမသိဘူး။ သူက အရာရာကို စဉ်းစားချင့်ချိန်တတ်ပြီး ဦးဆောင်နိုင်တယ်။ လူချစ်လူခင်ပေါတယ်။ ဒါပေမဲ့ သူ့မှာ မိသားစုရှိပါတယ်။ သူ့မိန်းမက 'နာဘိုဆာ'တဲ့။ ကျိုင်းတုံ တာချီလိတ် ကားလမ်းမကြီးပေါ်က ကားရပ်နားစခန်းတစ်ခုဖြစ်တဲ့

> "တစ်ယောက်ရဲ့ ရင်ထဲမှာရှိနေတဲ့ စိတ်ကူးဟာ ဘယ်လောက်ပဲ ကောင်းကောင်း တခြားသူတစ်ယောက် နားလည်အောင် ပြောမပြနိုင်ရင် အရှုံးပဲ၊ တိုင်းရင်းသားတွေဟာ ကိုယ့်အစုလေးနဲ့ကိုယ် အေးအေးချမ်းချမ်းလုပ်ကိုင်စားသောက်နေကြတယ်၊ ကိုယ့်ဘာသာစကား တိုပဲကိုယ်နားလည်တယ်၊

ဘန့်ကွဲကားဂိတ်မှာ ရှမ်းခေါက်ဆွဲ ရောင်းတယ်။ ရွာရဲ့အနေအထားနဲ့ပြောမယ်ဆိုရင် သမီးချည်းလေးယောက်တောင် မွေးထားတဲ့ သူတို့မိသားစုစီးပွားရေးက ကောင်းတယ်ပေါ့။ ဒါကြောင့်လည်း အော်ဗစ်ပန်တစ်ယောက် လူမှုရေးလုပ်ငန်းတွေကို စိတ်တိုင်းကျ လုပ်နိုင်နေတာလေ။

အော်ဗစ်ပန်ဆိုတဲ့လူက ဘယ်သူ့ကို ဘယ်လိုကူညီရကူညီရ ဘယ်တော့မှ နောက်မတွန့်တတ်တဲ့ လူစားမျိုး။ သူ့ကို အားလုံးက အချိန်မရွေး အခါမရွေး အကူအညီတောင်းရဲတယ်၊ ဒါကြောင့် နော်ငင်းက ပြောတယ်။ "နင်နဲ့ လုပ်ငန်းလုပ်တဲ့အခါ ပြောလို့ဆိုလို့လည်း ရနိုင်မှာ အတွေးအခေါ်ခြင်းလည်း မတိမ်းမယိမ်းဖြစ်မယ့်သူဆိုလို့ ရွာမှာ ဒီလူတစ်ယောက်လောက်ပဲ ရှိနိုင်မယ်၊ ရွာမှာ လူငယ်လူရွယ် သိပ်ကိုရှားနေပြီတဲ့" အစတော့ သူ ဘာကြောင့် ဒီလိုပြောသလဲ။ ကျွန်မ နားမလည်ခဲ့ဘူး။ ရွာမှာ နေကြည့်လိုက်တော့မှ ...။ တကယ့်ကိုပါပဲ ..။ အလုပ်လုပ်နိုင်တဲ့လူငယ်လူရွယ် အတော်ကို ရှားနေပြီဆိုတာ သိလိုက်ရပါတယ်။

"ဆရာမကြီးရဲ့ မရှိဆို အရွယ်ရောက်တာနဲ့ ဟိုဘက်ကမ်းကိုသွားပြီး အလုပ်လုပ်ကြတယ်လေ" လို့ အော်ဗစ်ပန်က ရှင်းပြပါတယ်။ သူလည်း တစ်ချိန်က ဟိုဘက်မှာသွားပြီး အလုပ်လုပ်ခဲ့ဖူးတယ်ပြောတာပါပဲ။ တစ်ခုကောင်းသွားတာက သူက ဆယ်တန်းအထိ စာသင်ခဲ့ဖူးပြီး မြေပြန့်မှာလည်း သုံးနှစ်လောက် အလုပ်လုပ်ခဲ့ဖူးလို့ပါ။ အော်ဗစ်ပန်က "ကျွန်တော်က လုံ့စိုင်းလိုင်းစုံ" လို့လည်း အားရပါးရရယ်ပြီး ပြောတတ်သေးတယ်။ ဘာပဲဖြစ်ဖြစ် တောင်ပေါ်ကို ရောက်ကတည်းက ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်နိုင်ခဲ့လေတော့ သူများနာခေါင်းနဲ့ အသက်ရှူရတဲ့ထဲမှာ ကျွန်မ အားကိုးဆုံးလူကတော့ အော်ဗစ်ပန်ပဲ ဖြစ်ပါတယ်။ အော်ဗစ်ပန်က ကျွန်မကို လားဟူစကားရော အပြောများတဲ့ ရှမ်းစကားပါ သင်ပေးခဲ့ပါတယ်။

သင်တဲ့လူကလည်းတော်ပြီး ကျွန်မကလည်း အမြန်ဆုံးကို တက်ချင်နေတာဆိုတော့ ထမင်းစားရေသောက်လောက်ကတော့ တစ်ပတ်အတွင်းမှာ ပြောနိုင်တော့တာပါပဲ။ ရရှိတဲ့အကျိုးကျေးဇူးကတော့ အံ့မခန်းလို့ကို ပြောရလိမ့်မယ် ထင်ပါရဲ့။ ရေရေလည်လည်တောင် မပြောတတ်သေးဘူး။ ဆရာမကြီးက ရှမ်းစကားသင်နေပြီလို့ ရွာထဲက ကြားတာနဲ့ကိုပဲ အတော်လေး နွေးထွေးနေကြပြီလေ။ အလွန်ကိုရိုးသားကြသူတွေဆိုတော့ သူတို့ချက်တဲ့ ဟင်းကလေးတွေ ယူလာကြပြီး ကျွန်မနဲ့စကားပြောကြမလို့တဲ့။ ပြောကြည့်မှ ဘာမှမတတ်သေးတာတွေ့ရတော့ ရယ်ရယ်မောမောနဲ့ "အော်ဗစ်ပန်ညံ့သေးတယ်" ပြောပြီး ပြန်သွားကြပါလေရော။

တဖြည်းဖြည်းနဲ့ နေသားတကျဖြစ်လာရတာ အော်ဗစ်ပန်တို့မိသားစုကြောင့်လို့ ပြောချင်ပါတယ်။ သူတို့မိသားစုကို ကြည့်ပြီး အားတက်ရတယ်။ အဖေလုပ်တဲ့သူက အများအကျိုးတွေ အများကြီးလုပ်နေတဲ့အချိန်မှာ အမေလုပ်တဲ့သူက ဈေးရောင်းပြီး စီးပွားရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com

သမီးလေးနှစ်ယောက်က အလယ်တန်းကျောင်းသူလေးတွေ။ စာကြိုးစားပြီး လိမ္မာလွန်းလို့ ကျွန်မချစ်ရတဲ့ တပည့်တွေထဲမှာ ထိပ်ဆုံးကပါတဲ့ကလေးနှစ်ယောက်လေ။ ဒါပေမဲ့ သူတို့မိသားစုဟာ ပြီးပြည့်စုံတဲ့ပျော်ရွှင်မှုကို ရနေကြတယ်လို့တော့ မဆိုနိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခုချိန်မှာ သူတို့မိသားစု လူမစုံလို့ပါပဲ။ အကြီးမလေးနှစ်ယောက်က တစ်ဖက်နိုင်ငံမှာ သွားပြီးအလုပ်လုပ်နေကြလို့ပါ။

"ဆရာမကြီးရေ အပြစ်တင်ရင်လည်း ခံရတော့မှာပဲ၊ ဒီ့အရင်ငါးနှစ်လောက်က ကျွန်မတို့ ဒုက္ခ သိပ်ရောက်နေတဲ့အချိန်မှာ ကလေးတွေက အလုပ်လုပ်ချင်တယ်ဆိုပြီး လိုက်သွားကြတာ၊ သူတို့ကို တားနိုင်စွမ်းမရှိခဲ့ဘူး။ ဒါပေမဲ့ ကံကကောင်းချင်တော့ စက်ရုံမှာလည်း မလုပ်ရဘူး၊ သူများအိမ်မှာလည်း အခိုင်းအစေ မလုပ်ရဘူး။ နတ်စင်ဆောက်တဲ့ အသေးစားလုပ်ငန်းလေးတစ်ခုမှာ ဆေးသုတ်တဲ့အလုပ်ကို လုပ်ရတယ်၊ အလုပ်ရှင်က အမျိုးသမီး။ လက်သမားကြီးကလည်း အညာသားတစ်ယောက်ပဲ၊ ကျုန်တဲ့အလုပ်သမား မထားဘူး၊ သမီးတို့ညီအစ်မနှစ်ယောက်ကပဲ သူလုပ်ထားတဲ့ နတ်စင်လေးတွေကို ဆေးနိုင်နိုင်သုတ်ရုံပဲဆိုတော့ အန္တရာယ်ကင်းကင်းနဲ့ လုပ်ရတယ်ဆိုပြီး ဒီလိုပဲ ခွဲခွါနေရတာ" လို့အော်ဗစ်ပန်က လွမ်းလွမ်းဆွေးဆွေး ပြောပြပါသေးတယ်။

အော်ဗစ်ပန်စကားပြောရင် သူ့ကိုယ်သူ 'ကျွန်' လို့ပြောလေ့ရှိပြီး ဘာလေးပြောပြော ခံစား

> "ငါ့ရှမ်းမြို့ကလေးကသဘာဝအလှပဲ ရှိတာတဲ့၊ ထူးထူးခြားခြား တိုးတက်တာဘာမှမရှိဘူး၊ နောက်ပြီး နယ်မြေက မအေးချမ်းဘူး၊ စာတတ်ပေတတ် ရယ်လို့လည်း ရှားလွန်းတယ်၊ မြေပြန့်လို အစစအရာရာတိုးတက် အောင်မြင်အောင် လုပ်ချင်တယ်ဆိုရင် ပထမဦးဆုံးစာတတ်ဖို့ လိုမယ်" ဆိုတဲ့...

မှုအပြည့်နဲ့ ပြောတတ်ပါတယ်။ "ဆရာမကြီးရယ် ကြာရင် ကျွန်တို့ရွာမှာ မိန်းကလေးမှ ရှိပါဦးတော့မလား" လို့လည်း မျက်စိပျက်မျက်နှာပျက်နဲ့ ပြောတတ်ပြန်သေးတာ၊ ကျွန်မတို့များ ဘယ်လောက်ညံ့လိုက်သလဲလေ၊ မပူပါနဲ့ အော်ကြီးရာ အဲဒီတာဝန်ကို နော်ငင်းက ယူပါလိမ့်မယ်" လို့ ဘာမသိညာမသိ ရယ်စရာလိုလို ပြောမိခဲ့သေးရဲ့။

တစ်နေ့မှာတော့ နော်ငင်းက ကျွန်မကို ခေါ်တယ်လေ။ "ငါတို့တွေ ကွင်းဆင်းဆေးကုသွားကြမှာ ဆရာဝန်ကြီးတွေလည်း ပါမယ်၊ တခြားသူနာပြုတွေလည်း ပါမယ်၊ ငါကတော့ မွေးပေးထားတဲ့အမေတွေကိုလည်း ကြည့်ရင်း ကာကွယ်ဆေးထိုးပေးဖို့ လိုက်ရမှာ၊ တစ်နေ့တော့ ကုန်မှာပေါ့ဟယ်၊ နင်လည်း ကျောင်းပိတ်နေသားပဲ၊ လိုက်ခဲ့ပါလား၊ နင့်ကို ငါအရေးတကြီးပြစရာရှိတယ်၊ ဗဟုသုတ လည်း ရတာပေါ့ " တဲ့။ အမှန်အတိုင်းပြောရရင် ကျွန်မရဲ့ကျောင်းကလေးထဲမှာ ငြီးငွေ့နေမိတာကြာပြီဆိုပါတော့။ ဝန်ထမ်းဆရာမလေး လေးယောက်ကလည်း ကျောင်းချိန်ကလွဲရင် ကျောင်းမှာမရှိကြဘူး။ ကိုယ့်ရွာကိုယ်ပြန်ဖို့ပဲ အာရုံစိုက်နေကြတာ။ ကျောင်းတက်ချိန်မှာတောင် အတန်းတစ်တန်းမှာ ကျောင်းသူကျောင်းသားကလေးကရှိလှရင် ဆယ်ယောက်ပေါ့။ အလယ်တန်းကျောင်းတစ်ကျောင်းမှာ ဆရာဆရာမကျောင်းရှိဦးရေ ငါးယောက်ဆိုရင် မြေပြန့်က လူတွေ ယုံနိုင်မယ်တောင် မထင်ပါဘူး။

ကျွန်မကတော့ ကျောင်းမြဲနေရတာပေါ့။ ကျောင်းအုပ်တာဝန်ကို ကျေပြွန်ချင်တယ်ဆိုတာထက် ကျွန်မမှာ ဒီနေရာကနေပြီး သွားစရာမှမြေမရှိပေပဲလေ။ ဒီလိုပဲ နေ့တွေရက်တွေ ကုန်ဆုံးခဲ့တာပါ။ လူ့ဘဝဆိုတာကြီးက ထမင်းစားပြီး စိတ်ညစ်ရတတ်တဲ့ စက်ရုပ်လိုပါပဲလို့ ကျွန်မက ကိုယ့်ဘဝကို အဓိပ္ပါယ်ဖွင့်ပြီး ငြီးငွေ့နေတဲ့သူလေ။ နော်ငင်းက ကျွန်မကို ကြည့်ပြီး ခေါင်းရမ်းတယ်။ "နင် တစ်ခုခုတော့ မှားနေပြီ နှင်းနှင်းဆီ၊ ငါသိခဲ့တဲ့နှင်းနှင်းဆီဆိုတာ ဒီလိုမှမဟုတ်ဘဲ၊ နင်ဘာတွေဖြစ်ခဲ့သလဲ၊ ငါ့ကို ရင်ဖွင့်ကွာ၊ နှင်းနှင်းဆီအစစ်နဲ့မှ ငါတို့တောင်ပေါ်မှာ အလုပ်ဖြစ်မယ်" လို့ တတွတ်တွတ်ပြောပေမယ့် ခေါင်းမာတတ်တဲ့ ကျွန်မက တုတ်တုတ်မလှုပ်ခဲ့ဘူး။

စိတ်ဓာတ်ကျခြင်းဟာ အချိန်ဖြုန်းခြင်းဖြစ်တယ်ဆိုတာ လောက်တောင်မှ သတိမရနိုင် လောက်အောင်ကိုဘဲ စိတ်နဲ့လူနဲ့ ဝေးကွာနေခဲ့တာပါ။ ငြီးငွေ့စရာကောင်းလှတဲ့အချိန်တွေကို ကုန်လွန်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ။ နော်ငင်းခေါ်ရာ သူတို့ရဲ့ကွင်းဆင်းဆေးကုအဖွဲ့နဲ့ အပျင်းပြေလိုက်လာခဲ့တယ်လို့ပဲ ရိုးရိုးသားသား ဝန်ခံပါရစေ။ ဒါပေမဲ့ အဲဒီခရီးဟာ ကျွန်မရဲ့ အတွေးတွေကို အတော်လေး ပြောင်းလွှဲစေခဲ့ပါတယ်။ မြင်ရတဲ့မြင်ကွင်းတွေက အံ့သြစရာ။ တကယ်တော့ တောင်ပေါ်ဒေသရဲ့ လှပတဲ့ရှုခင်းတွေက အမြင်အာရုံကို ပထမဦးဆုံး ဆွဲဆောင်လိုက်တာပါပဲ။ တောင်ကုန်းတွေပေါ်မှာ စိုက်ထားခဲ့နေကြခြင်းတွေဆိုရင် ဝေးကကြည့်လိုက်ရင် နေရောင်



www.burmeseclassic.com

www.burmeseclassic.com

အောက်မှာ ရွှေရောင်လှိုင်းတွေလိုပါပဲ။

ကျွန်မမှာ ကြည့်ရှုံနဲ့အား မရဘူးလေ။ "လှလိုက်တာ လှလိုက်တာ နော်ငင်းရယ်" နဲ့ တဖွဖွပြောနေမိတော့တာပဲ။ နော်ကတော့ မျက်နှာမကောင်းရှာဘူး။ ထမင်းစားနားတဲ့အချိန်မှာ တိုးတိုးတိတ်တိတ်နဲ့ "ရှုခင်းသာလှနေသေးတာ နှင်းနှင်းဆီ ငါတို့ရွာသူတွေရဲ့ဘဝလေးတွေဟာ လှစရာမရှိနိုင်တော့ဘူး" လို့ဆိုပါတယ်။ "ဘာတွေလဲဟယ်" လို့ညည်းညည်းညူညူမေးရလောက်အောင် သူ့အမူအရာတွေက ယိမ်းယိုင်လို့နေတယ်။ သူက "လာ ငါနဲ့လိုက်ခဲ့" ဆိုပြီး ရွာထဲကို ခေါ်သွားတယ်။ ရွာလို့ဆိုရပေမယ့် သေးသေးမွှားမွှားတဲတွေကိုတောင် မတွေ့ရဘူး။ အိမ်ခန့်ခန့်တွေနဲ့ တိုက်တချို့ကိုတွေ့ရတော့ "တယ်လည်း ဟုတ်နေပါလားလို့" ပြောမိပါသေးရဲ့။

နော်ငင်းက "ငါကြေကွဲနေတာ ဒီကိစ္စပဲ၊ ဒီတိုက်တွေရဲ့အလွန်မှာ၊ ရွာအစွန်ကို လိုက်ကြည့်ဦး။ တွေ့လား၊ အုတ်ဂူလေးတွေ၊ တွေ့လား၊ ဖွေးဖွေးလှုပ်နေတဲ့ အဲဒီအုတ်ဂူကလေးတွေကို သေသေချာချာသွားကြည့်လိုက်ဦး။ ဂူထဲက အလောင်းတွေထဲမှာ ယောကျ်ားလေးတစ်ယောက်မှ မပါဘူး၊ မိန်းကလေးတွေ မိန်းကလေးတွေဆိုတာတောင် အသက်ကြီး မိန်းမကြီးတွေ မပါဘူး၊ ဆယ်ကျော်သက်အရွယ်ကောင်းကလေးတွေချည့်ပဲ၊ ငါရင်နာတယ်ဆိုတာ အဲဒါကိုပြောတာ" ဆိုတော့ ကြည့်လိုက်မိပါတယ်။ ရွာနဲ့မလိုက်ဖက်တဲ့ မြင်ကွင်းပါ။ သချိုင်းကုန်းကမှူကလေးမှာ ဂူကလေးတွေကို တကယ်ပဲဖွေးနေအောင် မြင်နေရပါတယ်။

"ငါ့နောက်က ဆက်လိုက်ခဲ့ဦး။ ငါလူနာသွားကြည့်ရဦးမယ်" ကျွန်မက နော်ငင်းကို မေးချင်တာတွေရှိပေမယ့် သူက ခြေမြန်လက်မြန်နဲ့ ရှေ့က ထွက်သွားနှင့်ပြီဆိုတော့ ကျွန်မလည်း အပြေးတစ်ပိုင်းလိုက်ရပြန်တယ်။ နော်ငင်းရဲ့ အပြောတွေ အလုပ်တွေက ခါတိုင်း တွေ့ဖူးတဲ့ပုံစံနဲ့ အရမ်းကို ကွာခြားနေပြီး တကယ်ကို လေးလေးနက်နက် ခံစားနေရတယ်လို့ ကျွန်မသဘောပေါက်သွားပါတယ်။ သူ ကျွန်မကို အရေးတကြီးပြောစရာ ပြစရာရှိတယ်ဆိုတာ ဒါပဲနေမှာပါ။ ကျွန်မစိတ်ထဲမှာလည်း အမျိုးအမည်မဖော်ပြတတ်တဲ့ ဝေဒနာတစ်ခုတော့ ခံစားမိခဲ့တာ အမှန်ပါပဲ။



"နှင်းနှင်းဆီ ငါ အခုသွားကြည့်မယ့်လူနာက ခါတိုင်းကြည့်နေကျ မွေးလူနာမျိုးတော့ မဟုတ်ဘူး၊ သိပ်ပြီး သနားစရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ပေါ့၊ 'အခါ' မျိုးနွယ်ထဲကလေ၊ အသက်ကလေးမှ ဆယ့်ငါးနှစ်သာသာပဲ ရှိသေးတာ ဖြူဖြူဖွေးဖွေး ချောချောကလေးဟယ်၊ သူလေ ဘာဖြစ်နေသလဲ သိလား" ဆိုပြီး စကားဆက်မပြောတော့ဘူး။ ကျွန်မသိလိုက်တာပေါ့။ "သူ ဟိုဘက်မှာ ဒုက္ခရောက်ခဲ့တာလားဟင်" လို့ ကျွန်မ တိုးတိုးတိတ်တိတ် မေးမိတယ်။ ဒီကလေးဟာလေ ဘယ်အရွယ်ကများ ဟိုဘက်ကိုပါသွားခဲ့တာပါလိမ့်။ သူ့မိဘတွေက မပြောတော့ဘူးလား။ ဘာကြောင့်များ ကိုယ့်ဒုက္ခကိုယ်ရှာရတာပါလိမ့်၊ ကျွန်မမှာ အတွေးစတွေ ရှည်နေမိတယ်။

"နင့်ကို ငါခဏခဏပြောနေမိတဲ့ ဘာသာစကားပဲပေါ့ နှင်းနှင်းဆီ၊ ငါတို့တောင်ပေါ်သားတွေဟာ သိပ်ကိုရိုးသားကြတယ်၊ မတရားသဖြင့် စီးပွားရှာချင်တဲ့ လူညစ်တွေအတွက်တော့ ငွေတွင်းကြီးပေါ့ဟယ်၊ သူတို့ကလေ နင်စိတ်ညစ်ခဲ့ဖူးတဲ့ ဘာသာစကားကို ကောင်းကောင်းကြီး အသုံးချသွားကြတော့တာပဲ၊ နင်ပြောတယ်နော်၊ မိဘတွေက မတားကြဘူးလားလို့၊ နင်မအံ့ဩနဲ့ အရမ်း ရိုးသားတဲ့မိဘတွေကိုရော ဘာမှနားမလည်တဲ့ကလေးတွေကိုပါ သေသေချာချာကြီးလာပြီး စည်းရုံးသွားတာ တောင်ပေါ်ဘာသာစကားနဲ့ပဲပေါ့" နော်ငင်းရဲ့မျက်နှာက တင်းပြီး ထန်နေတယ်။ ကျွန်နားမလည်နိုင်တဲ့ထဲမှာ ဘာသာစကားအခက်အခဲဆိုတာက ထိပ်ဆုံးကတဲ့လား။

"တစ်ယောက်ရဲ့ရင်ထဲမှာ ရှိနေတဲ့စိတ်ကူးဟာ ဘယ်လောက်ပဲ ကောင်းကောင်း တခြားသူတစ်ယောက် နားလည်အောင် ပြောမပြနိုင်ရင် အရှုံးပဲ၊ တိုင်းရင်းသားတွေဟာ ကိုယ့်အစုလေးနဲ့ကိုယ် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နေကြတယ်၊ ကိုယ့်ဘာသာစကားကိုပဲ ကိုယ်နားလည်တယ်၊ ဒီလိုနေနေတဲ့အခြေအနေမှာ မြေပြန့်ကလာပြီး အလုပ်လုပ်တဲ့သူတွေက ဒီမှာ ဘယ်လောက်ကြာကြာနေကြလို့လဲ၊ ကြာကြာနေတော့ရော ဒီဒေသလေးအတွက် ဘာတွေလုပ်ပေးသွားနိုင်ခဲ့ကြသလဲ၊ မိနှင်း နင် စိတ်မဆိုးနဲ့၊ နင်တစ်ယောက်ထဲကို ကွက်ပြီး အပြစ်တင်နေတဲ့ သဘောမဟုတ်ဘူး၊ နောက်ပြီး ဘယ်သူ့ကိုမှ လက်ညှိုးထိုးပြီး အပြစ်တင်ချင်တာမျိုးလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီအတိုင်းသာ ကြာကြာပစ်ထားရင် နောက်ဆယ်နှစ်လောက်ဆိုရင် တို့တောင်ပေါ်ဒေသကလေးရဲ့ ရှေ့ရေး ငါတွေးတောင်မတွေးရဲဘူး" လို့ဆိုပါတယ်၊ ကျွန်မရဲ့

www.burmeseclassic.com

တစ်ကိုယ်လုံးကို ကြိုးစရှည် ရှည်နဲ့ဆွဲပြီး အတုပ်အနှောင် ခံလိုက်ရသလိုပါပဲ။

ကျွန်မတို့သွားလာနေကြတဲ့ ဝန်းကျင်တစ်ခုမှာ ရှမ်းဘုန်းတော်ကြီး ကျောင်းလေးတွေ ရှိတယ်။ ဗုဒ္ဓဘာသာကိုးကွယ်ကြတယ်။ တချို့ ခရစ်ယာန်ဘာသာကို ကိုးကွယ်တယ်။ များသောအားဖြင့်ကတော့ မိရိုးဖလာဘာသာရေးမျှသာပါပဲ။ စီးပွားရေးအနေနဲ့ကတော့ ကောင်းလှတယ်မဟုတ်ပါဘူး။ ပြောရရင်တော့ ကျွန်မလွန်ရာကျဦးမယ်လေ။ ကျွန်မတို့ရဲ့ ရှမ်းတောင်တန်းကြီးကို အလှဖျက်ခဲ့တဲ့ တရားခံဘယ်သူလဲဆိုတာ အားလုံးအသိပါ။ ခုချိန်ကျခါမှ အစကနေပြန်ပြီး တူးဖော်တယ်လို့ မထင်လိုက်ပါနဲ့။ စာမတတ်ဘူးဆိုတဲ့ နာဗိုဆောတောင်ခံစားနိုင်တဲ့ အကြောင်းအရာမို့ ပြောရဦးမယ်။ နာဗိုဆောက ပြောတယ်။ ''ဆရာမကြီး ဒီတောင်ပေါ်မှာ ကျွန့်ယောကျ်ားပဲ လူနဲ့တူအောင် အလုပ်လုပ်တယ်ကော၊ ကျန်တဲ့လူတွေ ဘိန်းမရှူတဲ့လူ ရှိလား။ ရှာကြည့်'' တဲ့။ သူ့ဂုဏ်ယူမယ်ဆိုလည်း ယူချင်စရာ။ ကိုလိုနီခေတ်ကြောင့်ရော တစ်ခြားအကြောင်းအရာတွေကြောင့်ပါ ရှမ်းရိုးမတစ်လျှောက်မှာ (အားလုံးတော့ မဆိုလိုပါ အများအားဖြင့်) မိန်းမလုပ်အားအဓိကနဲ့ စီးပွားဖြစ်ခဲ့ရတာ မဟုတ်လား။

တိုတိုပြောရရင် ပင်ပန်းဆင်းရဲလှတဲ့ လယ်အလုပ်ယာအလုပ်ကို စွန့်ပြီး သက်သောင့်သက်သာနဲ့ စီးပွားဖြစ်တဲ့လမ်းကို ဝတ်မွတ်နေကြတဲ့ ပညာမဲ့ကလေးတွေအတွက် မကောင်းတဲ့ထွက်ပေါက်ကို ဝိသမလောဘသမားတွေ၊ လူယုတ်မာတွေက လမ်းဖောက်ပြလိုက်ကြတာပါပဲ။ ''မိန်းကလေးဆိုတာ လှတယ်၊ အဲဒီအလှတရားဟာ မိဘကိုကျေးဇူးဆပ်ဖို့ အခွင့်အရေးပဲတဲ့၊ ပညာတတ်စရာမလိုဘူး။ ဘာအရင်းအနှီးမှလည်း မလိုဘူး'' ဆိုပါလား။ ကျအောင်ပြောတဲ့စကားတွေ။ 'လားဟူ'လိုပြောတယ်။ 'အခါ'လိုပြောတယ်။ ကြားတဲ့သူအားလုံးနားလည်အောင် အကျအနပြောပြီး စည်းရုံးကြသတဲ့။ ကောင်းပါသေးရဲ့လား။ ဒါနဲ့ဘယ်ကဦးမှာလဲ ''ဒီမှာ စိုက်ပျိုးနေရင် တစ်နှစ်ဘယ်လောက်ရမလဲ၊ ဟိုဘက်မှာ အလုပ်လုပ်ရင်' တစ်နှစ်ကို ဆယ်သိန်းမကရမယ်၊ မိဘကို လုပ်ကျွေးပြီး သေသွားရင်လည်း ဒီအတိုင်းသေတာထက် အများကြီးမြတ်တယ်၊ သေပြီးရင် မိုးကောင်းကင်ပေါ်ကို တန်းပြီးရောက်မှာ သေချာတယ်'' လို့ အာမခံလိုက်သေးတာတဲ့။

ဒီလိုနဲ့ပဲ ကျွန်မတို့ရဲ့ ဆယ်ကျော်သက်ကလေးတွေဟာ မိဘအသိုင်းအဝိုင်းကလည်း သဘောတူမှု ကိုယ်ကိုယ်တိုင်ကလည်း ဆန္ဒပြင်းပြင်းနဲ့ ဟိုဘက်ကမ်းက သေမင်းဆီကို ဝမ်းသာအားရ အပြေးအလွှား သွားခဲ့ကြတာ။ တားမနိုင် ဆီးမရလေ။ နော်ငင်းက ပြောရင်းပြောရင်း ဒေါသတွေပိုကြီးလာလေလေ သွားကြည့်ရမယ့် လူနာအိမ်နားကို ရောက်လေလေ သူ့ရဲ့ခြေလှမ်းတွေက သွက်လေလေပါပဲ။ ပြီးတော့ တီးတိုးလေးသံနဲ့

''နှင်နှင်းဆီ ငါချာတိတ်မလေးကို ဆေးလိမ်းပေးနေတဲ့အချိန်မှာ နှင် သူ့နားရွက်ကလေးကို သေသေချာချာကြည့်ထားနော်၊ ပြီးရင် ငါသေချာပြောပြမယ်'' လို့လည်း ဆိုပါသေးတယ်။ သူကြည့်ခိုင်းတာ နားရွက်လို့ဆိုပေမယ့် ကျွန်မတွေ့လိုက်ရတာကတော့ နေထိုး အပူမိလို့ ညှိုးနေပေမယ့် အလွန်လှတဲ့ ပန်းကလေးတစ်ပွင့်ပါ။ ပစ်ရက်စရာမရှိတဲ့ ဆယ်ကျော်သက်မိန်းကလေးပါ။ သူကြည့်ခိုင်းလို့ နားရွက်နန်လေးကို ကြည့်ရတာပေါ့။ ကျွန်မမျက်စိထဲမှာ ဘာမှရယ် လို့ ထူးထူးခြားခြား မတွေ့ရ ပြန်ပါဘူး။ ''ဘာကိုကြည့်ရမှာလဲလို့'' တီးတိုးမေးပြန်ရော။ ''နားရွက်မှာ အပေါက်ကလေးတွေ'' လို့တီးတိုးလေးပြန်ပြောတယ်။ ကျွန်မတို့ခြေမြို့မှာ မိန်းကလေးတွေ၊ ယောကျ်ားလေးတွေ နားမှာ အပေါက်တွေကြိုက်သလို ဖောက်နေကြတာပဲလေ။ စိတ်ထဲမှာ ထူးခြားတယ်လို့ ဘယ်သိပါ့မလဲ။ သူတို့ခေတ်ရဲ့စတိုင်လို့ပဲ ထင်တာပေါ့။

''ဟိုဘက်မှာသွားပြီး အလုပ်လုပ်တဲ့မိန်းကလေးတွေမှာတော့ အဲဒီနားရွက်ပေါ်က အပေါက်တွေက အန္တရာယ်ပဲ၊ သူတို့နဲ့ ဆက်ဆံဖို့လာတဲ့ ယောကျ်ားတွေက အလည်တွေ နားရွက်အပေါက်ရဲ့သင်္ကေတကို ဘာကြောင့်ဆိုတာ သိတယ်၊ နားရွက်မှာ အပေါက်ပါတဲ့ မိန်းကလေးတွေဆိုရင် ဘယ်လောက်လှလှ ရှောင်ကြသတဲ့၊ ဟိုဘက်မှာ ဆက်ပြီး အလုပ်လုပ်လို့ မရတော့ဘူး။ ကိုယ့်ရွာကိုယ် ပြန်လာရတော့တာပဲ၊ ဒီကျတော့ ကိုယ့်မိသားစုက မသေမချင်း ဆက်ပြီး ပြုစုပေတော့'' သည် တစ်ခါလှုပ်လှုပ်ရှားရှား ကြေကြေကွဲကွဲ ဒေါသဖြစ်ရတဲ့သူက ကျွန်မပဲပေါ့။

ကြည့်စမ်း ဒါလောက်အထိ ပက်ပက်စက်စက်ကြီးကို ရက်စက်ယုတ်မာနေကြပါလား။ ဒါ မတရားမှုသက်သက်ကြီးပဲ၊ ဒီအတိုင်းကြီး ကြည့်နေကြတော့မှာလား။ အပြန်လမ်းတစ်လျှောက်မှာ အကြီးအကျယ် ခံစားပြီး ပေါက်ကွဲလာသူက ကျွန်မ။ ''ဒီအတိုင်းတော့ ဘယ်သူက ကြည့်နေမှာလဲ သူငယ်ချင်းရယ်၊ သက်ဆိုင်ရာလူကြီးတွေလည်း အတော်လေး ခေါင်းစားကြရပါတယ်၊ နိုင်ငံလောက်လည်း အဘက်ဘက်က တားဆီးကာကွယ်နေကြတာပဲ၊ ဒီကိစ္စကြီးက တစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့နဲ့ ကြိုးစားလို့မရနိုင်တော့လောက်အောင် အတွင်းကိုလှိုက်ပြီး အစားခံလိုက်ရပြီ၊ နှင် အမြင်ကတ်လေ့ရှိတဲ့ စကားကြီးစကားကျယ်နဲ့ပြောရမယ်ဆိုရင် ဒီအဖြစ်အပျက်ရဲ့ဆုံးရှုံးမှုဟာ အနာဂတ်အရှုံး၊ နိုင်ငံတော်ရဲ့အရှုံးပဲ၊ နင်စဉ်းစားကြည့်ဟာ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးဟာ ဘာလဲ၊ မိန်းကလေး အပျိုလေးတစ်ယောက်ဟာ (ပညာတတ်တတ် မတတ်တတ်၊ လှလှ မလှလှ၊ ဆင်းရဲရဲ ချမ်းသာသာ၊ အို .. ဘာဖြစ်ဖြစ်ဟာ) ချစ်တဲ့သူတွေ့ရင် လက်ထပ်မှာပဲ၊ ကလေးတွေမွေးမှာပဲ၊ ဒါ သူနာပြုဆရာမတစ်ယောက်ရဲ့ အတွေ့အကြုံနဲ့ အတွေးလေ၊ သားကောင်းမိခင်တော့ ဖြစ်ချင်ကြမှာပဲ မဟုတ်ဘူးလား။''



www.burmeseclassic.com

www.burmeseclassic.com

''သွားပြီပေါ့ဟာ၊ မိခင်ဖြစ်ခွင့်မရှိတော့ဘူးပေါ့'' ကျွန်မက နော်ငင်းကိုဖြေရင်း အဝေးမှာ ကျန်နေခဲ့တဲ့ အုတ်ဂူတွေဆီကို လွမ်းလွမ်းဆွတ်ဆွတ်နေ ကြည့်နေမိပါတယ်။ ''နှင်းနှင်းဆီရယ် တစ်ခါတလေမှာ လက်တွေ့ကျကျကြီး သိလိုက်ရတဲ့ အဖြစ်တွေက ငါတို့ကို တာဝန်တွေ အများကြီးပေးနေသလိုပဲနော်'' လို့ နော်ငင်းက လေးလေးပင်ပင်ကြီး ပြောတယ်။

''ငါ့အလုပ်က သူနာပြုဆရာမဆိုတော့ ရွာတွေကိုရောက်ရင် ကလေးမွေးပေးရုံမကပါဘူး၊ မြင်သမျှတွေ့သမျှ ငါလုပ်နိုင်တာတွေ အကုန်လုပ်ဖြစ်တယ်၊ နာမည်ကောင်းရချင်လို့ မဟုတ်ပါဘူး၊ ငါငယ်ငယ်လေးကတည်းက ခံစားခဲ့ရတဲ့ ဒုက္ခတွေကို မမေ့နိုင်သေးလို့လေ'' နော်ငင်းက ပြောရင်းပြောရင်း အတိတ်ကို တူးဖော်နေပြန်သေးတယ်။

နော်ငင်းနဲ့ ကျွန်မတို့တွေ့ခဲ့ကြတဲ့ အလယ်တန်းကျောင်းသူဘဝတုန်းက ခုလိုသတ္တိရှင်နော်ငင်း မဟုတ်သေးပါဘူး။ သီလရှင်ဆရာကြီးများ ထူထောင်ထားတဲ့ ပရဟိတကျောင်းမှာနေပြီး ကျောင်းတက်ရတဲ့ ရှမ်းသံဝဲဝဲနဲ့ အားငယ်တတ်တဲ့ တိုင်းရင်းသူကလေးပါ။ မြောက်ပိုင်းရှမ်းပြည်ရဲ့ လှပတဲ့မြို့လေးဖြစ်တဲ့ နမ်းခမ်းမြို့ဇာတိပေမယ့် နန်းနော်ငင်းက အလယ်တန်းအောင်တဲ့အထိပဲ ရှမ်းပြည်မှာနေခဲ့ရပါတယ်။ ''ငါ့ရှမ်းမြို့ကလေးက သဘာဝအလှပဲရှိတာဟဲ့၊ ထူးထူးခြားခြား တိုးတက်တာ ဘာမှမရှိဘူး၊ နောက်ပြီး နယ်မြေက မအေးချမ်းဘူး၊ စာတတ်ပေတတ်ရယ်လို့လည်း ရှားလွန်းတယ်၊ မြေပြန့်လို အစစအရာရာ တိုးတက်အောင်မြင်အောင် လုပ်ချင်တယ်ဆိုရင် ပထမဦးဆုံး စာတတ်ဖို့လိုမယ်'' ဆိုတဲ့ စကားမျိုးတွေ သူပြောခဲ့တယ်။ အဲဒီတုန်းက သူပြောတဲ့စကားမျိုးတွေဟာ လူငယ်တွေရဲ့ကြားမှာ ကြားရခဲတယ် မဟုတ်လား။ ကြားရခါစတုန်းက အံ့သြမိပါသေးရဲ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီစကားတွေကို သူဘာကြောင့်ပြောတတ်နေရတာလဲ။ စဉ်းစားမိရာက သူဟာ ကျွန်မတို့အတွက် စိတ်ဝင်စားဖွယ်ဇာတ်ကောင် ဖြစ်လာခဲ့တယ်လေ။ နောက်တဖြည်းဖြည်းနဲ့ ရင်းနှီးလာတဲ့အခါမှာတော့ သူ့ကို သူ့ဘဝက သင်ပေးလိုက်တာပါလားဆိုတာ နားလည်ခဲ့ရပါတယ်။

သူငယ်ငယ်ကနေခဲ့တဲ့ သူ့ဇာတိရွာကလေးဟာ သဘာဝအလှတွေနဲ့ ပြည့်စုံပေမယ့် အေးအေးချမ်းချမ်းမရှိတဲ့အတွက် နေပျော်စရာမကောင်းတဲ့ နေရာကလေးဖြစ်နေခဲ့တယ်တဲ့။ ရွာသူရွာသားတွေက ရွာကိုချစ်ပေမယ့် ရွာမှာမနေရဲလောက်အောင် လက်နက်ကိုင်တွေက ဗိုလ်ကျလွန်းတယ်တဲ့။ ''ငါတို့ရွာသူရွာသားတွေဟာ သိပ်ကိုရိုးသားကြပါတယ်ဟာ၊ လုပ်ကိုင်စားသောက်တဲ့စီးပွားရေးဆိုလည်း သမ္မာအာဇီဝကျလွန်းတဲ့ စီးပွားရေးပါပဲ၊ စိုက်ပျိုးရေးဆိုတာတောင် ရှင်းရှင်းလင်းလင်း ဖြူဖြူစင်စင်ပါ၊ ငါတို့ရွာမှာ ဘိန်းစိုက်ခင်း လုံးဝမရှိဘူး၊ ကြက်သွန်ဖြူ စိုက်တယ်၊ အာလူး စိုက်တယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး အေးအေးချမ်းချမ်း နေနေကြတာပါ၊ ဒါပေမဲ့ဟာ ငါတို့ရွာကလေး ကံမကောင်းဘူး၊ လက်နက်ကိုင်တွေကို ကြောက်နေရတယ်၊ ကလေးတွေ စာကောင်းကောင်း မသင်ရဘူး၊ ဘယ်သင်ရမလဲ၊ နယ်မြေက မအေးချမ်းတော့ မြေပြန့်ဆရာတွေ မလာရဲဘူးလေ၊ ဒီတော့ စာတတ်တဲ့လူ ရှားတာပေါ့၊ စာမတတ် ပေမတတ်ဆိုတော့ ဗဟုသုတခေါင်းပါးရော၊ ဒုက္ခများလှပါတယ်၊ ဒါကြောင့် ငါ့ကို အပါးက မြို့ကို ဖွတ်ပို့တာ''လို့ သူပြောပြခဲ့ဖူးတာ ဟိုးငယ်ငယ်ကတည်းကပါပဲ။ သူက သူ့ခွန်သူ့အားလေးနဲ့ သူ့တောင်တန်းပြာကို ငယ်ငယ်ကတည်းက အလှဆင်ချင်ခဲ့သူပါ။

ကျွန်မတွေးရပြီ။ သူစာသင်ခဲ့တဲ့နှစ်တွေ၊ သူနာပြုဖြစ်ခဲ့တဲ့နှစ်တွေ ပေါင်းလိုက်။ ဟိုတစ်ချိန်နဲ့ ခုအချိန်နဲ့ တွက်ကြည့်ရင် ကောင်းတာတစ်ခုခုတော့ ရှိရမှာ မဟုတ်ဘူးလား။ ခုချိန်မှာ ဘယ်လိုအခြေအနေတွေ ရှိနေတာလဲ။ ပိုဆိုးလာတာလား။ ပိုကောင်းလာတာလား။ ဆိုးလာရင် ဘာကဆိုးတာလဲ။ ကောင်းလာတာဆိုရင်တော့ ထားထားလိုက်ဦးစို့။ ဒီလိုတွေးကြည့်တဲ့အခါ ဘာဆိုးလာတာလဲ ပေါ်လာခဲ့ရော။ အဲဒီပေါ်လာတဲ့အဆိုးကို ဖျက်ပစ်ဖို့ သိပ်ကိုခက်နေတယ်။ နော်ငင်းကပြောတယ် ''ငါတို့တစ်နိုင်ဘာလုပ်နိုင်မလဲ အရင်စဉ်းစား'' တဲ့။ သူပြောတာလည်း ဟုတ်တယ်လေ။ ကျွန်မတို့တွေက သိပ်ကိုအရာရောက်နေကြတဲ့သူတွေမှ မဟုတ်ကြပေပဲ၊ ဒါပေမဲ့ ကိုယ့်ပြည်ကိုယ့်မြေကို ကောင်းတာမြင်ချင်တာကို။ ဒီမေးခွန်းကလေးကြောင့် စိတ်နဲ့လူနဲ့ ပြန်ကပ်သွားတယ်ဆိုပါစို့။

လူတစ်ယောက်မှာ ကိုယ့်ဘဝနဲ့ ကိုယ့်ပတ်ဝန်းကျင်ကို မေ့လောက်အောင် နာကျင်ခံစားရတဲ့အကြောင်းအရင်းဆိုတာ ရှိများရှိပါ့မလားလို့ ကျွန်မဖြင့်ယောင်လို့တောင် မတွေးမိခဲ့ပါဘူး။ ဒါပေမဲ့ ကြုံစရာရှိတော့ ဘယ်လိုမှရှောင်လို့မလွတ်နိုင်ခဲ့ပါဘူး။ ကျွန်မရဲ့မိဘနှစ်ပါးဟာ ကျွန်မတို့မောင်နှမနှစ်ယောက်အပေါ်မှာ တကယ်ကိုပဲ ဝတ္တရားကျေရုံမျှမက အရာရာကိုလည်း မျှတအောင် မျက်စိမမှိတ်ခင်မှာ စီစဉ်သွားခဲ့ကြတာပါ။ ကျွန်မအလွန်ချစ်မြတ်နိုးတဲ့ တစ်ဦးတည်းသောအစ်ကိုက ဦးစွာ မင်္ဂလာဆောင်တဲ့အတွက် သူတို့ကို တစ်ခါတည်း အမွေပေးတယ်ဆိုပြီး ဝန်းခြံရယ်၊ အိမ်ရယ် လက်ဖွဲ့ပေးခဲ့တယ်။ ''မိသားစုနေတဲ့အိမ်ကတော့ အငယ်မလေးအတွက်ပဲနော်'' လို့လူကြီးတွေက နှုတ်စကားထားခဲ့တယ်။ ဖေဖေနဲ့မေမေ မျက်ကွယ်ပြုသွားတဲ့အခါ ကိုကိုက သူ့အိမ်ကို ရောင်းလိုက်ပြီး ကျွန်မနဲ့အတူ လာနေမယ်လို့ဆိုပါတယ်။ အကြောင်းပြချက်က အိမ်ထောင်မကျသေးတဲ့ မိန်းကလေးတစ်ယောက်အတွက် တစ်ယောက်ထဲနေဖို့ မတင့်တယ်လို့ပါတဲ့၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နေတဲ့ ဆရာမတစ်ယောက်အနေနဲ့ နိုလို့ခုလု ဖြစ်စရာကောင်းပေမယ့် အစ်ကို့ကို ချစ်တဲ့စိတ်ကြောင့် မငြင်းဖြစ်ခဲ့ပါဘူး။အဲဒါ ကျွန်မရဲ့ပထမအမှား။

www.burmeseclassic.com

ပြောရရင် အစ်ကိုက စစ်မှုထမ်းကနေ အရပ်ဘက်ကို ပြောင်းပြီး တာဝန်ထမ်းဆောင်နေတဲ့ အရာရှိကြီးမို့ နေစရာနေရာ မရှားတဲ့သူပါ။ ညီမလေးကို တကယ်ပဲချစ်တဲ့စိတ်လို့ ယုံကြည်စရာမကောင်းပေဘူးလား။ အစ်ကိုမွေးထားတဲ့ ကလေးလေးယောက်ကလည်း ဆယ်ကျော်သက် အပြိုင်းအရှိုင်း။ စဦးဆုံးမှာတော့ အိမ်က ဝေဝေစည်စည်။ နောက်တော့ အစ်ကိုက ညညမှာ အရက်ကလေး တမြမြ။ ယောင်းမက စွာလောင်စွာလောင်။ တူတွေတူမတွေက ဂုန်းဒိုင်းကြဲ။ ဆူညံပွက်လောရိုက်နေတဲ့ အသံတွေကြားမှာ ကျွန်မဘယ်လိုမှ မနေပျော်တော့။ ယောင်းမရဲ့ မတရားသဖြင့် စီးပွားရေးနယ်ချဲ့မှုကြီးက ကျွန်မတစ်ယောက်ရဲ့ ရိုးရိုးသားသားရှာစာဖွေစာကလေးကို တတိတိထိပါး။ အလိုမကျပြန်ရင် အစ်ကိုနဲ့ ရန်တိုက်။ ပြောမရဆိုမရကလေးတွေရဲ့ မလေးမစားဆက်ဆံမှုတွေ။ ကျွန်မမှာ စိတ်နဲ့လူနဲ့ ကပ်နေတဲ့အချိန်ဆိုရင် ဘယ်လိုနေရမှန်းမသိအောင် စိတ်ဆင်းရဲခဲ့ရပါတယ်။

ဒီကိစ္စကို အကောင်းဆုံး ဘယ်လိုဖြေရှင်းမလဲ။ ထွက်ပေါက် ဘယ်လိုရှာရမလဲ။ စဉ်းစားတာ အတော်လေး ခေါင်းခြောက်ရပါတယ်။ ကျွန်မရဲ့အဖြစ်က အရွယ်ရောက်နေတဲ့ မိန်းကလေးတချို့ အလွယ်တကူ ဖြေရှင်းလေ့ရှိသလို ယောကျ်ားကောက်ယူဖို့လည်း မဖြစ်နိုင်စရာအကြောင်းကလည်း ခိုင်ခိုင်မာမာရှိနေပြန်ပါတယ်။ ချစ်သူမရှိလို့တော့ မဟုတ်ဘူးလေ။ ရည်ရွယ်ချက်ကြီးမားလှတဲ့ ချစ်သူက လတ်တလော

**နှစ်ပေါင်းခြောက်ဆယ်**
**ကျော်ကျွန်အဖြစ်နဲ့**
**နှံ့နှစ်ခဲ့ရတာ။**
**မျိုးဆက်တစ်ဆက်**
**အသက်တစ်ချောင်းနဲ့**
**တော်လှန်လို့ဘယ်**
**အောင်မြင်လိမ့်မလဲ။**
**အသက်သွေး**
**သွေးပေါင်းများစွာခံစား**
**တက်တဲ့နှလုံးသား**
**ပေါင်းများစွာ နှစ်သက်**
**ဖွယ် အရာရာကိုစတေး**
**ပြီးမှ ရယူနိုင်ခဲ့တဲ့လွတ်**
**လပ်ရေး။**

အချိန်မှာ ကျွန်မနဲ့အတူ ရှိမနေနိုင်သေးလို့။ "ကိုကို့ကို နှစ်နှစ်လောက်တော့ အချိန်ပေးပါ၊ ဒါပြီးရင် ကိုကိုက နှင်းရဲ့ကိုကိုပဲဖြစ်ရပါစေမယ်" ဆိုတော့ သူ့စိတ်ကူးလေးကို မပျက်စေလိုတဲ့ စေတနာက လွှမ်းမိုးသွားပြန်ပါရော။ ချစ်သူအပေါ်ထားတဲ့ စေတနာဆိုတာထက် ချစ်သူက ဘယ်တော့ပြန်လာမှာလို့ပြောလို့မရတဲ့ တစ်ပြည်တစ်ရွာကို ရောက်နေတာကလည်း ကျွန်မအတွက် အားပျက်စရာအချက်တစ်ချက်ပါ။

အခြေအနေအားလုံးရဲ့ အဆုံးသတ်မှာတော့ "နော်ငင်းရေ ငါ နင်တို့တောင်ပေါ်ကို လာတော့မယ်" တစ်ခွန်းသာ ပြောနိုင်ခဲ့ပြီး ကိုယ့်ပေါင်ကိုယ် လှန်မထောင်းတော့ဘဲ ကျွန်မရဲ့မိဘအမွေကို ကိုလိုနီနယ်ချဲ့ခံရခြင်းကနေပြီး ရင်နာခြင်းကြီးစွာနဲ့ ထွက်ပြေးခဲ့ရတာပါ။ ကျွန်မကိုယ်ကျွန်မသိပါတယ်။ အစ်ကိုကိုချစ်တဲ့စိတ်ကြောင့် အရာရာကို ထောက်ထားငဲ့ညှာပြီး လက်မြှောက်အရှုံးပေးခဲ့ပေမယ့် တငြိုးငြိုးတောက်လောင်နေတဲ့ မခံချင်စိတ်အပူမီးက ငြိမ်းမှမငြိမ်းပေပဲလေ။ အလုပ်က တခြား စိတ်က တခြား။ ကျွန်မတန်ဖိုးရှိတဲ့ အချိန်တွေကို ကိုယ်ရေးကိုယ်တာအပူငွေ့နဲ့ လောင်မြိုက်စေခဲ့ပါတယ်။ အရာအားလုံးကို မေ့မေ့လျော့လျော့ ဖြစ်နေခဲ့မိပါတယ်။ ခုတော့ ကြည့်ပါဦး။ ကျွန်မရဲ့အပူထက် ဆယ်ဆွေကဲတဲ့ အပူကြီးကြီးက ကျွန်မတို့ရဲ့ မျိုးဆက်တွေကို လောင်မြိုက်နေပြီကော။

"နော်ငင်းရေ ဒီနေ့ကစပြီး နှင်းနှင်းဆီဟာ တောင်တန်းပြာရဲ့ သမီးကောင်းဖြစ်ရပါစေ့မယ်" လို့အပြန်ခရီးမှာ လှိုက်လှိုက်လှဲလှဲ ကတိပေးဖြစ်ပါတော့တယ်။ မကြာပါဘူး ကျွန်မဆီကို အော်ဇစ်ပန်နဲ့ နာဘိုဆာက နာဒီးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ခေါ်လာခဲ့တော့တယ်။ ပွင့်ပွင့်လင်းလင်းဆိုရရင် ကျွန်မတစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်တော့တာပါ။ ချစ်ရလွန်း ယုံကြည်ရလွန်းပါတယ်ဆိုတဲ့ အစ်ကိုရင်းနဲ့တောင် အတူမနေနိုင်လို့ ထွက်ပြေးလာတဲ့သူက ဘယ်လို လူမျိုးကိုမှလည်း မယုံချင်တော့ဘူး။ ဘယ်သူနဲ့မှလည်း အတူမနေချင်တော့ဘူး။ ဒါပေမဲ့ သူကလေးကို ကျွန်မနဲ့ အတူခေါ်ထားမှ ဖြစ်မယ့်အကြောင်းက ဖန်လာခဲ့တယ်။

"ဆရာမ ကောင်မလေးတစ်ယောက်ကို ကယ်မလား" ရယ်လို့ နာဘိုဆာတစ်ယောက်က ဆိုင်းမဆင့်ဗုံမဆင့်မေးလာခဲ့ပါတယ်။ "ဟဲ့ ဘယ်က ကောင်မလေးကို ကယ်ရမှာတုန်း၊ နာဘိုဆာတစ်ယောက် ဟာလေ လောလော လောလောနဲ့" ကျွန်မက အဲဒီလို ပိတ်ဟောက်လိုက်သေးတာ။ သူမှာတော့ ထိတ်ထိတ်ပျာပျာနဲ့ပါ။ "ဆရာမကြီး ကောင်မလေးက ကလေးသာသာလေး ဘာမှကိုနားမလည်သေးတာ၊ သူ့ပထွေးကရောင်းစားလို့ ဟိုဘက်ကိုပါသွားတယ်ကောလေ၊ သက်ဆိုင်ရာက ပြန်ခေါ်လာပေးတယ်၊ သူ့အိမ်ကို ပြန်အပ်တယ်လေ၊ နောက်တစ်ခါ ပထွေး ပို့ပြန်ရောလား၊ ခုရဲစခန်းမှာ၊ ဆရာမ မွေးစားမလား" တဲ့။ ကျွန်မ လူရောင်းစားတယ်ဆိုတဲ့အသံကို ကြားတောင်မကြားချင်ဘူး။ ပြီးတော့ သူတို့တွေနဲ့လည်း ဖြစ်နိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com

မပတ်သက်ချင်ခဲ့ဘူး။

"နင့်ဟာကလည်း နာဘိုရယ်၊ ရှုပ်ရှုပ်ယှက်ယှက်ကြီး"

"သူ့ဒုက္ခက အကြီးကြီးရယ်လေ၊ ပထွေးနဲ့နေရတာ ပထမတစ်ခါကလည်း ပထွေးက ထည့်လွှတ်လိုက်လို့ ပါသွားရတာ၊ ခုတစ်ခေါက်လည်း သူ့ကို ဟိုဘက်ကမ်းပို့ဖို့လုပ်နေလို့ ထွက်ပြေးလာရင်း ရွာလူကြီးနဲ့တွေ့လို့ သက်ဆိုင်ရာကို သတင်းပို့တာ သူ့ပထွေးကိုတောင် ခေါ်စစ်ပြီးပြီ၊ ဒါပေမဲ့ သူ့အမေက သူ့အိမ်မှာ မထားရဲလို့ ရဲစခန်းမှာပဲ ထားခဲ့မယ်လို့ချည်း ပြောနေတာ၊ ဗိုလ်ကြီးကလည်း စခန်းမှာ ထားမရဘူး၊ တစ်ခြားမွေးစားမယ့်သူ ကောင်းကောင်းရှိရင် ရှာပေးမယ် ပြောသံကြားလို့ ဆရာမနဲ့ဆို ကောင်းတယ်ထင်ပြီး ပြေးလာပြောရတယ် ကောလေမောရပြီလား"တဲ့။ နာဘိုဆာရဲ့အမေက ကျွန်မဆီကို ကူးလာခဲ့ပါလေရော။

ကျွန်မ တွေးမိပါတယ်။ ကျွန်မတို့တွေဟာ "သနားတယ်" ဆိုတဲ့စကားကို ခဏခဏပြောနေကြတာပါပဲ။ နှုတ်ကတော့ လွယ်လွယ်နဲ့သနားဖို့ ဝန်မလေးကြဘူး။ တကယ်တမ်း လက်တွေ့ကျကျ သနားဖြစ်ကြလား။ သနားနိုင်မလား။ ကျွန်မ စစ်စစ်ပေါက်ပေါက် တွေးရပြီ။ ကျွန်မဘာလုပ်ရမလဲ။ ဘာလုပ်နိုင်မလဲ။ ချက်ချင်း နော်ငင်းကို သတိရသွားတယ်။ "ငါ ဘာလုပ်ရမလဲ မဝေခွဲနိုင်ဘူး ဖြစ်နေတယ်" ဆိုတော့

"နင် သူ့နဲ့ရော သူ့အမေနဲ့ရော သေသေချာချာ စကားပြောကြည့်၊ ခံစားရတဲ့အတိုင်း ဆက်လုပ်" တဲ့။

နာဒီးရဲ့အမေက မြန်မာစကားမပြောတတ်တဲ့ လားဟူအမျိုးသမီးကြီးပါ။ နာဘိုဆောက ဘာသာပြန်ပေးတယ်။ "ငါ့လင်မကောင်းပေ့ါ" တဲ့။ "အလုပ်မလုပ်ချင်ဘူး၊ မူးတယ်လေ လွန်ရော" "သူ့ကို ငါလည်း ပြောမနိုင်" "သမီးကို ရောင်းစားရင် တစ်သက်လုံးထိုင်စားလို့ရတယ် ပြောပြီး ဟိုဘက် ကမ်းကိုချည်းပို့နေတာ ငါ မလုပ်တတ်တော့ဘူးကော" "ကောင်မလေးကို ကောင်းကောင်း ခိုင်းစားပါ၊ ငါကြိုက်တယ်၊ ဟိုဘက်ကပြန်လာရင် ဘာကောင်းတာရှိလို့လဲ၊ ဟိုဘက်မရောက်ရင်ရပြီ" ဆိုပြီး ပြောပြောငိုငိုနဲ့ အရိုးခံလားဟူမကြီးရဲ့မြင်ကွင်းက ကျွန်မကို မျက်ရည်ဖြိုင်ဖြိုင်ကျစေခဲ့ပါတယ်။ ဒီလိုနဲ့ နာဒီးတစ်ယောက် ကျွန်မရဲ့ ဝမ်းမနာသမီးဖြစ်ခဲ့ရတာပါ။

နာဒီးတစ်ယောက်က ဗမာစကားနည်းနည်းတတ်ပြီး စကားဖွယ်ဖွယ်ရာရာတွေ အလွန်ပြောတဲ့ မိန်းကလေးပါ။ သူ့ကိုယ်သူ နာဒီးကလို့ ပြောပေမယ့် မြန်တော့ "နဒီးက နဒီးက" လို့ပဲ ကျွန်မနားထဲမှာ ကြားနေမိပါတယ်။ အမေးအမြန်းကလည်း ထူလွန်းပါရဲ့။ စာကတော့ တစ်တန်းစာတောင် အနိုင်နိုင်ပဲ ထော့နဲ့ထော့နဲ့ ဖတ်နိုင်ပါတယ်။ စာသင်ဖို့အတွက် ကျွန်မကြိုးစားကြည့်ရပါတယ်။ သူ စာမတတ်လို့မဖြစ်ဘူး။ အထူးသဖြင့် ကျွန်မနဲ့နေတဲ့ ကလေးစာမတတ်ဘူးဆိုတာ အဓိပ္ပာယ်မရှိဘူးလေ။ နောက်ဆုံးမှာတော့ ကျွန်မအတွက် အဓိပ္ပာယ်ရှိခြင်းမရှိခြင်းကို မေ့ထားလိုက်ပြီး သူ့အတွက်တော့ စာတတ်မှ ဖြစ်မယ်။ ကျွန်မရဲ့ ချစ်စွာသော တိုင်းရင်းသူများ ဒုက္ခမရောက်အောင် စာတတ်မှ ဖြစ်မယ်လေ။

ဒါပေမဲ့ နာဒီးလေးက စာနဲ့မနီးဘူးဆိုတာ တဖြည်းဖြည်းနဲ့ သိလာခဲ့ရတယ်။ သူကလေးက ကျွန်မအတွက်တော့ ချစ်စရာ ကျောက်ရိုင်းကလေးပါ။ သိတတ်မှုလည်း ရှိတယ်။ ကျွန်မကိုလည်း သံယောဇဉ် ရှိပုံ ရပါတယ်။ ဒါပေမဲ့ သူစာနဲ့ ပတ်သက်လို့ ရေစက်နည်းသလားလို့တောင် ကျွန်မ ဝမ်းနည်းခြင်းကြီးစွာနဲ့ တွေဝေမိတဲ့အထိ စာမလုပ်ချင်တဲ့ ကလေးဖြစ်နေတော့တယ်။ သူ ကျွန်မအတွက် ဘာမဆို လုပ်ပေးဖို့ ဝန်မလေးဘူး။

ကျွန်မကို သူက "မဲ့" လို့ခေါ်တယ်။ ဗမာလိုဆိုတော့ "အမေ" ပေ့ါလေ။ စစဦးခြင်း ဒီအသက်အရွယ်နဲ့ အမေ အခေါ်ခံရတော့ မနေတတ်မထိုင်တတ်ဖြစ်မိပါသေးရဲ့။ ကြာလာတဲ့အခါ နာဒီးရဲ့ "မဲ့" ခေါ်သံလေးက ကျွန်မအတွက် ချိုသာလွန်းလှပါတယ်။ ကျွန်မတို့ အတူတူ ချက်ကြပြုတ်ကြတယ်။ အတူတူစားကြတယ်။ သူက ကျွန်မကို လားဟူစကား တတ်သလောက် သင်ပေးတယ်။ ကျွန်မက သူ့ကို မြန်မာစကား ယဉ်ယဉ်ကျေးကျေး ပြောနည်းတွေ သင်ပေးတယ်။ အဲဒီအထိအဟုတ်။ အဲ စာသင်ပြီဆိုရင် ရန်ဖြစ်ရရော။ ကလေးမက စာကို စိတ်မဝင်စားဘူး။ ဉာဏ်ကလည်း မကောင်းဘူးလို့ ပြောရမယ်။ တစ်ခါသင်ပြီးရင် ခဏနေ မေ့ရော။ ကျွန်မ နာဒီးအတွက် စိတ်ပူရရော။

'သမီးတစ်ကောင် နွားတစ်ထောင်' ဆိုရိုးကို ဘယ်ပညာရှိကများ ပြောသွားပါလိမ့်၊ ရှိနိုးဦးခိုက်ချင်လို့ပါ။ နာဒီးသမီးကို ထိန်းကျောင်းရတဲ့ ကျွန်မရဲ့အဖြစ်ကိုများကြည့်ပြီး ပြောခဲ့လေသလားလို့တောင် ထင်မိပါရဲ့။ စာမချစ်တဲ့နာဒီးက အလှအပကျတော့ သင်စရာမလိုဘဲ ကြိုက်နေပြန်ပါရော။ မိန်းကလေး အလှကြိုက်တာ အဆန်းလားလို့ မေးလိုက မေးနိုင်ပေမယ့် နာဒီးတစ်ယောက် လှချင်ပုံက လွန်တယ်လို့ စိတ်ပူပန်ခြင်းကြီးစွာနဲ့ ကျွန်မ ကောက်ချက်ချမိပါတယ်။ "ဘာလို့များ ဒါလောက်လှချင်နေရတာလဲ နာဒီးရယ်" လို့ ကျွန်မစိတ်ရှည်လက်ရှည် စပ်စုရပြန်ပါရော။ "အို . . မဲ့ကလည်း လူဆိုတာလှမှ ကြိုက်တဲ့လူရှိမှာပေ့ါ" တဲ့။ "နာဒီးတို့အခွေကြည့်ရင် ဒါမျိုးလေးတွေ ကြည့်လို့ကောင်း" ဆိုတော့မှ သူတို့လေးတွေ တိမ်းမူးစေတဲ့ တရားခံကို ရေးရေးရှာတွေ့တယ်၊ သူ့နောက်ခြေရာခံ မေးခွန်းတွေ ဆင့်ဆင့်မေးတော့မှ "ရွာမှာတုန်းက တစ်နေကုန် အခွေပဲ ကြည့်တာ၊ ထမင်းတောင် မစားဘူး" လို့လည်း ပြောပြန်သေးရဲ့။ "အိမ်မှာ ရှိတာလား" မေးကြည့်တော့၊ "ဟုတ်ဘူးလေမဲ့၊ ဗီဒီယိုရုံသွားကြည့်တာပေ့ါ၊ တစ်နေကုန်မှ တစ်ရာရယ် တန်သကောလေ" လို့တောင် ဆိုလေသေး။ "ဟောတော် တစ်နေကုန် ကြည့်တဲ့ လူရောရှိတာပဲလား နာဒီးရယ် တောင်ပြောမြောက်ပြောနဲ့" ဆိုတော့ သူက ကျွန်မကိုတောင် ပြန်ရယ်လိုက်သေး။

"ဟားဟား ကြည့်တာပေ့ါ မဲ့ရဲ့ ရွာမှာ အားလုံး အကြိုက်တူတာ ဇာတ်ကားပဲလေ၊ အ


www.burmeseclassic.com

www.burmeseclassic.com

လုပ်ပြီးရင် ဇာတ်ကားကြည့်ရတာပေါ့၊ မကြည့်ရင် ဘာလုပ်ရမလဲ၊ ပျင်းစရာကြီး''တဲ့။ ဘယ်လိုကားမျိုးတွေ ကြည့်တာလဲလို့ ဆက်ပြီး စပ်စုကြည့်မိပြန်ပါတယ်။ မြန်မာဇာတ်ကား တစ်ကားမှ မကြည့်ဖူးဘူးဆိုပါလား။ စိတ်ထဲမှာ ကျင်ခနဲနာသွားပြီးကာမှ သြော် သူတို့က မြန်မာစကားမှ မတတ်ကြပေပဲလေလို့ ဖြေရပြန်ပါရော။ ဒီနောက်တော့ နာဒီးရဲ့အတွင်းစိတ်ကို သေသေချာချာ လေ့လာဖို့ လိုနေပြီဆိုတာ ချက်ချင်းသတိရလိုက်မိပါတော့တယ်။

နာဒီးကိုလေ့လာခြင်းဟာ နာဒီးတို့အရွယ်အားလုံးကို လေ့လာတယ်လို့ပဲ ကျွန်မနားလည်ထားနှင့်ပါတယ်။ ဒီတော့ သူတို့သဘာဝကိုသိအောင် သူတို့နဲ့အတူ နေကြည့်ရတော့တာပေါ့လေ။ ''နာဒီး မင်းကို ဒီနေ့ မဲ့က အိမ်မှာ ဇာတ်ကားပြပေးမယ်၊ မင်းကြိုက်တဲ့ခွေငှားလာ'' လို့ ပြောလိုက်ကာရှိသေး။ သူ့သူငယ်ချင်းတွေကိုပါ ခေါ်ကြည့်မယ်လို့ တန်းပြီး ပူဆာတော့တယ်။ ကျွန်မကလည်း စည်းရုံးရေးသဘောအရ ''အေးအေး ခေါ်ခဲ့'' ပေါ့။ သူတို့ရွယ်တူကလေးတွေ သုံးလေးယောက်။ ကျွန်မလည်း ကြည့်မယ်ပေါ့။ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းနဲ့ အကျအန။

လားလား ...ခွေကို စပြီး ထည့်ကြည့်လိုက်ပါတယ်။ ဘုရား ဘုရား မောင်နဲ့နှမ၊ သားနဲ့အမိ အတူကြည့်ဖို့ မဆိုထားနဲ့ ကျွန်မတစ်ယောက်ထဲတောင် မကြည့်ရဲတဲ့မြင်ကွင်းတွေ။ ရလိုရငြား 'ရမု' နဲ့ကျော်ပါသေးတယ်။ ဒီအချိန်မှာ နာဒီးက ကျွန်မကိုရန်လုပ်တော့တာပဲ။ ''မဲ့က ဘာလုပ်နေတာလဲ၊ ကြည့်ကောင်းနေတာကို'' တဲ့။ ကျွန်မကလည်း ဘယ်နေမလဲ ''အားတဲ့နေ့မှ ဇာတ်ကားလေးဘာလေး အပျင်းပြေကြည့်ချင်ကြည့်ဖို့ ငှားခိုင်းလိုက်ပါတယ်၊ ဘာကားငှားလာတယ် မသိဘူး၊ တော်သေးတာပေါ့၊ အနီးအနားမှာ ဘာယောကျ်ားမှ မရှိလို့ မဟုတ်ရင် ရှက်တာနဲ့ သေသွားနိုင်တယ်'' လို့ဆူတော့တာ အံ့သြရပါရောလားရှင်။ ကလေးမငယ်တွေက ကျွန်မကို နားမလည်တဲ့မျက်လုံးတွေနဲ့ အူကြောင်ကြောင် ပြန်ကြည့်ကြတယ်။

''တခြားဇာတ်လမ်းတွေ ဘာတွေများ မရှိတော့ဘူးလား သမီးရယ်၊ ဒီလိုဇာတ်လမ်းမျိုးတွေဆိုတာ မကြည့်ကောင်းဘူး၊ မကြည့်ရဘူး၊ သွားပြန်လဲလိုက်'' လို့ပြောတဲ့အခါ ''ရှိပါဘူး၊ ဒီမှာကတော့ ဒါမျိုးပဲရှိတယ်၊ ရုံသွားကြည့်လည်း ဒါမျိုးပဲ ရှက်တယ်ဆိုရင်တော့ မကြည့်ရတော့ဘူး'' လို့ အားလုံးက ဘာမှမထူးဆန်းတဲ့အတိုင်း ပြန်ပြောကြတယ်။

ကျွန်မရင်ထဲမှာ မကောင်းလိုက်တာ။ လေးလံထိုင်းမှိုင်းတဲ့စိတ်ကြီးနဲ့ ပူပန်သောကတွေ ရှန်းကြွနေတော့တယ်။ ဒါဟာ ဆယ်ကျော်သက်လေးတွေအတွက် အဆိပ်ပဲ၊ မပြောပလောက်ပါဘူးဆိုတဲ့ အကြောင်းအရာတွေဟာ တဖြည်းဖြည်း စုစည်းလာတော့ တစ်ချိန်ချိန်မှာ ပြုမရပြင်မရတဲ့ ဒုက္ခတွေ ဖြစ်ရတော့မယ်။ တနင့်နင့်နဲ့ တွေးရင်း ကလေးမလေးတွေ ပြန်သွားတော့ နာဒီးကို မေးကြည့်မိတယ်။

''ပတ္တေးက မပြောဘူးလား'' ဆိုတော့ ''သူ ..ဘိန်းရှူနေရင် ဘာလုပ်လုပ်ရတယ်'' တဲ့။ ကျွန်မစိတ်တွေ မွန်းကျပ်ပိတ်လှောင်သွားပြန်ရော။ ဘာဆိုဘာမှ မပြောနိုင်လောက်အောင်ပဲ။ ဒီကိစ္စကို ကျွန်မရဲ့ သူငယ်ချင်း နန်းနော်ငင်းနဲ့ အရေးတကြီး တိုင်ပင်ရပြန်ပါတယ်။ ကျွန်မကို အစဉ်အမြဲ အကြံကောင်း ဉာဏ်ကောင်း ပေးလေ့ရှိတဲ့ နန်းနော်ငင်းတစ်ယောက်ဟာ ဒီတစ်ခါမှာတော့ ငူငူငိုင်ငိုင်ကြီးနဲ့ ငြိမ်ချက်သားကောင်းနေလိုက်ပုံက ကျောက်ရုပ်လိုပဲ။ ''နင့်ကို တစ်နေ့နေ့မှာတော့ ငါနေရာတစ်နေရာကို ခေါ်သွားရဦးမယ်လေ၊ ဒါပြီးမှ ဆက်တိုင်ပင်ကြတာပေါ့တဲ့'' သူက အဲဒီလို လေးလေးပင်ပင်ကြီးပြောလေ ကျွန်မမှာ နေမထိ ထိုင်မသာဖြစ်ရလေပါပဲ။ စိတ်ထဲမှာ ဘာကိုမှန်း မဝေခွဲနိုင်ဘဲ မကျေမနပ်ဖြစ်နေမိတယ်။

မကြာခင်မှာပဲ နော်ငင်းက ကျွန်မကို ခရီးတစ်ခုသွားကြမယ်လို့ ဆိုလာခဲ့ပါတယ်။ ဒါကလည်း ထူးခြားမှုတစ်ခုလို့တော့ မဆိုနိုင်ပါဘူး။ နယ်စပ်မြို့လေးတွေမှာ တာဝန်ကျတဲ့ ဝန်ထမ်းငယ်တွေရဲ့ အိပ်မက်တစ်မျိုးပေါ့။ ကိုယ့်စရိတ်နဲ့ကိုယ်ဆို လာနိုင်မယ့်နေရာမျိုးမဟုတ်တော့ ရောက်တုန်းရောက်ခိုက်မှာ အနီးအနားနယ်စပ်တွေဆီကို ရောက်နိုင်သမျှ ရောက်အောင် သွားလည်ကြတဲ့သဘောပါ။ ဒါနဲ့ပဲ ကျွန်မရဲ့သမီး မနာဒီးကို နာဘိုဆောဆီမှာ ခဏအပ်ထားခဲ့ပြီး နော်ငင်းနဲ့လိုက်လာခဲ့ရတယ်။ ကျွန်မတာဝန်ကျတဲ့ ရွာ ကလေးကနေပြီး ကျိုင်းတုံ။ ကျိုင်းတုံကနေပြီး တာချီလိတ်။ မြို့နဲ့မနီးစပ်ခဲ့တဲ့ တောသူမနှစ်ယောက် ယောင်ချာချာနဲ့ မြို့တက်လည်ကြပုံ။ တာချီလိတ်လည်း ရောက်ရော။ ပြန်ပြောပြရမှာ ရှက်လည်းရှက်ပါရဲ့။ တည်းခိုခန်းအရောက်မှာ အခက်တွေ့တော့တာပါပဲ။ ကျွန်မတို့စုဆောင်းထားတဲ့ငွေလည်း အလုံအလောက်ပါပါတယ်။ ဒါပေမဲ့ အဲဒီနေရာမှာ ကျွန်မတို့လက်ထဲမှာပါခဲ့တဲ့ မြန်မာငွေတွေဟာ အလိုလိုနေရင်း ရှိုးရိုးစက္ကူရွက်တွေလောက်ပဲ တန်ဖိုးကျန်ပါတော့လား။ ''အစ်မတို့ ငွေအရင်လဲရမယ်တဲ့''။ ကျွန်မက ထောင်းခနဲ ဒေါသဖြစ်သွားပြီး ''ဟဲ့ ဒါ ငါတို့မြန်မာပြည်လေ၊ ကိုယ့်ပြည်တွင်းထဲမှာ ကိုယ့်ငွေကိုယ် မသုံးရဘူးလား'' လို့မေးပစ်လိုက်တယ်။ ကောင်လေးက ခေါင်းရမ်းပြီး ''ဒီတစ်မြို့လုံး ဘတ်ငွေပဲ သုံးတယ်'' တဲ့။ ကြေကွဲဆိုနင့်ခြင်းကြီးစွာနဲ့ ငွေလဲရတယ်။ မပျော်ခဲ့ပါဘူး။ လုံးဝကို မပျော်ခဲ့ပါဘူး။ ကျွန်မတို့ ပြန်လာခဲ့ကြတယ်။

နော်ငင်းကပြောတယ် ''နင့်ကို တမင်စိတ်ဆင်းရဲအောင် လုပ်တာ မဟုတ်ပါဘူး၊ နာဒီးနဲ့ပတ်သက်ပြီး နင်အဖြေမရနိုင်သေးတဲ့ပုစ္ဆာရဲ့အဖြေက ဒါပဲ၊ ငါလည်း အဲဒီအဖြေကို ရှင်းမပေးနိုင်ခဲ့ဘူးလေ၊ ဒါတွေဟာ ငါတို့ရင်ဆိုင်နေရတဲ့ ငရဲခန်း ဇာတ်လမ်းတွေပဲပေါ့၊ ဒီဇာတ်လမ်းရဲ့ဇာတ်ဆရာက ဘယ်သူလဲ၊ မဆုံးနိုင်တဲ့ဒီဇာတ်ကို ဘယ်အထိ ဆက်ကနေရမှာလဲ၊ ဇာတ်ပေါင်းခန်းကရော လုနိုင်မှာတဲ့လား''။ နော်ငင်းကို ကျွန်မဘာမှပြန်မပြောနိုင်ခဲ့ပါ။ ရင်ထဲမှာတော့ ပြောစရာစကားတွေ တောင်လိုပုံမို့မောက်ပါလာခဲ့တယ်။ ချောင်းငယ်ငယ်လေး သာခြားထားတဲ့ ဟိုမှာဘက်နဲ့ သည်မှာဘက်က မြင်နိုင်တဲ့

www.burmeseclassic.com



အကြောင်းအရာတွေ များလှချည့်။

ကျွန်မတက္ကသိုလ်ဝင်တန်းကျောင်းသူဘဝတုန်းက ကဗျာလက်ရွေးစင်စာအုပ်ကလေးထဲမှာ သင်ခန်းစာအဖြစ် သင်ရတဲ့ ကဗျာလေးတစ်ပုဒ်ကို အပြေးအလွှား သွားသတိရမိပါတယ်။ ကဗျာဆရာက "နောင်"။ ခုထိ သက်ရှိထင်ရှား ရှိနေပါသေးတယ်။ ဒီကဗျာကို ရေးခဲ့တဲ့ ခေတ်က လွတ်လပ်ရေးရပြီးချိန်။ ကဗျာခေါင်းစဉ်ကလေးက "နှင်းကိုမြင်နိုက်"တဲ့။ ခေါင်းစဉ်အရ တွေးကြည့်မယ်ဆိုရင်တော့ ဆောင်းရာသီဖွဲ့ကဗျာလားပေါ့။ ဒါပေမဲ့ မဟုတ်ဘူး။ စာဆိုက ဆောင်းရာသီကို ရောက်လို့ နှင်းတွေဖြိုင်ဖြိုင်ကျရင် နှင်းရည်နှင်းစက်တွေရဲ့ ရင်ခွင်မှာ သဇင်ပန်းတွေ ပွင့်တယ်လို့အစချီပြီး သဇင်ပန်းလေးတွေနဲ့အလားတူတဲ့ ပြည်သူတို့ရဲ့ရင်ထဲက သစ္စပန်းပွင့်တွေအကြောင်းကို ခံစားချက်အပြည့်နဲ့ ရေးပြသွားတာ။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေဟာ နှင်းတွေဝေနေတဲ့အချိန်မှာ တစ်ယောက်ကိုတစ်ယောက် ချစ်ခဲ့ခင်ခဲ့ စည်းလုံးခဲ့ကြတယ်တဲ့။

ချစ်ခြင်းခင်ခြင်း၊ ယုံကြည်ခြင်းများ
နိုင်မြဲနှစ်မာ၊ ကာလကြာလေ
စည်းရုံးလေတည့် . . ။တဲ့။

ဖခင်ဗိုလ်ချုပ်ရဲ့စည်းရုံးမှုကြောင့် မြေပြန့်တောင်ပေါ် မကွဲမပြားတစ်သားတည်း ယုံယုံကြည်ကြည် ချစ်ခင်ခဲ့ကြတယ်။ နောက်ပြီး "အဆင့်ဆင့်ဆက်၊ အသက်သက်များ၊ စတေးထား၍ ဘိုးဘွားပေးဝေ ချစ်အမွေ" လို့လည်း ဆိုပြန်ပါသေးတယ်။ ဟုတ်ပါရဲ့လေ။ နှစ်ပေါင်းခြောက်ဆယ်ကျော် ကျွန်အဖြစ်နဲ့ နှံ့နှစ်ခဲ့ရတာ။ မျိုးဆက်တစ်ဆက် အသက်တစ်ချောင်းနဲ့ တော်လှန်လို့ ဘယ်အောင်မြင်လိမ့်မလဲ။ အသက်သွေး ချွေးပေါင်းများစွာ ခံစားတတ်တဲ့ နှလုံးသားပေါင်းများစွာ နှစ်သက်ဖွယ် အရာရာကို စတေးပြီးမှ ရယူနိုင်ခဲ့တဲ့ လွတ်လပ်ရေး။ ဒီလွတ်လပ်ရေးကို ကဗျာစာဆိုက ဘိုးဘွားပေးဝေ ချစ်အမွေရယ်လို့ တန်ဖိုးထားတယ်။ ဘယ်လောက်အထိ တန်ဖိုးထားသလဲဆိုရင် သူ့တိုင်းပြည်နဲ့သူ့မြေကို "တဖြာတစ်ကွက် တစ်လက်မလည်း တသနုမြော စုံမက်မောသည်" တဲ့။ အဲဒီလိုအတွေးမျိုးနဲ့ ကဗျာတွေကိုသင်ပြီး ကျွန်မကြီးပြင်းခဲ့ရတာပါ။ ကျွန်မဆရာမဖြစ်တဲ့အခါ နာဒီးကို ဒီကဗျာလေး သင်ပေးဖို့အတွက် ဘယ်နှစ်ဆင့်လောက် ဖြတ်ကျော်ရဦးမှာလဲ။ သင်ဖို့အချိန်ရော မီပါဦးမလား။ မိနာဒီးမှာ ဒီကဗျာကို ခံစားနိုင်စွမ်းတဲ့ စိတ်နှလုံးရော အဆင်သင့်ဖြစ်နေပါ့မလား။

ကျွန်မ "နှင်းကိုမြင်နိုက်" ကဗျာလေးကို လွမ်းရပြန်ပြီ။ ကိုယ့်ပြည်ကိုယ့်မြေမှာနေပြီး တမ်းတနေရပြန်ပြီ။ ကျွန်မတို့တွေ မမြင်ရဘဲ အလဲလဲ အပြိုပြို စွန့်လွှတ်နေကြရတာ ဖြာတစ်ကွက်စာ မကတော့ဘူး။ တစ်လက်မစာ မကတော့ဘူး။ ခြကောင်တွေလို လူမသိ သူမသိအောင် တရိရိဝါးမျို စားသောက်နေကြတာ ဘယ်သူတွေလဲ။ စားပါစေဝါးပါစေဆိုပြီး ကြည့်နေကြတာ ဘယ်သူတွေလဲ။ အစားခံနေရတာ ဘယ်သူတွေလဲ။ တွေးရင်းတွေးရင်း မောလိုက်တာလေ။

ကျွန်မအတွက်တော့ နာဒီးဟာ ကျွန်မတို့ချစ်တဲ့အနာဂတ်ရဲ့ မိန်းကလေးငယ်များအတွက် ပုံစံငယ်လေးတစ်ယောက်ပါ။ ကျွန်တဲ့ကလေးမလေးတွေ အားလုံး သူ့အတိုင်းပဲလားလို့ မေးရင် အားလုံးမဟုတ်ပေမယ့် အားလုံးနီးပါးလို့ ကျွန်မဖြေချင်တယ်။ အဲဒီလိုဖြေတာမလွန်ဘူးလို့ဘဲ ကျွန်မရဲ့အဖြေကို ကျွန်မရဲရဲဝံ့ဝံ့အာမခံချင်ပါသေးတယ်။ ဘာလို့လဲဆို သူတို့မှာ အနာဂတ်ပျောက်နေကြလို့ပဲ။ ဒီလိုပြောပြန်ရင်လည်း မလွန်သေးပါဘူး။ စာမတတ်ပေမတတ် ဗဟုသုတငတ်နေမှတော့ မှောင်အတိဖြစ်နေတာ ဆန်းမလား။ အားလုံးခြုံတွေးလိုက်ပြန်တော့ နော်ငင်း ကျွန်မကို ရယ်မောနှစ်သိမ့်သလို "ဒါနင့်ကြောင့် ဖြစ်တာပေါ့ ဟဲ့ ဆရာမရဲ့၊ နင်ကောင်းကောင်း မသင်လို့လေ၊ ကဲ ခုမှဘာဒုက္ခအော်နေတာလဲ၊ ကိုယ့်ကိစ္စကိုယ်ရှင်း" လို့ဆိုတယ်။ သူငယ်ချင်းနှစ်ယောက် ရယ်နိုင်မောနိုင်ဖြစ်သွားကြပေမယ့် "ငါတို့တွေ ကိုယ့်ကိုယ်ကို တော်တော်လေးထင်ထားကြတာနော်၊ ကိုယ့်အလုပ်မှာတော့ ကိုယ်ဘုရင်မပဲရယ်လို့၊ ခုမှသိတယ် တကယ်အရေးကြီးတာတော့ ဘာဆိုဘာမှ မလုပ်နိုင်သေးဘူးပဲ" လို့ ကြေကြေကွဲကွဲကြီး ပြောမိပါသေးရဲ့။

နော်ငင်းကတော့ လက်တွေ့သမားပီပီ "ငါတို့လည်း အဆင့်ဆင့်ဆက် အသက်သက်များ နှစ်ပေါင်းများစွာပေါ့" မိနှင်းရယ် အားမငယ်ပါနဲ့ တတ်နိုင်သလောက်လုပ်ရမှာ ကိုယ့်ကိစ္စလို့ပဲ အောက်မေ့ကြရအောင်ပါ။ ငါတော့ ငါ့အလုပ်မှာ ဒီလိုပဲ အောက်မေ့ပါတယ်။ အကျင့်ပျက်ဝန်ထမ်းဆိုပြီး ပြောနေကြတဲ့အသံတွေလည်း ညံလို့ပဲပေါ့။ ဝန်ထမ်းလောကကို အထင်အမြင်သေးတဲ့သူတွေလည်း တပုံကြီး။ ဒါတွေတွေးနေလို့ဖြင့် မိုးကြီးချုပ်တောင် အိမ်ပြန်မရောက်ဘူး။ ငါတို့ဘဝအတွက် ငါတို့ဒီလမ်းကို ရွေးခဲ့ကြပြီးပြီ။ ဆက်လျှောက်ရုံပေါ့" လို့ဆိုပါတယ်။

သူပြောတာ ဟုတ်တုတ်တုတ်ပေမယ့် ကျွန်မကတော့ အနာဂတ်ရဲ့မြန်မာသမီးပျိုလေးတွေအတွက် မဆိုထားနဲ့ နာဒီးတစ်ယောက်အတွက်နဲ့ကို မောလှပြီ။ ကျွန်မအစိုးရိမ်ကြီး စိုးရိမ်နေမိတာက ကျွန်မကို ယုံကြည်မျှော်လင့်ခြင်းကြီးစွာနဲ့ သူ့အမေကရော ရွာကရော သူ့ကို ကျွန်မဆီမှာ အပ်ထားတယ်။ အကြောင်းတစ်ခုခုကြောင့် သူ ကျွန်မဆီကနေ ထွက်သွားခဲ့ရင်။ ဒီအတွေးဟာ ကျွန်မကို ခဏတိုင်းခြောက်လှန့်နေတော့တယ်။ ည ည တစ်ရေးနိုးရင်တောင် မိနာဒီးကို လှမ်းပြီးစမ်းမိတဲ့အထိ စိတ်တစ္ဆေက ခြောက်လှန့်နေတော့တယ်။

အံ့သြဖွယ်ကောင်းစွာလို့ပဲ ပြောပါရစေတော့။ များမကြာမီအချိန်လို့ ပြောရင်ရတဲ့နေ့တစ်နေ့မှာတော့ မမျှော်လင့်စွာဘဲ နာဒီးရဲ့အမေဟာ နာဘိုဆောနဲ့အတူ ကျွန်မဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ပြန်ပါတယ်။ သူ့သမီးကို ပြန်ခေါ်ချင်လို့တဲ့။ "အို မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့ ပြန်ခေါ်ရမှာလဲ၊ ကလေးက ဒီမှာ စာသင်နေတာကို ပျော်နေတာကို ဘာဖြစ်လို့ခေါ်ရမှာလဲ မဲ့က" ကျွန်မက အလန့်တကြား ထအော်ဖြစ်တဲ့အထိ တုန်လှုပ်သွားတယ်။ သူ့သမီးကို သူ့အမေက



www.burmeseclassic.com

www.burmeseclassic.com

လာခေါ်တယ်ဆိုတာလည်း မေ့သွားတယ်။ ဗိုတုန်းကဖြင့် ဖွတ်အတင်းပို့ချင်ခဲ့ပြီးတော့ ခုဘာဖြစ်ရပြန်တာလဲလို့ ငြိုငြင်မိသေးရဲ့။ ဘာပဲဖြစ်ဖြစ် သူကအမေဆိုတော့ "သမီးကို လွမ်းလို့လား၊ ဒါဆို ဒီမှာ ပျော်သလောက် နေသွား ကျွန်မကျွေးထားမှာပေါ့" လို့လည်း ပြောမိသေးတယ်။ သူသုံးဖို့များငွေလိုနေသလားတွေးပြီး မုန့်ဖိုးပေးရရင် ကောင်းမလားလို့တောင် အယောင်ယောင် အမှားမှားနဲ့ စဉ်းစားမိပါသေးရဲ့။ ဒါပေမဲ့ နာဒီးရဲ့အမေက သနားစရာကောင်းလောက်အောင် ရိုးသားတဲ့သူပါ။ သူ့မျက်ဝန်းတွေထဲမှာ ကျွန်မကို အားကိုးခြင်းကြီးစွာနဲ့ ယုံကြည်ချစ်ခင်စိတ်တွေ အပြည့်ရှိနေတယ်လို့ ခံစားသိနဲ့သိနေခဲ့လို့ ကျွန်မ မဲ့ကို စာနာနားလည်ပေးနိုင်ခဲ့ပါတယ်။

နာဒီးရဲ့အမေက သူ့ဘာသာ စကားနဲ့ပြောလိုက်တာ ပြောလိုက်တာ ဘာတွေမှန်းမသိ။ မျက်နှာကတော့ သိပ်မကောင်းရှာဘူး။ နာဘိုဆောက သူပြောတတ်သလို စကားပြန်လုပ်ရှာပါရဲ့ လို့ရင်းကတော့ စိုက်ခင်းတွေ စိုက်ရတော့မှာမို့ မခေါ်ရင်မဖြစ်လို့ ပြန်ခေါ်ရတာပါလို့ အဓိပ္ပာယ်ရတဲ့စကားမျိုးကိုပဲ ကြားခဲ့ရတာပါ။ ကျွန်မရဲ့ရင်ထဲမှာ တင်းကျပ်ဆို့နင့်ပြီး ဘာပြောရမှန်းမသိအောင် ဟာသွားတယ်။ "နာဒီးရေ ဘယ်လိုလုပ်ကြမလဲ" လို့ နောက်ဆုံးမေးခွန်းကို မေးမိသေးတယ်။ သူကတော့ ဘာမှမခံစားရသလိုပဲ၊ "ဟိုမှဲ့နောက်ကို လိုက်သွားဦးမယ်လေ" လို့ ပေါ့ပေါ့ပါးပါးပြောပြီး "မဲ့ကောင်းကောင်းနေခဲ့နော်" လို့တောင် မှာချေသေးရဲ့။ "ငါက ကောင်းကောင်းနေမှာပေါ့ နာဒီးရယ် နင်ရွာပြန်၊ ဇာတ်ကားတွေကြည့်ပြီး စာတွေမေ့ကုန်ရင် ဘယ်လိုလုပ်မလဲ" လို့ စိတ်မချလက်မချ ကျွန်မပြောတဲ့အခါ ရိုးသားသူကလေးပီပီ "အင်း စာတွေက ခုတောင်မေ့ချင်နေပြီ၊ ဇာတ်ကားကတော့ ကြည့်ရမယ်၊ ဒါမှ မကြည့်ရရင် နောက်ကျသွားမယ် မဲ့ရဲ့၊ ရွာကဟာတွေဆို ဘာကားတွေများ ကြည့်ပြီး အထည်သစ်တွေဝတ်နေကြပြီလဲမသိ" လို့ ပြောပုံကတော့ ပြန်ရမှာမို့ ဝမ်းသာတဲ့အသံများတောင် ပါနေသလားမသိ။ သူက အရိုးခံအတိုင်းပြောပေမယ့် မခံစားနိုင်တဲ့သူက ကျွန်မ။ ကျွန်မတို့ ဝေးသီခေါင်လှမ်းတဲ့ ရွာတွေမှာ စာသင်ရတာ တကယ်စိတ်ရှည်ရပါတယ်။ ကလေးတွေက ကျောင်းသားတစ်ပိုင်းယာသမားတစ်ပိုင်းတွေပါ။ စိုက်ချိန်ပျိုးချိန်ဆိုရင် အလိုလိုနေရင်း ခွင့်မတိုင်ပေမယ့် နားလည်ပေးရတာတွေ ရှိခဲ့ပါတယ်။ ဒါက တစ်ပိုင်း။ နာဒီးအဖြစ်က သီးသန့်လို့ ကျွန်မစိတ်ထဲမှာ တနုံ့နုံ့ခံစားရပြီး အမေရင်းနဲ့တောင် ဖြစ်များဖြစ်နိုင်ရင် ပြန်မထည့်ချင်တာပါ။

ဘာပဲဖြစ်ဖြစ် နာဒီးတစ်ယောက် သူ့အမေနောက်ကို ပါသွားခဲ့ပါတယ်။ နော်ငင်းကို လှမ်းပြောတော့ "ဘယ်တတ်နိုင်မလဲ သူငယ်ချင်းရယ်၊ သူ့အမေရင်းက လာခေါ်တာကိုး၊ ငြိတွယ်နေတဲ့ သံယောဇဉ်ကြိုးလေးတွေကို တစ်ရစ်ခြင်း လျှော့" လို့ သူကဆိုတယ်။ ကျွန်မအတွက်ကတော့ ဒါဟာ

**ကျွန်မဘက်က ဘာတွေကို ဘယ်လိုပဲတွေးတွေးခံစားမှုတွေဘယ်လောက်ပဲ ပြင်းထန်နေပါစေ မိခင်သက်ရှိအုပ်ထိန်းမှုအောက်မှာနေနေတဲ့ သမီးအရင်းကို ကျွန်မအနေနဲ့ ပြန်ခေါ်ခွင့် ဘယ်ရှိပါ့မလဲနော်။**

သံယောဇဉ်ကိစ္စမဟုတ်ဘူးလို့ ထင်ပါတယ်။ ကျွန်မက အဖော်လိုလို့ နာဒီးကို ခေါ်ထားခဲ့တာ မဟုတ်သလို ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားအတွက်လည်း နာဒီးကို ဘယ်တုန်းကမှ မသုံးခဲ့ဘူး။ အနေကြာလို့ နှောင်တွယ်ရစ်ငင်သွားတာမျိုးလည်း မဟုတ်ဘူး။ အမှန်အတိုင်းပြောရရင် ဒါ လူနှစ်ယောက်ကိစ္စ မဟုတ်ဘူးလို့ ဆိုချင်ပါတယ်။ ကြီးကြီးကျယ်ကျယ်ပဲ ပြောလိုက်ပါရစေ။ ကျွန်မတို့နိုင်ငံအတွက် တန်ဖိုးရှိလှတဲ့ "မိန်းမ" မျိုးဆက်အတွက်ပါ။ ကျွန်မနိုင်သလောက် ပြုစုပျိုးထောင်မွေးမြူကြည့်ချင်တဲ့ စမ်းသပ်မှုလို့ ဆိုချင်ပါတယ်။

ကျွန်မဘက်က ဘာတွေကို ဘယ်လိုပဲတွေးတွေး ခံစားမှုတွေ ဘယ်လောက်ပဲပြင်းထန်နေပါစေ မိခင်သက်ရှိအုပ်ထိန်းမှုအောက်မှာ နေနေတဲ့ သမီးအရင်းကို ကျွန်မအနေနဲ့ ပြန်ခေါ်ခွင့် ဘယ်ရှိပါ့မလဲနော်။ ကျွန်မထင်တယ် မိနာဒီးတစ်ယောက်ဟာ သူ့အိမ်မှာတော့ ထင်တိုင်းကြဲနေတော့မှာ။ အပျင်းဓာတ်ခံကလေးနဲ့။ အပျော်အပါးစိတ်ကလေးနဲ့။ လှချင်စိတ်ကလေးနဲ့။ အမေကိုမကြောက်တဲ့ ကလေးမကို ကျွန်မ တွေးလေ ‥ တွေးလေ၊ စိတ်မချနိုင်လေပါ။ ဒီသောကအပူက ကြီးပါပေတယ်။ ကျွန်မမှာ မနေနိုင်မထိုင်နိုင်တွေဖြစ်ပြီး နှစ်ပတ်လောက်နေတော့ နာဘိုဆောနဲ့နှစ်ယောက်သား သူ့ဆီကို လိုက်သွားရပါတော့တယ်။ ကျွန်မရောက်သွားတဲ့အချိန်မှာ မမက ရှိမနေဘူးလေ။ ယာခင်းထဲမှာဘာဆို

www.burmeseclassic.com



တော့ မဟုတ်ဘူးတဲ့။ သူ့အမေက ''ယာက ခဏနားနေရသေးတယ်၊ နောက်တစ်ပတ်လောက်နေမှ ပြန်ဝင်ရမယ်လို့'' ဆိုပါတယ်။ ထုံးစံအတိုင်း အလုပ်နားစဉ် တစ်ခဏမှာ ဗီဒီယိုရုံကို ရောက်နေပြီလေ။ သူ့အမေက လိုက်ခေါ်ရတယ်။

ကျွန်မ စိတ်မကောင်းလိုက်တာ။ မိနာဒီးဟာ ကျွန်မကိုတွေ့ဖို့ တွန့်ဆုတ်နေခဲ့တယ်။ မျက်စိပျက် မျက်နှာပျက်နဲ့ ပါလာခဲ့တယ်။ ''မဲ့ နဒီးကို လာခေါ်တာလား'' လို့ မပွင့်တပွင့်မေးတယ်။ ရင်ထဲမှာတော့ နာကျင်ခြင်းကြီးစွာနဲ့ပေါ့။ ကျွန်မ သူ့လက်ကလေးကိုဆွဲပြီး ''လာခေါ်တာမဟုတ်ပါဘူး သမီးရယ်၊ မဲ့ ညည်းကို လွမ်းလို့ လာတွေ့တာပါ'' လို့ ပြောရတာပေါ့။ ဒီတော့မှ သူ့ရဲ့ မျက်နှာကလေး ကြည်လာတယ်။ ''သမီး ပင်ပန်းနေလား'' လို့မေးတော့ သူကရယ်ပြီး ''ယာထဲမဆင်းဘူး'' လို့ တိုးတိုးလေး ပြောတယ်။ကျွန်မက ''ဟင် ဘာလို့ ယာမဆင်းတာလဲ၊ မဲ့က သမီးစာသင်နေတာတောင် ယာဆင်းမယ့်သူမရှိလို့ဆိုပြီး သေသေချာချာ လာခေါ်သွားတာ မဟုတ်ဘူးလား'' လို့ပြန်မေးတော့ သူ ဘာမှပြန်မပြောဘူး။ အပြစ်လုပ်ပြီးရင် ငြိမ်နေတတ်တဲ့ သူ့ပုံစံအတိုင်း ငြိမ်နေတယ်။ ဒါနဲ့ နာဘိုဆောကတစ်ဆင့် သူ့အမေကို မေးရတာပေါ့။ ဒီမှာ ပေါ်တော့တာပဲ။ ယာအလုပ်ကို ပင်ပန်းတယ်ဆိုပြီး ခေါ်လာပြီးကတည်းက ယာထဲကို မဆင်းလို့ မဲ့ကိုယ်တိုင်ပဲ သူ့ကိုယ်စား ယာဆင်းနေရသတဲ့။

''ဒါဖြင့် သူဘာလုပ်သလဲ ဒီမှာ ဘာမှအလုပ်မရှိရင် ပြန်ခေါ်သွားမယ်၊ စာသင်ရမယ်'' လို့ ကျွန်မကပြောတဲ့အခါ သူက ပျာပျာသလဲ ''နာဒီးလုပ်ရပါတယ်၊ မဲ့ကလည်း အိမ်မှာ ထမင်းချက်တဲ့လူ ဘယ်မှာရှိလို့လဲ နာဒီးပဲ ချက်ရတာ၊ နာဒီးမရှိရင် ဘယ်သူထမင်းချက်မလဲ'' လို့ဝင်ပြောတယ်။ ''ထမင်းချက်ပြီးရင် ဘာလုပ်လဲ'' လို့ ကျွန်မက အမှုစစ်သလို ဆက်မေးတော့ ဟိုလိုလိုဒီလိုလိုလုပ်နေပြန်ရော။ သူ့မဲ့ကတော့ ဘယ်အချိန်ကတည်းက တိုင်ချင်နေလဲမသိဘူး။ ''ယာထဲကို ထမင်းပို့ ပြန်လာရင် ခွေဆိုင်သွားပြီး သူငယ်ချင်းတွေနဲ့ ဇာတ်ကားကြည့်တာ တစ်နေကုန် ညတောင် ဆက်ကြည့်သေးတယ်'' လို့ဝင်ပြောတယ်။ ဒီကလေး ဒီမှာ ကြာကြာထားလို့ မဖြစ်ပါဘူးဆိုတာ စဉ်းစားမိပေမယ့် ခုချက်ချင်းခေါ်လို့ကလည်း လိုက်လိုဟန်က မရှိတာကြောင့် သူ့ကို ''ကဲ နာဒီး လုပ်စရာရှိတာ သွားလုပ်လို့'' ဖယ်ထုတ်လိုက်ပြီး သူ့မဲ့ကိုတော့ နာဘိုဆောကတစ်ဆင့် သေသေချာချာမှာခဲ့ရပါတယ်။

''ယာခင်းထဲမှာ မခိုင်းရတဲ့အတူတူ စာသင်ပေးမယ်၊ လိမ္မာအောင်လည်း မွေးပေးမယ်၊ ယာခင်းကို အဆင်ပြေအောင် စီစဉ်ထား၊ နောက်နှစ်ပတ်လောက်နေရင် ပြန်လာခေါ်မယ်'' ဆိုတော့ အရိုးခံလားဟူမကြီးက ဝမ်းတွေသာလို့။ ပြောလိုက်သေးတယ်။ သူ့သမီးကို ''သူ အလုပ်ကြမ်းကြမ်း မလုပ်နိုင်တော့ဘူး၊ စာကျက်လည်း ပျင်းတယ်၊ ငါ မသိတော့ဘူး''တဲ့။ ကျွန်မပြန်သာလာရတယ် ရင်ပူပူနဲ့။

နာဒီးအမေရင်း လားဟူမကြီးက ''ငါ မသိတော့ဘူး'' လို့ စိတ်ညစ်လက်ညစ်ပြောရင်ပြောခွင့်ရှိပေမယ့် ကျွန်မပညာတတ်အမေက သူ့လိုပြောခွင့်မရှိဘူးလို့ ခံယူပါတယ်။ အများသူငါအတွက် ထူးထူးခြားခြား ဘာမှ မလုပ်နိုင်ရင်တောင် ကျွန်မနဲ့ အတူနေဖူးတဲ့ ဒီမိန်းကလေးတစ်ယောက်အတွက်ကတော့ လုပ်နိုင်လိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။ နာဒီးအတွက် အသုံးလိုရင်သုံးရအောင် မုန့်ဖိုးနည်းနည်းပေးမယ်ဆိုပြီး ယူသွားတဲ့ငွေလေးကိုတော့ ဦးတည်ရာပြောင်းလိုက်ရပါတယ်။ နာဒီးက ထင်သလောက် မလိမ္မာဘူးဆိုတော့ အသုံးမဟုတ်ဘဲ အဖြုန်းဖြစ်မှာစိုးလို့ သူ့မဲ့ကိုပဲ ''လိုတာသုံးနော်'' ဆိုပြီး ပေးထားခဲ့တော့တယ်။ ပြန်လာရပေမယ့် စိတ်ထဲမှာ မကျေမလည်။

မမျှော်လင့်တဲ့တစ်နေ့မှာတော့ နာဘိုဆောတစ်ယောက် ကျွန်မဆီကို အပြေးအလွှား ရောက်လာခဲ့ပြန်ပါရော။ ''ဆရာမကြီး ပါသွားပြီ နာဒီး ပါသွားပြီ'' လို့ အမောတကောနဲ့ လာပြောတယ်။ ''ဟဲ့ ဘယ်ပါသွားတာလဲ'' ဆိုတော့ ''ဟိုဘက်ကမ်းကို''တဲ့။ ''ဘယ်တုန်းကလဲ'' ဆိုတော့။ ''ခုပဲ ခုပဲ သူ့အမေလာပြောတာ၊ သူ့မဲ့နဲ့ စိတ်ဆိုးပြီး ထွက်သွားတာလို့ ပြောတာပဲ'' တဲ့။ ''သူ့အမေက ဘယ်မှာတုန်း၊ သေသေချာချာ ပြောစမ်းပါဦး'' ဆိုတော့မှ

''နာဒီးက သူ့အမေကို ဆရာမကြီး မုန့်ဖိုးပေးသွားတာသိလို့ သူ့ကိုပေးရမယ်လို့ တောင်းတာ၊ သူ့အမေကလည်း မပေးဘူးပေါ့၊ သူလျှောက်သုံးမှာစိုးလို့ အဲဒါကို မကျေမနပ်ဖြစ်ပြီး သူ့အမေကို ခြိမ်းခြောက်တာတဲ့၊ အဲဒီမုန့်ဖိုးကိုမပေးရင် သူ ဒီရွာမှာ မနေတော့ဘူး၊ ဟိုဘက်ကမ်းကိုသွားပြီး ငွေရှာတော့မယ်လို့ပြောတော့ သူ့မဲ့က ဆရာမကြီးနဲ့တိုင်မယ်လို့ ပြန်ပြောတယ်တဲ့၊ အဲဒါနဲ့ပဲ ကြောက်လို့ဆိုပြီး ထွက်ပြေးတာ'' ဆိုပါလား။ ''သူ့အမေ ဟိုတောင်ဘေးမှာ ကျန်ခဲ့တယ်၊ သိသိချင်း ဆရာမကြီးဆီကို လာပြောတာပဲ'' လို့ အသက်မရှူစတမ်းပြောတော့ ကျွန်မလည်း ထူပူပြီး နာဘိုဆောနောက်ကို ပြေးလိုက်လာခဲ့တယ်။ ကျွန်မတို့နေတဲ့ရွာကလေးဟာ ရှမ်းရိုးမတောင်ကြောကြီးပေါ်မှာရှိတာမို့ မာကြောတဲ့ကျောက်တောင်ကမ်းပါးတွေဟာ လူသွားလမ်းကလေးကို မိုးနေတာပေါ့။

''မဲ့ရယ် ဘယ်လိုဖြစ်သွားတာလဲ'' လို့အားမရှိတဲ့အသံနဲ့ ကျွန်မမေးတယ်။ မဲ့က စကားမပြောနိုင်ရှာဘူး။ မိုးကောင်းကင်ကြီးပေါ်ကို လက်ညှိုးထိုးပြပြီး ငိုလို့ရှည်းနေတော့တာ။ ကျွန်မရဲ့နားထဲမှာတော့ ''သေရင် မိုးကောင်းကင်ပေါ် တန်းရောက်မှာ'' ဆိုတဲ့အသံတွေပဲ ကြားနေတော့တယ်။ လောလောဆယ်မှာတော့ မဲ့နှစ်မဲ့ဟာ အရုပ်ကြိုးပြတ်ပါပဲ။

ဝင်းဝင်းမြင့် (နန်းတော်ရှေ့)

■



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ ၁၇၉ မှအဆက်

မှန်တာပြောရရင် ကိုယ်လည်း ဒီအလင်းရောင်ထဲမှာ ဆက်ထိုင်ချင်စိတ် အလျဉ်းမရှိတော့။ ပိုက်ဆံရှင်းတော့လည်း "ညီလေးရေ ပိုက်ဆံအိတ်ကို သတိထားကွ၊ ခရီးသွားရင် ငွေက အရေးကြီးတယ်" ဟု လှမ်းသတိပေးလိုက်သေးသည်။

ဘူတာရုံဘက်ဆင်းလာတော့ ဆိုက်ကားသံတကျွီကျွီကြောင့် လမ်းဘေးခွေးတစ်အုပ်က ခေါင်းထထောင်ကာ အူလိုက်သေး၏။ သူက ခွေးတွေကလည်း ရှီးတဲ့မှပဲ ဟုဆဲကာ တံတွေးကို ပစ်ခနဲ လှမ်းထွေးရင်း ဆက်နင်း၏။ ဘူတာနားရောက်တော့ ဆိုက်ကားထိုးရပ်လိုက်ပြီး "ညီလေးရန်ကုန်ကို သွားမှာ မဟုတ်လား။ ပေး ပိုက်ဆံ၊ မင်းဒီကစောင့် အစ်ကို လက်မှတ်သွားဝယ်လိုက်မယ်" ဟုဆိုကာ ခြေလှမ်းကျဲကြီးနှင့် ထွက်သွားသည်။ အမှောင်ထဲမှာ ကိုယ်ကျန်ခဲ့၏။ အခြေအနေက ပုံမှန်မဟုတ်သေးရဲ့လားဟု တွေးရသည်။

စောစောက ဖုတ်ကောင်တစ်သိုက်က လူညိုမောင်ကြီးကို မြင်တာနဲ့ ဘာကြောင့်ဘဲလ်သံပေးကာ အချက်ပြခဲ့တာလဲ။ ငါပဲ အစိုးရိမ်လွန်နေတာမျိုးလား။ စင်စစ် ဘူတာရုံသွားပြီး ရထားလက်မှတ်ဝယ်ဖို့ကိုလည်း အရင်ထဲက သူ့ကိုပဲလွှတ်ဖို့ စဉ်းစားထားခဲ့သည်။ ကိုယ်က ရထားလာခါမှ တက်လိုက်သွားရုံ။ ခုတော့ မစိမပိုသာလင်းသည့် ဘူတာရုံသို့လည်း ကိုယ်မသွားရဲတော့။ သူက လက်မှတ်ဝယ်ပေးပြီး ကိုယ်နဲ့လမ်းခွဲတော့မည်ဆိုပါတော့။ ကိုယ်ဘယ်လိုလုပ်မလဲ။ ဒီအမှောင်ထဲမှာ ကိုယ်တစ်ကိုယ်ထဲ ဘာဆက်လုပ်မလဲ။ စောစောက ပတ်တရောင်တွေ ပြန်လှည့်လာခဲ့ရင် အစ်ကိုမရှိတော့သည့် ညီလေးတစ်ယောက်အဖြစ် ဘာဆက်လုပ်မလဲ။ ရထားလာမည့် သုံးနာရီထိ ကိုယ်တစ်ယောက်ထဲ ဘယ်လိုရှေ့ဆက်စခန်းသွားမလဲ။

"ဟေး ညီလေး ရုံပိုင်ကြီးပြောပြီး လက်မှတ်ယူခဲ့တယ် ဒီမှာ၊ ပျောက်သွားဦးမယ်ကွ၊ အိတ်ထဲ သေသေချာချာထည့်" သူက ရထားလက်မှတ်ကို သေချာအောင် သိမ်းဖို့ပြောပြီး ဆေးပေါ့လိပ်ကို မီးညှိကာဖွာသည်။ "လက်မှတ်ကို အစ်ကို့နာမည်နဲ့ ဝယ်ခဲ့တာ၊ မေးရင် ကျွန်တော့်အစ်ကိုဝယ်ပေးလိုက်တာလို့ ပြော၊ မှတ်ပုံတင်ပြမနေနဲ့တော့ ဟုတ်လား" ဆေးလိပ်ဖွာရင်း ပြောသည်။

အားပါး။ သိကြားမ,တာတောင် ဒီလိုအဆင်ချော့ပုံမလားမသိ။ "ကူညီတာ ကျေးဇူးတင်တယ်အစ်ကို တကယ်ပါဗျာ၊ အစ်ကိုစောစောကပြောခဲ့သလို အစ်ကိုဟာ ကျွန်တော့် အစ်ကိုလိုပါပဲ" ဟုနှစ်နှစ်ကာကာပြောမိသည်။ မျက်လုံးမှာ မျက်ရည်က ဝဲချင်ချင်။ "အခု အစ်ကို ပြန်တော့မလား၊ ကျွန်တော် ကျွန်တော် . . ဟို . . အစ်ကို့ကို ဘယ်လောက်ပေးရမလဲဟင်" တစ်ဆက်တည်း မရဲတရဲမေးဖြစ်သည်။

ဒီညအဖို့ ကိုယ်နှင့်အတူ သူနေခဲ့ချိန်က မနည်းတော့။ ဆိုက်ကားခဆိုသည့်အသုံးအနှုန်း ကိုယ်မသုံးချင်မသုံးရက်ဖြစ်နေသည်။ ထင်ထားသလို မြိုးမြိုးမြက်မြက်လေး တောင်းစေချင်သည်။ "မပြန်သေးပါဘူး ညီလေး၊ မင်း ရထားလာမှ အစ်ကိုပြန်မယ်၊ ဆိုက်ကားခကတော့ ငါးဆယ်ပေါ့ကွာ ရတယ်မဟုတ်လား"

"ဗျာ" ကိုယ်အံ့အားသင့်သွားသည်။ ဆိုက်ကားခ ငါးဆယ်ပဲပေးတဲ့။ ကိုယ်က ငွေသုံးရာလောက် ထုတ်ပေးသည်။ သူခေါင်းခါသည်။ "ဒါ ပုံမှန်ဈေးပဲညီလေးရဲ့ ငါလည်း မင်းဆီက ပိုမယူချင်ဘူး၊ မင်းလည်း ပိုမပေးနဲ့၊ အဲဒါပဲကောင်းပါတယ်ကွာ" ဟုဆိုသည်။ ငါးဆယ်ထက် ဘယ်လိုပိုပေးပေးမယူ။ "ကဲ ရထားမလာမချင်း ဒို့ ဒီလိုပဲ ထိုင်ကြတာပေါ့ကွာ" ဆိုပြီး ကတ္တရာလမ်းပေါ် ဖိနပ်ခုထိုင်သည်။ ကိုယ်လည်း သူ့လိုလိုက်ထိုင်သည်။ "အေးကွာ၊ လူတွေက ကိုယ့်စိတ်နဲ့ကိုယ်ကိုယ် ကောင်းတယ် ထင်တာလုပ်ကြတာပဲ၊ အစ်ကိုတို့ကျတော့ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် သိပ်မနေရပါဘူးကွာ" တဲ့။

သခင်မြသန်း၊ ဗန်းမော်တို့၏ရဲဘော်ကြီးက အဆက်အစပ်မရှိ ဆိုသည်။ ပစ္စည်းမဲ့ဆိုက်ကားဆရာကြီး၏စကားများက အမှောင်အောက်တွင် တစ်ချက်တစ်ချက် သဲ့သဲ့မျှလွင့်၍နေသည်။ ရထားလာမည့်အချိန်တိုင်း ကိုယ်နှင့်အတူနေပေးမည့် ကိုယ့်အပေါ်ထားသည့်စိတ်ကို ကိုယ်တိုင်အံ့အားသင့်နေသည်။ ညီရင်းအစ်ကို မေတ္တာစိတ် တော်မွတ်နေသူလား။ မိသားစုနှင့် ကင်းဝေးနေသူလား။ တစ်ချိန်တည်းတွင် ခရီးဆုံးထိ ကားနှင့်အတူလိုက်မပါလာသည့်ကိုယ့်နောက် ဖုတ်ကောင်တွေ ပျားပန်းခတ်ခြေရာခံနေမှာ မြင်နေမိသည်။ အမှတ်မထင်အဖြစ် ကိုယ်ကျန်ရစ်ခဲ့သည့်မြို့ကို သူတို့ရသွားကောင်းလည်း ရနိုင်လောက်ပြီ။ သို့မဟုတ် ထိုခရီးစဉ်တန်းက မြို့တွေဆီ သတင်းရောက်ကောင်း ရောက်နေမည်။ ဘယ်သို့ဆိုစေ လောလောဆယ် ကိုယ့်အနီးမှာ အဖော်တစ်ယောက်ရှိနေတော့ ဟန်မပျက်လှ။

သို့နှင့် အမှောင်အောက်မှာ ငြီးစီစီအချိန်ဖြုန်းရင်း ရထားအလာကို စောင့်ကြရသည်။ သုံးနာရီစွန်းစွန်းအချိန်လောက်တွင် စာပို့ရထားက ဘူတာဆီသို့ ဦးတည်လာနေပြီဖြစ်ကြောင်း အဝေးမှ လွင့်လာသည့် ဥဩသံကြောင့် သိနေရသည်။ သူက ခါးကို တစ်ချက်ဆန့်ရင်း "ကဲ ညီလေးရေ ဘူတာကို ဆင်းကြစို့" ဟုဆိုတော့ ပြိုင်တူထကြသည်။ နှစ်ယောက်သား ဘူတာထဲရောက်တော့ စောစောက ပတ်တရောင်အဖွဲ့နှင့် ထပ်ဆုံနေရာ ကိုယ့်စိတ်ထဲ ဗရုတ်ဗရက်ပြန်ဖြစ်လာသည်။ ဘာများလာရစ်လေဦးမလဲ။ ရထားဆလိုက်မီးက ကိုယ့်မျက်နှာသူ့မျက်နှာအားလုံးအပေါ် ထိုးထားသလိုဖြစ်နေ၍ လက်ဖြင့်ကာသလိုလိုလုပ်ရင်း ခေါင်းကို ငုံ့စိုက်ချထားရသည်။ မျက်နှာကို သဲသဲကွဲကွဲ မမြင်စေချင်။

ရထားဆိုက်တော့ သူက နီးရာတွဲဆီ ကိုယ့်လက်မောင်းကို ဆွဲ၍ တွန်းတင်သည်။ ရထားက ခဏလေးသာရပ်ပြီး ဂတ်ဗိုလ်တွဲဆီမှ ခရာမှုတ်သံထွက်လာ၏။ လူညိုမောင် ပစ္စည်းမဲ့ဆိုက်ကား ဆရာကြီးက ကိုယ်တက်သွားရာတွဲ၏ အနီးဆုံးပြတင်းပေါက်ဘေးတွင် လာရပ်ကာ ကိုယ့်ကိုလက်ယပ်လှမ်းခေါ်သည်။ ကိုယ်က ခရီးသည်တွေကြားတိုးဝှေ့ကာ သူရပ်နေရာ ပြတင်းပေါက်တွင် ကိုယ်ကို ကိုင်းညွတ်လိုက်သည်။ သူကလည်း ကိုယ့်နားဆီသို့ကပ်ကာ တိုးတိုးမျှင်းမျှင်း ပြောသည်။

"ကိုယ့်ညီလေး ကံကောင်းပါစေ၊ ကိုယ်က (++++) တပ်က တပ်ကြပ်ကြီး စိန်ဖေပါ၊ ဒီည အစ်ကိုမြို့ထဲ တာဝန်ကျတယ်၊ သူတို့က ရန်ကုန်က စာရေးဆရာတစ်ယောက်ကို သိပ်လိုချင်နေကြတာ၊ နောင်တစ်နေ့ ရေစက်ကြုံရင် ဆုံကြသေးတာပေါ့ကွာ"

သူ့စကားအဆုံး ကိုယ့်အာမေဋိတ်သံက ရထားဥဩသံနှင့်အပြိုင် ရင်ဘတ်ထဲ ဟိန်းထမြည်ဟီးကျန်ရစ်သည်။ သံလမ်းပေါ်မှာတော့ ရထားဘီးက တဖြည်းဖြည်း လှိမ့်စပြုနေလေပြီ။


**ခင်လွန်း**

(လွန်ခဲ့သည့် (၁၅) နှစ်က ကိုယ်တွေ့ညတစ်ညကို သတိရ ပြန်လည်ခံစားရေးဖွဲ့ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



စာအုပ် – စိန်စုလင်းစဥ်နှင့် ဒီမိုကရေစီအနာဂတ်
စာရေးသူ – သစ္စာနီ
စာအုပ်တိုက် – သုံးပွင့်ညီညာ
အကြိမ် – ပထမအကြိမ်၊ ဇူလိုင်၊ ၂၀၁၄
တန်ဖိုး – ၁၅၀၀
စာမျက်နှာ – ၁၅၈



စာအုပ် – သမိုင်းထဲက သီချင်း သီချင်းထဲက သမိုင်း(မြို့ပြ ဒီမိုကရေစီလှုပ်ရှားမှုသမိုင်းမှတ်တိုင်များ)
စာရေးသူ – ကိုတင်အေးကြူ
စာအုပ်တိုက် – Wisdom Heart Publication
အကြိမ် – ပထမအကြိမ်၊ ဇွန်၊ ၂၀၁၄
တန်ဖိုး –
စာမျက်နှာ – ၁၈၈




www.burmeseclassic.com

www.burmeseclassic.com

# ကျန်ရစ်ခဲ့သောသက္ကရာဇ်များ

ကြူကြူမာန်နှင်း

[စာရှုသူများအား ပန်ကြားလိုပါသည်။ ကျွန်မသည် ကျန်ရစ်ခဲ့သောသက္ကရာဇ် များ ခေါင်းစဉ်ဖြင့် ရုံနံ့သာ၌ ...ပေါင်းနောင်ဖြစ်များ ရေးသားခဲ့သည့်မှာ ခြောက်လရှိခဲ့ပြီဖြစ်ပါသည်။ ထိုခေါင်းစဉ်အောက်၌ ယော်ယောထယ်အားဖြင့် ဆရာစန်းညွန့်အေနှင့် ဆရာမဒေါ်ကြည် ဦးတို့နှင့် တွေ့ဆုံခဲ့ရသော အကြောင်းများကို ရေးသားခဲ့ပါသည်။






www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောနှစ်ရှာသီကမှ ခရီးထွက်ရင်း စိတ်ကူးဖြစ်မိချက် ချာ၌ ရှေးဟောင်းနှောင်းဖြစ်အ နေနှင့် အကြွေးအကြောင်းအရာ များရေးသားချင် ဖြစ်ပေါ်လာခဲ့ ၏။ အထူးသဖြင့် ရှေ့တီယူကမ္ဘာ ဖယ်ကြီး၏ ရိုက်ခတ်မှုအရ ဗွ ပါဒအုပ်ခင် အကြွင်းလှူယဉ် ကောင်းမှုများကို မပစ်မယ်သင့် ကြောင်း၊ စာတည်းလက်ထိုကို ကျောက်များကို တွေ့ရှိခဲ့ရသဖြင့် ထွက်သွားများကို ရေးသား[illegible] ထားပါသည်။ ဤကွင်း[illegible] က အောင်ပေါ်ပုံစံဖော၊ ရသ စတွဲပုံစံဖြင့် ရေးဖွဲ့ရန်သည် အသိသင့်ဖြစ်လာခဲ့သဖြင့် ထပ လှမ်းပြီး အထက်ပါခေါင်းစဉ် အောက်၌ ရသဝတ္ထုပုံစံဖြင့် တင်ဆက်ချင်းကို ကျေးဇူးတိ[illegible] ပါရန် မနဲတြားအပ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

၁၉၄၂ ခုနှစ်
ဒီဇင်ဘာ ၃၁ ရက်

နှင်းတွေ သိပ်သိပ်သည်းသည်း ကျနေသည်။

ကချင်ပြည်နယ်၏ဆောင်းက ဖာရင်ဟိုက် ဒီဂရီ ၅၀ အောက်မှာ ရောက်နေ၏။

ဗန်းမော်ခရိုင်ထဲရှိ ရွှေကူမြို့ကလေးမှာ အိပ်ရာမှနိုးနေသည်။ နှင်းတွေပိန်းပိတ်အောင် ဖုံးနေသဖြင့် ပတ်ဝန်းကျင်ကို ဝေးဝေးမမြင်ရ။ အိမ်ခေါင်မိုးသွပ်ပြားပေါ်သို့ ကျလာသော နှင်းစက်များ၏ခြေသံမှာ မိုးပေါက်နှင့်မခြား။ ခြံဝင်းအစပ်ရှိ ဆီးပင်များပေါ်မှ အိပ်ကြသော ငှက်ကလေးများ တေးမသီနိုင်ကြသေး။ သူတို့ခမျာ ချမ်းလွန်း၍ မေးခိုက်ခိုက်တုန်နေကြရော့မည်။

စောကလေးက ကွေးအိပ်နေရာက လူးလွန့်လိုက်ပြီး အိပ်ရာနိုးနေကျအတိုင်း 'အမေ့' ဟု အော်လိုက်၏။ နှစ်ခွန်းမအော်ရခင် အိပ်ခန်းထဲသို့ အမေ ပြေးဝင်လာလေသည်။

"စောကလေး နိုးပြီလား အေး အေး အမေလာကြို့ပြီ"

အမေ့အသံက တိုးညင်၏။ အမေ့ခြေသံကလည်း တိုးတိတ်၏။ စောကလေးကိုယ်မှာပတ်ထားသော ငွမ်းစောင်နှင့်အတူ စောကလေးကို ပွေ့ထူသည်။ သုံးနှစ်သမီးဆိုသော်လည်း ထွားကြိုင်းသဖြင့် အမေ့သမီးကို အမေ မနိုင်ချေ။ သမီးနှင့်အတူ အိပ်ရာထဲလဲကျလေ၏။ အမေသည်လိုဖြစ်တိုင်း စောကလေးက တခစ်ခစ်ရယ်တတ်သည်။

> ညကလေးလျှင်လျှပ်တော့
> ကမ်းပါးတွေပြိုသတဲ့။
> ဘုရားတွေလည်း
> ပါသွားသတဲ့။
> ဘုရားပြိုတဲ့အထဲမှာ
> စဉ့်အိုးရာကြီးတွေ
> တွေ့ရတယ်တဲ့။
> ဖြစ်ကတည်းကကြည့်မှ
> မြင်ရတာ။
> အဲ့ဒါပပလေးက
> သွားကြည့်တာ။
> ဟော ပြောရင်း
> ဆိုရင်း...

အမေက အသံကို တမင်ဟန်လုပ်လျက် တအီးအီး မြည်လိုက်ရင်း သမီးကို လက်နှစ်ဖက်ဆွဲကာ ကုန်းပိုးလိုက်၏။ သည်တော့မှ စောကလေးသည် ငွမ်းစောင်နှင့်တကွ အမေ့ကျောပေါ်မှာ ပါလာတော့သည်။

အိပ်ခန်းအပြင်ဘက် အလယ်ခန်းမကြီးရှိ မီးလင်းဖိုဘေးမှာ မောင်နှမတွေ စုံနေပြီ။ မီးတောက်မှ မီးခိုးများကြား လက်ကလေးတွေ မီးကင်ရင်း မီးခိုးမွှန်လျှင် မျက်နှာလွှဲ၊ စကားတွေ ပြောနေကြသည်။ သည်လောက် စောစောစီးစီး ဘာတွေပြောနေကြပါလိမ့်။

အမေက စောကလေးကို မီးဖိုနားက ဂုန်နီခင်းပေါ် အသာ အယာချ၏။ စောကလေးက အနားရှိ မမအုံးကို မှီလိုက်သည်။ မမအုံးကို စောကလေးအချစ်ဆုံး။ မမအုံးကလည်း စောကလေးကို အချစ်ဆုံး။ မမအုံးနှင့် စောကလေးကြားမှာ ကိုကိုစိုးမောင်ရှိသေးသည်။ ကိုကို့ကို တော့ စောကလေး မချစ်ပါ။ ကိုကို ဟု အမေသင်သည့်အတိုင်း သူ့ကိုခေါ်တော့ စောကလေး စကားမပီသဖြင့် 'တိုတို' ဖြစ်သွားသည်။ သူ့သူငယ်ချင်းတွေကြားတော့ "ဟော့ကောင် စိုးမောင်၊ မင်းကတိုသလား" ဟု နောက်ကြ၏။ ကိုကို့ရှက်ပြီး ညီမကိုရမ်းသည်။ "သွား .. ငါ့ကို ဘယ်တော့မှလာမခေါ်နဲ့" ဆိုကတည်းက စောကလေးသည် သူ့ကိုနာမည်မခေါ်တော့ပေ။ ထမင်းစားရန် အမေခေါ်ခိုင်းလျှင် သူ့အနားရောက်အောင်သွား၊ သူ့မျက်နှာကိုကြည့်ပြီးမှ "ထမင်းစားမယ်တဲ့" ဟုပြောကာ လှစ်ခနဲ လှည့်ပြေးမြဲ။

ပြီးတော့ ကိုကိုက သည်မိသားစုမှ အချစ်အခံရဆုံးလူဖြစ်သည်။ ဦးစားပေးအခံရဆုံးလူဖြစ်သည်။ အဖေသည် သမီးချည်း သုံးယောက်ဆက်တိုက်မွေးသည်ကို စိတ်ပျက်နေရာမှ စတုတ္ထကလေးမှာ သားယောက်ျားလေးဖြစ်လာသောအခါ သူ့သားကလေးကို ဖူးဖူးမှုတ်ထားတော့သည်။ အမေကလည်း သူ့သားကိုမထိရဲ၊ အဖေ့ပျာတာ လက်စွဲတော် 'ဆင်ဆင်' ဆိုလျှင် ကိုကို့နိုင်းဖတ်။ ကိုကိုပြောသမျှ ဆင်ဆင် ပျာနေအောင်လုပ်ရ၏။ တခြားမကြည့်ပါနှင့်။ မိသားစုထမင်းဝိုင်းသို့ ကိုကိုရောက်လာပြီး ဟင်းခွက်များကိုလှမ်းကြည့်ရင်း "မကြိုက်ဘူး မကြိုက်ဘူး" ဟု ခြေဆောင့်ပြီး အော်တိုင်း ဖေဖေက "ဟော့ မောင်ဆင်၊ ဝက်နံကင်တစ်မတ်ဖိုး ပြေးဝယ်" ဟု ပြောမြဲ။ ဆင်ဆင်က မိနစ်ပိုင်းအတွင်း ဝက်နံကင်ရအောင် ဝယ်ပေးရမြဲ။ ဒါကို ဘယ်သားသမီးကမှ မဆန့်ကျင်ရဲ။ စောကလေးက ကိုကို့ကိုမချစ်တော့၊ မမအုံးကိုတော့ စောကလေး ချစ်သည်။

မမအုံးက အားလုံးထဲမှာ လုံးကြီးပေါက်လှ။ အပျိုဖော်ဝင်စမှာပင် အပျိုကြီးဖားဖားဖြစ်နေပြီ။ သူ့ဆံတောက်ဖားကြီးတွေက နားရွက်နားမှာ ဝဲနေပြီး သူ့နားဆွဲကျောက်နီများကို တို့ကစားတတ်သည်။ မမအုံးရယ်လျှင် သွားဖွေးဖွေးတွေပေါ်အောင်ရယ်လေ့ရှိ၏။ အသံထွက်ရယ်ခြင်းကို အမေက မကြိုက်။ မိန်းကလေးဆိုတာ ရယ်စရာရှိရင် ပြုံး၊ ပြုံးစရာရှိကို တည်တည်နေရတယ်ဟု ဆုံးမလေ့ရှိ၏။ အမေကိုယ်တိုင်လည်း အမြဲပြုံးမြမြလေး နေတတ်လေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မမအုံးကလည်း အမေ ဆုံးမ၍ နားမထောင်ချေ။ မမ အုံးကို အဖေက (သူ့သားကလွဲ လျှင်) အချစ်ဆုံးကြီးဖြစ်၏။ အ ကြောင်းမှာ အမေ့အရင် ပထမ အိမ်ထောင် ဒေါ်သိန်းမေ ဝင် စားသူဟု အဖေယုံကြည်၍တည်း။

မမအုံးကလည်း အဖေ့ အားကိုးနှင့် စွာသည်။ နိုင်းလျှင် လုပ်ချင်မှလုပ်သည်။ တစ်ခုခု နိုင်းလိုက်တိုင်း စောကလေးကို ဂုတ်ပေါ်ဆွဲတင်ပြီး မြင်းစီးတမ်း ကစားလေ၏။ စောကလေးကို မြင်းစီးခိုင်းပြီး အိမ်ကြီးကို ပတ် ပြေးနေသဖြင့် အမေခိုင်းသည့် အလုပ်ကို အလိုလိုရှောင်ပြီးဖြစ် သွားသည်။ စောကလေးက မ မအုံးဂုတ်ပေါ်မှာ ကားယားခွ ထိုင်လျက် မမအုံး ဆံတောက် ဖားကြီးများကို မြင်းလည်ဆံအ ဖြစ် ကိုင်ဆွဲရလျှင် ကျေနပ်၍ မဆုံး။ မမအုံး ဒုန်းစိုင်းလေ၊ စောကလေးပျော်လေ ဖြစ်၏။

အားလုံးထဲမှာ မမကြီး မ ကြည်ခင်က အပင်ပန်းဆုံးဖြစ် သည်။ မမကြီးခမျာ အကြီးဆုံး ဖြစ်ရခြင်းကြောင့် ထမင်းချက် ရာမှာလည်း ကူရ၏။ အဝတ် လျှော်ရာမှာလည်း ကူရ၏။ အဖေ့အတွက် နံနက်စာပြင်ခြင်း၊ ဆွမ်းတော်ကပ်ခြင်းတာဝန်ကို လည်း မမကြီးပဲ ဒိုင်ခံလုပ်ရ သည်။ မမကြီးက အဖေ့လို အ သားညိုညို၊ မျက်လုံးလှလှ၊ အရပ်ကျတော့ အမေ့လို ခပ် ပျပ်ပျပ်။ စာတော်သည်။ ယခု နှစ် ၇ တန်း စကောလားရှစ် ဝင်ရမည်။

မမလေးပဲကောင်းသည်။ မမလေးနာမည်က မမကြီးနှင့် နဘောလိုက်အောင် 'မကြည်ရှင်' ဟုမှည့်ထား၏။ မမလေးသည် ဉာဏ်အလွန်ကောင်း၏။ ထမင်း

> **အိမ်ဦးဝမှာ နှင်းစိုငှေ့သော ဆိုင်းဘုတ်ကို မြင်နိုင်သည်။ အငွေ့ရှုံးဆိုင်းဘုတ် တည်း။ ကျွန်းသားပေါ်တွင် ဆေးအနက်သုတ်ပြီး အဖြူဖြင့် ရေးထားသည်။ 'သစ်တော အထောက်ရုံး၊ ရွှေကျင်မြို့' တဲ့။**

ပြင်ကြစို့ ဆိုသည်နှင့် အိမ်သာ ဝင်တော့၏။ သူများတွေ ပြီး လောက်မှ ထွက်လာကာ လက် ဆေးပြီး ထမင်းဝိုင်းထဲ ဝင်ထိုင် ၏။ နောက်ဆုံးလူက ထမင်း စားပွဲသိမ်းရမည့်တာဝန်ရှိရာ မ မလေးသည် ဘယ်တော့မှ နောက်ဆုံးဖြစ်အောင်မနေချေ။ မပြီးသေးလျှင် ထမင်းပန်းကန် ကို မသွားပြီး ရေအိုးစင်နားမှာ မတ်တတ်ရပ်လျက် ပြီးအောင် စားလေသည်။ စာကျတော့ မ မကြီးလို မကြိုးစား။ နှစ်တိုင်း စာမေးပွဲကျ၏။ သူများတွေစာ အံတုန်း သူက ဆရာကို လက် ညှိုးနှစ်ချောင်းထောင်ပြကာ အောက်ဆင်းပြီး ကြက်ခွပ်တမ်း ကစားနေတော့သည်။ ယခုနှစ် လည်း သူ့ စတုတ္ထတန်းကျဦးမှာ ဟု မမကြီးက ဝေဖန်သည်။ အဖေလည်း သူ့ကိုမနိုင်။ မမ လေးသည် အိမ်အလုပ်မလုပ်၊ စာမကြိုးစားရုံကလွဲပြီး အပြင် ခိုင်းလျှင်တော့ ဖင်ပေါ့သည်။ စက်ဘီးနှင့်သွားရမည်ဆို ငရဲ သို့ခိုင်းစေတော့ သူ ဝမ်းပန်းတ သာသွားမည်။ ခုမနက် မီးလင်း ဖိုနားမှာလည်း မမလေးကို မ မြင်ရပေ။

အဖေက ဇန်းမော်အရေး ပိုင်ရောက်နေ၍ သစ်တောရုံးမှာ ညအိပ်ကြောင်း စောကလေး သိပြီးဖြစ်၏။ ညက အိမ်အောက် ထပ်မှာ ဆင်ဆင်က သူ့ညီခင် မောင်ကို အဖော်ခေါ်ပြီး အိပ် သည်။ ညဦးကတစ်ညလုံး ဘာ ဖြစ်ခဲ့မှန်း စောကလေးမသိ။ စောကလေးက အိပ်မက်တွေ ထဲ လျှောက်ပြေးနေခဲ့သည်။ ယခု ..သူ့အစ်ကိုအစ်မတွေ မျက်နှာက ထူးခြားနေသည်။ ညက ..တဲ့။

''ညက တကယ်လန့်စရာ ကောင်းတယ်''

ကိုကိုက စောကလေးဘာ မှမသိမှန်း သိသဖြင့် စောက လေးကိုကြည့်ပြီး ပြော၏။ စော ကလေးက ကိုကို့ကိုပြန်မကြည့်။ အမေ့လက်ထဲက ကောက်ညှင်း အဆုပ်လိုက်ကို ကြည့်နေ သည်။

''ဟော့ စောကလေး နင် သိရင် ငယ်သံပါအောင်ငိုမှာ''

ကိုကိုက သူ့လက်ထဲရှိ ကောက်ညှင်းဆုပ်ကို မစားသေး ဘဲ ပြော၏။ ဘာများဒီလောက် အရေးကြီးလို့လဲ။

မမအုံးက စောကလေး ကို တိုးဖက်ရင်း ..

''အို ..မောင်လေးက လည်း ညီမလေးကြောက်အောင် မလုပ်နဲ့လေ။ အမေက ပြော ထားတယ်မဟုတ်လား။ ကလေး ကို မလန့်ရဘူးလို့''

''အာ ..မမအုံးကလည်း ကျွန်တော်ပြောတာအမှန်လေ။ အမေက မှန်သောစကားကို သာ ပြောရမယ်တဲ့''

''အောင်မယ်လေး ဘိုး တော်ချစ်ရဲ့ ဖြစ်နေပြန်ပြီ''

သည်တော့ စောကလေး စိတ်ဝင်စားလာသည်။

မမအုံးမျက်လုံးတွေက လည်း ခါတိုင်းနှယ် တည်ငြိမ် ခြင်းမရှိ။

''မမအုံး ..ညက ဘာ ဖြစ်လို့လဲဟင်''

ကောက်ညှင်းပေါင်းအိုးထဲ ယောက်မနှင့်ကော်နေရာက အမေက မမအုံးကို မျက်ရိပ်ပြ ၏။ မပြောနှင့် ဆိုသည့် သဘော။ သည်အခါ စော ကလေး ပို၍သိချင်လာသည်။

''ပြောလေ မမအုံး ညီမ လေး မလန့်ပါဘူး''

မမအုံးက ကိုကို့ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၏။

သူမပြောလည်း ကိုကိုပြောမှာသေချာသည်။ သူပြောတာနှင့်စာလျှင် ကိုယ်ပြောတာပိုကောင်းမည်ဟု မမအုံး ယူဆပုံရ၏။ စောကလေးခေါင်းကငယ်ထိပ်ကို လက်ဖဝါးဖြင့် ဖိရင်းပြောသည်။



"လျှောင်လှုပ်တာကွဲ့ .. လျှောင်ဆိုတာ ညီမလေးသိလား။ မြေကြီးကနေ တုန်လာတာ၊ တစ်အိမ်လုံးလည်း ခါလာတာ"

စောကလေး နားမလည်ပေ။ မမအုံးကို စိုက်ကြည့်၏။

"ဒီလိုကွယ် .. တို့တတွေ ထင်းပုံပေါ်တက်ခုန်တော့ ထင်းပုံကြီး ခါသွားတယ်မဟုတ်လား။ အဲ့ဒါမျိုး ဒီအိမ်ကြီးခါသွားတာ"

"အိမ်ခါရုံဘယ်ကမလဲ၊ မှန်အိမ်တွေ ပြုတ်ကျတယ်၊ ထရံပေါ်ကဓာတ်ပုံတွေ အားလုံးပြုတ်ကျတယ်၊ ပြီးတော့"

"နေစမ်းပါဦး စိုးမောင်ရယ် ငါပြောပြမှာပါ"

"ပြောလေမမအုံး ညီမလေးက ဘာလို့မမြင်တာလဲ"

"ညီမလေးက အိပ်ပျော်နေတာကိုး"

"အိပ်ပုတ်မ"

"ကိုကိုနော် .."

" နေ နေ .. မမပြောပြမယ်၊ အဲ့သလို အိမ်ကြီးခါလာလို့ မမကြီးလည်းနိုးတယ်။ အဲအမေက အရင်နိုးတာ။ ဆင်ဆင်လည်းအောက်ထပ်မှာနိုးလာတယ်။ ဒါပေမဲ့ ဘယ်သူမှ ထပြီး လမ်းမလျှောက်ရဘူး။ အမေက တိုးတိုးအော်တယ်လေ။ ငြိမ်နေ .. ဝပ်နေတဲ့"

"ဟုတ်လား"

"အေး .. အဲ့ဒါနဲ့ ပြီးတော့ အသံကြီးပေါ်လာရော"

"တော်လဲတာဟ"

"ဘာ .. တော်လဲတာ"

"အသံကြီး ဟည်းလာတာ၊ မိုးကြိုးပစ်သံလည်း မဟုတ်ဘူး။ ဟည်း .. ဟည်း .. နဲ့ မြေကြီးထဲက အော်တာလိုလို"

စောကလေးကြောက်လာသည်။ မမအုံးကို တိုး၍ဖက်သည်။ အမေက ကောက်ညှင်းပေါင်းထပ်ချ၏။ မမကြီးက ရေနွေးကြမ်းအိုး ယူလာသည်။ ဘယ်သူမှ မစား မသောက်သေး။

"ကလေးတွေ .. စကားကို တိုးတိုးပြောကြ။ လျှောင်လှုပ်တယ်၊ တော်လဲတယ်ဆိုတာ နိမိတ်မကောင်းဘူး။ ဟိုရက်ကလည်း ကောင်းကင်ကြီးနီနေတာ တွေ့တယ်ဟုတ်လား။ ပြီးတော့ နင့်အဖေပြောတယ်။ သူတို့ တောထဲမှာနေတုန်းက မြင်ခဲ့တာတဲ့။ လနဲ့ သောကြာကြယ် နီးနီးလေးတဲ့။ သောကြာကြယ်ကြီး လနဲ့နီး .. ပြည်ကြီးပျက်လတ္တံ့ .. တဲ့။ ဘုရားရှိခိုးကြဦး"

အမေက တစ်ကိုယ်တည်းပြောသလို ရေရွတ်နေသည်။

"မမလေးကလည်း ကြာလိုက်တာ"

ကိုကိုက အိမ်အပြင်တံခါးဝဘက်လှည့်ကြည့်ပြီး ပြော၏။

"မလေးက ဘယ်သွားတာလဲ"

ကိုကိုပြောမည်အလုပ် မမအုံးက ဝင်ပြောသည်။

"ညီမလေးမကြောက်နဲ့နော်။ သေချာအောင် မမလေးကသွားကြည့်တာ။ ဟိုဒင်းလေ ညကလျှောင်လှုပ်တော့ ကမ်းပါးတွေ ပြိုသတဲ့။ ဘုရားတွေလည်းပါသွားသတဲ့။ ဘုရားပြိုတဲ့အထဲမှာ စဥ့်အိုးရာကြီးတွေ တွေ့ရတယ်တဲ့။ ဖြစ်ကတည်းကကြည့်မှ မြင်ရတာ။ အဲ့ဒါ မမလေးက သွားကြည့်တာ။ ဟော ပြောရင်းဆိုရင်း မမလေး ပြန်လာပြီ"

မမလေးပုံက ဝင်ပေါက်မှာပေါ်လာ၏။

သိုးမွှေးအင်္ကျီအပေါ်မှာ ကုတ်အင်္ကျီထပ်ဝတ်ထားသဖြင့် မမလေးကိုယ်က ဝတုတ်နေသည်။ သူ့ခေါင်းမှာ ခေါင်းစွပ်မရှိ။ ဆံပင်တွေက နှင်းဖတ်တွေနှင့် ဖွေးနေ၏၊ မျက်တောင်တွေမှာပင် နှင်းစက်တွေနှင့်။

မမလေးသည် ဤအိမ်၏ အထောက်တော်ပီပီ မီးဖိုနားမှာ ဝင်ထိုင်ရင်း ရရှိခဲ့သောသတင်းကို ပြောလေ၏။

"ဟုတ်တယ်အမေရေ၊ စဥ့်အိုးရာကြီးမှ အကြီးကြီးပဲ"

"မမလေး ဘယ်လိုလုပ်ကြည့်လဲ"

"ဟ .. ဘကြီးမြရဲ့ ငှက်လှေနဲ့ပေါ့။ မြစ်ထဲလှော်သွားပြီးမှ ဒီဘက်ပြန်လာကြည့်ရတာ။ အနားတော့ဘယ်ကပ်ရဲမလဲ"

"မမလေးမကြောက်ဘူးလား"

"နည်းနည်းတော့ကြောက်တာပေါ့ဟဲ့။ ဒါပေမဲ့ လူတွေက ဖွဲ့ကျနေတာပဲ။ ငှက်လှေတွေလည်း အများကြီး။ အဲ့ဒီစဥ့်အိုးရာကို လာကြည့်ကြတာ။ တကယ်အံ့ဩစရာကြီးပဲ"

"ဘာစဥ့်အိုးလဲဟင်"

စောကလေးက ဝင်မေး၏။ မမလေးက ကောက်ညှင်းဆုပ်ကိုတစ်လုပ်ဝါးပြီးမှ ..

"ဥစ္စာစောင့်ပေါ့"

"ဘာ .. ဥစ္စာစောင့်ဟုတ်လား"

"အေး .. ဟုတ်တယ်။ ညကလျှောင်လှုပ်လို့ ဘုရားတွေပြိုတော့ ဥစ္စာစောင့်တွေက သူ



www.burmeseclassic.com

www.burmeseclassic.com

တို့ဘုရားသိုက်ကို ရွှေကြတာပေါ့။ အောင်မယ် ..ညကလှည်းဘီးသံ နွားခြူသံတွေတောင်ကြားရသေးတဲ့တော့''

''ဟဲ့ ကြည်ရှင် .. လျှောက်မပြောနဲ့လေ''

အမေက မီးပြောင်းနှင့် မီးမှုတ်ရာက ဝင်တားသည်။ မမလေးကား အမေ့ကိုမကြောက်ပေ။

''ဘယ်ကလာ လျှောက်ပြောတာမဟုတ်ဘူး။ ကြီးဒေါ်တင်ကိုယ်တိုင် ပြောနေတာ။ နွားလှည်းတွေအသံ ကြားရတယ်တဲ့။ မင်းကျောင်း ရွှေကူကြီးဘုရားဘက်ကတဲ့။ ဘာပဲပြောပြော စဥ့်အိုးကြီးပါသွားတာတော့ သေချာတယ်။ ရာဝင်အိုးမဟုတ်တောင် ငါးဆယ်ဝင်တော့ရှိမယ်။ တို့အိမ်ရှေ့တံစက်မြိတ်မှာ ရေတံလျှောက်ကရေခံတဲ့အိုးအရွယ်ပဲ။ ရွှေတွေငွေတွေ ဘယ်လောက်များမလဲမသိဘူး။ တချို့ကလည်း အဲ့ဒီဘုရားပြိုတဲ့အနားက သဲတွေကိုကျုံးပြီး ရေထဲမှာဆေးကြည့်မယ်တဲ့။ ရွှေမှုံစေ့တို့ဘာတို့ကျန်ရစ်ချင်ကျန်ရစ်မှာတဲ့''

''ကဲပါ ကြည်ရှင်ရယ် နင်ပြောတာ သွားရည်ကျခမန်း။ ငါ ဆရာတော့်ကျောင်း သွားချဦးမယ်။ ကောက်ညှင်းပေါင်းဆွမ်းပို့မယ်။ ဆရာတော့်ကျောင်းကိုလည်း စိတ်ပူတယ်။ ကဲ .. အမေနဲ့အဖော်လိုက်ခဲ့။ စိုးမောင် ထ .. ထ ..''

''စောကလေးလည်းလိုက်မယ်''

''အေး .. လိုက်လိုက်။ ကဲ ကြည်ခင်ရေ .. နောက်ပိုင်းကြည့်ထားဟေ့''

* * *

မြို့ထဲမှာ နှင်းတွေ အဆုပ်လိုက်ကျနေဆဲ ဖြစ်သည်။

အဖေ့အချစ်တော် နှင်းဆီခြုံများကား အပွင့်တွေဝေနေပြီ။ နှင်းရည်သောက်စို့ရသဖြင့် နှင်းဆီပွင့်များပျော်နေပုံရ၏။ အဖေက ခြံမျက်နှာစာတခွင်လုံးမှာ နှင်းဆီရောင်စုံတွေ သူကိုယ်တိုင် စိုက်ထားခြင်းဖြစ်၏။ အရောင်တွေကလည်း စုံသည်။ အဖြူလွလွ၊ အနီရဲရဲ ပန်းသွေးနုနု၊ အဖြူနှင့် ပန်းနုအစပ်။ အပွင့်အရွက်တွေရော ကြည့်ဦးမလား။ ခြောက်လက်မနှင်းဆီဆိုတာ တကယ်ပင် အပွင့်၏ အချင်းက ခြောက်လက်မရှိသည်။ နှင်းဆီနီတွေက အရိုးတုတ်တုတ်နှင့် အပွင့်ထုံထုံနေကြသည်။ အဖြူက အပွင့်မှာ အရက်စက်ဆုံး။ ဘယ်နှစ်ပွင့်ဟု ဘယ်တော့မှရေ၍မရပေ။ အဖူးအငုံတွေက ဆင့်နေသေးသည်။ တောနှင်းဆီခေါ် နှင်းဆီရိုင်းတွေကား အခိုင်လိုက် မြိုင်နေအောင်ပွင့်တတ်၏။ အပွင့်သေးသေးနှင့် မွှေးသည်။ အခိုင်လိုက် ဘုရားပန်းအိုးထိုးထားလျှင် တစ်အိမ်လုံးမွှေးနေမြဲ။ အဖေ့နှင်းဆီများကိုဧည့်သည်များမချီးကျူးဘဲမနေနိုင်ကြချေ။ ဘာတွေမြေဩဇာထည့်သလဲဟု မေးတတ်ကြသည်။ အဖေက ဂုဏ်ယူစွာပြုံးနေဆဲ .. နွားချေးရှာပြီး ရေလောင်းရသူ ဆင်ဆင်က မျက်နှာရှုံ့နေလေ၏။

အမေက လှေကားမှဆင်းပြီး ဆင်ဆင့်ကိုရှာသည်။ ဆင်ဆင်က အိမ်မကြီး၏ ဆင်ဝင်အောက်မှာ စက်ဘီးဆီသုတ်နေသည်။ ဆင်ဆင့်မျက်နှာမှာလည်း နှင်းစက်တွေနှင့်။ နှင်းတွေက ဆင်ဝင်ထဲအထိ တိုးဝင်နေကြ၍ဖြစ်၏။

''ဟဲ့ ဆင်ဆင် .. ငါဘုန်းကြီးကျောင်းသွားဦးမယ်။ အိမ်မှာကလေးတွေဂရုစိုက်ထား''

''ကိုယ့်ဘုရင် ကိုယ့်သခင်ကို မျှော်မှန်းရည် .. ယနေ့တိုင် မပေါ်နိုင်ပါတော့သည်'' ဟူသောစကားကိုဆိုတတ်၏။ အမေ့မျိုးရိုးမှာ မိုးညှင်းမိုးကောင်း ရှမ်းများတည်း။ အမေ့အဘ ဦးတိုးတာနှမ္မားစာတိ။ အမေ့ဖိုးဘေး ဒေါ်ဆွန့်ကား ရွှေကူမြို့နှင့် မလှမ်းမကမ်းရှိ

''ဟုတ်ကဲ့ ဆရာကတော်စိတ်ချသွားပါ''

ဆင်ဆင်က လက်နှစ်ဖက်ကို ရှေ့မှာယှက်ပြီးပြော၏။

သူသည် အဖေ့ရုံးအတွက် ပျာတာ (မင်းစေ) ဖြစ်ပြီး အမေ့အတွက် အိမ်ဖော်ဖြစ်၏။ ပိုင်းလုပ်ပိုင်းစား သားသမီးလိုထားသဖြင့် ဆင်ဆင်လည်း ပျော်သည်။ သူ့ပျာတာလစာကို ရှာရှိ သူ့နှမလေးနှင့် ညီထံထောက်ပံ့နိုင်သည်။ ဆင်ဆင့်အဖေက ဟိန္ဒူဘာသာ၊ အမေက ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်၏။ ဆင်ဆင်တို့မောင်နှမသုံးယောက်ပဲရှိသည်။ မိဘများဆုံးသွားကြပြီ။ အဖေနှင့်အမေကို ဆင်ဆင်က မိဘအဖြစ်ကိုးကွယ်သည်။ ကျေးဇူးရှင်အဖြစ်လေးစားသည်။ ကလေးတွေကလည်း ဆင်ဆင့်ကို ဦးလေးသားချင်းအဖြစ် ချစ်ကြ၏။ ဒါကို ''ဘဝရေစက်ပေါ့'' ဟု အမေက ဆိုသည်။

အမေက ကောက်ညှင်းဆွမ်းအုပ်ကို ရွက်၏။ ကိုကိုက သူ့လေးခွထည့်ထားသောလွယ်အိတ်ကို လွယ်၏။ စောကလေးက သယ်စရာဘာမှုမရှိ၊ အမေ့ထဘီစကို လက်တစ်ဖက်နှင့်ဆွဲထားသည်။ ကိုကိုငှက်ပစ်သည်ကို အမေက မကြိုက်သော်လည်း ဘုန်းကြီးကျောင်းသွားလျှင်မူ လေးခွပါခြင်းကို အမေ မတားပေ။ သစ်ပင်သစ်အုပ်ထူသော ကျောင်းဝင်းထဲတွင် အန္တရာယ်တစ်ခုခုတွေ့ပါက သူ့သားကြီး၏ လေးခွကို အမေအားကိုးပုံရ၏။

အိမ်ခြံဝမှာ နှင်းဆိုင်းနေသောဆိုင်းဘုတ်ကို မြင်နိုင်သည်။ အ

www.burmeseclassic.com

ဖေ့ရုံးဆိုင်းဘုတ်တည်း။ ကျွန်းသားပေါ်တွင် ဆေးအနက်သုတ်ပြီး အဖြူဖြင့် ရေးထားသည်။

'သစ်တောအကောက်ရုံး၊ ရွှေကူမြို့' ဟူ၏။

စောကလေးတို့ လမ်းမပေါ်ရောက်တော့ လူသွားလူလာစည်စပြုနေပြီ။ မျက်နှာသိချင်းတွေ့လျှင် ညကလျှင်အကြောင်းပြောကြသည်။ မျက်နှာတွေက စိုးရိမ်စိတ်လွှမ်းနေကြ၏။ အဖေ့ရုံးနှင့် ခြံကြီးက မြို့လယ်ခေါင်မှာဖြစ်သည်။ ဘုန်းကြီးကျောင်းရောက်ဖို့ လမ်းဆုံကုက္ကိုပင်ဈေးကလေးကို ဖြတ်ရမည်။ ဈေးကလေးကျော်မှ လမ်းမြှောင်မြှောင်အတိုင်း လျှောက်ပြီး ဘုန်းကြီးကျောင်းဝင်းကိုရောက်မည်။ ကျောင်းဝင်းအဝင်ဝမှာ ဇရပ်မညောင်ပင်ကြီးတွေ့ရှိသည်။ လမ်းဆုံဇရပ်ကြီးလည်းရှိသည်။ ညောင်ပင်ကြီးနှင့် ဇရပ်ကိုကြည့်ပြီး ကြက်သီးထတတ်ကြသည်။ အကြောင်းမှာ ဤညောင်ပင်၌ ရုက္ခစိုးရှိသည်ဟု သိရပြီး ဇရပ်ပေါ်မှာက ဆွေမျိုးမရှိသော ညှိုးသည်လူနာများသေလျှင် အလောင်းကျင်းထားလေ့ရှိသောကြောင့်တည်း။

"အဲ့ဒီညောင်ပင်ကြီးနားမှာပေါ့"

ကိုကိုက စောကလေးကို လှည့်ပြောသည်။

"ဘာလဲဟင်"

"ဟိုးတစ်ခါက အဲ့ဒီညောင်ပင်ကြီးအောက်မှာ လူနှစ်ယောက်လက်ပစ်ကူးနေကြတာတဲ့"

"ဟဲ့ကောင်လေး .. မဟုတ်ကဟုတ်ကတွေ"

ကိုကို့စကားကို အမေကဝင်တား၏။

"တကယ်ပြောတာ အမေရဲ့ .. ကျွန်တော့်သူငယ်ချင်းတွေ ပြောပြတာ"

"ဘာတဲ့လဲဟင်"

စောကလေးက သိချင်နေသည်။

"လူနှစ်ယောက် မြေကြီးပေါ်မှာ လက်ပစ်ကူးနေကြတယ်ဆိုတာ အဲ့ဒါ သိုက်ဆရာတွေတဲ့။ ဒီဘုရားတွေမှာ သိုက်ရှိလို့ အဲဒီက သိုက်ဆရာတွေလာကြတာ။ သိုက်ကို ဆရာကနိုင်ရင် ရွှေတွေငွေတွေ ယူရုံပဲ။ သိုက်ကိုမနိုင်ရင်တော့ မြေပြင်ကို ရေထင်ပြီး လက်ပစ်ကူးရသတဲ့။ အဲ့ဒါ သူတို့က ရှုံးလို့ပေါ့။ မိုးလင်းလို့ လူတွေလာမြင်မှ သတိပြန်ရတာတဲ့"


စောကလေးသည် ညောင်ပင်ကြီးကိုကြည့်ပြီး တုန်လာ၏။ ညောင်ပင်ကြီးတွေက အိုလှပြီ။ ညောင်မြစ်ကြီးတွေပင် မြေပေါ်မှာ တုံးလုံးပက်လက်ပေါ်နေကြသည်။ တစ်ခါတလေ ကိုကိုတို့ကောင်လေးတသိုက် ဤညောင်မြစ်တွေကို အုတ်ခဲနှင့်ထုပြီး အစေးများကျလာသောအခါ ညောင်ရွက်တွေပေါ်သုတ်၍ နေလှန်းကြသည်။ နေရောင်ဖြင့် ညောင်စေးများ အမျှင်ဖြစ်လာတော့ အိမ်ကယူလာသော ဝက္ကူအလုံးမှာ ရစ်ပတ်ကြသည်။ အမျှင်များများ ရစ်ပြီးသောအခါ ဘောလုံးဖြစ်သွားပြီ။ ဤလိုဝက္ကူဘောလုံးမျိုးနှင့် တစ်ယောက်ကိုတစ်ယောက် ပစ်ပေါက်ကစားရ၏။ စောကလေးကိုလုပ်ပေးသော ဘောလုံးတွေကို စောကလေးက ထန်းရွက်ဖာကလေးထဲမှာ သိမ်းထားသည်။ ကိုယ်တိုင်ကတော့ မလုပ်တတ်ပါ။ လုပ်ဖို့နေနေသာသာ ဤညောင်ပင်ကြီးဆီ လာပင်မလာရဲချေ။

"အဲ .. ဟိုဇရပ်မှာလည်း သရဲရှိတယ်ဟ"

ကိုကိုက ဇရပ်ကြီးဘက်မေးငေါ့ပြီး ပြော၏။

"ပြောပြန်ပြီ မတော်တခေါက်"

အမေက ဆူသည်။ စောကလေးက အမေ့ထဘီနားကို မလွှတ်။



"ဘာသရဲလဲဟင် ကိုကို"

"သူကိုယ်သူ ရိုင်ဖယ်သေနတ်နဲ့ ပစ်ပြီးသေတဲ့ သရဲလေ"

"အိုး .. အဟုတ်လား"

"ဟုတ်သမှ ငါတို့တောင်လာချောင်းကြည့်သေးတာ။ မော်လမြိုင်ရပ်ကတဲ့။ သူ့ရည်းစားက မယူလို့ဆိုလား။ မပေးစားလို့ဆိုလား။ ဒီဇရပ်မှာ ပက်လက်အိပ်ပြီး ပါးစပ်ထဲ ပြောင်းငုံ၊ ခြေမနဲ့ မောင်းဖြုတ်တာ။ သေရော"

"ဟင် .. သေနတ်ကို ဘယ်ကရတာတဲ့လဲ"

"သူက ရဲသားလေ။ ပုလိပ်ကိုး"

"တော်ကြပါတော့ဟယ်။ ကျောင်းဝင်းထဲမပြောကောင်းဘူး"

ဟုတ်သည်။ ပြောရင်းဆိုရင်း ကျောင်းဝင်းထဲရောက်လာကြပြီ။ ကျောင်းဝင်းအဝင်လမ်းက နှင်းတွေနှင့် စိုနေ၏။ လမ်းကျဉ်းလေး၏ တစ်ဖက်တစ်ချက်မှာ အလေ့ကျပန်းတွေ ပေါက်နေသည်။ ဘယ်သူမှမခူးသဖြင့်



www.burmeseclassic.com

ကြေွတချို့ ပွင့်တချို့ ..။

အဝင်ဝ၏ ဘယ်ဘက်ခြမ်းမှာက သိမ်ဘုရားဝင်း ရှိ၏။ အုတ်တံတိုင်းခတ်ထားသည်။ တင်ပလ္လင်ခွေဆင်းတုတော်က ကျောက်သလင်းဖြစ်၍ ဖြူလွနေလေသည်။ ဦးခေါင်းတော်မှာ မကိုဋ်မွှေတွေနှင့် ဖြစ်၏။ ရွှေကူမင်းသား၏ ကုသိုလ်တော်ဟု အမေပြောဖူးသည်။

"ရွှေကူမင်းသား ဆိုတာ တို့မြို့ရဲ့ မြို့စား၊ ရွှေကူမြို့စားပေါ့။ မင်းတုန်းမင်းကြီး မမာတော့ မိဖုရားကြီးနဲ့ မှူးမတ်တချို့က သီပေါကို နန်းတင်ချင်တာနဲ့ ခွန်အားရှိတဲ့ မင်းညီမင်းသား လေးဆယ်ကျော်ကို သတ်ပစ်တာ။ တို့များရွှေကူမင်းသားလေးလည်း ပါသွားရှာတယ်"

ထိုအကြောင်း အမေပြောပြစဉ် အမေ့မျက်လုံးထဲတွင် မျက်ရည်စို့နေခဲ့၏။ အမေက မင်းမျိုးမင်းနွယ်ကား မဟုတ်။ သို့သော် "တို့ရှင်ဘုရင်တွေရှိတုန်းက ..." ဟု ပုံပြောတတ်သည်။ ပုခက်လွှဲ ကလေးသိပ်လျှင်ပင် "ကိုယ့်ဘုရင် ကိုယ့်သခင်ကို မျှော်မှန်းရည် .. ယနေ့တိုင် မမေ့နိုင်ပါတော့သည်" ဟူသော တေးကိုဆိုတတ်၏။ အမေ့မျိုးရိုးမှာ မိုးညှင်း မိုးကောင်း ရှမ်းများတည်း။ အမေ့ဖခင် ဦးတိုးက နမ္မားဇာတိ။ အမေ့မိခင် ဒေါ်ညွန့်က ရွှေကူမြို့နှင့် မလှမ်းမကမ်းရှိ တူးချောင်းရွာသူ။ ဦးတိုးရော ဒေါ်ညွန့်ရော ရှမ်းပမာများဖြစ်သည်။ ရှမ်းနီ ဟုလည်း ခေါ်သည်။ ထို့ကြောင့်ပင်ဖြစ်မည်။ အဖေသည် အမေ့အား စိတ်ဆိုး၍ဆဲလျှင် တခြားနည်းမဆဲဘဲ "နင့်အမေလွှား ရှမ်းဖင်နီ" ဟု ဆဲလေ့ရှိ၏။ အမေက ဘယ်တော့မှနာလေ့မရှိ၊ တစ်ဖက်လှည့်ပြုံးရယ်နေမည်။ သမီးများကလည်း "သူ့မိန်းမ ဖင်နီတာ သူပဲသိမှာပေါ့" ဟု တီးတိုးအတင်းပြောကြလေသည်။

"ဟော .. ဘုန်းကြီးတောင် မီးလှုံနေပြီ။ အရုဏ်ဆွမ်းဘုဉ်းပေးပြီးပြီနဲ့တူတယ်"

ဟုတ်သည်။

ဘုန်းကြီးကျောင်း၏ အလယ်ခန်းတွင် မီးကျီးခဲများ ရဲနေတာ မြင်ရပြီ။ ကျောင်းနံရံ ပျဉ်ပြားများ ဆွေးရိပေါက်ပြဲနေသောကြားမှ လှမ်းမြင်ရခြင်းဖြစ်၏။

ကျောင်းကြီးကား အိုလှပြီ။ ဤကျောင်းကိုလည်း ရွှေကူမင်းသား ဆောက်လုပ်လှူဒါန်းခဲ့သည်ဟုဆိုသည်။ ကျောင်းကြီး၏ ကျွန်းတိုင်တွေက ဘယ်နှစ်တိုင်မှန်းမသိ။ အများကြီးဟုသာပြောနိုင်သည်။ တစ်တိုင်နှင့်တစ်တိုင် စိပ်သည်။ ဖြောင့်တန်းသည်။ ယက်မများကလည်း ကြီးမားကြံ့ခိုင်၏။ ကြမ်းခင်းများနှင့် ဘေးနံရံများသာ ဆွေးနေခြင်းဖြစ်သည်။ ခေါင်မိုးများကလည်း ယိုင်နဲ့ယိမ်းယိုနေကြပြီ။ မိုးယိုသည့်နေရာကို ကွက်ပြီး ဖာထေးထားရ၏။ ကျောင်းဒါယိကာတောင်မှပဲ သေရသေးတာပဲ ဟု ဆရာတော်က မိန့်ဖူးသည်။

ကျောင်းနာမည်က 'မင်းကျောင်း'။

ရွှေကူမြို့ပေါ်မှာ ဘုန်းကြီးကျောင်း လေးကျောင်းရှိ၏။ မြို့ကုန်းရပ်မှာက မကြာမီကမှ အမေရုပ် လှူဒါန်းသော ကျောင်းသစ်ကြီးရှိပြီး 'ပုပ္ပါရုံကျောင်း' ဟု ကမ္ပည်းတင်သည်။ အလယ်ကုန်းဖြစ်သော ဆိုင်းကုန်းရပ်မှာက မင်္ဂလာကျောင်းရှိ၏။ မြို့မထဲမှာကျတော့ 'မြို့မကျောင်း' ဟုပဲ ခေါ်ကြ၏။ ယခု မြို့လယ်ကမ်းနားရှိ ရှေးအကျဆုံးကျောင်းကား မင်းသားကိုယ်တိုင်ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် 'မင်းကျောင်း' တည်း ..။

"ဒကာမကြီး ဝိဘင်္ဂတွေလည်း ဘဝကူးကုန်ပြီ။ အားလုံး ဘယ်သူမှ နေ့ကြရမှာ မဟုတ်ဘူး။ ဝေတ်ကောင်းရင်တော့ ဌာဝနာတွေ့ပြီး ဘုရားဖြန့်တည် ရဦးမယ်။ ဒကာကြီးကိုလည်း လွှတ်လိုက်ဦး"

ရွှေကူမြို့စားမင်းသားသည် ရွှေကူသိမ်ဘုရားရုပ်ပွားတော်နှင့် သိမ်ကိုလည်းကောင်း၊ မြေစိုက်စေတီ အများအပြားကိုလည်းကောင်း၊ ဤဘုန်းကြီးကျောင်းကိုလည်းကောင်း ရေစက်ချလှူဒါန်းခဲ့ပေသည်။ ပါတော်မမူမီ (၁၈၈၅ မတိုင်မီ) ဆိုတော့ နှစ်ပေါင်း ၆၀ ကျော်ပြီ။ ကျောင်းက အိုပြီ၊ ဘုရားတွေလည်း ...၊

"ဘုရားဘွဲ့ပြီတယ်ကြား လို့ဘုရား .."

အမေ၊ ဆရာတော့်ရှေ့သို့ ဆွမ်းအုပ်ကိုချ၊ ယက်နန်ဖက်ဖြင့် ဦးသုံးရှင်း ချွှော်သည်။ ဆရာတော်က စက္ကူခြေကို အောက်ချထားရာမှ အကာမကြီးကို လှမ်းကြည့်တော်မူ၏။

"အိမ်း .. တုဆျောင်အကာ မကြီးလား"

"မှန်ပါဘုရား"

"အင်း .. ညတာ သချင် သိလိုက်ကြလား"

"တင်ပါ့ဘုရား .. အားလုံးမအိပ်နိုင်ကြပါဘူး။ အရှင့်ကျောင်းရော ဘာဖြစ်သေးလဲဘုရား"

"ညောင်ရေအိုးတွေ ကျကွဲတယ်။ တံကဲတစ်ခု ပြုတ်ကျတယ်"

"ဘုရား ဘုရား .. နီ



www.burmeseclassic.com

www.burmeseclassic.com



မိတ်မကောင်းပါလား''

''လောကီမှာ ဘာများကောင်းတာရှိတုန်း''

''တင်ပါ့ဘုရား''

''အားလုံးဟာ အဝိဇ္ဇာပစ္စယာ သင်္ခါရာပဲ။ အဝိဇ္ဇာကြောင့် အခု စစ်ဖြစ်နေပြီ ဥရောပမှာ''

''မှန်ပါ့ဘုရား''

''ညလျှော်က သတိပေးတာပဲ။ အင်း ‥ ဘုရားစေတီနှစ်ဆူ ကမ်းပြိုတဲ့အထဲ ပါသွားတယ်။ တစ်ဆူကတော့ ကုန်းပေါ်မှာမို့ ဌာပနာ …''

ဆရာတော်က စကားကိုဖြတ်လိုက်၏။

အနီးသို့ လူတစ်ယောက်ကပ်လာသည်။ ဆရာတော်၏တူတော်သူ ကပ္ပိယဖြစ်၏။

''အဲ ‥ ကပ္ပိယလေး ဒီမှာကောက်ညှင်းပေါင်း ဆွမ်းလာပို့တာပါ။ အရက်တော့မပါဘူး။ အချိုပွဲထဲ ထည့်ပေးတာပေါ့''

ကပ္ပိယက စကားမဆိုပေ။ ခေါင်းသာညိတ်ပြ၏။

သည်လူ့မျက်နှာကို စောကလေးက ထူးခြားသည်ဟု ထင်နေသည်၊ ဟုတ်ပေတာပေါ့၊ သူ့နဖူးမှာ ဆီးစေ့ခန့် ကြွက်နို့ခေါ် မှည့်ကြီး ရှိနေ၏။ မှည့်ကြီးက သဒ္ဒတ်သီးလို ရဲရဲနီနေသည်။ ကိုင်ကြည့်လျှင် လှုပ်စိလှုပ်စိဖြစ်နေမှာဟု စောကလေးတွေးမိ၏။ သို့သော် စောကလေးကတော့ မကိုင်ရဲပေ။ သူ့မျက်လုံးတွေက ဆင်ဆင့်လို ချိုပြုံး၍မနေသဖြင့် သူ့ကို စောကလေး ဆက်မကြည့်ရဲတော့။

''ဒကာမှတ် ‥ သော့ခတ်ပြီးပလား''

ကပ္ပိယက ''တင်ပါ့'' ဟု တိုးတိုးလျှောက်၏။

ဆရာတော်က အမေ့ဖက်လှည့်ရင်း …

''စေတီတစ်ဆူပြိုတာက ကုန်းပေါ်မှာမို့ ဌာပနာတိုက်ဖွင့်သွားတာ။ အထဲက ဌာပနာအိုးကို အကောင်းအတိုင်းရတယ်''

အမေက ''တင်ပါ့'' ဟု လျှောက်၏။

''အဲ့ဒါ တပည့်တော်မြင်ဖူးချင်တယ်ဘုရား''

ကိုကိုကား အတော်စပ်စုသူဖြစ်သည်။

အမေက သူ့သားကိုလက်ကုတ်၏။ အဖေအလိုလိုက်ထားတော့ သားကမနာခံပေ။

''တပည့်တော် အဖေ့ကို ပြန်ပြောပြချင်လို့ပါ''

ကိုကိုက အလျှောက်ကောင်း၏။ ဆရာတော်ကလည်း အဖေ့ဆရာရင်းဖြစ်သဖြင့် ကိုကိုပူဆာသည်ကို ခွင့်ပြုတော်မူသည်။

''ဒကာမှတ် ‥ ကလေးကို လိုက်ပြချေပါ''

BURMESE CLASSIC

ဘုန်းကြီးက ကိုကို့အား ခွင့်ပြုခြင်းဖြစ်သော်လည်း စောကလေးက စပ်စုမ ဖြစ်၍ ကိုကို့နောက် အသာလေး ခြေဖွပြီး လိုက်သွားလေသည်။ အမေက တားချိန်မရလိုက်။ ဆရာတော်နှင့် စကားဆက်ပြောနေ၏။

ဒကာမှတ်ဆိုသူက မောင်နှမနှစ်ယောက်ကို ဘုရားဆောင်ဘေးရှိ ကျောက်သရေခန်းအတွင်းသို့ ခေါ်သွားသည်။ အခန်းထဲမှာ မှောင်နေသဖြင့် ဖက်ပျောဒိုင်များ ဆွဲထားသည်ကို ခေါင်းနှင့်ဝင်တိုက်မိ၏။ ဒကာမှတ်က ဖယောင်းတိုင် မီးညှိလိုက်သည်။

သေတ္တာများကိုမြင်ရ၏။ အို ‥ သေတ္တာတွေက အဖေ့အိမ်က သေတ္တာတွေနှင့် မတူပေ။ ကိန္နရီ ကိန္နရာရုပ်တွေကို သေတ္တာအဖုံးမှာ ထုထွင်းထားသည်။ သေတ္တာအားလုံး သုံးလုံးရှိ၏။ အားလုံးဆင်တူဖြစ်သည်။ အရွယ်အစားသာကွာ၏။

ဒကာမှတ်က အသေးဆုံးသေတ္တာကို ဖွင့်ပြသည်။ အဲ ‥ နည်းနည်းနောနောရတနာတွေမဟုတ်ပါလား။ စောကလေးမရေတွက်တတ်ချေ။ ရွှေရောင်ဝင်းနေတာတွေက လက်ကောက်တွေ၊ လက်စွပ်တွေ၊ ဆွဲကြိုးကြီးတွေ ဖြစ်၏။ နီနီရဲရဲ ပတ္တမြားလုံးများ၊ အပြာ အစိမ်း အဖြူရောင် ‥ အလွှတ်တွေလည်း ပါသည်။ ရွှေနှင့်ကွင်းထားသည်လည်း ပါသည်။ အရောင်ချင်းယှက်ကာ ပြိုးပြက်နေကြ၏။ ၎င်းတို့အပြင် သီးသန့်ဖန်ပေါင်းချောင်ထဲမှာက ရွှေစင်အတိဖြစ်သော ဘုရားဆင်းတုတော်များ …။

ဒကာမှတ်က ချက်ချင်းပြန်ပိတ်လိုက်သည်။

ကိုကိုက စောကလေးကိုကြည့်သည်။ စောကလေးက ကိုကို့ကို ကြည့်သည်။ ဒကာမှတ်က ခြေဟန်လက်ဟန်ဖြင့် အပြင်ထွက်ဖို့ခေါ်သည်။ အပြင်ရောက်တော့ အခန်းတံခါးကို သော့ပိတ်လိုက်သည်။

မီးဖိုနားမှာ ဆရာတော်က အမေ့အား တရားပြနေဆဲ။

''ဒကာမကြီး မိဘတွေလည်း ဘဝကူးကုန်ပြီ။ အားလုံး ဘယ်သူ့မှနေကြရမှာမဟုတ်ဘူး။ ခေတ်ကောင်းရင်တော့ ဌာပနာတွေ ငုံ့ပြီး ဘုရားပြန်တည်ရဦးမယ်။ ဒကာကြီးကိုလည်းလွှတ်လိုက်ဦး''

''တင်ပါ့ဘုရား ‥ သူက အရေးပိုင်လာလို့ ဗိုလ်တဲမှာညအိပ်ပါတယ်''

''အေး အေး သူ့ဆန်စားရဲရမှာပေါ့။ ဒါနဲ့ ဒီကလေးက စိုးမောင်နော်''

''တင်ပါ့ဘုရား''

''ကလေးမလေးနာမည်ကရော ‥''

စောကလေးရှက်နေသည်။

အမေက စောကလေးခေါင်းကိုကိုင်ပြီး လျှောက်၏။

''အမှန်က သူ့ကို သူ့ဖအေက စောမေလို့ မှည့်တယ် ဘုရား။ အဲ့ဒါ သူက အဲ့ဒီနာမည် မကြိုက်ဘူးတဲ့။ တောသူတွေ မှည့်တာတဲ့။ ဒါနဲ့ အခု စောကလေးလို့ပဲ ခေါ်နေရတယ် ဘုရား''

''ဟုတ်လား ဘာနေ့သမီးတုန်း''

''အင်္ဂါဘုရာ့ ‥''

''အေး ‥ အင်္ဂါဆိုတော့ ထက်တာပေါ့။ မိဘပေးတဲ့နာမည်တောင် ငြင်းတတ်တယ်ဆိုတာ ကြီးရင် ဆရာမကြီးဖြစ်လိမ့်မယ်။ မျက်နှာကတော့ မွန်ရည်တာပဲ။ ကလေးလေး ‥ ဘဘုန်းကြီးနာမည်မှည့်ပေးမယ် ကြိုက်ပါ့မလား''

စောကလေး မျက်နှာမဖော်ချေ။

''မွန်ရည်တယ်၊ သားနားတယ်၊ နှစ်လိုဖွယ်ကောင်းတယ်ဆိုတဲ့သဘောအရ နန္ဒာပေါ့။ စောနန္ဒာ ‥။ ဘယ့်နှယ့်လဲ။ ကြိုက်လား''

စောကလေး ခေါင်းငုံ့ထားသည်။ စိတ်ထဲက လိုက်ဆိုကြည့်သည်။

''စောနန္ဒာ ‥ စောနန္ဒာ ‥ စောနန္ဒာ ‥''

စောကလေး ခေါင်းညိတ်ပြလိုက်လေသည်။

ရွှေ့လဆက်ရန် ‥

**ရွှေကူမေနှင်း**



www.burmeseclassic.com

www.burmeseclassic.com




စာအုပ် – ခင်ပွန်းသည်တစ်ယောက်ရဲ့မှတ်စုများ
စာရေးသူ – မောင်သာချို
စာအုပ်တိုက် – နှစ်ကာလများ
အကြိမ် – ပထမအကြိမ်၊ ဖွန်၊ ၂၀၁၄
တန်ဖိုး – ၁၅၀၀
စာမျက်နှာ – ၁၃၀



စာအုပ် –အရိုင်းမိစ္ဆာနှင့် ဘာသာပြန်
ဝတ္ထုတိုများ
စာရေးသူ – ညိုသစ်
စာအုပ်တိုက် – စိတ်ကူးချိုချို အနုပညာ
အကြိမ် – ပထမအကြိမ်၊ ဇူလိုင်၊ ၂၀၁၄
တန်ဖိုး – ၁၇၀၀
စာမျက်နှာ – ၁၄၀

www.burmeseclassic.com

www.burmeseclassic.com







| | |
|---|---|
| စာအုပ် | – ရိုလန်ဘာ့သ်လေ့လာချက် (စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ သီအိုရီပညာရှင်) |
| စာရေးသူ | – နောင်ချိုသစ် |
| စာအုပ်တိုက် | – ဝိမုတ္တိစာပေ |
| အကြိမ် | – ပထမအကြိမ်၊ ဇူလိုင်၊ ၂၀၁၄ |
| တန်ဖိုး | – ၂၀၀၀ |
| စာမျက်နှာ | – ၁၉၀ |



www.burmeseclassic.com